
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ချစ်သည်လော...မုန်းသည်လော

ညိုမြ

## စာရေးသူမှ ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းလွှာ

ကျွန်မရေးသားခဲ့သော 'ချစ်သည်လော..မုန်းသည်လော' အမည်ရှိ ဝတ္ထုဇာတ်လမ်းအား ပြည့်စုံပြီးမြောက်သည်အထိ လိုအပ်သော ဥပဒေဆိုင်ရာကျိုးကြောင်း အချက်အလက်များနှင့်ပတ်သက်၍ နားလည်စိတ်ရှည်စွာ အကြံပြုကူညီပေးခဲ့သော တရားလွှတ်တော်ရှေ့နေ ဒေါ်ကေသီကျော်

**L.L.B., D.B.L., D.I.L., D.M.L** အား

အထူးကျေးဇူးတင်ရှိပါကြောင်း လှိုက်လှဲစွာ မှတ်တမ်းတင်အပ်ပါသည်။

ညိုမြ

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ထွေးထွေးသိမ်း(မြ-၀၀၈၂၇)
ငွေမှုံကြယ်စာပေ၊ အမှတ်-(၅၄၅)၊
ကျောင်းလမ်း၊
၄ တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၁၀၀၉၈)
(ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၇ ခုနှစ်၊ မတ်လ။
အုပ်ရေ - ၅၀၀အုပ်
တန်ဖိုး - ၁၀၀ကျပ်
ဖြန့်ချိရေး - မိုးသောက်စာပေ
အမှတ်-၂၂၃၊ ၃၂လွှာ၊ ၃၁လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၆၃၇၆၄၊ ၀၉ ၅၀၈၉၈၉၄

သျှင်မ
ချစ်သည်လော..မုန်းသည်လော/ သျှင်မ၊
ရန်ကုန်။
ငွေမှုံကြယ်စာပေ၊ × ၂၀၁၇။
၃၅၈ စာ၊ ၁၅ စင်တီ ၁၈ စင်တီ။
(၁) ချစ်သည်လော..မုန်းသည်လော

BURMESE CLASSIC

အခန်း(၁)

"ကိုခင်ဇော်က ဦးကောင်းထွန်းရဲ့မွေးစားသားဟုတ်ပါသလား.."

"ဟုတ်ပါတယ်.."

"သူ့ကိုအိမ်က နှင်ထုတ်ထားတယ်ဆိုတာရော ဟုတ်ပါသလား.."

"ဟုတ်ပါတယ်.."

"ဒါပေမယ့် အိမ်မှာနေ့နေ့ညည ဝင်ထွက်ခွင့်ရှိနေဆဲပဲဆိုတာ ဦးကောင်းထွန်းငြင်းနိုင်ပါသလား.."

"မငြင်းနိုင်ပါဘူး..မှန်ပါတယ်.."

သသရ ခေါင်းညိတ်ပြီး ခွန်းထံအကြည့်တစ်ချက်ဝေ့သွားသည်။ သူထင်သည့်အတိုင်း ခွန်းရဲ့မျက်လုံးတွေက ဖျတ်ခနဲဆုံမိတာနဲ့ နားလည် သွားလောက်အောင် စူးရဲပြင်းထန်နေခဲ့လျက်.. ၊

ဒီမိန်းမ ဘယ်လိုမိန်းမမျိုးလဲ.. ၊

အလုပ်ကို အလုပ်လို့လည်းမမြင်.. ၊

"အခင်းဖြစ်တဲ့ညက အမွေကိစ္စပြောကြဖို့အတွက် ကိုခင်ဇော့်ကို ခင်ဗျားခေါ်ထားတယ်ဆိုတာ မှန်သလား.."

"မမှန်ပါဘူး..ကျွန်တော်သူ့ကိုမခေါ်ထားပါဘူး.."

"ကိုခင်ဇော်ခိုးယူသွားပါတယ်လို့ ခင်ဗျားပြောခဲ့တဲ့ရတနာ ပစ္စည်းတွေက ခင်ဗျားရဲ့ဘဏ္ဍာတိုက်ထဲကလို့ ခင်ဗျားပြောခဲ့တယ် နော်.."

"ဟုတ်ပါတယ်.."

"အဲ့ဒီဘဏ္ဍာတိုက်ကိုဖွင့်နိုင်တဲ့ လို့ဂ့်ကုတ်နံပါတ်ကို ခင်ဗျားတစ်ယောက်အပြင် တခြားလူဘယ်သူမှမသိကြဘူးဆိုရင် ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ဘာပြောမလဲ..”

“မှန်ပါတယ်..”

အမှုအခြေအနေသည် သူဌေးကြီးဦးကောင်းထွန်းနှင့် သူ့ရဲ့စွန်းလွှတ်ထားသည့် မွေးစားသားတို့ဖြစ်ကာ၊ သူဌေးကြီးမသိဘဲ အိမ်ကိုလာရောက်၍ ပစ္စည်းခိုးပါသည်ဟု စွဲဆိုထားခြင်းဖြစ်၏။

သားဖြစ်သူနှင့်ရင်ဆိုင်နေရသော သူဌေးကြီးဦးကောင်းထွန်းရဲ့ မျက်နှာမှာ ချမ်းမြေ့ခြင်းမရှိသလို ပစ္စည်းဥစ္စာကြောင့် ဒေါသလောဘ တက်နေပုံမျိုးလည်းမဖြစ်.. ။

တရားခံအဖြစ်ရှိနေသော မွေးစားသားကိုခင်ဇော်သည် မျက်လွှာချထားကာ ဘယ်ကိုမှလည်းမကြည့်၊ ဘယ်သူနဲ့မှလည်း ပြောဆိုဆက်သွယ်ချင်ပုံမရှိဘဲ လက်ချောင်းထိပ်တွေ ဖိပွတ်ဆုပ်ချေနေ၏။

“ဒါဆို ကိုခင်ဇော်ကိုခင်ဗျားကိုယ်တိုင်ပေးခဲ့ပါလျက်နဲ့ ဖောက်ထွင်းခိုးယူခဲ့ပါတယ်လို့ ရုံးတော်မှာလိမ်လည်ထွက်ဆိုခဲ့တာပဲ..”

“ဒီမေးခွန်းကို ကန့်ကွက်ပါတယ်..”

စွန်းရဲ့တားမြစ်သံက ကြည်လက်ပြတ်သားနေကာ.. ၊

“တရားသူကြီးမင်းရှင့်..ဒါဟာ ဂုဏ်သိက္ခာကိုထိခိုက်စေတဲ့အတွက် မမေးသင့်တဲ့မေးခွန်းဖြစ်ပါတယ်..”

တရားသူကြီးက သဃရကိုကြည့်၍.. ၊

“ကန့်ကွက်တာကို လက်ခံတယ်..”

သဃရနဲ့စွန်းတို့ရဲ့အကြည့်တွေ ဒိုင်းခနဲပစ်မှန်သွားသလားထင်ရလောက်အောင် စူးစူးရဲရဲဆုံသွားသည်။ သဃရကချက်ချင်း ပြန်ရုတ်သိမ်းကာ.. ၊

“ခင်ဗျားရဲ့နောက်အိမ်ထောင် ဒေါ်စုရတီနဲ့ ကိုခင်ဇော်တို့ အချင်းချင်း မသင့်မြတ်ကြဘူးဆိုတာမှန်ပါသလား..”

“မှန်ပါတယ်..”

“အိမ်မှာအတူနေကြစဉ်က အမွေကိစ္စအတွက်နဲ့ စကားများရန် ဖြစ်ကြတာမျိုးရော ဖြစ်ခဲ့ဖူးလား..”

“အဲ့လိုမဟုတ်ပါဘူး..အသက်အရွယ်မတိမ်းမယိမ်းရှိကြတဲ့ လူငယ်ချင်းမို့ မသင့်မြတ်တာမျိုးပါပဲ..”



သဃရမျက်ဝန်းတွေက လိုချင်တာကိုဖော်ထုတ်လိုက်ရလို့ ကျေနပ်သွားတာမျိုးဖြစ်ကာ၊ တရားသူကြီးကို ဦးညွှတ်ပြီးနောက်ဆုတ်လိုက်၏။ ထို့ပြင်.. ၊

စိတ်ထဲကလည်း တွေးလိုက်မိသည်။ ‘ဒီမိန်းမ ခုလောက်ဆို ဒေါသတွေဘယ်လောက်တောင် ပွထနေမလဲ..’ဟု.. ၊

ဇနီးမောင်နှံနှစ်ယောက်စလုံး တရားရုံးလွှတ်တော်ရှေ့နေတွေဖြစ်နေကြရကာ၊ တရားလိုတရားခံတစ်ဖက်စီကနေ ရင်ဆိုင်မိကြတိုင်း ရုံးမှာလည်းထုချေလျှောက်လဲရသည်။ အိမ်ပြန်ရောက်တော့လည်း အဆင်မပြေ.. ၊

တကယ်ဆို အလှုပ်သဘောအရ ထုချေပြိုင်ဆိုင်ပြောရတာတွေ ကို အလုပ်ထဲမှာပဲ ထားခဲ့ပါလား၊ သူ့ဘက်ကဒီတိုင်းသဘောထားနိုင် ပေမယ့် စွန်းဆိုသည့်ဇနီးချောက နာမည်နဲ့လိုက်လည်းလိုက်ပါပေသည်။

လက်ထပ်ပြီးစတည်းက အနိုင်မခံအရှုံးမပေးမာနတွေနဲ့ စခဲ့ကြတာ ဒီအလုပ်ကြောင့်ပိုလိုသာ တင်းမာလာခဲ့၏။ ဘယ်လောက်ထိလဲ ဆိုလျှင် ရင်းနှီးသည့်အသိုင်းအဝိုင်းကလူတွေပါ သူတို့အိမ်ထောင်ရေးအကြောင်း သိနေခဲ့ကြသည့်အဖြစ်.. ၊

ခုထိ နှစ်တွေဘယ်လောက်တောင်ကြာခဲ့ပြီလဲ၊ သူငယ်ချင်းမိတ်ဆွေတစ်ချို့က.. ၊

“မင်းကလည်း အတိသဃရပီသပါ့ကွာ..ကိုယ်ကယောကျ်ားပဲ စပြီးအလျှော့ပေးလိုက်ပေါ့..”

လို့ပြောဖူးကြ၏။ သို့သော် သူ့ဘက်ကစပြီးလျှော့ပေါ့ပေးလိုက်ဖို့တော့ စိတ်မကူးပါ၊ ‘သူ့မှာပဲ ဒေါသရှိတာမဟုတ်..’

“ကိုခင်ဇော်..ဒီအမှုမှာ ခင်ဗျားမှာ အပြစ်မရှိကြောင်း ခုခံချေပပါ..”

သဃရက သူ့အမှုသည်ကို ခုခံချေပစေလျှင် ကိုခင်ဇော်က အသက်တစ်အောင့်လောက် မျက်လွှာချ ငြိမ်သက်နေပြီးမှ.. ၊

“ဖြစ်တဲ့နေ့က ကျွန်တော့်ကိုအဖေခေါ်လို့သွားခဲ့တာပါ..ကျွန်တော့်မိထွေးက အမွေကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကိုမကျေနပ်ခဲ့လို့..”

www.burmeseclassic.com

www.burmeseclassic.com



"ကိုခင်ဇော်..ကျွန်တော့်မိထွေးဆိုတာ နာမည်ထည့်ပြောပေးပါ.."

သာရက ဝင်မေးလိုက်မှ ခင်ဇော်ကခေါင်းညိတ်၍.. ।

"ဒေါ်စုရတီက အမွေကိစ္စမှာကျွန်တော့်ကို ခွဲဝေမပေးချင်တဲ့အတွက် အိမ်မှာမနေနိုင်အောင် ပြဿနာအမျိုးမျိုးရှာခဲ့ပါတယ်..ကျွန်တော့်ကိုလူဆိုးလူမိုက်ဖြစ်ပြီး အိမ်ကထွက်သွားရတဲ့အထိဖြစ်အောင် သူချောက်တွန်းခဲ့တာပါ..အဲဒီညကကျွန်တော်နဲ့ အဖေနှစ်ယောက်တည်းရှိတာပါ..ရတနာပစ္စည်းတွေကို အဖေကိုယ်တိုင်ထုတ်ယူပြီး ပေးခဲ့တာအမှန်ပါ..ကျွန်တော်ဖောက်ထင်းခိုးယူခဲ့တာ မဟုတ်တဲ့အတွက် ကျွန်တော့်မှာအပြစ်မရှိပါဘူး.."

ခင်ဇော်ထွက်ဆိုသွားသည့် စကားတွေကြောင့် သာရခေါင်းညိတ်နေ၏။ ပြီးတော့စွန်းကို လှမ်းကြည့်လိုက်သည်။

စွန်းကဘယ်ကိုမှမကြည့်ဘဲ သူမစစ်မေးဖို့အတွက်ပဲ ပြင်ဆင်နေလျက် မေးခွင့်ရသည်နှင့်.. ।

"အခင်းဖြစ်တဲ့ညက ကိုခင်ဇော် ဦးကောင်းထွန်းအိမ်ကို ဘယ်အချိန်မှာရောက်ခဲ့တာလဲ.."

ခင်ဇော်ရုတ်တရက်မဖြေဘဲ မျက်လုံးတစ်ချက်ကစားသွားသည်။ ပြီးမှနှုတ်ခမ်းတစ်ချက်သပ်၍.. ।

"ဆယ်နာရီပါ.."

"အဲဒီညရှစ်နာရီလောက်က ဦးကောင်းထွန်းနေမကောင်းလို့ ဒေါ်စုရတီတိုက်တဲ့ဆေးသောက်ပြီး အခန်းထဲဝင်သွားခဲ့တယ်..ကိုးနာရီကျော်တဲ့အထိ ပြန်ထွက်လာတာမမြင်ဘူးလို့ အိမ်အကူဒေါ်ဝင်းက ထွက်ဆိုထားတယ်..ကိုခင်ဇော်ကိုဘယ်သူအိမ်တံခါးဖွင့်ပေးခဲ့တာလဲ.."

"ဟို.."

ခင်ဇော်တစ်ချက်ထစ်ငေါ့သွားသည်။ ပြီးမှ.. ।

"အဖေက ကျွန်တော်လာမှာကို ပြောထားလို့သော့မခတ်ထားပါဘူး..ကျွန်တော့်ဘာသာဖွင့်ဝင်သွားတာပါ.."

ဦးကောင်းထွန်းနဲ့ဒေါ်စုရတီ ခေါ် ဒေါ်စု၏မျက်နှာတွေက ခင်ဇော်ဖြေနေသည့် အကြောင်းအရာတွေအတိုင်း ပြောင်းလဲပျက်ယွင်း



နေခဲ့ကြ၏။ သို့သော်.. ।

တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ကြခြင်းက ထူးဆန်းနေလေသည်။ သူတို့ဘယ်လိုအခြေအနေတွေ ရှုပ်ထွေးနေကြမှန်း အဖြေမပေါ်သေးသော်လည်း သာရနဲ့စွန်းရဲ့အကြည့်တွေကတော့ ဖျတ်ခနဲဆုံမိလိုက်တိုင်း ရှော့ခ်ဖြစ်သွားသည့် လျှပ်စစ်ကြိုးတွေလို.. ।

"ဟုတ်ပါပြီ..အိမ်ထဲရောက်တော့ ဦးကောင်းထွန်းကထွက်စောင့်နေတာလား..တစ်ယောက်ယောက်ကသွားခေါ်တာလား၊ သွားခေါ်ပေးတာဆိုရင် ဘယ်သူခေါ်ပေးတာလဲ.."

"အဲ့ဒါ.."

ခင်ဇော် ခဏတုံ့ဆိုင်းသွားကာ.. ।

"ကျွန်တော်ဝင်သွားတာနဲ့ မရှေးမနှောင်းပဲအဖေထွက်လာတာပါ.."

"အဲ့ဒီမှာပဲ အမွေကိစ္စတစ်ခါတည်းပြောဖြစ်တာလား..တစ်နေရာထပ်သွားဖြစ်သေးလား.."

မေးလည်းမေးနိုင်လွန်းသည်ဆိုသည့် အကြည့်တစ်ချက်က စိတ်ရှုပ်ခြင်းတွေပြည့်သိပ်လျက် ခင်ဇော့်မျက်ခုံးတွေပေါ် တွန့်ကုတ်နေခဲ့၏။

"အဲ့ဒီမှာပဲပြောဖြစ်ကြပါတယ်.."

တရားလိုနှင့်တရားခံကိုယ်တိုင်ရော နှစ်ဖက်သက်ဆိုင်သူတစ်ချို့၏ မျက်နှာတွေမှာစိုးရိမ်ထိတ်လန့်မှုတွေ စိတ်ဝင်စားနေခြင်းတွေဖြစ်နေခဲ့လျက် တရားခွင်က လုံးဝတိတ်ကျနေခဲ့၏။

"အမွေကိစ္စတွေပြောကြတယ်..တစ်ခါတည်းပေးလိုက်တယ်လို့ဆိုတာပါလား.."

"ဟုတ်ပါတယ်.."

"ပြောဆိုပြီးတာနဲ့ ပေးအပ်ပြီးတဲ့အထိ အချိန်ဘယ်လောက်ကြာမှ ကိုခင်ဇော်ပြန်လာခဲ့တာလဲ.."

"အဲ..တစ်နာရီလောက်ပါပဲ.."

"ဒါဆိုညဆယ့်တစ်နာရီလောက်မှာ..ကားလည်းမပါ၊ အဖော်လည်းမပါဘဲ ပြန်မယ့်ကိုခင်ဇော်ကို ဦးကောင်းထွန်းက ခန်းဆီးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာ အပေါင်းကြီးနဲ့ ရတနာတွေထည့်ပေးပြီး ဒီတိုင်းပြန်လွှတ်လိုက်တယ်လို့ပြောတာပါလား.."

ခင်ဇော်ထံမှ ရုတ်တရက်ဖြေသံထွက်မလာခဲ့ဘဲ ခဏကြာမှ.. ၊

"ဟုတ်ပါတယ်.."

စစ်မေးခြင်းတစ်နေ့တာသည် ထိုမှာပဲပြီးသွားခဲ့လျက် မွေးစားသားဖြစ်သူကို ဦးကောင်းထွန်းက တစ်ချက်မှငဲ့စောင်းမကြည့်သလို ဇနီးသည်ဒေါ်စုရတီနှင့်လည်း ပြောဆိုခေါ်ပြောခြင်းမရှိ.. ၊

တရားခွင်နားသည်နှင့် ကာယကံရှင်တွေအသီးသီး တိတ်ဆိတ်စွာ ထပြန်သွားကြပြီး သာရနဲ့စွန်းမျက်နှာချင်းဆိုင် ခြေလှမ်းတွေတုံ့သွားကြသည်။

သို့သော်စွန်းက ဖျတ်ခနဲမျက်နှာလွှဲ၍ သူ့ရှေ့ကနေထွက်သွားခဲ့၏။ သာရပင့်သက်ရှူက်ရင်း စိတ်ပျက်စွာခေါင်းတစ်ချက်ခါမိသည်။

အမှုအခြေအနေက ဘယ်သူသာမှန်းမသိသာသေးပေမယ့် လောလောဆယ်သုံးသပ်ခြင်းအရ သူ့ရှေ့ဦးကောင်းထွန်းကိုယ်တိုင်ရှေ့ဆက်ရင်ဆိုင်လိုခြင်းမရှိတော့အောင် တရားလိုဘက်က စတင်ယိုင်နဲ့နေခဲ့ပြီဖြစ်သည်။

စမိပြီဆိုရေဆုံးရေဖျားလိုက်တတ်သော စွန်းကတော့ကာယကံရှင်ထက် ပို၍နိုင်လိုစိတ်ပြင်းထန်နေခဲ့၏။ သူလည်းထိုအဖြစ်ကိုသိနေခဲ့သည်။ ဒါကြောင့်လည်းစိတ်ညစ်ရပါ၏။

ကိုယ်ကအလုပ်သဘောအတိုင်းပါဝင် အကျိုးဆောင်ပေးရုံမဟုတ်ဘူးလား၊ ခုတော့ ဒီအမှုကိုရောခုခံချေဖျက်နေသည့် ရှေ့နေနှစ်ဦးကိုရော လူအများအထူးတလည်စိတ်ဝင်စားနေကြကာ မထူးခြားပေမယ့် ဆန်းပြားသောမှုခင်းတစ်ခုအဖြစ် ရပ်ကျော်ရွာကျော်နိုင်ငံကျော်ခဲ့လေသည်။

ထိုအဖြစ်ကို သာရစိတ်ပျက်နေမိသည်။ လင်မယားနှစ်ယောက်စလုံး ရှေ့နေတွေဖြစ်နေခဲ့ရခြင်းနှင့် ပတ်သက်၍ဘယ်တုန်းကမှ စိတ်မသက်သာခဲ့ရသလို အမှုတစ်ခုတည်းမှာ နှစ်ဖက်ရှေ့နေတွေအဖြစ် ရင်ခုဆိုင်မိခဲ့တိုင်း.. ။

"တီ.."



"ဟာ.."

စကားပြောနေရင်း လှည့်ကြည့်လိုက်တော့ ဟွန်းတီးနေသည့်ကားက စွန်းရဲ့ကား.. ၊

"ခဏလေး.."

ကြားနိုင်လောက်သည့်အကွာအဝေးမဟုတ်ပေမယ့် ပြောရင်းလက်လှမ်းပြလိုက်ပြီး ဒီဘက်ပြန်လှည့်၍.. ၊

"ကျွန်တော်ပြောချင်တာက အမှုသည်ဘက်ကပွင့်လင်းဖို့ပါ၊ တရားခံအကျိုးဆောင်တစ်ယောက်အနေနဲ့ ကိုယ့်အမှုသည်ဘက်က အကုန်အစင်ပွင့်လင်းမှုက အရေးကြီးဆုံးပဲဒေါ်စိုးစိုး.."

"အကုန်အစင်ပွင့်လင်းမှုဆိုတာ.."

"မမှန်မကန် ကျူးလွန်ထားမိတာတွေကအစပေါ့.."

တရားခံကိုခင်ဇော်ရဲ့အဒေါ် ဒေါ်စိုးစိုးကတူဖြစ်သူအတွက် ပျာယာခတ်နေသည်။ ဦးကောင်းထွန်းကလည်း ခင်ဇော့်ကိုခေါ်မွေးခင်တည်းက ကျေးဇူးရှိထားခဲ့သည့် လူကြီးလူကောင်းတစ်ယောက်ဖြစ်ကာ သူမတို့မိသားစုအနေနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရမည့်လူလည်းမဟုတ်..၊

ဒါပေမယ့် ခင်ဇော်ဒီလောက်ထိ မကြံစည်မလှုပ်ရှားရဲဘူးဆိုတာလည်း ယုံကြည်နေခဲ့သည်။ ဘာပဲဖြစ်ဖြစ်တူကိုလွှတ်မြောက်စေချင်ရင်တော့ ဒါကိုရှောင်လွှဲလို့ မရတော့သည်ဖြစ်ရာ.. ၊

"ကျွန်မတူလေးက ကြောက်တတ်ပါတယ်..သူ့အဖေကိုလည်းချစ်ကြောက်ရှိခဲ့တဲ့ကလေးပါ..ဒါကိုသူကျူးလွန်တယ်ဆိုတာ.."

"ဒါကြောင့်ကျွန်တော်ပြောတာပါ..ကိုခင်ဇော်မှာပြောစရာ ဒါမှမဟုတ်ကျွန်တော်တို့ကို မပြောဘဲကျူးလွန်ထားတာတစ်ခုခုရှိနေမယ်လို့ထင်တယ်..ကိုယ့်အမှုသည်ရဲ့လျို့ဝှက်ချက်ကို ကိုယ်ကမသိရဘဲ တစ်ဖက်ရှေ့နေက သိသွားရင်တော့.."

ပြောပြီးခေါင်းခါလိုက်တော့ ဒေါ်စိုးစိုးထိတ်ထိတ်ပျာပျာနှင့်နှင့်ခေါင်းညိတ်၏။

"ဟုတ်ပါတယ်..မထင်မှတ်ဘဲ ရှေ့နေကြီးတို့လင်မယားဒီအမှုကြောင့် ရင်ဆိုင်နေကြရတာကို ကျွန်မလည်းအလွန်အားနာမိပါတယ်၊ ကိုယ်ချင်းလည်းစာပါတယ်ရှင်.."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်..ကိုခင်ဇော်ဆီက တစ်ခုခုထပ်သိရရင်သာ ကျွန်တော့်ကိုဖုန်းဆက်လိုက်ပါ.."

သူ့စကားဖြတ်၍ကားဆီလှည့်ထွက်လာခဲ့လျှင်.. ၊

ဟင်..စွန်းပြန်သွားပြီလား.. ၊ကားမရှိတော့တာတောင် မထင်သည့်စိတ်က ဟိုဒီလိုက်ကြည့်မိသေးသည်။ လမ်းမရဲ့တစ်ဖက်က ဘသစ်ပင်ရိပ်တွေမှာလည်း စွန်းရဲ့ကားကို မတွေ့လေမှ.. ၊

"ဒီလောက်ကပ်နေတဲ့ကားကို ဘယ်လိုထုတ်သွားတာလဲ.."

ဟုတွေးရင်း ငိုယ့်ကားကိုလော့ခ်ဖွင့်ပြီး တက်ဖို့ပြင်လျှင်..၊

ဟာ.. ၊

"ဂျိမ်း..."

တံခါးကိုပြန်ပိတ်လိုက်ပြီး ဘေးကနေသေချာထိုင်ကြည့်လိုက်မိသည်။ နောက်တံခါးနဲ့အောက်တန်းတွေမှာ မျဉ်းပြိုင်ကဲ့သို့အစင်းရာကြီးတွေ ထင်နေတာနည်းနည်းနောနောမဟုတ်.. ၊

"ကျွတ်.."

စိတ်ပျက်စွာထရပ်လိုက်ရင်း ခါးနှစ်ဖက်ထောက်မိသည်။ ပြီးတော့ ခေါင်းရမ်းမိကာ.. ၊

ဒီမိန်းမတော့.. ၊

အခန်း(၂)

ဖုန်းခေါ်တဲ့အခါတိုင်း စွန်းထံမှ'ဟလို' ထူးသံလေးပြန်ရဖို့က တန်ဖိုးကြီးသလောက် မျက်နှာချင်းဆိုင်တွေ့ပြီဆိုရင်လည်း ဘယ်အချိန်ဘယ်နေရာမှာဖြစ်ဖြစ် တည်တင်းနေတတ်တာ စွန်းရဲ့မျက်နှာပဲဖြစ်သည်။

သူမကြောင့် ဘိုင်းခနဲလဲသေသွားလောက်အောင် ဒေါသတွေဖြစ်နေပါစေ၊ ဖုန်းခေါ်ပြီးရန်ဖြစ်ဖို့ကမလွယ်၊ ဒီလိုပြဿနာမျိုးမှာ 'ဒီလိုကြေးလား' ဆိုပြီးကားချင်းလိုက်ချိတ်ပစ်ရအောင်လည်း သူမကကိုယ့်ဇနီးဖြစ်နေပြန်သည်။

တော်တော်ရန်များချင်တဲ့မိန်းမ..၊ ။

ထွက်လာရပြန်ပြီ နောက်ထပ်အမျိုးအစားတစ်ခု.. ၊

စွန်းဆိုတဲ့မိန်းမကို သားသမီးတွေ ဒီအရွယ်ထိသူဘယ်လိုဆက်လက်ပေါင်းသင်းလာခဲ့မိသလဲ ကိုယ့်ကိုယ်ကိုပြန်မေးမိတာလည်း ခဏခဏပါ.. ၊

လမ်းတွေတောင်မှ တစ်လမ်းမောင်းပဲဖြစ်ဖြစ် နှစ်လမ်းမောင်းပဲဖြစ်ဖြစ် ဒီဘက်ကမဟုတ်ရင်ဟိုဘက်က အသွားရှိရင်အပြန်ရှိကြတာပဲ မဟုတ်ဘူးလား.. ၊

သူမနဲ့သူရဲ့အိမ်ထောင်ရေးကတော့ သူ့ဘက်ကချည်းပဲ ဘာဖြစ်လို့ အသွားဖြစ်နေရတာလဲ၊ အတွေးများနဲ့ ခြံထဲကိုကွေ့ဝင်လာစဉ် ဘေးတံခါးကြီးကနေ ဝင်လာခဲ့ပုံပေါ်သော စွန်းရဲ့ကားကိုပေါ်ဒီကိုအောက်မှာ ဘွားခနဲမြင်လိုက်လျှင်.. ၊

"ဟာ..ဟိုတ်.."

မျက်လုံးထဲမှာပြာခနဲဖြစ်သွားကာ ဘရိတ်ဆောင့်အုပ်လိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"တောက်.."

ဒေါ်သကိုထိန်းရခက်လျက် ကားပေါ်ကချက်ချင်းဆင်းကာ ခေါင်းချင်းဆိုင်နေသည်ကားနှစ်စီး အကွာအဝေးကိုသွားကြည့်လိုက်မိသည်။ ကြည့်စမ်း.. ။

သူ့သာအချိန်မီ ဘရိတ်မအုပ်လိုက်နိုင်လျှင် ခေါင်းချင်းပစ်ဆောင့်သွားမှာကျိန်းသေ၊ ကားနှစ်စီးခေါင်းချင်းတိုက်မိရန် တစ်ထွာသာသာလောက်ပဲလိုတော့သည်။

"စွန်း..မင်းလုပ်လိုက်တာဒီမှာကြည့်စမ်း.."

"ဂျိမ်း.."

သဃရ အသံကဒေါသကြောင့် ပြတ်ရှနေသည်။ သို့သော်.. စွန်းက ကားထဲကဖိုင်တွေကို သေချာငုံ့ယူပြီး ရင်ခွင်ထဲမှာပွေ့ပိုက်ကာ ဆလင်းဘက်ခ်ကို ပခုံးပေါ်ထပ်ဆွဲတင်သည်။ ပြီးတော့.. ။

"ဂျိမ်း.."

တံခါးကိုလက်နောက်ပြန်တွန်းထည့်လိုက်တာ ကားတစ်စီးလုံးသိမ့်သိမ့်တုန်၏။ ပြောနေဖြစ်နေတာတွေက သူမနဲ့မဆိုင်တဲ့အတိုင်း.. ။

"စွန်း.."

မျက်နှာရှေ့ရောက်သွားပြီး မျက်လုံးချင်းဆုံကာမှ စိတ်မရှည်သည့်မျက်ခုံးတန်းလေးတွေ လွန့်ခနဲကုတ်ကျသွားကာ.. ။

"ဘာလဲ..ပြောစရာရှိတာ အိမ်ထဲရောက်မှပြော..ကျွန်မနားချင်ပြီ.."

"ဟုတ်လား..အဲ့ဒါကြောင့် မြင်မြင်သမျှကိုတိုးတိုက်ထွက်ခဲ့ ပြီး ဒီထိဘာမှမမြင်တော့တာလား.."

"အတိသဃရ.."

"ဘာလဲ.."

"ကျွန်မ ရှင်နဲ့ရန်မဖြစ်ချင်ဘူး.."

"ဘယ်တော့မှမတည့်အောင် မင်းလုပ်နေတာတွေက စကားနည်းရန်စဲလား.."



"ဟုတ်တယ်.."

"မင်းတော်တော် ရန်လိုတဲ့မိန်းမပဲ.."

"ရှင်ခုမှသိတာလား.."

"သားရေ..

"သမီး.."

လူငယ်လေးတွေလည်း မဟုတ်ကြတော့ဘဲ စွန်းနဲ့သဃရတို့ မျက်နှာချင်းဆိုင်မိနေပြီဆို မိဘနှစ်ပါးပြေးလွှားရောက်လာကြရတာလည်း နှစ်ပေါင်းမနည်းတော့ပေ.. ။

"မင်းတို့ဘယ်လိုဖြစ်ကြတာတုံး.."

"သမီးရယ်..ညည်းတို့မှာကလေးလေးတွေလည်း မဟုတ်တော့ဘူးနော်.."

သဃရက ပါးစပ်ပိတ်နေသော်လည်း.. ။

"လူဆိုတာသေတဲ့အထိ ဒေါသကင်းကြတာမှမဟုတ်ဘဲ မေမေ.."

ပြောပြီး မျက်နှာလေးမော့ထားလျက် လှေကားငါးထစ်ကို ကြွကြွရွရွလေး လှမ်းတက်သွားသည်။

ဦးမြတ်စွန်းနဲ့ဒေါ်သစ်ဝေတို့က သဃရနဲ့ကားနှစ်စီးကို တစ်လှည့်စီကြည့်လိုက်ကြရင်း.. ။

"သားတို့ရုံးမှာအဆင်မပြေဖြစ်လာကြတာလား.."

"ဟုတ်တယ်အမေ.."

"ဖြစ်နေမှာပဲကွ..လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကအဖြစ်မျိုး မင်းတို့ကြုံရဦးမှာပဲ..ခက်ပါဘိကွာ.."

ပြန်လှည့်ဝင်လာရင်း ဦးမြတ်စွန်းခေါင်းခါညည်းညူလျက်..၊

"ကြုံဖူးပေါင်ကွာ..သားသမီးတွေလူပျိုအပျိုဖြစ်နေကြတဲ့အထိ ရန်ဖြစ်နေရတဲ့ လင်မယား.."

"ပြောမနေနဲ့ကိုမြတ်..အဲ့ဒါရှင့်သမီးလွန်နေတာ.."

ဒေါ်သစ်ဝေက ခပ်သုတ်သုတ်လိုက်သွားရင်း ထမီတစ်ဖက်မ ရင်း စိတ်တိုသံနှင့်ပြော၏။ သဃရကသမက်ဆိုပေမယ့် သမီးဖြစ်သူဘက်တောင် မိသားစုအပေါ်မှာ ဂရုစိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မိခင်မရှိခဲ့သလောက် သူမကိုမိခင်သဖွယ်ချစ်ခင်လေးစားခဲ့တာဖြစ်၏။ ခုဆိုအဖေဖြစ်သူကနိုင်ငံခြားမှာပဲ နေခဲ့တာမို့ သဿရအတွက်မိသားစုက သူမတို့သာရှိသည်ဖြစ်ရာ.. ။

"ဘာတွေဖြစ်လာကြတာလဲစွန်း..မေမေ့ကိုပြောစမ်း.."

"စွန်းကလွန်တာတွေပဲမေမေ.."

"ညည်း..မေမေ့ကိုမရွဲ့ပါနဲ့.."

"ဩော်..စွန်းကမေမေ့ကိုဘာလို့ရွဲ့ရမှာလဲ.."

ထမင်းပန်းကန်မှာ ဇွန်းတပ်ပြီး လှည့်ထွက်သွားတော့လည်း ဒေါ်သစ်ဝေက ဘေးကနေပါသွားကာ.. ။

"သမီးတို့လေးဆယ်ကျော်အရွယ်တွေ ဖြစ်နေကြပြီနော်.."

"အဲ့ဒါနဲ့ပဲ စွန်းကထိပ်မှာလောက်စာလုံးလောက် ဆံထုံးလေးနဲ့..ပြောင်းဖူးဖက်ဆေးလိပ်ကြီးခဲပြီး.. သူကတော့ဆေးတံကြီးတဖွာဖွာနဲ့ အိမ်ဦးခန်းမှာ ငြိမ်ငြိမ်သက်သက်ခန့်ခန့်ညားညားကြီး ထိုင်နေရတော့မှာလား.."

"ဩော.."

"မောင်ကြီးရေ..ရှင်မရေ..ကွမ်းလေးယာပါဦး၊ ကောင်းပါပြီမောင်ကြီးနမလေးယာလိုက်ပါ့မယ်..ဘာညာ.."

စားပွဲမှာထိုင်လိုက်တော့ ပါးစပ်ထဲမှာထမင်းတစ်ဇွန်းထည့်ပြီးဖြစ်လျက်.. ။

"သူနဲ့စွန်းဘယ်တော့မှ အဲ့လိုဖြစ်လာမှာမဟုတ်ဘူးမေမေ..စွန်းကအိမ်ထောင့်ရှင်မလို မနေချင်တဲ့မိန်းမ..သူကအိမ်ထောင်ဦးစီး အိမ်ဦးနတ်ဖြစ်ချင်တဲ့သူ.."

"သမီးအဲ့ဒီလိုအတိုက်အခံစိတ်တွေ ထားရမယ့်အရွယ်မဟုတ်တော့ဘူး..ကိုယ့်အသက်အရွယ်ကို ပြန်ကြည့်ဦး.."

"အသက်ကဘယ်လိုရွေ့လျား ကြီးထွားနေသလဲမသိဘူး..သူ့အပေါ်စွန်းထားတဲ့စိတ်ကတော့ အရင်အတိုင်းပဲ.."

"စွန်း.."

"ရှင်.."

ထမင်းဝါးနေရင်း လက်ပ်တော့ပ်သုံးရင်း ပြန်ထူးတော့မအေ



ဆူနေတာ သူနဲ့မဆိုင်သလိုလို.. ။

"အေး..ညည်းစကားနဲ့ပဲမေမေပြန်ပြောမယ်၊ အသက်တွေဘယ်လိုကြီးနေသလဲမသိဘူး..ဒါပေမယ့် အတိသဿရဆိုတဲ့ညည်းရဲ့ယောကျ်ားကတော့ သူ့သားနဲ့ညီအစ်ကိုလို့ပြောရင် လူတိုင်းယုံနေသေးတယ်နော်.."

"ဟွန်း.."

စွန်းက ကွန်ပျူတာပေါ်က မျက်လုံးမခွာဘဲပြုံးလိုက်သည်။ ဒေါ်သစ်ဝေက သမီးရဲ့ဘေးစောင်းမျက်နှာကိုကြည့်၍ သက်ပြင်းချရင်း..။

"မိန်းမတစ်ယောက်ရဲ့အလှက တစ်နေ့ရွှေ တစ်နေ့ငွေ ဒီစကားတွေပြောနေလည်း ညည်းအတွက်မထိရောက်ဘူးဆိုတာ မေမေသိပါတယ်..ဒါပေမယ့် မိဘအနားမှာရှိနေလျက်နဲ့ သတိမပေးခဲ့ မဆုံးမခဲ့ဘူးလားဆိုတာ မဖြစ်ချင်လို့.."

ဆံပင်ရှည်တွေခါးလောက်ဝဲနေကာ အိမ်မှာနေတိုင်း ဒီတိုင်းဖြန့်ချထားတတ်သည့် စွန်းရဲ့မျက်နှာလေးက ကကြီးပုံမဟာနဖူးလေးကြောင့် ဆံမြိတ်အတိုမထားပေမယ့် မျက်နှာပေါ်မှာ ဆံပင်တွေရှုပ်ပွမနေ.. ။

အလယ်ခွဲပုံလေး သူ့အလိုလိုပေါ်နေကာ ဆံပင်ရှည်တွေကပခုံးနောက်မှာသေသေသပ်သပ်ရှိနေတတ်၏။ ပြီးတော့ သနပ်ခါးမကြိုက်သလို မိတ်ကပ်လည်းမလိမ်းတတ်သည်မို့ ပတ်(ဖ်)တစ်ခုခုနဲ့ ပါးပါးလေးပုတ်လိုက်တာနဲ့ စွန်းရဲ့ပါးပြင်လေးတွေက ဖြူဝင်းနုညက်နေလေသည်။

ကိုယ့်သမီးလေးလည်း မလှလို့မဟုတ်ပါ၊ လှလည်းလှသည်၊ အရွယ်လည်းတင်သည်။ ဒါပေမယ့်သဘာဝကိုက လုပ်ကြံဖန်တီးယူတိုင်း အရာရာပြောင်းလဲသွားတာမဟုတ်ပေ.. ။

"သမီးရယ်..ညည်းတို့အိမ်ထောင်ရေးဒီလိုပဲဆိုရင် ကလေးတွေစာမေးပွဲပြီးလို့ ပြန်လာရင်ဘယ်လိုလုပ်ကြမလဲ.."

ဒီစကားကျတော့ စွန်းရဲ့လှုပ်ရှားမှုတွေ ခဏတာဖြုတ်ရပ်သွားနဲ့သွားခဲ့သည်။

"ဒီတိုင်းမာနကြီးလို့ မိဘတားတာလည်းနားမထောင်..အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးထိခိုက်မှာလည်း ဂရုမစိုက်ဘဲ နိုင်ငံခြားမှာပညာတွေသင်ဘွဲ့တွေယူ သမီးစိတ်ထင်သလိုလုပ်ခဲ့တဲ့နှစ်တွေ.."

"စိတ်ထင်သလိုလုပ်တာ မဟုတ်ဘူးမေမေ..ဒါလည်းစီးပွားရေးတစ်ခုပဲ၊ သူများတွေဘွဲ့လက်မှတ်ချောင်ထိုးပြီး စီးပွားရှာကြတယ် စွန်းက ကိုယ်တန်ဖိုးထားတဲ့ပညာရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုချင်တယ်..ဒါပဲကွာတာ.."

"ဟုတ်တယ်..ခုချိန်ထိဒါနဲ့ပဲစိတ်နှစ်လုပ်ကိုင်လာခဲ့တာ တော်သင့်ပြီလို့ မေမေပြောနေတာလေ..မစွန့်လွှတ်နိုင်ရင်လည်း တရားသူကြီးလုပ်ပြီး.."

"အဲဒါသူလုပ်လိုက်ရင်ပြီးတာပဲ မေမေ..သူ့ကိုတော့အပြစ်မတင်ဘဲနဲ့ ဘာဖြစ်လို့လဲ၊ သူတို့ကစွန်းတို့ထက် ချမ်းသာနေလို့လား၊ သူ့ကျမ္မဝါသနာကို ပျိုးထောင်ခွင့်ရနေတာလား.."

"ခက်ပါလား..စွန်း.."

"မခက်ပါဘူး..အမှုရင်ဆိုင်ကြတဲ့တစ်ဖက်စီမှာ သူနဲ့စွန်းရပ်တည်မိကြရင် ရင်ဆိုင်ယှဉ်ပြိုင်ဖို့က ဖြစ်လာမှာပဲ.."

"အဲဒါလည်း သမီးရှောင်ရင်ဖြစ်တာပဲ..အခုအမှုကို သူအရင်လက်ခံခဲ့တာ.."

"စွန်းကိုလည်း ဆရာကကျန်းမာရေးကြောင့် လွှဲပေးခဲ့တာလေ..သူနဲ့ရင်ဆိုင်ချင်လွန်းလို့ ယူထားတာမှမဟုတ်ဘဲ.."

စားလည်းစားသေးသည်။ ပြန်လည်းပြောနိုင်အားပါ၏။

"မလွဲသာလို့ဆိုရင်လည်း ရုံးမှာဖြစ်ကြတဲ့ကိစ္စရုံးမှာပဲထားခဲ့ပေါ့ကွယ်..သမီးတို့ကအိမ်ထိပါလာကြတာ.."

"စွန်းကတော့ နေတတ်သလိုနေတာပဲမေမေ.."

ပါးစပ်ထဲထမင်းတစ်ဇွန်းကောက်ထည့်လိုက် ကွန်ပျူတာကိုင်လိုက်နှင့် ပြောနေရင်းအားမလိုအားမရဖြစ်လျှင် ဒေါ်သစ်ဝေဘက်ကို ကိုယ်တစ်ခြမ်းလှည့်ထိုင်လိုက်တာက ရှိသေးသည်။

"မေမေပြောနေတာတွေလည်း အဲ့ဒါသူ့အလုံးတွေပဲ.."

"ဘယ်လို.."

"သူ့စကားတွေလို့ပြောတာ..သူကလည်းစွန်းကို အိမ်မှုဗာယီ



ရတွေနဲ့လုံးထွေးနစ်မွန်းနေတဲ့ မိန်းမဖြစ်စေချင်တာလေ..တရားခွင်မှာတုပြိုင်ရင်ဆိုင်နေရတာကို လုံးလုံးမှမကြိုက်ဘူး..သိတယ်.."

"ငါ့ရင်ထဲကိုလည်း မင်းသိနေတာပဲလား.."

သားအမိစကားပြောနေတုန်း သဃရကဝင်လာ၏။ အိမ်မှာနေနေ အပြင်ကိုသွားသွား ရှပ်အကျီလက်ရှည်အဖြူကော်လံကတုံးနှင့် အမြဲနေတတ်သော သဃရပုံစံက တမင်နှုပ်ဖို့အောင်ပြင်ဆင်စရာမလိုဘဲ ရှင်းသန့်နေတာဖြစ်သည်။

ထို့ပြင် ဟိုတုန်းကနေခုချိန်ထိ နာမည်ပျက်တစ်စုံတစ်ရာမရှိခဲ့သလို အနေတည်တံ့သိက္ခာရှိသောသမက်ဖြစ်သူ့ပေါ် ဒေါ်သစ်ဝေတို့ကျေနပ်ပီတိဖြစ်ရသလောက် ဇနီးအလိမ္မာလေးကိုယ့်သမီးကတော့.. ။

"ရှင့်ရင်ထဲကို စိတ်ဝင်စားနေတာမဟုတ်ဘူး..ဒီနေ့လိုပြဿနာတွေ အမြဲတမ်းဖြစ်ခဲ့ရတဲ့အပေါ်မှာ ကျွန်မအလွန်မပါတာကိုပြောပြတာ.."

"အေး..ဖြစ်ကြ.."

ဒေါ်သစ်ဝေ ခပ်ရွှဲ့ရွှဲ့ပြောပြီး နေရာမှထထွက်သွားလေသည်။ သဃရက ဒေါ်သစ်ဝေထိုင်ခဲ့သည့်ခုံမှာပဲဝင်ထိုင်လိုက်ပြီး.. ၊

"မင်းငါ့စိတ်ကိုသိနေတာပဲစွန်း..မင်းနဲ့ငါညီညွတ်ကြဖို့ မင်းရောငါရော ပြုပြင်ဖို့မလိုဘူးလား.."

"ရှင်ဆန္ဒရှိရင်လုပ်ပေါ့.."

"မင်းကရော.."

"ကျွန်မစိတ်နဲ့ကျွန်မကိုယ် ညီညွတ်ပြီးသား.."

"မင်းစိတ်နဲ့မင်းကိုယ်နေလို့မရဘူး..မင်းနဲ့ငါမွေးထားတဲ့သားသမီးတွေရှိတယ်၊ မင်းနဲ့ငါအိမ်ထောင်ရေးရှေ့ဆက်ဖို့ ဆိုတာရှိသေးတယ်.."

"အတိသဃရ.."

စွန်းက Enter ခလုတ်ကိုပြောင်းခနဲရိုက်ပစ်လိုက်ပြီး သူ့မျက်နှာကိုကြည့်ကာ.. ၊

"ဒီတိုင်းပဲနေလာခဲ့တဲ့အိမ်ထောင်ရေးကို ရှင်ဘာဖြစ်ချင်တာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုင်းမနေချင်တော့လို့ပေါ့ကွ..ဥပမာ မင်းနဲ့ငါခုလိုရင်ဆိုင် နေကြရရင်တောင် အလုပ်မှာပြောကြငြင်းကြတာကသပ်သပ် ထွက်လာ ရင်တော့ လင်မယားကလင်မယားပဲမဟုတ်ဘူးလား.."

"မဟုတ်ဘူး.."

စွန်းက ခပ်ပြတ်ပြတ်ပြောပြီး နေရာမှထရပ်လိုက်သည်။

"ရှင်ကတရားခံအကျိုးဆောင်ရှေ့နေ..ကျွန်မကတရားလိုဘက် က၊ ရှင်နဲ့ကျွန်မပူးပေါင်းသင့်မြတ်နေဖို့က ဘယ်လိုမှမဖြစ်နိုင်ဘူး..အ လုပ်သဘောအရရော နှစ်ဖက်အမှုသည်တွေအမြင်မှာပါ မဖြစ်သင့် တာ.."

"ထားလိုက်တော့..မင်းဒီလိုအခြေအနေတွေမှာ ကျေနပ်နေပါ တယ်လို့ ငါထပ်မစွပ်စွဲတော့ဘူး၊ နောက်ထပ် မင်းနဲ့ငါရင်မဆိုင်မိ အောင် မင်းရောငါရောကြိုးစားမှဖြစ်မယ်.."

"ခုလည်း ရင်ဆိုင်ချင်လွန်းလို့မှမဟုတ်ဘဲ..နောက်ဆိုတာ လည်း.."

"တော်တော့စွန်း.."

"ဘာလို့တော်ရမှာလဲ..ကျွန်မဒီအလုပ်ကိုဝါသနာပါလွန်းလို့ ဘယ်လောက်ထိစွန့်စားခဲ့သလဲ..ရှင်သိပါတယ်.."

"ငါ..မင်းသဘောအတိုင်းဒီထိလိုက်လျောနေခဲ့တာရော ဘာ ကြောင့်လဲ.."

"ဘာကြောင့်ဖြစ်ဖြစ် ကျွန်မသိတာကျွန်မအတွက်အရေးကြီး တာဒီအလုပ်ပဲ..အလုပ်နဲ့ပတ်သက်လာရင် ဘာအတွက်ဖြစ်ဖြစ်နောက် မဆုတ်ဘူး.."

"ကျွတ်.."

သူချည်းပဲ မချင့်မရဲကျန်ခဲ့ရတာ စကားပြောဖြစ်ခဲ့တိုင်း.. ၊

"မထူးခြားမယ့်'စကားတွေခုမှဒီထိလာပြောနေတာ ရှင်ရိုး သားရဲ့လားသရ.."

"ဘာ.."

"လင်မယားပေမယ့်အလုပ်သဘောအရ ရှင်ကျွန်မအလုပ်ကို စပ်စုလို့မရဘူး.."



"မင်း.."

နှစ်ယောက်လုံးလက်ပ်တော့ပ်ဆီ မျက်လုံးရောက်သွားကြ သည်။ ပြီးတော့ မျက်လုံးချင်းပြန်ဆုံမိကာ.. ၊

"မင်းတော်တော် ဥစ္စာခြောက်ပါလား.."

"စည်းကမ်းကိုရှင်မေ့နေသလားလို့.."

"ဘာကိုမှသတိမရတာမင်း..ငါမဟုတ်ဘူး.."

ရှေ့ဆက်ပြောဖို့စကားတို့သည် သူမဖိုင်တစ်ထပ်ကိုတွန်းရွှေ့ လိုက်သည်မှာ ထမင်းပန်းကန်မှာတပ်ထားသည့် ဇွန်းဖျားနဲ့တိုက်မိပြီး ချွင်ခနဲ မြည်သွားမှ.. ၊

"ကျောင်းပိတ်ရင်ကလေးတွေပြန်လာတော့မှာ..မင်းနဲ့ငါဒီလို နေလို့မဖြစ်ဘူး.."

ထမင်းစားလက်စကို မနှောက်ယှက်ချင်တော့သည်မို့ ဒါပဲ ပြောပြီး ထွက်လာခဲ့လိုက်သည်။

ပြောခဲ့သမျှက မပြေလည်ရသည့်အပြင် ကိုယ်ကပဲနိုးချင်သ လိုလို စွပ်စွဲခံခဲ့ရခြင်းဖြစ်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"အေး..ဟုတ်တယ်မြေးရေ.."

"........... .........."

"အဲ့လိုမဟုတ်ပါဘူးကွယ်..မြေးရဲ့ဘိုးဘိုးက အဓိဋ္ဌာန်ပြီးခါ စဆိုတော့ ကျန်းမာရေးအတွက် အေးဆေးနားချင်တယ်ဆိုလို့ပါ.."

"........... .........."

"ရှိတာပေါ့မြေးရဲ့..မြေးဖေဖေရော..မေမေရော.."

"........... .........."

"အဟွန်း..ဒါကတော့ထုံးစံအတိုင်းပေါ့မြေးလေးရယ်..မြေးတို့ကပဲနားလည်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနေလိုက်ပါ.."

"........... .........."

"မသိပါဘူးကွယ်..မြေးဘိုးဘိုးကြီးက ကမ္ဘာလှည့်ဘုရားဖူးလည်းသွားချင်သေးတာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေရှိရင် ဘယ်မှာဖြစ်ဖြစ် သူသွားဖူးချင်တယ်.."

"........... .........."

"အေးပါမြေးရဲ့..တစ်ခါတည်းတော့နိုင်ငံခြားထိမသွားပါဘူး၊ မြန်မာပြည်မှာ ဘုရားစုံဖူးပြီးမှပါ.."

ဖုန်းပြောနေရင်း စိတ်တော့မကောင်းပါ၊ ဘာဖြစ်လို့လဲဆိုလျှင် ခင်ပွန်းဖြစ်သူက ဘယ်ထိခြေဆန့်ဖို့ စီစဉ်ထားသလဲဆိုတာ သိနေသောကြောင့်.. ।

"အမေနဲ့အဖေဘုရားဖူးသွားကြမယ်ဟုတ်လား.."

ဟင်.. ।

ဖုန်းချလိုက်ပြီး ဒီတိုင်းရပ်နေမိစဉ် သဲရအသံကြောင့် လှည့်



ကြည့်လိုက်မိသည်။ ဒေါ်သစ်ဝေ ကိုယ့်မျက်နှာပေါ်က သောကကိုဖုံးဖိပေမယ့် မပီပြင်ခဲ့ဘဲ.. ।

"ဟုတ်တယ်သား..မြေးလေးတွေလည်းရောက်လာကြတော့မှာပါ..သားတို့ပျင်းချိန်တောင် ရှိမှာမဟုတ်ဘူး.."

"မြေးတွေရောက်လာမယ့်အချိန်ကို မျှော်ရတာကဘိုးဘွားအလုပ်မဟုတ်ဘူးလားအမေ၊ အမေတို့ဘာကြောင့်သွားကြမှာလဲဆိုတာ ကျွန်တော်သိတယ်.."

"ဟုတ်တယ်..ဒါပေမယ့်သားစိတ်မကောင်းမဖြစ်ပါနဲ့၊ မေမေတို့ကသာ ကိုယ့်သမီးအတွက်မျက်နှာငယ်အရှက်ရခဲ့ကြတာ.."

"အဲ့ဒါကိုဘာလို့ ခုထိပြောနေသေးတာလဲအမေရယ်..ကျွန်တော်တို့ခုမှညားကြတဲ့ လင်မယားလည်းမဟုတ်ဘူး၊ ပြီးတော့ဒီလိုအဆင်မပြေဖြစ်ရတာအတွက် ကျွန်တော်တို့စိတ်ဆင်းရဲကြီးစွာ ခံစားနေရတာမှမဟုတ်ဘဲ.."

အားပေးစကားတွေပြောနေသည့် သမက်ဖြစ်သူကို ဒေါ်သစ်ဝေ စာနာစိတ်နဲ့ကြည့်ရင်း သက်ပြင်းချမိသည်။ စိတ်ဆင်းရဲနေသည့်အဖြစ်ကိုဖုံးကွယ်ပြီး အားပေးနေတော့ကိုယ်ကလူကြီးမို့ စိတ်မလုံသလိုခံစားမိရသည်။

ပြီးတော့ ဒီနေ့ထိဘယ်လိုသွန်သင်ဆုံးမလို့မှ နူးညံ့ပျော့ပျောင်းမလာခဲ့သည့် သမီးဖြစ်သူအတွက်.. ।

"အမေ.."

"ဟင်.."

"ဘာတွေတွေးနေတာလဲအမေ..ကျွန်တော်နဲ့ရွှန်းဒီအလုပ်ကိုမျက်နှာချင်းဆိုင်လုပ်မိကြတိုင်း ဒီလိုအဆင်မပြေမှုတွေက ရှိနေမှာပဲဟာ.."

"မေမေတို့နားလည်ပါတယ်..ဒါပေမယ့် အခုသွားမှာကတော့.."

"သမီးနဲ့သားကျောင်းပိတ်ရက်အိမ်ပြန်လာကြမယ်..ကျွန်တော်တို့ကတစ်မျိုး..မြေးတွေကတစ်မျိုးနဲ့ အဖေစိတ်ဆင်းရဲရမှာစိုးလို့မို့လား.."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆင်းရဲမှုကိုမစိုးပါဘူး..သားအဖေဖြစ်စေချင်တာက မိသားစုအတွက် အရေးကြီးတာဘာလဲဆိုတာကို သမီးကိုသိစေချင်တာ သားသမီးကိုဆိုဆုံးမနိုင်တဲ့ မိဘမဖြစ်ရတဲ့အပြင်..မြေးလေးတွေကပါ လေးစားသမှုမရှိတော့ဘူးဆိုရင် မိဘဘိုးဘွားဆိုတဲ့အဓိပ္ပါယ် ဘာရှိတော့မှာလဲ.."

မိဘနှစ်ပါးက သမီးသမက်မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်သည်။ သမီးဖြစ်တဲ့သူက နွေးထွေးခြင်းဆိုတာကို ဥပက္ခာထားခဲ့၏။

"သမီးရယ်..မိဘနှစ်ပါးရဲ့အဆင်မပြေမှုတွေကို ကလေးတွေ နေ့စဉ်မြင်တွေ့နေရင် သူတို့ရင်ထဲမှာဘယ်လိုအတွေးတွေ ဝင်လာကြမလဲ.."

"သူတို့ရှိသေလေးစားနေရမယ့် အဖေကိုသမီးဒီလောက်တောင် မလေးမစားနိုင်နင်းနေရင် ဒီအဖေအနေနဲ့ကလေးတွေကို ဘယ်လိုဆုံးမမလဲ.."

"အမေဆိုတာသမီးရဲ့စံပြ..အဖေကသားအတွက်သူ့ရဲ့ကောင်း သမီးက သမီးယောကျာ်းကို အလကားလူလို့မြင်နေရင် မြေးမလေးကလည်း စံပြအမေရဲ့စံနှုန်းအတိုင်း သူ့အိမ်ထောင်ရေးကိုဖန်တီးတော့မှာ မြေးကလည်း ဖအေကိုမလေးစားတဲ့ သားဖြစ်လာမှာပဲ.."

စသဖြင့်သောဆုံးမစကားတွေကို နာခံရမယ့်လူက ဂရုမစိုက်ခဲ့ပေမယ့် ဒေါ်သစ်ဝေကိုယ်ပြောခဲ့တဲ့စကားတွေကိုတော့ မှတ်မိနေပါသည်။ ထိုစဉ်တည်းက ခုချိန်ထိစွန်းကတော့ စိုးရိမ်ရမှန်းလည်းမသိ၊ ဘာမှလည်းမပြောင်းလဲခဲ့.. ၊

လက်ထပ်ပေးဖို့စီစဉ်ခဲ့တုန်းက စိတ်တူကိုယ်တူဝါသနာတူမို့ အားလုံးကျေနပ်ပီတိဖြစ်ရသလောက် သမီးကလည်းပြုံးနေသလို သူ့ရဲ့မျက်နှာမှာလည်း ကျေနပ်ပီတိတွေအထင်းသားနဲ့... ၊

နောက်ပိုင်းကျမှ ဘယ်လိုပြဿနာတွေရှိခဲ့ကြတာလဲ.. ၊

"ဝေ.."

"ဟင်..ရှင်.."

ကိုယ့်ဘာသာထွက်လာခဲ့ရင်း ညှိခန်းရောက်လာတာတောင်



မထိုင်မိသဖြင့် ဦးမြတ်စွန်းခေါ်လိုက်တော့ လန့်သွားသည်။

"ဘာတွေအတွေးလွန်နေတာလဲကွ.."

"ဩော်..သရနဲ့စကားပြောရင်းနဲ့ပါ.."

ဦးမြတ်စွန်းကလည်း မျက်နှာပျက်သွားပေမယ့် ဘာမှထပ်မမေးတော့ပေ၊ ပြီးမှ.. ၊

"လင့်မယားဆိုတာကြားလူရှိရင် မာနခံနေတတ်ကြတယ်ကွ.. ကလေးတွေရဲ့ဝန်တာ အိမ်ထောင့်ဝန်တာတွေကို မင်းတို့ငါတို့ရှိနေသမျှ မင်းသမီးဘာကိုမှ ဂရုစိုက်ရမှန်းသိမှာမဟုတ်ဘူး.."

"ဟုတ်တော့ ဟုတ်ပါတယ်.."

"အဲ့ဒီတော့ စိတ်မကောင်းဖြစ်မနေနဲ့..ငါတို့လည်းဘုရားဖူးရမယ်၊ ခရီးထွက်တာလည်း ကျန်းမာရေးအထောက်အကူတစ်မျိုးပဲ..သေသွားရင်တောင် မြတ်ပါတယ်ကွာ.."

ဒေါ်သစ်ဝေ စိတ်တော့မကြည်လင်သေးပေမယ့် ခေါင်းညိတ်မိသည်။

"ကလေးတွေပြန်လာတာနဲ့ ငါတို့သွားကြမယ်..မြန်မာပြည်မှာဘုရားဖူးပြီးရင်လည်း ဗုဒ္ဓဘာသာရှိသမျှနိုင်ငံပေါင်းစုံ လိုက်ဖူးမယ်ကွာ..နှစ်နဲ့ချီပါစေ၊ ငါတို့ပြန်လာနိုင်ခဲ့ရင်တော့ သူတို့မိသားစုသာယာစိုပြေနေကြတာ မြင်ရမှာပါ.."

ဒေါ်သစ်ဝေ မျက်နှာကြည်လင်သွားသည်။ မြေးလေးတွေကိုတော့ ခွဲမနေနိုင်ပေမယ့်.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

"တီ..တီ.."

ကားဟွန်းသံက ဆက်တိုက်ကြီးမို့ခေါင်းထောင်ကြည့်လိုက်မိသည်။ အိမ်ကကားသံကိုသိနေပေမယ့် ကားကိုပြန်လွှတ်လိုက်ပြီသားမို့ ကြည့်မိတာဖြစ်သည်။

"ကားလာကြိုတယ်ထင်တယ်..ဒေါ်စွန်း.."

"ဟုတ်ကဲ့..ခွင့်ပြုပါဦး.."

စွန်းနေရာမှ ထရပ်လိုက်ရင်း.. ।

"နောက်တစ်ခုရှိသေးတာက ဦးကောင်းထွန်းရဲ့ခြံစောင့်ကြီးကိုကျန်းမာရေးအပြင် သူ့ရဲ့လုံခြုံရေးကိုပါ အရေးကြီးအလုပ်အဖြစ်ထည့်သွင်းစဉ်းစားဖို့ပါ.."

ဦးကောင်းထွန်းက စွန်းကိုလိုက်ပို့ရင်း ခေါင်းတညိတ်ညိတ်နှင့်.. ।

"ကျေးဇူးတင်ပါတယ်..ကျွန်တော်အဲ့ဒီအချက်ကို မစဉ်းစားမိခဲ့ဘူး.."

"သူ့သက်သေထွက်ဆိုမှာတွေက ဒီအမှုရဲ့အဆုံးအဖြတ် ဖြစ်နိုင်တယ်ဆိုရင် သူထွက်ဆိုခွင့်မရအောင် တားဆီးတာတွေရှိလာနိုင်လို့ပါ..အထူးဂရုစိုက်ပေးပါ.."

"စိတ်ချပါဗျာ..ကျွန်တော့်လူတွေနဲ့ အချိန်ပြည့်စောင့်ကြည့်ခိုင်းထားမှာပါ..ကျေးဇူးတင်ပါတယ်.."

ဦးကောင်းထွန်းက ကားနားထိလိုက်လာကာ.. ।

"ရှေ့နေကြီးကိုယ်တိုင် လာကြိုတာကိုး..ကျွန်တော်ကလည်းပြန်ပို့ပေးဖို့ စီစဉ်ထားတာပါ.."



"ဟုတ်ကဲ့..ကျွန်တော်လည်းလမ်းကြုံနေလို့ပါ.."

"ခွင့်ပြုပါဦးနော်.."

"ကောင်းပါပြီခင်ဗျာ.."

ဦးကောင်းထွန်းက ကိုယ်တိုင်တံခါးဖွင့်ပေးသည်။ စွန်းဝင်ထိုင်ပြီးမှ တံခါးပိတ်ပေးပြီး လက်ပြနှုတ်ဆက်၏။ သသရမတည်မပြုံးမျက်နှာနှင့် စောင့်နေသေး၏။ ဦးကောင်းထွန်းလက်ပြရင်း နောက်ဆုပ်ရပ်လိုက်ပြီး စွန်းကလည်းနှုတ်ဆက်ပြီး သူ့ကိုလှည့်ကြည့်မှ အသာလေးမောင်းထွက်လာခဲ့ရင်း.. ।

"မင်း ဒီထိလာဆွေးနွေးဖို့ လိုလို့လား.."

လမ်းပေါ်ရောက်တော့ အစမရှိအဆုံးမရှိပြောလာ၏။ စွန်းကမျက်နှာလေး ငုံ့ရုံလှည့်ကြည့်ကာ.. ।

"မလိုအပ်ဘဲလုပ်နေတယ်လို့ ရှင်ပြောချင်တာလား.."

"လိုအပ်အပ် မအပ်အပ်မသင့်တော်ဘူးဆိုတာ မင်းတွေးမိရမှာ..ဦးကောင်းထွန်းက ဇနီးနဲ့မပြေမလည်ဖြစ်နေတဲ့လူ.."

"ကျွန်မကဇနီးသည်ငုတ်တုတ်ရှိနေတဲ့ ယောကျ်ားတွေကိုပဲအမှုလက်ခံတာမှမဟုတ်ဘဲ..အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ရှင်..ကျွန်မကိုမစေဖန်ပါနဲ့.."

"မင်းကငါ့မိန်းမပဲကွ..ငါဘာလို့ပြောခွင့်မရှိရမှာလဲ.."

ဒီနေရာမှာဒေါ်တွေပါသွားကာ ကားကမီးပွိုင့်မှာဗရမ်းဗတာရပ်သွားခဲ့သည်။ စွန်းမျက်နှာလေးတင်းသွားခဲ့လျက်.. ।

"သင့်တော်တာမတော်တာတွေ ကျွန်မစဉ်းစားတတ်တယ်..ကျွန်မကလေးမဟုတ်ဘူး..နောက်တစ်ခုက ကျွန်မသွားလေရာ ရှင်လိုက်ကြိုဖို့လည်းမလိုဘူး.."

"သွားလေရာကိုလိုက်နေတာမဟုတ်ဘူး..မင့်ကားပြန်လွှတ်လိုက်ရတယ်ဆိုလို့.."

"ဘယ်သူပြောတာလဲ.."

"သားပြောတာ.."

"ကားမရှိလည်းသွားလို့ရတယ်..နောက်ကိုရှင်လိုက်ကြိုဖို့မလိုဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို.."

စကားပြောမည်ပြင်ကာမှ မီးစိမ်းသွားသဖြင့် မောင်းထွက်လိုက်ရကာ၊ ပြီးမှကျွတ်ခနဲ ဖြစ်မိရင်း.. ၊

"အိမ်မှာလူစုံနေတုန်း မင်းပြဿနာမရှာနဲ့စွန်း..ရှိနေတဲ့လူကြီးတွေက ငါ့မိဘတွေမဟုတ်ဘူး..ကလေးနှစ်ယောက်ကလည်း ငါတို့ကော်ဖီဆိုင်မှာ ကံစမ်းမဲပေါက်လို့ ကောက်ယူလာတာမဟုတ်ဘူး.."

"ဟုတ်တယ်..ကံစမ်းမဲပေါက်ထားတာမဟုတ်ဘူး၊ ဒါပေမယ့် ကလေးနှစ်ယောက်ရှိနေတာနဲ့ပဲ မီးဖိုချောင်ထဲပြေးဝင်မနေနိုင်ဘူး.. တော်ပါတော့သရ အဲ့ဒါတွေရှင်နဲ့ပြောမိတိုင်း တစ်ခါမှလည်းအဆင်ပြေတာမရှိဘူး..ရှေ့မှာကားရပ်ပေး.."

"ဘာလုပ်မလို့လဲ.."

"ဆင်းမယ်.."

ကြည့်လိုက်တော့ ဆင်းစရာအကြောင်းဘာမှမရှိသည့်နေ ရာ..

"ရပ်ပေးပါ..ကျွန်မရှင်နဲ့မလိုက်ချင်လို့ တမင်ဆင်းမှာ..ဆင်းစရာအကြောင်းမရှိဘဲနဲ့ ဆင်းမှာ..အဲ့ဒါမရဘူးလား.."

သူ့အကြည့်ကိုသိနေသလို စွန်းကချက်ချင်းဆင်းတော့မလိုတံခါးကိုကိုင်ပြီး ဖြစ်နေလျက်.. ၊

"တကယ်ပဲ..ဘယ်လိုအကုသိုလ်တွေနဲ့များ..တစ်နေ့အခါရှစ်ဆယ်လောက်ရန်ဖြစ်နေရတဲ့ ယောကျာ်းနဲ့လာညားခဲ့သလဲမသိဘူး.."

ကြည့်စမ်း..ပြောဆိုသွားလိုက်တာ၊ သူကပဲပြဿနာကောင်လိုလို.. ၊

သရောဘာမှလည်း မပြောနိုင်ဘဲ ပါးစပ်တပြင်ပြင်နှင့် ကျန်ရစ်ခဲ့ကာ၊ စတီယာရင်ကိုထုလိုက်မိခြင်းက သူ့ရဲ့ပေါက်ကွဲခြင်း.. ၊

စွန်းဆိုတဲ့ မိန်းမနဲ့ပတ်သတ်လာတိုင်း သူ့ရဲ့ပေါက်ကွဲခြင်းက ဒီဘဝ..ဒီမျှ.. ၊

အခန်း(၅)

"ဟော..သမီးတို့ရောက်နေကြတာလား.."

"ဟုတ်ကဲ့ရှင့်..ဦးနေကောင်းတယ်နော်.."

"ကောင်းပါ့ဗျာ..သမီးတို့ကျောင်းပိတ်သွားပြီဆိုတော့ ကိုယ့်မြို့ကိုယ်ပြန်ကြတော့မယ်ပေါ့.."

ကလေးတွေကိုအကောင်းဆုံးဘော်ဒါမှာထားခဲ့သည်။ ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးတွေနဲ့အောင်စေချင်လို့ပဲလို့ တခြားသူတွေထင်စရာရှိပေမယ့် တကယ်ကတော့ရည်ရွယ်ချက် တစ်ခုတည်းမဟုတ်ပေ.. ၊ ဦးမြတ်စွန်းနဲ့ဒေါ်သစ်ဝေတို့ထွက်လာကြတော့ ကလေးတွေ ထိုင်နေတာမြင်လိုက်သည်နှင့် စွန်းကိုရှာဖွေမိကြကာ.. ၊

"ကလေးတွေရှိနေကြတာလား..စွန်းရော.."

သရပြန်ရောက်လာပြီး စွန်းကိုမတွေ့သဖြင့် မေးလိုက်မိသည်။ သရတစ်ခုခုဖြေဖို့ နောက်လှည့်လိုက်လျှင် အိမ်မှာကားတစ်စီးထပ်ရောက်လာပြီး... ၊

"မေကြီး..ပြန်ရောက်နေပြီ.."

နေသရကအိတ်ကြီးဆွဲလာပေမယ့် တံခါးဝမှာပဲပစ်ချလိုက်ကာ သရရဲ့ဆီပြေးလာ၏။ ပြီးတော့သူ့ငယ်ချင်းချင်းပွေ့ဖက်သလို အားပါးတရဖက်ထားလိုက်ရင်း.. ၊

"တို့မေကြီးက ခန့်ချောကြီးကွာ..ရည်းစားထားရမှာတောင်လန့်လာပြီ.."

"ဘာလဲကွ..ငါ့သားစကားက.."

"တော်ကြာ..သားကောင်မလေးက သားကိုမဟုတ်ဘဲ ဖအေကိုလက်ညှိုးထိုးနေရင်.."

www.burmeseclassic.com



"ဟော့ ဟော့..လျှောက်နောက်မနေနဲ့..ငါ မင်းအဖေနော်.."

"ဟား ဟား ဟား.."

"အမလေး..ရည်စားထားရမှာလန့်လာပြီတဲ့၊ ကိုကိုကလား.. ဟွန်း..မပြောလိုက်ချင်ဘူး.."

သူငယ်ချင်းတွေနဲ့ ထိုင်နေသည့်လရောင်က အစ်ကိုဖြစ်သူကို နှာခေါင်းတွန့်မဲ့ရွဲ့ပြီး မော့ကြည့်၍.. ၊

"ခုမပြောသေးဘူး.."

"လရောင်ရေ..မဟုတ်ကဟုတ်က.."

"ဒါမဟုတ်ကဟုတ်ကမဖြစ်နိုင်ဘူး..ဖေဖေသိတယ်.."

"ဟာ..မဟုတ်ပါဘူးဖေကြီးရာ၊ အဲ့ကောင်မလေးလျှောက်ဖွနေတာ.."

"ဒါဖြင့် သူများတွေကိုယ့်အိမ်ကိုယ့်ရာပြန်ချင်လွန်းလို့..အထုပ်ဆွဲပြီး တန်းထွက်လာကြတာ..မင်းကဘာဖြစ်လို့ခုမှ.."

"အဲ့ဒါသားဖုန်းဆက်ထားတယ်လေဖေဖေရ..နယ်ပြန်ကြမယ့်သူငယ်ချင်းတွေက သူတို့တောင်မပြန်သေးဘဲအားပါးတရ လည်ပတ်ပတ်ကြနဲ့အပီကဲကြတာ..ဘော်ဒါမှာတီချယ်တို့ရော အန်တီဆူးတို့ရောအားလုံးရှိကြသေးတယ်..ဒီနေ့မှပြန်ကြမှာ.."

အဘိုးအဘွားတွေနဲ့ဖအေကိုတော့ လျှာခလုတ်တိုက်မတတ်ရှင်းပြနေရကာ၊ မျက်လုံးကလည်းမေမေ့ကို ရှာနေမိရင်း.. ၊

"ဖေကြီး..မေမေရော.."

လို့ မျက်နှာနားကပ်မေးမိ၏။

"သူ့ဧည့်သည်ပါလာလို့ ရေကူးကန်ဘက်ထွက်သွားတယ်.."

နေသရအကြည့်တွေက ညီမလေးနဲ့သူငယ်ချင်းတစ်စုဆီတန်းရောက်သွားသည်။

"ကိုကိုဘော်ဒါမှာနေဦးမလား..ညလေးလည်း သူငယ်ချင်းတွေကို အိမ်ခေါ်ထားချင်သေးတာ..သူတို့လည်း ကိုကို့လို မပြန်ကြသေးရင်ကောင်းမှာပဲ.. ညလေးမေမေ ဘယ်လောက်လှသလဲဆိုတာ ကြွားချင်လို့" တဲ့.. ၊

လရောင်ပြောခဲ့တာကို သတိရမိတော့ သူငယ်ချင်းတွေ



ရောက်လာတဲ့အဖြစ်ကို နားလည်သွားသည်။ ပြီးတော့ ပြုံးရွှင်ရယ်မောနေတာတွေပါ ပျောက်ဆုံးသွားခဲ့လျက်.. ၊

"သား..မေမေ့ကိုသွားခေါ်လိုက်မယ်.."

"သား.."

သရက နေသရလက်ကိုဖမ်းဆွဲထားလိုက်ပြီး ယောက္ခမတွေမျက်နှာကို မသိမသာလှမ်းကြည့်၏။ ဦးမြတ်စွန်းနဲ့ဒေါ်သစ်ဝေတို့က မိန်းကလေးတွေနဲ့ ရယ်မောမပျက်ပြောဆိုနေကြပေမယ့် သူတို့သားအဖပြောနေကြတာကိုလည်း သေချာမကြားရသော်ညား.. ၊ သရလှမ်းကြည့်လိုက်သည့်အဖြစ်ကိုတော့ နားလည်နေကြသည်သာ.. ၊

"သူ့အလုပ်ကိစ္စအရေးကြီးလို့ဖြစ်မယ်..မခေါ်နဲ့.."

သရထပ်ပြောပြီး နေသရပခုံးကိုပုတ်ကာ.. ၊

"သွား..ခရီးပန်းလာတယ်..ရေမိုးချိုးပြီးနားလိုက်ဦး.."

လရောင်ကလည်း အစ်ကိုနဲ့အဖေရဲ့အမူအရာကို ကြည့်လိုက်တာနဲ့ ရိပ်မိနေခဲ့၏။ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်ပေမယ့် မေမေ ရောက်လာမှာမဟုတ်.. ၊

"ကဲ..မြေးတို့လွတ်လွတ်လပ်လပ်နေကြ..ဒီကနေကားဂိတ်ကိုဆင်းမှာမှတ်လား..ကားကကိုးနာရီခွဲမှ ထွက်မှာဆိုတော့ အေးဆေးနားလို့ရပါတယ်.."

"ဟုတ်ကဲ့..ဘိုးဘိုး.."

အေးမြတ်ချိုရယ်၊ မေရီစိုးရယ်..သူဇာရယ်က တစ်ပြိုင်တည်းလိုလိုခေါင်းညိတ်နှာခံကြသည်။ ဒေါ်သစ်ဝေက ပြုံးနေရင်း.. ၊

"မြေးတို့အန်တီပြန်လာရင် ညစာလက်ဆုံစားရင်း စကားတွေပြောလို့ရတာပေါ့နော်..သိန်းသိန်းရေ.."

"ရှင်..မေမေကြီး.."

"မြေးတို့အတွက် ဒီညစာအထူးစီစဉ်စမ်း.."

"ဟုတ်ကဲ့.."

"ကလေးတွေကို ဘာမှလိုလေသေးမရှိစေနဲ့..အခုအဆာပြေတစ်ခုခုအမြန်လုပ်..သူတို့တွေဘာကြိုက်လဲမေးထားရဲ့လား.."

အားလုံးလိုလေသေးမရှိဖော်ရွေ ပျူငှာကြသဖြင့် အေးမြတ်

www.burmeseclassic.com

www.burmeseclassic.com



ချို့တို့ကတော့ ပျော်ရွှင်ကျေနပ်လို့ပါ၊ မျှော်လင့်နေခဲ့သည့်လရောင်သည်သာ.. ။

"ဟဲ့..နင်ငါတို့ပြန်တော့မယ်မို့လို့ လွမ်းနေတာလား.."

"ဟုတ်မှာနော်..မျက်ရည်တွေဘူးသီးလုံးလောက် ကျလာတော့မယ်.."

"မငိုပါနဲ့သယ်ရင်းရယ်..ငါတို့တွေတက္ကသိုလ်မှာ ပြန်ဆုံကြမှာပါ.."

"ဟီး..ဟီး.."

"ခစ်..ခစ်.."

လရောင်မျက်နှာမကောင်းနေတာကို ဝိုင်းစကြရင်း အပေါ်ဆုံးလသာဆောင်လေးမှာ ထင်တိုင်း အော်ဟစ်နေခဲ့ကြသည်။ လရောင်က သူတို့တစ်ယောက်ချင်းဆီကိုကြည့်နေရင်း.. ။

"နင်တို့ငါ့အမေကို မာနကြီးလိုက်တာလို့ မထင်ဘူးလားဟင်.."

"ဟင့်အင်း.."

"မထင်ပါဘူး.."

"အေးလေ..မာနကြီးတယ်ဆိုရင်တောင် ငါတို့ကိုပဲကွက်ပြီးကြီးတာမှမဟုတ်တာ..နောက်ပြီးနင့်အဖေနဲ့အဖေ မသင့်မြတ်ကြတာလည်း ငါတို့သိတယ်လေ.."

"အေးလေဟာ..နင်ကအရမ်းကံကောင်းတာပဲ..နှစ်ဖက်မိဘဘိုးဘွားကလည်းအရမ်းချမ်းသာတယ်၊ နင်တို့မောင်နှမကိုလည်း ချစ်လိုက်ကြတာတုန်လို့..နင့်အဖေဆိုလူပျိုလေးကျနေတာပဲ၊ နင့်အမေကိုလည်းချစ်မှာပဲ..အဲ့ဒီလိုပြည့်စုံနေတဲ့နင့်အမေလိုလူက မာနကြီးမှာပေါ့.."

"ငါကတော့ တစ်ခါလောက်စကားပြောချင်တာ.."

သူတို့ချည်းပဲနားလည်နေကာ သူတို့ဘာသာတွေးယူကြရင်..၊

"ငါကတော့ အန်တီနဲ့ဦးကိုတရားလိုဘက်ကတစ်ယောက်ကပြော..တရားခံဘက်ကတစ်ယောက်ကငြင်းနဲ့..အမှုတစ်ခုတည်းကို ရင်ဆိုင်ကြတာမျိုးကြည့်ချင်တာ..အဲ့လိုဖြစ်ကြတာရှိဖူးမှာပေါ့နော်.."

"ရှိတာပေါ့..ခဏ ခဏပဲ.."

"ဟင်..ဟုတ်လား.."



"တကယ်ပေါ့..အဲ့လိုဖြစ်တဲ့အခါ ဘယ်သူနိုင်တာများလဲဟင်.."

"မသိဘူး..ဘိုးဘိုးကြီးပြောတာတော့ အဲ့လိုဖြစ်နေကြလို့ ဖေဖေနဲ့ မေမေသိပ်မတည့်တာတဲ့.."

လရောင် မျက်နှာလေးအိုသွားတော့ သူဇာတို့မေးမယ့်စကားတွေ ပြန်မျိုချခဲ့ကြသည်။ ဒါပေမယ့် လရောင်ကလည်းဒါတွေပြောမိရင် ခံစားနေရတာလေးတွေ ပွင့်အံလာတတ်သည်။

"မေမေက စိတ်ဓာတ်မာတယ်ဟ..ပြီးတော့.."

အမုန်းအငြိုးကြီးတတ်သူပါ၊ လူကြီးတွေကမပြောပေမယ့် ကွယ်ရာမှာပြောကြတဲ့ စကားတွေကိုကြားလာခဲ့တာများတော့ အရွယ်ရောက်လာတဲ့အခါမှာ ကျိုးကြောင်းဆက်စပ်ပြီး တွေးမိလာခဲ့သည်။

လက်ထပ်ကြစဉ်က ပုံမှန်အိမ်ထောင်ရေးမျိုးဟာ မေမေနိုင်ငံခြားသွားမည့် အချိန်ကစပြီး အမည်မသိရောဂါတစ်ခုလို အိမ်ထောင်ရေးမှာ ပိုးဝင်ခဲ့သည်။ ဖေဖေနဲ့မေမေ လူမသိနိုင်သည့်နာကျည်းဖွယ် အဖြစ်တစ်ခု ဘယ်လိုပုံစံနဲ့ ဖြစ်ပျက်ထားသည်ကို ဘယ်သူမှခန့်မှန်းမရခဲ့ဘဲ အကြင်နာနည်းသည့်အခြေအနေကနေ ခပ်စိမ်းစိမ်းပြတ်တောက်သည့်အနေအထားသို့ ရောက်သွားခဲ့သည်။

လင်မယားမျက်နှာချင်းဆိုင်ပြီး အလုပ်စကားဆွေးနွေးသည့်အဆင်ပြေမှုတွေပါ ပျက်သုန်းခဲ့ရပြီး တစ်ယောက်အခန်းရှေ့တစ်ယောက်သွားရပ်ရင်တောင် ပြဿနာတက်ကြတဲ့အထိဖြစ်သွားခဲ့၏။

ဒါတွေဘာလို့ပြောင်းလဲကုန်တာလဲဆိုတာ လူကြီးတွေတောင်မသိကြတာလရောင်ဘယ်လိုတွေးတတ်မှာလဲ၊ မေမေ့အကြောင်း အားပါးတရကြွားဖို့ရာ စကားလုံးရှားပါးနေသလို မေမေ ဘယ်လိုမိခင်မျိုးလဲဆိုတာလည်း ပြောမပြနိုင်ခဲ့.. ။

ပြောနိုင်တာတစ်ခုသည် လရောင်တို့မောင်နှမအပေါ်မှာ မေမေမကြင်နာခဲ့ပါ.. ။ ဒါပေမယ့်..ဒါကိုလည်းပြောမပြနိုင်သည်ဖြစ်ရာ.. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၆)

"ဘုန်း.."

နှစ်ယောက်အတူတူဝင်လာကြရင်း လက်ကိုင်အိတ်ကြီးကို ဘုန်းခနဲမြည်အောင် ပစ်ချလိုက်သဖြင့် စွန်းရဲ့ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသည်။ သို့သော်လှည့်မကြည့်ဘဲ ရှေ့ဆက်ခြေလှမ်းဖို့ပြင်လျှင်..။

"မင်းနဲ့စကားပြောဖို့အတွက်..ကလေးတွေရုပ်ရှင်ကြည့်မယ်ဆိုတာ တမင်ခေါင်းညိတ်ပြီး ဝင်ချပေးခဲ့တာ.."

"အဲ့ဒီတော့..ရှင့်စိတ်ကူးတွေကိုမှန်းဆတွေးတောမိပြီး ကျွန်မကပခုံးပေါ်တဘက်လေး ပြေးတင်ထားရမလား.."

"ဘုန်း.."

စွန်းကလည်း ပြန်လှည့်လာပြီး လွယ်ထားသည့်ဆလင်းဘက်ခ်ကို ကြိုးပါလုံးထွေး၍စားပွဲပေါ် ပစ်ချပေးလိုက်သည်။ စွန်းရဲ့အိတ်က ရှောခနဲထွက်သွားကာ အရင်ချထားသည့်သရရဲ့အိတ်ကို တိုက်ချပစ်လိုက်၏။

သရမျက်မှောင်ကုတ်ထားလျက်နှင့် ကြမ်းပေါ်ကျသွားသည့်အိတ်ကို မျက်တောင်ဖျားတွေစင်းကြည့်၏။

"ကဲ..ပြောလေ၊ ရှင်သူများပေါ်စွေစောင်းလိုက်ကြည့်ပြီး မလိုတမာပြောဖို့တွေအမြဲတမ်းရှိနေပေမယ့် ကျွန်မကအမြဲတမ်းအားနေတာ မဟုတ်ဘူး.."

"မင်းဘယ်တော့မှမအားတာသိတယ်..မိသားစုအတွက် သားသမီးအတွက် နောက်ဆုံးမင်းရဲ့လူမှုရေးဆိုတာတွေပါ မင်းအလုပ်လောက် ဘာမှအရေးမပါဘူး"

"ရှင် သိနေသားပဲ.."



"သိတယ်..မင်းမသိသေးတာက မိဘဖြစ်လာရင်သားသမီးအရေးက ကိုယ့်အရေးထက်အရေးကြီးတယ်ဆိုတာပဲ.."

"ဟုတ်လား..အဲ့ဒါရှင့်အတွက်လေ၊ ရှင့်အပေါ်သိပ်သိတတ်တဲ့သားသမီးတွေဆိုတော့ ရှင့်အတွက်ဟုတ်မှာပေါ့.."

"မင်းအတွက်တော့ မဟုတ်ဘူးလို့ပြောချင်တာလား..ဆက်ပြောလေ.."

မျက်လုံးချင်းဆုံမိရင်း စွန်းကစူးစူးရဲရဲစိုက်ကြည့်လိုက်ပြီးမှ..၊

"ဟုတ်တယ်..ဘာလဲ၊ အဲ့ဒီစကားမျိုး ကျွန်မ မပြောရဲဘူးထင်လို့လား.."

"မထင်ပါဘူး..ဒါကြောင့်ကလေးတွေမကြားသင့်တာ မကြားရအောင် ရုပ်ရှင်ကြည့်ဖို့ဝင်ထားပေးခဲ့တာပေါ့..ငါမေးနေတာက မင်းရင်ထဲကပြောချင်တာတွေကို.."

"ကျွန်မမှာပြောချင်နေတာတွေ ရှိပါတယ်လို့များ ရှင့်ကိုပြောခဲ့ဖူးလို့လား.."

"မပြောခဲ့လို့သိချင်နေတာ..မင်းငါ့ကိုတစ်ခုခုအမြင်စောင်းနေတယ်၊ အဲ့ဒါက မိန်းမတစ်ယောက်နဲ့အထင်လွဲသဝန်တိုတာမျိုး မဟုတ်ဘူး.."

"အဟွန်း.."

ဖြစ်စရာလားဆိုသည့် မဲ့ပြုံးနှင့်ဆိုဖာမှာ တင်ပါးနဲ့ကပ်မှီပြီး လက်ပိုက်သည်။ သူမပုံစံကိုသေချာကြည့်နေမိ၍.. ။

"မင်းအပေါ်တာဝန်မကျေတာ ပျက်ကွက်မိတာတစ်ခုခုမျိုးလည်းမဟုတ်ဘူး..မင်းရင်ထဲမှာ အကြီးကြီးရှိနေတာ.."

"ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့.."

"စွန်း.."

ရှေ့ထပ်တိုးလိုက်တော့ သူနဲ့စွန်းနီးကပ်သွားခဲ့၏။

"အဲ့ဒါငါနဲ့ပဲ သက်ဆိုင်နေတယ်မို့လား..ငါ့ဘက်ကဘာမှမသိခဲ့ရတဲ့ ကိစ္စတစ်ခုကို မင်းအကြီးကြီးခံစားနေတယ်ဆိုရင် အဲ့ဒါကို ငါ့ဘက်က ဖြေရှင်းဖို့မလိုဘူးလား.."

"မလိုဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"လိုတယ်..မင်းတွေးတာမင်းဘာသာမင်းမှန်နေပေမယ့် ငါ့ဘက်ကဘယ်လိုရှိတယ်ဆိုတာ မင်းသိဖို့လိုတယ်..မင်းကြောင့်လူကြီးတွေ ဘယ်လောက်စိတ်ဆင်းရဲနေကြသလဲ..မင်းအချိုးမပြေတာတွေကြောင့် ကလေးတွေနဲ့လည်း.."

"အဲ့ဒါရှင်ပူစရာမလိုဘူးသရ..ကျွန်မမိဘစိတ်ဆင်းရဲတာကျွန်မကြောင့်ဆိုရင် အဲ့ဒီငရဲကိုကျွန်မသွားရမှာ ရှင်အဖော်လိုက်ရမှာမှမဟုတ်ဘဲ.."

"ငရဲထိမင်းအခုသွားရမှာမဟုတ်ဘူး..လောလောဆယ် ကလေးတွေစိတ်ဆင်းရဲနေတာကို မင်းဖြေရှင်းရမယ်..အမေကမကြင်နာဘူးဆိုတဲ့ သူတို့ရင်ထဲကအစွဲကို ခုကစပြီးမင်း.."

"ဘယ်လိုပြင်ရမှာလဲ..ပါးကွက်လေးပြေးကွက်ပေး၊ နဖူးလေးနမ်းပြီးမှ ကားပေါ်တက်ဒါမျိုးလား..ဆောရီးပဲသရ၊ စွန်းဆိုတဲ့မိန်းမက စိတ်ထဲကမပါတာတွေ သရုပ်မဆောင်တတ်ဘူး.."

"ငါတို့အားလုံးကတော့ သရုပ်ဆောင်နေတယ်ပေါ့.."

"ဒါတော့ ဘယ်သိမလဲ.."

"မင်းသိတယ်..မင်းသိလို့ဒီစကားတွေပြောပြီးကပ်ရိနေတာ စိတ်ထဲကမပါဘူးဆိုတဲ့ စကားမင်းမို့ပြောထွက်တယ်.. ဒီကလေးတွေက မင်းဝမ်းနဲ့လွယ်ပြီး မွေးထားခဲ့တဲ့သားသမီးတွေ.."

"ဟုတ်လား..ကျွန်မကတော့ဝမ်းနဲ့ပဲလွယ်ခဲ့လွယ်ခဲ့..ကျောပိုးပြီးသယ်လာရတာဖြစ်ဖြစ် 'သင်ကောင်းရင် ကျွန်ုပ်မဆိုးပါ..'ပဲ.."

"ဘာပြောတယ်.."

"ရှင် ကျွန်မကိုအော်စရာမလိုဘူး.."

ဒေါသဖြစ်ဖြစ်နှင့် သရကရှေ့တိုးလိုက်လျှင် စွန်းကသူ့ရင်ဘက်ကိုပြန်ဆောင့်တွန်းပစ်ကာ.. ၊

"အဲ့ဒီသားသမီးတွေက ရှင့်ကိုကူညီတယ်..သူတို့ကြောင့်ရှင်အကျိုးရှိသွားတယ်၊ ရှင့်အတွက်အကျိုးပေးခဲ့တဲ့ကလေးတွေမို့လို့ ရှင်ပျာယာခတ်နေတယ်..ဒါပဲလေ၊ အကြင်နာဆိုတာအဲ့ဒီကဖြစ်တာတွေမဟုတ်ဘူးလား..ရှင်အကျိုးအမြတ်ရနေလို့ ပျာယာခတ်နေတာဘာဆန်းလို့လဲ.."



"စွန်း..မင်း..မင်းဘာပြောလိုက်တယ်၊ အဲ့ဒါဘာစကားတွေလဲ.."

"ရင်ထဲကစကားတွေပဲအဓိသရ..ရှင်ကအဓိသရဖြစ်သလိုကျွန်မကလည်း 'စွန်း'.."

"ဟုတ်ပြီ..အဲ့ဒီတော့ မင်းနဲ့ငါအစွန်းရောက်ကြတာချင်း ပြိုင်တာလား..ဒါဆိုကလေးတွေက ငါတို့ကြားထဲမှာဘယ်လိုပါလာတာလဲ.."

ဒေါသတလိပ်လိပ်တက်လာသည့် အကြည့်တွေက ကော့နက်သည့်မျက်တောင်တို့ကြားမှာ စူးစူးဝါးဝါးလက်တောက်နေခဲ့ လျက်..

"မသိဘူးဟုတ်လား..ရှင်ဘယ်သိမလဲ၊ ရှင်တို့သားအဖကြိတ်ကြံခဲ့တဲ့ကိစ္စကိုကျွန်မသိခဲ့တယ်လို့ ယောင်လို့တောင်မတွေးမိဘူးလေ.."

ထိုအချိန်ထိ သူမဘာကိုရည်ရွယ်ပြီး ပြောနေခဲ့မှန်းသူမသိသေး.. ၊

"ကျွန်မအမေရိကသွားမယ့်ညက သမီးငယ်ကိုဆေးရုံတင်လိုက်ရတာလေ..အဲ့ဒါရှင်တို့သားအဖလက်ဝါးရိုက်ပြီး ကြံစည်ခဲ့တဲ့လုပ်ဇာတ်ကြီး.."

သရမျက်လုံးတွေကျဉ်းမြောင်းသွားသည်။ နှုတ်ခမ်းအစုံမဟတဟပွင့်သွားခဲ့ပြီး ဆွံ့အနေလျှင်စွန်းက ခပ်မဲ့မဲ့ကြည့်၍.. ၊

"ကျွန်မကိုမသွားဖို့ ရှင်အသည်းအသန်တားတယ်..မရတော့ကလေးတွေကို စည်းရုံးပြီးရောဂါတစ်ခုကောက်မွေးလိုက်တယ်.."

"တော်တော့စွန်း..အဲ့ဒါတွေ.."

"ရှင်ကဒါရိုက်တာ..သူတို့ကရှင့်ရဲ့အကျိုးဆောင်အက်တာတွေလေ.."

"တောက်.."

"ဘာလဲ..ဘယ်သူ့ကိုတက်ခေါက်တာလဲ၊ ရှင်နေရာမှားနေပြီ.."

"နေရာမှားနေတာကမင်း..ငါမဟုတ်ဘူး၊ မင်းပြောသလိုငါတကယ်ကြံစည်ခဲ့တာဆိုရင်တောင် မင်းငါ့ကိုပဲအပြစ်မြင်ရမှာ..ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကိုနှစ်ရှည်လများ မုန်းမာန်ဖွဲ့နေရမှာမဟုတ်ဘူး..အသွားအပြန်မရှိဘဲ တစ်ဖက်သတ်ပေးဆပ်ကြတယ်ဆိုတဲ့ မိသမေတ္တာက 'သင်ကောင်းရင် ကျွန်ုပ်မဆိုးပါ'တဲ့လား..ဟွန်း.."

သဲရမျက်ဝန်းမှာ အထင်သေးမုန်းတီးသည့်အကြည့်တွေ ပြည့်လျှံလာခဲ့လျက်.. ၊

"မင်းရင်ထဲမှာဘာတွေရှိနေနေ..အဲမေလို့အခေါ်ခံရင် မိခင်စိတ်မွေးရမယ်..မိခင်ဆိုတာကိုယ့်ကိုယ်ကို အမုန်းခံပြီးတော့တောင် သားသမီးနဲ့ ဖခင်ကြားမှာ တံတားခင်းပေးရတယ်..အနီးအဝေးပတ်ဝန်းကျင်တွေက ကိုယ့်ကိုမချစ်ရင်နေ ကိုယ့်ကိုမကျေးချင်မကျေးနဲ့..သားသမီးကိုကြင်နာသနားနေကြရင် ကျေနပ်ကြတယ်..သားသမီးစားနေရရင် ကိုယ်ငတ်ပေမယ့် ပြုံးနိုင်ကြတယ်.."

သဲရရဲ့စကားသံက ပြတ်ရတုန့်ယင်နေကာ.. ၊

"မသိနားမလည်တဲ့ကလေးတွေက အမေလို့ခေါ်နေကြပေမယ့်..မင်းမှာ'အမေ'ခေါ်ခံထိုက်တဲ့ ဂုဏ်ရည်ရှိရဲ့လား၊ ပြန်တွေးပါဦး.."

"အမေခေါ်ပါ..ချစ်ပါခင်ပါလို့ ကျွန်မတောင်းဆိုခဲ့တာလား.."

"ဒါဆိုရင် မင်းကမတောင်းဆိုရဘဲ အမေဖြစ်လာရလို့ ထင်သလိုနေ ထင်သလိုပြောနိုင်နေတာလား..ဘာပဲဖြစ်ဖြစ်မင်းမွေးထားတဲ့ ကလေးတွေကတော့ မင့်သားသမီးတွေပဲ..အမေဖြစ်နေသရွေ့ ဒီမိသားစု ဒီကလေးတွေရဲ့ တာဝန်ကမင်းမှာရှိတယ်.."

"ရှင့်မှာပဲရှိတယ်လို့ ကျွန်မအစောတည်းကပြောခဲ့ပြီးသား၊ ဒီမှာအတိသဲရ ကျွန်မဝါသနာ ကျွန်မဆန္ဒကိုတားဆီးခဲ့တဲ့အတွက် ရှင်နဲ့အဲ့ဒီကလေးတွေကို.."

"မင်းထပ်ပြော်နဲ့တော့.."

"ပြီးတာပဲ.."

"စွန်း.."

ချက်ချင်းလှည့်ထွက်သွားတော့ သူမရဲ့ပခုံးတစ်ဖက်ကို ဖျတ်ခနဲဆွဲကိုင် လှည့်လိုက်ပြီး.. ၊

"အဲ့ဒီတုန်းက ကလေးတွေဖျားနာကြလို့မင်းမသွားခဲ့ရဘူး..ဒါပေမယ့် မင်းနောက်ခြောက်လလောက်ကြာတော့ သွားတာပဲမို့လား.."



"ဟွန်း..မေးရဲသေးတယ်နော်.."

ပြောပြီး သူ့လက်တွေကိုဖယ်ချပစ်လိုက်ကာ.. ၊

"မိုးသည်းသည်းထဲမှာ လျှောက်ပြေးဆော့ချင်ပါတယ်ဆိုတဲ့ ကလေးကို မိုးတိတ်သွားမှအပြင်ထွက်ခွင့်ပေးတယ်ဆိုရင် အဲ့ဒီကလေး ပျော်နိုင်မလား.."

"မင်းကကလေးမှမဟုတ်ဘဲ..မင်းသွားချင်တယ်ဆိုတာလည်း အိမ်ရှေ့လမ်းမပေါ်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုငါဘာတွေလုပ်နေမိသလဲဆိုတာ ပြန်တွေးမိရဲ့လားစွန်း..မနေ့ကကလေးတွေ အိမ်ကိုလာကြတယ်၊ သမီးကမင်းနဲ့မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့တာ.."

"ကျွန်မက ရုပ်ရှင်မင်းသမီးမို့လား.."

"မင်းသမီးတောင် မင်းလောက်ရိုင်းမှာမဟုတ်ဘူး..မင်းကတခြားကလေးတွေကို ဂရုမစိုက်တဲ့အပြင် ကိုယ့်သားသမီးမျက်နှာကိုလည်းမငဲ့ဘူး..မိဘခရီးသွားမှာကိုတောင် လမ်းကဖြတ်လိုက်ပြီး လေဆိပ်ကိုပါလာတဲ့အထိ..မင်း.."

"လိုက်ပို့ပါဆိုလို့ လိုက်ပို့ပေးတာ..ကျွန်မဘာသာဘယ်ကဖြတ်လိုက်လိုက် ဘယ်လိုပုံစံဖြစ်နေနေ ရှင်ဝေဖန်စရာမလိုဘူး.."

"ဝေဖန်နေတာမဟုတ်ဘူး..မင်းရဲ့သေးသိမ်မှုကိုထောက်ပြနေတာ၊ ပိုရှင်းအောင်ပြောမယ်..မင်းကိုကဲ့ရဲ့နေတာ.."

"ရှင့်.."

ဒေါသနဲ့ရှက်ခြင်းကြောင့် စိတ်ကအမှောင်ကျသွားသည်။ စွန်းရဲ့လက်တစ်ဖက်ရိုပ်ခနဲ မြှောက်တက်သွားကာ.. ။

"အ.."

အားအပြင်းနဲ့ရိုက်ပစ်လိုက်သော်လည်း ထိုလက်ကိုသဲရက လက်တစ်ဖက်နဲ့ ပုတ်ထုတ်ပစ်လိုက်သဖြင့် သူမလက်ပဲနာကျင်သွားလျက်.. ၊

"ရှင်နော်.."

ကိုယ့်ဘာသာဟန်ချက်ပျက်ပြီး သဲရရင်ခွင်ထဲကို ဘယ်လိုရောက်သွားခဲ့မှန်းပင် မသိလိုက်.. ၊

"ရှင်..လွှတ်နော်သဲရ.."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း အတင်းရုန်းနေမိသဖြင့် သူမပဲဆိုဖာပေါ်ပစ်စလက်ခတ်ထိုင်ကျသွားကာ.. ။

“နေဦး..”

စွန်းထလို့ရအောင် သရက သူမရဲ့ဘေးတစ်ဖက်စီမှာလက်ထောက်လိုက်ပြီး.. ။

“မင်းငါ့ကိုဘယ်လိုသဘောထားထား..ကလေးတွေအပေါ်ဆက်ဆံတဲ့မင်းပုံစံကို ပြင်ဖို့ငါပြောချင်တယ်..”

“မပြင်တော့..”

“မင်းဒီတိုင်း နေကြည့်လိုက်လေ...”

သရ ကိုယ်ကိုမတ်မတ်ပြန်ရပ်ကာ ခါးထောက်လိုက်ရင်း..။

“မင်းနဲ့ငါ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ဒီတိုင်းရှေ့ဆက်သွားဆိုလည်းရတယ်..ဒါပေမယ့်ကလေးတွေ မျက်နှာငယ်ဝမ်းနည်းနေတာကို ငါမကြည့်နိုင်ဘူး..”

စွန်း နှုတ်ခမ်းတင်းတင်းစေ့ပြီး မျက်နှာလွှဲလိုက်လျှင်.. ။

“မင်းကတော့ကြည့်နိုင်တယ်လို့ပြောခဲ့တယ်နော်..ဘာတဲ့၊ စိတ်ထဲကမပါဘဲ သရုပ်မဆောင်တတ်ဘူး..ဟုတ်လား..”

မေးဆတ်မေးပြီး ခပ်မဲ့မဲ့စိုက်ကြည့်ကာ.. ။

“မင်းဘယ်လောက်ထိစိတ်မပါဘဲ နေနိုင်မလဲ..ငါစောင့်ကြည့်မယ်စွန်း၊ နောက်နေ့ကစပြီး မင်းဒီပုံစံအတိုင်းနေမယ်ဆိုရင် ငါကလည်း မင်းထက်ကိုးဆယ်ဆသာပြမယ်..”

စွန်းလှည့်မလာပေမယ့် လွှဲထားသည့်မျက်ဝန်းလေးတွေ လှုပ်ရှားသွားတာ သူမြင်လိုက်သည်။

ထို့ကြောင့် ဟွန့်ခနဲပခုံးတွန့်ရင်း.. ။

“မင်းလိုအမေကတောင် ဥပေက္ခာထားနိုင်သေးရင် ငါကယောက်ျား..”

စွန်း သူ့မျက်နှာကိုဆတ်ခနဲမော့ကြည့်၏။ မျက်လုံးချင်းဆုံဆည်းကြလျက်.. ။

“မင်းရဲ့ဥပေက္ခာဘယ်လောက်ထိ အစွန်းရောက်နိုင်မလဲငါမသိဘူး..ငါကတော့ မင်းဆီကရတဲ့ဥပေက္ခာတွေအတွက်ပါ အမိုက်ပြ



ဦးမှာ.. ယောက်ျားတစ်ယောက်က သားမေ့မယားမေ့ဖြစ်သွားတာ သဘာဝကျတယ်မို့လား..”

“ရှင်က..”

စွန်းဘာမှမပြောရသေးခင် သရကလှည့်ထွက်သွား၏။ စွန်းဆတ်ခနဲထရပ်လိုက်မိကာ.. ။

“တောက်..”

လက်သီးနှစ်ဖက် ဖိဆုပ်မိရင်း နောက်ကပြေးဆွဲမိမတတ် ခြေလှမ်းပြင်မိသေးသည်။ နောက်တော့မှ.. ။

ရှင်လုပ်ကြည့်လိုက်လေ.. ။

ရွဲ့ချင်တယ်ဆိုရင်တောင် ရှင်ခြေလှမ်းပိုကျဲလို့ရတယ်ဆိုရင်သတ်.. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

ဗိုက်ထဲမှာဆာလာတာနှင့် အလုပ်လက်စကို ဒီတိုင်းထားခဲ့ပြီး အပြင်ထွက်လာခဲ့မိသည်။ ထိုစဉ် သူမရှေ့ကနေသမီးငယ် ဖုန်းပြောရင်း အခန်းထဲကထွက်သွားသဖြင့် ပြောနေတာကိုပါ ကြားလိုက်ရကာ..

"သမီးဖေဖေနဲ့ပြောချင်လို့ပါအန်တီ.."

"............... ..............."

"ရှန်..ဖေဖေကဘယ်ကို.."

"............... ..............."

"အဲ့ဆိုလည်းပြောပေးပါ..လရောင်စွန်းဆက်တယ်လို့.."

လရောင်ပြောပြီး ဒီတိုင်းပဲရပ်နေတာအကြာကြီး၊ ပြီးမှ ဒီဘက်လှည့်လိုက်လျှင်.. ။

"ဘယ်သူ့ကိုခေါ်နေတာလဲ.."

"မေမေ.."

လရောင်ပုံစံက အပြစ်တစ်ခုခုကျူးလွန်ထားသလို မျက်ဝန်းလေးတွေရှုတ်တရက် ပျာယာခတ်သွားခဲ့ပြီး.. ။

"ဖေဖေ့ဖုန်းကို..ဟို..ဒေါ်ဟေမာန်ဆိုတဲ့ အန်တီကြီးကကိုင်လိုက်လို့..အဲ့ဒါ.."

လရောင်ဆက်မပြောရဲလောက်အောင် တင်းသွားသည့်စွန်းရဲ့မျက်နှာက နာရီကိုမော့ကြည့်လိုက်ပြီး ပိုဆိုးသွားကာ.. ။

"ဒီအချိန်ကျမှ ဘာကိစ္စဆက်နေတာလဲ.."

ပြန်လာမှာပဲလို့ပြောချင်တာလား၊ လရောင်ဘာလုပ်စရာရှိလို့လဲလို့ ပြောချင်တာလား၊ ဘာကြောင့်မေးမှန်းမသိပေမယ့် မေမေ့ကိုတော့ လရောင်ကြောက်မိကာ.. ။



"ဟို..ဖေဖေနဲ့ကန်တောင်လမ်းသွားလျှောက်မယ်လို့.."

"ဘာ.."

စွန်းမျက်နှာခက်ထန်သွားသည်။

"ညရှစ်နာရီပဲထိုးတော့မယ်..ကန်တောင်ကိုဟုတ်လား.."

ဒီအချိန်မှာမှ လမ်းလျှောက်တဲ့လူတွေ စည်ကားတာလို့စိတ်ထဲက ပြောမိသော်လည်း.. ။

"ဟို..ဖေဖေ့ကိုပြောပြီးသားပါ၊ ဖေဖေကလည်း.."

ပြောနေတုန်းဖုန်းသံမြည်လာလျှင် လရောင်ကိုင်ထားသည့်ဖုန်းကိုဝမ်းသာအားရကြည့်မိ၏။ ပြီးတော့ မျက်နှာပိုးလေးသက်ပြီးမှ ခပ်ငုံ့ငုံ့တစ်ဖက်လှည့်လိုက်ရင်း.. ။

"ဖေဖေလားဟင်.."

"........... ..........."

"သမီးက ဖေဖေ့ကိုစောင့်နေတာ.."

"............... ..............."

"မရှိဘူး..ကိုကိုကဒီနေ့သူငယ်ချင်းတွေနဲ့ နှုတ်ဆက်ပွဲဆိုပြီး ညနေတည်းကထွက်သွားတာလေ.."

"............... ..............."

"ဟုတ်.."

"......... ..........."

"ဟုတ်ကဲ့.."

ဘာပြောလိုက်တာလဲဆိုတာ သိချင်ပေမယ့် စွန်းဒီတိုင်းလှည့်ထွက်လာခဲ့သည်။ ကိုယ့်အခန်းထဲပြန်ရောက်ပြီး လျှောက်လဲချက်ကိုပြီးအောင်ရေးနေရပေမယ့် စိတ်ကခဏတစ်ဖြုတ်လောက်ပဲ နစ်လို့ရသည်။ ပြီးတော့ အပြင်ကအသံတစ်စုံတစ်ရာဆီနားစွင့်ထားမိရင်း ဘာသံမှမကြားလေ စိတ်ကကိုယ်မှာမကပ်လေ၊ ဿရ ခုထိပြန်မလာသေးတာ သူပြောသလို တမင်လုပ်ပြနေတာလား၊ တိုက်ဆိုင်မှုလား၊ မနေ့ကလည်း ဒီလူခုနစ်နာရီခွဲကျမှ အပြင်ပြန်ထွက်သွားသည်။

သားကြီးနဲ့ကားအဆင်မပြေဖြစ်နေကြလို့ သူမသိတာပါ..၊

"ဖေဖေနော်..ကားက သားကား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်..ဖေဖေခဏလေးပါ၊ သားညှော်ခန်းကစောင့်..ခဏပဲ.."

ဆိုသည့်အသံတွေကို ကွယ်ရာကနေဒီတိုင်းကြားနေခဲ့ရ၏။ ဒီအသက်အရွယ်ကြီးကျမှ ယောကျ်ားကြီးမတန်မယ့် မိန်းမနဲ့ပြိုင်ပြီး ရွဲ့နေတာလား.. ၊

နေရာမှထရပ်လိုက်မိကာ အခန်းထဲမှာခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ ခြံထဲကကားဝင်လာလျှင် ကားသံမကြားလိုက်မိရင်တောင် ပါကင်မှာကားသွင်းပြီးဆို ပါကင်နေရာကမီးရောင်က မှန်တံခါးချပ်မှာ ဒီတိုင်းမြင်နေရတတ်တာဖြစ်သည်။

ထိုစဉ် ကားမီးရောင်ပေါ်လာကာ စကားသံတွေပါကြားလိုက်ရသဖြင့် ပြတင်းပေါက်ကနေ အသာလှမ်းကြည့်မိ၏။ မှောင်နေသဖြင့် ကားကိုမမြင်ရပေ.. ။ ဖြစ်ချင်တော့ အိမ်မှာရှိတဲ့ကားတွေမှာ အဖြူရောင်တစ်စီးမှ မပါ.. ၊

"ကျွတ်.."

မြင်ချင်သိချင်နေသည့် ကိုယ့်စိတ်ကိုပဲဒေါသဖြစ်နေမိသည်။ အိမ်ရှင်မပီပီ ပေါ်ပေါ်ထင်ထင်လေ့လာခွင့်ရှိပေမယ့် မာနကခံနေ၏။ ထို့ကြောင့်..၊ အိမ်ထဲဝင်လာသည့် အသံကိုပဲနားစွင့်နေမိကာ အသံမကြားရလေ ရှေ့တိုးလေနှင့် ညှော်ခန်းနဲ့နီးလာမှ.. ၊

"ဟား..ငိုနေတာလားလကလေးရာ.."

"မဟုတ်ပါဘူး..ကိုကို့ကိုမြင်မှငိုချင်သွားတာ.."

"ဖေဖေဘယ်တုန်းက အဲ့လိုနေဖူးလို့လဲ..တကယ်မအားလို့ဖြစ်မှာပါ၊ နင်မို့လို့ကန်ဘောင်ကိုသားအဖသွားချင်တယ်..လူတွေပါးစပ်က သားအဖမှန်း ဘာမှန်းချင့်ချိန်နေတာမဟုတ်ဘူး.."

"ဖေဖေနဲ့ညလေးသွားနေကျပါကိုကိုရယ်..ပြောတိုင်းဘယ်တုန်းကမှ ဖေဖေကတိမပျက်ခဲ့ဘူး၊ ခုလည်းဖေဖေ့ဖုန်းကိုအဲ့ဒီ.."

"တော်တော်..မဟုတ်ကဟုတ်ကတွေ ဖေဖေကြားပြီးဒေါကန်နေဦးမယ်..လာ..အိပ်တော့၊ မနက်ဖြန်ဖေဖေလိုက်မပို့ရင် ကိုကို့ကောင်မလေးအုပ်စုနဲ့နင့်ကို.."

"အဲ့လို ကိုယ်မသိတဲ့လူတွေနဲ့ မသွားချင်ပါဘူး.."



"မသိစရာလားလကလေးရာ..ပြာလဲ့ရည်အတွက် နင်ကိုယ်တိုင်တောင် မွေးနေ့လက်ဆောင်ဝယ်ပေးသေးတယ်လေ.."

"ဟင်..ပြာလဲ့ရည်ဟုတ်လားကိုကို၊ ကိုကိုနဲ့အဲ့ဒီအစ်မ ချစ်သွားတြပြီလား.."

"အဟွန်း.."

"ကိုကိုကလည်း..အဲ့တစ်ယောက်က စားသောက်ဆိုင်မှာသီချင်းဆိုတာကြီး.."

ဘုရား.. ၊ကွယ်ရာကနေ ကိုယ့်ရင်ဘက်ကို ဖိထားလိုက်မိသည်။ သား ကဒီလိုမိန်းကလေးနဲ့ ချစ်သူဖြစ်နေသည်တဲ့၊ ကိုယ့်သားနဲ့ သမီးကို ကလေးတွေလို့ပဲ မြင်နေခဲ့မိတာလား.. ၊

မိခင်မပီသခဲ့တာတွေလား.. ။ သားကြီးက ခုမှဆယ့်တန်းပြီးပေမယ့် တကယ်ဆိုတတိယနှစ် တက်နေရမည့်အသက်အရွယ်ပါ၊ နင်ဘယ်လိုလုပ်မလဲစွန်း..၊ အစွန်းရောက်နေတဲ့ နင့်မာနတွေနဲ့ ကလေးတွေနဲ့ပြန်စည်းလုံးအောင် ဘယ်လိုနေမလဲ၊ စည်းလုံးချင်တဲ့စိတ်ရော ဖြစ်ရဲ့လား..၊ ရင်ဘက်မှာဖိကပ်ထားမိသည့် လက်ကိုမခွာဖြစ်သေးဘဲ ရင်တွေပူလာတာကိုပါ တရစ်ရစ်ခံစားမိနေခဲ့၏။

"ကိုကိုနော်..အာ့ဟာမျိုးဆို မေမေသဘောတူမှာမဟုတ်ဘူးညလေးသိတယ်.."

"မေမေကရှော့ခ်မရှိပါဘူး..ငါတို့ကိစ္စကိုလည်း ဘယ်တုန်းကမှ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး..အဓိကက ညလေးသာတခင်တကာသွားမချွန်နဲ့.."

မေမေက ရှော့ခ်မရှိပါဘူး.တဲ့.. ၊ စွန်းခံရခက်သွားသည်။

ငါတို့ကိစ္စကို ဘယ်တုန်းကမှစိတ်မဝင်စားခဲ့ပါဘူးဆိုတာရော မမှန်လို့လား.. ၊ ဒါလည်းအမှန်ပဲဖြစ်သည်။

ဒါပေမယ့်အမှန်တရားတွေက ခါးသီးနေခဲ့သည်။ ဝါသနာနဲ့အလုပ်ကိုပဲရူးစိုက်လုပ်နေခဲ့တာ သူမမှာအပြစ်ကြီးနေသလား.. ။

သူမဘာလုပ်သင့်သည်လဲ.. ၊

www.burmeseclassic.com

အခန်း(၈)

"တရားသူကြီးမင်းခင်ဗျာ..ဒီအမှုမှာစွပ်စွဲခံရသူ ကိုခင်ဇော်ဟာ အိမ်ပေါ်ကဆင်းထွက်မသွားခင် အချိန်ထိ သူဌေးကြီးဦးကောင်းထွန်းရဲ့ အချစ်ဆုံးသားအဖြစ် ရှိနေခဲ့သူပါ.. သူဌေးကြီးဦးကောင်းထွန်းက သူရဲ့အိမ်ထောင်ရေးအခြေအနေကြောင့် ရတနာပစ္စည်းတွေကို ကိုခင်ဇော် လက်ထဲကိုသူကိုယ်တိုင်ပေးလိုက်ပေမယ့် ပေါ်ပေါ်လွင်လွင်ခန့်ခန့်ညားညား ပေးအပ်နိုင်မှာ မဟုတ်ပါဘူး..

ဒါကြောင့်ရတနာတွေကို ယူသွားရတဲ့ ကိုခင်ဇော့် သွားလာလှုပ်ရှားမှုတွေကလည်း အပြင်လူမြင်ရင် ယုံမှားသံသယဖြစ်ဖွယ်တွေရှိနေခဲ့တာဖြစ်ပါတယ်.. ဒါကြောင့် စွပ်စွဲခံရသူကိုခင်ဇော်ဟာ သူဌေးကြီးဦးကောင်းထွန်း ကိုယ်တိုင်ပေးခဲ့လို့ ဒီရတနာထုပ်ကိုယူခဲ့တာ ဖြစ်ပြီး မသိအောင်ဖောက်ထွင်း ခိုးယူခဲ့တာမဟုတ်တဲ့အတွက် ကိုခင်ဇော်မှာအပြစ်မရှိကြောင်း တင်ပြအပ်ပါတယ်.."

တရားခံဘက်က အဒေါ်ဖြစ်သည့်ဒေါ်စိုးစိုးမျက်နှာကြီး ဝမ်းသာအားရကျေနပ်မှုတွေနဲ့ ပြုံးကြည်သွားသည်။သို့သော် စွန်းရဲ့စစ်မေးခြင်း လာဦးမှာမို့ စိုးရိမ်မကင်းပြန်ဖြစ်သွားလျှင် အပြုံးတွေပြန်လည်ပျောက်ကွယ်သွားခဲ့၏။

"အခင်းဖြစ်တဲ့နေ့က ကိုခင်ဇော်အိမ်ထဲကထွက်လာတာ ဘယ်အချိန်လောက်ကပါလဲ.."

"ဆယ့်တစ်နာရီကျော်လောက်ကပါ.."

"အဲ့ဒီအချိန်မှာ ခြံစောင့်ဦးကြိုင်ကို တွေ့မိပါသလား.."

ခင်ဇော့်မျက်လုံးတွေ ဟိုလှမ်းကြည့်မလို ဒီလှမ်းကြည့်မလိုနှင့်



လှုပ်ရှားသွားသည်။ ပြီးတော့ မျက်နှာငုံ့လိုက်ရင်း တဲတွေးတစ်ချက်မှိုချသည်။ ပြီးမှ.. ၊

"မတွေ့မိပါဘူး.."

စွန်းမျက်ဝန်းတွေ အေးခနဲဖြစ်သွားကာ၊ သာရဆီဝေ့ခနဲရောက်၏။ ပြီးမှ.. ၊

"ထပ်ဖြေပေးပါ..ခြံစောင့်ဦးကြိုင်ကိုခြံဝမှာတွေ့မိတာလား၊ တခြားဘယ်နေရာမှာမှ မတွေ့မိတာလား.."

ခင်ဇော် ဖျတ်ခနဲမော့လိုက်တော့ စွန်းရဲ့မျက်လုံးတွေနဲ့ရင်ဆိုင်မိ၏။ သူ့ပဲမျက်နှာလွှဲမိကာ.. ၊

"ဘယ်မှာမှမတွေ့မိပါဘူး.."

"ဒါဖြင့်တစ်ခြံလုံးမှာရှိတဲ့ တံခါးသုံးပေါက်စလုံးမှာ ခြံစောင့်ဦးကြိုင်ရှိမနေဘူးလို့ ဆိုတာပါလား.."

"အဲ့ဒါတော့ ကျွန်တော်မသိပါဘူး..ကျွန်တော်ခြံဝမှာမတွေ့မိတာကိုပဲပြောတာပါ.."

သာရ မျက်နှာမသိမသာမဲ့သွားခဲ့၏။ စွန်းက ခင်ဇော့်ကိုစိုက်ကြည့်ကာ.. ၊

"ကိုခင်ဇော်ကမတွေ့ပေမယ့် ကိုခင်ဇော်နဲ့ဒေါ်စုရတီတို့ အိမ်ထဲကအတူထွက်လာကြတာကို ခြံစောင့်ဦးကြိုင်ကမြင်ခဲ့တယ်ဆိုရင် ကိုခင်ဇော်ဘာပြောမလဲ.."

ခင်ဇော် မျက်လုံးဝိုင်းသွားသည်။ မထင်မှတ်ခဲ့သည့်မေးခွန်းမို့တရားခွင်မှာ ရှိနေသည့်အားလုံးတအံ့တသြ တိတ်ကျသွားခဲ့သည်။ တိတ်ဆိတ်ခြင်းသည် အသက်ရှူသံတွေကို ကြားလာရတဲ့အထိဖြစ်လျက်၊ ဒေါ်စုရတီ၏မျက်နှာတစ်ပြင်လုံး ရဲတွတ်နေခဲ့၏။ သူမ၏မီးတောက်မတတ် ဒေါသမျက်လုံးတွေက စွန်းဆီမှာစူးစိုက်ကျရောက်နေခဲ့၏။

"ဒီမေးခွန်းကိုကန့်ကွက်ပါတယ်.."

သာရက မတ်တပ်ထရပ်၍ ကန့်ကွက်ရင်း.. ၊

"တရားသူကြီးမင်းခင်ဗျာ..ဒီမေးခွန်းက အမှုနဲ့သက်ဆိုင်သူတွေအတွက် ဂုဏ်သိက္ခာထိခိုက်စေတဲ့ မေးခွန်းဖြစ်ပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်းရှင့်..အခင်းဖြစ်တဲ့ညက ခြံစောင့်ဦးကြိုင်ဟာ ခေါင်းကိုတုတ်နဲ့အရိုက်ခံရအတွက် ဆေးရုံမှာဆေးကုသမှု ခံယူနေရပါတယ်..ဒါကြောင့်ဦးကြိုင်က ဒီအမှုနဲ့ပတ်သတ်တဲ့အဓိက မျက်မြင်သက်သေလည်း ဖြစ်ပါတယ်.."

တရားသူကြီးက ခေါင်းညိတ်၍.. ။

"ဆက်မေးပါ.."

စွန်းက ကိုခင်ဇော်ဘက်ကို ပြန်လှည့်၍.. ။

"အခင်းဖြစ်တဲ့ညဆယ်တစ်နာရီ မထိုးခင်အချိန်မှာ ကိုခင်ဇော်နဲ့ဒေါ်စုရတီတို့ နှစ်ယောက်ကိုရတနာထုပ်နဲ့အတူ ခြံရဲ့တောင်ဘက်နံဘေးတံခါးနားမှာ ဦးကြိုင်ကတွေ့တယ်ဆိုရင် ကိုခင်ဇော်ငြင်းနိုင်မလား.."

ခင်ဇော့်မျက်လုံးတွေ လှုပ်ရှားသွားသည်။ ဒေါ်စုရတီထံအနီးစပ်ဆုံးဝေ့သွားပြီးမှ ပြန်ရုတ်သိမ်းကာ.. ။

"ငြင်းနိုင်ပါတယ်..အဲ့ဒါမဟုတ်ပါဘူး.."

စွန်းမျက်မှောင်ကုတ်သွားသည်။ ပြီးမှ.. ။

"ဦးကောင်းထွန်းခရီးဝေးသွားနေတုန်း ဦးကောင်းထွန်းရဲ့အိမ်ကို ကိုခင်ဇော်တစ်ခါနှစ်ခါလာဖူးတယ်လို့..အိမ်အကူဒေါ်ဝင်းက သက်သေထွက်ဆိုထားပါတယ်..လာတဲ့အခေါက်တိုင်းမှာလည်း ဒေါ်စုရတီနဲ့အဆင်ပြေပြေ ပြောဆိုနေထိုင်သွားပါတယ်တဲ့..အဲ့ဒါကိုငြင်းနိုင်ပါသလား.."

"အဲ့ဒါက.."

ကိုခင်ဇော်မပြတ်သားသည့်အဖြေနှင့် ထစ်ငေါ့နေဆဲခဏကြာသွားသည်။ ပြီးမှ.. ။

"ဟုတ်ပါတယ်.."

ခင်ဇော်ရဲ့ခေါင်းညိတ်လိုက်ခြင်းမှာ ဒေါ်စုရတီမျက်နှာသည် သေမိန့်ကျခံရမည့်သူကဲ့သို့ သိမ်ငယ်ညှိုးကျသွားခဲ့လျက်၊ ဦးကောင်းထွန်းက မျက်နှာလွှဲနေ၏။

ထိုနေ့ကတရားခွင်နားလို့ ရုံးအပြင်ရောက်လာတာနှင့် ဦးကောင်းထွန်းမျက်နှာတစ်ပြင်လုံး ညိုမှောင်သလိုဖြစ်နေခဲ့လျက်.. ။



"ရှေ့နေကြီးကိုတော့ အားနာတယ်ဗျာ..ကျွန်တော်ဖြစ်ချင်တာအဲ့လောက်ထိမဟုတ်ဘူး.."

"ဥပဒေဆိုတာ ဦးကောင်းထွန်းထုဆစ်ပုံဖော်မယ့် သစ်သားတုံးတစ်တုံးမှ မဟုတ်ပဲကဲ မလိုတာဖျက်ချ..လိုသလိုချန်ထားလုပ်လို့မရဘူး.."

"အဲ့ဒါကိုလည်းနားလည်တယ်..ဒါပေမယ့်ဗျာ မိန်းမတစ်ယောက်ကဘယ်လောက်ထိ ရှုံစရာကောင်းနေပါစေ..သူကကိုယ်နဲ့ပတ်သက်နေရင် အဲ့..သူကကိုယ့်ဇနီးဖြစ်နေရင်ပေါ့.."

"ချမ်းလို့မီးလှုံပေမယ့်..ဘယ်သူမှမီးပုံထဲခုန်မဆင်းပါဘူး၊ ဟုတ်တယ်မှတ်လားဦးကောင်းထွန်း..အချစ်ကမီးထက်ပူတာဖြစ်ရင်ဖြစ်မယ်၊ မီးလိုလောင်မြိုက်ပြာကျသွားမှာမဟုတ်ဘူး..ဘယ်မီးက လို့ဝှက်ထားလို့မရတဲ့မီးလဲ.."

"ကျွန်တော်အချစ်ကြောင့်ပြောနေတာ မဟုတ်ဘူးစွန်း..တစ်ဖက်ကသား၊ တစ်ဖက်ကဇနီး.."

"သူတို့ချင်းသားအမိမဟုတ်ဘူးလေ..ကိုခင်ဇော်ကလည်း ဦးကောင်းထွန်းရဲ့ကိတ္တိမသား.."

"ဒါပေမယ့် ကျွန်တော့်ဂုဏ်သိက္ခာအများကြီး ထိခိုက်သွားပြီ.."

"တစ်ခုတော့ရှိတယ်..ဦးကောင်းထွန်းကဂုဏ်သိက္ခာကြောင့်အတွင်းလှိုက်ချစားတာတွေ ငြိမ်နေနိုင်သလို ဒီအမှုကို အရှုံးမခံနိုင်တာလည်း ကျွန်မရဲ့ဂုဏ်သိက္ခာပဲ..ဒါကြောင့်အဆုံးထိသွားမယ်ဆိုရင်တော့ကျွန်မကနိုင်အောင်တိုက်မှာ..အဆုံးသတ်ဖို့မသတ်ဖို့ကတော့ ဦးကောင်းထွန်းသဘောပဲ.."

စွန်းမျက်နှာကိုကြည့်ပြီး ဦးကောင်းထွန်းကခပ်သဲ့သဲ့ရယ်သည်။ ပြီးတော့ ခေါင်းညိတ်၍.. ။

"ကျွန်တော်လုံးဝလေးစားတယ်..တကယ်ပါ၊ ရှေ့နေကြီးကနာမည်ကြီးသလောက် တော်ပါတယ်.."

စွန်းမပြုံးနိုင်ခဲ့ပေ၊ အထူးသဖြင့် ယောကျ်ားတစ်ယောက်ရဲ့ပြတ်သားခြင်းကို အထင်ကြီးလို့မရ.. ။

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းထွန်းအိမ်မှာပဲ စကားပြောရင်းကြာသွားခဲ့သည်။ အပြန်ကျတော့ ခြံထဲကိုကွေ့ဝင်လိုက်တည်းက မျက်လုံးကရေကူးကန်ဘက်ကို ကြည့်မိပြီးသားဖြစ်သွား၏။

အပျိုကြီးဟေမာန်.. ၊

အဝါနုရောင်ဝတ်စုံကျပ်ကျပ်နှင့် ဗိုက်အနည်းငယ်စူချင်သလိုရှိပေမယ့် ခါးသေးရင်ချီလုံးကြီးပေါက်လှ ကိုယ်လုံးမျိုး၊ မြန်မာဝတ်စုံသာမည်သည် ထမီရင်လျားထားသလို အဝေးကမြင်ရကာ၊ ရင်ဘက်တစ်ပြင်လုံးနဲ့ လက်ရှည်ကအပါးသားလေးမို့ ဘာမှမပါသည့်အတိုင်း..၊

ကားကိုပေါ်တီကို အောက်မှာထိုးရပ်လိုက်ရင်း၊ ရှေ့နားကျကျမှာ ရပ်ထားသည့်သူရဲ့ ဆပ်(ဖ်)ကားအနက်လေးကို စူးစိုက်ကြည့်မိသည်။

သေချာတာက ဟေမာန့်မှာကားပါမလာခြင်းပင်.. ၊

ငယ်သူငယ်ချင်းဆိုပြီး ဟေမာန်ကသူ့ရထက် နှစ်နှစ်ပိုကြီးသည်။ ကားရှိုးရွှန်းတွေ ပိုင်ဆိုင်သူဖြစ်ပြီးသူ့ရနဲ့ သွားလာတိုင်းတော့ တစ်ခါမှ ကားပါလာတာမတွေ့.. ၊

"မေမေ့.."

ဟင်.. ၊

ထူးတာမဟုတ်ဘဲဆတ်ခနဲလှည့်ကြည့်မိသည်။ လရောင်ကလည်း ဘေးကနေတံခါးလာဖွင့်ကာ.. ၊

"ဆင်းလေ..ကားရပ်ပြီးဘာလုပ်နေတာလဲ.."

"အင်း..ဘာမှမဟုတ်ဘူး၊ တစ်ခုမေ့ကျန်ခဲ့လားလို့.."

"လုပ်ပြီ.."

ပြောရင်း ဖွင့်ထားသည့်တံခါးကို ထပ်တွန်း၍ဆင်းလိုက်လျှင် လရောင်ကသူမလက်ထဲက အိတ်နဲ့ဖိုင်တွေကိုလက်ပြောင်း ယူလိုက် ပြီး.. ၊

"ဒီနေ့မေမေနဲ့ဖေဖေဘာတွေဖြစ်လာကြမှန်းမသိဘူး..ဖေဖေကလည်းဖုန်းမေ့ကျန်ခဲ့လို့တဲ့ အိမ်ပြန်ရောက်ကာနီးမှ ဒေါ်ဟေမာန်ကြီးကဖုန်းလှမ်းဆက်လို့ ပြန်လှည့်သွားရတယ်တဲ့.."

ဩော်.ဩော်..ဖုန်းပြန်ယူတာလား၊ လူပြန်ခေါ်တာလား.. ၊



အတွေးနှင့် နှုတ်ခမ်းမှာမသိမသာမဲ့သွားခဲ့သည်။

"မေမေသိလား..ရေကူးကန်ဘောင်ပေါ်မှာလေ.."

"မြင်တယ်.."

တုံးတိတိပြော၍ အထဲရောက်တာနှင့် လရောင်လက်ထဲက ကိုင်ထားသမျှကို ပြောင်းယူလိုက်ကာ.. ၊

"သမီးကိုကိုရော.."

လရောင်ကစွန်းမျက်နှာကို ငေးခနဲကြည့်ရင်း ပြီးမှမျက်တောင်လေးတစ်ချက်ခတ်ပြီး ငုံ့လိုက်ရင်း.. ၊

"ကိုကိုပြန်မရောက်သေးဘူး.."

သူမပြောလိုက်ပေမယ့် စွန်းကအထဲဝင်သွားပါပြီ.. ၊

မေမေဘယ်လောက်တင်းမာနေနေ ဖေဖေ့ကိုတခြားမိန်းမတစ်ယောက်နဲ့ တရင်းတနှီးတွဲသွားနေတာတော့ လရောင်မကြိုက်ပေ..။ ထို့ကြောင့် မေမေပြန်ရောက်လာတာမြင်ပြီး ဝမ်းသာအားရပြေးထွက်ကြိုမိတာဖြစ်၏။ သူမတို့အိမ်မှာ မနေသည့်အချိန်တွေက များနေရာ မိဘနှစ်ပါးရဲ့ဆက်ဆံရေးအခြေအနေအလုံးစုံကို မသိခဲ့ခြင်းနှင့် ပတ်သက်၍.. ၊

"သမီးလေး.."

ထမင်းချက်ဒေါ်အေးသိန်းက လရောင်လက်လေးကိုလာဆွဲတာ.. ၊

"လာ..သမီးလာ.."

မီးဖိုခန်းထဲထိခေါ်လာပြီး နှစ်သိမ့်သောအပြုံးနှင့်.. ၊

"သမီးတို့မေမေက ဒီလိုပြောတတ်နေတတ်တဲ့ အကျင့်ရှိတာပါကွယ်..ကိုယ့်အမေကိုနားလည်ပေးလိုက်ရင် ဘာမှဝမ်းနည်းနေဖို့မလိုတော့ဘူး.."

"သိန်းသိန်း.."

"ဟော.."

ဒေါ်အေးသိန်းကလရောင်အတွက် ကျိုပြီးသားနွားနို့ကို ဖန်ခွက်ထဲထည့်နေရင်း မကြည့်ဘဲထူးသည်။ လရောင်ကထမင်းစားပွဲမှာ ခပ်ဆေးလေးထိုင်လိုက်ရင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မေမေက လှလို့မာနကြီးနေတာလားဟင်.."

"အဟွန်း..ဟွန်း.."

ဒေါ်အေးသိန်းလည်း ပေါ့ပါးဟန်နှင့်ရယ်နေရပေမယ့် စိတ်တော့မကောင်းပေ.. ။

"ဖေဖေနဲ့မေမေက အမြဲတမ်းဒီတိုင်းပဲလားဟင်.. ဘယ်တော့မှ ပြုံးပြုံးရယ်ရယ်မရှိကြဘူးလား၊ တစ်ခါမှကို မတည့်ကြဘူးပေါ့.. ဟုတ်လား.."

အိမ်မှာသိပ်ကြာကြာ မနေခဲ့ကြတာမို့ ဒီအရွယ်ထိမိဘနှစ်ပါးရဲ့ ဆက်ဆံရေးဘယ်လိုပြတ်သားနေတယ်ဆိုတာ လရောင်တို့သေချာမသိခဲ့ကြတာအမှန်.. ။

"မေမေက ဖေဖေနဲ့လည်းအဆင်ပြေတာမရှိဘူး.. လရောင်တို့မောင်နှမကိုလည်း မချစ်ဘူး.."

"မဟုတ်တာသမီးရယ်.."

"ကိုကိုကပြောတယ်.. မေမေကကိုကိုဆယ်တန်းနှစ်ခါကျခဲ့လို့ ခွင့်မလွှတ်နိုင်တာတဲ့.. အဲ့ဒါမဖြစ်နိုင်ပါဘူး၊ ဆယ်တန်းကျလို စိတ်ဆိုးရင်ဆူမှာပေါ့နော်..ဟုတ်တယ်မှတ်လားဟင်.."

သိန်းသိန်းဘာဖြေရမှန်းမသိဖြစ်နေတော့သည်။

"ကျောင်းမှာသူများတွေရဲ့ အဖေအမေလိုက်လာကြတာ..မုန့်တွေလက်ဆောင်တွေနဲ့ မုန့်ဖိုးတွေပေးနေကြတာမြင်တိုင်း လရောင်ငိုရတယ်.."

"သမီးရယ်.."

ထိုအချိန်မှာ မီးဖိုခန်းဆီရောက်လာခဲ့သော စွန်းကတံခါးရှေ့မရောက်ခင် ခြေလှမ်းရပ်ပစ်လိုက်သဖြင့် ဒေါ်အေးသိန်းတို့ကမသိ.. ။

"သမီးတို့မှာစည်းစိမ်ချမ်းသာတွေ အလျှံပယ်ရှိတယ်..အဖေကလည်းချစ်တယ်၊ အမေကလည်းအေးအေးနေတတ်လို့ 'သူချစ်တာမပေါ်လွင်တာပါ..သမီးတို့နဲ့ဥမကွဲသိုက်မပျက် အတူရှိနေကြတာပဲလေ.."

"အတူတူရှိနေပေမယ့် မရှိသလိုကြီးခံစားနေရတယ်သိလား၊ အဲ့လိုပြောတာလရောင်ငရဲကြီးသလားဟင်..သိန်းသိန်း.."

"သမီးဘယ်လိုခံစားချက်နဲ့ပြောတယ်ဆိုတာ သိန်းသိန်းသိနေတာပဲသမီးရယ်..အင်း.."



ဒေါ်အေးသိန်းရဲ့ သက်ပြင်းချသံကြီးကိုနားစွင့်နေမိရင်း စွန်းဒီနားမှာပဲ ဆက်ရပ်နေရမလား၊ အထဲဝင်သွားလိုက်ရမလား ချီတုံချတုံဖြစ်နေဆဲ.. ။

"သူများတွေဆိုရင် မိဘတွေကဝါသနာစရိုက်တွေ တစ်မျိုးစီနဲ့ ရာထူးစည်းစိမ်တွေမှာ မျော်ပြီးသားသမီးတွေကိုလည်း လွှတ်လပ်စွာသုံးဖြုန်းခိုင်းတယ်.. သူတို့ကိုယ်တိုင်လည်း မိသားစုဘဝကိုမခုံမင်တော့ဘူး၊ တစ်ချို့ယောကျ်ားတွေက မိန်းမတွေနဲ့ရှုပ်သလို ဖနီးမယားဖြစ်သူတလည်း လင်တစ်လှမ်းထွက်တာနဲ့ သူကနှစ်လမ်းပြင်ပြီးသား.."

"ဟုတ်တယ်..အဲ့ဒီလိုတွေ လရောင်တို့အတန်းထဲမှာတောင်ရှိကြတယ်.."

"ရှိတာပေါ့သမီးရဲ့.. စည်းစိမ်ဥစ္စာနဲ့အရာရာကို မဖုံးနိုင်ပါဘူး..မိဘရဲ့အရိပ်မည်းက သားသမီးတွေအပေါ်ကျတာပဲ၊ ယောကျ်ားလေးဆိုရင် သူ့အဖေဘယ်လိုလူဆိုတာ ကြည့်တယ်၊ မိန်းကလေးကျတော့ မအေကဘယ်လိုမိန်းမမျိုးလဲပေါ့.."

"မေမေကအဲ့လိုမဟုတ်ဘူးနော်.. သိန်းသိန်းပြောမှပဲ ဖြေသာရသွားတော့တယ်.."

"သမီးမေမေတင်ဘယ်ကမလဲ.. ဆရာခွဲဆိုရင်သမီးတို့မောင်နှမကို ဘယ်လောက်ချစ်လိုက်လဲ.. သမီးတို့မေမေကိုလည်း အပြစ်မမြင်ဘူး၊ အပြင်မှာလည်းအပျော်မရှာဘူး.."

"ဟုတ်တယ်..လရောင်သဘောပေါက်ပြီ၊ ဖေဖေသာဖောက်လွဲဖောက်ပြန်တွေ လုပ်ခဲ့ရင်လရောင်တို့ကို ခုလိုဘယ်ဂရုစိုက်မလဲ.."

"ဒါပေါ့.."

"နောက်ပြီး..ဖေဖေ့ကိုပါဆုံးရှုံးလိုက်ရရင်တော့.."

"ဟဲ့..အို မပြောကောင်းတာတွေသမီးရယ်.."

စွန်းရင်ခုန်သံတွေမြန်လာကာ သမီးငယ်ရဲ့ကြေကွဲသံလေးက ကိုယ့်ရင်ဘက်ထဲကို မီးပွားတွေလာစင်နေသလို ခံရခက်နေခဲ့သည်။ ထို့ကြောင့် နေရာမှစတင်ခြေလှမ်းရွေ့ရင်း နောက်ဆုတ်မိလေသည်။

"မပြောကောင်းတာမဟုတ်ဘူးသိန်းသိန်းရဲ့.. ဖေဖေနဲ့မေမေ

www.burmeseclassic.com

www.burmeseclassic.com



က ငယ်ငယ်ချောချောလေးတွေပဲ ရှိသေးတာ.. ပြီးတော့ဖေဖေက သဘောကောင်းတယ်၊ မေမေနဲ့ကြာကြာအဆင်မပြေဖြစ်နေရင်း တခြားမိန်းမတစ်ယောက်နဲ့ပါသွားခဲ့ရင် လရောင်တို့က ဖေဖေ့ကိုဆုံးရှုံးရမယ့်အပြင် သူတို့အဖေက ဘယ်လိုလူဆိုတဲ့ ကဲ့ရယ်စကားသံတွေ ကြားမှာတစ်သက်လုံး ခေါင်းဖော်ဝံ့တော့မှာ မဟုတ်ဘူး.."

စကားသံတွေနဲ့ဝေးအောင် ဆုတ်ခွာလာခဲ့ပေမယ့် နောက်ဆုံးကြားရသည့် အသံလေးထိနားကိုစွဲထားခဲ့မိ၏။ ပြီးတော့ နှုတ်ခမ်းကိုဖိကိုက်ထားရင်း ပင့်သက်ရှိုက်သွင်းတော့လည်း မွန်းကျပ်နေတာကဒီတိုင်း... ၊

.....မင်းဘယ်လောက်ထိ စိတ်ပါဘဲနေနိုင်မလဲ

ငါစောင့်ကြည့်မယ်စွန်း..........

.....ငါက မင်းထက် ကိုးဆယ်ဆသာပြမယ်..........

.....မင်းလိုအမေကတောင် ဥပက္ခာထားနိုင်ရင်

ယောက်ျားတစ်ယောက်က သားမွေးမယားမွေ့

ဖြစ်သွားတာ သဘာဝကျတယ်မို့လား..........

မဟုတ်ဘူး.. ၊

စွန်းခေါင်းခါထုတ်ပစ်ရင်း နှုတ်မှစကားသံထွက်သွားမိသည်။ ရှင်ဒီလိုလုပ်ခွင့်မရှိဘူးသရဲ.. လုပ်ခွင့်လည်း မပေးနိုင်ဘူး၊

အဲ့ဒါ ကျွန်မကလေးတွေအတွက်ပဲ.. ၊

အခန်း(၉)

သားကြီးဘယ်ရောက်သွားတာလဲ.. ၊

အခန်းထဲကထွက်လာပြီး အိမ်ရှေ့အိမ်နောက်လမ်းဆုံးထိခေါင်းကဘယ်ညာ ရမ်းသွားသည်။ သားခုတလော မိုးချုပ်မှပြန်ပြန်လာသည်။

ညဥ့်နက်မှပြန်လာတာတွေ ဘယ်နှစ်ညရှိနေပြီမှန်း မသိပေမယ့် ညကတော့နောက်ဖေးတံခါးကနေ တိတ်တဆိတ်ဝင်လာတာ စွန်းမြင်လိုက်၏။

လူငယ်တစ်ယောက်ကို သူ့ခိုးဖမ်းပြီးခြိမ်းခြောက်ပြောဆိုတာထက် မသိသလိုနေပေးလိုက်ပြီး ယုံကြည်စိတ်ချခြင်းတွေနဲ့ စည်းရုံးကြည့်ဖို့ ဆုံးဖြတ်ထားသည်မို့ ဘာမှမပြောဘဲ ငြိမ်နေပေးခဲ့တာပါ၊ ခုလည်း ဘယ်ရောက်သွားပြန်ပြီလဲ.. ၊

"ငါ့အခန်းရှေ့မှာ ဘာလုပ်နေတာလဲ.."

ခပ်ဟဟတံခါးရှေ့မှာ စွန်းကိုယ်လေးမတ်ခနဲ ဖြစ်သွားသည်မျက်နှာပြင်လေး တစ်ခုလုံးနီရဲသွားခဲ့ပြီး အရှက်ကြီးရှက်သွားခဲ့တာကိုဘယ်လိုမှဖုံးဖိမရ.. ၊

"အမှုကစီရင်ချက် ချတော့မှာဆိုတော့ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေတာလား.."

"ခြေမကိုင်မိ လက်မကိုင်မိဖြစ်ရမှာက ကျွန်မမဟုတ်ဘူး.."

"ငါကဖြစ်ဖို့မရှိပါဘူး..အမှုတစ်ခုကို ကိုင်တွယ်ပြီဆိုရင် နိုင်ကိုနိုင်ရမယ်ဆိုတဲ့ လောဘမျိုးကမင်းမှာပဲရှိတာ.."

သသရမျက်နှာက လှောင်ရိပ်သမ်းလျက်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အကြံတူရန်သူတဲ့..အမှုတစ်ခုတည်းကို အပြိုင်အဆိုင်ထုချေနေကြတဲ့အချိန် စည်းနဲ့ကမ်းနဲ့နေသင့်တယ်ဆိုတာ.."

"အတိသရေ.."

"ဟုတ်တယ်..အဲ့ဒီလိုနာမည်အစအဆုံးလည်း မင်းပဲခေါ်ခွင့်ရှိတာ.."

"ဒါ ရှင့်နာမည်ပဲမဟုတ်ဘူးလား.."

"မင်းကျတော့ စွန်းတစ်လုံးတည်း..ဟွန်း.."

"ကလေးကလားတွေ လျှောက်ရစ်မနေပါနဲ့..ကျွန်မဒီနေရာကိုရောက်နေတဲ့အကြောင်းအရင်းက သားကြီးကိုလာရှာတာ.."

"ငါ့အခန်းထဲမှာ.."

"ဘာ့ဖြစ်လို့ရှင့်အခန်းကို ချောင်းတယ်ချည်းပြောနေရတာလဲ.."

"ချောင်းတယ်လို့ငါမပြောပါဘူး..ဘာလုပ်နေလဲပဲမေး တာ.."

စွန်းမျက်နှာလေး ရဲတက်သွားပြန်သည်။ သူကခပ်တည်တည်ကြည့်၍..၊

"မင်းဖွင့်ပြောမှပဲ ချောင်းနေမှန်းသိတာ.."

"ချောင်းနေတာမဟုတ်ဘူး..သားဒီဘက်ထွက်သွားပြီး ဘယ်ရောက်သွားမှန်းမသိလို့.."

စိတ်ကလွတ်တိုနေပြီမို့ ပစ်ပစ်နှစ်နှစ်မျက်စောင်းထိုးရင်း..၊

"ဟွန်း..ယောကျ်ားကြီးမတန်မယ့် စကားအကျအနကောက်ပြီး ထေ့ငေါ့နေလိုက်တာ မိန်းမလိုမိန်းမရ ရွံ့တာကရှိသေး.."

"ဘာကွ.."

"ဒီမှာအတိသရေ..အစတည်းက ကျွန်မဒီလိုနေလာခဲ့တာ ရှင်ရော..မေမေတို့ရော အားလုံးသိတယ်.."

"ဘာကိုပြောတာလဲ.."

"စွန်းဆိုတဲ့မိန်းမ 'နွားမဒါန်း သားမခင်' ၊လင်ကိုလင်လို မဆက်ဆံဘူး ဘာညာတွေ.."

"ဟုတ်လား.မင်းအဲ့လို့မိန်းမမျိုးမှန်း အားလုံးသိနေကြတာလား၊ တကယ်ပြောတာစွန်း ငါအခု မင်းဝန်ခံနေမှသိတာ.."



"ဝန်ခံနေတာမဟုတ်ဘူး..ဒီမိသားစု ဒီအိမ်ထောင်ရေးနဲ့ပတ်သက်ပြီး အစတည်းကကျွန်မနေခဲ့တာ ဒီပုံစံပဲဆိုတာ ထပ်ပြောပြတာ..ရှင်ကတော့ ဖခင်ကောင်း အိမ်ထောင်ဦးစီးကောင်း ပီသသလိုနေခဲ့တာလေ.."

သူမရဲ့ စကားလမ်းကြောင်းဘယ်အရပ်ကို ဦးတည်နေသည်မသိသောကြောင့် သရေမျက်မှောင်ကုတ်သွားသည်။

"ရှင်က ဖခင်ကောင်းတစ်ယောက်ဆိုရင် ကိုယ့်သားသမီးဘယ်ခြေလှမ်းပြီး ဘယ်လိုပျက်စီးနေတယ်ဆိုတာ ဂရုတစိုက်ကြည့်နေရမှာ မဟုတ်ဘူးလား.."

"အခု ဘာဖြစ်နေလို့လဲ.."

"နေသရက စားသောက်ဆိုင်ကမိန်းကလေးနဲ့ ကြိုက်နေတယ်.."

သရေမျက်နှာပျက်သွားသည်။

"အမြဲတမ်းမိုးချုပ်မှ ပြန်ပြန်လာပြီး မနေ့ညက.."

"ကြည့်ရတာ..ကန့်လန့်ကာအကွယ်ကနေ နေ့စဉ်ညတိုင်း ငုတ်တုတ်ထိုင်စောင့်နေတဲ့ပုံပဲ.."

"စောင့်နေတာမဟုတ်ဘူးအတိသရေ..တစ်ထိုင်တည်းနဲ့အကုန်ကြားခဲ့ရတာ..ရှင်ကအားလုံးအမြင်မှာတော့ နာမည်ကောင်းယူနေပြီး ကလေးတွေကျတော့ နေချင်သလိုနေနေတာကို တစ်ချက်မှမကြည့်ဘူး.."

"ဟား ဟား ဟား.."

သရေက ခပ်ဟက်ဟက်ရယ်ပြီး တံခါးကိုတွန်းဖွင့်လိုက်သည်။ ပြီးတော့ ဝင်မသွားဖြစ်ဘဲ တံခါးဘောင်မှာ လက်တစ်ဖက်ထောက်လိုက်ရင်း..၊

"ကလေးတွေကို စောင့်ကြည့်ထိန်းကျောင်းဖို့က ငါ့အလုပ်မှ မဟုတ်ဘဲစွန်းရယ်..မိခင်တစ်ယောက်က ဖခင်ဖြစ်တဲ့ယောကျ်ားကို လက်ညှိုးထိုးအပြစ်တင်ချင်တယ်ဆိုရင်လည်း တခြားအကြောင်းတစ်ခုခုလုပ်စမ်းပါ..ကြားလို့ကောင်းအောင်.."

"ကြားကောင်းဖို့မလိုပါဘူး..စွန်းကကိုယ်မမှားဘူးထင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကြားကောင်းကောင်းမကောင်းကောင်း ဘယ်သူဘယ်လိုထင်ထင် ဘယ်တုန်းမှ ဂရုစိုက်ခဲ့တာမဟုတ်ဘူး..ရှင်ကတော့.."

"ငါကတော့ ဂရုစိုက်ခဲ့တယ်လို့မင်းထင်တယ်ပေါ့.."

"ရှင်လုပ်ပြခဲ့တာပဲလေ.."

"ဒါဆိုလည်း မင်းပြောချင်နေတာတွေကို ငါဖြေရှင်းပြီးသား ဖြစ်နေပြီပဲ..ဟိုတုန်းကလုပ်ပြနေခဲ့တာတွေ အခုလုပ်မပြနိုင်တော့ဘူး.. မရှင်းတာဘာရှိသေးလဲ.."

"ရှင်..ရှင်ဘာပြောလိုက်တယ်သရေ.."

"ရင်ထဲက စကားတွေပဲ.."

ပြောပြီးတာနှင့် အခန်းထဲလှည့်ဝင်သွားလျှင်.. ၊

"ရှင်..နေဦးသရေ.."

သရေရဲ့ လည်ပင်းမှာပတ်ထားသည့် မျက်နှာသုတ်ပဝါတစ်ဖက်စကို အတင်းပြန်ဆွဲထားကာ.. ၊

"အဲ့ဒီလိုလွယ်လွယ်လေး ပြောသွားလို့မရဘူး..မဝင်နဲ့.."

သရေက ပဝါကိုပြန်ဆုပ်ဆွဲလိုက်တော့ စွန်းကိုယ်လေးသူ့နောက်ပါသွားကာ.. ၊

"ဂျိမ်း..."

တမင်ပါလာအောင် ဆောင့်ဆွဲလိုက်ပြီး သရေကတံခါးပိတ်ပစ်လိုက်၏။

"ရှင်ဘာလုပ်တာလဲ.."

"မင်းပဲ အတင်းဆွဲပြီး ဝင်လာတာလေ.."

"ရှင်နော်..မကြီးမငယ်နဲ့ နှာဘူးမကျနဲ့..ဖယ်..လွှတ်.."

သရေက စွန်းကိုယ်လေးကို အတင်းဆွဲချုပ်ပြီး ဖက်ထားလိုက်ကာ.. ။

"လူညစ်..လူရမ်းကား၊ ဖယ်ဆို..အား.."

သူဆွဲဆောင်သည့်အတိုင်း စွန်းနဲ့သူမွေ့ရာပေါ်လုံးထွေးလဲကျသွားခဲ့ပြီး လေးဆယ်ကျော်ရင်ခုန်သံများက ဟိုအရင်ကအတိုင်း လတ်ဆတ်နေခဲ့လျက်.. ၊

"ဒေါက်..ဒေါက်.."



"........... ......."

"ဖေဖေ့..ဖေဖေပြန်အိပ်နေတာလား၊ သားဒီနေ့ ကလပ်ကို ဆက်သွားမှာနော်..ဖေဖေ့ကားကိုရှောဆွဲထားမှာ.."

တံခါးခေါက်သည်။ ခဏစောင့်ပြီး စကားမပြန်မှနေသရေက လို့ရင်းကိုပြောပြီး ထွက်သွားခဲ့၏။

စွန်းသူ့မျက်နှာကို အတင်းတွန်းပစ်ပြီး ရုန်းထွက်လိုက်ကာ..။

"လူယုတ်မာ၊ ကဲဟယ်..ကဲ.."

ခေါင်းအုန်းတွေ ဖက်လုံးတွေပလူပျံသွားပြီးနောက် စားပွဲ ပေါ်ကအမာခံပစ္စည်းတွေကို လှမ်းဆွဲလျှင် သရေအတင်းလိုက်ဆွဲကာကွယ် ရင်း၊ သူမကိုယ်ကိုနောက်ကနေ ချုပ်ဖက်ထားသလို ဖြစ်သွားလျက်..။

"မင်းနဲ့ငါညားလို့ မြေးတွေတောင်ရတော့မယ်..မင်းကိုယ်မင်း ပထမဆုံးအနမ်းခံလိုက်ရတဲ့ အပျိုဖျန်းကလေးများ မှတ်နေလား.."

"ရှင့်ကိုများ.."

"ဒါမှမဟုတ် မင်းငါ့ကိုဟိုးအစကအတိုင်း ရင်ခုန်နေတာ လား.."

"သေလိုက်ပါလား..ရှင်၊ ကဲ..ကဲ..အဲ့ဒါပြောဦး.."

စွန်းစိတ်ပေါက်ပေါက်နှင့် ကိုယ့်ကိုယ်ကိုကလေးဆန်နေတာ လည်းမသိတော့ဘဲ သူ့ခေါင်းကဆံပင်တွေကို လက်နောက်ပြန်ဆွဲသည် ။ မမိသည်နှင့် လူကိုဖက်ထားသည့် လက်တွေကိုအတင်းထုန့်ကာ၊ သူ့ဗိုက်ကိုလည်း တံတောင်နဲ့တွတ်၏။

သရေက သူမထုန့်သမျှကို လွှတ်အောင်ရှောင်ရင်းရယ်နေ ကာ.. ၊

"စွန်း.."

"ရှင်..ကျွန်မနာမည်ကိုမခေါ်နဲ့နော်၊ ရှင့်ကိုပါးရှစ်စိတ်ကွဲ အောင်ရိုက်ပစ်ချင်နေတာသိလား..လွှတ်..လွှတ်.."

"မင်းကိုဘာမှမလုပ်ဘူး..လူကိုမုဒိန်းသမားမှတ်နေသလား.."

"မုဒိန်းသမားနဲ့တူနေမှန်း ရှင့်ကိုယ်ရှင်သိသားပဲ..ကလေးတွေ တစ်မျိုးမြင်သွားမှာစိုးလို့ ခုန ငြိမ်နေလိုက်တာသိလား..ရှင့်အခန်းထဲ ရောက်နေပြီဆိုပြီး လူကိုဘယ်လိုမိန်းမထင်နေသလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ထင်စရာလား..စွန်းဆိုတဲ့မင်းလိုမိန်းမ မင်းတစ်ယောက်ပဲ ရှိတယ်.."

"အဲ့ဒီလိုကိုယ့်အန္တရာယ်ကိုယ်သိရင် ခုချက်ချင်းလွှတ်လိုက်.."

"သိပ်သိတာပေါ့..မင်းလည်းကိုယ်အန္တရာယ်ကိုယ်သိတတ်အောင် ကြိုးစားဦး..မိန်းမနားကပ်ခွင့်မရတဲ့ ယောကျ်ားတွေ ဘယ်လောက်ကြာကြာ သီလသမာဓိတွေ ကောင်းနိုင်မလဲဆိုတာ.."

"ဘာ.."

"မင်းနားကို ဂပ်ချင်လွန်းလို့မဟုတ်ဘူး..သိစေချင်တာ.."

နားနားကိုကပ်ပြောလိုက်တာ သေချာကြားသည်။ စွန်းငိုင်သွားခဲ့စဉ် သြရကနောက်တစ်ခါပွေ့ပိုက်နမ်းပစ်လိုက်၏။ ပြီးတော့ ပွေ့ဖက်ထားခြင်းကို ဖြေလွှတ်လိုက်ရင်း.. ၊

"မင်းသိပါတယ်..ငါလည်းမင်းလောက်မဟုတ်ပေမယ့် မင်းလိုမာနမျိုးရှိတယ်..ငါလိုချင်တာရဖို့အတွက်ဆို ဘာပဲလုပ်ရလုပ်ရလုပ်မယ်..အဲ့ဒီအတွက် အတိသြရဆိုတဲ့ကောင် ဘာကောင်ဖြစ်သွားသွား.."

သင်းကဘာလုပ်မှာမို့ စိန်ခေါ်နေတာလဲ.. ၊

စိတ်ကထောင်းခနဲထဖြစ်သွားသည်။ သို့သော် သူမသိထားသည့် လတ်တလောအခြေအနေတွေထဲမှာ ပိတ်မိနေရင်း ဘာတစ်ခွန်းမှ ပြန်မပြောလိုက်နိုင်ဘဲ ဒီတိုင်းကျန်ရစ်ခဲ့၏။

ကလေးတွေဘယ်လိုဖြစ်နေသလဲ ဆိုတာပြောချင်လို့၊ ပြီးတော့ မိဘပီပီကိုယ့်သိက္ခာကိုယ်ထိန်းကြဖို့၊ ခုတော့ သူမဘာမှမပြောလိုက်နိုင်ဘဲ.. ၊

"တောက်.."

သတိရလိုက်တာက မေမေပြောခဲ့ဖူးတဲ့စကားတွေဖြစ်လေသည်။ သားသမီးနဲ့ပတ်သတ်လာရင် မိဘတွေဟာဆယ့်နှစ်ကြိုးအတတ်ကို အလိုလိုတက်လာကြသည်..တဲ့.., ၊

သူမမှာဘာပညာတွေ တတ်ခဲ့သလဲ.. ၊

ခေါင်းခါလိုက်မိရင်း သူ့အခန်းထဲကထွက်လာတော့ အပြင်မှာ သြရမရှိတော့ပေ၊ သားက ကလပ်သွားဖို့ဖအေကို လာပြောသွားသည်။ ခုမှနေထွက်လာသည့် မနက်ခင်းကနေတစ်နေကုန် တစ်ညလုံး



အပြင်မှာနေမယ့်အကြောင်း ဖအေကိုပြောသွားတာ သူငယ်ချင်းချင်း ချိန်းနေတဲ့အတိုင်း.. ၊

ဘယ်ကလပ်ကိုလဲ..ဒေးကလပ်ကိုလား၊ နိုက်ကလပ်လား..၊ စွန်းရင်တွေ ပူလောင်လာခဲ့သည်။

---ကလေးတွေ လူလားမမြောက်ခင်မှာ မိဘကဥ္စဖွှမန်းပြီး
ပြေစေပျောက်စေ ကုစားနိုင်တဲ့ဗိန္ဓောဆရာကြီးလို---

---သူတို့လေးတွေလူလားမြောက်လာတော့ ဖားခုန်ခုန်ရင်
တောင် လိုက်ခုန်ပြီး သူငယ်ချင်းကောင်းလို ဖြည့်ဆည်း
ပေးရပြန်ရော---

---အဲ..ရွှေရင်သိမ်းသစ်ဖူးသစ်စ အရွယ်လေးတွေရောက်
တော့ မိဘကလူကြမ်းကြီးပေါ့..၊ လူကြမ်းဆိုတာမင်း
သားကိုအလဲထိုးခွင့် မရှိတဲ့သူတွေပဲသမီးရယ်..အလဲ
ထိုးနိုင်ခဲ့ရင်လည်း လူကြမ်းကမင်းသားကိုနိုင်ရင်ဘယ်
သူကြိုက်မှာလဲ---

---အဲ့ဒီအချိန်မှာတော့ မိဘတွေဟာ နောက်ပိုင်းမင်းသား
မင်းသမီးတွေလို ကူကယ်ရာမဲ့ ငိုကြွေးရင်းမျက်ရည်
ဖြိုင်ဖြိုင်ကျကြရတယ်.. သားသမီးကတော့ မိဘငို
ကြွေးခဲ့တဲ့ မျက်ရည်မြစ်ချောင်းမှာ သဘာဝဆိုတဲ့
လှေကိုစီးပြီး ပျော်ပျော်ကြီး ထွက်သွားကြတာပါပဲ---

---အဲ့ဒါကြောင့် မိဘတိုင်းရဲ့နောက်ပိုင်းခန်းဟာ သား
သမီးတွေ အတောင်စုံလို့ပျံထွက်သွားကြတဲ့ အချိန်
ပဲလေ---'

---ဒါတွေသမီး နားမလည်ရင်ပြန်လှည့်မကြည့်ရင်နေပါ၊
မေမေ့ ရင်ကိုတော့ စုံကန်မသွားပါနဲ့.. ၊

စွန်းအားလုံးမှတ်မိနေသည်။

မေမေဒီစကားတွေ ပြောခဲ့တုန်းက သြရနဲ့လက်ထပ်ဖို့ တွင်တွင်ငြင်းနေတာကြောင့်ပါ.. ၊ ဒါပေမယ့် မေမေကလည်းဖွတ်မလိုက်တွန်းတော့ဘဲ လက်လျှော့ခဲ့သည်။ စွန်းကလည်း မေမေစိတ်ဆင်းရဲသွားပြီဆိုသည့် နောင်တနဲ့ လက်ထပ်ဖို့ကို သဘောတူခဲ့သည်။

www.burmeseclassic.com



စွန်း ဘာမှားခဲ့လို့လဲ.. ။

"မိဘကျေးဇူးသိတတ်ပြီး မိဘစကားနားထောင်ခဲ့တဲ့သားသမီးဟာ ကိုယ်ကမိဘဖြစ်လာခဲ့ရင်လည်း သားလိမ္မာ သမီးလိမ္မာတွေရတတ်တယ်..ရှေးဝဋ်ကြွေးကံမပါခဲ့ဘူးဆိုရင် ဘယ်တော့မှသားဆိုးသမီးဆိုးနဲ့ မဆုံဆည်းရဘူးသမီးရဲ့.."

ဒီလိုပြောခဲ့တဲ့စကားတွေက သဃရနဲ့လက်ထပ်ပြီး ကန်တော့တဲ့ညကဖြစ်သည်။ အားလုံးကိုပြန်တွေးကြည့်တော့ စွန်းကြောင့်မေမေမငိုခဲ့ရသလို ကျေနပ်ပီတိတွေနဲ့ ပြုံးနေခဲ့တာ သဃရနဲ့လက်ထပ်ပြီးတဲ့တစ်လျှောက်လုံး.. ။

ခုထိလည်း သူနဲ့ပဲစွန်းရိုးမြေကျနိုင်မြဲအောင် ကြိုးစားနေထိုင်ခဲ့သည်။ ဒါနဲ့တောင် စွန်းကသားလိမ္မာသမီးလိမ္မာမရနိုင်ဘူးတဲ့လား..။ ခလုတ်ထိမှ အမိတ၏။ သားဆိုသည့် သောကမီးတောက်ကို မြင်လိုက်ကာမှ ကိုယ့်ကိုယ်ကိုအကာအကွယ် မဲ့နေသလိုကြောက်လန့်လာခဲ့သည်။

ဖေဖေနဲ့မေမေခရီးထွက်သွားတာ စွန်းကြောင့်လို့သဃရပြောခဲ့သည်။ ကလေးတွေပြန်လာတဲ့ အချိန်မှာစွန်းနဲ့သူရဲ့ အိမ်ထောင်ရေးအခြေအနေတွေနဲ့ ဖြေရှင်းမရနိုင်မှာတွေကို မမြင်ချင်မကြားချင်လို့တဲ့..။

စွန်းကြောင့်မိဘတွေ စိတ်ဆင်းရဲခဲ့ခြင်းက စွန်းအတွက်ငရဲလား..၊ မဟုတ်ဘူး၊ သူ့ကိုသူမ မချစ်ဘဲလက်ထပ်ခဲ့တာ မေမေသိသည်။ ကိုယ့်ဘက်က ဒီလောက်တော့ လွတ်လပ်သလို နေထိုင်ခွင့်ရှိသည်။

ဒါမဖြစ်နိုင်ပါဘူး၊ မေနှမတို့သွားတာ စွန်းကြောင့်ဆိုတာ သဃရ သက်သက်လွဲချတာ၊ တရေးရေးပေါ်လာခဲ့ပေမယ့် စွန်းမာန့်တွေနဲ့ တိုက်ချဖျောက်ဖျက်ပစ်မိသည်။ ဖေဖေအမိဋ္ဌာန်ဝင်ပြီးတိုင်း ဘုရားဖူးအပန်းဖြေခရီးထွက်တာ ခုတစ်ခါတည်းမှမဟုတ်ဘဲ.. ။

သဃရ စွပ်စွဲနေတုန်းက အကောင်းမမြင်ခြင်းသည် ခုချိန်ထိလည်း ကိုယ့်မှာအပြစ်ရှိသည်လို့ ဝန်ခံဖို့ခက်ခဲနေခဲ့၏။ ဒါပေမယ့် သူမရင်ထဲမှာ သောကမီးက လောင်မြိုက်ဖို့ အစပျိုးလာခဲ့ပြီဖြစ်သည်။

ဒါဟာ သားသမီးဆိုတဲ့ မီးပွားတစ်စလား.. ။

ခြေလှမ်းတွေက သားရဲ့အခန်းဆီကို တိုက်ရိုက်ဦးတည်သွား



ခဲ့လျက်၊ အခန်းရှေ့မှာပဲ ခဏရပ်ပြီး စဉ်းစားနိုင်သည်။ ပြီးတော့ စည်းတွေကမ်းတွေကို ဘေးချိတ်၍ တံခါးဖွင့်ဝင်ခဲ့မိ၏။

အခန်းထဲမှာ အိပ်ရာခေါင်းအုံးတွေ ဗီရိုစားပွဲတွေ ကွန်ပျူတာကအစ နေရာတကျသေသပ်သန့်ပြန့်စွာ ရှိနေကြသည်။ ဒါကိုတော့ ကလေးတွေကို အမြဲဂရုစိုက်သည့် ဒေါ်အေးသိန်းက တာဝန်ယူထားတာမို့ ဘာမှပြောစရာမလိုပေ.. ။

အခန်းထဲမှာ မတ်တပ်ရပ်ရင်း ငါဘာလာလုပ်တာလဲ လို့ပြန်တွေးနေရသည်။ သူမလာခဲ့တာ သားကြီးသေသေသပ်သပ်နေရဲ့လားလို့ လာစစ်ဆေးတာ မဟုတ်ပေ.. ။

ကိုယ့်ဘာသာအစပြန်ဖော်ပြီး စာကြည့်စားပွဲရှေ့ကို ရောက်သွားခဲ့၏။ စိတ်ကူးလိုက်တာက သားဘာတွေလုပ်နေသလဲဆိုတာ စာကြည့်စားပွဲကနေ သဲလွန်စတစ်ခုခုရှာကြည့်ဖို့.. ၊

ဒါပေမယ့် လက်တွေမှာ သူများပစ္စည်းတွေကို ထင်သလိုဆွဲကိုင်ကြည့်ရှုဖို့ လက်ကမရောက်ဘဲဖြစ်နေခဲ့၏။ ကိုယ့်သားဆိုပေမယ့် ဒါကလူမှုစည်းကမ်းနဲ့ သက်ဆိုင်နေသည်။

ကိုယ်ကမိဘဖြစ်နေသည့်ပြင် ရှေ့နေလည်းဖြစ်ပါလျက်နှင့် စည်းကမ်းမဲ့သည့်အလုပ်ကို လက်တွန့်နေမိရင်း.. ၊

မဖြစ်သေးပါဘူး.. ။

ဘာမှလိုက်ဖွကြည့်ဖို့ စိတ်မကူးတော့ဘဲ နောက်ပြန်လှည့်ခဲ့မိ၏။ သို့သော်.. အခန်းတံခါးဖွင့်လိုက်ပြီး အပြင်ကိုမထွက်ဖြစ်ဘဲ ပြန်ငဲ့ကြည့်မိပြန်၏။

မဟုတ်သေးပါဘူး.. မိဘလက်အောက်မှာ ရှိနေသေးတဲ့သားသမီးတစ်ယောက်ကို 'မတော်တာတား သင့်ရာသွား' ဖို့လမ်းညွှန်ဆုံးမနိုင်အောင် သူတို့ခြေလှမ်းတွေကို မိဘကသိထားမှဖြစ်မှာ မဟုတ်ဘူးလား.. ၊ ဆုံးဖြတ်ချက်နဲ့အတူ အထဲပြန်ဝင်ခဲ့၍.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

"သမီးမေမေရော.."

ထမင်းစားပွဲထိုင်လိုက်တာနှင့် ကြားရတတ်သော ဖေဖေ့ထံမှ သည်စကား.. ।

"မစားသေးဘူးတဲ့ ဖေကြီး.."

ညစာအတူတူစားဖြစ်ဖို့ မျှော်လင့်ခဲ့ရသည့် ညတွေဆုံးရှုံးခဲ့ရပေါင်းလည်း များပြီဖြစ်၏။ သဃရမျက်နှာတည်တည်နှင့် ဝင်ထိုင်လိုက်ပြီးမှ.. ।

"သိန်းသိန်း.. သွားခေါ်လိုက်ပါဦး.."

"ဟုတ်ကဲ့ဆရာ.."

သိန်းသိန်းထွက်သွားတော့ သဃရကလွတ်နေသည့် ထိုင်ခုံတွေကိုကြည့်ကာ ပြီးမှဟင်းပွဲဆီ မျက်လုံးပြန်ရောက်၍.. ।

"ညစာအိမ်မှာလူစုံချိန်ဆိုတော့ ချက်ပြုတ်ပေးတဲ့လူက အားလုံးရဲ့အကြိုက်တွေစုံအောင် စီစဉ်ပေးနိုင်တယ်..စားမယ့်လူသာဘယ်တော့မှ မစုံတာ.."

ဘယ်သူ့ကိုပြောမှန်းမသိပေမယ့် စကားဆုံးမှ ညည်းညူသလို ရေရွတ်နေတာကို လရောင်ကသိ၍.. ।

"ဖေဖေရယ်..ကိုကိုကအိမ်မှာမရှိရင်လည်း ပြန်လာရင်ပြန်ရောက်တဲ့အချိန်စားတာပါပဲ.."

"ဖေဖေကသူ့တစ်ယောက်တည်းကို ပြောတာမဟုတ်ပါဘူး.."

"မေမေကတော့.."

လရောင်အသံလေး အင်အားမဲ့သွားသည်။ ပြီးမှ.. ।



"ဖေဖေကလည်း မေမေဒီလိုပဲနေလာတာ ကြာပြီဥစ္စာ.."

"ကြာပြီပေမယ့် အခုဒီတိုင်းနေလို့မရတော့ဘူး.."

ဟင်.. ।

လရောင်မျက်နှာလေးမှာ အံ့သြခြင်းတွေဖြစ်သွားသည်။ ပြီးတော့ ဖအေဖြစ်သူ၏မျက်နှာကို အကဲခတ်ကြည့်ကာ.. ।

"ဖေဖေ့.."

ခပ်ငုံ့ငုံ့ငြိမ်သက်နေသည့် သဃရမျက်နှာမော့မလာပေ။ ပြီးတော့ ဒီတိုင်းနေရင်းဇွန်းနဲ့ခပ်ရင်းကို ကိုင်လိုက်ပြီး.. ।

"သမီးကိုကို အခုဘာတွေလုပ်နေသလဲ သမီးသိလား.."

ထိုစဉ် ဒေါ်အေးသိန်းပြန်ရောက်လာကာ.. ။

"ခုလေးတင်ထွက်သွားတယ်ဆရာ..အလုပ်ကိစ္စအရေးကြီးလို့တဲ့.."

"ဘာ.."

သဃရနာရီပင့်ကြည့်လိုက်ပြီး ဇွန်းခရင်းကိုပြန်ချထားလိုက်သည်။

စိတ်ထဲမှာသိလိုက်တာက ဒီအချိန်အလုပ်ကိစ္စမရှိ.. ။

"ဖေဖေ့.."

ဖအေမျက်နှာကြီးတင်းသွားတာနှင့် လရောင်ပျာပျာသလဲဖြစ်သွားသည်။ မေမေ့ကိုဂရုတစိုက်မေးလာသဖြင့် ဝမ်းသာပျော်ရွှင်မိသည့် မျှော်လင့်ချက်တွေကို ချက်ချင်းပြိုလဲသွားမှာတော့ မလိုချင်ပေ.. ။

"မေမေက အလုပ်ကိစ္စအရမ်းဦးစားပေးတာ ဖေဖေသိရဲ့သားနဲ့ ပြီးတော့ ဖေဖေဒီနေ့အတူတူထမင်းစားဖို့ စောင့်နေမယ်လို့ မေမေထင်လို့ဖြစ်မှာပါ.."

စောင့်နေမယ်မှန်းသိရင်တော့ ပြေးလာနိုင်သလိုလို.. ।

သမီးမျက်နှာလေးကိုငဲ့ကြည့်ရင်း ကိုယ့်မျက်နှာအစိတ်အပိုင်းတွေကို ပြေလျော့ဖို့ကြိုးစားရသည်။ ပြီးမှ.. ।

"သမီးက ဖေဖေနဲ့သမီးမေမေ စကားများကြမှာကြောက်တယ်ဟုတ်လား.."

"စကားများကြမှာတော့ မပူပါဘူး..ဖေဖေတို့ကစကားနိုင်လု

www.burmeseclassic.com

www.burmeseclassic.com



နေကြပဲဟာ.."

ပြောနေရင်းစကားသံက တိုးကျသွားကာ.. ।

"အဲ့ဒီအခြေအနေထက် ပိုဆိုးသွားမှာပဲကြောက်တာ.."

သဃရက ဇွန်းခပ်ရင်းကိုပြန်ကိုင်လိုက်ရင်း ပြုံးသည်။

"ကဲ..ဖေဖေတို့ပဲစားလိုက်ရအောင်..စားသောက်ရင်းဆက်ပြောကြမယ်.."

ပြုနေကြအတိုင်းသဃရက လရောင်ဦးချပေးတာကို ခံယူပြီးနောက် သမီးကြိုက်တတ်တာတွေ သူကိုယ်တိုင်ခပ်ထည့်ပေးရင်း.. ।

"သမီးအတွက်ဆို အစပ်တွေများတယ်နော်..အဲ့ဒါဖေဖေပြောချင်နေတာကြာပြီ၊ သမီးအစပ်တွေလျှော့စား.."

"ဟုတ်ကဲ့ပါ.."

ကြက်ကချင်ဟင်းကို ခဏခဏလုပ်ခိုင်းတတ်ကာ ငရုတ်သီးခွဲခြမ်းတွေရော ငရုတ်ပွနီတွေရော ရဲနေအောင်မြင်နေရတတ်သဖြင့် ဟင်းထည့်ပေးရင်း သတိပေးတော့ လရောင်ကရယ်ရင်း.. ।

"ဟိုအစက မျက်ရည်ကျအောင်စပ်တာဖေဖေရဲ့..အဲ့ဒါလေ၊ အပွန်း..မကြိုက်ဘဲနဲ့တမင်အစပ်ခံပြီးစားတာ.."

"ဘယ်လို.."

သဃရထမင်းဝါးနေသည့် လုပ်ရှားမှုပါရပ်သွားခဲ့၏။ လွှတ်ခနဲ ပြောပြီးမှလရောင် နှုတ်ခမ်းနားရောက်နေသည့် ဇွန်းကိုပြန်ချလိုက်ရင်း.. ।

"ဒီလိုပါဖေဖေရဲ့..ဟိုလေ၊ အစပ်တွေစားရင် ဗိုက်နာတတ်တယ်ဆိုတော့ ဗိုက်နာချင်လို့လေ.."

"အဲ့ဒါသမီးကိုယ့်ကိုယ်ကို ဒုက္ခရောက်အောင်လုပ်တာ.."

"မရောက်ပါဘူးဖေဖေရဲ့..ဗိုက်နာရင်လည်းခဏပဲဟာ.."

တကယ်ဘာမှမဟုတ်သလို ထမင်းစားရင်းပေါ့ပေါ့ပါးပါးပြုံးနေခဲ့ပေမယ့် ထိုစဉ်တုန်းကတော့ ဗိုက်နာလို့လူးလိမ့်နေရင်း မျက်ရည်တောင်ကျခဲ့ရသည်။ ကိုကိုက.. ।

'နင်အဲ့လောက်တောင် နာနေတာလားညလေးရာ..မေမေပြေးလာအောင် ဟန်ဆောင်နေတာမဟုတ်ဘူးလား'လို့ ကပ်မေးနေသေး



သည်။ ကလေးတုန်းကဟန်ဆောင်အော်ရဲပေမယ့် ခုချိန်မှာတော့ကယ်နာမှ သဘာဝကျမှာမို့ ငရုတ်သီးတွေတအားစားပစ်ခဲ့တာကို ကိုကိုမသိ..။

ဒါပေမယ့် လရောက်ဗိုက်နာနေတဲ့အချိန် မေမေအပြင်ရောက်နေခဲ့သည်။ ထုံးစံအတိုင်း ဘိုးဘိုးနဲ့ဘွားဘွားပဲ ဗျာများသွားခဲ့ရှာကာ၊ အရင်ဆုံးအိမ်ပြန်ရောက်လာတာလည်း ဖေဖေသာဖြစ်ခဲ့ပြီး မေမေကတော့.. ।

လရောင်ထိုစဉ်က အဖြစ်တွေကိုပြန်တွေးမိရင်း၊ ထမင်းလုတ်ကို မနည်းမျိုချနေခဲ့ရလျက်.. ။

"သမီးကအဲ့လိုမေမေပျာယာခတ်သွားတာလေးကို မျက်လုံးစင်းပြီးအရသာခံကြည့်ချင်လို့ တမင်ဗိုက်နာအောင် စားခဲ့တာလေ.."

ခဏတိတ်သွားပြီးမှ ပြန်ပြောလာတော့ လရောင်အသံလေးက အက်ရှရှလေးဖြစ်နေခဲ့လျက် သူမလေးရဲ့စိတ်တွေ ဘယ်ဆီရောက်သွားခဲ့သည်ကို ဖော်ပြနေခဲ့၏။

"ချစ်ခြင်းမေတ္တာဆိုတာ အချိန်နေရာရွေးပြီး သုံးစွဲလို့မရဘူးသမီး..အချစ်ကိုအသက်ကယ်ဆေးတစ်ခုလို လိုအပ်နေပြီဆိုရင်တောင် ရှင်သန်ခွင့်လေးပေးပါဆိုပြီး လိုသလောက်တောင်းယူလို့မရဘူး၊ ဖဲ့ယူလို့လည်းမရနိုင်ဘူး..စွန်းဆိုတဲ့မိန်းမရင်ထဲက နူးညံ့သက်ဝင်မှုကို သမီးတို့ထက်အရင် ဖေဖေကိုယ်တိုင်မရခဲ့တာ သမီးတို့မြင်တာပဲ.."

ဒီစကားပြန်ရောက်လာမှ သမီးကိုမေးဖို့ စကားစရသွားကာ..၊

"သမီးတို့မေမေ အမေရိကသွားမယ့်ညက သမီးတက်ချက်ပြီးအရေးပေါ်ပြေးခဲ့ရတာ မှတ်မိသေးလား.."

ဟင်.. ।

မထင်မှတ်ဘဲမေးလာသဖြင့် လရောင်ငေးခနဲဖြစ်သွားသည်။ ပြီးတော့ မျက်တောင်လေးခတ်ရင်း မလုံမလဲဖြစ်သွားသလိုပြုံး၍.. ।

"ဟုတ်.."

"အဲ့ဒီအခေါက်မှာ သမီးမေမေခရီးမသွားဖြစ်ခဲ့ဘူး..အဲ့လိုဖြစ်အောင် သမီးတို့တမင်လုပ်ကြတာလား.."

လရောင် မျက်လွှာပင့်ကြည့်လိုက်ပေမယ့် ရုတ်တရက်မဖြေ။

သဃရကလည်း တိတ်ဆိတ်စွာကြည့်နေခဲ့၏။ လရောင်ထ

www.burmeseclassic.com

www.burmeseclassic.com



မင်းစားခြင်းကို လက်စသတ်သလိုနှင့် အဖြေကောင်းကောင်းပေးဖို့ စဉ်းစားနေခဲ့သည်။ ပြီးမှ.. ၊

"မေမေကလည်း အဲ့ဒါကြာလှပြီဥစ္စာ..သမီးတောင်လေးတန်းပဲရှိသေးတာ.."

"ဖေဖေကလည်း ဘယ်တုန်းကလုပ်ခဲ့လဲလို့ မေးတာမှမဟုတ်ဘဲ.."

"အဲ့ဒါ..ဟို ကိုကိုကစပြောတာ.."

"ဟုတ်မှာပေါ့..သားကြီးကသမီးထက် သုံးနှစ်တောင်ကြီးတော့ ပိုတွေးတတ်နေပြီကိုး..ဆက်ပြော.."

"မေမေခရီးမသွားဖြစ်အောင် သမီးကဟန်ဆောင်တာ.."

"အင်း.."

"ကိုကိုသင်ပေးတဲ့အတိုင်း.."

"ပြီးတော့..ဖေဖေခိုင်းတာပါလို့ တစ်ယောက်ယောက်ကို သွားပြောမိသေးလား.."

"ဟင်.."

လရောင်မျက်လုံးလေး ဝိုင်းသွားကာ.. ၊

"ဟင့်အင်း..ဖေဖေခိုင်းတာမှမဟုတ်တာ၊ ဘာလို့အဲ့လိုပြောရမှာလဲ ဖေဖေရဲ့.."

ဒီလိုပဲဖြစ်မယ်ဆိုတာ သူတွက်ပြီးသားပါ၊ ကလေးတွေလက်ဝါးခြင်း ရိုက်ပြီးတွတ်ထိုးနေကြသည့် စကားတွေကိုနားစွံနားဖျားကြားပြီး စွန်းသူ့ကိုစွပ်စွဲခဲ့တာ..။

"ဖေဖေ့ကိုဘယ်သူလာမေးလို့လဲဟင်..သမီးတို့ကိုဖေဖေမြှောက်ပေးလိုက်တာဆိုပြီးတော့လား.."

သသရ မဖြေဘဲနေလျှင်.. ၊

"မေမေလားဟင်..ဟုတ်လားဖေဖေ.."

"ထားလိုက်ပါတော့သမီးရယ်.. ပြီးခဲ့တဲ့မကောင်းခြင်းတွေကိုမေ့နိုင်အောင်ပဲ ကြိုးစားရမှာ..ဘာဖြစ်လို့ပြဿနာ အစဖော်နေမှာလဲ.."

"ဟာ..ဖေဖေမှမဟုတ်တာ ရှင်းပြရမှာပေါ့..အဲ့ဒါမေမေမို့လားဟင်..ဒါဆိုပိုတောင်ရှင်းပြရဦးမှာဖေဖေရဲ့၊ သမီးတို့ကမေမေနဲ့ဖေဖေ



ချစ်ချစ်ခင်ခင်သွားလာနေထိုင်ကြတာကို အရမ်းမြင်ချင်တာ..အခုသမီးတို့ကြောင့် ပိုဝေးခဲ့ကြတာပေါ့.."

ပြောနေရင်း လရောင်မျက်နှာလေးပို၍ပျက်ကျလာခဲ့၏။ ခုပဲမေမေ စိမ်းကားရက်တာတွေပြောနေမိတာပါ၊ လက်စသတ်တော့ ထိုစဉ်တည်းက ခုခံတည်ရှိနေခဲ့တဲ့ အကြိတ်အခဲတစ်ခုကြောင့် မေမေဒီလိုနေနေတာပဲ.. ၊

"အဲ့ဒါသမီးသိပြီဖေဖေ..မေမေမသွားဖြစ်တော့ဘူးဆိုတော့ ကိုကိုနဲ့သမီးတို့ အခန်းထဲမှာခုန်ပေါက် အော်နေကြတာ..မေမေအဲ့ဒါကိုတစ်နေရာက.."

"ဟုတ်တယ်..ဖေဖေတွေးမိပါတယ်၊ ခုနပြောခဲ့သလိုပေါ့.. မေတ္တာတရားဆိုတာ ကိုယ်လိုချင်တိုင်း ရတာမဟုတ်ဘူးလေ..ဖေဖေလည်းမလုပ်ဘူး၊ သမီးတို့လည်းမပြောဘူး..ဒါပေမယ့် သူဒီလိုထင်ခဲ့တယ်ဆိုတာ ဖေဖေကဒီလိုကြိုးစည်မယ့် သူလို့သူထင်လို့ပေါ့..မျက်မမြင်ပုဏ္ဏားခြောက်ယောက်အကြောင်း သမီးသိသားပဲ.."

လရောင် ဖေဖေ့မျက်နှာကိုငေးကြည့်နေမိသည်။ ဆင်တစ်ကောင်ကို စမ်းသပ်ကိုင်တွယ်ပြီး ထင်မြင်ရာပြောနေကြသည့် မျက်မမြင်ပုဏ္ဏားခြောက်ယောက်အကြောင်းနဲ့ ယှဉ်ပြီးအထင်လွဲခံရသည့် အဖြစ်ကို ဖေဖေဘာဖြစ်လို့များ နားလည်နိုင်စွမ်းတွေနဲ့ ပြောပြနေခဲ့တာလဲ..။

သားအဖနှစ်ယောက်တည်း ပတ်ဝန်းကျင်ကို သတိမထားမိဘဲသိန်းသိန်းပန်းသီးစိပ် ပန်ကန်းတွေလာလဲပေးသွားတာကိုလည်း မသိခဲ့.. ၊

"အဲ့ဒါထားလိုက်တော့သမီး..ပြီးခဲ့တာကိုပြန်ပြင်လို့မှ မရတော့တာ.."

"မရတော့ပေမယ့် မေမေကခုထိ ဒါကြောင့်မကျေနပ်ဖြစ်နေတာဘယ်လိုလုပ်မလဲဖေဖေ.. သမီးတို့ကိုမေမေစိမ်းစိမ်းကြီး ဆက်ဆံခဲ့တာဒါကြောင့်မှန်း ခုမှသိရတယ်..တကယ်ဆိုရှင်းပြခွင့်တော့ မေမေ့ပေးသင့်ပါတယ်.."

သားသမီးနဲ့မိဘဆိုတာ မိဘကမုန်းမျက်နှာကျင်တယ်ဆိုတာမရှိကောင်းတဲ့အရာပါ၊ ဒါပေမယ့် စွန်းကတော့ ကလေးတွေကိုပါ ဥပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွာထားခဲ့သည်။ တွေးကြည့်လိုက်တော့ သူမတကယ်မုန်းနေတာကိုယ့်ကိုပဲ ဖြစ်သည်။

ကလေးတွေကိုယ့်နားကပ်လို့ ကလေးတွေကို ဂရုမစိုက်သလိုနေခဲ့တာတွေ..၊ ခုတော့ သူမဘာဖြစ်နေပြီလဲ.. ။

"သမီးတို့ကို သူမမုန်းပါဘူး..ဥပေက္ခာထားခဲ့တာကလည်း ဖေဖေဆီကနေ သူ့အမုန်းတွေရိုက်ခတ်တာပါ..သမီးတို့စိတ်ထဲမှာ မထားနဲ့.."

"ဖေဖေနဲ့မေမေ မုန်းနေကြတာကရော သမီးတို့နဲ့မဆိုင်ဘူးလား..ဖေဖေရယ်.."

သူဘာမှမပြောရသေးခင် ဖုန်းလာနေသဖြင့် ထသွားကိုင်လိုက်ရကာ.. ။

"ဘယ်လို.."

"………… ……"

"ဒါနဲ့ မင်းက.."

"………… ……"

"ဩော်..အခု အဲ့ဒီကိုစွပြီးသွားပြီလား.."

"………… ……"

"တော်သေးတာပေါ့ကွာ..အန်ကယ်လ်လာဖို့လိုသေးလား."

"………… ……"

"ဒါဆို သူ့ကိုအိမ်တန်းပြန်လာဖို့ ပြောပေးကွာ..ဒါမှမဟုတ် မင်းတို့သူငယ်ချင်းကို မင်းတို့ပဲပြန်ပို့ပေးကွာ..အဲ့ဒီကိုပြန်သွားမှာစိုးလို့ပါ.."

နေသရ အကြောင်းကိစ္စဆိုတာသိသည်နှင့် လရောင်ကပျာကယာ ထလာကာ.. ။

"ကိုကိုဘာဖြစ်လို့လဲဖေဖေ..ကိုမင်းရာတို့နဲ့တဲ့လား.."

"ဟုတ်တယ်.."

ဖုန်းပြန်ချခဲ့ပြီး အပြင်ကိုထွက်လာခဲ့လျှင် လရောင်ကပါလာကာ.. ။

"သမီးသိတယ်..အဲ့ဒါ လိုင်းပေါ်မှာစကားပြောနေတဲ့ ကိုရီး



ယားကပြဒါးဆိုတဲ့ မိန်းမနဲ့သွားတွေ့တာ.."

ဟင်.. ၊

သမီးသိတယ်ဆိုတော့ သရေအံ့သြသွားသည်။

"မေမေလည်း သိတယ်.."

"ဘယ်လို.."

"အခု ဖေဖေ့ကို ကိုကို့သူငယ်ချင်းက ဆက်တာမှတ်လား.. အဲ့အစ်ကိုကြီးတွေကလည်း တားကြတာပဲ..ပုံတွေတင်လိုက်သမျှ အဝတ်အစားတွေက တအားရိုင်းတာ..လှလည်းလှတော့မသိရင် စူပါမော်ဒယ်လ်ကျနေတာပဲ.."

"နေပါဦး..အဲ့ဒါကို သမီးမေမေက.."

"မေမေက ကိုကို့အခန်းထဲဝင်ပြီး အဲ့တစ်ယောက်နာမည်ဘယ်လိုသိလာလဲ မသိဘူး.."

"သူတို့ကအပြင်မှာ တွေ့ဖူးကြပြီလား..ဓာတ်ပုံတွေဘာတွေပေးယူနေကြတဲ့အထိဖြစ်နေလို့ စွန်းသိသွားတာဖြစ်မယ်.."

သမီးကိုမေးရင်း ကိုယ့်ဘာသာထင်ကြေးပေးမိသည်။ ပြီးတော့ တစ်ခုခုကိုသတိရသွားကာ.. ၊

"မိန်းကလေးနာမည်တော့ ပြောမသွားဘူး၊ ဒါပေမယ့် သမီး..သမီးကိုကိုသူနဲ့သွားတွေ့တာ သေချာလား.."

"ညတည်းက အူမြူးနေတာဖေဖေကလည်း..အခု သူတို့ဘာပြောလို့လဲဟင်ဖေဖေ..ကိုကိုရန်တွေဘာတွေ ဖြစ်လို့လား.."

"မဟုတ်ဘူး..ဖေဖေသိပြီ.."

စွန်းညဘက်ကြီး အပြင်မထွက်စဖူး ထွက်သွားတာ ဘယ်ကိုသွားမှန်း သရေသိလိုက်၏။

"ဖေဖေ အပြင်ခဏသွားဦးမယ်.."

"ဟင်..ဖေဖေ.."

"ခဏလေးပဲသမီး..သမီးကိုကိုပြန်ရောက်လာရင် အပြင်ပြန်မထွက်ဖို့ သေချာပြောထား.. ဖေဖေ့ကိုဖုန်းဆက်.."

"ဟုတ်ဖေဖေ.."

မျက်နှာဖြူဖြူပြည့်ပြည့်လေး နီးမြန်းတက်လာအောင် စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



တကြိုး ဖြစ်သွားသည့် သမီးကိုတောင်သေချာရှင်းမပြခဲ့နိုင်.. ၊

"စွန်း..ကွာ၊ ကျွတ်.."

ကားမောင်းရင်း မချင့်မရဲ ညည်းမိသည်။ သားသမီးအရေးကိစ္စကိုတော့ မိဘနှစ်ပါးတိုင်ပင်ဆုံးဖြတ်သင့်သည် မဟုတ်ဘူးလား၊ ခုတော့ သားသမီး ဘယ်လိုနေနေ ဥပေက္ခာထားခဲ့တော့လည်း သင်းပဲ..၊

စိတ်ပူဖို့ကျတော့လည်း ပူနေသလား၊ မပူဘူးလားတောင် သိခွင့်မရအောင်..သင်းပဲ.. ၊

ဟိုနေ့က ကိုယ့်အခန်းရှေ့ထိ လာရှာသွားတဲ့ပြဿနာက ထိုနေ့မှစ၍.. ၊

မနက်ဖြန်တိုင်းမှာ သေချာဖြစ်လာဖွယ်ရှိနေတာက.. ရန်ပွဲ.. ၊

အခန်း(၁၁)

"မဟုတ်ပါဘူး..ကျွန်တော်တို့ KTV မှာအစ်မပြောတဲ့ ဖယားတွေမရှိပါဘူး.."

"မရှိရင် ဖွင့်ပေးလေ.."

"အစ်မတံခါးခေါက်နေတာကို သူတို့ကမဖွင့်တာပါ.. ကျွန်တော်တို့ကတော့ ကတ်စတန်မာကို အတင်းအကျပ်ထုရိုက်ပြီး မဖွင့်ခိုင်းနိုင်ပါဘူး..နားလည်ပေးပါ.."

"ငါကလည်း.."

"ဆောရီးပါအစ်မရာ.."

"ဒီမှာ..ဒီမှာ.."

အပေါ်ထပ်အခန်း တစ်ခန်းရှေ့မှာ KTV ကဝန်ထမ်းကောင်လေး နှစ်ယောက်နဲ့ စွန်းမပြေမလည်တွေဖြစ်နေပြီကို သရေလှမ်းမြင်လိုက်တာနဲ့သိသည်။

ထို့ကြောင့် အလှမ်းကွာသေးပေမယ့် အသံပေးပြီး အပြေးတပိုင်းသွားမိကာ.. ၊

"ခဏလေး.."

ပြောပြီး စွန်းရဲ့လက်ကိုပြန်ရုန်းမရအောင် ဆုပ်ကိုင်လိုက် ပြီး..

"သားကပြန်ရောက်နေပြီ.."

"ဖယ်စမ်းပါ..သားပြန်သွားပြီဆိုတာ ကျွန်မသိတယ်..ဖယ်.."

လက်ကို ဆောင့်ခါလွှဲရုန်းနေရင်း စိတ်တိုလာကာ.. ၊

"ရှင်..သူများစကားပြောနေတာ မပြတ်သေးဘဲ အတင်းဆွဲခေါ်ရသလား..ကျွန်မက.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းက မင်းပြောချင်တာပဲသိတာလေ..မင်းလုပ်ချင်တာလုပ်နေရရင် အကောင်း.."

"အတိသုရ..ရှင်နဲ့ကျွန်မဒါတွေ ပြောဖို့ဒီထိလိုက်လာတာလား.."

"မင်းနဲ့ငါ့သားကိစ္စလေ..လူငယ်တွေကိစ္စကိုမင်းက.."

"ဘာပြောတယ်.."

ဘာစကားဖြစ်ဖြစ် ဆုံးအောင်ပြောလို့မရ.. ၊

စွန်းက သူမကိုဆွဲခေါ်ထုတ်လာတည်းက မကျေနပ်ခြင်းတို့ဖိတ်လျှံနေခဲ့ရာ.. ။

"လူငယ်တွေကိစ္စဆိုပြီး ရှင်က ကိုယ့်သားသမီးတွေဘယ်လေနဲ့ပါပါ ဘယ်ရေစီးနဲ့မျောမျော..ဟုတ်လား.."

"ငါလည်း ကလေးတွေအဖေကွ..စကားပြောတာကြည့်ပြော.."

"ရှင့်မျက်နှာကြီးကို တည့်တည့်ကြည့်ပြောနေတာပဲ.."

စွန်းက ထားခဲ့ရမည့်အခန်းဘက်ကို လှည့်ကြည့်ပြပြီး လက်ညှိုးထိုးကာ.. ၊

"အဲ့ဒီထဲမှာ ရှင့်သားကိုပါးရိုက်လွှတ်လိုက်တဲ့ မိန်းကလေးရှိတယ်.."

"ဘာ.."

"ရှင်ဘာမှမသိဘဲနဲ့ ဘာသံကြားလို့ထလိုက်လာတာလဲ..ရှင့်သားကို ယောကျ်ားလေးတွေ ဝိုင်းရိုက်ကြမလို့ လက်မတင်လေးကပ်လွဲသွားတာရော ရှင်သိရဲ့လား.."

"မင်းက ငါ့ထက်စောပြီးရောက်လာလို့သိနေတာ မဟုတ်ဘူးလား..မိန်းကလေးတစ်ယောက်ပါးရိုက်တာ ခံလိုက်ရတယ်ဆိုတည်းကအဲ့ဒီအကြောင်းက ဘာလဲဆိုတာနည်းနည်းပါးပါး သိဖို့ကြိုးစားဦး.."

"သိတယ်..သိလို့ အခုအဲ့ဒီအခန်းထဲက ဆွဲထုတ်မေးဖို့ကြိုးစားနေတာ.."

ပြုတ်ကျသွားပြီးသည့် လက်ညှိုးကလက်ဆန့်တန်း၍နောက်ထပ်ထိုးညွှန်ပြန်ကာ.. ။



"အဲ့ဒီထဲမှာ ယောကျ်ားလေးတွေတစ်ပြုံကြီးနဲ့ ပေါင်တိုကပ်ကပ် အကျီလက်တစ်လုံးနဲ့ မိန်းကလေးတစ်ယောက်ရှိနေတယ်..ဘီယာတစ်ကပ်မှာသွားတယ်.. sea food တွေအစုံအမြည်းလုပ်ပြီး တံခါးခေါက်တော့ လုံးဝဖွင့်မပေးဘူး.."

"အဲ့ဒါဘာဖြစ်လဲ..သူတို့ဘာသာ ဘာဖြစ်နေနေ..မင်းက.."

"မထားနိုင်ပါဘူး.."

စွန်းပုံစံက တကယ့်အပျိုပေါက်စလေးခြေဆောင့်အော်နေသလို ဘာကိုမှဂရုမစိုက်.. ၊

နောက်တစ်ခါဝန်ထမ်းကောင်လေးတွေနဲ့ မန်နေဂျာရောက်လာပြီး တားဆီးတော့မှ.. ၊

"အပြင်က ပါစင်နယ်လ်ကိစ္စတွေ ဒီထဲမှာလာရှင်းလို့မရပါဘူးခင်ဗျာ..ကျေးဇူးပြုပြီးအပြင်ထွက်ပေးပါ.."

"တောက်..မင်းကွာ.."

တစ်သက်နဲ့တစ်ကိုယ် သူများမောင်းထုတ်ခြင်းကို ပထမဆုံးခံလိုက်ရသဖြင့် ရှက်လည်းရှက်၊ စွန်းကိုလည်းစိတ်တိုကာ.. ၊

သုရ တက်ခေါက်ပြီး ကားနားထိဆွဲခေါ်လာခဲ့၏။

စွန်းကလည်း နည်းနည်းလေးမှသည်းမခံ.. ၊

"ရှင့်ကိုယ်ရှင် ဘာများမှတ်နေသလဲသုရ.. ဒီကိစ္စမျိုးကို KTVကအလုပ်သမားက တားဆီးတာလောက်နဲ့ အလျှော့ပေးရမှာလား.. ဒီကအခန်းထဲဝင်ပြီး တံခါးပိတ်နေလိုက်တာနဲ့ သူများသားသမီးကို ပါးရိုက်ထားတဲ့ကိစ္စက ပြီးသွားသလား.."

"မင်းမပြီးချင်တိုင်း ထင်သလိုလုပ်လို့မရဘူးဆိုတာလည်း မမေ့နဲ့လေ၊ KTVပဲဖြစ်ဖြစ် လမ်းဘေးဈေးဆိုင်ပဲဖြစ်ဖြစ် သူများပိုင်နက်သူများအခွင့်အရေး.."

"ဒါဆိုလည်းစောင့်မယ်..အဲ့ဒီမိန်းကလေးထွက်မလာမချင်းဒီကထိုင်စောင့်မယ်.."

"ဟား.."

သုရစိတ်ပျက်သွားပေမယ့် စွန်းကလက်ပိုက်လိုက်ပြီးဟိုဘက်လှည့်ရပ်နေလိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အဓိပ္ပါယ်မရှိလုပ်သွားတာ..လူငယ်ချင်းဆိုပြီးကြည့်နေ နိုင်ပေမယ့် ဒီလိုအထာမကျတဲ့အချိုးမျိုးနဲ့ လာကြောလို့မရဘူး.."

"မင်းကိုယ်မင်းပြန်ကြည့်ဦးစွန်း..ရှေးလယ်ခေါင်မှာ ရန်ဖက်ဖြစ်ကြဖို့ စိန်ခေါ်နေတဲ့ ငါးစိမ်းသည်ပုံပေါက်နေပြီ.."

ဒါကျတော့ ဒေါသပုန်ထနေသည့် စွန်းကိုယ်လေးတောင့်ခနဲဖြစ်သွားသည်။

ပြီးတော့ သူ့ဘက်ကိုလှည့်ကြည့်ကာ.. ။

"ကျေးဇူးပဲအပယ်သရ..ကျွန်မရဲ့ ပြောလဲပုံအဆင့်ဆင့်ကို ရှင်မို့ စတက်(ပ်)ဘိုင်စတက်(ပ်) လိုက်မှတ်နေနိုင်တာ.."

"မင်းပုံဘယ်လိုဖြစ်နေသလဲ..မင်းကိုယ်မင်းမှ မမြင်နိုင်တာ၊ အဲဒါဖြစ်လို့ ဒီလောက်တောင် ကလေးဆန်ရေတာလဲ..မင်းမနေ့တနေ့ကမှ သိရတဲ့ သတင်းတစ်ပုဒ်က ဘယ်လောက်ထိမှန်သလဲ..ဘယ်လိုထွေးနေသလဲ..အဲ့ဒါတွေမင်းမသိရဘူး၊ ပြီးတော့ သူတို့ချင်းပါးရိုက်နားရိုက်တွေဖြစ်တဲ့အထိ ဘယ်သူ့ဘက်ကဘယ်လိုရှိသလဲ.."

"ဩော်..ဩော်၊ ဒါဆို ခုတစ်ခါတည်းစောင့်ခေါ်ပြီး ရုံးတင်စစ်ကြည့်သင့်တာပေါ့.."

"မင်း ငါပြောတာကို အကောင်းဘက်ကနည်းနည်းတွေး.."

"ကောင်းမှုမကောင်းတာ အကောင်းတွေးရမလား..သူကိုယ်တိုင်ယောကျ်ားလေးတွေ တရှုန်းရှုန်းနဲ့ ဒူးပေါ်ပေါင်ပေါ်တွေ မရှက်မကြောက်ဝတ်ပြီး.."

"အဲ့ဒါမင်းနဲ့ မဆိုင်ဘူးလေ.."

"အဲ့ဒီမိန်းကလေးက ကျွန်မသားရဲ့ပါးကိုမရိုက်ဘဲ ရှင့်ပါးကိုရိုက်သွားတာဆိုရင်တော့ ဟုတ်တာပေါ့.."

ပြောပုံက ပက်ခနဲ.. ၊

ဘာစကားဖြစ်ဖြစ် တစ်ခွန်းမှနောက်ကျမခံဘဲ ပြန်ပြောနေတာ စက်သေနတ်ပစ်တာကမှ ကြာဦးမယ်.. ၊

"သားကိုပါးရိုက်တဲ့ ကိစ္စကိုလည်း.."

"လာမပြောနဲ့အတိသရ..သားနဲ့ဘာမှမပတ်သက်ကြသေး ဘဲ ညည်အပြင်မှာတွေ့ဖို့ချိန်းတာ သူပဲချိန်းတာ.."



ဟင်.. ။

"အဲ့ဒါ ဘယ်နှစ်ကြိမ်ဆိုတာရောပြောရဦးမလား.."

တကယ်ကိုအံ့ဩရပါ၏။ မနေ့ကမှသားအခန်းထဲ ဝင်မွှေလိုက်သည်ဆိုပြီး သတင်းကမြန်လှချေလား၊ ဒါကတော့ အင်တာနက်အားကိုးနဲ့မဖြစ်နိုင်ပေ.. ၊

သတင်းဆိုတာ တင်ပြသူရှိမှပြန့်တာ၊ မတင်ချင်တဲ့ သတင်းမျိုးကို ဘယ်လိုရှာဖတ်နိုင်တာလဲ... ၊

ဒါမှမဟုတ်စွန်းဆိုတဲ့အမျိုးသမီးက ရှေ့နေကျော်တစ်ယောက်မဟုတ်ဘဲ ကမ္ဘာကျော်ဟက်ကာကြီး ဖြစ်နေတာလား.. ။

"ဟွန်း.."

သူစိုက်ကြည့်နေတာကို ကြည့်ပြီး စွန်းကမဲ့သည်။

'ဒါလေးတောင်မသိဘဲနဲ့များ..'ဆိုသည့် မဲ့ပြုံးဖြစ်သည်။

"ညဘက်ချိန်းတာ ဒါနဲ့ဆိုသုံးခါရှိပြီတဲ့.."

"မင်းကို ဘယ်သူပြောတာလဲ.."

"ကလေးကွက်တွေ လာမနင်းပါနဲ့..ဘယ်သူကပြောပြော အဲ့ဒါနေသရနဲ့ သူ့အကြောင်းပဲ..တွေ့ကြတော့ လိုင်းပေါ်မှာ သားကသူ့အတွက် ဘယ်နှစ်ယောက်မြောက်မှန်းမသိဘူး..ညည လမ်းပေါ်ရောက်နေတဲ့ မိန်းကလေးက ပါးရိုက်တယ်တဲ့.."

သဃရာဘာမှပြောစရာ မရှိအောင်ဖြစ်နေတော့သည်။ အချိန်ကလည်း လင့်နေပြီမို့ ပါကင်မှာကားသုံးစီးပဲ ရှိတော့သည်။

"အဲ့ဒါတွေက ဖြစ်ပြီးနေပြီ..ထားလိုက်ပါ၊ အခု အိမ်ပြန်မယ်.."

သူပဲ လျှော့ဖို့ စိတ်ကူးလိုက်ပေမယ့်.. ။

"မပြန်ဘူး..သူပဲ ချိန်းပြီးယောကျ်ားလေးတွေ ယောကျ်ားလေးတွေ တစ်ဖက်လေးငါးရာနဲ့ လာစောင့်နေတာ ဘာသဘောလဲဆိုတာ ဒီည သိရမှဖြစ်မယ်.."

"သူ့ကာစင်တွေ သူငယ်ချင်းတွေဖြစ်နိုင်တာပဲကွ.."

စွန်းမျက်နှာ တင်းသွားပြန်သည်။ ပြီးတော့မှ အံ့ကြိတ်သံလေးနှင့်.. ။

"ဖြစ်နိုင်တာပေါ့..ယောကျ်ားလေးတွေ မျက်လုံးထဲမှာ လျှပ်စီး

www.burmeseclassic.com

www.burmeseclassic.com



လက်သွားအောင် မလုံ့တလုံဝတ်ထားတဲ့ ညီမကို အစ်ကိုတွေက လိုက်ပါခြံရံပြီး ကေတီဗီမှာ တံခါးပိတ်စောင့်ရှောက်နေကြတာ.."

"စွန်း.."

"ကျွန်မကိုရှင်မဝေဖန်နဲ့..ဒီနေရာမှာ ပါးစပ်ပိတ်မနေနိုင်ရင် ခု လှည့်ပြန်သွားလိုက်.."

"ပြန်မှာပဲ..ဒါပေမယ့် မင်းနေခဲ့လို့မရဘူး.."

"အတိသရ..ရှင်နော်.."

"မရဘူး..ဝင်ထိုင်.."

"မဝင်နိုင်ဘူး..ကျွန်မမှာကားပါတယ်၊ ဖယ်..လွှတ်.."

"ဂျိမ်း.."

"အား.."

တံခါးပိတ်ထည့်လိုက်တာ ဘယ်ကိုမှမထိပေမယ့် အထိုင်မကျသေးခင်မို့ လူကိုပြေးရိုက်လိုက်သလို ထင်ကာလန့်ဖျန့်အော်မိ၏။

"ဂျိမ်း.."

ဟိုဘက်က တံခါးပိတ်သံကြားမှ ကိုယ့်ဘာသာနေရာကျအောင်ပြင်ထိုင်ရင်း တက်ခေါ်လိုက်မိသည်။

"ဟုတ်လှပြီထင်မနေနဲ့..ရှင်နဲ့ကျွန်မမပြီးသေးဘူး.."

ဒေါသတွေ လစ်မစ်ကျော်နေတာက စွန်းအသံကသက်သေပြနေ၏။ ကားမောင်းနေရင်း သဲရမသိမသာပြုံးသည်။

ဘယ်သူက ပြီးချင်ပါသည်ပြောမိလို့လဲ.. ၊

အခန်း(၁၂)

"ကျွတ်.."

ရုံးချိန်နီးနေပြီမို့ ဧည့်ခန်းမှာခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စိတ်တိုနေမိသည်။ ထိုစဉ် နေသရထွက်လာတော့ အိပ်မှုန်စုံဝါး မျက်နှာခပ်အစ်အစ်နှင့်.. ၊

"ဘယ်အချိန်ရှိနေပြီလဲ..သား.."

"ခါတိုင်းဆိုလည်း ကိုးနာရီလောက်ထိ သားအိပ်တာပဲမေမေ.."

"အခု ဆယ့်တစ်နာရီထိုးတော့မယ်.."

"အဲ့ဒါ.."

"ညတုန်းက ပါးရိုက်ခံရလို့ လက်ဝါးဆိပ်တက်နေတာ လား.."

မေမေပြန်ရောက်လာသည်ဆိုတည်းက သူ့ကံကြမ္မာကို သိထားပြီးသားမို့ နေသရကဆိုဖာမှာ မျက်လွှာချလျက်ထိုင်လိုက်ရင်း..၊

"သူနဲ့သားက ဘာမှမဟုတ်ပါဘူးမေမေ.."

"မဟုတ်ဘဲနဲ့ ပါးခေါ်ရိုက်တာလား.."

"အဲ့ဒါ.."

"ရှုပ်ရှုပ်ယှက်ယှက်တွေထပ်မပြောနဲ့..ထပ်ဆက်ဖို့လည်း စိတ်မကူးနဲ့၊ ဒီမှာနေသရ.."

ညဝတ်အကျီတောင် မလဲနိုင်ဘဲဆံပင်ကို ဖြစ်သလိုကောက်ထပ်ဖြီးလာသည့် နေသရပုံစံကို စွန်းကခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ..၊

"ရည်စားထားတာကို ငါတားမြစ်နေတာမဟုတ်ဘူး..မင်းသဘောနဲ့မင်း ခံစားပြီးချစ်ကြိုက်နေတာကိုလည်း လူငယ်သဘာဝဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အနားသတ်မျဉ်းထဲမှာ ထားလိုက်လို့ရတယ်..ဒါပေမယ့် မ'အ'နဲ့၊ ငါ့မှာလည်း သမီးပျိုလေးနဲ့ သူများသားသမီးကို ပြစ်ချက်တွေထောက်မပြချင်ဘူး.."

ပြောနေရင်း ဖိုင်ကိုတစ်ဖက်ကိုပိုက်ထားပြီး လှည့်ထွက်သွားတော့ ဖြန့်ချထားသည့် ဆံနွယ်တွေက လွန့်ခနဲခါသွားသည်။ ခုမှသောက်ဖို့ သတိရပုံပေါ်သည့် နို့ခွက်ဆီလျှောက်သွားပုံက မေမေ့ရဲ့ မြန်မြန်ဆန်ဆန် ဟန်ပန်တွေမပျက်ဘဲ သေသပ်လှပသောပုံရိပ်သည်..၊

"ဒီမှာ.."

ဖန်ခွက်ကို ကိုင်ပြီးပြန်လှည့်လာကာ..၊

"သားတစ်ယောက်မွေးထားပြီး မတော်တရော်မိန်းမနဲ့ညားသွားမှာစိုးလို့ မအေကပူပန်တာသဘာဝပဲ..ဒါပေမယ့် တကောက်ကောက်လိုက်ကြည့် လိုက်ပါပြီး ဖြေရှင်းပေးနေရတဲ့အထိ မင်းမတုံးစမ်းပါနဲ့.."

'အ'တယ်လည်းပြောပြီးပြီ၊ 'တုံး'တဲ့ကောင်ဆိုတဲ့တစ်ဘွဲ့ထပ်တိုးတော့ မေမေ့မျက်နှာကို သူပြန်ကြည့်မိ၏။ မိတ်ကပ်ပြေပြေနှင့် ဝင်းနှစ်နေသော မျက်နှာထက်မှာ စိမ်းညို့သွယ်တန်းနေသည့် မျက်ခုံးတန်းတို့က ထင်းနေသည်။

ပြီးတော့ အသက်လေးဆယ်ကျော်ဆိုသည့် ကိုယ်ခန္ဓာက ခုချိန်ထိ သွယ်လျလှပနေဆဲ..၊

"ငါ စကားပြောနေတာကို..မင်းကဘာလဲပြုံးစိစိ.."

"မေမေတအားစိုးရိမ်နေတာကိုပါ..သားပြောပြတာလည်း မယုံဘူး.."

"သူများပါးရိုက်လွှတ်လိုက်တာကို ခံလာပြီးမှ ဘာတွေအကန်းရေတွင်းကျ ပြောချင်သေးလို့လဲ.."

"မပြောပါဘူး..ဒါပေမယ့် မေမေ့သားက မေမေ့လိုတော်ကောင်းထက်မြက်ပြီး ဒီအရွယ်ထိလှပနေတဲ့မိန်းမမျိုးမရဘဲ လုံးဝစိတ်မကူးဘူးမေမေ..အဟွန်း၊ အားမနာတမ်းပြောရရင် မေမေ့ထက်ပိုလှတဲ့မိန်းမကို သားကရှာယူမှာ.."

ဒေါ်သစိတ်တွေနှင့်ပြောနေသည့်စကားတွေက ကိုယ့်စကား



အပေါ်မှာ လေးနက်နာခံမှုရှိမနေသော နေသရရဲ့မျက်နှာအချိုးကြောင့် ရှေ့တိုးရမလို ပြန်လျှော့ရမလိုဖြစ်သွားခဲ့လျက်..၊

"နေသရ.."

"ဗျာ.."

"ငါပြောနေတာ မိန်းမယူဖို့ကိစ္စတွေမပါသေးဘူး.."

"သားကလည်း ယူဖို့ပြောတာမဟုတ်ပါဘူး.."

အရိုက်ခံထားရသည့် ပါးတစ်ဖက်မှာအနီကွက်တစ်ချို့ထင်နေဆဲကို ထိုပါးကိုပဲသနပ်ခါးလိမ်းသလို ပွတ်သပ်နေရင်း..၊

"ပါးရိုက်လိုက်တဲ့ကိစ္စအတွက် မေမေခံပြင်းနေတာသားသိပါတယ်..ဒါပေမယ့် အဲ့ဒါကိုမေမေသိသွားလို့အဆင်ဆိုးနေတာပါ၊ တကယ်တော့ သားကိုကပါးရိုက်ချင်လောက်အောင် ပြောလိုက်မိတာ.."

"ဩော်..ခံသင့်လို့ခံခဲ့ရတာ.."

"အဟွန်း.."

"မိန်းကလေးတစ်ယောက်အပေါ် နင်ပဲငဆပြောရဲတာဂုဏ်ယူစရာစရာမဟုတ်ဘူးနော်..မင်းကိုယ်မင်းကျေနပ်နေတာလား.."

"မနပ်ပါဘူး.."

"ချစ်သူရည်းစားဘဝမှာ မိန်းကလေးကို ပါးရိုက်နားရိုက်လုပ်လာကြတာလည်း ခေတ်စတိုင်လ်လိုလုပ်နေကြတယ်..အေး..ဘယ်သူတွေဘယ်လိုနေကြပေ့စေ၊ မင်းအဲ့ဒီလိုယောက်ျားမဖြစ်ရဘူး.."

"ဟင်..သားအရိုက်ခံခဲ့ရတာကျတော့ မေမေဒေါသထွက်နေတယ်.."

"မင်းကိုသွားပြန်ရိုက်ချေလို့ ငါခိုင်းနေတာလား.."

မေမေဒေါသထွက်လာတာမြင်မှ သူမသိမသာခေါင်းကုတ်၍ ချက်လွှာချ၏။ ဘယ်တုန်းကမှ ဒီလိုကိစ္စတွေကို စိတ်ဝင်တစားမေးမြန်းခဲ့တာမရှိဘဲ မနေ့ညတည်းက အချိန်မတော် သူ့နောက်ထွက်လိုက်လာသည်။

ဒီနေ့လည်း နေ့လည်ခင်းကျမှအလုပ်ကနေ အိမ်တစ်ခေါက်ပြန်လာပြီး သူ့ကိုစက်သေနတ်ပစ်ဖို့ မောင်းတင်လာ၏။

"ကိုကို ညလေးမပြောဘူးလား..ဒီကိစ္စမေမေသိရင် မကြွယ်ဘူးလို့၊ မေမေဟိုနေ့တည်းက ကိုကို့အခန်းထဲဝင်စစ်သွားတာတဲ့..၊

www.burmeseclassic.com

www.burmeseclassic.com



လရောင်က သတင်းအပြည့်အစုံပေး၏။ ပြီးတော့ ပြောသေးသည်.. ၊

"ညလေးတို့ကိုမေမေ စိတ်ဝင်စားလာပြီထင်တယ်နော်.."တဲ့..၊

ဒီအရွယ်ကျမှ သားနဲ့သမီးကို ဂရုစိုက်ဖို့သတိရလာတာ ဝမ်းသာရမှာပေမယ့် ပျော်စရာမကောင်းတာတော့ သေချာ၏။

"မင်းကိုဘယ်လိုမိန်းမမျိုးကို ရွေးပါ၊ ဘယ်လိုမိန်းမကိုပယ်ပါနဲ့ လိုက်ပြောနေရအောင် ငါမွေးထားတာ နားနဲ့မျက်လုံးပဲပါတဲ့ အရုပ်မဟုတ်ဘူး.."

"ဟုတ်ကဲ့ပါ..သားပြောတာကလည်း မေမေ့သားဒီလောက်မအပါဘူးဆိုတာပါ.."

"မုန်တိုင်းမရှိတဲ့အချိန်မှာ လှုတိုင်းတက်မကိုင်နိုင်တယ်..မင်းသိထားဖို့ကအဆင်ပြေနေတဲ့အရာရာမှာ နက်(ဂ်)တစ်ရှိတယ်ဆိုတာပဲ.."

"မေမေ့.."

နွေးရှုံသာရှိတော့သည် နို့တွေကိုတစ်ဝက်ကျအောင် မော့သောက်လိုက်ပြီး စားပွဲပေါ်မှာချထားလိုက်လျှင် စွန်းပြန်ထွက်တော့မှာကို သိနေသဖြင့်နေသရက ထရပ်လိုက်ကာ.. ၊

"မေမေ သူနဲ့တွေ့ခဲ့သေးလားဟင်.."

ကမန်းကတန်းထရပ်ပြီး မေးတာကဒီမေးခွန်းလား.. ၊

စွန်းက တစ်ရှုးထုတ်၍ ပါးစပ်သုတ်လိုက်ရင်း စိုက်ကြည့်လျှင်.. ၊

"မဟုတ်ပါဘူးမေမေရာ..အဲ့ကောင်မလေးကရိုင်းတယ်၊ အဆဲလည်းကြမ်းတယ်.."

စွန်းခပ်မဲ့မဲ့ပြုံးလိုက်ပြီး.. ၊

"မင်းအမေ အဆဲခံလာရပြီထင်နေတာလား..လူတစ်ယောက်ကို ဒေါသထွက်နေရင်ဆဲလိုက်ရမှ ဒေါသပြေတာမဟုတ်ဘူးနေသရ..သူကငါ့ကိုဆဲရင် ဆဲတာထက်နာစရာကောင်းတဲ့စကား ငါပြောတတ်တယ်.."

"ဒါပေမယ့် သူကမဟုတ်ကဟုတ်ကတွေပြောလိုက်ရင်တော့ မေမေကသားကိုပဲ ဒေါသထွက်မှာလေ..အဲ့ဒါကြောင့်.."



သူစကားမဆုံးခင် စွန်းက တစ်ရှုးကိုလုံး၍ အမှိုက်ပုံးထဲလှမ်းပစ်လိုက်ကာ.. ၊

"ချီးကျူးတယ်ငါ့သားလေး..အဲ့ဒီလိုအရည်အချင်းကောင်းများနဲ့ မိန်းမကိုရွေးကြိုက်တတ်တာ.."

နေသရမျက်နှာရှုံ့မဲ့သွားသည်။ သူဘာပြောပြော အမေ့ဒေါသ စက်ကွင်းက မလွတ်နိုင်.. ။

မေမေ့ကို သားချစ်ပါတယ်..သို့သော်ငြား.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဒီနေ့အမှုတစ်မှုအောင်မြင်ပြီးဆုံးခဲ့သဖြင့် ကိုယ့်အမှုသည်က ကျေးဇူးတင်ညစာစားပွဲဖြင့် တည်ခင်းခဲ့သည်။

အမှုသည်က ပုလဲသီဖြစ်ကာ၊ ဟေမာန်နဲ့ဆွေမျိုးမကင်း.. ။

ဒီနေ့အမှုပြီးသည့်အချိန်မှာ ပုလဲသီနဲ့ပါရင်းနှီးမှုရှိနေခဲ့ပြီဖြစ်လျက် သုံးယောက်တည်းစားပေမယ့် စားပွဲပေါ်မှာစားသောက်ဖွယ်တွေကအလျှံပယ်ဖြစ်၏။

ဒါတောင်ဟင်းအမယ်တွေ တစ်မျိုးပြီးတစ်မျိုးလာချနေတာမပြီးသေးပေ.. ။

"ကဲ..ဟင်းတွေလည်းတော်တော်ရနေပြီ၊ တော်ကြာစုံအောင်စောင့်နေရင်း ရှေ့ကဟင်းတွေအေးကုန်လိမ့်မယ်..စားလိုက်ရအောင်.."

ဒင်နာဆိုတဲ့အတိုင်း ညနေစောင်းကဝင်ထိုင်လိုက်တာပေမယ့် မိုးစုပ်စုပ်ချုပ်ခဲ့၏။ စားသောက်နေရင်းမိုးချုပ်သွားတာကို သတိထားမိကာ၊ စွန်းမျက်နှာကို မြင်ယောင်လာမိ၏။

"မင်းလုပ်ကြည့်လေ..ငါမင်းထက်ဆယ်ဆသာပြမယ်.."လို့ စွန်းကိုသူပဲ စိန်ခေါ်ခဲ့ပြီးမှ သူ့ဘက်ကချည်းခြေလှမ်းပျက်သလို ဖြစ်လာတာ ဘယ်နှစ်ခါရှိပြီမသိ.. ။

တိုက်တိုက်ဆိုင်ဆိုင် ခုတလောကျမှလူမှုရေးတွေဆက်တိုက်ဖြစ်လာကာ အိမ်ပြန်နောက်ကျပြီဆို မနေ့ကလည်းရှစ်နာရီထိုးခါနီးမှ ပြန်ရောက်ခဲ့၏။

ကိုယ်ပြောခဲ့သည့်စကားကြောင့်စွန်းကတော့ သူခြေလှမ်းစပြီလို့ထင်တော့မှာ သေချာပါ၏။ တွေးမိတော့ စားကောင်းသောက်ဖွယ်



တွေကလည်း အနံ့မရှိသလိုလို အဆင်းမရှိသလိုလို ဘာမှန်းမသိဖြစ်လာ၏။

သားသမီးတွေပြဿနာပေါ်မှာ စွန်းစိတ်ပူတတ်လာတာ ကိုယ်တိုင်ပြေးလွှားဖြေရှင်းပေးနေတာတွေ ရှိလာတာသူ့ကြောင့် မဟုတ်မှန်းသိပေမယ့် ဒီလိုဖြစ်လာတာကို သူအဆုံးရှုံးမခံနိုင်.. ၊

"တွေးနေတာလား..စားမကောင်းလို့လားရှေ့နေကြီးရဲ့.."

"ဟုတ်မှာပါပုလဲရယ်..အိမ်ပြန်နောက်ကျရင် မိန်းမရိုက်မှာစိုးလို့လေ.."

"ဟုတ်လား..ဒါဆိုလည်း ခွင့်လွှတ်ရမှာပေါ့ဟေမာန်ရယ်၊ နင်ကအပျိုကြီးပီပီ ကဲ့ရယ်မနေစမ်းပါနဲ့..ရှေ့နေကြီးလိုယောကျ်ားမျိုးတွေရင်သာ လက်လွှတ်မခံရဖို့ကြိုးစား..ကြည့်ပါလား၊ ရုပ်ရည်ကလည်းခင်းသားကျနေတာပဲ..လူတွေပြောကြတာ သူ့သားတောင်သူ့လောက်မချောဘူးဆိုပဲ.."

"လုပ်တော့မယ်ဗျာ.."

"ဟုတ်တယ်..ဟုတ်တယ်၊ ဟေမာန်မြင်ဖူးတယ်..နုနုငယ်ငယ်ပုံစံမို့လို့လားမသိဘူး၊ နည်းနည်းလိုတယ်..ကိုရက အားကစားသမားပုံစံ ပိုကြည့်ကောင်းတာ.."

"ဒါဆို..ဒီဝိုင်းကျွန်တော်ရှင်းရတော့မယ်ထင်တယ်.."

"ဟာ..ဒီလိုတော့မရပါဘူးနော်.."

ထိုင်မိလိုက်တာနှင့် စကားသံတွေက နားထဲကိုပီပြင်စွာဝင်လာသည်။ ထို့ကြောင့်စွန်းသေချာ လှည့်ကြည့်လိုက်မိ၏။ မြင်လိုက်ရတော့ စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားမိသည်။

အနားမှာ အမှုအပ်မယ့်အမျိုးသမီးနဲ့ခင်ပွန်းသည်ကလည်းရှိနေသဖြင့် ဟန်မပျက်နေလိုက်ရသည်။ နားကတော့ သူတို့ပြောသမျှကိုအာရုံစိုက်ထားပြီး ဖြစ်နေခဲ့လျက် ဒီဘက်မှာအမှုသည်ကလည်း ပြောသို့.. ၊

"ဒါဆိုအမပြောတဲ့ သက်သေတွေက မခိုင်လုံသေးဘူးလားညီ

www.burmeseclassic.com

www.burmeseclassic.com



မ..ဟင်.."

"သက်သေခိုင်လုံတယ်ဆိုတာ ဘာမှမစစ်မေးရသေးဘဲ ပြောလို့မရဘူးအစ်မ.. တရားလိုဘက်ကအမိကစွဲဆိုထားတာက ကျူးကျော်စော်ကားမှုဆိုတော့.."

"ဒီလိုရှိတယ်ညီမ..အစ်ကိုသေချာပြောပြမယ်၊ အစ်ကိုရဲ့ အစ်ကိုကြီးက သူတို့ခြံထဲကို မဝင်ခဲ့ဘဲနဲ့.."

အမူအပ်မယ့်လူက ရှင်းပြနေသည်။ စွန်းရဲ့ အာရုံထဲမှာ နောက်ကရယ်သံတွေကြောင့် အနှောက်အယှက်ဖြစ်နေ၏။ အလုပ်ကိစ္စပြောဖို့အတွက် ဒီလိုနေရာကိုမှချိန်းသည့် သူတို့ကိုပဲအပြစ်တင်ရမလိုလို.. ၊

ဒါမှမဟုတ် ဒီအသံဒီမြင်ကွင်းကိုပဲ မမြင်ချင်မကြားချင်တာလား၊ လောလောဆယ်တော့ စိတ်ရှုပ်နေတာအမှန်ပင်.. ၊

ရှင်လုပ်ထားစမ်း..အတိဿရ.. ၊

"နေဦးကိုရရဲ့..ပုဇွန်အခွံကြီးပါသွားပြီ၊ နေဦး..ဟောမာန်ခွာပေးမယ်.."

"ရပါတယ်..နေပါစေ.."

"မရပါဘူး..ပေးပါ၊ ဘာလဲ..ရှုံလို့လား.."

"ဟာ..မဟုတ်ပါဘူး.."

"ကဲပါ..အမလေးကြင်နာနေကြတာ၊ လာ..လာ နေရာလဲထိုင်လိုက်တော့..ငါကကြားခံဖြစ်နေပြီ.."

"အပွန်း..ကျေးဇူးပဲ.."

နှစ်ယောက်နေရာချင်းပြောင်းထိုင်လိုက်ကြတော့ သရမျက်နှာပူသွားသည်။ ထိုအခါကျမှ သူလှမ်းမြင်လိုက်တာ အတွင်းစားပွဲမှာ စွန်းနဲ့ ဧည့်သည်နှစ်ယောက်.. ၊

သွားပြီ ဆိုတာသိလိုက်သည်။ ဖွန်းခပ်ရင်းတွေပါလွှတ်ချပြီး ကိုယ့်နာဖူးကိုယ်သာ ရိုက်ချင်တော့သည်။ သူ့ကိုရှဲ့တယ်ထင်ပြီး စွန်းပြန်ရှဲ့မှာ သူ့အကြောက်ဆုံး.. ၊

ပြီးတော့ သူကိုယ်တိုင်စိန်ခေါ်ထားခဲ့မိသေးသည်။ ဒီကိစ္စပြေလည်ဖွယ် ရှိပါ့မလား.. ၊



နောက်ဆိုဟောမာန်နဲ့ မဆုံဖြစ်အောင်ရှောင်ဖို့ ဆုံးဖြတ်လိုက်ပေမယ့် စွန်းတို့ကအရင်ထထွက်သွားကြတော့ သူ့စားပွဲဘေးက ကပ်ကပ်လေး.. ။

သူလိုက်ကြည့်ပေမယ့် စွန်းကတစ်ချက်မှငဲ့မကြည့်ဘဲ အေးစက်စက်မျက်နှာလေးနှင့် ဘာမှမမြင်တဲ့အတိုင်းပင်.. ၊

စွန်းသူ့ကိုမြင်သည်။ သေချာမြင်သွားခဲ့မှန်း သေချာသိနေခဲ့သည်။ ပြီးတော့ ဟိုနဲ့ဒီစားပွဲချင်းအကွာအဝေးအရ ဟောမာန်တို့ရဲ့စကားသံတွေ ရယ်သံတွေကိုလည်း မကြားဘဲနေမှာမဟုတ်.. ။

တစ်ယောက်တည်းငုတ်တုတ်ထိုင်ရင်း အသံတိတ်ငရဲမှာ လက်ပစ်ကူးနေခဲ့သည်။

သေသင့်တယ်အတိဿရ..မင်းကလည်းမင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

"ဟော..ကြွပါရှင်၊ ရွှေနေကြီးကိုပဲမျှော်နေတာပါ.."

"အန်ကယ်လ်လေး..အန်တီစွန်းမပါဘူးလား.."

"အေး..သမီး..သူက.."

"ရွှေနေစွန်းက ဟိုဘက်ထောင့်စားပွဲမှာမို့လား.."

ဘယ်သူပြောလိုက်မှန်းမသိပေမယ့် သရကိုယ်တိုင်အံ့သြသွားပြီး လှမ်းကြည့်လိုက်မိသည်။ စွန်းတစ်ယောက်တည်း စားပွဲတစ်လုံးမှာ ထိုင်နေကာ ညနေက ရုံးမှာမြင်ခဲ့သည် ဖြူဖျော့ဖျော့နို့စိမ်းရောင်ဇာပါးရှင်ဖုံးလေးနဲ့ ဖြစ်သည်။

ဆံပင်တွေကို နောက်မှာလက်ကိုက်ပဝါလေးနဲ့ စည်းထားကာ-မျက်နှာကိုတော့ ပတ်(စ်)တစ်ခုခုရိုက်ထားသလို မှုန်ညက်ညက်လေးမြင်နေရ၏။

သူမလည်တိုင်မှာမြင်နေကျ စိန်လော့ကတ်လေးနှင့် ပလက်တီနမ်ကြိုးက အစိမ်းရောင်ခံအကျီလေးနှင့်မို့ ဒီနေ့ကျမှပိုကြည့်ကောင်းနေသည်။

စေ့စပ်ပွဲဆိုပေမယ့် မင်္ဂလာပွဲလောက်ခမ်းနားသော ဧည့်ခံပွဲထဲမှာ အလှအပတွေအပြိုင်ကျဲနေကြပေမယ့် စွန်းရဲ့ရိုးရှင်းသော ပုံစံလေးကထင်းနေတာမဟုတ်ဘဲ မျက်လုံးအေးစေလေသည်။

"ဟော့..ကိုယ့်မိန်းမကိုယ်ကြည့်လှချေလားဗျ.."

"ရွှေနေကြီးရေ..အပွန်း.."

အနားကိုမိတ်ဆွေတွေ ရောက်လာတာလည်းမသိလိုက်ပေ။ ပခုံးလာပုတ်မှ ရှက်ရယ်ရယ်ရင်း သူတို့ခေါ်သည့်စားပွဲမှာ ထိုင်လိုက်



ရသည်။

သတို့သားလောင်းတို့စုံတွဲ သူ့ကိုကြည့်ပြီးရယ်ကာ.. ၊

"အန်ကယ်လ်လေး..ဘာလို့ဟိုမှာသွားမထိုင်တာလဲ၊ ကြည့်ရတာ အိမ်မှာစိတ်ကောက်လာကြတာထင်တယ်.."

"သမီးရယ်..လူကြီးကို စ စရာမှတ်နေလား၊ ရွှေနေကြီးကို အားနာစရာကွယ်.."

လူကြီးတွေကတော့ တားပေမယ့် သဇင်ခိုင်ဆိုသောမိန်းကလေးက သရတို့အားလုံးနဲ့ရင်းနှီးနေသဖြင့် ရယ်မောမပျက်၊ အစအနောက်မပျက်နှင့်.. ၊

"သမီးတို့စေတနာနဲ့အောင်သွယ်ပေးမှာပါ..အကျိုးဆောင်ခမယူပါဘူး.."

"မလုပ်နဲ့သမီး..သူတို့လင်မယားက-အတူတူသာနေကြတာကမ္ဘာမကျေမာနတွေနဲ့ရယ်.."

"ကမ္ဘာမကျေအမုန်းပဲ ကြားဖူးပါတယ်ကွာ.."

"မုန်းကြတာတော့ မဟုတ်ဘူးကွ..မတည့်ကြရုံလေးပဲ.."

"အေးပေါ့လေ..ဒါကြောင့်လည်း သားသားလေးတွေ မီးမီးလေးတွေ တိုးပွားလာကြတာပေါ့.."

"ဟား ဟား ဟား ဟား.."

သူတို့တွေသုံးလေးယောက်လောက်ပဲရှိသည်။ ရယ်သံတွေက လူဆယ်ယောက်လောက် ရယ်နေကြသလို ပတ်ဝန်းကျင်မှာဆူညံနေတော့သည်။

နှစ်ဖက်မိဘတွေကလည်း ရယ်နေကာ.. ၊

"ကလေးတွေကတော့လေ တကယ်ပါပဲ.."

"ရွှေနေအတိသရဆိုတာ သူဌေးဦးသာရရဲ့သားများလား.."

လူကြီးချင်းသိဖူးနေသည့် အမျိုးသမီးကြီးက သရကိုလှည့်ကြည့်ပြီးမေးလျှင် သတို့သမီးလောင်းရဲ့မိခင်ဒေါ်မြဖူးက ခေါင်းညိတ်၍.. ၊

"ဟုတ်တယ်..ကျောက်မျက်ရတနာကုန်သည် ဦးသာရလေ..အဲဒါ ရွှေနေကြီးရဲ့အဖေ၊ ပြီးတော့ ယောက္ခမကလည်း ဖိုးကောင်းအ

www.burmeseclassic.com

www.burmeseclassic.com



ဆက်တွေလေ..လူကြီးချင်းကလည်း သူငယ်ချင်းတွေပဲ၊ နှစ်ဖက်စလုံး ချမ်းသာလိုက်တာမှ ကျိုကျိုတက်ပဲ.."

"သူတို့ကတော့ ရှေ့နေအလုပ်ကိုပဲ ဝါသနာထုံကြတာဖြစ်မယ်.."

"ဟုတ်ပ.."

စားပွဲနှစ်ဝိုင်းက သိပ်မကွာပေ.. ၊

လူကြီးတွေဝိုင်းကလည်း သဿရတို့ကိုလှမ်းကြည့်ဝေဖန်နေကြကာ၊ သဿရတို့ကလည်း စွန်းကိုလှမ်းကြည့်ပြီးစနောက်ရယ်မောနေကြဆဲ.. ၊

"တိုးတိုးပြောကြပါဗျာ..တော်ကြာ ကျွန်တော့်ကိုပြဿနာရှာနေပါဦးမယ်၊ အလိုလိုကာမှ.."

"အတိဿရရယ်..အဲ့ဒီပြဿနာက မောင်ရင်မာနကြီးနေလို့ပါ..လင်နဲ့မယားပဲကွာ.."

"ဟုတ်ပကိုထွန်းရာ..သူတို့လင်မယားပဲနေနိုင်တယ်၊ တစ်အိမ်ထဲနေပြီး မခေါ်ကြတာဘယ်နှစ်နှစ်ရှိပြီလဲ.."

"အဲ့လောက်တောင်လား.."

"ပိုတောင်ပိုဦးမယ်ဗျာ..ကလေးတွေကလည်း ငယ်ငယ်တုန်းကတော့ မိဘနှစ်ပါးကိုရင်ကြားစေ့ပေးဖို့ ကြိုးစားကြရှာတယ်..နောက်တော့လည်း.."

"ထူးဆန်းတယ်နော်..ကိုယ့်မိန်းမအချောအလှလေးကို ဒီတိုင်းအလှကြည့်နေရတယ်လို့.."

"အဲ့ဒါပြောတာပေါ့..တစ်နှစ်ကိုးသိတင်းလောက်ဆိုရင်တောင် ကျောက်ထက်အက္ခရာတင်သင့်နေပြီကို.."

"လင်မယားကွဲနေတာနဲ့ ဘာထူးမှာလဲ.."

"ကဲပါဗျာ..တောင်းပန်ပါတယ်၊ ဒီမှာပဲတော်ကြပါတော့.."

သဿရမျက်နှာရှုံ့မဲ့မဲ့နှင့် လက်မြှောက်တားဆီးရတော့သည်။ ပြောနေကြတာကို မကြိုက်လို့မဟုတ်ပေ၊ စားပွဲချင်းကဝေးနေပေမယ့် အသံတွေခဏတစ်ဖြုတ်ပါးလျားသွားစဉ် ဒီကစကားသံတစ်ချို့ စွန်းနားထဲ ပျံ့လွင့်သွားရင်မလွယ်.. ၊



ဒေါ်မြဖူးတို့စားပွဲက အမျိုးသမီးကြီးတစ်ချို့၏ စိတ်ဝင်စားမှုကတော့ သဿရနဲ့စွန်းထံမှာပဲ ရှိနေဆဲဖြစ်လျက်.. ၊

"မထင်ရဘူးနော်.."

"ဘာလဲ..မလှိုင်.."

မလှိုင်ဆိုသည့် အမျိုးသမီးကြီးက သဿရတို့ဆီမျက်လုံးဝေ့ရင်း.. ။

"သူတို့လိုအဆင့်အတန်းမျိုးနဲ့ အတွင်းကြိတ်ကြေမွနေတဲ့ အိမ်ထောင်ရေးမျိုးဖြစ်နေကြတယ်ဆိုတာ.."

"ဪ..ဒီလောက်လည်းမဟုတ်ပါဘူး၊ မခေါ်ကြဘူးဆိုပေမယ့် သူတို့အတူနေကြတာပဲလေ..ပြီးတော့ သူတို့အိမ်ထောင်ရေးမှာ ခုလိုနာမည်ကြီးသွားရတာ ရှေ့နေတွေဖြစ်နေကြလို့ မလှိုင်ရဲ့.."

"ဟုတ်လား..ပြောပါဦး.."

တခြားအမျိုးသမီးတွေက စိတ်ဝင်စားဖော်ရသော်လည်း မလှိုင်ကတော့ ဘယ်လိုအမြင်တွေထည့်ကြည့်နေသည် မသိ၊ ခပ်မဲ့မဲ့မျက်နှာနှင့် ခေါင်းခါ၏။

"သူတို့က အမှုတစ်ခုမှာနှစ်ဖက်အကျိုးဆောင်တွေအဖြစ် ရင်ဆိုင်ကြပြီးရင် အလုပ်ကိုအလုပ်မှာမထားခဲ့ဘဲ အိမ်ထိဒေါသတွေပါသွားတာ.."

"ဪ.."

"ကလေးတွေကျနေတာပဲ.."

"စွန်း..ဟုတ်လား၊ နာမည်ကတစ်လုံးတည်းလား.."

တစ်ယောက်က စွန်းကိုမသိမသာလှမ်းကြည့်ပြီး မေးကာ..။

"ချစ်စရာလေးနော်..တို့တွေလိုမဟုတ်ဘူးဟဲ့.."

"ဟုတ်ပ..ဘာမှပြင်ဆင်လာတာလည်း မတွေ့ဘူးလှနေတာပဲ.."

"တို့ကြားတာတော့ စွန်းကပဲမာနပိုကြီးတာတဲ့.."

"မြဖူးတို့က ဘယ်သူနဲ့ခင်တာလဲ.."

"လူကြီးချင်းပဲခင်ကြတာပါ..နောက်တော့မှ ရှေ့နေကြီးတို့နဲ့ နှုတ်ဆက်ခေါ်ပြောရင်း ခင်သွားကြတာ.."

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် စွန်းရဲ့စားပွဲမှာ သတို့သမီးလောင်းစုံတွဲနှင့် မိတ်ဆွေတစ်ချို့ရောက်သွားကြသဖြင့် ဒေါ်မြဖွားတို့လည်းပေါ်ပေါ်တင်တင် ကြည့်၍ ဝေဖန်ခွင့်ရသွားကြ၏။

"သူတို့မခေါ်ကြမှန်းသိလို့ နေ့စပ်ပွဲလာဖို့ တစ်ယောက်စီဖိတ်လိုက်တာလား.."

"မဟုတ်တာမိုးရယ်..ဦးမြတ်စွန်း ဒေါ်သစ်ဝေဆိုပြီးတစ်စောင် ဦးအတိသယရ ဒေါ်စွန်းဆိုပြီးတစ်စောင် လုံးဝသီးသန့်လေးစားစွာ ဖိတ်ခဲ့တာပါ.."

မလှိုင်ကတော့ သူတို့စကားဝိုင်းမှာ နားထောင်နေသည်ပဲများကာ အားလုံးရဲ့စကားသံတွေခဏနားသွားမှ.. ၊

"ဘာပဲဖြစ်ဖြစ် အဲ့ဒါမျိုးကို ဘာရှုတ်ကန်းဖင့်မလီလို့ သတ်မှတ်ရမှာပဲ..သူတို့ရဲ့မာနတွေ ပြိုင်ဆိုင်မှုတွေက မျဉ်းပြိုင်တွေလိုဖြစ်နေကြပြီလေ..ပြန်ဆုံဖို့မှမရှိတာ.."

မိုးယုနွယ်နဲ့ဒေါ်မြဖွားတို့တွေအားလုံး မလှိုင်ကိုအံ့သြသလို ကြည့်မိကာ.. ၊

"ဘယ်လို..မလှိုင်.."

"ပြောတော့မယ်..မလှိုင်ရယ်၊ အဟွန်း.."

ဒီလောက်ထိလေးနက်စွာ မတွေးကြဘဲ အပြုံးအရယ်တို့ဖြင့် ပေါ့ပါးစေကာ.. ၊

"'မ'ကိုချစ်လို့ 'ဥ'ကိုခင်တယ်ဆိုတဲ့ စကားရှိသေးတယ်လေ၊ သူတို့ခုထိမြဲနေကြတာ ကလေးတွေကြောင့်လို့ မလှိုင်ပြောရင်တော့ သိပ်မမှန်ဘူးနော်.."

"ကလေးတွေရင်ထဲမှာလည်း အထုံအကျင့်စွဲနေရောပေါ့မိုးရယ်..ဒီလိုမိဘတွေက အများအားဖြင့်သားသမီးအပေါ်မှာလည်း နွေးထွေးမှုနည်းတတ်ကြပါတယ်..ခေါင်မလုံတဲ့အိမ်ဟာ တံစက်မြိတ်ကောင်းလည်း အလကားပဲ..မိဘတွေရင်ထဲကခံယူချက်တွေ အေးစက်မှုတွေက သားသမီးရင်ထဲအပြည့်အဝရောက်နေပြီပေါ့..ကလေးတွေအတွက်တော့ ရင်လေးစရာပဲ.."

ဒေါ်ပန်းလှိုင်ဆိုသည့် အထက်တန်းကျောင်းအုပ်ဆရာမကြီး



က ဘယ်အရာကိုဖြစ်ဖြစ် စိတ်ခတ်စည်းကမ်းနဲ့ချည်း တိုင်းတာနေတတ်လျက် သူမသည်လည်းစွန်းတို့လို ဆွေကြီးမျိုးကြီးထဲကပဲဖြစ်၏။

စည်းစိမ်ချမ်းသာတာသပ်သပ် စိတ်ဓာတ်ပညာပြည့်ဝဖို့က သပ်သပ် ဟုခံယူလျက် သူမတို့ဆွေမျိုးအစဉ်အဆက်တိုင်းက ပညာတတ်လူရည်ချွန်တွေချည်းပဲဖြစ်၏။

ထို့ကြောင့် မလှိုင်ဆိုသည့်သူမကို ဒေါ်မြဖွားတို့ကနားလည်စွာပြုံးနေကြကာ.. ၊

"မလှိုင်ရဲ့ပေတံနဲ့တိုင်းကြည့်ရင်တော့ ဒါမှန်တယ်.."

"ဟုတ်တော့ဟုတ်တယ်နော်..ခုန ဟိုလူတွေပြောသလို သူတို့ကအိမ်ထောင်ကွဲနေကြတာနဲ့ ထူးမှမထူးတာ.."

"ဟော..ဟိုမှာစွန်းပြန်သွားပြီ.."

သူတို့တွေ ဒီအကြောင်းကိုပဲ စိတ်ဝင်တစားပြောနေတုန်း စွန်းကနေ့ည်ခံပွဲ၏ အလယ်လူသွားလမ်းကလေးကနေ လျှောက်ထွက်သွားပြီဖြစ်၏။

ခြံကြီးထဲမှာ လှပစွာလင်းလက်နေကြသော ရောင်စုံမီးတွေအောက်မှာ စွန်းကအနက်ရောင်ရှေ့နေအကျီလေးကို လက်မောင်းပေါ်တင်ထားလျက် ဆလင်းဘက်ခ်ကလည်း အနက်ပဲဖြစ်သည်။

နို့စိမ်းရောင်ဖျော့ဖျော့မြန်မာဝတ်စုံလေးနှင့် သူမ၏ကိုယ်ဟန်က လှပကျော့ရှင်းနေ၏။ တစ်ယောက်တည်းထိုင်နေသည့် သတို့သားလောင်းစုံတွဲနှင့် မိတ်ဆွေတွေကို နှုတ်ဆက်ပြီးထပြန်သွားတော့လည်း တစ်ယောက်တည်း.. ၊

ကြည့်လိုက်တော့ သရေတို့စားပွဲက လူအားလုံးကလည်း သူမကို လှမ်းကြည့်နေကြကာ၊ သရေကတော့မကြည့်ပေ၊ မလှိုင်ကမြင်မြင်သမျှကို ကြည့်ပြီးမှရှေ့ပြန်လှည့်ကာ.. ။

"ဒီထက်ငယ်ရွယ်လှပနေကြတုန်းကတောင် လင်နဲ့မယားသာယာဖို့ မိသားစုဘဝနွေးထွေးဖို့တွေကို ဂရုမစိုက်ခဲ့တာ ဒီအရွယ်တွေကျမှ ဘယ်သူ့ဘက်က အလျှော့ပေးဖို့ရှိမှာလဲ တွေးကြည့်ပါလား..သဘောထားကြီးမှုကို မလိုလားတဲ့သူမရှိဘူးမြဖွားရဲ့.."

မလှိုင်ရဲ့အဖျက်ဘက်က တွေးခြင်းများစွာက ကိုယ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း ဟုတ်နေပြန်ရာ.. ။

"အင်း..သူတို့နှစ်ယောက်စလုံးချောကြတယ်၊ လိုက်ဖက်ကြတယ်..ဒါတောင်မှနော်.."

"အဲ့ဒါပြောတာပေါ့..သာယာမှုဘာလဲဆိုတာ တခြားမှာရှာတွေ့သွားကြရင်..ဒီအိမ်ထောင်ရေး အဖက်ဆယ်မရတော့ဘူးပဲ.."

စကားဝိုင်းတစ်ခုလုံးမှာ သူတို့အကြောင်းကိုစလိုက်သည်နှင့် အဆုံးမဲ့ဝေဖန်ခြင်းများက အနာဂတ်ကိုတစ်ခါတည်း နိမိတ်ရေးနေကြတဲ့အထိ.. ။

ကာယကံရှင်တွေကိုယ်တိုင် စိတ်မဝင်စားခဲ့သော အနာဂတ်သည်... ။

## အခန်း(၁၅)

ဟင်းတွေကို သေချာရေတွက်လိုက်ပြီး လရောင်ကျေနပ်နေသည်။ ပြီးတော့ တစ်မျိုးစီကိုအနံ့လိုက်ခံရှူရှိုက်ပြီး ဟားခနဲအော်ကာ။

"ဒီဟင်းတွေကိုလရောင် ကိုယ်တိုင်ချက်ပြုတ်ထားတယ်ဆိုတာ မေမေဘယ်လိုမှယုံမှာမဟုတ်ဘူး..ဟား ဟား.."

လက်ခုတ်တီးရယ်လိုက်ပြီး ဒေါ်အေးသိန်းနားကပ်၍.. ။

"သိန်းသိန်း..မေမေဟင်းချက်ရင် ခုလိုကောင်းလား.."

"ဟင်.."

ဒေါ်အေးသိန်းမျက်လုံးတွေ ပင့်တက်သွားခဲ့ပြီး... ။

"ဖြစ်ရတယ်..ငါ့ကလေးလေးကတော့..ဟွန်း ဟွန်း.."

"သိန်းသိန်း..ဘာရယ်တာလဲလို့.."

"ရယ်စရာမို့လို့ပေါ့လကလေးရယ်..ဒါပေမယ့် သိန်းသိန်းက ကလေးကိုလှောင်တာမဟုတ်ဘူးနော်.."

လရောင်နှုတ်ခမ်းလေးဆူသွားတော့ ထိုနှုတ်ခမ်းလေးကို ချစ်စနိုးလှမ်းပုတ်ကာ.. ။

"ဟောဒီအပျိုပေါက်မလေး ကလေးဆန်ဆန်မေးလိုက်တာလေးကို ချစ်လို့ရယ်တာ.."

"မဟုတ်ဘဲနဲ့.."

"အဟုတ်ပြောတာပါသမီးရယ်..သမီးမေမေကို သိန်းသိန်းစတွေ့ဖူးတုန်းက ရှစ်တန်းကျောင်းသူလေးပဲ ရှိသေးတာ..သိန်းသိန်းကတော့ အပျိုအရွယ်ပေါ့၊ အဲ့ဒီချိန်မှာသမီးမေမေက မီးဖိုချောင်မှာဆရာမကြီးဖြစ်နေပြီသိရဲ့လား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.."

"သိပ်ဟုတ်တာပေါ့..အိမ်မှာဖေဖေဘယ်လိုကြိုက်တယ်၊ မေမေကဘယ်လိုစားတယ်..မနက်ဘရေ့ဖက်(စ်)ဘယ်လိုပြင်ရမယ်၊ နေ့လည်စာကဘယ်လို ညဆိုရင်ဘာညာ..အိုး..သိပ်ကိုလိမ္မာသိတတ်နေပြီပေါ့..သိန်းသိန်းကိုသူပဲသင်ပေးတာ စွန်းကအလုပ်သမားတွေကိုညာတယ်၊ တည်တည်လေးနေတတ်ပေမယ့် မမောက်မာဘူး.."

"သိန်းသိန်း.."

"ဟင်.."

"ဒါဆို လရောင်ကဆယ်တန်းအောင်ပြီးမှ သင်နေရတာ မေမေ့လောက် မတော်ဘူးပေါ့.."

"အဟွန်း..ဒါပေမယ့် လကလေးရဲ့လက်ရာကလည်း မေမေ့လိုပါပဲ..အရမ်းကောင်း.."

လရောင်မျက်ဝန်းလေးတွေ ဟင်းအိုးတွေဆီ ရွေ့ခနဲရောက်၏။ ပြီးတော့ ပြုံးယောင်သမ်းလျက်.. ။

"ဒါတော့တကယ်ဖြစ်မယ်..မေမေ့သမီးပဲဟာ ဘယ်ညံ့မလဲ.."

"ဟုတ်ပါ့.."

လရောင်က ငါးခေါင်းချဉ်ဟင်းအိုးကို မီးသွားပိတ်လိုက်သည်။ ပြီးမှ ပြန်လှည့်၍.. ။

"မေမေကသာ သူများအမေတွေလို လရောင်ကိုကြင်နာမယ်ဆိုရင် မီးဖိုချောင်ထဲမှာ ချက်ပြုတ်နည်းတွေ လက်ထပ်သင်ပေးမှာပဲနော်.."

ဒါကနာကျင့်စရာကဏ္ဍဖြစ်လာသောကြောင့် သိန်းသိန်းမျက်နှာပျက်သွားသည်။

"သိန်းသိန်းကြီး.."

"ဟင်.."

ဒီတစ်ခါခေါ်သံကြောင့် သိန်းသိန်းထိတ်ပျာသွားသည်။ နောက်ထပ်မေးခွန်းတစ်ခုခုထွက်လာမှာ စိုးရိမ်သွားသော်လည်း.. ။

"မိခင်အုပ်ထိန်းမှုနဲ့ မကြီးပြင်းရတဲ့မိန်းကလေးတွေက နေရာတကာမှာချို့ယွင်းချက်တွေ ဖြစ်လာတတ်တယ်တဲ့..လရောင်မှာဘာချို့



ယွင်းချက်တွေ ရှိလဲဟင်.."

"ဘာလို့ရှိရမှာလဲသမီးရယ်..သမီးမှာမိဘနှစ်ပါးစလုံးရှိနေတာပဲ.."

"ဒါပေမယ့်.."

"အရမ်းကြီးလျှောက်မတွေးပါနဲ့သမီးရယ်..သမီးဖေဖေနဲ့မေမေ ခုထိ စကားပြောအဆင်မပြေကြတာတောင် ဘယ်သူကမှခွဲထွက်မသွားကြဘူး..အဲ့ဒါသမီးတို့မောင်နှမကို ဘယ်လောက်အလေးထားတယ်ဆိုတာသက်သေပေါ့..ဆရာဆိုရင် သူ့သားလေးကိုသူငယ်ချင်းလို ပေါင်းတယ်၊ သမီးလေးကိုလည်း တန်ဖိုးထားလိုက်တာ တုန်နေတာပဲ.."

"ဖေဖေကတော့ဟုတ်ပါတယ်..ဒါပေမယ့် မေမေ့ဂရုစိုက်မှုကို မရတာ လရောင်အရမ်းဝမ်းနည်းတာပဲ..ဘာတွေရနေနေ ပြည့်စုံတယ်လို့ကို မထင်ဘူး.."

"ဂရုမစိုက်တာမဟုတ်ပါဘူးသမီးရယ်..အားမငယ်ပါနဲ့.."

အချိန်တိုင်း ဒီစိတ်နဲ့ပဲဆွေးမြေ့ကြေကွဲနေတာတော့ မဟုတ်ပါ။ တွေးမိလိုက်တဲ့အချိန်တိုင်းမှာတော့ ဘာနဲ့မှမတူတဲ့ နင့်သီးမှုမျိုးခံစားနေရတာ အမှန်ပင်.. ။

"ဒါဖြင့် သမီးရေသွားချိုးလိုက်တော့မယ်..မေမေအလုပ်လုပ်နေသလားမသိဘူး..သိန်းသိန်း မေမေ့ကိုအဆာပြေတစ်ခုခုသွားမကျွေးလိုက်နဲ့နော်..တော်ကြာ မီးမီးချက်တဲ့ဟင်းတွေနဲ့ မေမေအများကြီး မစားနိုင်ဘဲ နေလိမ့်မယ်.."

"အေးပါ..အေးပါ၊ ထမင်းစားချိန်လည်းရောက်နေပါပြီ..သမီးလည်း ရေမြန်မြန်ချိုးနော်..ပြီးရင် ဆရာ့ကိုလည်းသွားနှိုးရဦးမှာ.."

"ဖေဖေကအေးဆေးပါ.."

လရောင်မျက်နှာလေးမှာ တက်ကြွသည့်အပြုံးလေးတွေပြန်ပေါ်လာလျက်၊ ထမင်းစားခန်းထဲက ထွက်သွားခဲ့၏။ သို့သော်.. ။

မေမေ.. ။

အခန်းရှေ့မှာတင် လရောင်ခြေလှမ်းတွေ တုံ့သွားခဲ့သည်။ လှေကားကြီးဘက်က ထွက်လာသည့်စွန်းက ရွှေအိုရောင်ပေါ်မှာ နို့စိမ်းရောင် ပန်းနွယ်တွေယှက်နေသည့် မြန်မာဝတ်စုံနှင့် ဆံပင်တွေကို သေ

www.burmeseclassic.com

www.burmeseclassic.com



ချာစက်ဆွဲပြီး ဖြန့်ချထားတာမို့ အပြင်သွားဖို့အတွက် ပြင်ဆင်ထွက်လာတာကို သိလိုက်သည်။

လည်ပင်းမှာတော့ ဆွဲနေကျစိန်မြရံလော့ကက်နှင့် ကြိုးလေးပဲရှိကာ၊ လက်မှာစိန်နဲ့မြနှစ်တန်းသွား ကြိုးပျော့လေးကိုပတ်ထားသည်။

လရောင်စက်ရုပ်လေးဖြစ်သွားကာ၊ မေမေထွက်သွားသည့်အတိုင်း လျှောက်လိုက်သွားပြီး ကြည့်နေမိသည်။ ဖိနပ်ချွတ်မှာ အဆင်သင့်ထုတ်ပေးထားသည့် ဖိနပ်ကိုငုံ့စီးစဉ် ခြေထောက်တစ်ဖက်မှာလည်း ဖု(ထ်)ချိန်းက ဟန်းချိန်းလေးနဲ့ဆင်တူ.. ၊

မေမေသေချာပြင်ဆင်လာပြီဆို သားသမီးလူပျိုအပျိုတွေရှိသည့် မိခင်တစ်ယောက်လို့ ထင်ရဖို့ဝေးစွ၊ အိမ်ထောင်ရှိသည့် မိန်းမပါဆိုရင်တောင် အငြင်းပွားဖွယ်တွေဖြစ်ရတာပါ.. ၊

ဒါပေမယ့် ဒီလိုပြင်ဆင်တတ်တာလည်း မြင်ရခဲ့ပါသည်။ လရောင် ဒီနေ့မိဘနှစ်ပါးရုံးနားရက်မို့ အိမ်မှာမိသားစုလက်စုံ စားကြဖို့ တစ်ညလုံးဟင်းအမယ်တွေ စီစဉ်နေခဲ့သည်။

အစောကြီးထပြီး သိန်းသိန်းကိုပြေးပြောကာ လိုအပ်တာတွေစုံအောင် ဝယ်ခြမ်းခိုင်းခဲ့သည်။ ကြက်ဥ ဘဲဥကြော်တာလောက်သာ ဝင်လုပ်ဖူးခဲ့ပေမယ့်.. ၊

သိန်းသိန်းချက်ပြုတ်လက်စနဲ့ ဟင်းအိုးတွေကို စပ်စပ်စုစုဝင်မွှေ မြည်းကြည့်လုပ်ခဲ့ဖူးတာလောက်နှင့် ဒီနေ့ ကိုယ်တိုင်ချက်ပြုတ်ဖို့ အစွန်းကုန် ကြိုးစားခဲ့မိသည်။

ဘယ်သူ့ကိုမှမပြောဘဲ ကိုကို့ကိုလည်း နေ့လည်ဆယ့်တစ်နာရီမထိုးခင် အိမ်ပြန်လာဖို့ သေချာမှာထားခဲ့သေးသည်။ အကယ်၍သာ လရောင် ချက်ပြုတ်ထားတဲ့ မိသားစုထမင်းဝိုင်းလေးကို မေမေဒီလိုလှလှပပလေး ရောက်လာပြီး ချီးမြှင့်ခဲ့မယ်ဆိုလျှင်.. ၊

"မေမေ့.."

အနားမှာနီးနီးလေးရပ်ပြီးမှ ခေါ်လိုက်သဖြင့်၊ စွန်းဖျတ်ခနဲလှည့်ကြည့်သည်။ ပြီးတော့ လရောင်ရဲ့အိမ်နေရင်း ခပ်နွမ်းနွမ်းပုံလေးကို မျက်လုံးဝေ့သွား၍.. ၊

"ပြောလေ..ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား.."



"ကောင်းပါတယ်.."

လရောင် ဝမ်းနည်းသည့်စိတ်နှင့် စကားပြောရတာတောင်အဆင်မပြေ.. ၊

"မေမေဘယ်သွားမလို့လဲ.."

"ဪ..သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဆွမ်းကျွေးလေ၊ သူကမေမေ့ထက်တစ်နှစ်ကြီးသေးတယ်၊ အဲ့ဒါခုမှအိမ်ထောင်ပြုတာလေ.."

ကိုယ်ကတော့ သမီးတောင်အပျိုဖြစ်နေပြီဆိုသည့်အဖြစ်ကို နာကျင်နေတာလား၊ သဘောကျတာလားမသိ.. ၊

စွန်းက ဆုပ်ကိုင်ထားသည့် ပဝါကိုသေချာပြန်ခေါက်၍ လက်ပေါ်တင်ရင်း ပြုံးလိုက်ကာ.. ၊

"အဲ့ဒီကပြန်ရင်လည်း အမှုသည်တစ်ယောက်နဲ့ ရွှေအိမ်စည်မှာ ချိန်းထားသေးတယ်.."

"လရောင်က ဒီနေ့လည်စာမိသားစု ထမင်းဝိုင်းစားကြဖို့ သေချာချက်ပြုတ်ထားတာ.."

စွန်းလှေကားတစ်ထစ်မှာ ခြေချလိုက်ပြီးမှ တုံ့ခနဲဖြစ်သွားသည်။ ပြီးတော့ လရောင်မျက်နှာလေးကို ပြန်လှည့်ကြည့်ပြီး ပြောရခက်သလို အားနာသလိုလိုဖြစ်သွားသည့် မျက်နှာမှာနစ်သိမ့်ပြုံးတစ်ချက်ထင်ကာ.. ၊

"ဆောရီးသမီးရယ်..သမီးကကြိုမပြောမထားတာ.."

"နားတဲ့ရက်တွေဆို အိမ်မှာပဲရှိနေတတ်လို့ပါ..နောက်ပြီး လရောင်က အားလုံးကိုစပရိုက်လုပ်ချင်လို့.."

စွန်းမျက်နှာ ဖျတ်ခနဲတစ်ချက်ပြောင်းလဲသွားသည်။ ပြီးမှ..၊

"နားရက်ဆိုတာ ကိုယ်နားချင်တဲ့ရက်က နားရက်ပဲလေ.. နောက်ထပ်နားရက်တွေမှာ လုပ်လို့ရတာပဲ..အိုခေ.."

မအိုကေပါဘူးမေမေ.. ၊

စွန်းရဲ့ကားသံသည် လရောင်အတွက် ရထားဖြတ်ခုတ်သွားသောသံလမ်းဘေးမှာ ခေါင်းချအိပ်နေသူကဲ့သို့ ကြမ်းတမ်းတုန်ခါကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး.."

ဒေါ်အေးသိန်း ခြေလှမ်းသွက်သွက်နှင့်ရောက်လာကာ.. ၊

"ကားကဘယ်သူထွက်.."

ဘယ်သူထွက်သွားတာလဲလို့ မေးဖို့မလိုအောင် လရောင်မျက်ဝန်းလေးက အဖြေပေးနေခဲ့၏။ ဒေါ်အေးသိန်းလည်း စကားသံလိုလို ကြားလိုက်သဖြင့် အပြင်ထွက်လာခဲ့တာဖြစ်သည်။

လရောင် ရေမိုးချိုးနေသည်ပဲထင်ကာ၊ တစ်ယောက်ယောက်များ ထမင်းဆာပြီးဆင်းလာတာလားလို့.. ။

"မေမေက မင်္ဂလာဆွမ်းကျွေးတဲ့.."

"သြော်..ဘာဖြစ်လဲသမီးရယ်၊ သမီးကစပရိုက်လုပ်မယ်ဆို ပြီးကြိုမှပြောမထားတာ..ကဲပါ၊ ဆရာရှိသေးတယ်..ပြီးတော့.."

ပြောနေတုန်း ပြိုင်ကားအနီရဲရဲလေးဝေါခနဲဝင်ချလာသည်။ မေမေက ရှေ့ကထွက်သွားတာဖြစ်ကာ၊ နေသရကဘေးတံခါးက ဝင်လာတာဖြစ်၏။

အစ်ကို့မျက်နှာမြင်လိုက်သည်နှင့် နေထိပန်းလိုနွမ်းလျနေသည့် လရောင်မျက်နှာလေးက ကြည်ကြည်လင်လင်လေး ဖြစ်လာခဲ့လျက်.. ၊

"ကိုကို.."

"တံခါးဝထွက်ပြီး ဘာလုပ်နေတာလဲ.."

"ဒီနေ့လေ လရောင်က.."

မေးလာသည်နှင့် အားပါးတရပြောပြဖို့ ပြင်လိုက်သော်လည်း.. ။

"ကိုကို့.."

နေသရက အိမ်ထဲကိုတောက်လျှောက်ဝင်သွားသဖြင့် နောက်ကပြေးလိုက်ရင်း.. ၊

"ကိုကိုထမင်းဆာလာတာလား..နေပါဦး၊ ညလေး ဖေဖေ့ကိုသွားခေါ်လိုက်ဦးမယ်..ညလေးတို့တူတူစားမယ်လေ.."

"မဆာပါဘူးလကလေးရာ..သင်္ကြန်မှာကဲကြဖို့ အစီအစဉ်တွေ အားချင်းလုပ်နေရတာ၊ ဆာရမှန်းတောင်မသိဘူး..ဖေဖေရော.."



ဖေဖေ့ကိုမေးပြီး ပြန်ဖြေတာပေည်းမစောင့်ဘဲ ဖေဖေ့အခန်းဆီ ခြေးတက်သွားသည်။ ပြီးတော့ ပိုက်ဆံအထုပ်လိုက်ကိုင်ပြီး ပြေးဆင်းလာကာ လရောင်ခေါင်းလေးကိုပုတ်ပြီး တစ်ခါတည်းပြန်ထွက်သွား၏။

လရောင်ဒီတိုင်းလေး ငေးမောကျန်ရစ်ခဲ့ရင်း မျက်ရည်တွေဆော့တက်လာပြန်သည်။ သိန်းသိန်းခြေသံကြားတာနှင့် မျက်နှာလေးလွှဲ၍ မျက်ရည်သုတ်မိကာ.. ၊

"သမီးလေး.."

"သိန်းသိန်း..အဲ့ဒါတွေ သိန်းသိန်းပဲကြည့်လုပ်လိုက်တော့နော်.."

"သမီးရယ်..အားလုံးကသမီးလေးကြိုပြောမထားလို့ဖြစ်ရတာပါ၊ စိတ်မဆင်းရဲပါနဲ့ကွယ်..ဆရာ့ကိုသွားနှိုးပြီး သားအဖအေးဆေးစားလိုက်ပါ..ရေချိုးလိုက်နော်၊ သိန်းသိန်းပြင်ထားလိုက်မယ်.."

"ဟင့်အင်း..ဖေဖေ့ကိုလည်း.."

"ရတယ်..ဒေါ်ရတနာ၊ ကျွန်တော်ပါ..ပြောပါ.."

စကားမဆုံးခင် သဿရဖုန်းပြောသံဝင်လာကာ၊ အပေါ်ထပ်ကိုမော့ကြည့်လိုက်မိ၏။ ဂငယ်ပုံအတွင်းဝရန်တာမှာ ဖုန်းပြောရင်းလျှောက်သွားသည့် သဿရကခုမှမျက်နှာသစ်ထားသလို ဆံပင်တွေကိုနဖူးကနေ သိမ်းလှန်ထားပြီးညဝတ်အကျီနဲ့အတိုင်း.. ၊

လရောင်နဲ့ဒေါ်သိန်း မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့လရောင်က မျက်နှာငုံ့သွားပြီး နှုတ်ခမ်းလေးကိုဖိပိတ်ထား၏။

"ရပါတယ်..ညတုန်းက အလုပ်စားပွဲမှာပဲမိုးလင်းသွားလို့..ခုနှစ်နာရီခွဲမှ အိပ်ရာဝင်ဖြစ်တယ်၊ အဲ့ဒါကြောင့် ခုမှ..အဟွန်း.."

"... .......... . ........"

"ဖြစ်ပါတယ်..လာခဲ့ပါ့မယ်.."

"... .......... . ........"

"အိုခေ..အိုခေ.."

ဖုန်းပြောနေရင်း အိပ်ရာထနှုတ်ဆက်နေကျမို့ သမီးမျက်နှာမော့လာမှာကို သဿရကတကြည့်ကြည့်နှင့်ရှိကာ.. ၊

"သမီးရေ..သမီး အခန်းထဲကဖုန်းသံကြားတယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံကြားလိုက်မှ လှမ်းပြောလိုက်တော့ လရောင်ကမော့ကြည့်သည်။ ထိုအခါကျမှ သရကာရယ်ရင်း ခေါင်းညိတ်၍ လှေခါးဘက်ကို လှည့်ထွက်သွားခဲ့သည်။

မိသားစုလေးယောက်ရှိကြသည်။ သုံးယောက်သည်အလုပ်ကိစ္စဗာယီရတို့ဖြင့် တစ်လမ်းစီထွက်ကြဖို့ ရှိလျက် လရောင်ကတော့ဒီလိုအချိန်မှာ ဖုန်းပြောဖို့အခွင့်အရေးလေး ရခဲ့တာကိုပဲ ကျေနပ်ဖို့ကြိုးစားရင်း ဖုန်းရှိရာသို့.. ၊

အခန်း(၁၆)

လှုပ်ရှားနေရပေမယ့် စိတ်ကနောက်ပြန်ရောက်နေခဲ့သည်။ ဘာမှမဟုတ်သလိုလို ထွက်လာခဲ့ပြီးမှ သမီးလေးရဲ့မျက်ဝန်းလေးတွေကို ဖျောက်မရဘဲဖြစ်နေ၏။

"မိသားစုထမင်းအတူစားကြဖို့ လရောင်သေချာစီစဉ်ထားတာ.."

"သမီးက စပရိုက်လုပ်ချင်လို့ပါ.."တဲ့.. ၊

သမီးစီစဉ်ထားတယ်ဆိုတာ မီးဖိုချောင်ထဲကိုယ်တိုင်ဝင်ပြီး ပါဝင်ချက်ပြုတ်ထားတာများလား.. ၊ တွေးလိုက်မိတော့ ရင်ထဲမှာ ဖျင်းခနဲ ပူရှိန်းသွားသည်။ ကြည် နူးလိုက်မောသော နွေးထွေးမှုမဟုတ်ဘဲ ကိုယ့်မှာအပြစ်ကြီးသွားသလို ပူထူသွားတာဖြစ်သည်။ ဟုတ်မှာပါ.. သမီးမျက်နှာလေးက အလုပ်ရှုပ်မောပန်းနေတဲ့ ပုံပဲ.. ၊

"ဟော..ဘာမှလည်းမစားဘဲ ငုတ်တုတ်ထိုင်နေတယ်.."

သတို့သမီးက ရောက်လာပြီးဘေးမှာ ထိုင်ချလိုက်၏။ သူမက တက္ကသိုလ်တက်ကြတုန်းက အခင်ဆုံးသူငယ်ချင်းဖြစ်သည်။ ဒါပေမယ့် ကျန်းမာရေးမကောင်းသဖြင့် ဘွဲ့သာရပြီး စွန်းတို့လိုအလုပ်လုပ်ခွင့်မရခဲ့ပေ.. ၊ ခုတော့ အပြင်စီးပွားရေးလေးတစ်ခု ထူထောင်လုပ်ကိုင်ရင်း ကြင်ဖက်ကောင်းနဲ့ တွေ့ခဲ့တာဖြစ်၏။

"တစ်ယောက်တည်းငေါင်တောင်တောင်ဖြစ်နေလို့လား စွန်းငါက နင့်စိတ်ကိုသိလို့ တမင်တကာသီးသန့်ထားပေးတာပါ.."

"မဟုတ်ပါဘူးဆုရယ်.."

"မဟုတ်ရင် ဟင်းတွေမကောင်းလို့လား..ငါကိုယ်တိုင်ဦးဆောင်မလုပ်နိုင်ပေမယ့် အချက်အပြုတ်ကောင်းတဲ့လူတွေ သေချာရွေး

www.burmeseclassic.com

www.burmeseclassic.com



နိုင်းထားတာပါ.."

ဆုကပြောနေရင်း ဟင်းပန်းကန်တွေကို သေချာလိုက်ကြည့်ပြီး မြည်းဖို့လုပ်နေ၏။ စွန်းက ဆုရဲ့လက်လေးကို ဆွဲထားလိုက်ပြီး ခေါင်းခါပြကာ.. ၊

"ငါ့သမီးလေးက ထမင်းစားဖို့စောင့်နေတာကို သတိရလို့ပါ ဆုရယ်၊ ဒါတွေနဲ့ မဆိုင်ပါဘူး...ငါပြန်တော့မယ်.."

"ဘယ်လို.."

ပြောပြီး ချက်ချင်းထဖို့ပြင်တော့ ဆုက ခေါင်းတခါခါနှင့် လက်ကို ပြန်ဆွဲထား၏။

"နင်ကလည်း တစ်လုတ်တစ်ဖွန်းလောက်တော့ စားလိုက်ပါဦးဟယ်..ငါကိုယ်ချင်းမစာလို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့ပွဲမှာနင် ဒါလေးတော့ လုပ်ပေးသွားပါ..ငါလည်းတူတူစားမယ်လေ.."

စွန်းထရခက်,စားလည်းမစားချင်ဘဲ ဖြစ်နေစဉ် သတို့သားက မိဘတွေနဲ့ရောက်လာကာ.. ၊

"ဆုက သူငယ်ချင်းဆီရောက်နေတာကိုး...ကိုယ့်တို့ကိုဆရာတော် ခေါ်နေတယ်ဆုရဲ့...လာပါ ခဏလောက်ပါပဲ.."

"သမီးလေးအေးဆေးစားနော်..ဘွားလည်းလမ်းမလျှောက်ချင်တော့တာနဲ့ သမီးကိုအဖော်လုပ်ပေးမယ်.."

"ဟင်..ရပါတယ်၊ စွန်းလည်းပြန်တော့မှာ.."

လူကြီးတွေရော ဆုရောဘာမှမပြောနိုင်ခင် တောင်းပန်သည့်အကြည့်တစ်ချက်နှင့် ဆုကိုနှုတ်ဆက်၍ လစ်ထွက်လာခဲ့သည်။ ကားနားရောက်တော့ နာရီငုံ့ကြည့်ရင်း မောင်းထွက်လာခဲ့တာလည်း အလျင်စလို...၊ ခုလောက်ဆို သမီးလေးဝမ်းနည်းပြီးငိုနေပြီလား၊ ငိုရင်းနဲ့ အိပ်ရာထဲလှဲရင်း အိပ်များအိပ်နေပြီလား၊ သမီးလေးက စိတ်တော့ မကောက်တတ်ပါ..။ ဒါပေမယ့် မနက်ကတော့ သမီးလေး တော်တော်ခံစားသွားရတာကို ပြန်တွေးမိနေသည်။

"ကျွတ်.."

စွန်း ကိုယ့်ကိုယ်ကိုလည်းစိတ်ပျက်အံ့သြမိ၏။ ကလေးတွေနဲ့ နွေးထွေးဖို့ ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပြီးပါလျက် ဘာဖြစ်လို့ အရင်



လို ဥပေက္ခာတွေနဲ့ ထွက်လာခဲ့ရတာလဲ.. ၊

"မဟုတ်ဘူး..သမီးကိုမေမေအဲ့လိုလုပ်ချင်တာ မဟုတ်ဘူး.."

ကားမောင်းနေရင်း တစ်ယောက်တည်းဖြေရှင်းနေမိသည်။ သူရနဲ့ထိပ်တိုက်ပဋိပက္ခတွေ ရှိခဲ့ဖူးသမျှ ဖအေကိုမှချစ်ကြသည့် ကလေးတွေအပေါ် သဝန်တိုခဲ့မိသည်။

ကိုယ့်ရဲ့လိုလားချက် မျှော်လင့်ချက်တစ်ချို့ကို ပျက်စီးစေခဲ့ဖူးသော သင်ခန်းစာများအရ ကလေးတွေတစ်ခုခု တောင်းဆိုလာတိုင်း သူရဆိုတဲ့လူ ကြိုးကိုင်နိုင်းစေသည်ပဲ ထင်ခဲ့သည်။

ဘယ်တုန်းကမှလည်း ထမင်းဝိုင်းမှာမိသားစု မဆုံခဲ့ဘူးပါ၊ လူစုံတက်စုံအိမ်မှာ ရှိနေရင်တောင် သူရနဲ့မျက်နှာချင်းဆိုင်မစားဖြစ်အောင် စွန်းဘက်ကရှောင်နေခဲ့တာ.. ၊ ခုကျမှ မိသားစုလက်ဆုံစားကြဖို့ဆိုသည့်တောင်းဆိုချက်အပေါ် ချက်ချင်းသံသယဝင်ခဲ့မိသည်။ ထို့ကြောင့် ခေါင်းခါပြီး ထွက်လာခဲ့မိ၏။ ဒါပေမယ့် အိမ်မှာသားကြီးနဲ့ ဟိုပုဂ္ဂိုလ်တော့ ရှိနေမှာပဲ၊ သမီးလေးကို ဖြေသိမ့်ပေးထားနိုင်မယ့် သူတွေကိုတွေးမိပြီး လက်ကဖုန်းဆီရောက်၏။

"အေး..မေမေပဲ၊ သားဒီနေ့အပြင်မထွက်ခဲ့နော်..မင်းညီမလေးက.."

"........ .. . ........."

"ဘာ..အပြင်မှာဟုတ်လား.."

စိတ်တိုသွားကာ ဘာမှလည်းဆက်မမေးဖြစ်တော့ပေ၊ ဟိုပုဂ္ဂိုလ်ကတော့ ရှိနေမှာပဲတွက်ထားခဲ့ပေမယ့် သားကအပြင်ရောက်နေပြီဆိုတော့ သူ့ကိုလည်းမယုံရဲဖြစ်သွားကာ ဖုန်းခေါ်လိုက်မိ၏။

သို့သော်နှစ်ခါပြန်ခေါ်တာတောင် သူရကမကိုင်ခဲ့.. ၊

"ကျွတ်..သင်းကရော ဘာတွေအလုပ်ရှုပ်နေလို့ မကိုင်ရတာလဲ.."

ကားကိုပါရမီဘက်ကို ချိုးကွေ့လိုက်ရင်း ရေရွတ်လိုက်မိကာ။ အိမ်မှာမရှိတာလား..အိမ်ပျော်နေတုန်းလား.. ၊ မဖြစ်နိုင်.. ၊

သူရဘယ်လောက်အိပ်ရေးပျက်နေနေ ဆူညံသံတွေတစ်ခုခုကိုမသိလိုက်အောင် အိပ်မောကျနေတယ်ဆိုတာ မရှိခဲ့ဘူးပေ။ ဒါဆို

www.burmeseclassic.com



ဖုန်းမကိုင်တာ ဘာလို့လဲ.. ။

ထိုအချိန်မှာ သရဖျာများနေတာကို စွန်းဘယ်လိုမှမသိနိုင်ပေ.. ။

သူကော်ဖီဆိုင်ထဲကထွက်လာတော့ အမှုသည်ဘက်က ဒေါ်ရတနာကလည်း လမ်းခွဲထွက်သွားခဲ့၏။ သူ့ကားနားရောက်လာတော့ ရှေ့မှာ ပိတ်ရပ်ထားသည့် ကားတစ်စီးက လူလည်းမတွေ့.. ။

ဒီနေရာမှာပါကင်စောင့်လည်း မရှိသဖြင့် တစ်ဖက်ကညောင်ပင်နဲ့ ထိုကားရဲ့ကြားမှာ သူဘာလုပ်ရမှန်းမသိဖြစ်နေသည်။

"ဒီမှာ ဦးလေး.."

ခပ်လှမ်းလှမ်းမှာ ဘရာကြော်သည်ကုလားကြီး ရှိနေသဖြင့် သွားမေးတော့လည်း ခေါင်းခါရင်း.. ။

"ကားရပ်သွားတာတော့သိတယ်.. လူတွေကိုသတိမထားမိဘူးတဲ့.."တဲ့.. ။

အေးမှာလည်း လွတ်လွတ်လပ်လပ် သွားရပ်လို့ရသည်။ ဒါ‌တောင်ကိုယ့်ရှေ့မှာ ဖင်တစောင်းတိမ်းပြီး တမင်ပိတ်ရပ်ထားခဲ့တာ ရန်စသွားတာလား လို့လည်းမတွေးမိခဲ့.. ။

နောက်ထပ်နာရီဝက်နီးပါး ထပ်စောင့်နေတော့လည်း ပေါ်မလာကြသဖြင့် ဒေါသတွေအပြွတ်လိုက်အခိုင်လိုက် ထွက်လာကာ... ။

"တောက်.."

ဖြစ်ချင်ရာဖြစ်စမ်း.. ။

သရကားပေါ်တက်၍ စက်နှိုးလိုက်လျှင် လမ်းရဲ့တစ်ဖက်က စတိုးဆိုင်ကနေ လူသုံးယောက်တလွှားလွှားလာနေကြတာ မြင်လိုက်ရ၏။ ကားဆီကို တိုက်ရိုက်လာနေကြမှန်း သိလိုက်သည်နှင့် သရရူးစိုက်ကြည့်နေမိသည်။

ခုန လူရှာတုန်း စတိုးဆိုင်ဆီကို မျက်စိရောက်ခဲ့သေးသည်။ ဒီလူတွေ အေးဆေးဒီဘက်လှည့်ရပ် ကြည့်နေတာကိုလည်းမြင်၏။ ဒါပေမယ့် မြင်နေသားနဲ့ ကြည့်နေကြတာပဲဆိုတော့ ဒီကားနဲ့သက်ဆိုင်သူတွေ ဖြစ်နေမယ်လို့ မထင်ခဲ့မိ.. ။ ဒါဘာလဲ.. တမင်ရန်စတာလား..။

စတီယာရင်ကို ဖိဆုပ်ထားမိကာ စူးစိုက်ကြည့်နေမိသည်။



သူတို့သုံးယောက်ကလည်း သရကိုစူးစူးရဲရဲကြည့်ကာ ကားပေါ်အလျို အလျိုတက်သွားကြ၏။

ဒေါသပြန်ထိန်း၍ ပြဿနာကိုရှောင်ဖို့ စိတ်ကူးနေမိစဉ်.. ။

"ဟာ..ဟော့.."

"ဒိုန်း.."

ကားကို ဒီတိုင်းမောင်းမသွားဘဲ ဘက်(ခ်)ဆုတ်ပစ်လိုက်သဖြင့် သရကားရှေ့လူရော ဆောင့်ခုန်တုန်ခါသွား၏။

"ဟိတ်..ရပ်နေစမ်း..ဟိတ်.."

တံခါးဖွင့်ဆင်းမလို ပြင်ပြီးမှ ဟိုကားကမောင်းပြေးသွားသဖြင့် သူလည်းမီအောင်လိုက်လာခဲ့သည်။ သို့သော် မြင်နေရရင်း ဝေးသွားရင်းနှင့် ဖြတ်ဝင်လို့မရ ကျော်တက်မရရှိနေရင်း သူသာမျက်ခြေပြတ်ကျန်ရစ်၏။

"တောက်..ဒါမတော်တဆမဟုတ်ဘူး၊ တမင်လုပ်သွားတာ.."

တမင်ဆိုရင် ကားရှေ့တမင်ပိတ်ခံထားပြီး ထွက်မရအောင် တားဆီးထားခြင်းကနေ စခဲ့တာဖြစ်သည်။

ဘာအတွက်လဲ..ဘာကြောင့်လဲ.. ။

ဒီလူတွေကို သူတစ်ခါမှ မမြင်ဘူးခဲ့ပေ.. ။

လမ်းပေါ်မှာ ယောင်ချာချာလျှောက်မောင်းပြီး အညိုရောင်ဗယ်လ်တာလေးကို ခွဲမလျှော့စွာ ရှာနေမိစဉ် ဖုန်းဝင်လာ၏။ ဖုန်းထုတ်ယူပြီး မျက်လုံးကိုလမ်းပေါ်မှာပဲ ထားခဲ့မိသည်။ သို့သော်... ။

"အတိသရ.."

ဖုန်းထဲက မာကျောကျောအသံကြောင့် အာရုံကဖုန်းဆီပြန်ရောက်၏။ ကြည့်လိုက်တော့လည်း မသိသည့်နံပါတ်.. ။

"ဟလို.."

"မင်း ငါ့ကိုသိဖို့မလိုဘူး..မင်းကိုနောက်ဆုံးသတိပေးလိုက်မယ်၊ အခု မင်းကိုင်ထားတဲ့လူသတ်မှုကို အရှုံးနဲ့ရပ်လိုက်ပါ.."

"ဘာတွေပြောနေတာလဲ..မင်းကဘယ်သူလဲ.."

"ဒီအမှုက ရိုးရိုးလူသတ်မှုမဟုတ်ဘူးဆိုတာ မင်းသိပါတယ်.. ခုကစပြီး မင်းသိနေတာတွေရော..မင်းသိဖို့ကြိုးစားတာတွေကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဖျက်ပစ်လိုက်ပါ..မဟုတ်ရင်တော့ မင်းမိသားစု ကားထက်အဖြစ်ဆိုးသွားလိမ့်မယ်.."

ဟင်..ဒါခုနကလူတွေ.. ၊

"ဟော့ မင်းသတ္တိမရှိဘူးလား..မင်းပြောချင်တာတွေ ငါ့ကိုတိုက်ရိုက်လာပြောလို့ရတယ်..အခုငါ့ကား.."

တစ်ဖက်က ဖုန်းချသွားပြီဖြစ်သည်။

"တောက်..မင်းကဘာမို့လို့ ခြိမ်းခြောက်ရတာလဲ.."

ယောက်ျားချင်း ဒီလိုစိန်ခေါ်တာမျိုးကြောင့် တန့်နံ့ကျန်ရစ်ခဲ့ရသည်။ ထိုစဉ် လမ်းမရဲ့တစ်ဖက်က စားသောက်ဆိုင်တစ်ဆိုင်ရှေ့မှာ ခုနကကားကို မြင်လိုက်ရ၏။ သဃရာဘာမှမစဉ်းစားတော့ဘဲ ရှေ့ကားနောက်ကားကြည့်ပြီး ပြန်ကွေ့လိုက်သည်။

သို့သော် ကားကွေ့လို့ရသည့်နေရာအထိ မောင်းသွားရသည့်အချိန်အတွင်းမှာ သူထိုနေရာရောက်လာတော့ ကားကိုမတွေ့ရတော့ပေ။ ခုကိုင်ထားတဲ့ အမှုဆိုတာက သူ့ခုပဲအမှုကိစ္စတွေကို ဒေါ်ရတနာတို့နဲ့ ပြောဆိုဆွေးနွေးခဲ့တာဖြစ်သည်။

အမှုက မူးယစ်မှောင်ခိုဂိုဏ်းတစ်ခုနဲ့ ပတ်သက်နေနိုင်တာ သူခန့်မှန်းမိနေတာပဲရှိသည်။ ဒေါ်ရတနာတို့ကတော့ သေချာမပြောခဲ့သေးပါ.. ၊

သူမတို့က ကုမ္ပဏီနှင့်ပတ်သက်နေသည့် လူသတ်မှုဖြစ်နေသောကြောင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာအတွက် အမှုမှန်ပေါ်စေချင်တာပဲရှိသည်။ ပြီးတော့ ကိုယ့်ဝန်ထမ်းရဲ့ပြဿနာမို့ ဖြေရှင်းပေးချင်တာမျိုး..၊

သူ့ဘက်ကလည်း တကယ့်လူသတ်တရားခံကို ဖော်ထုတ်ဖို့သာဖြစ်သည်။ ဘာကြောင့်ခုလို ဒေါ်ရတနာတို့ကုမ္ပဏီက လူကိုလွှဲချလုပ်ကြတာလဲ၊ ဒီရှုပ်ထွေးနေတာတွေက လူသတ်မှုနဲ့ဘယ်လိုပတ်သက်နေတာလဲ.. ၊

မဆီမဆိုင်ဘာဖြစ်လို့ သူ့ကိုခြိမ်းခြောက်ခဲ့တာလဲ.. ၊

"အတိသဃရ.."

ဟင်.. ၊

ကားဘေးမှာရပ်ရင်း အတွေးနယ်လွန်နေတုန်း မထင်မှတ်စွာ



ရောက်လာသူက စွန်းဖြစ်နေ၏။ သူမဘယ်လိုပုံစံအိမ်က ထွက်သွားသည်ကိုမသိလိုက်သဖြင့် မြန်မာဝတ်စုံလေးနဲ့ လှနေသောတစ်ကိုယ်လုံးကို သေချာလိုက်ကြည့်မိသည်။

"ရှင်..ဘာကြည့်နေတာလဲ၊ ဖုန်းခေါ်တာတောင်မကိုင်နိုင်ရအောင် ဘာတွေစိတ်ကြီးဝင်နေတာလဲ.."

"ဟာ.."

ဘယ့်နှယ် ဒေါ်သတွေနဲ့ပစ်ခွင်းလာတာ မေးခွန်းတွေဆက်တိုက်.. ၊

"အခု ဒီမှာဘာလုပ်နေတာလဲ.."

"ငါ့ဘာသာဘာလုပ်နေနေ မင်းလမ်းကိုမင်းသွားပါလား.."

"ကျွန်မသွားမယ့်လမ်းမှာ ရှင့်ကိုမြင်လိုက်လို့ ဆင်းလာတာလေ..အိမ်မှာလရောင် ဘာမှမပြောဘူးလား.."

"ပြောချင်ပြောမှာပေါ့..သူ့မှာလည်းပါးစပ်နဲ့ပဲ.."

ဒီမှာလည်း ကိုယ့်ဒေါသနဲ့ကိုယ်မို့ သဃရကလည်းအကောင်းမဖြေ.. ၊

"ရှင့်ကိုဘာမှ မပြောဘူးလားမေးနေတာ.."

"ငါ့ကိုပြောတာကရော မင်းနဲ့ဘာဆိုင်လို့လဲ.."

"ရှင်မဖြေဘဲနဲ့ ဘာဖြစ်လို့ မေးခွန်းတွေပြန်ထုတ်နေတာလဲသဃရ..ကျွန်လိုအပ်လို့မေးနေတာ.."

"မင်းလိုအပ်ပေမယ့် ငါမှမလိုအပ်ပဲ.."

တမင်မတည့်အောင်ပြောပြီး ကားထဲလှည့်ဝင်လိုက်သည်။ စွန်းက သူ့တံခါးပိတ်မရအောင် ဆွဲထားလိုက်ကာ.. ၊

"ကျွန်မအတွက်လည်း ရှင့်အဖြေတွေမေးခွန်းတွေ မလိုအပ်ဘူးသဃရ..ဒါပေမယ့် ကလေးတွေအတွက် ဖွဲ့တွေးပေးနေတာ၊ အဲ့ဒါကြောင့် ရှင်လိုအပ်အပ် မအပ်အပ်မေးတာကို ဖြေစမ်းပါ..လရောင်ရှင့်ကိုဘာမှမပြောဘူးလား..ပြောရဲ့သားနဲ့ ရှင်ထွက်လာတာလား.."

သဃရက ကားထဲကနေ သူမမျက်နှာကို ကြည့်နေရင်း သမီးကိစ္စသူမအတွက် ဘာဖြစ်လို့အရေးတကြီးဖြစ်နေတာလဲဆိုတာကိုတွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားပေါ်ကပြန်ဆင်းလိုက်ရင်း.. ၊

"ရပြီ..အစကပြန်မေး.."

"မမေးနိုင်ဘူး..ခုမေးနေတာကိုပဲဖြေ.."

"ငါကလည်း မင်းအမှုသည်မှမဟုတ်တာ..ဖြေပါဆိုတိုင်းတော့ ဘယ်ဖြေနိုင်မလဲ၊ အခု ငါမေးတာကို မင်းအရင်ဖြေ..သမီးဘာဖြစ်လို့လဲ.."

"ဒီနေ့.."

ဖြေဖို့ပြင်ပြီးမှ သူမေးပုံအရ သမီးဘာမှမပြောလိုက်ဘူးဆိုတာ တွက်လိုက်မိသဖြင့်.. ၊

"သမီးစောင့်နေတယ်..ရှင်အခု ကားပေါ်ပြန်တက်ပြီး ပြန်လိုက်ခဲ့.."

ပြောပြီး ချာခနဲလှည့်ထွက်သွားသည်။ သူမရဲ့ဆံနွယ်တွေ ဝေ့လွှဲသွားခြင်းနှင့် လှပသောခါးအလှလေးကို ငေးရင်း သူမကျေမနပ် ကျန်ရစ်ခဲ့၏။

နေပါဦးဆိုတော့လည်းသူ့..သွားတော့ဆိုတာလည်းသူပဲဖြစ်ကာ လိုက်ခဲ့ဆိုသည့်အမိန့်နှင့် အပိုင်အနိုင်လှည့်ထွက်သွားသည်။

ဒီက ဒီနေရာမှာဘာလို့ရှိနေတာလဲ၊ ဘာလုပ်ဖို့ရှိနေသေးသလဲ၊ ဘာမှမမေး.. ၊

လူတွေကို သူ့လက်အောက်ကဝန်ထမ်းတွေများ မှတ်နေသလား.. ၊

မလှမ်းမကမ်းမှာရပ်ထားသည့် ကားပေါ်စွန်းပြန်တက်သွားတဲ့အထိလိုက်ကြည့်နေပြီးမှ သူကားထဲပြန်ရောက်၏။ စိတ်တိုတိုနှင့် တံခါးကို ဂျိမ်းခနဲဆွဲပိတ်ပစ်လိုက်သော်လည်း.. ၊

သူ အိမ်ပြန်ရပါမည်.. ၊

## အခန်း(၁၇)

ကားနှစ်စီးဆက်တိုက်ဝင်လာသဖြင့် ညှော်ခန်းမှာ ဆိုဖာခင်းတွေ ကျောမှီတွေမှာနေရာချရင်း ဒေါ်အေးသိန်းခေါင်းထောင်ကြည့်လိုက်မိ၏။ နှစ်ယောက်ပြိုင်တူဆင်းလာကြပြီး ရှေ့နောက်တွဲလျက်ဝင်လာတော့ တအံ့တဩဖြစ်သွားမိစဉ်.. ၊

"သိန်းသိန်း..သမီးရော.."

"လရောင်အပေါ်မှာလား.."

သဃရရဲ့ မေးခွန်းကအရင်ဖြစ်ကာ စွန်းကဒုတိယ.. ၊

ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက်ပြန်ကြည့်ကြ၏။ ဒေါ်အေးသိန်းလည်း သူတို့မျက်နှာတွေ ပြန်လှည့်လာသည်အထိ အသံမထွက်ဘဲ နှုတ်ခမ်းတွေလှုပ်နေခဲ့လျက်.. ၊

"သိန်းသိန်းကို မေးနေတာဖြေလေ.."

"ဟိုလေ.."

အပေါ်ထပ်ကိုလက်ညှိုးထိုးကာ ထစ်ငေါ့နေသဖြင့် စွန်းစိတ်မရှည်တော့ဘဲ အပေါ်တက်ဖို့ခြေလှမ်းပြင်လျှင်.. ၊

"လကလေးမရှိဘူး.."

"ဟင်.."

"သမီးကဘယ်သွားလို့လဲ.."

စွန်းမေးသလို မေးနေမိပေမယ့် တကယ်တမ်းစွန်းဘာတွေအရေးကြီးနေမှန်း သဃရမသိပေ၊ သိန်းသိန်းနဲ့စွန်းကတော့ သိနေကြပုံရှိကာ.. ၊

"လကလေးသူငယ်ချင်းနဲ့ ဖုန်းဆက်ပြီး ထွက်သွားတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကသူငယ်ချင်းလဲသိန်းသိန်းရယ်..သူ့သူငယ်ချင်းတွေက နယ်ပြန်သွားကြပြီမဟုတ်ဘူးလား.."

စွန်းရဲ့မေးခွန်းကြောင့် သဲရကဖျတ်ခနဲလှည့်ကြည့်သည်။ သမီးနဲ့သူငယ်ချင်းတွေကို တွေ့လည်းမတွေ့ စကားပြောကြတိုင်း စကားဝိုင်းမှာဘယ်တုန်းကမှ မပါခဲ့ဘူးဘဲ ပြန်သွားကြတာတွေ ဘာတွေသိနေသဖြင့် အံ့ဩသောမျက်နှာနှင့်.. ။

"ဘယ်သူလဲ..သူ့ဟာသူထွက်သွားတာလား၊ ဟိုကလာခေါ်သွားတာလား.."

"လမ်းထိပ်ကနေ လာစောင့်နေမှာလို့ပြောတာပဲစွန်းရယ်..ကလေးက အရမ်းဝမ်းနည်းနေတော့ သိန်းသိန်းလည်း.."

ဘာဆက်ပြောရမှန်းမသိတော့သဖြင့် အပြစ်တင်ရင်လည်းခံရမှာမို့ ဒေါ်အေးသိန်းမျက်လွှာချမိသည်။

"သမီးကဘာဖြစ်လို့ဝမ်းနည်းတာလဲ..မင်းနဲ့ဘာဖြစ်သွားလို့လဲစွန်း.."

သဲရ မျက်နှာပျက်ပျက်နှင့်အသံက စိုးရိမ်စိတ်ကြောင့် ပျာယာခတ်ချင်၏။ သူမနက်က ထွက်လာတဲ့အထိ ဘာမှမှမဖြစ်ဘဲ.. ။

"စွန်း..မင်းကိုငါမေးနေတယ်လေ၊ မင်း ကလေးကိုဘာတွေလုပ်ခဲ့လို့လဲ..နေ့လည်က ငါမသွားခင်ထိဘာမှမဖြစ်ဘူး.."

စွန်းမျက်နှာ သူ့ဘက်လှည့်လာကာ.. ။

"ရှင်မသွားခင် စိတ်ကောင်းနေတယ်ဆိုရင်သေချာတာပေါ့..ရှင့်ကြောင့်ဖြစ်သွားတာ.."

"ဘာ..မင်းပြောလိုက်တာဘယ်လို.."

လင်မယားနှစ်ယောက် ရင်ဆိုင်မိတာနှင့် ဒေါ်အေးသိန်းနေရာမှ ခွာဖို့ခြေလှမ်းပြင်၏။

"သိန်းသိန်း..သမီးဘယ်သွားတာလဲ.."

"သင်တန်းမှာနှုတ်ဆက်ပွဲလုပ်ကြမလို့တဲ့..မြေနီကုန်းက ဘာဆိုလား.."

ထိုသင်တန်းကို သဲရရောစွန်းပါ သိကြသည်။

"အဲ့ဒါသမီးက ကျွန်တော့ကိုဘာလို့ကြိုမပြောခဲ့တာလဲ..သိန်း



သိန်းကို သွားခါနီးမှ ပြောသွားတာလား.."

"ကျွန်မလည်း သွားခါနီးမှ သိတာပါဆရာရယ်.."

ရှင်းပြရင်း စွန်းကိုလည်းမျက်နှာငယ်နှင့် လှမ်းကြည့်သည်။ ပြီးမှ.. ။

"ကလေးက သွားဖို့စီစဉ်ထားတာမဟုတ်ဘဲ ထွက်သွားတာပါ..ဒီနေ့မိသားစု ထမင်းလက်ဆုံစားကြမယ်ဆိုပြီး သူကိုယ်တိုင်ခီးဖိုချောင်ဝင်ပြီး ချက်ပြုတ်နေတာ.."

သဲရမျက်နှာပြုံကတော့မလို ညိုမှောင်လာသည်။ စွန်းက မျက်နှာခပ်လွှဲလွှဲနှင့် ငြိမ်သွား၏။

"ဟင်းတွေမှ အားလုံးအကြိုက်ပါအောင် အများကြီးချက်ထားရှာတာ..အဲ့ဒါ.."

"သူ မင်းကိုတော့ပြောတယ်မို့လားစွန်း.."

သိန်းသိန်းစကားမဆုံးခင် သဲရကကြားဖြတ်မေးခွန်းထုတ်၏။

"ဒီနေ့ မင်းဒီလောက်ပူလောင်ပြင်းပြနေတာ သမီးကိုမင်းပဲ.."

"ရှင့်ကိုယ်ရှင်တော့ အပြစ်မရှိဘူးပေါ့..သူ့ရှင့်ကိုတော့ ဘာမှမပြောခဲ့ဘူးလား၊ ရှင်က ကလေးတွေကိုအမြဲတမ်း မောင်မောင်ဘာဘာကယုကယလုပ်နေတဲ့ဖအေပဲလေ.."

"ဪ..ဪ..ငါက ကယုကယလုပ်နေခဲ့လို့ ငါ့မှာပဲအပြစ်ရှိတယ်ဟုတ်လား..ဒါဆိုမင်းကတော့ ရက်စက်ခွင့်ပါမစ်နဲ့ ဘာလုပ်လုပ်လုပ်ခွင့်ရှိတယ်ပေါ့.."

"လုပ်ခွင့်ရှိလို့လုပ်တာမဟုတ်ဘူး..ရှင်လုပ်မယ်ထင်လို့ ကျွန်မနေတတ်သလိုနေခဲ့တာ၊ နေစမ်းပါဦး..ရှင်ဒီလောက်ထိ အနီးကပ်နေလာခဲ့ပြီး ကိုယ့်သားသမီးဘာလိုနေသလဲ ဘာလုပ်နေသလဲ..ရှင်ဘာမှမသိခဲ့ဘူးလား၊ အိမ်ပေါ်ကနေ အိမ်အောက်ဆင်းလာတဲ့အထိ ဘယ်ကိုမှမကြည့်ဘဲ ဘာမှမသိဘဲ ကားပေါ်အရောက်တောက်လျှောက်ထွက်သွားခဲ့တယ်ပေါ့.."

"မင်း ဘာလို့ငါ့ကိုချည်း လွှဲချဖို့ကြိုးစားနေတာလဲ..ငါဘာသာအိမ်ပေါ်ကအိမ်အောက်တောက်လျှောက် ထွက်သွားရုံမကလို့ အိမ်ပေါ်ကနေ တစ်ခါတည်းပဲ ဒိုင်ဗင်ထိုးဆင်းဆင်း သမီးကငါ့ကိုဘာမှမ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တဲ့အတွက် ငါလုပ်ခွင့်ရှိတယ်.."

ကိုယ့်ကိုတော့ သမီးကထွက်မေးခဲ့သေးသည်။ မတားရဲရှာပေမယ့် သူမစီစဉ်ထားတာလေးကို ပြောခဲ့သေး၏။ စွန်းမျက်နှာပျက်သွားကာ သရကိုဘာမှဆက်ပြောမနေတော့ဘဲ အိမ်ထဲလှမ်းဝင်သွား၏။ သရကလက်တနာရီကို ကြည့်လိုက်ပြီးဖုန်းထုတ်လိုက်သည်။ ဒါပေမယ့် လရောင်ကိုခေါ်တာနှစ်ခါလုံးလုံး ဖုန်းမကိုင်.. ၊

သမီးလေးတစ်ခါမှ ဒီလိုမနေခဲ့ဘူးသဖြင့် ရင်ထဲမကောင်းဖြစ်သွားကာ မရမကထပ်ခေါ်မိပြန်သည်။

ဘယ်နှစ်ခါခေါ်ခေါ် လရောင်ကမကိုင်ပေ.. ၊

နောက်ဆုံးနေသရကို ခေါ်လိုက်ပြီး.. ၊

"သား ညီမလေးနဲ့ အိမ်မှာစကားပြောဖြစ်သေးလား.."

"...... .......... ........"

"အဲ့ဒါ..မင်း.."

နေသရဆီက ကြားလိုက်ရသည့်စကားကြောင့် သရပိုပြီးစိတ်မကောင်းဖြစ်သွားမိ၏။

"သားကွာ..မင်းကိုယ့်ညီမလေး ဒီလောက်တောင် တောင်းဆိုနေတာကို.."

"..... ...... ....................."

"အခု သမီးလေးကိုမြေနီကုန်းဘက်က ဂျပန်စကားပြောသင်တန်းမှာ..အဲ့ဒါ မင်း.."

သူစကားမဆုံးသေးခင် မျက်လုံးက အိမ်ထဲကထွက်လာ သည့်စွန်းကိုမြင်သွားကာ.. ၊

"အေး..ဒါပဲသား.."

မြန်မြန်ဆန်ဆန် စကားစဖြစ်၍ စွန်းရှိရာလျှောက်သွားကာ..၊

"ဘယ်ကိုလဲ..မင်း.."

"သမီးနောက်လိုက်မလို့.."

"ခုမှလိုက်နေနဲ့လေ..သူ့ကိုစောင့်ခေါ်ဖို့ သားကြီးကိုခိုင်းလိုက်ရင် ရတာပဲ.."

"ကျွန်မဘာသာလိုက်ချင်လိုက်မယ်..ရှင်အမိန့်မပေးပါနဲ့.."



"စွန်း.."

စွန်းက သူ့ကိုရှောင်ထွက်သွားသည်။ သရကအတင်းလိုက်၍.. ၊

"သားကြီးကိစ္စလည်း မင်းဝင်လို့ လူသိရှင်ကြားဖြစ်ရတယ်ကွာ..ကလေးကို ထပ်ပြီး စိတ်ညစ်အောင်မလုပ်ပါနဲ့.."

"ဖြစ်ရတယ်..အခုကျွန်မ်က ဘာသွားလုပ်မှာမို့လို့လဲ.."

မေး၍ ခြေစုံရပ်ကာ.. ၊

"ရှင်နေရာတကာပါနေတာတွေလည်း ဆင်ခြင်ဖို့သတိရဦး သရ၊ အထူးသဖြင့် ကျွန်မနဲ့ပတ်သက်ပြီး ဟန်ကြီးပန်ကြီးတွေ လာမပြောနဲ့.."

"ကျွတ်.."

သူ ဒီတိုင်းကျန်ခဲ့ရင်း ဆံပင်တွေထဲလက်ထည့်ဖွနေမိ၏။ နောက်ကလိုက်သွားချင်ပေမယ့် ကိုယ်ကားကလည်း လောလောဆယ်မြင်မကောင်းရှုမကောင်း.. ၊

တစ်စီးအပိုရှိနေတာလည်း စွန်းပဲစိတ်လိုက်မာန်ပါ လုပ်ပစ်ခဲ့လို့ တံခါးတစ်ချပ်က ဖွင့်ပိတ်မကောင်းဖြစ်နေသည်။ ကားပြင်ဖို့အတွက် ဒရိုင်ဘာကလည်း ခွင့်ယူပြီး ပြန်သွားလိုက်တာပေါ်မလာတော့ပေ.. ၊ ဒီတစ်စီးလည်း ဘော်ဒီရုံမှာ ဘယ်နှစ်ရက်လောက်အိပ်ရဦး မည်မသိ.. ၊ စိတ်ညစ်ညစ်နှင့် သားကြီးကိုပဲခေါ်၍.. ၊

"မင်းအမေ သမီးငယ်နောက်လိုက်သွားတယ်ကွ..အဲ့ဒါသားလိုက်သွားလိုက်ဦး၊ မလိုအပ်ရင်လူလုံးဝင်မပြနဲ့..ဖေဖေစိတ်မချလို့.."

".... ... ....... ...."

"ခွေးကောင်လေး.."

'ဘယ်သူ့ကိုစိတ်မချတာလဲ..ညီမလေးလား မေမေ့ကိုလား..' တဲ့.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ဆံပင်တွေကို အော်တိုမစ်တစ်ကလစ်အဖြူရောင်လေးနဲ့ စုသိမ်းညှပ်ထားကာ၊ ရှေ့နေအကျီလေးနဲ့ယဉ်စစလေး ဖြစ်နေသောစွန်းကိုမသိသာအောင် လှမ်းခိုးကြည့်ရင်း ကော်ဖီပန်းကန်ကို ကိုင်လိုက်မိလျှင်.. ။

အ.. ။

အသံသဲ့သဲ့တော့ထွက်သွားမလားမသိ၊ ဒါပေမယ့် ဘယ်သူမှ သိလိုက်ပုံမပေါ်.. ။

ပန်းကန်ကိုမကိုင်မိဘဲ ကော်ဖီပူပူထဲလက်ရောက်သွားသည့် ကိုယ့်အဖြစ်ကို ရှက်ရှက်နှင့်လက်အောက်ချခါရင်း ပြုံးလိုက်မိသည်။ ရုံးနဲ့အနီးနားက ကော်ဖီဆိုင်မှာ သူနဲ့အမှုသည်ကတစ်ဝိုင်း စွန်းကတခြားစားပွဲမှာတစ်ဝိုင်း.. ။

သူပြုံးလိုက်တာကို စွန်းကလည်း လှမ်းကြည့်လိုက်တာနှင့် တိုက်ဆိုင်ပြီးမြင်လိုက်ကာ.. ။

သင်း ဘာတွေသဘောကျနေတာလဲ.. ။

"ဒီလိုပါသမီးရယ်..အမှုသွားအမှုလာအရဆိုရင် အန်တီတို့ဘက်က နိုင်ချေနည်းနေပြီမှတ်လား..တစ်ဖက်ကရှေ့နေက သမီးရဲ့ခင်ပွန်းဆိုတော့.."

"အန်တီကဘာပြောချင်တာလဲ.."

"ဟိုလေသမီးရယ်..လင်မယားချင်းထက်ရင်းနီးကြတာမရှိပါဘူး..ဟိုရှေ့နေလေးနဲ့သမီး ညှိနိုင်းပြီး.."

"အန်တီအတွေးတွေလွဲနေပြီ..ဥပဒေမှာ လင်မယားအတွက်



မိသားစုအတွက်ဆိုတာမရှိဘူး..ရင်ဆိုင်ကြဖို့ရုံးကိုရောက်လာပြီဆိုရင် သံယောဇဉ်တွေ ရင်းနှီးမှုတွေနဲ့လည်း ဆုံးဖြတ်လို့မရဘူး.."

"အဲဒါတွေက စာအုပ်ကြီးထဲမှာအမြဲတမ်းရှိနေတဲ့ သတ်မှတ်ချက်တွေပါကွယ်..လူတိုင်းသိပါတယ်၊ တကယ်တမ်းက.."

"အန်တီ့စကားဖြတ်ပြောရမှာအားတော့နာပါတယ်..ဒါပေမယ့် အန်တီ့အမှုအတွက် စိတ်သောကများနေတာတွေ နည်းနည်းလျှော့သားလိုက်ပါ..အမှုသွားအမှုလာကို ကြည့်ရင်အရှုံးအနိုင်ကိုမှန်းဆလို့ရတယ်ဆိုတာလည်း မမှန်ပါဘူး..တရားဥပဒေဆိုတာ နောက်ကွယ်မှာရောက်နေတဲ့အမှန်တရားကို ဖော်ထုတ်ရတာ..မြင်လိုက်ကြားလိုက်တာတွေနဲ့ အရှုံးအနိုင်တွက်နိုင်နေရင် ခုံရုံးထိတက်ပြီး အကျိုးဆောင်ခတွေပေးပြီး စကတွေ ဘယ်သူကအကုန်ခံနေမှာလဲ..အဲဒါတွေထက် ပိုတန်ဖိုးရှိတဲ့ အချိန်ဆိုတာရှိသေးတယ်.."

ဒေါ်ချစ်ခင်ဆိုသည့် အမျိုးသမီးကြီး ပြုံးမဲ့မဲ့မျက်နှာကြီးနှင့်ခေါင်းညိတ်ရှာသည်။ စွန်းက သူမရဲ့လောဘကြောင့် စကားများတာကိုစိတ်မဆိုးပါ၊ မပြုံးနိုင်သော်လည်း မမုန်းသည့်အကြည့်တို့နှင့်.. ။

"သိပ်စိတ်မပူပါနဲ့..ခုလိုအကျယ်တဝင့်ဖြစ်လာကြတဲ့ လင်မယားကွာရှင်းပြတ်စဲမှုတွေက သာမာန်အမှုတွေနဲ့ မတူဘူး..ကာယကံရှင်နှစ်ဦးရဲ့ သဘောဆန္ဒတွေကို တစ်ဆုံးထိမခန့်မှန်းနိုင်တဲ့အတွက်.."

"အိုကွယ်..အန်တီ့သမီးကတော့ အန်တီပြောနေတဲ့အတိုင်းပဲ သူပြောတဲ့စကားတွေကလည်း သူ့စိတ်ထဲကစကားတွေပါ..အဲ့ဒီလူကို အ သမီးကိုစည်းစိမ်တစ်ဝက်ပေးရမှာစိုးလို့ ပြစ်ချက်တွေရှာပြီး အားကိုးကို ကန့်လန့်တိုက်နေတာပါ.."

ဒေါ်ချစ်ခင်က သူရတို့အေးဆေးစကားပြောနေကြသည့် စားပွဲဆီလှမ်းကြည့်ပြီး ကိုယ်ကိုရှေ့ကိုင်း၍.. ။

"ထင်ပေါ်ဆိုတဲ့လူလောက် မချမ်းသာပေမယ့် အန်တီတို့ကလည်း လူချမ်းသာတွေပါပဲ..အန်တီကတော့လေ သမီးတို့လင်မယားချင်း ညှိနိုင်းပြီး.."

"အန်တီအဲ့လို မျှော်လင့်ချက်နဲ့ကျွန်မကို အမှုအပ်တာလား.."

ပြောရဆိုရတာ ဘယ်လိုမှအဆင်ပြေဖို့မရှိတော့သည်မို့ စွန်းပဲ

www.burmeseclassic.com

www.burmeseclassic.com



အရင်ထထွက်လာခဲ့သည်။ သဃရတို့စားပွဲကို တစ်ချက်လှမ်းကြည့်မိစဉ် ခပ်ပြုံးပြုံးပြောကြရင်း အဆင်ပြေနေသည့် မျက်နှာကိုပါ လက်ပြန်တစ်ချက်လောက် ရိုက်ပစ်ခဲ့ချင်၏။

သဃရနဲ့သူမ ရင်ဆိုင်မိတိုင်း ကိုယ်လေ့လာသင်ယူထားသမျှ ဥပဒေပညာတွေက ဘာမှမဟုတ်သေးသလို အခက်အခဲများစွာနှင့် ဖြတ်သန်းရသည်။

နာမည်တစ်လုံးနှင့်ထင်ပေါ်လာခဲ့သော 'စွန်း'ဆိုသည့်သူမ ဟာ သဃရဆိုသူကြောင့် အရောင်မှိန်သွားရသလိုလို သူမသာကိုယ်မ သာ အဆင့်လောက်ပဲရှိသလို.. ၊

သူမ ဒါကိုသည်းမခံနိုင်ပေ.. ၊

ဒီလောက်ထိကြိုးစားမျှော်လင့်ခဲ့ရသည့် အောင်မြင်မှုက ဒီလောက်မှာပဲရပ်တန့်မနေသင့်ပေ၊ သူကျတော့ နေ့ရက်များစွာကို သူလိုငါလိုအေးဆေးစွာ ဖြတ်သန်းနေရင်း ကိုယ်နဲ့တန်းတူနာမည်ကျော်နေခဲ့သည်။

စွန်းရဲ့အတွေးတွေက စိတ်အမှောင်ဖုံး၍ ခြေလှမ်းတွေပါရပ်တန့်သွားခဲ့သည်။ သူမတစ်ခုခုကို တွေးမိလိုက်တာဖြစ်သည်။ ထိုတစ်ခုခုသည်.. ၊

"အ.."

ခြေလှမ်းဆက်လှမ်းလိုက်စဉ် မပြတ်သောအတွေးကြောင့် စွန်းခလုတ်တိုက်လေသည်။

"ဘာတွေတွေးနေလို့ မြေပြောင်ပြောင်မှာ ခလုတ်တိုက်ရတာလဲ.."

သဃရ.. ၊

နောက်က ခနိုးခနဲ့ပြောလိုက်သံကြောင့် ဒေါသကထောင်းခနဲဖြစ်သွားသည်။ ဒါပေမယ့်ရုံးနဲ့ အနီးတစ်ဝိုက်မှာ မျက်နှာချင်းဆိုင် စကားပြောမနေချင်သဖြင့် လှည့်မကြည့်ဘဲထွက်လာခဲ့မိ၏။

သဃရကတော့ သူမနောက်မကျတကျမှာ အတူပါလာကာ..။

"ညတုန်းက မင်းရဲ့အမှုသည်ကိုယ့်ဆီ ဖုန်းဆက်တယ်.."

စွန်းခြေလှမ်းနှေးသွားသည်။ သဃရက သူမဘေးကိုရောက်



လာကာ.. ၊

"မင်းနဲ့လည်း အခုအဲ့ဒီကိစ္စပြော.."

"ဘာလဲ..ရှင်ကအဲ့ဒါကို ဂုဏ်ယူစရာထင်နေတာလား.."

သဃရက မတည်မပြုံးမျက်နှာနှင့် ပြန်ငဲ့ကြည့်သည်။ သို့သော် မျက်ဝန်းတွေက ရယ်မြူးရိပ်တို့နှင့်.. ၊

"မင်းနဲ့ငါ ရင်ဆိုင်မိကြတိုင်း အဲ့လိုပြဿနာတွေရှိနေတာကို ပြောတာပါ..နောက်တစ်ခုက မင်းမျက်လုံးထဲက တဝင်းဝင်းတောက်နေတဲ့ မီးတောက်တွေ.."

"အဲ့ဒါ ဘာဖြစ်လဲ.."

"ပတ်ဝန်းကျင်မှာ အများသူငါလို သမာရိုးကျအတိုင်းကျော်ဖြတ်ဖို့ ခက်နေတာလေ..မင်းမျက်လုံးက ဒေါသမီးတွေကို လူတွေစိတ်ဝင်စားလာတော့.."

"ရှင်ပါရောပြီး နာမည်ကြီးတာပေါ့.."

ဘာပြောလိုက်တာလဲဆိုသည့် အကြည့်နှင့် သဃရမျက်ခုံးတွေ မသိမသာ ကုတ်ကျသွား၏။

"အဲ့ဒါတွေရှင်မဖြစ်ချင်တာမှန်ရင် ရှေ့နေအလုပ်ကိုစွန့်လွှတ်လိုက်.."

"ဘာ.."

"မဟုတ်ရင်လည်း တရားသူကြီးလုပ်ဖို့စဉ်းစား.."

"မင်းကရှေ့နေ..ငါကတရားသူကြီးဟုတ်လား..အဲ့လိုဖြစ်တော့ ဒီပြဿနာတွေပြီးသွားမယ်ပေါ့.."

ပိုလို့သာဆိုးဝါးလာမှာပါ၊ မိန်းမဖြစ်သူကလျှော်လဲချက်တွေပေး ယောက်ျားက စီရင်ချက်ချ... ၊

"ပြောလေ.."

"ရှင်မေးခွန်းတွေ ထောက်မနေနဲ့သဃရ..ခုလို ကျွန်မတို့ရင်ဆိုင်နေရသရွေ့ ရှင့်ကိုကျွန်မခင်ပွန်းလို့သတ်မှတ်ဖို့.."

"သတ်မှတ်ပေးပါလို့ ငါကလည်းမတောင်းဆိုပါဘူး.."

"ရှင်က တောင်းဆိုနေပါတယ်လို့လည်း ကျွန်မမပြောရသေးပါဘူး.."

"ဟား ဟား ဟား.."

သဃရက ခပ်အုပ်အုပ်ရယ်သံနှင့် ရုံးဘက်ကိုမျက်နှာပြန်ငဲ့၍

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်သပ်သည်။ ပြီးမှ ပြန်လှည့်၍.. ။

"ထားလိုက်ပါတော့..မင်းနဲ့ငါဘယ်သူကမှ မနှုတ်ထွက်ဘူး၊ ဘာတွေဖြစ်လာလာ ဂရုမစိုက်ဘူး..ဒါပေမယ့် မင်းပြောင်းလဲဖို့ကြိုးစားနေတဲ့ မိခင်ကောင်းဖြစ်ဖို့ဆိုတာ လမ်းတစ်ဝက်ကနေဖြတ်ခေါ်ပြီး ကလေးနဖူးလေးသပ်ပေး..ပါးလေးဆွဲရုံနဲ့တော့ ဖြစ်လာမှာမဟုတ်ဘူး.."

"ဘာလဲ..မိခင်ကောင်းဖြစ်ဖို့အတွက် မယားကောင်းဖြစ်ဖို့အတွက်လိုတယ်လို့ ရှင်ပြောချင်တာလား.."

အထင်သေးစိတ်ပျက်သလို မဲ့ထားသည့်စွန်းရဲ့ နှုတ်ခမ်းလေးတွေကြောင့် သရေမျက်နှာနည်းနည်းတော့ တည်သွားသည်။

"ဟွန်း..ရှင့်ကိုယ်ရှင်ငါလုပ်ပြလိုက်တာ တော်တော်ထိရောက်သွားတယ်လို့များ ထင်နေသလားသရေ..ရှင့်ဘာသာတစ်လောကလုံးမှာရှိသမျှ မိန်းမချောမိန်းမလှတွေနဲ့ တွဲနေပါစေ၊ ရှင့်အဆင့်ကိုရှင်ဖော်ပြနေတာ ဘယ်သူက ဂရုစိုက်မှာလဲ.."

"မင်းဘာတွေ လျှောက်ပြောနေတာလဲ.."

"လျှောက်ပြောနေရအောင် ဒီကာပါးစပ်က အရေမရအဖတ်မရစကားတွေ ပြောနေရလောက်အောင် အားနေတာမဟုတ်ဘူး..စကားပြောတာကြည့်ပြော.."

လျှောက်ပြောနေတယ်လို့ ပြောခံရတာကိုစွန်းအမုန်းဆုံး.. ။ မြင်သမျှ ကြားသမျှ ထင်ရာမြင်ရာ လျှောက်ပြောနေရအောင် ဒီကအရူးမို့လို့လား.. ။

"ငါ အဲ့လိုပြောတာမဟုတ်ဘူး.."

စွန်းလမ်းကို ဖြတ်ကူးလာတော့ သရေလည်းပါလာကာ.. ။

"မင်းပြောတာတွေက ငါ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ စွပ်စွဲချက်တွေ စွန်း..ငါဘာပြောပြောမင်းအမြဲတမ်း ကိုယ်လိုရာဆွဲတွေးတယ်..ပုံပေါ်လာရင်လည်း အမြဲတမ်းနဲ့က်ဂတစ်တွေပဲ.."

"ဟုတ်လား.."

'ရှင် အမျိုးသမီးတွေနဲ့ တရုန်းရုန်းတွဲသွားနေထိုင်နေတာတွေ ဒီက မသိဘူးထင်နေလို့လား..'လို့ မပြောဖြစ်ပေမယ့် စွန်းမျက်နှာမှာ ခပ်မဲ့မဲ့ခနဲ့ပြုံးတစ်ချက်ထင်၏။



ထိုအပြုံးကြောင့် သရေတော်တော်ခံရခက်သွားသည်။ စွန်းဒီလိုထင်သွားမှာကို သူစိုးရိမ်ခဲ့သည်။ စိုးရိမ်တဲ့အတိုင်းဖြစ်လာတော့ ရင်ထဲမှာ မောသွားခဲ့သည်။

ကိုယ့်ဘက်ကစပြီး အလျှော့မပေးဖို့ ဆုံးဖြတ်ထားပေမယ့် သူမနဲ့ ဒီထက်ဝေးကွာသွားမှာကိုတော့ မလိုချင်ပေ.. ။

ထိုစဉ် မီးခိုးရောင်ပါဂျရိုကားတစ်စီး ခပ်လှမ်းလှမ်းမှာ ပါကင်ထိုးသွားကာ. .။

"ရှေ့နေကြီးတို့က ဒီမှာကိုး.."

ကားပေါ်ကဆင်းလာသူကို စကားလှမ်းပြောမှ သတိထားလိုက်မိ၏။

ဟေမာန်က ပန်းနုရောင်ကိုယ်ကျပ်ဝတ်စုံနှင့် အပေါ်ထပ်ပါးလေးတစ်ထည် ထပ်ဝတ်ထား၏။ ဟီးလ်ဒေါက်ကြီးစီးထားပြီး ခပ်နွဲ့နွဲ့လှမ်းလာပုံက သူမကိုယ်ကိုဆယ်ကျော်သက် မိန်းမငယ်လေးအတိုင်း:. ၊

သူမက နှစ်ယောက်စလုံးကိုကြည့်လိုက်ပြီး ပြုံးပြကာ.. ၊

"ရုံးမှာလိုက်ရှာနေတာ..ပြန်မယ်ဆိုတော့မှ လှမ်းမြင်လိုက်တာနဲ့.."

"အရေးတကြီးပြောစရာရှိလို့လားဟေမာန်.."

"ရှိတယ်ပဲဆိုပါတော့..ဒါနဲ့ရှေ့နေကြီးတို့နှစ်ယောက် ဒီတစ်ခါလည်း လင်မယားကွာရှင်းပြတ်စဲခွင့် အမှုတစ်ခုကိုအတူလိုက်နေကြတယ်နော်.."

ဟေမာန်က သူမရဲ့လာရင်းကိစ္စထက် တခြားအကြောင်းအရာတစ်ခုခုကို ပြောဖို့သာစိတ်စောနေပုံရှိလျက်.. ။

"ခုပဲရုံးမှာ ပြောနေကြတာကြားခဲ့လို့ပါ..မသင့်မြတ်တဲ့ရှေ့နေလင်မယားက ကွာရှင်းပြတ်စဲမယ့် အမှုကို သူနိုင်ကိုယ်နိုင်တိုက်နေကြတယ်တဲ့.."

ကိုယ့်ညွှဲသည်မဟုတ်သည်မို့ ခွဲထွက်မို့ပြင်လိုက်သည့်စွန်းရဲ့ခြေထောက်တွေ နေရာမှာတင်ရပ်တန့်သွားသည်။

"လူတွေရဲ့ပါးစပ်ကတော့ ဒီလိုပါပဲကိုရရယ်.."

www.burmeseclassic.com

www.burmeseclassic.com



ကိုရဆိုပါလား.. ।

ခုနကခေါ်တော့ ရွှေနေကြီး.. ।

စွန်းမျက်နှာတည်တည်နှင့် ပြန်လှည့်လာတော့ ဟေမာန်က ပျာပျာသလဲပြုံးပြလိုက်ရင်း.. ।

"ကြားခဲ့တာကိုပြောပြတာပါ..အဟွန်း၊ သူတို့ကဲ့ရယ်ကြတာလား..တကယ်သဘောကျနေတာလားတော့မသိဘူး၊ ဇနီးကိုမကွာရှင်းချင်တဲ့ယောက်ျားကို ရွှေနေကြီးကအကျိုးဆောင်ပေးတယ်..ကွာရှင်းချင်တဲ့ ဇနီးသည်ဘက်ကရွှေနေစွန်းက ဆိုတော့.."

"အဲ့ဒီလိုအခြေအနေမျိုးနဲ့ ကျွန်မတို့ရင်ဆိုင်နေတာကို ဒေါ်ဟေမာန်လည်း စိတ်ဝင်စားနေတာထင်တယ်.."

"အို..မဟုတ်ပါဘူးဒေါ်စွန်းရယ်၊ ဟိုမှာသူများပြောနေကြတာတွေကို ဟေမာန်ကပြောပြတာပါ..ကိုယ့်မိသားစုအကြောင်း ကိုယ့်အကြောင်းဆိုတာ ပတ်ဝန်းကျင်ကလျှံလာမှ ကိုယ်ကြားရတာလေ.."

စွန်းက အေးစက်စက်မျက်ဝန်းတို့နှင့် ပြုံးလိုက်ရင်း.. ।

"လျှံထွက်လာတဲ့ စကားကလည်းကိုယ့်အတွက် ဝမ်းမြောက်ဖွယ်တွေဖြစ်ဖို့မှမရှိတာ...ပတ်ဝန်းကျင်စကားတိုင်းကို ကျွန်မပြောရဲတယ်.. အားလုံးအတင်းအဖျင်းတွေချည်းပဲ.."

ဟေမာန်မျက်နှာပျက်သွားကာ အပြုံးကိုမပျောက်ပျက်အောင် စွမ်းစွမ်းတမံ ကြိုးစားဖုံးလွှမ်းထားခဲ့ပေမယ့်.. ।

"ပြီးတော့ အဲ့ဒီအတင်းအဖျင်းစကားတွေကို လျှံလာမှကြားရတာမဟုတ်ဘူး..ရည်ရွယ်သူဆီအရောက်ပို့နိုင်တာ အတင်းစကားပဲ deliver စနစ်ထက်သေချာတယ်..အင်တာနက်သုံးသလို ကွန်နက်ရှင်ကောင်းဖို့တောင် မလိုဘူး.."

"အဲ့ဒါမှန်ပါတယ်မစွန်းရယ်..ဒါပေမယ့် ချီးမွမ်းသံတွေဆိုတာလည်း ပတ်ဝန်းကျင်စကားတွေပါပဲ၊ ဟေမာန်က ရွှေနေကြီးတို့ဘက်က တွေးကြည့်ပေးတာပါ..ပြီးတော့ စဉ်းစားကြည့်တာလေ..လူတွေက သူများအိမ်ထောင်ရေးကိုတောင် လိုက်ဝေဖန်ကြတယ်လို့.."

ဟေမာန်က စိတ်ညစ်နေပုံပေါ်သည့် သူရာဘက်လှည့်ပြီး ပေါ့ပါးဟန်နှင့် ရယ်ကာ.. ।



"တကယ်တော့လည်း လူတွေအောင်မြင်ကျော်ကြားအောင်နည်းမျိုးစုံနဲ့ ကြိုးစားနေကြတာ ပတ်ဝန်းကျင်ရဲ့ချီးမွမ်းသံတွေကို လိုချင်လို့ပဲမဟုတ်ဘူးလား၊ဟွန်း..ဟွန်း၊ ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းတယ်ချည်းပဲတော့ သိမ်းကျုံးမပြောသင့်ဘူးလေ.. လူတွေအားလုံးအ လေကိုရှူရှိုက်နေရလို့ အသက်ရှင်နေကြတာပါ.."

"ဟုတ်တယ်..ဒါပေမယ့် ကျွန်မတို့က နှာနဲ့အသက်ရှုနေကြတာမဟုတ်ဘူးမလား.."

ဟေမာန့်မျက်နှာရဲခနဲ ဖြစ်သွားသည်။ စွန်းကပြုံးလိုက်ပြီး..।

"ဒေါ်ဟေမာန်မေ့နေသလားလို့ ပြောပြတာပါ..ကျွန်မက တော့ တစ်ခါတစ်လေအလုပ်ရှုပ်လွန်းတဲ့အခါ ကိုယ့်အသက်ရှူသံကို တောင် အနှောက်အယှက်ဖြစ်တယ်ထင်တာ.."

စွန်းက အနိုင်နဲ့ပိုင်းပြီး ထွက်၏။ ကျန်ရစ်ခဲ့သည်ဟေမာန်က အပြုံးလေးတစ်ချက်လေး ပျောက်သွားပေမယ့် ခဏတစ်ဖြုတ်လေးပဲ ဖြစ်ကာ.. ।

"ယုံသွားပြီသိလား..ကိုရတို့အိမ်ထောင်ရေးကို လူတွေဘာကြောင့် ဒီလိုပြောနေသလဲဆိုတာ.."

သူရက မျက်မှောင်ကုတ်သွားလျက်.. ။

"အဟွန်း.."

မပြုံးချင်ပေမယ့် ပြုံးလိုက်ရင်း.. ।

"ဒီလိုပါပဲ..တစ်ခါတစ်လေ အဖြေတစ်ခုက ect.. တွေနဲ့ရှိနေတတ်တယ်.."

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၈)

"စားလေသမီး..နေမကောင်းဘူးလား.."

ထမင်းဝိုင်းမှာ လူစုံနေသည်။ သဲသရနဲ့စွန်း တိုင်ပင်မထားကြပေမယ့် ဒီညနေမှာသမီးလေး စိတ်ချမ်းသာအောင် ကိုယ့်အသိနဲ့ကိုယ် တာဝန်ယူ၍ အချိန်ပေးခဲ့ကြတာဖြစ်၏။

ဒါကို တကူးတကထုတ်နှုတ်ကြိုးစားရတာက စွန်းပဲဖြစ်သည်။ ဒါပေမယ့် သူမက သမီးမျက်နှာကိုကြည့်နေတတ်တာသာ ရှိသည်။ နူးညံ့သောစကား နှစ်သိမ့်ပျော်ရွှင်စေလိုသောအပြုံး ဘာဆိုဘာမှမရှိခဲ့ဘဲ တိတ်တိတ်ဆိတ်ဆိတ်.. ।

"ဟုတ်သားပဲညလေးရာ..ဒီည ဖေကြီးတို့လည်း စောစောပြန်လာကြမှာဆိုလို့ ကိုကိုအပြင်မှာ ဘာမှစားမလာဘဲ အချိန်မီဒိုင်ဗင်ထိုးပြန်လာခဲ့ရတာ..လူစုံတုန်း ပြောစရာရှိတာပြော..အားရပါးရစားစမ်းပါ.."

"မေမေကရော.."

လရောင်က စွန်းကိုကြည့်၍ တည့်တည့်မေးလိုက်သဖြင့် အားလုံးအကြည့်က စွန်းထံရောက်၏။

"မေမေက ဘာဖြစ်လို့လဲ.."

စွန်းက ပြန်မေးကာ၊ လရောင်ကို မေးဆတ်၍.. ।

"မေမေရော..ဘာမှမပြောဘဲစားနေတာပဲ.."

"မေမေကဗိုက်ဆာနေလို့ပါ..တစ်ယောက်တည်းအလုပ်လုပ်ရင်းစားဖြစ်တာတွေများတော့ စကားမပြောတတ်တာအကျင့်ပါနေတာ.."

"မေမေ့ကို ဖေဖေကတောင်းပန်ပြီး အတူထမင်းစားဖို့ ခေါ်



လာတာလားဟင်.."

"အံမာ..ဖေဖေကဘာလို့ တောင်းပန်ရမှာလဲ.."

"တောင်းပန်တိုင်းရော ဒီကခေါင်းညိတ်မှာမို့လို့လား.."

မျက်နှာချင်းဆိုင် ထိုင်နေကြရင်း စကားထများကြတော့ နေသရက မျက်နှာငုံ့လိုက်ပြီးရယ်သည်။

လရောင်မျက်လုံးလေး အကြောင်သားနှင့်ကြည့်နေ၏။ သူမမေးလိုက်မိတာ ဒီလိုတွေဖြစ်လာဖို့ပဲ မဟုတ်လေရာ.. ।

"ဖေကြီးကလည်း.."

မအေကိုကြောက်ရသဖြင့် ရင်းနှီးစွာပြောဆိုရဲသည့် ဖအေကိုပဲ သတိပေးသလိုလေးပြောမိကာ.. ।

"မဟုတ်ဘူးဆိုလည်း ပြီးတာပဲဟာ.."

"ဖေဖေကပြီးလိုက်ရင်လည်း သူပြီးမှာမဟုတ်ဘူးလေ..သိနေလို့.."

"ဟုတ်တယ်..အသိအမှတ်ပြုလိုက်သမီး၊ ငါ့အဖေက ရန်တွေ့ကောင်းတဲ့အဖေပါလားလို့.."

"ဟာ..စွန်း၊ မင်း.."

"ဖေဖေရာ.."

နေသရ မျက်နှာရှုံ့မဲ့မဲ့နဲ့တားသည်။ သို့သော် နှုတ်ခမ်းတွေက ရယ်ချင်နေတာ သိသာနေလျက်.. ।

"ထမင်းစားရင်း တန်းလန်းကြီးနဲ့မိဘတွေ ရန်ဖြစ်နေကြတာကို သားနဲ့သမီးကတားဆီး ဖျန်ဖြေပေးနေရတာနော်..အဲ့ဒါ အင်တာနက်ပေါ်တင်လိုက်ရင် လိုက်(ခ်)တွေ ကွန်းမန့်တွေ ဖုံးကြသလိုပေးကြမှာ.."

"အေး.. မင်းတင်မှာပဲပူရမှာ.."

ရွှံ့ပြောလိုက်ပေမယ့် ဘေးမှာချထားသည့် နေသရရဲ့ဖုန်းဆီ တစ်ချက်တော့ ကြည့်မိသေးသည်။

"ဒါလေးစားကြည့်သမီး..မိန်းကလေးတွေနဲ့တည့်တယ်.."

သားအဖစကားပြောနေရင်း စွန်းနဲ့လရောင်ဆီ အာရုံရောက်သွားကြသည်။ ပန်းကန်ထဲရောက်လာသော ပေါက်ပန်းဖြူပြင့်သုတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လရောင်ငုံ့ကြည့်ပုံက ရင်ခွင်ထဲကို ရွှေထုတ်ကြီးပြုတ်ကျလာလို့ အံ့ဩမှင်တက်မိသွားတာမျိုး.. ၊

မော့လာတော့ မျက်နှာလေးကပြုံးနေကာ.. ၊

"အဲ့ဒါ ဘာသုပ်လဲမေမေ.."

"ပေါက်ပန်းဖြူပွင့်လေ..သမီးတို့နဲ့တည့်တယ်.."

စွန်းလေသံက နူးညံ့နေပေမယ့် မျက်နှာမှာအပြုံးအရယ်မရှိပေ၊ ဒါပေမယ့် ပြေပြေပြစ်ပြစ်လေးတော့ ရှိနေခဲ့လျက်.. ၊

"စားကြည့် ချိုနေတာပဲ.."

"ဟုတ်လား..ထမင်းဝိုင်းမှာ သမီးတစ်ခါမှမမြင်ဖူးဘူး.."

"သမီးအတွက် မေမေလုပ်ခိုင်းထားတာ.."

"ဟုတ်လား.."

လရောင် မျက်နှာလေးချိုအီသွားလေသည်။ ကော့ထင်းနေသောနှာတံနှင့် ခိုင်ကြည်သောစွန်းရဲ့ မျက်နှာကိုပဲငေးကြည့်ရင်း ထမင်းနဲ့အသုပ်ကို စားနေကာ.. ၊

"မေမေ..အဲ့ဒါက မိန်းကလေးတွေနဲ့ ဘာလို့တည့်တာလဲဟင်.."

"အဲ့ဒါက.."

စွန်းက ထမင်းနဲ့ဟင်းတင်ပြီး ပါးစပ်နားထိရောက်နေသည့် ဇွန်းကို အသာလေးပြန်ချလိုက်ကာ..၊

"သွေးသားမှန်တာမျိုးပေါ့..ပြီးမှ သေချာပြောပြမယ်နော်၊ ထမင်းစား.."

"အဲ့ဒါကြောင့် သမီးတွေကိုအမေက အုပ်ထိန်းမှုပြည့်စုံတာလို့ ပြောကြတာဖြစ်မယ်နော်.."

ပြောပြီး သဃရကိုရယ်သွမ်းသွေးသည့် မျက်နှာလေးနှင့်ကြည့်လိုက်ကာ.. ၊

"ဖေဖေဆို အဲ့ဒါတွေသိနေမှာမဟုတ်ဘူး.."

"သိတိုင်း ပြောပြန်ရင်လည်း နေရာလှတယ်ဖြစ်ဦးမှာကိုး..ဖေဖေဘာလို့မသိရမှာလဲ.."

ပါးစပ်နားရောက်နေသည့် ထမင်းလုတ်ကို နောက်တစ်ခါပြန်



ချလိုက်ရကာ၊ စွန်းလှည့်ကြည့်တော့.. ၊

"မဟုတ်ဘူးမေမေ့..မဟုတ်ဘူး၊ ဖေဖေကဒေါသဖြစ်လို့ပြောတာမဟုတ်ပါဘူး..ဟွန်း၊ ရန်မဖြစ်ကြပါနဲ့.."

နေသရကပြောတော့ လူကြီးသူကြီးလိုလို.. ၊

ပြီးတော့ ဟင်းတွေကိုကြည့်၍ လက်တပြင်ပြင်နှင့် တစ်ခုခုကို ရှာဖွေသလိုလုပ်ကာ.. ၊

"ဖေဖေ့.."

"ဟင်.."

"ဖေဖေကရော..သားနဲ့တည့်တဲ့ဟင်းလေးဘာလေးချက်ခိုင်းထားတာမရှိဘူးလား.."

သဃရ လည်ချောင်းထဲရောက်သွားသည့် ထမင်းလုတ်ပြန်ထွက်မလာအောင် ပါးစပ်ပိတ်ပစ်လိုက်၏။

"ဟဲ..ဟဲ ညလေးကိုမေမေက သင့်တင့်ရာကျွေးတော့ ဖေဖေလည်း.."

"အားလုံးနဲ့တည့်တယ်..ဒီပေါ်မှာရှိတာအကုန်စား.."

လရောင်က ခစ်ခနဲရယ်သည်။ နေသရကမဲ့သွား၏။

"ဖေဖေကလည်း တစ်ခုခုတော့.."

"မင်းက တစ်ခုခုကိုရှိစေချင်နေတာလား.."

"မဟုတ်ဘူးလေ.."

"ဘာမဟုတ်တာလဲ.."

မေးရင်း သဃရက နေသရပန်းကန်ထဲကို ငါးရှဉ့်ချဉ်စပ်ဟင်းနဲ့ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းတွေ ထည့်ပေး၏။ ပြီးတော့ ငါးဥနဲ့ပုစွန်အချိုကြော်တွေ ထပ်ထည့်ပေး၍.. ၊

"ငါ့သားမှာလိုအပ်နေတာ ငါးမကြိုက်တတ်တဲ့အမှုပဲ..အဲ့ဒါတွေစားလိုက်..ဘာမှမလိုတော့ဘူး.."

"ဖေဖေရာ..သားမှမကြိုက်တာကို.."

"သမီးငယ်လည်း မကြိုက်ဘူးလေ.."

"ဒါပေမယ့် မေမေကသူ့အတွက် only.."

"ဖေဖေက အခုအများကြီးထည့်ပေးနေတာ ပိုတောင်ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ရဦးမှာ.."

"ခစ် ခစ်.."

လရောင်ရယ်နေတော့ နေသရမျက်နှာလည်း တဖြည်းဖြည်း ပြုံးလာကာ.. ၊

"မေမေ့.."

စွန်းက ထမင်းစားရင်း မျက်လွှာပင့်ကြည့်၍ထူးသည်။ နေသရက သူ့ပန်းကန်ထဲမှာ သရထည့်ပေးထားသည့်ဟင်းတွေကို စွန်းခပ်ရင်းနဲ့ ဟိုဘက်တိုး ဒီဘက်ရွှေ့လုပ်နေရင်း.. ၊

"သားလည်း မေမေ့သားနော်.."

" အင်းလေ.."

"သားယောကျ်ားလေးတွေ ဘာစားသင့်တယ်ဆိုတာ မေမေ့မှာတာဝန်ရှိပါတယ်.."

"အပ်ွန်း.."

စွန်းက သွားတန်းလေးတွေပေါ်အောင်ပြုံး၍ ရေဖန်ချိုင့်ဆီ လှမ်းကိုင်၏။ လရောင်က ကမန်းကတန်းယူပြီး ရေတစ်ခွက်ထည့်ပေးသည်။

သရကလည်း သူ့ဘေးနားမှာရှိသည့် ရေချိုင့်ဆီလှမ်းလိုက်ကာ.. ၊

"တွေ့လား..သား.."

"မင်းက မင်းညီမလိုမှ အလိုက်မသိတာ.."

ပြောလိုက်မှ နေသရမျက်လုံးက ဖအေဖြစ်သူကိုယ်ဘာသာ ရေထည့်သောက်နေရတာကို သတိထားကြည့်မိ၏။

"ဩော်..ဒါတွေလည်းရှိသေးတာလား.."

"ရှိတယ်.."

နေသရခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်ပြီး ထမင်းတင်ထားသည့် စွန်းကိုပါးစပ်ထဲထည့်လိုက်လျှင်.. ၊

ဟင်.. ၊

အားပါးတရဝါးလိုက်သည့် လှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။

ဘာလဲ.. ၊



ပန်းကန်ကိုပြန်ငုံ့ကြည့်၍ ဆက်ဝါးလိုက်တော့ သေချာသွားသည်။ ငါးမှငါးရဲ့ဗိုက်ထဲကဥစစ်စစ်တွေ.. ၊အကြည့်က လရောင်ဆီ အန်းရောက်သွားလျှင်.. ၊

"ညလေး.."

"ဟား ဟား ဟား.."

လရောင် အားပါးတရရယ်လိုက်ပြီးမှ ထမင်းစားနေတာကို သတိရပြီး ဇက်လေးပုသွားရင်းပြန်ထိန်းသည်။

"ဘာဖြစ်လို့လဲ..ဖေဖေစားခိုင်းနေတာ စားပြလိုက်ရင် ကိုကိုလည်းညလေးလို.."

"တော်တော်.."

ငါးဥဆို နေသရအသေမုန်းသည်။ ပါးစပ်ထဲရောက်နေကာမှ ဒီတိုင်းမဝါးဘဲ မျိုချလိုက်ဖို့လည်း အဆင်မပြေ.. ၊

"ညလေး..နော်.. နင်.."

မောင်နှမနှစ်ယောက်ကြောင့် စွန်းထမင်းလက်စသတ်ရင်း ရယ်နေမိသည်။ ထိုမျက်နှာလေးကို သရကအမိအရဖမ်း၏။

ပြီးတော့ ကျေနပ်သွားမိသည်။ သူရှိစေချင်ခဲ့တဲ့ ဒီအတိုင်း...၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

"ဒေါက်.. ဒေါက်.."

တံခါးခေါက်လိုက်ရင်း အထဲကိုအသံကိုနားကပ်စွင့်မိစဉ်..၊

"ဘာကိစ္စလဲ.."

အသံက နောက်ကကပ်လျက်ပေါ်လာသဖြင့် ကိုယ်ကတောင့် ခနဲ ပြန်ဖြစ်၏။ ပြီးမှ ဘေးစောင်းလှည့်ရပ်လိုက်ကာ.. ၊

"မင်းကိုပြောစရာရှိလို့.."

"ပြောစရာရှိတာ ပတ်ပျိုးနေဖို့မလိုဘူး..ပြော၊ ဘာလဲ.."

"လိုတာပေါ့ကွ..ငါက မင်းကိုနေထိုင်ကောင်းရဲ့လား လာမေးတာမှမဟုတ်ဘဲ.."

"အဲ့လိုလာမေးလည်း အပိုတွေဒီကပြန်ဖြေနေမှာမဟုတ်ဘူး.. ခုလည်း အပိုတွေမပြောရင် ကျေးဇူးတင်တယ်..ဘာလဲဆိုတာပြော.."

"မင်း အဲ့ဒါတွေ.."

သူမ ညအိပ်ရာဝင်ခါနီး မျက်နှာသစ်ကိုယ်လက်သန့်စင်လာပုံပေါ်ကာ မျက်နှာပေါ်ကရေစက်တွေကို သပ်ချနေသဖြင့် အမြင်မတော်လို့ပါ.. ၊

ဒါပေမယ့် ဒီမိန်းမစေတနာလည်း နားမလည်.. ၊

"ဒါတွေသွားဝင်ပြီး သုတ်သင်နေရင် ရှင့်ကိုကျွန်မက တစ်ခေါက်ပြန်လာပြီး ဧည့်ခံနေရမှာပေါ့..မလိုဘူး၊ ပြောစရာရှိတာပြော.. အရမ်းကို အေးဆေးပြောဖို့လိုနေရင်တော့ ဆောရီးပဲ..ကျွန်မမအားဘူး.."

သူမက တံခါးကိုလက်လှမ်း၏။

"မင်းကို အခုလက်ခံထားတဲ့အမှုနဲ့ ပတ်သက်ပြီးပြောချင်



တာ.."

စွန်းကဒီတိုင်းလက်နှစ်ဖက်ချရပ်နေပြီး စိတ်မရှည်သလိုမျက်နှာလွှဲထား၏။

"မင်းနဲ့ငါ လင်မယားပြသနာတွေ အိမ်ထောင်ရေးသဘောထား ကွဲလွဲမှုတွေပဲ များသောအားဖြင့်ကိုင်နေရတာ ငါတို့ကတော့ကိစ္စမရှိဘူး.."

"ဘာကကိစ္စရှိနေလို့လဲ.."

"ဘာမှကိစ္စမရှိဘူးလို့ထင်ရပေမယ့် နည်းနည်းတော့ရှိနိုင်တယ်.."

သူဘာပြောချင်တာလည်းဆိုတာ စွန်းကသဘောပေါက်သည်။

"ရှိရှိမရှိရှိ ဂရုစိုက်ဖို့မလိုပါဘူး..ရှင်ဂရုစိုက်ရင်တော့ စဉ်းစားလေ.."

"စွန်း.."

"ဘာတွေကြောက်ဒူးတုန်နေတာလဲအတိသရေ..ဒီအမှုကိုရှင်ကစားလို့ မကုန်တဲ့မုန့်တစ်ခုလို ဖြစ်သလိုထုပ်ပတ်ပြီး အမှိုက်ပုံးထဲသွားထည့်လိုက်ချင်လို့လား.."

"ထည့်လို့ရရင်တော့ ကောင်းတယ်လေ..ငါပြောချင်တာက ဒီအမှုကိုထားလိုက်တော့..နောက်ထပ် မင်းနဲ့ငါအမှုတစ်ခုတည်းမှာရင်မဆိုင်မိဖို့ တစ်ခုခုတော့စီစဉ်ရလိမ့်မယ်.."

"ဘာ.."

"အချက်နှစ်ချက်ရှိတယ်..ပထမတစ်ချက်က အမှုသည်ကဘယ်လိုစိတ်ကူးနဲ့လာအပ်ပါစေ..ငါရှိရေရင် မင်းနောက်ဆုတ်ရမယ်.. မင်းလက်ခံထားခဲ့ရင် ငါကဆုတ်မယ်.."

"ဘယ်သူ့သဘောတူညီချက်နဲ့လဲ.."

"မင်းသဘောတူမှဖြစ်မှာမို့လို့ ငါဒီထိလာပြောနေတာပေါ့.. တစ်ခုခုပြောပြီဆိုရင် လက်ခံသင့်မသင့် မစဉ်းစားဘဲ မင်းနှုတ်ခမ်းမှာ မဲ့ပြုံးတွေပဲ ထင်လာတာတော်တော်ရင်ကြားစေ့ဖို့ ခက်တဲ့ကိစ္စပဲ.."

"မစေ့နဲ့လေ..ရင်ကြားစေ့တာကိုမုန်းလွန်းလို့ ရှင့်သားသမီး

www.burmeseclassic.com



တွေကိုတောင် ခြောက်နှစ်ခုနှစ်နှစ် ပစ်ထားခဲ့တာနော်..ဟွန်း.."

"ငါသိတယ်..မင်းကိုလည်း အရှုံပြုပြီး ပေါင်းစည်းဖို့ပြောနေတာမဟုတ်ဘူး.."

"ပြောတိုင်းရော ရမှာမို့လို့လား.."

"ပြောဖို့လည်း မစဉ်းစားဘူးခင်ဗျားကို.."

"ဒါဆိုပြီးပြီလား.."

"မပြီးသေးဘူး.."

သူမ လက်တပြင်ပြင်ဖြစ်နေသောကြောင့် သရက တံခါးရှေ့မှာ ရပ်လိုက်ကာ လက်တစ်ဖက်ကဘောင်မှာ တင်ထားလိုက်ပြီး.. ၊

"ငါ့ကိုမင်းရဲ့ ဒေါ်ချစ်ခင်ဖုန်းဆက်တာ နှစ်ခါရှိပြီ.."

"အဲ့ဒါရှင်သွားတွေ့လိုက်လေ.."

"ဘာ.."

"ရှင်ကိုချိန်းနေတာမဟုတ်ဘူးလား.."

"စွန်း..မင်း ငါ့စကားကိုအပြောင်အပြက်မလုပ်နဲ့နော်..မင်း.."

"အပြောင်အပြတ်လုပ်နေတယ် ထင်ရင်လည်းမပြောနဲ့ပေါ့.. ရှင်နဲ့ကျွန်မဘာယ်အမှုကိစ္စအကြောင်းမှ ဆွေးနွေးဖို့မရှိဘူး..ရှင့်ရဲ့.."

"ဒါပေမယ့် မင်းကငါ့မိန်းမဆိုတာကိုတော့ မင်းဖျောက်ဖျက်လို့ မရဘူးမို့လား.."

"ရှင်ကြံဖန်ဂုဏ်ယူနိုင်အောင် အဲ့ဒါထားလိုက်ပါ..အခု ရှင့်ရဲ့အမှုသည်ကမှန်တယ်..ကျွန်မရဲ့အမှုသည်က လွဲနေတယ်၊ ကျွန်မအားလုံးမသိဘူးထင်လို့ အခုရှင်ပြောပြချင်တယ်..ဒါပဲမို့လား.."

"ဟုတ်တယ်..မင်းရဲ့အမှုသည်က မင်းကိုမပွင့်လင်းဘူး.."

"ရှင်တို့ချင်းကတော့ ယောကျ်ားချင်းဆိုတော့ ဒီလူဘာလုပ်ထားတာတွေ သိနေမှာပေါ့.."

"မသိခဲ့ပါဘူး..ဒါပေမယ့် သူကမပွင့်လင်းတာမဟုတ်ဘူး.. သူ့ရှေ့နေကိုတော့ အချွင်းမချန်ပြောပြမှာပဲ၊ ဒါပေမယ့် ငါ့ကိုမပြောပြပေမယ့် ငါသိတယ်.. ဦးထင်ပေါ်ကစည်းကမ်းရှိတယ်၊ ရိုးဖြောင့်တယ်.. သူဘာမှမမှန်တာမလုပ်ခဲ့ဘူး.."

သူ့စကားတစ်ချို့ကို စွန်းသိပ်နားမလည်။ ဒါပေမယ့် နား



ထောင်နေမိ၏။

"ချမ်းသာပေမယ့် လူရုပ်တော့မဟုတ်ဘူး၊ ဇနီးဟောင်းရှိပေမယ့် ပြတ်စဲပြီးသား.."

ဟင်.. ၊

သူမ သိခဲ့တာကဒီလိုမဟုတ်.. ၊

"မင်းရဲ့ဒေါ်ချစ်ခင်က လောဘကြီးတဲ့ပုံပဲ..သူ့သမီးကိုလည်း သူပဲကြိုးကိုင်နေတာ၊ ကွာရှင်းဖို့တွေဖြစ်လာခဲ့တာ သူ့ရဲ့စီစဉ်မှုအရ တစ်ဖက်သတ်တောင်းဆိုမှုတွေချည်းပဲ..ဦးထင်ပေါ်ရဲ့အပြစ်တွေဆိုတာလည်း သူတို့ပဲမရှိးမသားကြိတ်ကြံစည်တာတွေ.."

"ရှင်ကလည်း သူပြောတိုင်းယုံတာပဲလား.."

"သူပြောတာမဟုတ်ဘူး.. ငါစုံစမ်းလို့သိလာခဲ့တာတွေ.."

စွန်းက တစ်ချက်စိုက်ကြည့်ကာ.. ၊

"ရှင်က ထိန်ချန်ထားသင့်တဲ့ အချက်အလက်တွေကိုဘာဖြစ်လို့လာပြောပြနေတာလဲ.."

"မင်းသိစေချင်လို့..တစ်နည်းအားဖြင့် အပြတ်အသတ်ကြီးအနိုင်မယူချင်လို့ဆိုပါတော့.."

သရ စွန်းမျက်နှာကိုကြည့်၍ ပြုံးလိုက်သည်။

"ဦးထင်ပေါ်က လူညံ့တစ်ယောက်တော့မဟုတ်ဘူး..ဒေါ်ချစ်ခင်ရဲ့သမီးကို ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းစွပ်အောင် လုပ်ဖို့ထိ သူပြင်ဆင်ထားဖို့ရှိတယ်.."

"အဲ့ဒါရိုးဖြောင့်မှုတွေလား.."

"လက်ပြန်ကြိုးတုပ်ပြီး ကန်ကျောက်နှိပ်စက်နေတဲ့လူကို 'ငါလွတ်သွားလို့ကတော့ ပြေးပြီးလက်ဆွဲနှုတ်ဆက်မယ်လို့' မင်းတွေးမလား.."

"ရှင့်ကိုတစ်ဖက်တည်းမတွေးဖို့ ပြောချင်တာပါ၊ 'ပါးကိုက်လို့ နားပြန်ကိုက်'တာ သဘာဝမကျစရာမရှိပါဘူး..ဒေါ်ဧကရီနှင်းက ရှုန်းထွက်ဖို့ ကြိုးစားလာတာလည်း ဦးထင်ပေါ်ဘယ်လို ပြုမူဆက်ဆံခဲ့သလဲ ဆိုတဲ့ပေါ်မှာကြည့်လို့ရတာပဲ.."

"ငါပြောတာကို မင်းတမင်လက်မခံသလို အတိုက်အခံလုပ်

www.burmeseclassic.com

www.burmeseclassic.com



နေတာလားစွန်း.."

"ဖြစ်နိုင်တာပေါ့..ဘာဖြစ်လို့လဲဆိုတော့ ရှင်နဲ့ကျွန်မက အတိုက်အခံနေရှေ့နေတွေပဲ.."

"ငါကတော့ မင်းကိုအနိုင်မခံနိုင်ပေမယ့်..အမြဲအတိုက်အခံပြောနေရတာ မကြိုက်ဘူး.."

စွန်းကဖျတ်ခနဲကြည့်သည်။ ပြီးတော့ ပြုံးလိုက်ရင်း.. ။

"ကျွန်မကတော့ အတိုက်အခံတွေနဲ့ ရင်ဆိုင်ယှဉ်ပြိုင်နေရတာကို ကြိုက်တယ်.."

"သိတယ်လေ..မင်းအနိုင်ရသွားရင်ကြိုက်မှာပေါ့၊ ဒါပေမယ့် ဒီတစ်ခါ အရှုံးအနိုင်အဖြေထွက်တဲ့ အချိန်မှာတော့ မင်းကြိုက်မှာမဟုတ်ဘူးထင်တယ်.."

"ဒီအမှုမှာ ကျွန်မရှုံးမှာပဲလို့ရှင်ပြောချင်တာလား.."

"နိုင်ဖို့မှမရှိတာ.."

"အမှုလိုက်ကြတာ အနိုင်အရှုံးဆိုတာရှိမှာပဲ.."

"မင်းကမရှုံးချင်တဲ့မိန်းမလေး..အမှုသွားအမှုလာကို ရှေ့နေတစ်ယောက်သိထားသင့်တာထက် ပိုသိဖို့ကြိုးစားတယ်..အစွန်းရောက်မာနတွေနဲ့ အနိုင်တိုက်ချင်တယ်.."

"ကျွန်မက 'စွန်း'ပဲ.."

"နှစ်ကုန်ပိုင်းတုန်းက ဖြစ်ခဲ့တဲ့လူသတ်တရားခံကိုချမ်းသာကြွယ်က နာမည်ကသာချမ်းသာကြွယ်ဝ၊ လူကတော့ပလပ်စတစ်ကောက်သမားရယ်.."

စွန်းမျက်နှာလေးတင်းသွားသည်။ သရကခပ်တည်တည်ကြည့်၍.. ။

"စွန်းဆိုတဲ့နာမည်ပေါ်မှာပဲ ဘဝကိုပုံဖော်ဖို့မကြိုးစားနဲ့ မင်းလိုပဲငါကလည်း 'အတိသရ'၊ ဒါပေမယ့် 'အတိသရ'တွေကိုတော့ ငါမကြိုက်ဘူး.."

ပြောပြီး ခြေတစ်လှမ်းပြန်ဆုတ်၍.. ။

"မင်းစဉ်းစားကြည့်လေ..ဘာတွေဖြစ်လာလာ စိတ်မဆင်းရဲတတ်ဘူးလို့ ကိုယ့်ကိုယ်ကို ယုံကြည်ရင်တော့သဘောပဲ.."



"သရ.."

သူထွက်မသွားခင် တားဆီးမိကာ.. ။

"ရှင်ပြောတဲ့ အချက်နှစ်ချက်က မပြီးသေးဘူးထင်တယ်.."

သရက ပြန်လှည့်သည်။ ပြီးတော့ ခေါင်းပေါ်တည့်တည့်က မီးရောင်နှင့် မျက်တောင်များလေးတွေ ယှက်ဖြာနေတာကိုပါ မြင်နေရသော စွန်းမျက်နှာကို စိုက်ကြည့်ပြီးပြုံးလိုက်ကာ.. ။

"ဟုတ်တယ်..နောက်တစ်ချက်ကို ပြောရင်လည်းမင်းနဲ့ရန်ဖြစ်ရဦးမှာဆိုတော့ 'ဒီအမှုကို မင်းမကိုင်ပါနဲ့'လို့ မပြောတော့ဖို့ဆုံးဖြတ်လိုက်တာ.."

ပြောပြီး လှည့်ထွက်လာခဲ့သည်။ စွန်းကရပ်ကျန်ခဲ့ပြီးမှ မဲ့၏။ သူ့ကိုယ်သူ စကားတတ်ကြီး မှတ်နေသလား.. ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

ပြည်မြို့ကိုရောက်လာခဲ့ပေမယ့် ဘုရားဖူးလည်းမဟုတ်၊ ကျန်းမာရေးအပမ်းဖြေလည်းမဟုတ်ဘဲ အမှုကိစ္စအတွက် ခရီးရောက်မဆိုက်ကနေ မနားနိုင်ခဲ့တာ တရားခွင်ရောက်ခဲ့တဲ့အထိ.. ၊

ရန်ကုန်ကနေ တခြားကိုသွားရပြီဆို စွန်းပင်ပန်းပေမယ့် ကျေနပ်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရှေ့နေနှစ်ယောက်က ဇနီးမောင်နှံဆိုတာ ဘယ်သူမှမသိကြ.. ၊ ပထမဆုံး စွန်းကပဲစတင်၍ ကိုယ့်အမှုသည် ဒေါ်ဇကေရီနှင်းကို စစ်မေးလျှင်.. ၊

"ဒေါ်ဇကေရီနှင်းနဲ့ ဦးထင်ပေါ်တို့ ဘယ်အချိန်ကအိမ်ထောင်ကျခဲ့တာလဲ..ပြီးတော့ ဒေါ်ဇကေရီနှင်းတို့ရဲ့ အိမ်ထောင်ရေးအခြေအနေကို ရုံးတော်ရှေ့မှာ သိသာပေါ်လွင်အောင် ပြောပြပေးပါ.."

"ဟုတ်ကဲ့.."

ဒေါ်ဇကေရီနှင်းဆိုပေမယ့် အသက်အရွယ်ကသုံးဆယ်ကျော်ပဲဖြစ်ကာ သူမ့ကိုအများက ရီရီလို့လည်း ခေါ်ကြ၏။

"ကျွန်မနဲ့ဦးထင်ပေါ်က အိမ်ထောင်ကျခဲ့တာ တစ်နှစ်ကျော်လောက်ရှိပါပြီ..ဦးထင်ပေါ်က ကျွန်မကိုပေးကမ်းပံ့ပိုးမှုတွေ ဖိအားပေးပြီး သိမ်းပိုက်ခဲ့တာပါ.."

တရားခွင်မှာရှိနေသော ဦးထင်ပေါ်မျက်နှာက သူမစကားတွေနဲ့ ပတ်သက်ပြီးထူးခြားပြောင်းလဲသွားတာ မရှိဘဲ တည်ငြိမ်နေသလို ထင်ရသည်။ သို့သော် တလက်လက်စူးရဲနေသည့်မျက်လုံးတွေမှာ ခက် ထန်ရက်စက်တော့မည့် အငွေ့အသက်တွေဖုံးလွှမ်းနေခဲ့၏။

"အိမ်ထောင်ကျပြီးတော့လည်း ကျွန်မကိုအပေါင်းအသင်း သူ



ငယ်ချင်းတွေနဲ့ရော ပတ်ဝန်းကျင်နဲ့ပါ လုံးဝပေးမတွေ့ဘဲ အခန်းထဲမှာပဲ အကျဉ်းသားလို ပိတ်လှောင်ထားခဲ့ပါတယ်.."

"ဘာဖြစ်လို့ဒီလိုလုပ်ရသလဲလို့ ဒေါ်ဇကေရီနှင်းမေးခဲ့ဖူးပါသလား.."

"မေးခဲ့ပါတယ်.."

ဇကေရီနှင်းက ဦးထင်ပေါ်ကိုတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မိခင်ဖြစ်သူဒေါ်ချစ်ခင်ထံရောက်၏။ ပြီးမှ.. ၊

"ကျွန်မအသက်ငယ်နေလို့ စိတ်မချဘူးတဲ့..သူကလွဲပြီး ဘယ်ယောကျာ်းကိုမှ ကြည့်တောင်မကြည့်ရဘူးလို့ပြောပါတယ်..ပတ်ဝန်းကျင်ရှိနေရင်လည်း သွေးကြွတယ်..မဆက်ဆံရဘူးလို့ပြောပါတယ်၊ ကျွန်မလည်း သူထားသလိုနေခဲ့တာပါ..ဒါပေမယ့် ယောကျာ်းတိုင်းနဲ့ စွပ်စွဲပါတယ်၊ သူ့အလုပ်အဆင်မပြေလာတိုင်း ရိုက်ပါတယ်..

..အဆိုးဆုံးကတော့ ကျွန်မကို အချုပ်သားလိုထားပေမယ့်.. သူကိုယ်တိုင်ကတော့ အိမ်ထောင်ရေးဖောက်ပြန်နေတာပါပဲ.."

"ဒါဆို ဦးထင်ပေါ်ဘယ်လိုဖောက်ပြန်နေတယ်ဆိုတာ ဒေါ်ဇကေရီနှင်း သိထားတဲ့အတိုင်း ပြောပြပေးပါ.."

"သူ့အတွေးရေးမှုးမနဲ့ဖောက်ပြန်တာပါ..အသေးစိတ်တော့ မသိပါဘူး... အဲ့ဒါတွေကြောင့်ကျွန်မသူ့ကို ဆက်မပေါင်းနိုင်ပါဘူးရှင်၊ သူနဲ့လက်ထပ်ပြီးတည်းက အနိုင်ကျင့်နှိပ်စက်ခံခဲ့ရသမျှ ကျွန်မအရမ်းနစ်နာခဲ့ရပါတယ်..

...ကျွန်မက သူ့ရဲ့တရားဝင်လက်ထပ်ထားတဲ့ ဇနီးပေမယ့် လိုရင်မယား မလိုရင်သုံ့ပန်းဘဝနဲ့ပါ.. ကျွန်မသူနဲ့ကွာရှင်းချင်ပါတယ်၊ သူပိုင်ဆိုင်သမျှ ပစ္စည်းတစ်ဝက်ကိုလည်း ကျွန်မရသင့်ပါတယ်.."

အမှုအခြေအနေသည် စွန်းဘက်ကမေးခွင့်ရှိသမျှ မေးခွန်းတိုင်းအတွက် ထွက်လာသည့်အဖြေက အင်အားမဲ့နေခဲ့၏။ နောက်တစ်နေ့ ရုံးချိန်းမစမီ ဒေါ်ဇကေရီနှင်းနဲ့ ပြောသင့်မေးသင့်ရှိတာတွေကို ပြောဆိုဆွေးနွေးတော့လည်း ပြန်ဖြေသမျှ ဒေါ်ချစ်ခင်ရဲ့စကားတွေပဲ များနေခဲ့ရာ သူမသဘောပေါက်သွားခဲ့သည်။

ပစ္စည်းတစ်ဝက်ရပိုင်ခွင့်နှင့် ကွာရှင်းချင်နေတာ ဇကေရီနှင်းမ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်၊ ဒေါ်ချစ်ခင်သာကြီးကိုင်နေတာ ဖြစ်လေသည်။

"ဒေါ်ကေရီနှင်းနဲ့ ဦးထင်ပေါ်တို့ လက်မထပ်မီက အပြင်မှာ ဘယ်နှစ်ကြိမ်ဆုံခဲ့ဖူးပါသလဲ.."

"မဆုံဖူးပါဘူး.."

"မဆုံဖူးဘူးဆိုတာက မြင်တောင်မမြင်ဖူးခဲ့တဲ့ထိလား..လူကို မြင်ဖူးနေပြီး မျက်နှာချင်းဆိုင် စကားပြောဆိုခဲ့ခြင်းမရှိဘူးတာလား.."

တရားခွင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဒေါ်ကေရီနှင်း ခေါ် ရီရီဆိုသည့်အမျိုးသမီးက ဂုတ်မရောက်တရောက်ဆံပင်ကောက်ကောက်တွေကို သားရေကွင်းလေးနဲ့ ဖြစ်သလိုစုတင်းချည်ထား၏။

အသားလတ်လတ်နှင့် မျက်လုံးတော်တော်လှသည်။ ထို့ပြင် ကိုယ်လုံးကိုယ်ထည်လည်း ပြေပြစ်၏။ သူမသည်အဖြေတစ်ခုခုဖြေဖို့ ကြိုးစားတိုင်း လက်ခလယ်ကိုလက်မနှင့် အတန်ကြာကုတ်ခြစ်နေတတ်ကာ၊ မျက်တောင်တွေခတ်တာလည်း အကြိမ်ပေါင်းများစွာမနား.. ၊

"ဒါဆို ဦးထင်ပေါ်နဲ့လက်ထပ်ဖို့ကို ဒေါ်ကေရီနှင်းရဲ့အမေ ကိုယ်တိုင် တိုက်တွန်းနားချခဲ့တာပေါ့.."

"... ............ ............ .."

"ဒေါ်ကေရီနှင်း ကျွန်တော်မေးတာဖြေပေးပါ.."

"ဟုတ်..ဟုတ်ပါတယ်.."

"ဦးထင်ပေါ်က နိုပ်စက်ကလူပြုပါတယ်ဆိုတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ဘယ်တုန်းကဘယ်လိုပြုမူ ကျူးလွန်ခဲ့တယ်ဆိုတာ ဒေါ်ကေရီနှင်း ခံစားခဲ့ရသမျှ ရုံးတော်ရှေ့မှာပြောကြားပေးပါ.."

"ကန့်ကွက်ပါတယ်.."

ရှေ့နေက နေရာမှမတ်တပ်ရပ်လိုက်ပြီး.. ၊

"တရားသူကြီးမင်းရှင့်..ဒေါ်ကေရီနှင်းက ဒီအိမ်ထောင်ရေး သက်တမ်းတစ်လျှောက်လုံးနဲ့ ပတ်သက်သမျှကို ကိုယ်နှစ်သက်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်လို ပြောပြနိုင်မှာမဟုတ်ပါဘူး..အမှုအတွက်လိုအပ်တဲ့ မေးခွန်းကိုပဲမေးသင့်ပါတယ်.."

သဲရမျက်နှာထက်မှာ ရေခဲငွေ့ဟပ်သွားသလို တစ်ချက်တော့ ပြောင်းလဲသွား၏။ ရှေ့နေကလည်း ဂရုမစိုက်.. ၊



"ဒေါ်ကေရီနှင်းကို ကိုယ်ထိလက်ရောက်ရိုက်နှက် နှိပ်စက် ဘယ်ဆိုတာမှာ ဒေါ်ကေရီနှင်း မမေ့နိုင်လောက်တဲ့ ဖြစ်ရပ်မျိုးဘယ်နှစ်ကြိမ်လောက် ရှိခဲ့ပါသလဲ.."

"မမေ့နိုင်လောက်အောင် ရက်စက်ခဲ့တာတွေချည်းပါပဲ..ဘယ်နှစ်ကြိမ်ဆိုတာတောင် မသိတော့ပါဘူး.."

"ဒါဆို ဘာကြောင့်သူဒီလိုရိုက်နှက်တာပါလဲ..ဒေါ်ကေရီနှင်း ဘာအပြစ် တစ်စုံတစ်ရာမှ မရှိခဲ့ဘဲနဲ့လား.."

"ကျွန်မ.."

ရီရီ့မျက်လုံးတွေ လူအများရှိရာ မသိမသာဝေ့၏။ ပြီးတော့ ဘယ့်သူ့ကိုမှ ကြည့်တာမဟုတ်ဘဲမျက်လွှာပြန်ချသည်။ ခဏကြာမှ..။

"သူက ပြဿနာတစ်ခုကို ပုံကြီးချဲ့တတ်တဲ့သူပါ..အဲ့ဒါ လူတိုင်းသိပါတယ်.."

"လူတိုင်းဆိုတာ ဘယ်သူတွေလဲ..အိမ်ထဲကလူတွေလား၊ အိမ်နီးပတ်ဝန်းကျင်လား.."

"အိမ်ထဲက အလုပ်သမားအားလုံးပါပဲ.."

သဲရ ခေါင်းညိတ်ပြီး နောက်ပြန်ဆုတ်လိုက်သည်။

သက်သေတွေကို ရှေ့နေက စစ်မေးသည့်အခါ ဦးထင်ပေါ်ဘက်က ထွက်ဆိုကြသည်သာဖြစ်လျက် ရီရီဘက်ကအမှန်တရားနည်းပါးနေကာ.. ၊

"ကျွန်မတို့လင်မယား မေတ္တာစံအိမ်မှာ အလုပ်လုပ်ကြတာ နှစ်သုံးဆယ်ကျော်ပါပြီ.."

"သူဌေးက လုပ်ငန်းရှင်သူဌေးကြီးပေမယ့် အသည်းရောဂါ ရှိခဲ့ဖူးလို့ အရက်သေရည်လုံးဝကင်းပါတယ်.."

"ဒီနေ့ထိ အပျော်အပါးလောင်းကစားလည်း မလုပ်ခဲ့ဖူးပါဘူး.."

"သူတို့မိသားစုကိုမပြောနဲ့..ကျွန်တော်တို့အလုပ်သမားတွေကိုတောင် ဂရုတစိုက်ရှိတဲ့သူပါ..စည်းကမ်းကြီးပေမယ့် သာရေးနာရေးဘာကိုမှ ပြစ်မထားခဲ့ဖူးဘူး..အိမ်မှာရှိသမျှ လူတွေကိစ္စကို သူ့ကိစ္စလိုသဘောထားပြီး ဦးဆောင်ဖြေရှင်းပေးခဲ့တဲ့ သူတော်ကောင်းကြီးပါ.."

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက် ပြောသွားကြတာမေးတာထက် အများကြီးပို၏။လေသံတွေအရ ဒေါ်ချစ်ခင်နဲ့ဇေကရီနှင်းတို့အပေါ်မှာ မလိုလားကြပုံတွေ ပေါ်လွင်နေသည်။ သဿရကမေးသည်နှင့်.. ၊

"ညနေပိုင်းက ဧည့်သည်သုံးယောက်လာပါတယ်..အမျိုးသား နှစ်ယောက်နဲ့ အမျိုးသမီးကြီး တစ်ယောက်ပါ.."

"ကျွန်မတို့သိသလောက်ဆိုရင် သူဌေးကတော်က လက်ဝတ် ရတနာတွေ ကြွေးဝယ်တယ်..ဝယ်ရင်မကြာဘူး အဲ့ဒါမရှိတော့ဘူး.."

"ဟုတ်ကဲ့..အဲ့ ဒီလိုပြဿနာတွေ တက်ခဲ့ပါတယ်၊ သူဌေးက တော့ ကျွန်တော်တို့ပိုင်နက်ထဲ တစ်ခါမှဝင်မရှာခဲ့ပါဘူး..အကြီးအကျယ် ရန်ဖြစ်တဲ့ညကတော့ သိန်းတစ်ထောင်ကျော်ကို သူဌေးကတော်တစ်ခုခု လုပ်ပစ်တယ်လို့ စကားများနေတာတွေ နားစွန်နားဖျားကြားခဲ့ပါ တယ်.."

"ကျွန်မတို့နေခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာရော..သူဌေးက တော်နဲ့ လက်ထပ်ခဲ့တဲ့အထိ သူဌေးကဇနီးအပေါ်မှာ လက်နဲ့တောင် ရွယ်တာမတွေ့ဖူးပါဘူး.."

"ကျွန်မကအဝတ်လျှော်ကြမ်းတိုက်တဲ့ အလုပ်သမားပါ.. နောက်ဖေးတန်းလျားမှာနေတာပါ.."

"အိမ်ပေါ်မှာနေကြတာ အလုပ်သမားရှစ်ယောက်..တန်းလျား မှာ ငါးယောက်ပါ၊ သန့်ရှင်းရေးကသပ်သပ် အချက်အပြုတ်ကသပ်သပ် သူ့နေရာနဲ့သူ လုပ်ကြရတာပါ.."

"သူဌေးကတော်အိမ်ကဆင်းမသွားခင် တစ်ပတ်အလို လောက်က သူဌေးကားအက်ဆီးဒန့်ဖြစ်ပြီး ဆေးရုံမှာနှစ်ရက်နေလိုက် ရပါတယ်..အဲ့ဒီနှစ်ရက်မှာ သူဌေးကတော်ရဲ့အမေနဲ့တူဝမ်းကွဲဆိုတဲ့ အ သက်သုံးဆယ်လောက်လူတစ်ယောက် အိမ်ကိုလာပြီး တစ်ညအိပ် တယ်.."

"ဟုတ်ကဲ့..ပြန်သွားတော့ သူဌေးနိုင်ငံခြားထွက်ရင် ယူသွား လေ့ရှိတဲ့ ဘီးတပ်သေတ္တာကြီးနှစ်လုံးနဲ့ အပြည့်အသိပ် သယ်ထုတ်သွား ပါတယ်.."

"ဘာတွေမှန်းမသိပါဘူးဗျာ..ကျွန်တော်တို့ကို ကားပေါ်တင်



ခိုင်းတော့ နှစ်ယောက်ပိုင်း'မ'တာတောင် လက်သည်းလန်သွားခဲ့ပါ တယ်.."

ထိုလူကပြောပြရင်း သူ့လက်ခလယ်နဲ့လက်သူကြွယ်မှာ ပ လာစတာကပ်ထားတာ တစ်ချောင်းနှင့်နီရဲရောင်နေဆဲ လက်ချောင်းကို အများမြင်အောင် ထောင်ပြ၏။

သက်သေထွက်ဆိုနေပုံများသည် ငွေပေးထားသည့်လေသံ တွေမဟုတ်ပေ၊ ပိုချစ်လို့ချစ်တဲ့လူဘက်က ရပ်တည်တာမျိုးလည်းမ ဖြစ်နိုင်၊ အားလုံးရဲ့လေသံဟန်ပန်တွေအရ သူတို့သိမြင်ထားသမျှကို ပြောရဖို့အတွက် မားထမ်းတုတ်ထမ်း စောင့်နေကြသလို ပြောခွင့်ရတာ နှင့် မျက်နှာတွေပါ ဒေါသရောင်တက်နေကြ၏။

ရုံးချိန်ပြီးသည်နှင့် စွန်းမျက်နှာလေးမှာ ချွေးစို့လျက်ပါးမို့ လေးတွေမှာ ဆေးရိုက်ထားသည့်နှယ် ရဲတွတ်နေ၏။ မသိရင် အဆမ တန် ပင်ပန်းသောအလုပ်တွေနှင့် လုံးထွေးလာခဲ့ရသူလိုမျိုး.. ၊

တကယ်တော့ သူမရဲ့အတွေးတွေ မီးမြိုက်ခံနေရသည့် အဖြစ် က စိတ်ကြောင်းကိုယ်ကကြေနေခဲ့သည်။

ဦးထင်ပေါ်ဆိုတဲ့လူ ဇနီးသည်ကိုပြန်ပြီး ကြိုးကွင်းစွပ်ဖို့ ခြေ လှမ်းစနေပြီဖြစ်၏။ ခြေလှမ်းတို့သည် မလှမ်းမကမ်းမှာ'ပေါ်လာသည့် မျက်နှာတစ်ခုကြောင့် တုံ့ခနဲဖြစ်သွားသည်။

ဦးထင်ပေါ်.. ၊ မျက်နှာတစ်ပြင်လုံးမှာ ခပ်လတ်လတ်အသား ရောင်က အညိုရောင်သမ်းနေသည်။ ထူသောမျက်ခုံးအစုံက မသိမသာ တွန့်ကုတ်နေ၏။ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတစ်စုံနှင့် ရူးရဲသော မျက်လုံးတွေက အထက်စီးဆန်သည်ဟု ယေဘုယျပြောနိုင်သော်လည်း စွန်း ကိုကြည့်သွားတဲ့ ပုံကတော့ သားကောင်ကိုကစားနေသော မုဆိုး၏ မျက်လုံးများအတိုင်း.. ။

စွန်းနေရာမှ လေးပင့်စွာထွက်လာခဲ့ရင်း သဿရမျက်နှာနဲ့ သူ့ စကားတွေကို သတိရလာခဲ့၏။

သူမတစ်စုံတစ်ရာအတွက် ပြင်ဆင်ထားဖို့ လိုပြီလား..၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၁)

သူမသည် ငွေ့ပျက်နှာတစ်ခုတည်းနှင့် အမှုတိုင်းကို လက်ခံခဲ့တာမဟုတ်.. ၊ ကိုယ်ကိုင်တွယ်ရမည့် အမှုနဲ့ပတ်သက်ပြီး ကြားသိနေရတာထက် ပိုပြီးသေချာနားလည်ဖို့လည်း ကြိုးစားတတ်ခဲ့သည်။ ဒါပေမယ့် ဒေါ်ချစ်ခင်ဆိုသော မိန်းမကြီးနဲ့ရီရီကို သူမနားမလည်ခဲ့ပေ.. ၊

စားသောက်ဆိုင်ကြီးထဲမှာ တစ်ယောက်တည်းထိုင်ရင်း ရေသန့်တစ်ဘူးနဲ့ပဲ ငေါင်နေခဲ့မိသည်။ အတော်ကြီးကြာမှ ကုတ်ဒ်တစ်ဘူးထပ်မှာပြီး ဖုန်းထုတ်ယူကာ.. ၊

"ဟလို.."

ခေါ်လိုက်ပြီးမှ သရုပြန်ထူးသည့်အသံကိုကြားတော့ သူမဘာမှမပြောချင်တော့သလို ဖြစ်နေပြန်သည်။

"ဟလို..စွန်း.."

"အင်း.."

"မင်း ဘယ်မှာလဲ၊ နေမကောင်းလို့လား.."

"ကောင်းတယ်.."

"အေး..ပြောလေ၊ ဘာမှမပြောဘဲ ဘာလုပ်နေတာလဲ.."

"ရှင့်ကိုပြောမလို့.."

"ဘာလဲ..မင်းပြန်နှင့်ပြီဆိုတာလား၊ စွန်း..မင်းကွာ.."

ဖုန်းထဲက သရုရဲ့စိတ်ပျက်ညည်းညူသံကြီးကို နားထောင်ပြီး မဲ့လိုက်မိသည်။ ပြီးတော့.. ၊ ရောက်လာသည့် ကုတ်ဒ်တစ်ဘူးအတွက် ပိုက်ဆံရှင်းပြီး ဘူးကိုယူ၍ ကားပေါ်တက်၏။ တစ်ဖက်က ပြောနေရင်းစွန်းရဲ့ ကားစက် နှိုးသံကြားသွားလျှင်.. ၊

"မင်း အခုဘယ်မှာလဲ၊ စွန်း..ဒီအချိန်ကြီး ကောက်ပြန်တော့



မင်းလမ်းပေါ်မှာ မိုးချုပ်သွားမှာပေါ့.."

"နေစမ်းပါဦး..ရှင့်ကိုကျွန်မဘာမှမပြောရသေးဘဲနဲ့..ရှင်ချည်းဖဲသိနေပါလား.."

ကိုယ့်ကိုဂိုဏ်ပူနေတာကိုသိသည်။ ဒေါသထွက်စရာလည်းမဟုတ်ဘဲ စွန်းရဲ့အလိုမကျခြင်းသည် တရားခွင်မှာ အဆုံးမသတ်ခဲ့ခြင်းကနေပိုပိုသာသာ ဖြစ်နေခဲ့ရပြီး.. ၊

"အခု ကျွန်မပြန်မလို့ တစ်ခါတည်းထွက်လာခဲ့တာကိုလည်း ရှင်သိနေတယ်..အိုခေ..ပြောစရာမလိုတော့ဘူးပေါ့.."

"ဟော့ ဟော့..ဖုန်းမချလိုက်နဲ့ဦး၊ ငါထွက်လာပြီ မင်းနဲ့ငါအလာတုန်းကလို ရှေ့နောက်သွားလို့ရတယ်.."

"မလိုပါဘူး..ကျွန်မကားပေါ်မှာ ကားနဲ့ပတ်သက်တဲ့အဆဲ့စရိပါတယ်..လူအတွက်လည်းပါတယ်၊ ပျက်သွားရင်လည်း ကိုယ့်ဘာသာနိုက်တက်ချွတ်တတ်အောင် လေ့လာထားပြီးသား.."

"နိုက်ချွတ်ရုံနဲ့ မရတာတွေရှိလို့ အမြန်လမ်းပေါ်မှာ ဒုက္ခရောက်ကြတာပေါ့ကွ.."

"ရှင် ရှိနေလည်းအပိုပါပဲ..အမြန်လမ်းပေါ်မှာ အခက်အခဲဖြစ်ရင် ဖုန်းဆက်လို့ရတဲ့ အော်ပရေတာတွေရှိတယ်.."

"အခု မင်းလမ်းပေါ်ရောက်နေပြီလား.."

စွန်း 'ဟုတ်တယ်'လို့ဖြေပြီးတာနှင့် ဖုန်းချပစ်လိုက်သည်။ တကယ်တော့ သူမခုမှ မြို့ထဲကတောင်မထွက်ရသေးဘဲ.. ၊

"တီ.."

ကားတွေဆိုင်ကယ်လ်တွေ ရှုပ်နေသဖြင့် ခရီးမရောက်နိုင်ဘဲရှိကာ၊ အဝေးပြေးလမ်းမပေါ်တက်လာသည်နှင့် ဟွန်းတီးသံနှင့်အတူ သရုရဲ့ကား စွန်းနောက်ကိုရောက်လာခဲ့သည်။ ထိုစဉ် ဖုန်းမြည်လာသဖြင့် ဖွင့်လိုက်လျှင်.. ၊

"စွန်း..ကားပြန်လှည့်ပါလား၊ ဒေါ်ချစ်ခင်တို့နဲ့ဆုံပြီး ငါတို့အေးဆေးဆွေးနွေးရအောင်.."

"ဘာအတွက်လဲ.."

"အကျိုးမရှိတာတွေအတွက် အချိန်ကုန်အလုပ်ရှုပ်မခံသင့်တာ

www.burmeseclassic.com

www.burmeseclassic.com



မင်းနားလည်ပါတယ်.."

"ရှင် ကျွန်မဘက်က ဒူးထောက်ဇက်ကျိုးတာကို သိပ်မြင်ချင်နေပုံပဲ.."

"ဒူးထောက်ဇက်ကျိုးစရာမလိုဘူး..ရွှေနေဘဝမှာ တရားရင်ဆိုင်လို့ အနိုင်အရှုံးအဖြေထွက်လာတာ ဒါသဘာဝပဲ..အမြဲတမ်းနိုင်တဲ့ဘက်မှာ ရှိမနေနိုင်ဘူးဆိုတာ မင်းလက်ခံဖို့ပဲလိုတာ.."

"ဟွန်း.."

"ငါပြောတာကို မင်းခေါင်းထဲနည်းနည်းထည့်ကြည့်စမ်းပါ..ဆရာဝန်လည်း လူနာအသက်ကိုကယ်ချင်ရင် သေမင်းနဲ့စစ်ခင်းရတာပဲ..အဲ့ဒီလိုအသက်နဲ့ရင်းရတဲ့ အနိုင်အရှုံးတွေတောင်ရှိနေတာ..မင်းမနိုင်မယ့် အမှုကိုအချိန်ကုန်လူပင်ပန်းခံပြီး ဘာလုပ်မှာလဲ.."

"ကျွန်မရဲ့ဂုဏ်သိက္ခာကို ထိန်းလို့ရတာပေါ့..ဒီမှာအတိဿရ တံပိုးထမ်းထားရတဲ့နွားတွေ ကျွဲတွေတောင်ရှေ့မဆက်နိုင်ရင် ရပ်နေကြတာ..နောက်ပြန်ဆုတ်သွားတယ်ဆိုတာမရှိဘူး၊ သခင်ကတောင်တက်နိုင်းရင်တောင် ခွာနဲ့မနိုင်တော့ရင် ဒူးတုတ်တက်ကြတယ်..ကျွန်မက လူ..."

"လူမို့လို့ တိရစ္ဆာန်ထက်ပိုပြီး ဆင်ခြင်ဖို့သင့်တာ ဒေါ်ချစ်ခင်ဆိုတဲ့ မိန်းမကြီးမင်းကို လုပ်ကြံလိုက်တာ..အဲ့ဒါမင်းတင်မကဘူး..ငါပါပါတယ် နားလည်လား.."

စွန်းဖုန်းပြောနေရပေမယ့် စိတ်တိုလာတိုင်း နောက်ကပါလာသည့် သူ့ကားကိုလှမ်းလှမ်းကြည့်မိသည်။

"စွန်း...ငါတို့စကားပြောရအောင် ကားခဏရပ်ပါလား.."

"အတိဿရ..ရှင့်အသံကြားရင် ကျွန်မပိုပြီးစိတ်တိုတယ်..ရှင်တားနေလေ ပိုတိုးချင်လေပဲ၊ အဲ့ဒီတော့ အပိုတွေလုပ်မနေနဲ့တော့.."

"ကျွတ်.."

ဒီမိန်းမ ဘာလဲ.. ၊ သဿရ စိတ်တွေတိုကာ စတီယာရင်ကို ပိတ်ထုပစ်လိုက်မိသည်။ အနိုင်လုပြီး ပြိုင်ဆိုင်မပြောခဲ့ပေမယ့် 'အပိုတွေမလုပ်နဲ့' ဆိုတဲ့ စကားကို သူအမုန်းဆုံး.. ၊ ဒေါ်ချစ်ခင်က ဦးထင်ပေါ်ဘက်က သူအကျိုးဆောင်တော့မည်ဆိုတာ သိကာမှပထမငွားထား



သည့် ရှေ့နေကိုဖယ်ရှားပြီး စွန်းကို ဆွဲထည့်လိုက်တာဖြစ်သည်။ စွန်းရဲ့တိကျသေချာမှုတွေဟာ ဒေါ်ချစ်ခင် ရဲ့ပိရိစွာလုပ်ကြံပြောခဲ့သော အတ်ကြောင်းများထဲမှာ လျှော့ရဲမျောပါ သွားခဲ့ခြင်းဖြစ်သည်။

ခုနကပဲ ဖုန်းဆက်လာတာ ဘယ်လောက်ညစ်ပတ်သလဲ..၊

"ရှေ့နေကြီး ကိုယ့်မိန်းမကို အနိုင်ရလည်းပျော်နိုင်မှာမဟုတ်ပါဘူး၊ ဒီလိုလေးစဉ်းစားကြည့်ပါလား..ရှေ့နေကြီးရယ်၊ သားရွှေအိုးထမ်းလာတဲ့ ကိန်းမျိုးပေါ့..ဒီအမှုပြီးသွားတာနဲ့ ရှေ့နေကြီးတို့အိမ်ထောင်ရေးလည်း သာယာသွားမယ်..နောက်ထပ်သိန်းနှစ်ဆယ်လည်း အပိုဆုရသွားမယ်၊ ဘယ်လိုလဲ..အများကြီးမလိုပါဘူး၊ ရှေ့နေကြီးဘက်က တိကျနိုင်မာမှုတွေ နည်းနည်းပါးပါးလျှော့ပေးရုံပါပဲ.."တဲ့.. ၊

"တောက်.."

ပြန်တွေးရင်း တက်ခေါက်လိုက်မိသည်။

သူများစင်တဲ့အကွက်ထဲ ငတုံးအလို ခေါင်းလျှိုဝင်ပေးနေတာကျတော့ ဂုဏ်သိက္ခာရှိနေသလား.. ၊

အရှိန်မှန်ပြေးနေသည့် ကားကိုလှမ်းကြည့်ရင်း သူမဘယ်လိုနည်းနဲ့မှ ရပ်တန့်သွားမှာမဟုတ်တာကိုသိသည်။ စွန်းကိုသူအနိုင်မလိုချင်ပေ၊ အရှုံးမပေးနိုင်တာက ပညာမာနပဲဖြစ်ကာ၊ သူအနိုင်ယူရသည့်သူက စွန်းတော့မဖြစ်စေချင်.. ၊

ဘယ်တုန်းကမှ အဆင်မပြေခဲ့သောအိမ်ထောင်ရေးက ခုထိလည်း အဆင်ပြေဖွယ်မမြင်သည့်အပြင် ဒီအမှုမှာသူ့ကိုထပ်ပြီး ရှုံးနိမ့်လိုက်ရလျှင် စွန်းရဲ့လောဘမောဟကို သူအသိဆုံး.. ၊

ဒါကြောင့် သူမကိုရှေ့နေပါဝါသိမ်းပြီး ဒီအမှုက နှုတ်ထွက်လိုက်စေချင်သည်။ သူမနေရာမှာ တခြားရှေ့နေဖြစ်သွားပြီဆိုရင် သူ့ဘက်က ပျော်ပျော်ကြီးပွဲသိမ်းပေးရုံသာ..၊ ခုတော့.. ၊

ရိုက်သတ်ပစ်ဖို့ကောင်းတယ်..ဒီမိန်းမ.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၂)

"စိတ်မပျက်ပါနဲ့လရောင်ရယ်..အသွင်က နင့်လောက်မလှပါဘူး..ပြီးတော့ အလယ်အလတ်တန်းအဆင့်လောက်ပါ.."

"တကယ်ချစ်လာရင် အဲ့ဒါတွေနဲ့မဆိုင်ဘူးမှတ်လား.."

"တစ်ခေတ်က ဘယ်တုန်းကမှ အချစ်ကိုအထင်ကြီးလေးစားခဲ့တာ မဟုတ်ဘူးဟ..မယုံမရှိနဲ့ ငါ့ကာစင်အကြောင်း ငါအသိဆုံး.."

တစ်ခေတ်ရဲ့ကားကို လှမ်းမြင်လိုက်ရတိုင်း ဘေးမှမိန်းမချောလေးတစ်ယောက်ကတော့ အမြဲပါနေတတ်ကာ၊ အသွင်ဆိုသော သူမကိုတော့ တစ်ခေတ်ဘေးမှာအကြာဆုံးမြင်ရတာဖြစ်သည်။

ဒီသင်တန်းမှာ တစ်ခေတ်ရှိနေလို့ လရောင်လာတက်တာဖြစ်သလို တစ်ခေတ်နဲ့ရင်းနှီးချင်လွန်းလို့ သူနဲ့ညီမဝမ်းကွဲတော်သည့် ထိုက်ထိုက်ကိုလည်း လရောင်မရအရကပ်ပေါင်းထားရသေးသည်။

ဒီသင်တန်းကို သူမနဲ့အတူတက်ဖို့ ထိုက်ထိုက်ကိုသင်တန်းကြေးစိုက်ပြီး ခေါ်ခဲ့ရတဲ့အထိ.. ၊

"လရောင်.."

"ဟင်.."

"နင်ကလည်းပေါင်လိုက်တာဟာ..တစ်ခေတ်ကလည်း ကိုယ့်ကိုခင်နေတာပဲဟာ၊ နင်ဒီထက်ရောလိုက်ပါလား.. ခုခေတ်က 'မိန်းမကြိုက်တော့ မျှော်လိုက်တာ'ဆိုတဲ့ခေတ်မဟုတ်တော့ဘူး..နင့်ရှေ့ထိဆိုက်ဆိုက်လာမယ့် ယောကျ်ားလေးကို ငုတ်တုတ်ကထိုင်မျှော်နေရင်တော့ မောမှာပဲ.."

"ငါလည်း သူသိအောင်ရေလာမြောင်းပေးလုပ်ခဲ့တာပဲ..ဒီထက်တော့ မလုပ်ရဲတော့ဘူး.."



"ဟင်း..ခက်တော့တာပဲ.."

သက်ပြင်းချရင်း သစ်ပင်အောက်မှာပဲ ပင်စည်ကိုမှီ၍ ရပ်လိုက်မိကာ.. ၊

"ယောကျ်ားလေးတွေ စိတ်လှုပ်ရှားဖို့က အလှတစ်ခုတည်းနဲ့ဆက်ဆိုင်တာမဟုတ်ဘူးထင်တယ်.."

လရောင်မျက်နှာငယ်လေးနဲ့ လှည့်ကြည့်သည်။ ထိုက်ထိုက်ကလည်း စိတ်ထဲရှိတဲ့အတိုင်း ရေရွတ်လိုက်ပြီး အားနာသွားကာ.. ၊

"ငါက နင့်အတွက်ဒီအခြေအနေထက် တိုးတက်စေချင်လို့ပါ၊ တစ်ခေတ်နဲ့နင် ရင်းနှီးခဲ့တာကြာပြီလေ..နင့်စာမေးပွဲအတွက်တောင်မှ လိုအပ်တာတွေ သူလိုက်ရှာကူညီပေးသေးတာ.."

"အဲ့ဒါကြောင့်ပဲလေ..သူကငါ့ကိုနင့်လိုမျိုး ညီမတစ်ယောက်လိုပဲ.."

"ဒါဆိုရင်တော့.. ညီမလိုသဘောထားပြီး သူရည်းစားထားနေတာပဲလရောင်.."

"ဟင်..ဘယ်လို.."

"နင်သိပ်အတာပဲ လရောင်ရယ်..ငါပြောနေတာတွေက နင့်ကိုအရှက်ကွဲစေချင်လို့ ဖြစ်နိုင်ချေမရှိဘဲ မြှောက်ပေးနေတာမှမဟုတ်တာ.."

"ဟော့အေး..ငါအဲ့လိုမထင်ပါဘူးနင်ကလည်း.."

"အေး..မထင်နဲ့၊ ငါနင့်ကိုတကယ်ခင်တာ..ခင်လို့ပဲနင့်ကိုစိတ်ချမ်းသာစေချင်တာ၊ ငါအပိုပြောတာ မဟုတ်ဘူးလရောင်..တစ်ခေတ်ရဲ့ အကြည့်တွေအပြောတွေကို ခွဲခြားဖို့မကြိုးစားနဲ့..သူ့အပြုံးတွေအချစ်သူ..မချစ်သူရယ်လို့ ကွဲပြားထွက်လာမှမဟုတ်ဘူး၊ အခုအသွင်နဲ့ ရေရှည်တွဲနေလို့ ချစ်လွန်းလို့လို့ထင်ရင်တော့ မှားပြီ..သူအသွင့်ကိုလည်း သူလိုငါလိုပဲ တွဲနေတာ.."

ထိုက်ထိုက်က စကားပြောရင်းတစ်ခေတ်မလာသေးတာကိုလည်း လှမ်းမျှော်သေးသည်။ ပြီးတော့ နာရီကိုငုံ့ကြည့်ပြီးမှ.. ၊

"ငါ ဒီသင်တန်းကို လိုက်မတက်ချင်တာလည်း အသွင်နဲ့တစ်ခေတ် ဒီမှာရှိမှန်းသိလို့ပဲ.."

"ငါလည်း သူရှိရင်အသွင်ရှိနေမယ်မှန်းသိပါတယ်..ဒါပေ မယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါ..ငါ သူ့ကိုမြင်နေရရင်.."

"ကျေနပ်တယ်လို့တော့ မပြောနဲ့..ပေးဆပ်တယ် ကျေနပ်တယ်ဆိုတဲ့ အချစ်မျိုးတွေကို ငါကအထင်မကြီးဘူး.."

"မရနိုင်ဘူးဆိုရင်တော့ ဒီလိုပဲ.."

"နင်ကရှေ့ဆက်မကြိုးစားဘူးလို့ ပြောချင်တာလား.."

"အဲ့လိုလည်း.."

"ဟိုမှာလာနေပြီ.."

နီညိုရောင်ကားလေးက ဖိတ်ဖိတ်လက်နေသည်။ အထဲမှာ နှစ်ယောက်ပါလာတာ လှမ်းမြင်လိုက်သဖြင့် လရောင်မျက်နှာလေး ညို့သွားသော်လည်း...၊

"တွေ့လား..နင့်ကိုမြင်တာနဲ့ဒီဘက်ကို တန်းလာတာ.."

သူတို့ကို လှမ်းကြည့်နေမှန်းသိလို့ နှုတ်ဆက်ဖို့လာတာလို့ပဲ လရောင်ကတွေးမိကာ၊ ရင်ဘက်တစ်ခြမ်းမှာ တိမ်ပြာရောင်နှနုပါသော ရုပ်အင်္ကျီအဖြူနှင့် ဘောင်းဘီရှည်အဖြူ ဝတ်ထားသည့်တစ်ခေတ်ကို လှမ်းငေးနေမိသည်။

သူ့ဘေးမှာပါလာသော အသွင်ကတော့ နားရွက်ကုပ်ဆံပင် ဖောင်းဖောင်းလေးနှင့် နားမှာနားဆွဲရှည်က လွှဲခါနေသည်။ အနက်ရောင် ရင်ဘက်အရှုံ့လက်ပြတ်အင်္ကျီလေးကို စတိုင်လ်ဘောင်းဘီအနက်အရှည်လေးနှင့် တွဲဝတ်ထား၏။ အသားဖြူဖြူလေးနှင့် အနက်ရောင်ကထင်းနေကာ၊ တစ်ခေတ်ကအဖြူရောင်နဲ့မို့ ဆန့်ကျင်ဘက်ကာလာတွေက ဆွဲဆောင်မှုရှိကြသည်။ သူတို့ကိုပဲ အနီးအနားမှာ ရှိနေကြသည့် လူတွေသတိထားမိပြီး လှည့်ကြည့်ကြ၏။

"ထိုက်ထိုက်နဲ့လရောင်..ဒီမှာဘာရပ်လုပ်နေကြတာလဲ.."

"ကိုခေတ်ကိုစောင့်နေတာပါ.."

"ဟုတ်လား.."

တစ်ခေတ်က လရောင်ကိုကြည့်ပြီး မေးဆက်၍..၊

"လရောင်ကရော.."

"သြော်..ကိုခေတ်ရယ်၊ သူပဲနှစ်ယောက်စလုံးကိုမေးပြီးမှ ထိုက်ထိုက်ဖြေနေတယ်လေ..အခုသင်တန်းတက်ဖို့ လာပြီးမှလရောင်က



အဆင်မပြေလို့ အဲ့ဒါကိုခေတ် သူ့ကိုပြန်လိုက်ပို့ပေးပါလား.."

လရောင်ဘာမှဖြေဖို့မလိုဘဲ ထိုက်ထိုက်ကချည်းဝင်ပြောနေကာ၊ အသွင့်ကိုလည်း တစ်ချက်တော့ကြည့်ဖော်ရ၏။ ပြီးတော့ သူမပြောလိုရာကိုသာဆက်၍..၊

"နော်..လိုက်ပို့ပေးမယ်မို့လား.."

"ဟုတ်လား..အဲ.."

"နေပါစေထိုက်ထိုက်ကလည်း.."

လရောင် ပျာပျာသလဲငြင်းလိုက်မိသည်။ ခုပဲသင်တန်းကို ရောက်လာတာ ဘယ်လိုကိစ္စနဲ့အိမ်ပြန်ရမှာလဲ၊ ဒီနေ့အိမ်မှာ ကိုကိုရှိသည်။ ဘာလို့ပြန်လာတာလဲမေးရင် ဘယ်လိုဖြေရမလဲ..၊

"ရတယ်..မပို့ပါနဲ့၊ လရောင်က.."

"ညီမနေမကောင်းလို့လား..ရတယ်လေ၊ ကိုယ်ပြန်ပို့ပေးမယ်.."

ပြောပြီးအသွင့်ဘက် လှည့်လိုက်တော့ အသွင်ကခေါင်းညိတ်ပြီးသား ဖြစ်နေလျက်..၊

"အက်စ်ယူလိုက်(ခ်).."

ပြောပြီး လရောင်ကိုတည့်တည့်ကြည့်၍ပြုံးကာ..၊

"နေမကောင်းဘူးဆိုတာ တော်တော်ငြင်းရခက်တဲ့အကြောင်းပြချက်ပဲ..သွင်ကလည်း တစ်ခေတ်ဆိုတဲ့လူကိုမှ ချစ်မိနေတာဆိုတော့ နားလည်ပေးနိုင်ပါတယ်.."

လရောင်မျက်နှာလေးရဲခနဲ ဖြစ်သွားသည်။ ထိုက်ထိုက်က တစ်ခုခုပြောဖို့ ပြင်လိုက်လျှင်၊ တစ်ခေတ်ကလက်ကာ၍ အသွင့်ဘက် လှည့်ကာ..၊

"အဲ့လိုကြီးတော့ မရှိုင်းပါနဲ့သွင်..ကိုယ်နဲ့ပတ်သက်တဲ့လူတွေကို မင်းနားလည်ပေးဖို့လည်း ကိုယ်မတောင်းဆိုဘူး..အားလုံးကိုအေးဆေးပြီးသွားချင်တာ.."

"သွင်ကလည်း အေးဆေးပဲဆိုတာပြောချင်တာပါ.."

ပြောပြီးတာနှင့် ဘေးလွယ်အိတ်လေးကို ပခုံးပေါ်ပစ်ချိတ်လိုက်ပြီး လှည့်ထွက်သွား၏။

"ဆောရီးကွာ..ကိုဇီသူ့အစားတောင်းပန်ပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"သူ့အစား ကိုခေတ်တောင်းပန်ဖို့မလိုပါဘူး..သူမှားတာသူခံပေါ့၊ ဘယ်လိုပါးစပ်ရဲတဲ့မိန်းမလည်း မသိဘူး.."

"နေပါစေထိုက်ထိုက်ရယ်..ငါလည်း.."

"နင်ဘာမှမဖြစ်ဘူးပြောမလို့လား..ဒီလိုကိုခေတ်ရယ်.."

ထိုက်ထိုက်က မောင်နှမချင်းမို့ လက်ရောမျက်နှာရောစုံအောင်လုပ်ပြနေကာ.. ၊

"မိန်းကလေးတစ်ယောက် နေမကောင်းဘူးဆိုတာပဲ..သူ့ကိုအဖျားတစ်ရာ့နှစ်အထိ တက်ပြနေရဦးမှာလား..မိန်းကလေးချင်းနားမလည်ဘူးလား.."

ဘုရားရေ..၊ ထိုက်ထိုက်ဘယ်ရောဂါကို လက်ညှိုးထိုးပြလိုက်တာလဲ..၊ လရောင်မနေတတ်မထိုင်တတ်ဖြစ်သွားကာ၊ ထိုက်ထိုက်ကိုအလန့်တကြား ကြည့်လိုက်မိသည်။

"ကိုခေတ်ရယ်..ကိုခေတ်ဘေးကိုရောက်လာလိုက်ရင်လည်း အဲ့ဒီလိုဥစ္စာရှုးချည်းပဲနော်..ငါ့အစ်ကိုကိုကျောက်သံ ပတ္တမြားလိုမက်မောနေကြတာ ဂုဏ်ယူဖို့တော့ကောင်းပါရဲ့.."

"ထိုက်ထိုက်ရယ်..နင်ကလည်း.."

"နင်ကလည်းတွေ ငါကလည်းတွေသိပ်လုပ်မနေနဲ့..ခုခေတ်မှာ ရိုးပုံရိုးပန်းတွေ ခေတ်မစားတော့ဘူး..နင့်အဲ့ပုံစံလုပ်နေရင် တမင်တကာ ဟန်ပန်ထုတ်နေကြတဲ့ ရိုးပုံရိုးပန်းတွေထဲ ရောပါသွားလိမ့်မယ်..သွား..လိုက်သွား.."

"သူ့တရားနာမနေနဲ့လရောင်..လာ၊ ကိုယ်လိုက်ပို့ပေးမယ်.."

"မဟုတ်..အဲ..ဟို.."

"လိုက်သွားဆိုမှ.."

လရောင်ကိုထိုက်ထိုက်က ပခုံးလေးကနေတွန်းပို့လိုက်ကာ..၊

"သိပ်တုံးမနေနဲ့မိန်းမ.."

လို့ ကပ်ပြောလိုက်သေးသည်။ လရောင် ရင်တွေခုန်နေမိသည်။ သင်တန်းပြန်ချိန်ရောက်မှ ကားကလာကြိုမှာဖြစ်ကာ၊ အိမ်ကိုဘယ်လိုအကြောင်းပြချက်နဲ့ ပြန်သွားရမှန်းမသိ.. ၊

ပြီးတော့ သူ့ကိုလမ်းမှာပဲ ရပ်ပေးပါလို့ ပြောရင်ကောင်းပါ့မလား၊ တစ်ခေတ်က သူကိုယ်တိုင်တံခါးဖွင့်ပေးသည်။ လရောင်ထိုင်



ပြီးမှ တံခါးပိတ်ပြီး သူဟိုဘက်ကသွားထိုင်၏။ သူ့ဘေးမှာရှိနေပြီဆိုသော အသိစိတ်နှင့်ရင်တွေခုန်လာကာ အိမ်ကိုရင်ဆိုင်ဖို့ ကြောက်နေသည့်စိတ်တို့နှင့် သူမလက်သီးလေးတွေပါ ဆုပ်ထားလိုက်မိသည်။

တစ်ခေတ်က လှည့်ကြည့်ပြီး ကားကိုလမ်းပေါ်မောင်းတက်လိုက်သည်။ ပြီးတော့ ပြန်လှည့်ကြည့်ကာ.. ၊

"နေရထိုင်ရတာ မသက်မသာဖြစ်နေသလားလရောင်.."

"ရှင်.."

သူဘယ်လိုသဘောနဲ့ မေးမှန်းသိလိုက်ကာ၊ လရောင်မျက်နှာလေး နီရဲသွား၏။ ပြီးတော့ အလန့်တကြား 'ရှင်'သံက ကျယ်သွားလျက်.. ။

"ဟင့်အင်း.."

ပျာပျာသလဲ ခေါင်းခါမိသည်။

"မဟုတ်ပါဘူး.."

"ကိုယ့်ကိုရှက်နေတာလား.."

လရောင် ခြေဖျားလက်ဖျားတွေ အေးလောက်အောင် ရှက်နေတာကိုသိကာ၊ တစ်ခေတ်ကပြုံး၍.. ၊

"ကိုယ်ကတစ်ဦးတည်းသောသားပေမယ့် အိမ်မှာညီမဝမ်းကွဲတွေ လာနေပြီး ကျောင်းတက်ကြတာရှိတယ်..မေမေက သူ့သားထက်အဲ့ဒီမိန်းကလေးတွေကို ပိုဂရုစိုက်တာကွ.."

"ဟုတ်လို့လား.."

"တကယ်ပြောတာ..တူမတွေလည်းဖြစ်တော့ မိဝေးဖဝေးနဲ့ကျောင်းလာတက်ကြတာဆိုပြီး ဆိုဆုံးမမှုလွှတ်နေမှာစိုးလို့လဲ..သူကိုယ်တိုင်လည်း ကျောင်းဆရာမဆိုတော့..အဟွန်း.."

"အဲ့ဒီ အစ်ကို့ညီမတွေက ကံကောင်းတာပေါ့နော်.."

"ကိုယ်ကတော့ ကံဆိုးတာဖြစ်မယ်.."

ဝမ်းနည်းလို့ပြောတာလည်း ဟုတ်ပုံမရဘဲ တစ်ခေတ်မျက်နှာက ရယ်မြူးရိပ်များနှင့်.. ၊

"မေမေကိုက သမီးမိန်းကလေးကို ပိုပြီးထိန်းကျောင်းချင်တာသိလား..ဖေဖေက ကိုယ့်ကိုရည်းစားများတာ မကြိုက်လို့ဆူပြီဆို မေမေ့ကိုလည်း မလွှတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမလွတ်တာလဲဟင်.."

"မေမေကကိုယ့်သားကိုတော့ မဆုံးမတတ်ဘူးဆိုပြီးလေ.. အစတည်းက မိန်းကလေးမွေးထားပါလား၊ ဘာညာကွိကွ.."

လရောင် ပြုံးလိုက်မိပေမယ့် မေမေ့ကိုသတိရတော့ အပြုံးက တစ်ဝက်နဲ့တင် လျှော့ရိလျှော့ရဲဖြစ်လေသည်။ မေမေကတော့ သားရော သမီးရော ဘယ်သူ့ကိုမှ မဆုံးမချင်တဲ့မိဘမျိုးလား.. ၊

ဒါဆို အခုလရောင်က မိခင်ရဲ့ဆိုဆုံးမမှုမရခဲ့တဲ့သမီးလား..၊

မေမေသာ တစ်ခေတ်ရဲ့အမေလိုဖြစ်ခဲ့ရင် သူမကဘယ်လို မိန်းကလေးဖြစ်လာမှာလဲ၊ အတွေးတွေက ပတ်ချာလည်ဝင်လာခဲ့သည်။

မဟုတ်ဘူး..လရောင်ကို ဘွားဘွားနဲ့ဘိုးဘိုးတို့က အမြဲတမ်းဆုံးမခဲ့တာ.. ၊ မေမေကလည်း မချစ်လို့မဟုတ်ဘူး၊ မေမေက ကိုကိုနဲ့ လရောင်ကိုချစ်တယ်၊ ဟုတ်တယ်.. ဖေဖေနဲ့မေမေ အထင်လွဲနေကြလို့ မေမေ တမင်စိမ်းကားသလိုနေခဲ့တာပါ.. ၊

"လရောင်.."

"ရှင်.."

"ဘာဖြစ်နေတာလဲ..ကိုယ့်ကိုပွင့်လင်းလို့ရပါတယ်..အဆင်မပြေရင် ဆေးခန်းတစ်ခုခုဝင်လိုက်မယ်.."

"ဟင့်အင်း..ဘာမှမဟုတ်ဘူး.."

တစ်ခေတ်က အလိုမကျသည့်မျက်နှာဖြစ်သွားပြီးမှ သက်ပြင်းချကာ.. ၊

"ကိုယ်ခုနပြောပြတာ အဲ့ဒါကြောင့်ပဲ..ကိုယ့်မှာလည်း ညီမတွေရှိတယ်လေ၊ ကိုယ့်ညီမလေးလို သဘောထားပြီး စောင့်ရှောက်ပေးတာပါ..ဒါရှက်စရာလည်း မဟုတ်ဘဲနဲ့.."

"အစ်ကိုကလည်း.."

လရောင် လည်ပင်းလေးကုတ်ပြီး တစ်ဖက်လှည့်ပစ်တော့ ထိုအမူအရာလေးကို စိုက်ကြည့်ပြီး ရှေ့ပြန်နောက်ပြန်လှည့်၍ ပြုံးမိ၏။

ကောင်မလေးက တော်တော်လှ.. ၊

## အခန်း(၂၃)

ဟင်.. ၊

ကားပြန်ဆုတ်မယ်ဆိုမှ ခြံတစ်ခြံထဲကထွက်လာသည့် မေမေ့ကားကို လှမ်းမြင်လိုက်ကာ တစ်ခေတ်အံ့သြသွား၏။

ဒေါ်ပန်းလှိုင်ကလည်း ဒီနေရာမှာသားကိုမြင်လိုက်ရသဖြင့် ကားရပ်ခိုင်းပြီး ချက်ချင်းဆင်းလိုက်ကာ.. ၊

"သား.."

"မေမေဒီရောက်နေတယ်.."

"မေမေ့ကိုမမေးပါနဲ့..သားကဒီလမ်းထဲဘာကိစ္စနဲ့လဲ.."

ဒေါ်ပန်းလှိုင်မျက်လုံးတွေက တစ်ခေတ်ရဲ့ကားနှင့် အနီးတစ်ဝိုက်ကခြံကြီး တိုက်ကြီးတွေကို ဟိုကြည့်ဒီကြည့်ဖြစ်နေခဲ့လျက်.. ၊

"ဘယ်ကိုလာတာလဲ.."

"သူငယ်ချင်းတစ်ယောက်နေမကောင်းဘူးဆိုလို့ လိုက်ပို့တာပါ.."

သူငယ်ချင်းဆိုတာကို တွေးလိုက်တော့ ဖျတ်ခနဲပေါ်လာကာ..၊

"မိန်းကလေးမို့လား.."

"ဟုတ်.."

"ချစ်သူဆိုလည်း ချစ်သူပေါ့.."

တစ်ခေတ်ကရယ်လိုက်ပြီး ကားပေါ်ကနေ ခြေချထိုင်နေရင်း မတ်တပ်ရပ်လိုက်၏။

"မဟုတ်ပါဘူးမေမေရာ..မိထိုက်သူငယ်ချင်းပါ.."

"ဘယ်ခြံလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ တံခါးအစိမ်းရောင်နဲ့လေ..ခြံရှေ့မှာသပြေပင်လေး နဲ့.."

ဦးသာရ.. ။

သူဌေးဦးသာရတို့ခြံပဲ.. ။

ဒေါ်ပန်းလှိုင်အတွေးများစွာနှင့် ကားထဲပြန်ရောက်လာခဲ့သည်။ ဦးသာရမှာရှေ့နေသားတစ်ယောက်ပဲရှိသည်။ ပြီးတော့ တစ်ဦးတည်းသော သမီးရှေ့နေနဲ့ လက်ထပ်သည်။

တစ်ညက စေ့စပ်ပွဲမှာ မြင်ခဲ့သောအတိသြရတို့စုံတွဲကို မျက်စိထဲမှာ မြင်ယောင်လာခဲ့သည်။ ဒါဖြင့် သားနဲ့ခင်မင်နေသည့် မိန်းကလေးက သူတို့ရဲ့သမီးပေါ့.. ။

"အန်တီလှိုင်..အစ်ကိုလေးနောက်လိုက်မောင်းပေးရမလား.."

ဟင်.. ။

ဒရိုင်ဘာမေးမှ သတိဝင်လာသည်။

"မမောင်းနဲ့.. သိမ်ကြီးဈေးကို ဝင်စရာရှိသေးတယ်.."

"ဟုတ်.."

ကားက သိမ်ကြီးဈေးဘက်ကို ဦးတည်သွား၏။ဒေါ်ပန်းလှိုင်စိတ်တွေရှုပ်ထွေးကာ တစ်နေရာကိုဖုန်းခေါ်လိုက်ပြီး.. ။

"ထိုက်ထိုက်လား..အန်တီပါကွယ်၊ သမီးကိုခေတ်အကြောင်းမေးချင်လို့..."

"..... ......... ......"

"ဟုတ်တယ်ထိုက်ထိုက်..ဒါပေမယ့် သူရည်းစားထားတာ သိပ်တော့မဆန်းပါဘူး..အခု နှစ်ယောက်ပူးထားနေတယ်ဆိုတာကကော.."

"..... ........... ......"

"သြော်..တော်သေးတာပေါ့.."

နည်းနည်းလေးချော့မေးလိုက်တာနှင့် 'အသွင်'ဆိုသော နာမည်ကိုသိလိုက်ရ၏။ အတိသြရတို့ရဲ့ သမီးဟုတ်မဟုတ်ကိုတော့ ဆက်လက်စုံစမ်းဖို့သာ ရှိတော့သည်။

အခန်း(၂၄)

"ဟာ..နင်တို့အိမ်ထဲမှာ ပိတောက်ပင်သုံးပင်တောင်မှ အောက်လက်တွေ ငါတို့မီသလောက်ခူးသွားမယ်.."

"မလုပ်နဲ့..အောက်လက်တွေပေမယ့်မြင့်တယ်၊ မေမေကပန်းဆိုရင် အပင်ပေါ်မှာရှိနေတာကို အလှကြည့်ချင်တာ..အဲ့ဒါကြောင့်ပန်းခူးဖို့ တံချူလည်းမရှိဘူး.."

"တံချူမရှိဘူးဟုတ်လား.."

သုံးပင်စလုံးရွှေဝါရောင်ဝင်းထိန်နေသည့် ပိတောက်ပန်းတွေကို မော့ကြည့်ပြီးမိန်းကလေးတွေ ခုန်ဆွခုန်ဆွဖြစ်နေကြ၏။ ရေပက်ခံထွက်ကြဖို့အတွက် ဂျင်းဘောင်းဘီရှည်တွေ အတိုတွေဝတ်လာကြသဖြင့် အပင်ပေါ်တက်ဖို့ထိ တာစူနေကြသည်။

"နင်ကလည်းလရောင်ရယ်..ဟိုတုန်းကအမေ့အကြိုက်၊ အခု..သမီးအကြိုက်ဆိုပြီး တံချူလေးဘာလေးတော့ လုပ်ထားပါလား.."

"ဟုတ်ပ..သင်္ကြန်ပေမယ့်ဘယ်အပင်မှ မပွင့်ကြသေးဘူး..နင်တို့အပင်တွေမှာ ပင်လုံးကျွတ်ပွင့်နေပြီ..ဒါပေမယ့် ခူးလို့လည်းမရဘူး.."

"ချူတံလာပါပြီခင်ဗျာ.."

ခြံစောင့်ဦးတုတ်က ဝါးလုံးရှည်ကြီးနှင့် တလွှားလွှားလျှောက်လာနေကာ၊ နောက်မှာစွန်းက လိုက်ပါလာလျက်.. ။

"တံချူနောက်တစ်ခုလာလိမ့်ဦးမယ်..သမီးတို့စိတ်ကြိုက်ခူး ကြ.."

"ဟာ..အန်တီ.."

"အန်တီက လှလိုက်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"အပျိုလေးအတိုင်းပဲ.."

ခုမှသေချာမြင်ဖူးကြသည့် သူငယ်ချင်းတွေက စွန်းကိုလိုက်လုံ့ရွာ ရယ်ပြကြကာ၊ ပိတောက်ပန်းကိစ္စလည်း အဆင်ပြေသွားသဖြင့် အပင်အောက်မှာ ဆူညံနေတော့သည်။

"မေမေ့.."

လရောင်က စွန်းလက်တစ်ဖက်ကို ဆွဲဖက်ထားလိုက်ကာ..။

"မေမေ့ကိုချစ်တယ်.."

ပြောပြီး ပါးကို နမ်းလိုက်ရင်း.. ၊

"မေမေ့အကြိုက်တွေ စိတ်ကူးတွေကို လရောင်အတွက်ပြောင်းလဲပေးလိုက်တာပေါ့နော်.."

"သမီးရယ်.."

စွန်းက လရောင်ရဲ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နဲ့ တယုတယ ပွတ်သပ်မော့ယူရင်း.. ၊

"မိဘဆိုတာ သားသမီးမွေးလာရင် ကိုယ့်ကိုယ်ကိုဒုတိယနေရာမှာပဲ ထားလိုက်ကြတာပါ၊ အဲ့ဒါသူများက တိုက်တွန်းလို့လည်းမဟုတ်ဘူး..ကိုယ့်ဘာသာမျိုးသိပ်ဟန်ဆောင်ပြီးတော့လည်း မဟုတ်ဘူး၊ ကိုယ့်ရင်သွေးအတွက် အလိုလိုဖြစ်ပေါ်လာတဲ့ မိခင်စိတ်ပဲ.."

ပိတောက်ပန်းနူးရင်း ပျော်ရွှင်နေကြသည့် သူငယ်ချင်းတွေက လရောင်ကိုတော့ လှမ်းခေါ်ဖို့လှည့်ကြည့်ကြသေးသည်။ သို့သော် သားအမိ စကားပြောနေကြမှန်း သိသောကြောင့်သူတို့ဘာသာ ဆူညံစွာပြနေကြလေသည်။

သူတို့တွေက လရောင်ဆယ်တန်းဖြေတုန်းက သူငယ်ချင်းတွေလည်းပါကာ၊ စာမေးပွဲပြီးမှ သင်တန်းတက်ရင်း ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေက ပိုများ၏။

ရေပက်ခံထွက်ကြဖို့ အစီအစဉ်ကိုလည်း ဘယ်တုန်းကမှ စွန်းလှည့်မကြည့်ခဲ့ဘူးပဲ၊ ဒီနှစ်ကျမှ သမီးမိန်းကလေးအရွယ်ငယ်ငယ်ပဲ ရှိသေးသည်၊ ဒီလိုရေကစားခွင့် ပြုထားခဲ့သည့် သဃရကြောင့်.. ၊

"ပျော်တာလည်းပျော်ပေါ့သမီးရယ်..အဝေးကြီးလည်းမသွားနဲ့..အရမ်းလည်း မဆော့နဲ့နော်.."



"စိတ်ချပါမေမေရဲ့..လရောင်ကမေမေ့ကိုဖက်ပြီး ပိတောက်ပင်ကြီးအောက်မှာ အေးဆေးထိုင်ချင်သေးတာ..သူငယ်ချင်းတွေကို ချိန်းပြီးသားဖြစ်နေလို့သာ.."

လရောင်က ပြုံးချိုနူးညံ့နေသော စွန်းရဲ့မျက်နှာကို ကြည့်မဝသလိုငေးနေသည်။ သူမမျက်နှာလေးကလည်း ပြုံးကြည်နေကာ စွန်းရဲ့ပါးကို မကြာခဏနမ်း၍.. ၊

"မေမေ့ကိုချစ်တယ်.."

ဟုပြောတာ ကလေးငယ်လေးသဖွယ်..၊ ခုနောက်ပိုင်းတွေမှာ အမေ ဂရုစိုက်လာတာတွေကို သူမသိနေသည်။ အံ့ဩဝမ်းသာဖြစ်ရသလို ဒီလိုအပြုံးတွေ ခဏနဲ့ပြန်ပျောက်သွားမှာလားလို့လည်း စိုးရိမ်မိသေးသည်။

"ဟေး..ဒီမှာအများကြီးရပြီ၊ သွားမယ်လေ လရောင်.."

"အေး.."

"ခဏလေးသမီး..ဂျင်းဂျက်ကက်လေးထပ်ဝတ်သွား၊ ပြီးတော့ သမီးယူထားတဲ့ တဘက်ကသေးတယ်..မေမေ ကောင်မလေးကို တဘက်ယူလာခိုင်းထားတယ်.."

"ညလေး..မေမေ့ကိုဘာတွေကပ်ချွဲနေတာလဲ.."

နေသရက အပြင်ထွက်ဖို့ဝတ်စားပြင်ဆင်ပြီးသည့် ပုံစံနှင့် ထွက်လာရင်း နာရီလည်းကြည့်၍.. ၊

"ဟိုကောင်တွေလည်း မလာသေးဘူး..ဒီမှာလည်း ပိတောက်တွေကုန်ပြီ.."

"မကုန်ပါဘူးကိုကိုရာ..ညလေးတို့ကအောက်ကိုင်းလေးတွေပဲ ချိုးယူတာပါ..ကိုကိုတို့ကယောကျ်ားလေးတွေပဲ.."

"ဟုတ်ပါတယ်..နင်တို့ပဲလုံလောက်အောင်သယ်စမ်းပါ.."

နေသရက ညီမကိုပြောရင်း စွန်းဘက်လှည့်ကာ.. ၊

"မေမေ့သမီးကို ရေပက်ခံဘာလို့လွှတ်လိုက်တာလဲမေမေရာ..ရေပက်တာအကြောင်းပြပြီး ဗရုတ်သုတ်ခတွေကအများကြီး.."

"ဒါဆိုရင်တော့ မင်းကိုပါတားရမှာပေါ့.."

"မဆိုင်ဘူးလေ..သားကယောကျ်ားလေး.."

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားလေးဖြစ်သွားတာနဲ့..မိဘကစိတ်မပူတော့ဘူးလား.."

"မေမေကလည်း.."

နေသရက နှာခေါင်းတစ်ချက်ရှုံ့ရင်း ဆံပင်လည်းသပ်သည်။

"ဖေကြီးက အဲ့ကောင်မလေးကိုအလိုလိုက်ထားတာ.."

"ဟုတ်တယ်..မင်းအဖေအစလုပ်ထားလို့ မေမေဒီနှစ်ဘာမှမပြောဘဲ နေလိုက်ရတာ.."

"သားပြောတာက မေမေဝင်ပါလာပြီဆိုရင်တော့ ညလေးကို လွှတ်မှာ မဟုတ်ဘူးထင်တာလေ.."

"သားကရောဘာဖြစ်လို့ ခုမှမသွားစေချင်ဖြစ်နေတာလဲ.."

"မေမေ့သမီးက အပျိုကြီးဖားဖားဖြစ်နေပြီ.."

နမကို သဝန်တိုတတ်နေပြီဖြစ်သည့် အစ်ကိုတစ်ယောက်ရဲ့ မျက်နှာကိုကြည့်ရင်း စွန်းပြုံးလိုက်မိသည်။

"မေမေ့.."

"ဟင်.."

"မေမေ့သမီးက တွဲလိုက်ရင်ဂျင်မလေးတွေနဲ့နော်.."

"ဟိုက်စကူးလ်ကလွန်မြောက်လာပြီဆိုရင် အသိအမြင်ပတ်ဝန်းကျင်အားလုံးပြောင်းလဲသွားကြတာပဲ..မေမေ့သဘောနဲ့ဆိုရင်တော့ ဘာကိုမှနားလည်ပေးမှာ မဟုတ်ဘူးသား..ဒါပေမယ့် မင်းကိုမောင်နှမကို တတ်နိုင်သမျှနားလည်ပေးဖို့ မေမေဆုံးဖြတ်ထားတယ်..."

စွန်းက ဒီစကားကို သားရှေ့မှာပဲ ရဲဝံ့စွာပြောလိုက်ပြီး.. ၊

"ဒါပေမယ့် အဆုံးစွန်ထိတော့ မရဘူး.."

ပြောပြီးနေသရ မျက်နှာကိုစိုက်ကြည့်ကာ.. ၊

"သားခုတလော ညဉ့်နက်မှပြန်လာပြီး သန်းခေါင်ကျော်မှ အိပ်တာ တစ်ပတ်ကျော်နေပြီ.."

ဟင်.. ၊

သူ့ဘက်လှည့်လာတော့ နေသရခေါင်းကုတ်သည်။ စွန်းက လက်ပိုက်လိုက်ပြီး.. ၊

"မျက်နှာမော့ပါဦး.."



ဆိုတော့ မော့လိုက်ရကာ.. ၊

"ဘာမှမဖြစ်ပါဘူးမေမေကလည်း..ဟိုရက်တွေတည်းက သကြန်အတွက် အလာပ်ရှုပ်နေတော့.."

"ပြောပါ..ဆက်ပြော.."

"အဲ့ဒါကြောင့်ပါ..မဏ္ဍပ်အတွက်သစ်ဆိုင်နဲ့ချိတ်ပေးတဲ့ ကန်ထရိုက်တာကလည်း ဂျိဂချောင်လုပ်တော့ ကျွန်တော်တို့ချည်းပဲ ဒုန်းဒိုင်းလိုက်ရလို့ပါ.."

အိပ်ရေးပျက်တိုင်း သောက်ထားသည့် စီးကရက်တွေက ခနည်းမနော.. ၊

ပြီးတော့ စက်ပူက ပစ္စည်းမှာထားသည့် ဘယ်လိုသင်္ကေတတွေနဲ့ မှတ်ထားသောလယ်ဂျာတွေမှန်း မသိ၊ ထို့ပြင် နောက်ထပ်တွဲနေသည့် မိန်းကလေးဓာတ်ပုံတွေရော၊ ရှုပ်နေတာမှတစ်ချိုးတစ်စား လမ်းကြောင်းတစ်ခုတည်းမဟုတ်ပေ.. ။

သူမအံ့ဖြစ်က ကုန်တင်ကားကြီးတစ်စီးကို လမ်းကဖြတ်တားစီးရသလိုမျိုး မရမကကုတ်တွယ်တက်ပြီး ဘာအိတ် ဘာပစ္စည်းတွေပေါ်ဖြစ်ဖြစ် ဖြစ်သလိုထိုင် မိရာဖမ်းကိုင်ထားပြီး လိုက်နေရသည့်နှယ်..၊

ကလေးတွေနဲ့ သူမအဲ့လောက်ထိကင်းကွာနေခဲ့တာ ဖြစ်သည်။ ဒါကြောင့်လည်း သားနဲ့သမီးကို အပေါင်းအသင်းတွေနဲ့ ဘာလုပ်နေသလဲ..၊ လမ်းကြောင်းလွဲနေတာက ဘယ်ကစပြီး ဘယ်မှာလွဲခဲ့တာလဲ.. ၊

ကိုယ်သိတာ ဘာမှမရှိသော်လည်း၊ သိနေတဲ့လူကိုလည်း မေးမြန်းပြောဆိုချင်စိတ် မရှိ.. ၊

"ဟော..ဟိုကောင်တွေလာပြီ.."

နေသရရဲ့သူငယ်ချင်းတွေ ရောက်လာကြတော့လည်း အားလုံး၏မျက်လုံးတွေက ပိတောက်ပင်တွေပေါ်မှာဖြစ်ကာ ပိတောက်ပန်းခူးဖို့ ရည်ရွယ်ချက်တွေနဲ့သာဖြစ်လျက်.. ၊

"အောက်ဖျားတွေမရှိတော့ဘူး.. ငါတက်မယ်.."

"လှေကားက အပင်တစ်ဝက်ထိပဲရမှာ.."

"ဟော့ကောင်တွေမလုပ်နဲ့..မေမေကသစ်ပင်တက်တာမကြိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး..”

နေသရပြောလို့မဆုံးခင် စွန်းကအနားရောက်လာကာ.. ၊

“လှေကားအရှည်သွားယူခဲ့လေ..အပင်ကအမြင့်ကြီးသားတို့ရဲ့ အန္တရာယ်များတယ်..”

“ဟာ..အန်တီမပူနဲ့၊ ဒီမှာသားတို့ထဲမှာ မျောက်လွှဲကျော်တစ်ကောင်ပါတယ်..”

“ဟုတ်တယ်..ဒီကောင်ကျွမ်းတယ်အန်တီ..”

သူတို့ချင်းငြင်းခုန်နေရင်း အပင်အောက်ရောက်တဲ့သူက ရောက်နေပြီဖြစ်၏။ လှေကားပြေးယူတဲ့လူလည်းရှိကာ၊ ခြံဝကနေ ကားရပ်ပြီး ပိတောက်ပန်းလေးပေးပါလားလို့ အော်တောင်းတဲ့သူကတောင်းနေသေးသည်။

သင်္ကြန်မှာ မိုးနည်းတတ်တော့ ပိတောက်တွေသိပ်မပွင့်ကြပေ။ ဒါပေမယ့် သႀကြရကတော့ပိတောက်ဖူးတွေဝေနေပြီဆိုတာနှင့် မိုးအတုပေးရွာပြီး ပွင့်စေခဲ့တာဖြစ်သည်။

ဒုက္ခခံပြီး ကြိုးစားလိုက်တော့လည်း ပိတောက်တွေအညာမိခဲ့ရှာ၏။ ထို့ကြောင့် ဒီခြံထဲကပိတောက်ပင်နှစ်ပင်မှာ ဝါဝါထိန်နေခဲ့လေသည်။

ခြံပြင်ကတောင်းနေတဲ့သူတွေကိုရော အပင်ပေါ်တက်ဖို့ကြိုးစားနေတဲ့ကလေးတွေပါ ဆူညံစည်ကားနေသဖြင့် စွန်းဘာမှမပြောတော့ဘဲ ဒီတိုင်းပဲရပ်ကြည့်နေလိုက်တော့သည်။

“တိုးတိုးရေ..ကောင်မလေးတွေချည်း ပေးမနေနဲ့၊ ငါတို့ဖို့ချန်ဦးကွ..”

“အံမယ်..ဟိုဘက်မှာ နှစ်ပင်လုံးဝါထိန်နေတာတောင် စိတ်ပုတ်မနေစမ်းပါနဲ့..”

“နှစ်ပင်ရှိသေးပေမယ့် ငါတို့ကိုအန်တီက အပင်ပေါ်မတက်နိုင်းဘူးလေ၊ ကြည့်ဦး အပင်ကြီးတွေကလည်း မိုးထိုးနေတာ..”

“စိုင်းကျော်သူ..မင်းရန်ဖြစ်မနေနဲ့..ဟိုကောင်မလေးငါ့လှေကားကို ကိုင်လှုပ်နေတာငါ..ဟ..”

“ဟေ..အေး၊ ဒီမှာ ညီမ..အဲ့ဒါကိုသိပ်မဆွဲနဲ့ လှေကားကတစ်



ဆစ်ချိုးထား..ဟာ..”

“အမေ့ရေ..”

လှေကားထိပ်နားမှာ မတ်တပ်ရပ်ခူးနေသည့် တိုးတိုး ယိမ်းထိုးသွားလျှင် အော်ဟစ်လူတွေ ရှဲခနဲဆုတ်ပြေးကြ၏။ ကိုယ့်ကိုယ်ကိုပြုတ်မကျအောင် ထိန်းရင်းကိုင်ထားသည့် တံချူကိုလွှတ်လိုက်ပြီး လှေကားကို ကမန်းကတန်းပြန်ဖက်ထားလိုက်လျှင်.. ၊

“ဟာ..ဟော့ ဝါးလုံး..”

“မေမေ့..”

“စွန်း..”

သႀကြရ အသံပြာအောင်အော်ပြီး အိမ်ထဲကပြေးထွက်လာသော်လည်း မမီ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..မနက်ကျရင်သွားပါ၊ ဒါပေမယ့် အတက်နေ့ဆိုတော့ နေ့က်တစ်ပိုင်းပဲဆော့ရမယ်နော်..နေ့လည်မကျော်ခင်ပြန်လာရမယ်.."

နေသရမျက်နှာဝင်းပသွားသည်။ ပြီးတော့ စိတ်လက်ပေါ့ပါးသွားသလို နေရာမှထကာ လရောင်ရဲ့နဖူးလေးကိုလည်း လက်ညှိုးသက်မလေးကွေး၍ တောက်လိုက်သေးသည်။

"ချွန်စက်လေး..ချွန်စက်လေး၊ ဟား ဟား ဟား.."

"ကိုကိုနော်.."

နေသရက ပြန်ထိုင်လိုက်ပြီး လှဲနေသည့်စွန်းနဲ့နီးအောင် ကိုယ်ကိုကိုင်း၍.. ၊

"မေမေသိလား..ဖေကြီးလေ၊ မေမေဒဏ်ရာရသွားတယ်ဆိုဒေါသတွေကြီးနေလိုက်တာ.. မေမေ့ရှေ့မှာကျတော့ ဘာမှမဖြစ်သလိုနဲ့.."

သူ့အကြောင်းပြောလာတော့ စိတ်တိုမိသလိုလို..ရှက်သလိုလို.. ၊

သို့သော်.. မျက်နှာပြင်ကဖျတ်ခနဲပြောင်းလဲသွားကာ.. ၊

"သားတို့သွားကြတော့..မေမေဖုန်းပြောစရာရှိလို့.."

စွန်းဘာဖြစ်သွားတာလဲဆိုတာ စကားကျွံသွားပြီးမှ နေသရသတိထားလိုက်မိသည်။ မောင်နှမနှစ်ယောက် မျက်လုံးချင်းဆုံသွားကြတော့ မျက်နှာငယ်စွာဖြင့်.. ၊

"ညလေး..လာ.."

စွန်းက ခေါင်းအုံးဘေးမှာ ချထားသည့်ဖုန်းကို ထုတ်ယူလိုက်ပြီး လရောင်တို့ထွက်မသွားမချင်း ဟိုလုပ်ဒီလုပ်နှင့် ဘယ်သူနဲ့မှပြောတာလည်း မဟုတ်.. ။

ဟင်း.. ၊

ပင့်သက်ရှိုက်လိုက်တော့ ခေါင်းကဒဏ်ရာမှာ တစ်ဆစ်ဆစ်ကိုက်လာသည်။ ဒီဖအေအကြောင်း ဒီသားသမီးတွေနှုတ်မှ ပြောလာခြင်းကို သူမဘယ်လိုမှမနှစ်မြို့ပါလား.. ၊

ဖအေဘက်ကလိုက်ပြောနေကြသည်လို့ စိတ်ကထင်လာသည့်အခါ ကိုယ်ကတော့ဘေးရောက်သွားသလို ခံစားလိုက်မိသည်။

အခန်း(၂၅)

လူနာလည်း ထိုင်နိုင်ပြောနိုင်..ကလေးတွေလည်း ရေကစားပြန်လာလို့ စားသောက်နားပြီး အခန်းထဲရောက်လာကြတော့ ရှစ်နာရီကျော်ပြီဖြစ်၏။

"မေမေရော..သားတို့ကိုစိတ်ဆိုးနေလားဟင်.."

"ဘာလို့စိတ်ဆိုးရမှာလဲ..မေမေ့ကိုထိအောင် တမင်လုပ်တာမှမဟုတ်တာ.."

သားနဲ့သမီးတစ်ဖက်တစ်ချက်စီမှာ ထိုင်နေကြကာ၊ နေသရကမျက်လွှာပင့်ကြည့်လိုက် ပြန်ငုံ့သွားလိုက်နှင့် ပြီးတော့မျက်ခုံးခြစ်လိုက် နှုတ်ခမ်းသပ်လိုက်ဂနာမငြိမ်.. ၊

"ဘာပြောစရာရှိလို့လဲသား.."

"ဟိုလေမေမေ့..ဖေဖေသကြိန်အတက်နေ့တစ်ရက်ပဲ ကျန်တော့တာကိုအဲ့ဒါ..သားကိုအပြင်မထွက်ရတော့ဘူးတဲ့.."

"မင်း ဘာလုပ်ခဲ့လို့လဲ.."

"မလုပ်ပါဘူးမေမေရယ်..မေမေခေါင်းထိတဲ့နေ့ကလည်း သားနေ့တစ်ဝက်ပဲဆော့တာလေ၊ နောက်နေ့လည်း အစောကြီးသွားအစောကြီးပြန်လာတာပဲ.."

"ဒါပေမယ့် ကိုကိုကမေမေ့ကိုခေါင်းကွဲအောင် လုပ်ထားတာလေ.."

"ဟာ..ပေါက်ကရတွေ၊ ညလေးနော်..ငါ့ကိုမြေမျိုအောင်.."

"ဘာထူးလို့လဲ..ကိုကို့သူငယ်ချင်းတွေပဲ.."

"ညလေး.."

www.burmeseclassic.com

www.burmeseclassic.com



ဒါ သူမကလေးဆန်မိတာလား..အစွဲအလမ်းကြီးနေတာလား..ဒါမှမဟုတ်.. ।

ကိုယ့်ဘက်ကတာဝန်မကျေခဲ့သမျှ သူများတွေချစ်ခင်ရင်းနှီးနေကြတာကို မလုံလဲစိတ်နဲ့သဝန်တိုနေမိတာလား၊ ဘာမှန်းလည်း မသိတော့ပါ၊ သိနေတာတစ်ခုက ကလေးတွေနဲ့သူတို့ရဲ့အဖေ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖြစ်နေကြတာကို သူမမုန်းလေသည်။ ထိုစဉ်.. ।

"ဘယ်နယ့်..ခေါင်းမှာပတ်တီးနဲ့ ဖုန်းကိုင်နေရတာလဲ.."

သူ့အကြောင်းတွေးနေတုန်း သရဝင်လာတာ ခလုတ်မတိုက်လျှာမကိုက်ဘဲ တန်းတန်းမတ်မတ်.. ।

စွန်းမျက်ခုံးတန်းလေးတွေ တွန့်သွားပြီး သူ့ဆီရောက်သွားသည့်အကြည့်ကို ဖျတ်ခနဲပြန်လွှဲ၏။ ကလေးတွေ ခုနကပဲသူတာဝန်ကျေတာတွေ အားပါးတရရွတ်ပြသွားသည်။ သူဝင်လာတာဘာလဲ..।

စွန်းနှုတ်ခမ်းလေး တင်းတင်းစေ့သွား၏။

"နေထိုင်မကောင်းနေတုန်း အလုပ်ကိစ္စတွေ ခဏဖယ်ထားမှပေါ့ကွ..ပြီးတော့သကြင်္န်ရက်ကြီး.."

"ရှင်ကဒီအခန်းထဲထိ ဘာလာလုပ်တာလဲ.."

မေးခွန်းကြောင့် အောင့်သက်သက်ဖြစ်သွားပေမယ့် နေသရထိုင်ခဲ့သည့် ခုံလေးကိုနောက်ကိုဆွဲယူပြီး ထိုင်လိုက်ရင်း.. ।

"မင်းကိုလူမမာလာမေးတာ.."

"ခေါင်းကွဲလို့ သုံးချက်ချုပ်လိုက်ရတာနဲ့ လူမမာဖြစ်မသွားပါဘူး၊ ကျွန်မအိမ်ခန်းထဲ ရှင်ဝင်လာတာကပဲ.."

"ဒီအိမ်မှာမင်းနဲ့ငါပဲရှိတာလေ..ကလေးတွေက မင်းမကျန်းမာတာကို ဘာလုပ်ပေးနိုင်မှာလဲ.."

"ရှင်ကရော..ဘာလုပ်ပေးနိုင်လို့လဲ.."

"ငါလုပ်ပေးနိုင်လို့ မင်းခုလိုခုတင်ပေါ်ကနေ ကျေးဇူးကန်းတဲ့မျက်နှာကြီးနဲ့ ဘယ်ခွေးမှလူမထင်တဲ့စကားတွေ ပြောနိုင်နေတာပေါ့.."

"ရှင့်ကြည့်ရတာ ကျွန်မဆီကကျေးဇူးတင်ခံရဖို့ အသေအလဲကြိုးစားနေတဲ့ပုံပဲ.."

"ဟား.."



သရမျက်နှာမဲ့သွားတာ မျက်နှာထုစ်ပြင်လုံးပါနီသွားတဲ့ထိ..।

"ကျေးဇူးကန်းဖို့ ငုတ်တုတ်ထိုင်စောင့်နေမှန်းသိရက်နဲ့ ငါကမင်းလိုမိန်းမဆီကလား.."

"ဟွန်း.."

"တစ်ခုတော့မှတ်ထားစွန်း..ငါကမင်းယောက်ျား၊ အဲ့ဒါမင်းအသိအမှတ်ပြုပေးဖို့မလိုဘူး..ဒီအိမ်မှာလည်း အုပ်ထိန်းသူတွေမရှိတဲ့အခိုက်.."

"ရှင့်တာဝန်ဝတ္တရားတွေ လာရွတ်ပြမနေစမ်းပါနဲ့.."

စွန်းက လှဲနေရာကနေ လက်လေးထောက်၍ ထထိုင်လိုက်သည်။ ပြီးတော့ သရထိုင်သည့် နေရာနှင့်စားပွဲဆီ မျက်လုံးတွေရွေ့လျားသွားကာ.. ।

"ရှင့်ကိုဒီထဲဝင်မလာဖို့ပြောချင်တာက ကျွန်မအခန်းမှာ ကျွန်မဘယ်နေရာဖြစ်ဖြစ် အလုပ်လုပ်တယ်.."

"အဲ့ဒီတော့.."

"အခု ရှင့်ရဲ့ဘေးကစားပွဲပေါ်မှာလည်း အလုပ်လက်စတွေနဲ့.."

"အဲဒါတွေကို ငါကလာချက်(ခ်)တယ်ပေါ့.."

"ရှင့်အတွက် အများကြီးအလုပ်ဖြစ်မှာပဲဟာ.."

"မင်းကိုယ်မင်း ဘာထင်နေတာလဲစွန်း..ရှေ့နေတစ်ယောက်ဖြစ်နေတာနဲ့ပဲ..မင်းက ငါ့ကို.."

"ပြိုင်ဘက်ဆိုတာ တစ်နည်းအားဖြင့်ရန်သူပဲ.."

သရက ဆတ်ခနဲခေါင်းညိတ်ပြီး နေရာမှထရပ်လိုက်သည်။ သူကလည်း ဒီစားပွဲနားကခွာဖို့ပေမယ့် စွန်းကဖျတ်ခနဲမျက်လွှာပင့်ကြည့်ကာ.. ।

"မတ်တပ်ရပ်နေရင်တော့..စားပွဲနားကပိုပြီး ခွာဖို့သင့်ပြီ.."

"ဟွန်း.."

သရက မဲ့လိုက်ပြီးလက်ပိုက်သည်။ ပြီးတော့ စားပွဲစွန်းမှာတင်ပါးလွှဲမှီရပ်ရင်း.. ।

"လောလောဆယ် မင်းရှုံးခဲ့တဲ့အမှုနှစ်မှုရှိပြီနော်.."

"အဲ့ဒီတော့ဘာဖြစ်လဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ခုနေ မင်းဒီဒဏ်ရာနဲ့မေးခိုင်ပိုးဝင်ပြီး သေသွားခဲ့ရင်ဒီလို ဥစ္စာခြောက်ပုံမျိုးနဲ့ မတွေ့ရဲ့စရာပဲ.."

"အတိသရ ရှင့်ကိုယ်ရှင်မှန်ပြေးကြည့်ပြီး ကိုယ့်အသက်အရွယ်နဲ့လိုက်ဖက်တဲ့ စကားလုံးရွေးပြောစမ်းပါ.."

"ဟား ဟား ဟား.."

သူ့ရယ်သံကြောင့် စွန်းဒေါသထွက်သွားသည်။ မျက်နှာချင်းဆိုင် ငြင်းခုံပြောဖြစ်ကြတိုင်း ကိုယ့်ကချည်းဖိနှိပ်ပြောလိုက်နိုင်သည်ထင်ရပေမယ့် သူဒီလိုပုံစံရယ်ချလိုက်ပြီဆို သူမသာခံရခက်ခက်နှင့်..။

"မင်းကပဲ ပြောရတယ်ရှိသေးတယ်..ဟင်၊ မင်းစားပွဲပေါ်က စာရွက်အစုတ်တွေကို ဥစ္စာခြောက်ပြီး လှဲနေရာကနေ ငေါက်ခနဲထထိုင်တဲ့ ရှေ့နေမကြီး.."

"ရှင်..ရှင်နော်.."

"အဲ့လိုပြောတာကျတော့ ဒေါသထွက်တတ်လား.."

မျက်ခုံးနှစ်ဖက်ပင့်၍ တည့်တည့်ပြန်မေးသည်။

"မင်းငါ့ကိုတောက်လျှောက် စွပ်စွဲပြောဆိုနေတာတွေက ပန်းနဲ့ပေါက်နေတာထင်တယ်.."

"ကျွန်မဘာသာ ဓားနဲ့ခုတ်ခုတ် သေနတ်နဲ့ပဲပစ်ပစ်..ကျွန်မခွင့်မပြုဘဲ ကျွန်မအခန်းထဲဝင်လာရင်တော့ လက်ပိုက်နေဆိုနေ..တုတ်တုတ်မလှုပ်နဲ့ဆို မလှုပ်နဲ့ပဲ၊ ရှင်နစ်နာတယ်ထင်ရင် ကင်းကင်းနေ.."

"မင်းကိုငါမကောင်းနိုင်လို့မဟုတ်ဘူး..ဒါပေမယ့် မင်းနဲ့ငါရဲ့ ဆက်ဆံရေးကြောင့် ကလေးနှစ်ယောက်ရဲ့ရှေ့ရေးတွေဘာတွေ ဖြစ်လာနိုင်မလဲမင်းသိလား.."

"သိသိမသိသိ ရှင်ပြောပြဖို့မလိုပါဘူး.."

"သူများပြောမှ မင်းသိရင်တော့ အခုပြောနေတဲ့မျက်နှာမျိုး မင်းနေနိုင်မှာမဟုတ်ဘူးနော်..ငါ မင်းနဲ့ဒီရက်ပိုင်း ဆွေးနွေးသင့်ပြီလို့ ထင်ခဲ့တာတွေ ထားလိုက်တော့မယ်..မင်းကိုယ်တိုင်ဆွေးနွေးချင် စိတ်ဖြစ်လာရင်သာ.."

သသရကဆက်မပြောဘဲ စွန်းမျက်နှာကိုစိုက်ကြည့်ရင်း လက်ပိုက်ဖြည်သည်။ ပြီးတော့ လှည့်ထွက်သွားလေသည်။



သူ ဘာပြောသွားတာလဲ.. ၊

ဒီအိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဝေဖန်သံတွေဖြစ်နေခဲ့တာဘာဆန်းလို့လဲ၊ မပြောမရှိနဲ့လို့တမင်ပုံကြီးချဲ့ပြောသွားတာလား.. ၊

စိတ်ရှုပ်လာသည်နှင့် လှုကခေါင်းကိုက်လာသလိုလို ကိုယ်ပူချင်သလိုလိုဖြစ်လာခဲ့သည်။ ထိုစဉ်.. ၊

ဖုန်းမြည်သံကြောင့် လန့်သွားခဲ့၏။ ကြည့်လိုက်တော့ သသရဖုန်းကျန်ခဲ့တာဖြစ်သည်။ သူဝင်လာကာစမှာ ဖုန်းချလိုက်ပြီးမှ ခုံဆွဲထိုင်လိုက်တာကို ပြန်တွေးမိလိုက်သည်။

ဖုန်းနားတိုးသွားပြီး ငုံ့ကြည့်လိုက်တော့ ခေါ်နေတာကဟေမာန်.. ၊

အလုပ်ကိစ္စနဲ့ပတ်သက်ပြီး စကားပြောဖြစ်ကြ ဖုန်းဆက်ကြတိုင်း ကိုယ်နဲ့သက်တူရွယ်တူတွေကိုပဲ 'ဒေါ်'တပ်၍ခေါ်ကြတာပါ.. ၊

သူတို့ကတော့ တရင်းတနှီးပါလား.. ၊

ဖုန်းထဲမှာအလွယ်မှတ်ထားတာလား၊ အပြင်မှာဒီတိုင်းခေါ်နေကြတာလား၊ တွေးကြည့်လိုက်တော့ အရင်တစ်ခါရုံးရှေ့မှာ စကားပြောကြတာကို သတိရလာသည်။

ဟွန်း.. ၊

စောင်ကို ခါးပေါ်တင်ပြီးအိပ်ရာထဲပြန်လှဲလိုက်ရင်း.. ၊

"သိန်းသိန်းရေ.."

"ရှင်..မမလေး၊ လာပါပြီ.."

သိန်းသိန်းမလာဘဲ မိပြည့်က ကမန်းကတန်းဝင်လာကာ..၊

"အကြီးသိန်းက အပေါ်ထပ်မှာတံခါးတွေ သွားစစ်နေတယ် မမလေး..ကျွန်မကို အနားမှာနေဖို့ထားခဲ့တာ.."

"အဲ့ဒီမှာ.."

ဖုန်းက နှစ်ခါမြည်ပြီးမှ တိတ်ကျသွား၏။

"အဲ့ဒီဖုန်းကို ဟိုပုဂ္ဂိုလ်ကြီးဆီကို သွားပေးလိုက်.."

"ဟုတ်ကဲ့.."

ဒီလို နာမ်စားတွေကို သိနေသည်မို့ မိပြည့်က ဖုန်းကိုကောက်ယူလိုက်သည်။ ထိုစဉ် ဖုန်းကနောက်တစ်ခါ ပြန်ခေါ်ခြင်းနှင့်အတူ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဟော့..ထားလိုက်.."

သရက ခြေလှမ်းကျဲများနှင့်ဝင်လာကာ ဖုန်းကိုဆွဲယူလိုက်၏။ မိပြည့် ထိတ်ထိတ်ပျာပျာပုံစံလေးနှင့် ချက်ချင်းပြန်ထွက်သွားလေသည်။

သရက ဖုန်းကို နားမထောင်ဘဲပိတ်ပစ်လိုက်ကာ.. ၊

"သုံးခါတောင်ခေါ်ထားတာကို မင်းတစ်ခုခုကောက်ဖြေလိုက်လို့ရတယ်.."

"ရှင်ထွက်သွားတာစက္ကန့်နစ်ရာမကျော်သေးဘူး..သုံးခါခေါ်ထားတာလေ..ကိုင်ဖို့နေနေသာသာ အဲ့ဒီဖုန်းကိုကန်ချမိမှာစိုးလို့ မိပြည့်ကို လှမ်းခေါ်လိုက်ရတာ.."

"ငါနဲ့အလုပ်ကိစ္စပြောနေတုန်း ချထားလိုက်ရလို့..ပြန်ခေါ်ဖို့မေ့နေတာ.."

"ရှင့်ကို ဘယ်သူကမေးနေလို့လဲ.."

"သူက မင်းကိုတောင်းပန်ချင်လို့တဲ့..ဟိုတစ်ခါရှုံးရှေ့မှာ.."

"ဒီမှာ.."

စွန်းဆံနွယ်တွေ ဖိုယိုဖားလျားနှင့် အိပ်ရာထဲက လူးလဲထထိုင်ပြန်ကာ.. ၊

"ရှင် တမင်ညဏ်များပြီး ဖုန်းထားခဲ့တာမဟုတ်ဘူးမှတ်လား.."

"မင်း.."

"ဟုတ်ဟုတ်မဟုတ်ဟုတ် အခုယူပြီးရင်သွားတော့..ကျွန်မအိပ်မလို့.."

ပြောပြီးတာနှင့် ခေါင်းရင်းစားပွဲပေါ်က မီးအိမ်ကို လှမ်းပိတ်လိုက်သည်။ မှောင်မည်းသွားတာနှင့် ဖြစ်လာနိုင်သည့် ကိုယ့်အန္တရာယ်ကိုတော့ သတိမထားမိခဲ့.. ၊

"ဒိန်း.."

"အား.."

"ဘာဖြစ်တာလဲ.."

ဒေါသတွေ တလိပ်လိပ်တက်နေတုန်းမို့ စိုးရိမ်သွားပေမယ့်



ခါနကခံနေသေးသည်။ သို့သော် စွန်းထံမှ ရုတ်တရက်အသံပျောက်သွားလျှင်.. ၊

"စွန်း.."

သရ ခုတင်နားကိုကမန်းကတန်းပြေးသွားမိသည်။ စွန်းကခေါင်းကို လက်နှစ်ဖက်နဲ့အုပ်ကိုင်ရင်း.. ၊

"အား..နာတယ်.."

"ဘာဖြစ်သွားတာလဲ.."

"ချောက်.."

သူ မီးပြန်ဖွင့်လိုက်လျှင် စွန်းရဲ့ချိုစောင်းကဒဏ်ရာမှာ ပတ်တီးထဲကနေ သွေးတွေစွန်းထင်နေတာကိုမြင်လိုက်ရကာ.. ၊

"ခေါင်းတိုက်မိတယ်ဟုတ်လား.."

"အင်း.."

ကိုယ့်ကိုဖြေတာလား၊ ညည်းညူတာလားမသိ၊ ဘာပဲဖြစ်ဖြစ် ဥပေက္ခာထားပြီးလည်း မသွားနိုင်၊ ခေါင်းရင်းပိုင်းရောက်နေသည့် သူမကိုယ်လေးကို အိပ်ရာပေါ်မှာအဆင်ပြေအောင် ပြုပြင်ပေးလိုက်ရင်း ဖုန်းခေါ်၍.. ၊

"ဟုတ်တယ်ဒေါက်တာ..မတော်တဆထိခိုက်မိသွားလို့ ဒေါက်တာခုချက်ချင်းလာပေးပါ..ကျွန်တော်ကားလွှတ်လိုက်မယ်."

"ရှင်ဘာတွေလုပ်နေတာလဲ..အ..ဆောင့်မိသွားလို့နာတာကို.."

လူကရှုံ့မဲ့နေပေမယ့် လူနာလိုလည်းမနေ.. ၊

သရက သူမစကားကို ဂရုမစိုက်ဘဲ သူ့ဘာသာရေနွေးဇလုံတွေ ပဝါတွေ လိုအပ်မယ်ထင်သမျှ ပြင်ဆင်နေလျက်.. ၊

"ဘာဖြစ်လို့ ခေါင်းကိုအတင်းဖိနှိပ်နေတာလဲ.."

သူမကိုလှည့်ကြည့်မိတိုင်း အမြင်မတော်တွေပဲဖြစ်နေရ ကာ..၊

"အဲ့ဒါ စေတနာထားတဲ့လူကို စော်ကားချင်တဲ့အပြစ်ပဲ.."

မေးမိုတ်ထားသည့် စွန်းမျက်လုံးတွေ ဖျတ်ခနဲပွင့်သွားသည်။ ခေါင်းရင်းတိုးတက်ပြီး မီးပိတ်ဖို့ကြိုးစားရသည်။ ပြီးတော့ ခုတင်ခေါင်းရင်းကာကို မေ့၍လှဲချလိုက်တာ ဘယ်သူ့ကိုနှင်ထုတ်ချင်လို့၊ သင်းကြောင့် မဟုတ်ဘူးလား.. ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကှသိုလ်ကိုသိနေတာမို့ သူရရဲ့စကားက အရှိက်ကို တည့်တည့်ထိ၏။ ထိုစဉ် သူရကလှည့်ကြည့်ကာ.. ။

"ကျုပ်ကို မျက်လုံးကြီးတဝင်းဝင်းနဲ့ လိုက်ကြည့်နေတာကျ တော့ မမူးဘူးလား.."

"ဟုတ်တယ်..ဒီလောက်မီးတောက်အောင် ကြည့်နေတာ တောင် ရှင်ပြာမကျသေးလို့ ကြိတ်မနိုင်ခဲမရဖြစ်နေတာ.."

တကယ်ကိုမူးဝေနေပါပြီ၊ ဒါပေမယ့် သူ့ကြောင့်ဖြစ်ရတဲ့ ဒေါ သနဲ့မာနတွေက ပိုဆိုးနေသည်။ ဒဏ်ရာပေါ်ဒဏ်ရာထပ်ဖြစ်သွားသ ဖြင့် အဆမတန်ခံလိုက်ရတာကိုလည်း ဖုံးဖိမထားနိုင်.. ၊

ဘာဖြစ်လို ဒီလူ့ရှေ့မှာပဲ ထပ်ဖြစ်ရတာလဲ.. ၊

အံ့ကြိတ်နေရင်းနဲ့ပဲ တဆစ်ဆစ်ကိုက်ခဲခြင်းနှင့်အတူ ပတ်တီး ထဲမှာ ပူနွေးသောစိုစွတ်ခြင်းကို ခံစားလာရသဖြင့် သွေးတွေတစိမ့်စိမ့် များပြားလာပြီကို သိလိုက်သည်။ ဒါပေမယ့်ကျေးဇူးတော့မတင်နိုင်ပါ..၊

သူ့ဘာတွေပဲလုပ်ပြနေနေ သူမဘုရားရှိခိုးပြီးတိုင်း တလော ကလုံးကို မေတ္တာပို့ရင်တောင် သူ့ကိုတော့ချန်လှပ်ခဲ့သည်ဖြစ်ရာ..၊

အခန်း(၂၆)

"ဆရာ..ဆရာ.."

"ဒေါက်..ဒေါက်.."

ဟင်.. ၊

အိပ်ရေးပျက်နေပေမယ့် အသံကြောင့်လူကဆတ်ခနဲခေါင်း ထောင်သွားသည်။ စပ်ဖျင်းဖျင်းမျက်လုံးတွေကို နှစ်ကြိမ်လောက် ဖွင့် ပိတ်လိုက်ရင်း.. ၊

"သိန်းသိန်းလား.."

"ဟုတ်ပါတယ်ဆရာ..စွန်းဖျားနေတယ်ထင်တယ်၊ ညည်းသံ ကြားနေရလို့ပါ.."

"အင်း..ခဏလေး.."

နာရီကြည့်လိုက်တော့ မနက်ရှစ်နာရီထိုးတော့မည်။ ညက စွန်းနဲ့ သူ့ရဲ့အလုပ်စားပွဲနှစ်နေရာကို ကူးလူးရင်း လေးနာရီခွဲမှ အိပ် ရာဝင်ဖြစ်သည်။

အိပ်ရာပေါ်ရောက်လာတော့လည်း စွန်းကိုစိတ်မချတာနှင့် ချက်ချင်းအိပ်လို့မပျော်ခဲ့ပေ၊ ဒဏ်ရာပေါ်ကို အရှိန်ပြင်းပြင်းနှင့်ထပ် ဆောင့်မိခဲ့သဖြင့် သွေးထွက်များနေသည်။

သူမကမညည်းဘဲ အံ့ကြိတ်နေသော်လည်း မျက်နှာကချက် ချင်း ဖွေးဆုတ်လာသည်။

ဒါကို ဆရာဝန်က ထပ်ကိုင်ဆေးထည့်ပြီး ပတ်တီးလဲပေးနေ သည့် နောက်မှာ စွန်းစကားမာမာတောင်မပြောနိုင်ရှာ.. ၊

"ကလေးတွေရောသိန်းသိန်း.."

www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေက မစွန်းကိုပြောပြီးသားဆိုပြီး.."

"သိပြီ.."

သူများစကားကို ဖြတ်တောက်ပစ်မိရင်း၊ ကျွတ်ခနဲထပ်ဖြစ်မိသည်။ သကြၤန်တွင်းမှာ ကလေးတွေကိုပြောရဆိုရတာလည်း မကောင်း၊ ကိစ္စရှိလို့ သွားရလာရတာလည်း အဆင်မပြေ.. ။

ဘာပဲလိုလို ပြေးဝယ်လို့လဲမရ.. ။

ထို့ကြောင့် သူလှူငယ်ဘဝတည်းက ရေကစားရတာလည်း ဝါသနာမပါ၊ သကြၤန်ကို ခည်း မကြိုက်ပေ.. ။

"သြော်..ကျွတ်.."

စိတ်ပူပြီး ထွက်လာခဲ့တာ အခန်းသော့ကပါမလာခဲ့ပေ.. ။

"ခင်ဗျားက ဘာဖြစ်လို့အခန်းပြင်ရောက်နေရတာလဲ.."

"မစွန်းက သူကောင်းတယ်..မခေါ်ဘဲမလာပါနဲ့ဆိုပြီး ထွက်ခိုင်းလို့ပါဆရာရယ်..သူ့လက်ဖဝါးတွေအေးနေတာ သိလို့ကျွန်မလည်း စိုးရိမ်ပြီး အခန်းပြင်ကနေ နားစွင့်ရင်းနဲ့စောင့်နေတာပါ.."

အခန်းတိုင်းရဲ့သော့တွေ လူကြီးတွေမှာရှိကြသည်မို့ သဃရတံခါးဖွင့်ဝင်လိုက်ပြီး လှမ်းမြင်လိုက်ရသည့် မြင်ကွင်းကြောင့်စိုးရိမ်သွား၏။

"စွန်း.."

ခေါင်းမြီးခြုံထဲမှာ ပုစွန်ထုပ်လိုကွေးနေသည့် စွန်းဆီပြေးသွားမိကာ၊ စောင်ကိုဆွဲချမလို့ လက်လှမ်းပြီးမှ အဲကွန်းကိုပြေးပိတ်ရသေးသည်။

"ဒါကြီးပိတ်ဖို့တော့ ခင်ဗျားသတိမရဘူးလား.."

"ကျွန်မပိတ်ခဲ့ပါတယ်ဆရာရယ်..ဘုရားစူးပါစေရဲ့.."

စွန်းကိုယ်ပူတွေ ကြီးနေသဖြင့် ရေခဲကပ်ပေးနေရသည်။ မိသားစုဆရာဝန်ရော အပြင်ဆရာဝန်တွေရော ဘယ်ဆရာဝန်မှပင့်လို့မရပေ၊ အားလုံးက သကြၤန်တွင်းမှာ ခရီးသွားနေသည်ချည်းပြောနေကြ၏။

တကယ်သွားနေတာလား၊ မသွားဘူးလားတော့မသိ..

အိမ်မှာရှိသည့် ဆေးဝါးတွေနဲ့ပဲ သဃရပြေးလွှားလုပ်ကိုင်နေရ



သည်။

"ရော့..ရေသောက်လိုက်.."

"ဟင့်အင်း.."

"မကိုင်နဲ့လေ..ကိုယ်တိုက်နေတာအသာလေးမျိုချလိုက်..သိပ်မအေးပါဘူး.."

ဆေးတိုက်တာတောင် သူမမျိုချလိုက်မှန်း မမျိုမှန်းကိုယ့်ကိုယ်ကိုသိရဲ့လားမသိ၊ ဘာဖြစ်ဖြစ်ခေါင်းခါနေသည်။ မျက်လုံးမဖွင့်ဘဲ ညည်းညူနေ၏။ ပြီးတော့.. ။

"ချမ်းတယ်.."

"နေဦး..စောင်ခြုံပေးမယ်.."

"အဲ့ဒါကြီးမလုပ်နဲ့.."

"မလုပ်လို့မရ..ဟော့.."

ရေခဲဖက်ကပ်ပေးနေသည့် လက်ကိုတိုက်ချပစ်လိုက်သဖြင့် ရေဖက်က ရေဇလုံထဲပြန်ခုန်ဆင်းသွားသည်။ ထိုအရှိန်ကြောင့် ရေစက်တွေ ဖြန်းခနဲစင်ကာ စောင်တွေပေါ်မှာရေတွေ စိုကုန်လေသည်။

"စွန်းကကွာ..မင်းချမ်းနေပေမယ့် ကိုယ်တွေဒီလောက်ပူနေတာကို.."

"အား..ချမ်းလိုက်တာ.."

စွန်းသူ့လက်ကို ရင်ခွင်ထဲရောက်အောင် ဆွဲယူဖက်ထားလိုက်၏။ ပြီးတော့ လှဲနေရင်း အတင်းတိုးကာသူ့ကိုလည်း ဖိဆွဲထားသည်။

သဃရ သူမဘေးမှာလက်တစ်ဖက်ထောက်လှဲလိုက်တာနှင့် ရင်ခွင်ထဲကို အတင်းတိုးဝင်ဖက်ထားရင်း.. ။

"ရေ..ရေခဲရေတွေနဲ့ပက်နေတယ်..မလုပ်ပါနဲ့၊ ချမ်းတယ်.."

စွန်း ခိုက်ခိုက်တုန်နေသောအခါ သဃရသူမတစ်ကိုယ်လုံးကို ပွေ့ပိုက်ဖက်ထားလိုက်ကာ.. ။

"ချမ်းနေသေးလား.."

"အား..ဟင်း..ဟင်း.."

"ရေစိုတဲ့စောင်ကို ကိုယ်ဖယ်လိုက်ပါပြီ..မျက်နှာကိုယ့်ရင်ခွင်နဲ့ကပ်ထား.."

www.burmeseclassic.com

www.burmeseclassic.com



"ချမ်းတယ် မေမေ..မေမေ စွန်းကိုယ်ထဲမှာရေခဲတွေဝင်နေတာ ထင်တယ်.."

စွန်းကိုယ်လေးကို သူတင်းကျပ်စွာဖက်ထားရင်း၊ စိတ်မကောင်းဖြစ်နေမိသည်။ သူမဒီလောက်ထိ ဖြစ်သွားခဲ့တာကို အပြစ်တင်စကားတွေ ပြောခဲ့မိသေးသည်။

ဖျားနာနေသည့်အချိန်မှာ မာနတွေမထားသင့်မှန်းသိပါလျက်နှင့် သူမ မလိုလားတာကို ကိုယ့်ဘက်ကအောက်ကျို့ခယဖို့ လက်မခံနိုင်ဖြစ်နေခဲ့သည်။

သနားကြင်နာစိတ်တို့နှင့် သူမကိုတိုး၍ဖက်ထားမိကာ၊ ဆေးအရှိန်ကြောင့် စွန်းလည်းတုန်တာခိုက်တာတွေ လျှော့ပါးသွားခဲ့၏။

ကိုယ်မြတ်နိုးရသော ဇနီးသည်ကိုရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိရင်း ရင်ထဲမှာနူးညံ့နွေးထွေးလာခြင်းကို တစိမ့်စိမ့်ခံစားမိလာသည့်အခါ မှေးမှိတ်ထားမိသော မျက်ဝန်းတစ်စုံမှ မှောင်မိုက်ခြင်းသည် နေ့ကိုညဖြစ်သွားစေခဲ့၏။

ပြီးတော့ ကိုယ့်ဇနီးဆိုသည့် ရင်းနှီးခြင်းကတားဆီးခဲ့သော အရာရာကို အမှောင်ချဖျောက်ကွယ်ပေးခဲ့လျက်.. ၊

လူနှစ်ယောက်၏မာန်မာနတို့ကြောင့် ဝေးကွာခြင်းက သွေးသားနဲ့တော့ ဘာမှမဆိုင်... ၊

## အခန်း(၂၇)

စွန်းနည်းနည်းထူထောင်နိုင်သည်နှင့် ရုံးရှိန်းရက်ကစောင့်ကြိုနေခဲ့သည်။ ဒါပေမယ့် အနာနဲ့ဆေးတွေ့သွားသလို တရားခွင်ကိုဝင်ရောက်လာတာနှင့် စွန်းမျက်နှာက နုလံထစလူမမာနဲ့မတူ.. ၊

"တရားသူကြီးမင်းရှင့်..ခြံစောင့်ဦးကြိုင်ကို ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်မေးပေးဖို့ လျှောက်ထားအပ်ပါတယ်.."

ဦးကြိုင်ရောက်လာသည်နှင့် အမူသွားအမူလာက ပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းလဲသွားလိမ့်မည်ဟု ဘယ်သူမှမထင်မှတ်ခဲ့ပေ.. ၊

ခေါင်းမှာပတ်တီးမရှိတော့သော်လည်း ဆံပင်တွေကွက်ရိတ်ထားသည့် အတွင်းကဗွမ်းနဲ့ပလာစတာကိုတော့ မြင်နေရသေးကာ..။

"ကျွန်တော်အခင်းဖြစ်တဲ့ညက ထုံးစံအတိုင်းခြံကို တစ်ပတ်ပတ်ပြီး စစ်ဆေးနေတုန်း တောင်ဘက်ခြံတံခါးနားမှာ လူရိပ်တွေတွေ့လိုက်ပါတယ်..တစ်ယောက်တည်းမဟုတ်မှန်းသိလိုက်တော့ ကျွန်တော်ခြေသံမကြားအောင် အနားတိုးသွားခဲ့ရင်း သူခိုးတွေဆိုရင် ဦးအောင်ရိုက်မယ်ဆိုပြီး ကိုင်နေကျတုတ်တိုကိုလည်း အသင့်ပြင်ထားခဲ့သေးတယ်..

..အနားရောက်မှ အရိပ်တွေပျောက်သွားပြီး နောက်ကနေဝင်ရိုက်လိုက်တာ ကျွန်တော်တစ်ချက်တည်းလဲကျသွားခဲ့ပါတယ်..အဲ့ဒီအချိန်မှာ စကားသံတွေကြားရတာပါပဲ..အသံကအမျိုးသမီးအသံ.."

ဦးကြိုင်ကပြောလိုက်ရင်း ဒေါ်စုရတီကိုလှမ်းကြည့်လိုက်သည်။ ပြီးမှဆက်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကတော်ဒေါ်စုရတီပါ..သံတုတ်ကြီးနဲ့ ငါရိုက်ချလိုက်တာ သေပြီလားမသိဘူး၊ ငါမနေရဲတော့ဘူး..ငါ့ကိုနင်တစ်ခါတည်းခေါ်သွားမှဖြစ်မယ်..လို့ပြောလိုက်ပါတယ်..ပြန်ပြောတဲ့လူကတော့.."

ဒီတစ်ခါဦးကြိုင်ရဲ့ အကြည့်တွေကစက်စုပ်ရှုံ့ရှာခြင်းတွေခံနေလျက်..ခင်ဇော်ထံမှာ စူးစိုက်သွားခဲ့၏။

"ပြန်ပြောတဲ့လူကယောကျ်ားပါ..သူကတော့ခင်ဇော်ပါပဲ၊ ဘာပြောလဲဆိုတော့ နှစ်ယောက်စလုံးအတူသွားရင် ရိပ်မိသွားမှာပေါ့..အဲဒါမှ ကျွန်တော်တို့လုပ်သံမှု အလကားဖြစ်ကုန်မှာ ကံမကောင်းရင်သေအောင်သေနိုင်တယ်လို့ပြန်ပြောပါတယ်..နောက်ပြီး သူဌေးကတော်က နင်ကရတနာတွေရတော့ ငါ့ကိုထားခဲ့ချင်တာလား..နင်တစ်ယောက်တည်း နောက်မိန်းမအသစ်နဲ့ငြိမ့်တော့မယ်ပေါ့၊ ငါကတော့နင့်အတွက်နဲ့..လူတစ်ယောက်လုံးကိုတောင် ရိုက်သတ်ခဲ့ရတယ်လို့ ပြောပါတယ်.."

ဦးကြိုင်က သေချာစဉ်းစားပြောနေရင်း ပြတ်တောက်သွားခဲ့၏။ ပြီးတော့ စဉ်းစားနေသေးကာ.. ၊

"နောက်ထပ်ငြင်းခုံတာတွေကြားနေရသေးတယ်.. ဒါပေမယ့် ကျွန်တော်သတိလစ်သွားတော့ ဘာမှမသိတော့ပါဘူး.."

ဦးကြိုင်ထွက်ဆိုချက်ပြီးသည်နှင့် စွန်းက.. ၊

"ဦးကြိုင်အဲ့ဒီနေ့က ကြားခဲ့မြင်ခဲ့ရတဲ့အသံနဲ့ လူတွေက ဒေါ်စုရတီနဲ့ ကိုခင်ဇော်ဆိုတာသေချာပါသလား.."

"သေချာပါတယ်.."

"ဘာကြောင့်သေချာတာလဲ.."

"သူတို့အသံကြားတာနဲ့တင် ရင်းနှီးနေတဲ့အသံတွေကို မှတ်မိနိုင်ပါတယ်..ပိုသေချာတာက ကျွန်တော်အရိုက်ခံရပြီး လဲကျသွားတော့ သတိမလစ်ခင်မှာ သူတို့မျက်နှာတွေကို မြင်ခဲ့ရလို့ပါ.."

"ဒါဆိုဦးကောင်းထွန်းရဲ့ ရတနာပစ္စည်းတွေကို ဒေါ်စုရတီနဲ့ ကိုခင်ဇော်တို့ ပူးပေါင်းပြီး ဖောက်ထွင်းခိုးယူခဲ့တယ်လို့ ဦးကြိုင်ပြောချင်တာလား.."

"ကျွန်တော်မြင်ရကြားရတာတွေ အတိုင်းဆိုရင် ဟုတ်ပါတယ်.."



"ဦးကြိုင်ကိုဒေါ်စုရတီရိုက်ခဲ့တဲ့အတွက် တုတ်ကိုရှေ့ရုံးတော်ကို တင်ပြနိုင်ပါသလား.."

"ဟုတ်ကဲ့..သက်ဆိုင်ရာက သိမ်းဆည်းစစ်ဆေးနေတယ်လို့ သိရပါတယ်.."

စစ်မေးပြီးသွားသည့် စွန်းရဲ့လှုပ်ရှားမှုတွေက ပေါ့ပါးတက်ကြွနေသည်။ သဃရက မျက်နှာထက်မှာ ဘယ်လိုခံစားချက်မှ မထင်မှတ်စေဘဲ တည်ငြိမ်အောင်ကြိုးစားသည်။

သူ့ဘက်က မေးစရာသိပ်မရှိတော့သော်လည်း.. ၊

"တရားသူကြီးမင်းခင်ဗျား..အခင်းဖြစ်တဲ့ညက ဦးကြိုင်ခေါင်းကိုသံတုတ်နဲ့ အရိုက်ခံရတယ်ဆိုတော့ ဒီလောက်ပြင်းထန်တဲ့ဒဏ်ရာနဲ့ လဲကျသွားပြီး ချက်ချင်းသတိမလစ်ရင်တောင် အဲ့ဒီခဏအတွင်းမှာ ကြားသမျှမြင်သမျှအားလုံးက တိကျမှန်ကန်မှုရှိတယ်လို့ မဆိုနိုင်ပါဘူး..ဒီဒဏ်ရာကြောင့် ဆေးရုံတက်ပြီး ဆေးကုသမှုခံယူနေတဲ့ အချိန်ကာလနဲ့ ဆေးမှတ်တမ်းအရ ကြည့်ရင်တောင် အဲ့ဒီတုန်းကရခဲ့တဲ့ ဒဏ်ရာ ဘယ်လောက်ပြင်းထန်တယ်ဆိုတာ သိနိုင်ပါတယ်.."

သဃရရဲ့ချေပချက်ကို နားထောင်ပြီးစွန်းမသိမသာ ပြုံးမိသည်။ ရှင်တော်ပါတယ်.. ဒါပေမယ့် ရှင်ရင်ဆိုင်နေတဲ့ရှေ့နေက စွန်းဖြစ်နေအတွက်.. ၊

"ဦးကြိုင်သတိရလာစဉ်က ဒီကေ့စ်ကိုကိုင်တွယ် ကုသပေးတဲ့ ဒေါက်တာဦးတင်ထွတ်ကလည်း ဦးကြိုင်ရဲ့ဒဏ်ရာပြင်းထန်တဲ့အတွက် အာရုံကြောထိခိုက်မှုတစ်ခုခု ရှိလာနိုင်တယ်လို့ပြောခဲ့ပါတယ်..ဒါကိုကြည့်ရင် သူအရိုက်ခံရပြီး လဲကျသွားတဲ့အချိန်ကနေ အခုရုံးတော်ရှေ့ရောက်လာတဲ့ကာလအထိလည်း ဒီဒဏ်ရာနဲ့ပတ်သက်တဲ့ ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာရှိနေနိုင်သေးတယ်လို့ ယူဆနိုင်ပါတယ်.."

သဃရက တည်ငြိမ်စွာတင်ပြသွားခဲ့ရင်.. ၊

"တရားသူကြီးမင်းခင်ဗျား..ဒီအမှုနဲ့ပတ်သက်ပြီး ဦးခေါင်းမှာဒဏ်ရာ အပြင်းအထန်ရခဲ့တဲ့ ဦးကြိုင်ရဲ့ထွက်ဆိုချက်အပေါ်မှာ အမှားအမှန်သေချာပေါ်ပေါက်ရန် အလို့ငှာ ဦးကြိုင်ရဲ့ မက်ဒီကယ်ချက်ခ်အပ်(ပ်)ကို ထပ်မံစစ်မေးပြီးမှ စဉ်းစားဆုံးဖြတ်ပါရန် လေးစားစွာ

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ထားအပ်ပါတယ်.."

ရှင်တော်ပေမယ့် အလကား.. ၊

ခပ်မဲ့မဲ့ပြုံးလိုက်သည့် စွန်းမျက်နှာကို သဿရမြင်သည်။ ထိုအပြုံးက သူနဲ့သူမ ရုံးထဲကထွက်လာခဲ့ကြတဲ့အထိပါနေကာ.. ၊

"မနိုင်မှန်းသိလျက်နဲ့ အချိန်ပိုအလုပ်ရှုပ်ခံနေရလား.."

ကိုယ်ကခြေတစ်လှမ်းလောက်ရှေ့ကို ကြောနေတာတောင် သူမ မီအောင်တိုးလိုက်လာပုံက မကြားရဲလို့ရှောင်ပြေးတဲ့လူကို အမီအရ ပြေးလိုက်ပြောရတာမျိုး.. ၊

သဿရခြေလှမ်းတုံ့သွားပြီး နှုတ်ခမ်းမှာပြုံးယောင်သမ်း၏။ ပြီးမှ ဘေးမှာသူမရောက်လာတာကို ပြန်ငဲ့ကြည့်ကာ.. ၊

"အဲ့လိုပြောရတာ မင်းပျော်တယ်မှတ်လား.."

"ပြောနိုင်ပျော်နိုင်ဖို့ ကြိုးစားနေကြတာပဲ.."

"ဟွန်း..မင်းပျော်နေဖို့ပဲလိုတာပါ၊ ငါက ရှုံးတာနိုင်တာအလုပ်တွေလို့ သတ်မှတ်ပြီးသား..အမှုရှုံးတာလောက်နဲ့ ငယ်ထိပ်သွေးဆောင်ပြီး ကယောက်ချောက်ချားဖြစ်ဖို့ မရှိပါဘူး.."

စွန်းမျက်နှာ ကွက်ခနဲပျက်သွားသည်။ သဿရကစိုက်ကြည့်ပြီး ပြုံး၏။ ထိုအပြုံးကြောင့် စွန်းရဲ့ဒေါသတွေ အလိပ်လိုက်တက်လာတာကို ကြိုးစားပမ်းစားထိန်းလိုက်ရကာ.. ။

"အဲ့ဒီလို အပြုံးတွေနဲ့ ဟန်ဆောင်မျိုသိပ်နေနိုင်တဲ့ လူတွေကမှ ကြောက်စရာကောင်းတာ.."

"ဒါတော့မင်းမှားပြီထင်တယ်..လောကကိုအလှဆင်နိုင်တာမှသားလက်ဆောင်ပဲ...ဟန်ဆောင်မျိုသိပ်နိုင်စွမ်း မရှိတဲ့လူတွေကို ဘယ်လိုလူစားမျိုးလို့ သတ်မှတ်ကြသလဲ..မင်းတွေးကြည့်..."

ဆံပင်တွေကို နောက်မှာစုစည်းထုံးဖွဲ့ထားတတ်ကာ ရုံးတက်ချိန်တိုင်းမှာ သိမ်မွေ့လှပနေတတ်သည့် စွန်းတစ်ကိုယ်လုံးကို သဿရက သိမ်းကျုံးစိုက်ကြည့်၏။

ပြီးမှ ရယ်လိုက်ပြီးရှေ့ဆက်သွားကာ.. ၊

"ခုချိန် ငါသာမျိုသိပ်ဟန်ဆောင် မထားနိုင်ရင် မင်းနဲ့ငါကမ္ဘာမကျေပွဲ ရန်ပွဲကြီးထဖြစ်သွားနိုင်တယ်.."



ပြောလိုက်ပြီးမှ စွန်းဘက်ကလှည့်၍ ရင်ဆိုင်ရပ်လိုက်ရင်း..၊

"ငါပြောတာ အမှုကိစ္စနဲ့မဆိုင်ဘူးနော်.."

ဒါဆိုဘာလဲ.. ။

သူထွက်သွားတော့ စွန်းကြောင်တောင်တောင် ရပ်နေခဲ့မိ၏။ အမှုကိစ္စနဲ့မဆိုင်ဘူးဆိုတာ ထည့်ပြောသွားပုံက ဘာကိုပြောချင်တာ လဲ..

တရားရင်ဆိုင်နေကြလို့ ငြင်းခုံမသင့်မြတ်ကြတာတွေကြောင့် ကမ္ဘာမကျေရန်ပွဲကြီး ထဖြစ်သွားဖို့မှမရှိဘဲ.. ၊

ဒါဆို သူဘာကိုဟန်ဆောင်မျိုသိပ်ထားတာလဲ.. ၊

စွန်း သူ့ကားနားထိ အပြေးတပိုင်းထပ်လိုက်သွားမိကာ.. ။

"နေဦး.."

သူ့ရှေ့ကနေ မျက်နှာချင်းဆိုင် ပိတ်ရပ်ထားလိုက်မိလျက်..၊

"ဘာပြောသွားတာလဲ.."

သူဘာမှမပြောခဲ့သလို သဿရမျက်နှာက ချဉ်တူးတူး.. ၊

"ဘာပြောတယ်ထင်လို့လဲ.."

"ရှင် ကျွန်မအပေါ်တစ်ခုခုမရိုးမသား.."

"ငါတစ်ခုခု မရိုးမသားရှိခဲ့ရင်လည်း မင်းအပေါ်မှာ ဟုတ်ချင်မှ ဟုတ်မှာပေါ့.."

"ရှင်..ရှင်ဝေ့လည်ကြောင်ပတ်တွေမပြောနဲ့.."

"ဖြစ်ရပြန်ပြီ..မင်းပဲ ခုနတုန်းကတော့ ငါကအဲ့လိုလူဆို.."

ပြောပြီး ကားတံခါးဖွင့်လိုက်ရင်း ရယ်ကာ.. ၊

"ငါက မင်းလိုအမှုတစ်ခုရှုံးဖို့ အရည်မြင်လာတိုင်း ဒေါသတွေနဲ့ လိုက်ပတ်ရမ်းနေတဲ့လူ မဟုတ်တာကျေးဇူးတောင် တင်သင့်သေးတာ.."

သွားတွေပေါ်အောင် ရယ်နေကာ ကားထဲဝင်ထိုင်ပြီးတဲ့အ ထိ.. သင်းက.. ၊

ဘာထပ်မေးရမှန်းလည်း မသိ၊ ဘယ်လိုမှလည်း မတွေးနိုင်ဘဲ စွန်းအံကြိတ်ထားလိုက်မိသည်။ သူကမှန်တွေချပြီး လှမ်းကြည့် ၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ငါမင်းကိုပျော်စေချင်တာပါ..အဲ့ဒါကတော့ လုံးဝဟန်ဆောင်မှုမပါတဲ့ ဖွင့်ဟချက်ပဲ.."

"ရှင့်ကိုအဲ့ဒါတွေ ဖွင့်ဟခိုင်းနေလို့လား.."

"မင်းခိုင်းတိုင်းလည်း ငါဖွင့်ဟချင်မှ ဟမှာပေါ့ကွ..ဒီမှာ.."

သရက တံခါးပေါ်မှာ လက်တစ်ဖက်တင်လိုက်သေးသည်။ ပြီးမှ.. ၊

"ငါရှုံးမှာပေမယ့် မင်းနိုင်လို့ပျော်နေရင် ငါကျေနပ်နိုင်တယ်၊ အဲ့ဒါ သိပ်မကြာခင်ကမှ အစစ်အမှန်ငါ့ရင်ထဲကယိုဖိတ်လာတဲ့ စေတနာ.."

"သွားသေလိုက်.."

"ဒုန်း.."

စိတ်တိုလွန်းလို့ သူ့တံခါးကိုတစ်ချက်ထုပစ်လိုက်မိသည်။ ဒါတွေပြောချင်တာ မဟုတ်ဘဲတမင်မကြိုက်မုန်းသိလို့ ရန်စသွားတာ..၊

လူယုတ်မာ..လူညစ်ပတ်.. ၊

အခန်း(၂၈)

"မေမေ့.."

အရေးတကြီးကိစ္စပြောဖို့အတွက် ကားသံကြားသည်နှင့် လ ောင်ပြေးထွက်ခဲ့သည်။ သို့သော် စွန်းရဲ့ကားရောက်ပြီးတာနှင့် ဘေး ါးကနေ ဝင်လာသည့်သရရဲ့ကားကလည်း ထုံးစံအတိုင်း စွန်းရဲ့ နဲ့ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာ ရပ်သွားခဲ့၏။

လရောင်မေမေ့ကို ခေါ်လိုက်ပြီးမှ ဖေဖေကားပေါ်က ဆင်း ကိုလှမ်းကြည့်မိသည်။

"ဂျိမ်း.."

မေမေ့ကားက တံခါးပိတ်သံကြောင့် လှည့်ကြည့်မိကာ..၊

"ဂျိမ်း.."

ဖေဖေ့ကားတံခါးပိတ်သံကလည်း ဂျိမ်းခနဲ.. ၊

လရောင်ခေါင်းလေး ဟိုဘက်လှည့်ဒီဘက်လှည့်နှင့် အရှပ်မ းနဲ့တူသွားသည်။ သရမျက်နှာကတင်းသည် ရယ်သည်မဟုတ် ဘဲ..

စွန်းကတော့မျက်နှာတင်းတင်းနှင့် လှေကားထစ်တွေကို က်လာကာ.. ၊

"ဘာမှမေးမနေနဲ့.."

ဟုပြော၍ လရောင်လက်လေးတစ်ဖက်ကို ဆတ်ခနဲဆွဲပြီး ထဲခေါ်သွား၏။ ဖေဖေနဲ့ပတ်သက်တဲ့ မကျေနပ်ချက်တစ်ခုခုကြား ာမည်ဟု ထင်ခဲ့ပေမယ့် စွန်းကအခန်းထဲမဝင်ခင် လရောင်လက် လေးကိုလွှတ်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အပေါ်တက်တော့..ဘာမှအမေးအမြန်းမထူနဲ့.."

"မေမေ့.."

လရောင် အံ့ဩတာတောင် တစ်ဝက်တစ်ပျက်နှင့်ထားလိုက်ရပြီး စွန်းလက်ကိုလှမ်းဆွဲထားမိကာ.. ၊

"မေမေ့ကိုဘာမှမမေးပါဘူး..လရောင် ပြောစရာရှိလို့စောင့်နေတာ.."

"ဘာလဲ.."

စွန်းကပြန်လှည့်ကြည့်ကာ၊ တံခါးဖွင့်ဝင်သွား၏။ လရောင်ကလည်း လိုက်ဝင်ပြီး.. ၊

"မေမေ့ ကိုကိုဘာတွေလုပ်နေလဲမသိဘူး.."

ဟင်.. ၊

စွန်း ဖိုင်ကိုစားပွဲပေါ် ချထားလိုက်ပြီး လရောင်ဘက်လှည့်လာသည်။

"ဘာဖြစ်လို့လဲ.."

လရောင်မျက်နှာသည် စိုးရိမ်ဖွယ် အမှတ်ဖြင့်ပျက်ယွင်းနေကာ.. ၊

"သမီးသေချာမပြောတတ်ဘူးမေမေ..ဒါပေမယ့် ကိုကိုစီးပွားရေး တစ်ခုခုလုပ်နေတာမဟုတ်ရင်တောင် ကြွေးတင်တာမျိုးဖြစ်နိုင်တယ်.."

"ဘာပြောတယ်.."

ထိတ်လန့်သွားသဖြင့် လရောင်ကိုအော်လိုက်မိသလို ဖြစ်သွားတာ သတိမထားမိလိုက်.. ၊

"လရောင်မေမေ့ကိုပြန်ပြောစမ်း..အဲ့ဒီကိစ္စနှစ်ခုက ဘယ်ဟာကအဖြစ်နိုင်ဆုံးလဲ.."

စွန်းမျက်နှာပေါ်မှာ စိုးရိမ်စိတ်ကြောင့်ကျမှုကို မြင်လိုက်သည်နှင့် လရောင်ပို၍ထိတ်ပျာသွား၏။

"ဟို သမီးထင်တာ..ကိုကိုနဲ့သူ့သူငယ်ချင်းတွေ တစ်ခုခုဖြစ်နေကြတယ်..ဘာမှန်းတော့မသိဘူး.."

ထိုစဉ် ဒေါ်အေးသိန်းကသုတ်ကရိုက်ပြေးလာကာ.. ၊



"မစွန်းနဲ့ ဆရာတို့ပြန်ရောက်လာတာ အတော်ပဲ..ခုပဲ ရဲစခန်းက ဖုန်းဆက်တယ်.."

"ဟင်.."

"ဘယ်သူလဲ..သားကြီးလား.."

"ဟုတ်တယ်..ကလေးနဲ့ သူ့သူငယ်ချင်းတွေလုယက်မှုဖြစ်လို့တဲ့.."

"ဘာ.."

စွန်းတစ်ကိုယ်လုံးတုန်ခါသွားသလား ထင်ရသည်။

"ကိုကိုဟုတ်လို့လားသိန်းသိန်းရဲ့..ကိုကိုအဲ့လိုတော့.."

"ဘာဖြစ်လို့လဲ.."

အခန်းဝက လှမ်းမေးရင်း အခြေအနေကိုအကဲခတ်မိသွားကာ သရာအခန်းထဲဝင်လာ၏။ စွန်းမျက်လုံးတွေမီးဝင်းဝင်းတောက်သွားကာ.. ၊

"ရှင့်ကြောင့်.."

"ဟ..ဘာလဲ.."

စွန်းကသူ့အကျီရင်ဘက်ကိုဖျတ်ခနဲဆုပ်ဆွဲပစ်လိုက်ကာ..၊

"အဲ့ဒါ ရှင်ထိန်းကျောင်းခဲ့တဲ့သားသမီးတွေလေ..မအေကဂရုမစိုက်လို့လို့ခေါင်းစဉ်တပ်ပြီး ရှင်ချွေးထွေးခဲ့တာအဲ့ဒီလိုဖြစ်ဖို့လား.."

"မင်းဘာတွေပြောနေတာလဲ.."

သရကစွန်းရဲ့လက်ကိုဖြေချဖို့အုပ်ကိုင်လိုက်၏။ စွန်းကသူ့လက်ကိုခါဖယ်ပစ်လိုက်ပြီး အကျီကိုပဲပြန်ဆောင့်ဆွဲ၍.. ၊

"ရှင့်သားလေ တရားလွှတ်တော်ရှေ့နေကြီးဦးအတိသာရရဲ့သား.."

"မင်းလဲသူ့အမေ တရားလွှတ်တော်ရှေ့နေဒေါ်စွန်းပဲလေ.."

"ဟုတ်တယ်..ရှေ့နေကြီးနှစ်ယောက်ရဲ့သားပဲ..ဒါပေမဲ့ ရှင့်ရဲ့ထိန်းကျောင်းမှုအောက်မှာကြီးပြင်းလာတဲ့သား..အဲ့ဒီသားကိုအခု ရဲစခန်းမှာသွားတွေ့ရမယ်..ဘယ့်နှယ့်လဲ.."

သရမျက်နှာပျက်သွားသည်။ ပြီးတော့ စွန်းရဲ့လက်တွေကို ဖိညှစ်ဆုပ်ကိုင်ပြီးဆောင့်ဖြုတ်ပစ်လိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်မှမလဲဘူးစွန်း၊ငါကအဖေတစ်ယောက်အနေနဲ့ မေတ္တာ တစ်ခြမ်းပဲပေးခဲ့မိတာဖြစ်ရင်ဖြစ်လိမ့်မယ်..ဒါပေမယ့် ငါပေး နိုင်သလောက် ပုံပေးလိုက်တာပဲ.. ငါ့သားခုလိုလမ်းမှားရောက်သွား တာ ငါ့ကြောင့်ဆိုရင် ငါ့သားရောက်တဲ့အရပ်က ဘူမိနက်သန် ဖြစ်ဖြစ်.. မီးပင်လယ်ဖြစ်ဖြစ် ငါရောက်အောင် လိုက်မှာပဲ.."

ပြောနေရင်း စွန်းမျက်နှာကိုစူးစူးရဲရဲစိုက်ကြည့်ကာ..၊

"ဒါပေမယ့် ငါ့သားနဲ့ငါ့အတွက် မင်းဒေါသပြဖို့မလိုဘူး..မင်း စီမံခန့်ခွဲဖို့လည်း မလိုဘူး၊ မကူညီဘဲနဲ့ နှောက်ယှက်နေတာ သိမ် ဖျင်းလွန်းတယ်.."

"ဘာ.."

စွန်းဆတ်ဆတ်ခါသွားသည်။ လရောင်မိဘနှစ်ပါး၏ အခြေ အနေကိုမျက်လုံးအဝိုင်းသားလေးနှင့် ငေးကြည့်နေကာ၊ ထိုမျက်ဝန်း လေးတွေမှာ မျက်ရည်စတွေဝေ့တက်လာ၏။

ပြီးတော့ ဖွင့်ဟလုလုနှုတ်ခမ်းလေးပေါ်ကို လက်ခုံလေးကပ် ထားရင်း နောက်ကိုတရွေ့ရွေ့ဆုတ်သွားလေသည်။ သူရနဲ့စွန်းတို့ဒေါ သ အတ္တတွေပြိုင်ဆိုင် အနိုင်လုနေကြလျက် ပတ်ဝန်းကျင်ကို မေ့လျော့ နေခဲ့ကြ၏။

"အဲဒါမင်းနဲ့တန်တဲ့စကားပဲလေ..တခြားဘယ်လိုစကားလုံးမျိုး ရှိသေးလို့လဲ..ဒီကလေးတော်လိုက်တာဆိုရင် 'ငါ့သား'၊ ဒီကောင်လူမိုက် လေးလို့ ကဲ့ရဲ့လာကြရင်တော့ 'ဖအေတူသား'ပေါ့..ဟွန်း.."

"ဟုတ်တယ်..အဲ့လိုပြောမှာပဲ၊ ရှင်ကျွန့်မကို ဒီကလေးတွေကို/ ဂရုမစိုက်မှုနဲ့ အမျိုးမျိုးပုတ်ခတ် ကဲ့ရဲ့လာခဲ့တာ.."

"မဟုတ်တာပါသွားလို့လား.."

"မျက်စိမမြင်တဲ့လူကို 'အကန်း' လို့ခေါ်တာရော ဘာမှားလို့ လဲ.."

သူရ အသံရှတ်တရက်ထွက်မလာခဲ့.. ၊

"ဒါပေမယ့် ကျွန်မမကြားသလိုနေလာခဲ့တာ ရှင့်ကိုပါဂရုမ စိုက်လို့ပဲ.."

မျက်နှာကို စေ့စေ့ကြည့်ပြောရင်း.. ၊



"တကယ်တော့ ရှင်ကမိန်းမတစ်ယောက်အပေါ် အနိုင်နဲ့ပိုင်း နိုင်ဖို့အတွက် ကလေးတွေကို အကြိုက်လိုက်ပြီးစည်းရုံးထားခဲ့တာ.. ရှင့်ရင်ထဲမှာမိဘမေတ္တာက သဲတစ်တင်း လဲတစ်တင်းပဲ.."

"မင်း.."

သူရ လက်တစ်ဖက်အရှိန်နဲ့ မြှောက်တက်သွားလျှင်.. ၊

"ဖေကြီး.."

လရောင်အသံစူးစူးလေးက ခြောက်ချားစွာပေါ်လာခဲ့၏။ ဒေါ် အေးသိန်းအပြေးအလွှားပြန်ပြေးလာကာ တံခါးဝနားရောက်နေပြီဖြစ် သည့် လရောင့်ကိုပခုံးလေးဖက်၍ ခေါ်သွားခဲ့၏။

"သိန်းသိန်း...ဖေဖေ၊ ဖေကြီးက..မေမေ့ကိုလေ..အဟင့်.."

"မရိုက်ပါဘူးသမီးရယ်..သမီးဖေကြီးက ဒေါသဖြစ်တိုင်း လက်ပါတတ်တဲ့သူမှ မဟုတ်တာ..မငိုနဲ့သမီး၊ နော်..တိတ် တိတ်.."

မျက်ရည်တွေ သုတ်ပေးနေလျှင် လရောင်ကဒေါ်အေးသိန်း ရင်ခွင်ထဲ မျက်နှာလေးကပ်ပြီး ငိုချလိုက်၏။

ကလေးလေးအကြောက်ကြီးပြီး ပခုံးတွေတုန်ခါနေအောင် ရှိုက်ငိုသကဲ့သို့ အသံပျောက်မတတ် ရှိုက်နေသဖြင့် တက်ချက်သွား မလားစိုးရိမ်လာကာ ဒေါ်အေးသိန်းခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာ ၏။

"သမီး လကလေးရယ်..အဲ့လောက်ဝမ်းနည်းမနေပါနဲ့၊ ဆရာ တို့က ဒီလိုပဲ စကားအချေအတင်တွေပြောရင်း အတူနေလာခဲ့ကြတာ ဒီနေ့ထိပဲလေ..ဘယ်တုန်းကကိုယ်ထိလက်ရောက်တွေ ရှိခဲ့ဖူးလို့လဲ.."

"သမီး..သမီးက.."

စကားပြောဖို့ ကြိုးစားပေမယ့်မရ.. ၊

ဒါပေမယ့် လရောင်ပြောပြချင်နေသည်။ ဒါပေမယ့် သူမပြော ပြချင်တာ သိန်းသိန်းကိုမဟုတ်ပေ.. ၊

ဒီမိသားစုအကြောင်းကို အလုံးစုံ သိနေသော ပြီးတော့မေမေ့ ကို ညီအစ်မလိုချစ်ခင်ကာ ဖေဖေ့ကိုလေးစားလျက် ရှိနေသည့်သိန်း သိန်းရဲ့ နှစ်သိမ့်စကားတွေက ဘယ်အချိန်ကြားကြား အပြောင်အလဲ မရှိဒီအတိုင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနဲ့သူမကြီးပြင်းလာခဲ့ရတဲ့ မိသားစုဘဝက ဘယ်လိုမျိုးလဲ၊ မိဘနှစ်ပါးစလုံး ပြည့်စုံချမ်းသာကြသည်။ ငယ်ရွယ်နုပျိုကြသည်။ စိတ်ဓာတ်တွေလည်း ကြံ့ခိုင်ရည်မွန်ကြ၏။

ဒါပေမယ့် သူမတို့အပေါ်မှာ ဘယ်လိုမေတ္တာတွေနဲ့ ထွေးပွေ့ခဲ့ကြတာလဲ.. ၊

အဲ့ဒါတွေကို တခြားတစ်စုံတစ်ယောက်ရှေ့မှာ ပြောပြပြီး မေးကြည့်ချင်သည်။ ကိုယ့်အိမ်တွင်းရေးကို အပြင်လူကိုမပြောသင့်ပေမယ့် ရင်ထဲမှာ မွန်းကျပ်နေသမျှ အိတ်သွန်ဖာမှောက်ပြောပြချင်သည်။

ဖေဖေနဲ့မေမေ ဘာဖြစ်လို့ဒီလောက်တောင် မုန်းနေကြတာလဲ၊ သူတို့ရဲ့အမုန်းတွေနဲ့ သားသမီးတွေဘဝကို မှင်နီထားခဲ့ကြတာလား.. ၊

မဟုတ်ဘူး.. ၊

အဲ့ဒီလိုမဟုတ်ဘဲနဲ့ အဲ့ဒီဘဝမျိုးကို ကိုကိုနဲ့သူမရောက်ခဲ့ရတာ၊ ဒီနေ့ကိုကို့အဖြစ်ကြောင့် မိဘတွေရင်ထဲမှာ ဖြစ်လာခဲ့တဲ့ ပူပန်စိတ်က ဘာဖြစ်လို့ ဒေါသအမုန်းတွေကိုပဲ အားကောင်းလာစေခဲ့တာလဲ.. ၊

မေးခွန်းတွေဆက်တိုက်ဖြစ်လာခဲ့သည်။ အဖြေတစ်ခုမှ ရှာမရဘဲ မျက်ရည်တို့သည်သာ အဆက်မပြတ်ကျလာခဲ့သည်။

လရောင်ရဲ့ ရှိုက်သံလေးတွေ တိုးသဲ့သွားခဲ့ပေမယ့် ရင်ထဲမှာတော့.. ၊

အခန်း(၂၉)

"ခုပဲ အချုပ်ထဲက ထုတ်လာခဲ့ရတယ်..သားမမှားပါဘူး၊ ဟုတ်လား.."

"တကယ်ပြောတာမေမေ..သားတို့ပိုက်ဆံတွေကို သူတို့က လာလုကြတာ.."

စွန်း မျက်နှာတင်းသွားသည်။ ပြီးတော့ ရှေ့တိုးလိုက်ပြီး..၊

"အဲ့ဒီပိုက်ဆံတွေကိုရော မင်းဘယ်ကရတာလဲ.."

"အဲ့ဒါ.."

နေသရ တစ်ချက်တော့ စကားတုံ့သွားသည်။ ခါးတစ်ဖက်ထောက် ရပ်နေသည့်သရက ဘာမှမမေးသလို စွန်းကလည်းစောင့်ကြည့်နေခဲ့၏။

နေသရက နှစ်ယောက်ရှေ့မှာ ထိုင်နေရင်း မျက်နှာမော့လာပြီးမှ ပြန်ငုံ့၍.. ၊

"သားတို့ကြွေးပေးစရာရှိလို့..လေးယောက်စလုံး စုထားတဲ့ပိုက်ဆံ.."

"မေမေမေးတာ အဲ့ဒါမဟုတ်ဘူး.."

စွန်းက နေသရမော့ကြည့်လာမှ.. ၊

"အဲ့ဒီပိုက်ဆံက ဘယ်ကလာတဲ့ပိုက်ဆံလဲ..မင်းတို့လက်ထဲ လေတိုက်လို့လွင့်လာတာတော့ မဟုတ်ဘူးမှတ်လား.."

"သားကဖေဖေ့ဆီက.."

"သိန်းတစ်ရာ့လေးဆယ်ဆိုတော့ တစ်ယောက်ကိုသုံးဆယ့်ငါးသိန်း.."

www.burmeseclassic.com

www.burmeseclassic.com



စွန်းက တွက်လိုက်ပြီး သဲရကိုငုံကြည့်ကာ.. ၊

"ဒါယောကျ်ားလေးတစ်ယောက်ကို ရှင်တစ်ခါထုတ်ပေးလိုက်တဲ့ မုန့်ဖိုးလား.."

သဲရမျက်နှာတင်းသွားသည်။ ဒါပေမယ့်မဖြေနိုင်.. ၊

ဖခင်တစ်ယောက်အနေနဲ့ ကိုယ်တိုင်လည်းမုန့်ဖိုးပေးနေခဲ့သည့်သားကို ခုလိုပူပင်သောကတွေ ရှိနေတဲ့အချိန်မှာ 'မြွေပူရာကင်မှောက်'တဲ့ အဖြစ်မျိုး သူဘာထပ်ပြောရမှာလဲ.. ၊

စွန်းရဲ့တရားခံစစ်တဲ့ အကြည့်မျိုးကို မခံချိမခံသာနှင့် မျိုသိပ်သည်းခံလိုက်ရသည်။ ဒါကိုနေသရကလည်း သိနေ၏။ မေမေဆူနေတာသာ မဟုတ်လျှင် ဖေဖေသူ့ကိုချမ်းသာပေးမှာမဟုတ်ပေ.. ၊

"ထားလိုက်တော့ မင်းရဲ့ပိုက်ဆံကို၊ ဟိုကလေးတွေရလာတဲ့ပိုက်ဆံတွေကရော.."

"သူတို့လည်း.."

"မင်းလိုပဲ လက်ဝါးဖြန့်တောင်းလာတာလို့ ပြောမလို့လားနေသရ.."

စွန်းလေသံက တစ်ဖက်သားဟာစ်ခွန်းမှဆက်မပြောနိုင်အောင်ပြတ်တောက်မာထန်နေကာ.. ။

"အပိန်ဆုံး အရှည်ဆုံးကောင်လေးက သူ့အဖေချဲဒိုင်.."

"အခု မလုပ်တော့ပါဘူး.."

"ဘာအလုပ်မှလည်းပြစရာမရှိတော့ဘူးပြောစမ်းပါ.. ထောင်တစ်နှစ်ကျပြီးတည်းက အလုပ်မယ်မယ်ရရမရှိကြဘူး.."

နေသရက မျက်လွှာချမိ၏။

"ခပ်ချောချောကောင်လေးရဲ့အမေက အထူးကုပါရဂူဦးချစ်လွင်ရဲ့....."

စွန်းကဆက်ပြောဘဲ ရပ်ပစ်လိုက်လျှင် 'မေမေဒါတွေတောင်သိနေသလား' ဆိုသည့် နေသရရဲ့အကြည့်တွေ တအံ့တသြဝင့်တက်လာ၏။

"ကိုယ်ပိုင်နေအိမ်မရှိဘူး..ဘာပိုင်ဆိုင်မှုမှလည်း ပြစရာမရှိဘူး.. အဲ့ဒီအခြေအနေမျိုးနဲ့ သုံးဆယ့်ငါးသိန်းက ဘယ်ကထွက်လာတာ လဲ.."



"မေမေရယ်.."

"မင်းကိုမေးနေတာမဟုတ်ဘူးနေသရ.."

စကားအသုံးအနှုန်းတွေက စိမ်းသက်ရင့်သီးလာသလို အခြေအနေက တစ်စထက်တစ်စတင်းမာလာခဲ့သည်။

"နေ့ာက်ထပ် ဘယ်သူ့မိဘကဘာလုပ်ကိုင်စားသလဲ..ငါမပြောချင်ဘူး၊ တစ်ရာ့လေးဆယ်တောင် ပေးဆပ်ရမယ့်အကြွေးက ဘာကြွေးလဲ.."

နေသရ ချွေးပြန်လာသည်။ နဖူးကိုလက်ဖနောင့်နဲ့ ပွတ်လိုက်ရင်း အဲ့ရိုကွန်းဖွင့်ထားရဲ့လား မော့ကြည့်မိသည်။ သားရဲ့အမူအရာတွေကို စိုက်ကြည့်ရင်း သဲရကိုယ်တိုင်စိတ်တွေတိုလာခဲ့သည်။

သားကို သူဒီလောက်မုန့်ဖိုးတွေမပေးခဲ့ပါ၊ ဘာထဲ့အကောင်ထဲထဲမှာ ထည့်ပေးခဲ့တာကလည်း မွေးနေ့အတွက်ပေးတာတွေ လစဉ်မုန့်ဖိုးပေးထားတာတွေနဲ့ များပြားနေတာသာရှိမည်။ တစ်လုံးတည်းအပြုံလိုက် ထည့်ပေးခဲ့တာမဟုတ်.. ၊

ထို့ပြင် ကလေးနှစ်ယောက်စလုံး ဘယ်တုန်းကမှ ငွေအများကြီး ထုတ်သုံးခဲ့တာမရှိသောကြောင့် စစ်လည်းမစစ်မိတော့၊ စစ်ဖို့လည်းသတိမရခဲ့.. ၊

"နေသရ..မင်းကိုမေမေ မေးနေတယ်.."

"သားတို့..သင်္ကြန်အကြတ်ညက..ဟို.."

စကားမဆက်နိုင်ဘဲ နှုတ်ခမ်းသပ်လိုက်မိသည်။ ပြီးတော့ ဆံပင်ဆီလက်ထည့်ပြီး စကားသံတိတ်နေ၏။ ပြီးမှ.. ၊

"သားတို့ အင်ယားကန်ဘောင်မှာရန်ဖြစ်ကြတာ.."

စွန်း မျက်နှာရဲခနဲ ဖြစ်သွားသည်။ သဲရခါးထောက်ရပ်နေခြင်းက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ... ၊

"ကန်ဘောင်မှာဟုတ်လား.."

"ကန်..ကန်ဘောင်သွားရင်းဖြစ်တာပါ၊ ကန်ဘောင်ဒီဘက်ကဟို.."

"ပြော..ဆက်ပြောစမ်း.."

သဲရ နေသရဲ့နားကို ဝုန်းခနဲရောက်လာသည်။ ပဆုံးတစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖိဆုပ်ပြီးဆွဲလှုပ်၍…၊

"ရန်ဖြစ်တော့ ဘာတွေဖြစ်ခဲ့သလဲ…ပြောစမ်းနေသရ…"

"ဟိုဘက်ကကောင်တွေရဲ့ ပရာဒိုကို ထုရိုက်ဖျက်စီးပစ်ခဲ့တာ…"

"မင်းတို့ကဟုတ်လား…မင်းကအဲ့ဒီလိုအလုပ်တွေ လုပ်တဲ့ကောင်…"

"ခွပ်…"

"ဖေဖေ့…"

အတွင်းဝရံတာကနေ ငုံ့ကြည့်လိုက်ရင်း မြင်သွားကာ၊ လရောင်တအားအော်ရင်း လှေကားဆီပြေးသည်။ ဒေါသကြောင့် အသားတုန်အောင့်ဖြစ်နေရသည့် သဃရကဘာမှမသိ…၊

"နေသရ…မင်း…မင်းငါ့ကို…"

"လုပ်မနေစမ်းပါနဲ့…"

စွန်းကရောက်လာပြီး သဃရဆွဲကိုင်ထားသည့် နေသရရဲ့အကျီရင်ဘက်စကို ဆောင့်ဆွဲဖြုတ်ပစ်ကာ… ။

"အဲ့ဒါရှင်ထုဆစ်ပုံဖော်ထားတဲ့ အရုပ်ပဲ…"

"မင်း ငါ့ကိုချည်းပြောမနေနဲ့…"

"ပြောမယ်…လူဆိုတာ ကိုယ့်စကား ကိုယ့်လုပ်ရပ်အတွက် ကိုယ်ပဲတာဝန်ယူရတယ်…တာဝန်ယူရမှန်းလည်း ကိုယ့်ဘာသာသိသင့်တယ်၊ ကျွန်မက တာဝန်မကျေတဲ့အမေဆိုတဲ့ လက်ညှိုးထိုးကဲ့ရဲ့ယ်တာတွေကိုခံပြီး ကိုယ့်ဆုံးဖြတ်ချက်အတွက် တာဝန်ယူခဲ့သလို ရှင့်အသံကောင်းဟစ်နေတာတွေအတွက် တာဝန်ယူရမှာလည်း ရှင်ပဲလေ…"

"တောက်…"

"ကိုယ့်သားဘယ်လိုကလေးမျိုးတွေနဲ့ ပေါင်းနေသလဲ ရှင်သတိထားကြည့်ခဲ့ဖူးလား၊ အဲ့ဒီကလေးပေါင်းစုံကို အိမ်မှာလက်သင့်ခံပြီး သူငယ်ချင်းပေါင်းပေါင်းခဲ့တာရော ရှင်မဟုတ်ဘူးလား…"

"မေမေ…မေမေတော်ပါတော့နော်၊ လရောင်တောင်းပန်ပါတယ်…မနက်အစောကြီးပဲရှိသေးတယ်မေမေရယ်…"

လရောင်မျက်ရည်လေးဝေ့ဝေ့နှင့် တောင်းပန်ပေမယ့် စွန်းက



သူ့ည့်မကြည့်…၊

"မျက်စိနှစ်လုံးပွင့်တာနဲ့ ကိုယ့်သားကိုအချုပ်ထဲက ပြေးထုတ်ခဲ့တာကရော ဘယ်လိုကျက်သရေမင်္ဂလာတွေ ရှိနေလို့လဲ…"

မနေ့က သပေါင်းကြားတည်းက လင်မယားနှစ်ယောက်ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်ခဲ့ကြသည်။ ကိုယ့်ငွေနဲ့ကိုယ်လုယက်သူဖြစ်ရသည့် ကိစ္စမှာဘယ်သူကစလို့ ဘယ်သူကဘာလုပ်ခဲ့မှန်းမသိ… ။

ပြဿနာဘယ်လိုဖြစ်ခဲ့တယ်ဆိုတာလည်း ရှုတ်တရက်စုံစမ်းလို့မရ၊ ထို့ပြင်… ၊

ကိုယ့်သားတစ်ယောက်တည်း ဆွဲထုတ်လာနိုင်တာတောင်မှ သားဖြစ်သူက အားလုံးကိုထုတ်ပေးဖို့တောင်းဆိုနေသည်။ သူငယ်ချင်းတွေမပါရင် သူလည်းမထွက်တော့ဘူးလိုလို… ။

ထိုကြောင့် ဒီမနက်ကျမှ ထုတ်လို့ရခဲ့၏။ သဃရက သားကိုထုတ်ဖို့ကြိုးစားနေတုန်း စွန်းကဟိုကလေးတွေရဲ့ ဘက်ခ်ရောင်း(န်)ကို စုံစမ်းသိရှိနေပြီဖြစ်သည်။

ပေါင်းသင်းခဲ့တဲ့အပေါင်းအသင်းတွေက ရာဇဝင်မှာရောသမိုင်းမှာပါ ဘယ်နေရာမှာမှ ကောင်းကွက်ရှိခဲ့တာတွေမဟုတ်၊ ဒါတွေဖြစ်ရတာ ဘာကြောင့်လဲ… ၊

"တွေးကြည့်စမ်းပါဦး…တရားလွှတ်တော်ရှေ့နေတွေရဲ့သားတဲ့…"

"ဘယ်သူ့သားဖြစ်ဖြစ်…မိဘလည်းမှားတတ်တယ်၊ ဆရာလည်းမှားတတ်တာပဲ…မင်းဘာမှလက်ညှိုးထိုးပြီး ရှုံ့ချနေဖို့ မလိုဘူး…သွားနေတဲ့ခြေထောက်က ဆူးစူးရင်စူးမယ်၊ ခလုတ်တိုက်ချင်တိုက်မယ်…ခြေစုံရပ်နေတဲ့ခြေထောက် ဘာမှမဖြစ်ဘူး…"

သဃရဒေါသတွေဖြစ်နေခဲ့လျက်… ၊

"ဒါပေမယ့် ဆူးစူးမိမှ ဆူးမရှိတဲ့လမ်းကိုရွေးလျှောက်မှာ မင်းကတော့ခြေစုံရပ်နေပြီး အလုပ်လုပ်နေတဲ့လူတွေကို လက်ညှိုးထိုးကဲ့ရဲ့ယ်နေတာပဲ…"

စွန်းမျက်နှာ ရဲတက်သွားသည်။ မထင်မှတ်သည့်စကားနှင့် ရိုက်ချခံလိုက်ရခြင်းက အရိုက်ကိုထိုးသည့် လက်သီးထက်ပြင်း၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာမှမလုပ်လို့ ဘာမှမဖြစ်လာတာကို ဘာဖြစ်လို့ဂုဏ်ယူဝင့်ကြွားစွာ ခဏခဏပြောနေတာလဲ..ငါ့သားသမီးတွေကို ငါပဲထိန်းကျောင်းလာတာဆိုရင်လည်း နောက်ထပ်လည်းငါပဲရင်ဆိုင်မယ်.. မင်းခြေစုံရပ်ပြီး ကြည့်နေလိုက်..ဒီကလေးတွေကို ငါ့အထာနဲ့မီးဖိုထဲကောက်ထည့်ထည့် သစ်ပင်မှာပဲဖောက်ထိုးဆွဲထားထား.."

"ရှင်..ရှင်ဘာပြောတယ်..ဘာစကားပြောလိုက်တာလဲသရ.."

"မင်းနဲ့ငါ သုံးပေလောက်ပဲကွာတယ်..မကြားဘူးလား.."

"အဲ့ဒီကလေးတွေက ကျွန်မဝမ်းနဲ့လွယ်မွေးထားခဲ့တာရှင့်..သိရဲ့လား.."

စွန်း သရရင်ဘက်ကို အတင်းပြေး၍ထုနှက် ရိုက်ပုတ်ကာ..၊

"ရှင့်ကို ဖအေတစ်ယောက်ဆိုပြီး ယုံကြည်ခဲ့တာလေ..ရှင်အသံကောင်းဟစ်နေတာတွေကတခြား..လုပ်တော့တခြား၊ အဲ့ဒါကိုကျွန်မကမပြောရဘူးလား..ကျွန်မကမအေ၊ ကလေးတွေရဲ့မအေရှင့်..ရှင်နားမလည်ဘူးလား.."

"စွန်း..မင်းတော်နော်၊ ဟာ..ဒီမိန်းမ.."

"လူရှုတ်..လူညစ်၊ 'ငါ့စကားနွားရ' ပြောတတ်တဲ့လူ..ကဲ.."

"အား..စွန်း၊ မင်း..ငါ တယ်.."

ထုနှက်တာတွေကို ရှောင်တိမ်းနေရင်း ထိမိသမျှအောက်တက်နာကျင်နေလျက်၊ မေးဖျားမှာလက်ဖျားခတ်မိသွားလျှင် ပါးရိုက်ခံလိုက်ရသလို စပ်ဖျင်းနာကျင်သွား၏။

သည်းခံနိုင်ခြင်းက ဘောင်လွတ်သွားသည်။ စွန်းလက်တစ်ဖက်ကို လက်ပြန်ဖမ်းကိုင်လိုက်ကာ၊ သရလက်ရွယ်လိုက်လျှင်.. ၊

"ဖေဖေ့.."

"ဖေဖေမလုပ်ပါနဲ့.."

မောင်နှမနှစ်ယောက် အသံတွေထပ်တူဝင်၏။ အနီးဆုံးမှာရှိနေသည့် နေသရက မအေရှေ့က ကာကွယ်ရပ်လိုက်ကာ.. ၊

"သားမှားပါတယ်..သားမှာပဲအပြစ်ရှိတာပါ၊ ဖေဖေတို့မရှဲ့ကြပါနဲ့တော့.."

"ဟုတ်ပါတယ်..ဖေဖေနဲ့မေမေတို့ရဲ့ ကမ္ဘာမကျေအမုန်းတွေ



သမီးတို့ကြောင့် ပိုပိုပြီး..အဟင့်..ဟင့်.."

လရောင်ငုတ်တုတ်လေးထိုင်ချလိုက်ပြီး တရှိုက်ရှိုက်ငို၏။ သရအံတစ်ချက်ကြိတ်ကာ နေရာမှလှည့်ထွက်သွား၏။ နေသရကစွန်းဘက်ကိုလှည့်၍.. ၊

"ကားကိုသားလက်နဲ့ ဘာမှမဖျက်ဆီးခဲ့ပါဘူး..ရန်စဖြစ်ရတာက သားကြောင့်မို့လို့ အဲ့ဒီပြဿနာတွေကို သားနဲ့ပဲသက်ဆိုင်တယ်လို့သတ်မှတ်ခဲ့တာပါ..သူများကားကို သားလက်နဲ့ထိတောင်မထိခဲ့ပါဘူး.."

စွန်းက မျက်လုံးစိမ်းတို့နှင့် ကြည့်နေပြီး ဘာမှမမေး.. ၊

"သားကိုသူတို့က မိုက်ရိုင်းကြလို့ သားသူငယ်ချင်းတွေက.."

"ဘာကစပြီးဖြစ်တာလဲ.."

အေးစက်စက်မေးသံက တစ်ခွန်းချင်း.. ၊

နေသရ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ.. ၊

"သူတို့က လူဇော်တို့နဲ့သိခဲ့ဖူးတယ်.."

"သူငယ်ချင်းတွေပေါ့.."

"မဟုတ်ဘူး.."

ခေါင်းခါလိုက်ပြီးမှ စွန်းဘာကိုလိုချင်တာလဲဆိုတာ ရိပ်မိကာ နေသရ မျက်နှာပျက်၏။

"ဖြေလေ.."

"ရန်စရှိထားဖူးတာပါ.."

"မင်းက ရှူးတိုက်တိုင်း ကိုက်တတ်တဲ့ခွေးလား.."

နေသရ ဖျတ်ခနဲကြည့်ပြီး၊ မျက်လုံးခြင်းဆုံပြီးမှ မျက်လွှာချသွားသည်။ စွန်းကလည်း ထပ်မမေးတော့ပါ၊ ခဏကြာမှ.. ၊

"ဘယ်သူမှမမှားဘူး..ငါပဲမှားတာ.."

တစ်ယောက်တည်းရေရွတ်ပြီး လှည့်ထွက်သွားသည်။ နေသရ ဒီတိုင်းရပ်ကျန်ခဲ့လျက် လရောင်သူ့ဘေးရောက်လာကာ.. ၊

"ကိုကို့ကို ညလေးတောင်းပန်ပါတယ်..ဖေဖေနဲ့မေမေ နောက်ထပ်ရင်ဆိုင်မိအောင် ကိုကိုထပ်မလုပ်နဲ့တော့..အဲ့ဒီလူတွေနဲ့ မပေါင်းပါနဲ့တော့ ကိုကိုရယ်..နော်၊ ဒီလိုအဆင်မပြေမှုတွေပဲ ဆက်ဖြစ်နေရ ရင်

www.burmeseclassic.com

www.burmeseclassic.com



ညလေးသေသွားလိမ့်မယ်.."

ပြောပြီး တအင့်အင့်ရှိုက်ငို၏။ နေသရ မျက်မှောင်ကုတ် လျက် ငုံ့ကြည့်ကာ.. ။

"နင်ကလည်း တစ်မျိုးဟာ.."

စိတ်ပျက်ညည်းညူသလိုပြော၍ ကျောခိုင်းထွက်သွားသည်။ သို့သော် ခြေလှမ်းပြီးမှ ပြန်တုံ့သွား၏။ ပြီးတော့ လရောင်ဆီပြန်လှည့် လာကာ ခေါင်းကိုခပ်ဖွဖွလေး ပွတ်လိုက်ပြီး.. ။

"ကိုကို နောက်ထပ်မဖြစ်စေရဘူး..မငိုနဲ့တော့၊ တိတ်.."

သူ့ ညီမလေးရဲ့မျက်ရည်တွေကို မေ့သွားခဲ့မိတာ စိတ်မကောင်းဖြစ်မိ၏။

တကယ်ဆို ဖေဖေတို့အဆင်မပြေဖြစ်ခြင်းကြောင့် ဖြစ်လာခဲ့သည့် ဥပေက္ခာတို့ကို သူတောင်စိတ်ပျက်မိတာ ညီမလေးဆို ဘယ်လိုနေရှာမလဲ.. ။

အခန်း(၃၀)

"တီ.."

ကားဟွန်းသံကြောင့် လရောင်ပလက်ခေါင်းပေါ်တက်ပေးလိုက်သည်။ သို့သော် ကားကရှေ့ဆက်မသွားဘဲ သူမဘေးကပ်ကပ်လေးမှာ ရပ်သွား၏။

လှည့်ကြည့်လိုက်တော့ တံခါးမှန်ကျသွားသည့်နောက်မှာ ဘစ်ခေတ်က ညကြည့်မျက်မှန်ကို ချွတ်လိုက်ပြီး.. ။

"ဟော့..လာ ကားပေါ်တက်၊ ဒီမှာ ကားရပ်လို့မရဘူး.."

"လရောင်မလိုက်တော့ဘူးကိုခေတ်..ရှေ့လမ်းထဲမှာ.."

"ဟုတ်ပြီ..သွားမယ့်နေရာလိုက်ပို့မယ်၊ လာပါဆိုကွာ.."

ပြောရင်း ကိုယ်တိုင်ဆင်းလာပြီး လရောင်လက်လေးကို ဆွဲ၍ ဟိုဘက်တံခါးကနေ ကားထဲအရောက်ပို့သည်။ ပြီးမှ နေရာမှပြန်ဝင်ပြီး မောင်းထွက်လိုက်ကာ.. ။

"ဘာတွေဖြစ်လာလို့လဲ.."

"ဟင်.."

သူက မျက်မှန်ပြန်တပ်ပြီး မောင်းထွက်လိုက်ကာ.. ။

"ထိုက်ထိုက်က ဖုန်းဆက်လို့.."

"ထိုက်ထိုက်က.."

"ဟုတ်တယ်..မင်းသူ့ဆီမှာ တစ်ညနေလုံးဆို.."

"ဟုတ်.."

လရောင် ခေါင်းညိတ်လိုက်ရင်း ဆံပင်လေးတစ်ဖက်သိမ်း၍ အခြင်ကို လှမ်းကြည့်မိသည်။ ဒီနေ့ထိ တခြားယောကျ်ားလေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ကားပေါ်လိုက် မစီးခဲ့ဘူးသဖြင့် ကိုယ့်ကိုလူတွေအများကြီး လိုက်ကြည့်နေသလို ခံစားနေရသည်။

"ဘာပြဿနာတွေရှိနေလို့လဲ..ကိုယ့်ကိုပြောပြနိုင်လား.."

လရောင်က လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာလေးလွှဲ၍ စဉ်းစားနေလျှင်.. ।

"မင်းမိသားစုအကြောင်း ထိုက်ထိုက်ကတော့ ပြောပြထားပါတယ်..ဒါပေမယ့်.."

တစ်ခေတ်က ကားမောင်းရင်း ဖျတ်ခနဲလှည့်ကြည့်ကာ.. ।

"မင်းပုံစံကိုကြည့်ပြီး ဒီလောက်ထိရင်ထဲထည့်ခံစားလိမ့်မယ်လို့ မထင်ခဲ့ဘူး.."

"လရောင်က ဘယ်လိုပုံစံဖြစ်နေလို့လဲဟင်.."

"အရမ်းအေးချမ်းတာလေ.."

လရောင်မျက်နှာပူသလိုဖြစ်သွားသည်။ တကယ်က ရှက်သွားတာပဲထင်၏။

"မင်းမျက်နှာလေးက ဘာပူပင်သောကမှ မထင်တဲ့မျက်နှာမျိုးလေး..အဲ့ဒါကြောင့် ထိုက်ထိုက်ပြောတော့ ကိုယ်အံ့သြသွားတာ..ဘာဖြစ်လဲကွာ၊ မိဘတွေဘယ်လိုပြဿနာပဲရှိနေနေ သားသမီးကိုချစ်လို့သာ ဒီချိန်ထိခိုင်မြဲအောင် ထိန်းသိမ်းလာကြတာပေါ့.."

"မဟုတ်ဘူးကိုခေတ်..အဲ့ဒါမျိုးက.."

သူမရှင်းပြချင်ပေမယ့် သိန်းသိန်းရဲ့ဆုံးမစကားတွေကို သတိရတော့ ဆွံ့အသွားခဲ့သည်။

'အတွင်းထရဲ့ အပြင်မကာနဲ့..'တဲ့.. ।

"ပြောလေ..ကိုယ်ကခုချိန်မှာ မင်းရဲ့တိုးတိုးဖော်၊ အဲ..သူငယ်ချင်းကောင်း အဖြစ်နားထောင်ပေးချင်တာပါ..မျှဝေခံစားတာမျိုးပေါ့.."

"ကိုခေတ်က အခုဘယ်သွားမလို့လဲဟင်.."

"မင်းမှမပြောသေးတာ.."

"မဟုတ်ဘူးလေ..အခု ဘယ်သွားရင်းနဲ့ လရောင်ကိုတွေ့တာလဲလို့.."

"ဟွန်း.."



သူက သွားတွေပေါ်အောင် ပြုံးလိုက်ပြီး လှည့်ကြည့်၏။

"မင်းကို သွားရင်းလာရင်း လမ်းမှာတွေ့လို့ ခေါ်တင်လာတယ်ထင်လို့လား.."

"အဲ့လိုတော့ မဟုတ်ပါဘူး..ဒါပေမယ့်.."

"ဘာ ဒါပေမယ့်မှမရှိဘူး..ကိုယ့်ကိစ္စနဲ့ လမ်းပေါ်ထွက်လာတာမှန်တယ်..သူငယ်ချင်းအိမ်သွားပြီး တိုင်ပင်စရာလေးရှိလို့လေ၊ ထိုက်ထိုက်ဖုန်းဆက်တော့ ကိုယ့်ကိစ္စကိုခဏထားပြီး မင်းကိုလိုက်ရှာတယ်..ဒါပဲ.."

"လရောင်ရှိတဲ့နေရာ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာနော်.."

"မသိဘူး..အလှူရှိတဲ့မင်းဆွေမျိုးတွေ အိမ်ကိုသွားတာတဲ့..အဲ့လိုပြောသွားပေမယ့် သွားချင်မှသွားမှာတဲ့..မင်းစိတ်တွေ အရမ်းလေနေတယ်တဲ့၊ ဘယ်ကိုမှရောက်ဘဲ ထင်ရာတွေသွားနေနိုင်တယ်တဲ့.."

တစ်ခေတ်က 'တဲ့'ပေါင်းများစွာနှင့် ရှင်းပြရင်းရယ်ကာ.. ।

"ကိုယ်လည်း စိတ်ပူလို့သာလိုက်လာတာ..ဒီလမ်းဘေးမှာ မင်းလျှောက်သွားနေမှန်း သိလို့တော့မဟုတ်ဘူးပေါ့.. လာတွေ့တာကံကောင်းလို့.."

လရောင် သူ့ကိုကြည့်ရင်းပြုံး၍ မျက်နှာလေးရှေ့ပြန်လှည့်သွားကာ.. ।

"ထိုက်ထိုက်ကစိတ်ပူတတ်လို့ပါ..လရောင်အဲ့လောက်တော့ မစွန့်စားရဲပါဘူး.."

"ဒါပေမယ့် မင်းအိတ်ထဲမှာ ရတနာပစ္စည်းတွေပါလာတယ်ဆို.."

"စိန်လည်တုံနဲ့ဘယက်ပါ..မေမေပဲထည့်ပေးလိုက်တာ၊ အန်တီမမရဲ့ မွေးနေ့ပြီးတော့ သိမ်ရေစက်ချအလှူလေ..ညနေပိုင်းမှာလည်း ပါတီရှိသေးတယ်၊ လက်ဝတ်ရတနာလိုမှာဆိုပြီးတော့.."

"အဲ့ဒါတွေ အိတ်ထဲထည့်ပြီး ညဘက်ကြီးသွားလာနေတာ မင်းမကြောက်ဘူးလား.."

လရောင်က ခေါင်းခါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လရောင်ကိုခုနေ ဒုက္ခပေးလာရင် တစ်ခါတည်းသတ်သွားပါလို့တောင် ပြောမိမလားပဲ.."

ဟင်.. ၊

ရယ်လက်စနှင့် တစ်ခေတ်မျက်နှာကတည်သွားသည်။ သို့သော် လရောင်အိတ်ထဲက ဖုန်းမြည်လာသဖြင့် သူဘာမှမပြောဖြစ်လိုက်.. ၊

"ဟလို.."

"လရောင်..နင်အခုဘယ်မှာလဲ၊ ထိုက်ထိုက်ဆီသွားချင်လို့ဆိုတာ အခုအဲ့ဒီမှာပဲလား.."

"ဟင့်အင်း.."

"ပြန်လာဖို့ရော အစီအစဉ်ရှိသေးရဲ့လားလရောင်ရယ်..တီလေးဖုန်းဆက်တယ်၊ အဲ့ဒါမာမီကိုင်လိုက်တာလေ..တော်သေးတာပေါ့..ငါက နင်အခန်းထဲဝင်အိပ်နေတယ်လို့ ပြောထားခဲ့လို့.."

"ဟုတ်လား..မေမေယုံရဲ့လားဟင်.."

"ယုံပေမယ့် နင်နိုးလာရင် ဖုန်းပြန်ဆက်ဖို့ပြောပေးပါတဲ့..စောင့်နေမယ်တဲ့၊ အဲ့ဒါကြာလှပြီနော်လရောင်..မိုးမချုပ်ခင်တည်းကဆိုတော့ နောက်တစ်ခါဖုန်းလာရင် မာမီလည်းယုံမှာမဟုတ်တော့ဘူး..နင်ကားလည်းမယူလာဘဲနဲ့၊ အခုဘယ်လိုပြန်လာတာလဲ..ပြန်လာတာရောဟုတ်ရဲ့လား..လျှောက်သွားမနေနဲ့နော်၊ မိုးချုပ်နေပြီ.."

"ငါပြန်လာနေပါပြီ..ဘာပဲဖြစ်ဖြစ်ငါမရှိတာကို ဘယ်သူမှမသိပါစေနဲ့စနိုးရယ်.."

"အေးပါ..နင်တစ်ယောက်တည်းပြန်လာတာလား၊ တက္ကစီစီးလာတာလား..စိတ်ချရပါ့မလားလရောင်ရယ်..စိတ်ညစ်လိုက်တာ.."

ဖုန်းချလိုက်တဲ့အချိန်မှာ စနိုးစိတ်ပူနေတာတွေကြောင့် နားထဲမှာမီးခိုးတွေ ထွက်နေပြီလားတောင်ထင်ရသည်။ တကယ်ဆို လရောင်အိမ်ကို မပြန်ချင်ပေ.. ၊

ဒါပေမယ့် သွားလာရင်း အချိန်နှောင်းလာတော့လည်း မသိမမြင်ဘူးသည့် နေရာဒေသတစ်ခုခုထဲကို ဆက်လက်တိုးဝင်ဖို့ သတ္တိမရှိဘဲ ဖြစ်လာသည်။



ပြီးတော့ ဖေဖေနဲ့မေမေရဲ့မျက်နှာတွေကို မြင်ယောင်ကာလွမ်းတာတွေ ကြောက်တာတွေရင်ထဲမှာ ရောထွေးပြီးနာကျင်လာခဲ့သည်။ ဖေဖေနဲ့မေမေဖြစ်လာခဲ့တဲ့ ပဋိပက္ခတွေကို နောက်ထပ်ရင်မဆိုင်ချင်တော့ပေမယ့် ထာဝရမျက်နှာလွှဲဖို့ကျတော့လည်း မေမေတို့ကိုမခွဲနိုင်.. ၊

ဒါဆို ဘာကိုမှဆုံးဖြတ်ရှေ့တိုးဖို့ သတ္တိမရှိဘဲ သူမအချိန်လွန်အောင် တွေဝေနေခဲ့မိတာ ထပ်မှားပြန်ပြီလား.. ၊

မေမေဒါကိုသိရင် ဒေါသထွက်တော့မည်။ ကိုယ့်ကြောင့်ပိုဆိုးတဲ့ အခြေအနေတွေ ဖြစ်လာမှာလား.. ၊

"လရောင်.."

"ဟင်.."

"ငိုနေတာလား.."

ရှိုက်သံလည်းထွက်သွားသည်။ မျက်ရည်ကျနေတာကိုလည်းမတားဆီးနိုင်ခဲ့၊ လရောင်အတွေးတွေနဲ့ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားကာ မျက်ရည်ကိုကမန်းကတန်းသုတ်ပစ်၍.. ၊

"မဟုတ်ပါဘူး..လရောင်.."

"ဟုတ်ပါတယ်..ဖုန်းပြောပြီးမင်းငိုတာပဲ၊ ဘာဖြစ်လို့လဲ.."

"ဟင့်အင်း.."

လက်ကနာရီကိုပင့်ကြည့်ပြီး တစ်ခေတ်သက်ပြင်းချမိသည်။ သူ့မှာလည်း အရေးကြီးကိစ္စက ရှိနေသေးသည်။ လရောင်ကိုလည်း ဒီတိုင်းမထားခဲ့နိုင်.. ၊

"မင်းစိတ်ထိခိုက်နေရင် ဘာကိုမှမဆုံးဖြတ်နဲ့လရောင်..အဲ့ဒါမျိုးက မှားတတ်တယ်၊ အခုဘယ်ကိုသွားမလို့လဲ..ဆွေမျိုးအိမ်ကိုသွားမယ်ဆိုတာ ဟုတ်ရဲ့လား.."

လရောင် ခေါင်းညိတ်ပြပေမယ့် သူစိတ်မချနိုင်ပေ.. ၊

"အလှူလုပ်နေတယ်ဆိုတော့ လူတွေများမှာပေါ့.."

"အလှူကမနက်ကျမှပါ.."

လရောင်အသံလေးကငိုသံကြောင့် အက်ရှရှလေးဖြစ်နေကာ..၊

"အန်တီမမက ဘုန်းကြီးဆွမ်းပွဲအတွက် ကိုယ်တိုင်ချက်ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



လှူမယ်ဆိုပြီး ချက်ပြုတ်တဲ့အဖွဲ့တစ်ဖွဲ့ခေါ်ထားတာ သူကိုယ်တိုင်စီစဉ်ချက်မှာ.."

"အဲ့ဒီတော့ ဒီညကဘာလဲ.."

"ဝိုင်းကူချင်တယ်လို့ မေမေ့ကိုပြောပြီး အန်တီမမတို့အိမ်မှာ ညဥ့်နက်တဲ့ထိနေဖို့ ထွက်လာတာ.."

"ဖုန်းပြောတုန်းက စနိုးဆိုတာကရော.."

စစ်ဆေးမေးမြန်းနေတာတွေကြောင့် လရောင်တစ်ခေတ်ကို လှည့်ကြည့်သည်။ မီးရောင်တွေ တဖျတ်ဖျတ်ပြေးလွှားသွားသည့်အောက်မှာ တစ်ခေတ်ကလည်းကားမောင်းရင်း၊ သူမကိုပဲလှည့်ကြည့်နေကာ.. ၊

"ဖြေလေ..ကိုယ်မင်းကိုဒီတိုင်းတော့ ချပေးခဲ့မှာ မဟုတ်ဘူး.."

"တကယ်လို့ လရောင်ရောက်ရာပေါက်ရာ ထွက်သွားမလို့ဆိုရင်ရော.."

တစ်ခေတ်ထံမှ ရုတ်တရက်အသံထွက်မလာပေ.. ၊

"ဆောရီးနော်ကိုခေတ်..လရောင်မမေးသင့်တာကို မေးလိုက်မိတယ်.."

"ဒါဆိုကိုယ်မေးတာကိုရောဖြေပါဦး..မင်းကိုယ်မင်းအဲ့လိုလုပ်ပစ်ချင်တဲ့အထိ ခံစားချက်တွေကြီးမားနေတာလား.."

"စိတ်ကူးထဲမှာတော့ အဆုံးစွန်ထိပါပဲ.."

ပြန်ပြောဖို့ဖြစ်လာလျှင် ငိုချင်သည်။

"ဒါပေမယ့် လရောင်သတ္တိမရှိဘူး.."

"ဒီလိုလုပ်ချင်နေတာ စိတ်ကူးကောင်းမှမဟုတ်တာလရောင်ရယ်..မလုပ်ရဲတာကို သတ္တိနည်းတာလို့ထင်စရာလား၊ နောက်ထပ်လည်း စိတ်ကူးတွေမဖြစ်မိပါစေနဲ့..မင်းတစ်ခုခုပြောဆိုရင်ဖွင့်ချင်လာရင် ကိုယ့်ကိုလည်းထည့်တွေးပါ..အဆုံးစွန်တစ်ခုခုထိမဟုတ်ဘဲ..မင်းစိတ်ချမ်းသာစေမယ့် နည်းလမ်းတစ်ခုခုကိုယ် ကူညီနိုင်မှာပါ.."

လရောင် သူ့မျက်နှာကိုပဲငေးကြည့်နေမိသည်။ အသွင့်ကိုလက်ထပ်ဖို့ထိ ရည်ရွယ်ထားတဲ့ ချစ်ခဲ့တဲ့ယောကျ်ားက သူမအပေါ်ဘာဖြစ်လို့ စိုးရိမ်တာတွေ လာပြနေတာလဲ.. ၊



"ကိုယ်ပြောတာ နားလည်လားလရောင်.."

"ဟုတ်.."

"ဒါဆို နောက်တစ်ခါခုလိုလေလွင့်ချင်တဲ့စိတ်တွေနဲ့ အိမ်ကထွက်မလာပါဘူးဆိုတဲ့ ကတိကိုယ့်ကိုပေး.."

"ကတိဟုတ်လား..လရောင်ကို ကတိတည်မယ်လို့ကိုခေတ်က ယုံကြည်လို့လား.."

"ဟွန်း.."

"လရောင်ကတိမတည်ချင်တဲ့အထိ ခံစားလာရတဲ့အခါမျိုးဖြစ်မလာဘူးလို့ရော ဘယ်သူအာမခံနိုင်လို့လဲ.."

"ကိုယ်တို့လိုသာမာန်လူတွေထဲမှာ ကတိစကားတစ်ခွန်းကိုလွယ်လွယ်ပေးမိတာရှိမယ်..လွယ်လွယ်နဲ့ပျက်သွားတာလည်း ရှိမှာပဲ..ဒါပေမယ့် ငါကတိပေးထားခဲ့တယ်ဆိုတဲ့ အသိလေးတစ်ချက်နဲ့ မင်းတွေဝေသွားမယ်ဆိုရင် အဲ့ဒါမင်းရဲ့ မသိစိတ်က ကတိစကားအပေါ်ထားတဲ့သစ္စာပဲ.."

"လရောင်ကတော့ ပေးရမှာကိုပဲကြောက်တာ.."

"အဲ့ဒါကတိစကားတစ်ခုရဲ့ ဂုဏ်သတ္တိပဲကွ..ဘာပဲဖြစ်ဖြစ်မင်းအခုဒီကတိမပေးနိုင်ရင်လည်း ရပါတယ်..အလှူအိမ်ဆိုတဲ့ မင်းရဲ့ဆွေမျိုးတွေရဲ့ ခြံဝင်းထဲထိ ကိုယ်လိုက်ပို့မယ်..ဒါမှ မင်းကိုစိတ်ချလက်ချထားခဲ့ပြီး ကိုယ်ထွက်သွားလို့ရမှာ..ပြော ဘယ်ကိုမောင်းရမလဲ.."

ထိုစဉ် သူ့ဖုန်းကမြည်လာသဖြင့် ထုတ်ယူပြီး မျက်ဝန်းတစ်ချက် ရွေ့လိုက်မိစဉ်.. ၊

"ကိုခေတ်..ရှေ့မှာ.."

"ဟာ.."

မှောင်ရိပ်ထဲမှာ မီးမဖွင့်ဘဲရပ်ထားသည့် ကားနက်တစ်စီးနှင့်လူရိပ်တစ်ရိပ်ကြောင့် ကမန်းကတန်းဘရိတ်အုပ်လိုက်ပေမယ့်.. ၊

"လူ..လူကိုတိုက်မိပြီကိုခေတ်.."

"စိတ်မပူနဲ့ ကိုယ်ဆင်းကြည့်လိုက်မယ်.."

လရောင် မျက်နှာလေးသွေးဆုတ်ဖြူလျော်နေကာ၊ သူ့လက်မောင်းစကို လှမ်းဆွဲထားပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"လရောင် လိုက်မယ်.."

"မလိုက်နဲ့.."

တစ်ခေတ်တံခါးဖွင့်ပြီး ဆင်းသွားခဲ့သည်။ လဲကျနေသူကို လည်းတွေ့သည်။ ဘေးမှာဒူးထောက်ထိုင်လိုက်ပြီး လှုပ်နှိုးဖို့ပြင်လိုက်စဉ်၊ မျက်ဝန်းထောင့်မှာ အရိပ်တစ်ခုကို သတိထားလိုက်မိကာ ကမန်းကတန်းလှည့်ရှောင်လိုက်ပေမယ့်.. ၊

"ဒုတ်.."

"အင့်.."

ပခုံးစွန်းတစ်ဖက်မှာ ရိုက်ချက်တစ်ချက်ထိ၏။ လှမ်းမြင်လိုက်သည့် လရောင်မျက်လုံးပြူးသွားကာ.. ၊

"ကိုခေတ်.."

ကားပေါ်ကပြေးဆင်းလာသည်။ တစ်ခေတ်နှစ်ယောက်နဲ့ တစ်ယောက်ရင်ဆိုင်နေရကာ အလူးအလဲရှောင်တိမ်းနေရစဉ် လရောင်ဆင်းလာမှန်းသိလိုက်တော့ စိုးရိမ်စိတ်က အာရုံကိုပျက်ပြားစေကာ..။

"ဘုန်း.."

"မလုပ်ပါနဲ့..မလုပ်ကြပါနဲ့၊ လိုချင်တာယူသွားပါ.."

လရောင် ရိုက်ချက်တွေကြားထဲ အတင်းစွတ်ပြေးလာကာ တစ်ခေတ်ဆီရောက်အောင်ဝင်၏။

"ဟာကွာ..ကဲ.."

"ခွပ်.."

"အား.."

လရောင်ရဲ့ နာကျင်စွာအော်လိုက်သည့်အသံနှင့်အတူ သူ့ဘေးမှာပဲ ခွေကျသွားစဉ်၊ ပတ်ဝန်းကျင်မှာရပ်ထားသည့် ကားတွေဆီမှ လူတစ်ချို့ပြေးလာကြသဖြင့်.. ။

"လာ..လာ၊ လစ်မယ်..ကောင်မလေးဆီကဆွဲဖြုတ်လိုက်.."

လရောင်ရဲ့လည်ပင်းက စိန်လော့ကတ်နဲ့ကြိုးကို ဆွဲဖြုတ်လိုက်ပြီး အကြံသမားနှစ်ယောက် ထွက်ပြေးသွားကြ၏။

"ဘာတွေဖြစ်ကြတာလဲ..မင်းဘယ်ထိသွားသေးလဲ.."

"ဒီကောင်တွေအကြံအဖန်လုပ်ပြီး ပစ္စည်းလုတာနေမှာ..



ကောင်မလေးနဖူးစောင်းကွဲသွားတယ်ထင်တယ်.. သွေးတွေမနည်းဘူး.."

"ဟုတ်တယ်..ခဏဖယ်ပေးပါ၊ ကျွန်တော်သူ့ကိုဆေးခန်းပို့ရမယ်.."

တစ်ခေတ်လရောင်ကို ပွေ့၍ကားပေါ်တင်လိုက်သည်။ လာရောက်မေးမြန်းသည့် လူတွေကိုတောင်ကျေးဇူးတင်စကားမပြောခဲ့နိုင်..၊

ထို့ကြောင့် ခုနလွတ်ကျသွားသည့် ဖုန်းဆီမှမြည်သံထွက်ပေါ်လာပေမယ့် စိတ်ကမအား..လက်ကမအား.. ၊

နောက်ထပ် မြည်တော့လည်း ထိုင်ခုံအောက်ငုံ့ကောက်ဖို့ထိက မလွယ်.. ၊

နောက်ထပ် မလွယ်တာတွေထပ်ရှိလာတော့မှာလည်း ကြိုမသိခဲ့ဘဲ.. ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

"မင်းအိပ်တော့လေစွန်း..သမီးကို ကိုယ်စောင့်လိုက်မယ်.."

"မလိုပါဘူး.."

ပြောပုံက ခံချင်စရာမရှိပေ၊ ဒါပေမယ့် သူနောက်ထပ်မမှား ဖို့ဆုံးဖြတ်၍ မခံချင်စရာတွေကို ဥပေက္ခာထားလိုက်သည်။

"ဆယ့်တစ်နာရီထိုးတော့မယ်..မင်း မနက်ဖြန်.."

"ဒီမှာ အတိသသရ.."

သူမညည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေခြင်းကို ရပ် တန့်ကာ.. ၊

"ကျွန်မဘာလုပ်ဖို့ရှိတာ..ဘယ်သွားဖို့ရှိတာ ရှင်တိုင်မာလုပ် ပေးနေဖို့မလိုဘူး..ကျွန်မက သမီးရဲ့အမေ.."

ပြောပုံက ကြားနေကျမချောင်မှုများထက် ပိုပြီးနာဝင်ဆိုးစေ ၏။ မနေ့တစ်နေ့ကမှ ဖြစ်ထားခဲ့သည့်ရန်ပွဲတွေကြောင့် အရှိန်က စလာ တည်းက ပြင်းထန်ပြီးသားဖြစ်နေခဲ့သည်။

ကိုယ်ကလည်း သူမဒီလိုပဲ ဒေါသထွက်တိုင်း ထင်သလိုစွပ် စွဲ ပြောဆိုတတ်တာတွေကို သိနေလျက်နှင့် စိတ်နောက်ကိုယ်ပါပြုမူ ခဲ့မိသည်။

ဒါတောင် သားနဲ့သမီးသာကြားမဝင်ခဲ့ဘူးဆိုလျှင် သူတ ကယ်ပဲ လက်ရောက်သွားမိမလားမသိ.. ၊

"စွန်း မင်းဘာလုပ်မလို့လဲ.."

တံခါးအဝင်ဝထိ လျှောက်သွားပြီး ဖုန်းကိုင်လိုက်တော့လည်း မပြောဘဲမနေနိုင်ပြန်ကာ.. ။



"ဘယ်လိုခေါ်မလို့လဲ.."

"မမတို့ဆီကို.."

"ညဦးကတစ်ခါမေးပြီးပြီပဲ..နှစ်ခါတောင်ရှိနေပြီ.."

"ရှိတော့.."

"ဟိုမှာလည်း အလုပ်ရှုပ်နေကြတာလေ..သမီးကိုကူညီဖို့ ခွတ်ထားပြီးတော့ အနှောက်အယှက်ပေးသလို ဖြစ်နေပါ့မယ်.."

"မတတ်နိုင်ဘူး.."

"နေပါဦး..ခဏတော့စောင့်ကြည့်ပါဦး.."

"ဆယ့်တစ်နာရီထိုးနေပြီ.."

"ညအိပ်ညနေသွားပြီးတော့တောင် ကူညီသင့်သေးတာ၊ အား နာစရာကွာ၊ ပြီးတော့ ဒီလောက်စိတ်ပူနေတာ ကိုယ့်သားသမီးကို မယုံ ကြည်ရာလည်းကျပါတယ်..သမီးရဲ့ဂုဏ်သိက္ခာ.."

စွန်းရဲ့ အကြည့်တွေရှူးရှူးရဲရဲရောက်လာသည်။

"မိဘတွေစိုးရိမ်ကြီးခြင်းသည် သားသမီးဂုဏ်သိက္ခာထိခိုက် စေသည့်လို့ ရှင်လူကြီးဖြစ်လာမှ ပြဌာန်းလေ..ဟွန်း..ဖအေတစ်ယောက် ရဲ့ ပြဌာန်းချက်လို့ပါ ထည့်ဖို့မမေ့နဲ့.."

"စွန်း..မင်းအဖေလည်းအဖေပဲနော်.."

"အဲ့တော့ ဘာဖြစ်လဲ.."

"မေ့နေသလားလို့.."

"ကျွန်မအဖေကိုမေ့တာ မမေ့တာရှင်သတိပေးဖို့မလိုပါဘူး.. တို့ရဲ့ အဖေတစ်ယောက်တည်းပဲ.."

ကြည့်စမ်း.. ၊

"မေမေ့.."

အခြေအနေကို မြင်လိုက်တာနှင့် နေသရကမန်းကတန်း ရောက်လာကာ.. ၊

"ညလေးကို သားသွားကြိုလိုက်မယ်လေ..ဖေဖေရော မေမေ ရော..အိပ်တော့.."

"ကောင်းတယ်.."

"မကောင်းပါဘူး..ဘာကောင်းတာလဲ၊ အတိသသရ..ဒီကပြော

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှင်မကြိုက်ဘူး.."

'ပေါ့စေလိုလို့ ကြောင်ရုပ်ရေးမှ ဆေးကြောင့်လေး' ရပြီလား။

မိဘတွေကို ဖြန့်ဖြေဖို့ကြိုးစားရင်း နေသရခေါင်းကုတ်မိလေသည်။

"ဘာကိုမကြိုက်တာလဲကွ..သူ့ညီမကို သူ့အစ်ကိုသွားကြိုတာလောက် စိတ်ချရတာရှိသေးလို့လား.."

"အဲ့ဒါစိတ်ချဖို့ပဲမြင်တဲ့ ရှင့်လိုဖအေရဲ့မျက်လုံးပဲလေ.."

"လာပြန်ပြီဒီဇိနီးမ.."

"ဒီမှာ နေသရ.."

"ဗျာ.."

"မင်းကိုညနေ ငါးနာရီကျော်တာနဲ့ အပြင်မထွက်ရဘူးပြောထားလို့ လမ်းကြောင်းရှာတာလား.."

"ဟာ..မဟုတ်ပါဘူးမေမေရာ.."

"တစ်ယောက်ကနေ နှစ်ယောက်ထပ်ပူမနေနိုင်ဘူး..ခုပဲ ဖုန်းဆက်မလို့ အခုလာခေါ်မယ်၊ အဲ့ဒီကပဲစောင့်ဖို့.."

'ကလေးနိုးလာရင် ညစာအတူစားသောက်ကြပြီး ပြန်ပို့ပေးလိုက်ပါ့မယ်'လို့ သေချာပြောပြထားတာမို့ သရအားနာနေမိသည်။

ဒါပေမယ့် မိန်းကလေးတစ်ယောက်အတွက် စိတ်ပူသင့်သည့်အခါကလည်း မှန်နေတာကြောင့် ကြည့်နေလိုက်ရသည်။

"ဟလို..အေး၊ မမကိုသွားခေါ်ပေးစမ်းပါ..စွန်းဖုန်းဆက်တယ်လို့.."

အရေးကြီးပါသည်ဆိုမှ လက်ကိုင်ဖုန်းကိုခေါ်တာလည်းမကိုင်၊ ကြိုးဖုန်းဆက်တော့လည်း အိမ်ကကောင်မလေးတစ်ယောက်နဲ့တိုးနေပြန်သည်။ မမကိုစောင့်နေရင်းစိတ်စောနေမိစဉ်.. ၊

"ဟိုမှာကားမီး.."

"ဟုတ်တယ်..သမီးပြန်လာတာ.."

ကားမီးကပျောက်ကွယ်သွားကာ၊ အဖြူရောင်အရိပ်လေးတစ်ရိပ် လျှောက်လာတာလှမ်းမြင်လိုက်ရ၏။ ခြံအဝင်ဝလမ်းတစ်လျှောက် မီးတွေဖွင့်ထားသောကြောင့် ကတ္တရာလမ်းမည်းကြီးက ပြောင်မည်းနေ



သော်မယ့် မှောင်ရိပ်မထင်.. ၊

ကားကအထဲထိလိုက်ဝင်မလာဘဲ လရောင်ကိုပဲမြင်လိုက်သဖြင့် အံ့သြနေကြကာ သူမအိမ်ပေါ်ရောက်လာတဲ့အထိ တံခါးဝကနေ ငေးတိုင်းရပ်ကြည့်နေမိကြ၏။

"လရောင်.."

လရောင်နဖူးမှာ ပတ်တီးနှင့်မြင်လိုက်ရလျှင် နေသရကလက်ကောင်းလေး လှမ်းဆွဲကာ.. ၊

"ဘာဖြစ်လာတာလဲ နဖူးက.."

"သမီးဘာဖြစ်တာလဲ..ဘယ်သူပြန်ပို့တာလဲ၊ ကားကဘာလို့ခြံထဲဝင်မလာတာလဲ.."

လရောင်မျက်နှာလေး နီရဲနေကာ၊ မျက်ဝန်းမှာလည်း မျက်ရည်တွေဝေ့နေ၏။ စွန်းဘာစကားမှ မပြောနိုင်အောင် ထိတ်လန့်တုန်လှုပ်နေကာ၊ နေသရနှင့်သရတို့ မောနေတာကိုပဲ ဘေးကရပ်ကြည့်နေသလို ဖြစ်နေခဲ့၏။

"သမီးပြောလေ..ဒဏ်ရာကဘာဖြစ်လာတာလဲလို့.."

"ဘာ..ဘာမှမဖြစ်ပါဘူး.."

"ဘာမှမဖြစ်ဘဲနဲ့ ပတ်တီးနဲ့သွေးစတွေက.."

"ဟို.. သမီးကားမောင်းချင်တာနဲ့.."

"ဟား.."

သံရသဘောပေါက်သွားကာ မောလျှစွာညည်းမိလေသည်။

"မမတို့အိမ်ကကားကို သမီးမောင်းပြီးပြန်လာတယ်ပေါ့.. ဒါအက်ဆီးဒင့်ဖြစ်လာတာလား.."

လရောင် ခေါင်းလေးညိတ်ကာ..၊

"ဟို.."

"မသေကောင်း မပျောက်ကောင်းကွာ.."

"နင်ကြောက်တတ်မှန်းသိလို့ ငါတို့ကမမောင်းခိုင်းသေးတာကို ညဘက်ကြီးကျမှ ဘာလို့မောင်းထွက်ခဲ့တာလဲညလေးရာ.."

"ညဥ့်နက်တော့ကားရှင်းနေတာနဲ့.."

လရောင်အသံတွေတုန်နေကာ မျက်ရည်စက်တွေဖိုးပိုးပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျလာကြသည်။

“အဲ့ဒါကြောင့်မလွှတ်ချင်တာ..နည်းနည်းလေးကွယ်တာနဲ့ ထင်သလိုလုပ်ကြတယ်..ဘာလုပ်လုပ်အပြစ်ရှိတယ်မှ- မထင်ကြတာ လုပ်ရဲတာပေါ့..မိမဆုံးမ ဖမဆုံးမ၊ မိမနိုင် ဖမနိုင်..ဘယ်လိုပြောပြော အားလုံးမှန်နေမှာပဲ..ဟိုဘက်ကကား ဘာတွေဖြစ်သွားသလဲ၊ အခု ဘယ်လိုရှင်းခဲ့သလဲ..လိုက်ပို့တာဘယ်သူလဲ..”

စွန်းရဲ့ဒေါသနဲ့မေးခွန်းတွေ ပြစ်တင်ခြင်းတွေတလစပ်ထွက် လာသည်။ ဒါပေမယ့် လရောင်စိတ်ကူးခဲ့တဲ့အတိုင်း စကားမမှားအောင် သတိထားဖြေမိသည်။ ပြဿနာတက်လို့ အချိန်လင့်နေသဖြင့် စနီးကို ဖုန်းဆက်ခေါ်ပြီး လမ်းပေါ်မှာပဲ ကြံဖန်ဖြေရှင်းနည်းတွေ အမျိုးမျိုးစဉ်းစားကာ အိမ်ရောက်တဲ့အထိ စနီးကပဲခေါင်းဆောင်ခဲ့သည်။

“တီလေးက ရှေ့နေပီပီမေးခွန်းတွေအရမ်းမေးတတ်တာ လရောင်..ငါမဖြေရဲဘူး၊ အိမ်ထဲထိတော့ လိုက်မပို့ရဲဘူးနော်..နင်ငါပြော သလို နည်းနည်းတော့ဖြီးဖျန်းဖြေလိုက်..မေမေနဲ့တီလေးစကားပြော ဖြစ်ရင် စည်းဝါးကိုက်အောင်တော့ ငါ့တာဝန်တား..”တဲ့..။

လရောင်ဖြေတာတွေ သဘာဝကျရဲ့လား..။

“သူကကားမောင်းခွင့် ပေးခဲ့တာမို့လို့ မေမေဆူမှာစိုးလို့ ခြံဝ ကနေ လှည့်ပြန်သွားတာ..”

မေမေ့ကို ညာပြောရင်းမျက်လုံးချင်းမဆုံအောင် တမင်ရှောင် စရာတောင်မလိုပေ၊ နင့်သီးဝမ်းနည်းခြင်းကြောင့် မျက်ရည်တွေက ရေ တံလျှောက်လို ကျနေခဲ့၏။ ထိုမျက်ရည်ကြောင့်ပဲ..။

“မနက်မှမေးချင်တာမေးတော့.. သမီးကြောက်လန့်လာတာ နားပါစေ..”ဆိုပြီး ဖေဖေကမေမေ့ရှေ့ကနေ ဆွဲထုတ်ပေးခဲ့သည်။

တကယ်တော့ လရောင်ကားအက်ဆီးဒင့်ဖြစ်ခဲ့တာမှ မဟုတ် ဘဲ..။

ဖျောက်ဖျက်မလွယ်ကူသော ဘဝနှစ်ခုထိပ်တိုက်တွေ့ဆုံခဲ့ ခြင်းဖြင့် တစ်ထောင့်တစ်နေရာမှာ...သူမ..။

## အခန်း(၃၂)

“စွန်း...”

သရထိတ်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့သား သူငယ်ချင်းနှစ်ယောက် အနားမှာမရှိကြ..။

ဟူး...၊ တော်ပါသေးရဲ့လို့ တွေးမိရင်းသက်ပြင်းမောကြီးချမိ ၏၊ တကယ်တော့ သားကိုသူငယ်ချင်းတွေနဲ့ တွေ့ဖို့ခေါ်လာခဲ့တာ မဟုတ်ပေ။ ဒီရောက်မှ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့ကြတာမို့ သားကို ပြန်လိုက်ခဲ့ဆိုပြီး လက်ဆွဲခေါ်ထုတ်သွားလို့လည်း မတော်..။

သူ့မှာလည်း ရုံးချိန်ပြန်ဝင်ရဦးမှာဖြစ်သည်။ အမှုနဲ့ပတ်သက် သော ရတနာပစ္စည်းတစ်မျိုး စုံစမ်းဖို့အတွက်လာတာမို့ သားကိုနောက် ဆပ် ဘယ်မှမသွားတော့ဘဲ အိမ်ပြန်ဖို့ပြောနေတုန်း စွန်းကိုသားကအ[illegible]မြင်သွားလို့ရှောင်သွားနိုင်တာလား..၊ ဒါမှမဟုတ် တိုက်ဆိုင်ပြီး ကွဲသွားတာလား၊ ဘယ်လိုကြောင့် လွဲလွဲ စွန်းရဲ့ပြစ်တင်ခံရခြင်းမှ လွတ်ကင်းသွားတာကို တော်သေးသည်လို့ တွက်မိ၏။

သို့သော်..။

“ကိုရ..”

ပေါ်လာသည့် ဟေမာန့်မျက်နှာနဲ့ ခေါင်းသံကနားထဲမှာ မိုးကြိုး ပစ်ချသလို မြည်ဟီးသွား၏။ စွန်းကလည်း အနားနီးကာမှ သရနဲ့ ဟေမာန်ကို မြင်သွားခဲ့၏။ ရတနာဆိုင်မှာ ဘာလုပ်နေကြတာလဲ..။

မျက်လုံးလွှဲပြီးမှ မျက်နှာငဲ့၍ နောက်ထပ်ကြည့်လိုက်မိသည်။ ဟေမာန်က လက်စွပ်တစ်ကွင်းပြနိုင်းနေတာပဲ..။

“လူတွေကလည်းရှုပ်လိုက်တာနော်..လာပါ၊ တို့တွေဟို ထောင့်က အအေးဆိုင်ထဲဝင်ထိုင်ရအောင်..”

www.burmeseclassic.com

www.burmeseclassic.com



မှန်တံခါးချပ်ကြီးကို တွန်းဖွင့်ဝင်ခဲ့ပေမယ့် စွန်းရဲ့စိတ်က သသရနဲ့ဟေမာန့်ဆီမှာပဲ ဖြစ်နေခဲ့၏။ ဒီအမျိုးသမီး သသရကိုမရှိုးသားတာတော့ သေချာသည်။ သသရကလည်း ကိုယ့်ကိုစိန်ခေါ်ထားပြီးတည်းက တွဲလိုက်တာတစ်ယောက်ပြီးတစ်ယောက်.. ။

အလုပ်ကိစ္စနဲ့ပတ်သက်နေတာတွေရှိသလို မိတ်ဆွေတွေထဲကရော ငယ်သူငယ်ချင်းတွေလည်းပါသည်။ ဒေါ်ဟေမာန်ဆိုသူက တော့ ငယ်သူငယ်ချင်းဆိုတဲ့ အထာနဲ့တွန်းထိုးဆွဲလွဲခွင့် ပါမစ်ရထား သည့်သူ။

ရတနာလိုက်ဝယ်ပေးတဲ့အထိဆိုတာ ဘယ်လိုပတ်သက်မှုမျိုးလဲ၊ ရယ်နေတဲ့ ဟေမာန့်မျက်နှာနှင့် ခပ်ငုံ့ငုံ့ပြုံးနေသော သသရရဲ့နှုတ်ခမ်းတွေကို မြင်ယောင်ကာ၊ ရင်ထဲမှာဖျင်းခနဲ တင်းခနဲတော့ဖြစ်၏။

ပြီးတော့ ခံရခက်သလိုလို နေရခက်သလိုလို.. ။

ဒေါ်ချစ်ခင်က ဘာမှာမလဲဆိုတော့ အအေးတစ်ခုခုပြောလိုက်မိသည်ထင်သည်။ ရောက်လာတော့လည်း ပါးစပ်ထဲတစ်ငုံရောက်သွားပြီး ချိုမှန်းချဉ်မှန်းတောင် အရသာမခံနိုင်.. ။

"သမီးရယ်..အဲ ရှေ့နေကြီးရယ်.."

ဒေါ်ချစ်ခင်က လျှာခလုတ်တိုက်မတတ် တစ်ယောက်တည်းဖြစ်နေကာ.. ။

"အန်တီက ပြည်ကနေဒီထိအားကိုးတကြီး လိုက်လာရတဲ့သူပါ..အမှုက.."

"အမှုသွားအမှုလာကို အန်တီလည်းသဘောပေါက်နေလောက်ပါပြီ.."

"ဟင်..ဘာကိုပြောတာလဲဟင်၊ အမှုသွားအမှုလာက ရှေ့နေကြီးတို့ လက်ထဲမှာပဲရှိတာပါ.."

"ဘယ်လို.."

"ဩော်..အန်တီပြောချင်တာက အနိုင်အရှုံးအတွက် ရင်ဆိုင်နေကြတာက ရှေ့နေကြီးတို့ ဇနီးမောင်နှံမို့လား..ဘယ်လိုအဆင်မပြေမှုတွေပဲရှိရှိ၊ လင်နဲ့မယားကတော့ တစ်ယောက်ပေါ်တစ်ယောက်နစ်နာအောင် ဘယ်တော့မှ.."

"အဲ့ဒါကြောင့် အန်တီကကျွန်မယောက်ျားကို ဖုန်းတွေဆက်



နေတာလား.."

စွန်းမေးလိုက်တော့ ဒေါ်ချစ်ခင့်မျက်နှာပျက်သွားသည်။ ရောက်လာသည့် အအေးဘူးကိုဖွင့်မလို့ ကိုင်လိုက်ပြီးမှ လက်ပြန်ရုတ်လိုက်တော့ လက်စွပ်တွေရဲ့ ရတနာတွေက ပြိုးပြတ်လက်သွားကြ၏။

လူပုံကတော့ဆန်ဆန်ပေမယ့် ဒေါ်ချစ်ခင်ကိုယ်မှာဆင်ထားသမျှ ကျောက်သံပတ္တမြားတွေကတော့ စိန်စစ်မြနှစ်တွေသာဖြစ်လျက်.. ၊

"ဟုတ်တယ်..စွန်း၊ ငါတို့ကသေချာစုံစမ်းခဲ့တာ သူကရန်ကုန်က ရှေ့နေဆီလာပြီး လက်လှမ်းမမီတဲ့သူ့နေရာက အကြောင်းတွေကိုသုံးဝ ပြောင်းပြန်လှန်ပြောခဲ့တာပဲ.."

"သူတို့ကလူလတ်တန်းစားပဲဟ..ရီရီဆိုတဲ့ မိန်းမကိုသူဌေးကြီးနဲ့ရသွားအောင် အမေကိုယ်တိုင်အစွန်းကုန် ကြိုးစားခဲ့တာ၊ သူ့သမီးသူဌေးကတော်ဖြစ်သွားတာနဲ့ သူတို့အခြေအနေ တအားမြင့်တက်သွားတာ၊ အစက ဒေါ်နှင်းဇကရီက နှင်းရီရီတဲ့..အဲ့ဒါကြောင့် ရီရီလို့ခေါ်ကြတာဖြစ်မယ်၊ သူဌေးနဲ့လက်ထပ်ပြီးမှ နှင်းဇကရီဖြစ်သွားတာ.."

"ရီရီဆိုတဲ့မိန်းမက အစကအေးအေးလေးရယ်တဲ့..နောက်တော့ သားအမိတွေပြောင်းလဲသွားကြတာ၊ ဦးထင်ပေါ်ထက်တောင် ချမ်းသာကြသလိုလိုဆိုပဲ.."

အချိန်လွန်အခါနှောင်းကာမှ ကြားလိုက်ရတာ သတင်းတွေနားနဲ့တောင် မဆံ့.. ၊ သူမကလည်း ကိုယ်ရင်ဆိုင်နေရတဲ့ တရားပြိုင်အတိုသသရသာ မဟုတ်ခဲ့ဘူးဆိုလျှင် ဒီလိုမရိုးသားသည့် အမှုမျိုးကို လုပ်လက်စဖြစ်စေ၊ လုပ်ပြီးပြီဖြစ်စေ၊ တစ်နာရီတစ်မိနစ်စာမျှ ထပ်မံပတ်သက်ဖို့ စိတ်ကူးမိမှာမဟုတ်ပေ.. ၊

"အဲ့ဒါတွေကို ရှေ့နေကြီးအထင်လွဲနေတာထင်တယ်..ရှေ့နေကြီးရဲ့ခင်ပွန်းကို အန်တီကရှင်းပြချင်တာပါ..အမှုကိုမဟုတ်မမှန်တွေဖြစ်အောင် အကျိုးဆောင်တွေနားထဲအရောက်ပို့နေတာ အဲ့ဒီသူဌေးလက်ချက်ပဲ..သူကဩဇာကြီးတဲ့သူလေ၊ ရန်ကုန်ကအကောင်းဆုံးတရားလွှတ်တော်ရှေ့နေ လာငှားတာကြည့်တော့.."

"အန်တီလည်း အမိလိုက်လာတာပါပဲ.."

"သမီးကနံ့အအရယ် ရှေ့နေကြီးရဲ့..သူအားမငယ်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ဒီမအေကပဲ ဦးဆောင်နေရတာလေ၊ အန်တီနောက်ကျကျန်ခဲ့လို့ဖြစ်မ မလား..”

စွန်းအအေးသောက်ရင်း ပြုံးလိုက်မိသည်။ ဒေါ်ချစ်ခင်ကအ ကဲခတ်၍.. ။

“ရှေ့နေကြီးရယ်..ဘာတွေကြားထားထားမယုံပါနဲ့၊ အဲ့ဒါဦး ထင်ပေါ်ရဲ့ မဟုတ်မမှန်လုပ်ကြံသတင်းတွေပါ..”

“ထားပါတော့..အဲ့ဒါတွေက မဟုတ်မမှန်ပြောနေကြတာဆို ရင် ဟိုဘက်ရှေ့နေနိုက်ထုတ်မေးသမျှကို ဒေါ်ဇကရီနှင်းတစ်ခုမကျန် ဖြေနေတာတွေက ဘယ့်သူ့အကြောင်းတွေလဲ..”

“မဟုတ်တာတွေမှန်းသိပေမယ့် ဟိုလူကြီးကိုကြောက်နေရလို့ ခေါင်းညိတ်နေရတာပေါ့ ရှေ့နေကြီးရယ်..ငယ်ကြောက်ဆိုတာ ဆံဖြူ သွားကျိုးတဲ့အထိ၊ သူ့အသံကြားလိုက်တာနဲ့ သေးဖျန်းဖျန်းပါတတ် တာမျိုးပါ..”

စွန်းပြောချင်စိတ်ကုန်ခမ်းသွားသည်။ သူမဆက်ဆံခဲ့မိသည့် လူတစ်ယောက်ဟာ ဘယ်လိုလူစားမျိုးမှန်းမသိလိုက်ရခြင်းကြောင့် စိတ်ဆင်းရဲခြင်းသည်..၊ တကယ်ဆို သူမဒီအမှုမျိုးကို လက်ရှောင်ခဲ့သင့် တာ.. ၊ သဃရာသတိပေးခဲ့ပေမယ့် စဉ်းစားကြည့်ဖို့ နည်းနည်းလေးမှ စိတ်မကူးခဲ့ဘဲ.. ၊

“ဒီတော့ အခုစီရင်ချက်မချခင် ရှေ့နေကြီးတစ်ခုခု..”

“ကျွန်မ အခုသိလာတဲ့အတိုင်း အကောင်းဆုံးကြိုးစားပြီး လျှောက်လဲပေးမှာပါ..”

ပြောပြီး အဆုံးသတ်လိုက်သည်။ ငွေများတရားနိုင်ဆိုတဲ့ စကား တစ်ချို့နေရာတွေမှာ တော်တော်လေး အံ့ဝင်ဂွင်ကျဖြစ်နေနိုင်၏၊

ဒါပေမယ့်ငွေကြောင့်တော့ အမှန်တရားပျောက်ကွယ်သွားမှာ မဟုတ်ပေ.. ၊

အနိုင်အရှုံးဆိုတာ တဒင်္ဂ..၊ အမှန်တရားသည်ထာဝရဖြစ် လေသည်။



အခန်း(၃၃)

“ကားဘာဖြစ်လို့လဲညီမ..”

ဟင်.. ၊

ကိုယ့်ဘာသာဘောနက်ဖွင့်ကြည့်နေတုန်း အနားရောက်လာ သည့် လူရိပ်ကြောင့်မော့ကြည့်လိုက်မိသည်။

သူ့အမှုသည် ဦးကောင်းထွန်း.. ၊

“ဘာဖြစ်သွားတာလဲ..”

လို့ ထပ်မေးတော့မှ ဘေးဘီကိုကြည့်မိကာ.. ၊

“ဒီလိုနေရာကျမှ လာပျက်နေတယ်ဦးကောင်းထွန်းရယ်..ကျွန် မလည်း ဖွင့်ကြည့်ပြီး ပလပ်ခေါင်းလေးဘာလေးချောင်နေသလား ဘာ ညာပဲကြည့်တတ်တယ်..”

လက်ချောင်းလေးချင်းလိမ်ပွတ်နေသည့်ထဲမှာ အဝတ်စုတ် လေးကိုင်ထားတာကို ဦးကောင်းထွန်းက ငုံ့ကြည့်လိုက်ရင်း.. ၊

“ဘာလို့လုပ်ကြည့်နေတာလဲညီမရယ်..အပူတွေဘာတွေလောင် သွားသေးလား..”

“အှဟွန်း..နည်းနည်းပါးပါးပါ..”

“ဝပ်ရှော့ဖုန်းဆက်လိုက်ရင် ပြီးတာပဲ..ကျွန်တော်လည်း ကားတော့သိပ်မပြင်တတ်ဘူး၊ ခဏဖယ်လေ..ကြည့်ပေးမယ်..”

“အို..မလုပ်ပါနဲ့၊ ဦးကောင်းထွန်းကိုပေကျံကုန်မှာပေါ..ကျွန် မကား အင်ဂျင်ခန်းက ဖုန်တွေထုတက်နေတာ..”

ဦးကောင်းထွန်းက အဖြူရောင်အကျီလက်ရှည်ပွပွနှင့် ကော် ဖီရောင်ဖျော့ဖျော့ဘောင်းဘီရှည်ကို ဝတ်ထားသဖြင့် စွန်းကကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါသည်။

သူမဝတ်ထားတာကလည်း ဆင်စွယ်ရောင်ပေါ်မှာ မိုးပြာရောင်ချိတ်လေးမို့ ဦးကောင်းထွန်းက သဘောကျသလိုပြုံးလိုက်ပြီး.. ၊

"ကျွန်တော့်ဝတ်စုံပေကျုံကုန်မှာစိုးတာနဲ့ အမျိုးသမီးတစ်ယောက်မသိနားမလည်ဘဲ စက်ခန်းထဲနိုက်နေတာကို ရပ်ကြည့်နေရမှာ ဘာကပိုကောင်းမလဲ စဉ်းစားကြည့်ပါဦး.."

စွန်းနဲ့ဦးကောင်းထွန်း တစ်ယောက်ကိုယ်တစ်ယောက်ကြည့်ပြီး ရယ်မိကြသည်။ ခါးအောက်ဆံပင်ရှည်တွေကို ဒီတိုင်းဖြန့်ချထားကာ၊ ဆံမြိတ်အတိုအထွာမရှိဘဲ ကကြီးပုံနဖူးလေးကြောင့် မျက်နှာလေးပေါ်မှာလည်း ဆံပင်တွေရှုပ်မနေ.. ၊

ဘယ်တော့မှ သနပ်ခါးမတွေ့သလို မိတ်ကပ်လိမ်းထားတာလည်း သိသာနေတာမဟုတ်ဘဲ နဂိုအသားရောင်လေးအတိုင်း ဝင်းအိနေသည့် စွန်းရဲ့ပါးပြင်လေးတွေက အသက်ထက်အများကြီး နုပျိုလတ်ဆတ်နေ၏။

အမှတ်တမဲ့ရယ်နေတရင်း ကြည့်ဖြစ်လိုက်တာပေမယ့် လက်တောက်နေသော မျက်ဝန်းပြာလေးတွေနဲ့ မျက်တောင်ရှည်တွေ ခပ်ကျဲကျဲ ကော့နက်နေတာက ဆွဲအားကောင်းနေ၏။

ဒါပေမယ့် သတိဝင်လာတာနှင့် ဦးကောင်းထွန်းချက်ချင်းမျက်နှာလွှဲမိကာ.. ၊

"ညီမကို ကျွန်တော့်ကားနဲ့လိုက်ပို့ပေး..အဲ ပို့ခိုင်းလိုက်မယ်လေ၊ ကျွန်တော်က ရွှေဂုံတိုင်ထိပ်ရောက်ရင် ဝင်စရာရှိတယ်..ညီမကို လိုက်ပို့ခိုင်းလို့ ရပါတယ်.."

"အဲဒါကြောင့် ဝပ်ရှော့ခေါ်ဖို့ကို စဉ်းစားနေတာ၊ ကားကိုလည်းမထားခဲ့ချင်ဘူး..ခေါ်ပြီး လာကြတဲ့အထိလည်း မစောင့်ချင်လို့.."

စွန်းနဲ့ ဦးကောင်းထွန်းကို ကားကွေ့လာတည်းက သဿရလှမ်းမြင်လိုက်သည်။ ဦးကောင်းထွန်းရဲ့ကားက စွန်းရဲ့ကားနဲ့ ခပ်လှမ်းလှမ်းမှာ ရပ်ထားကာ၊ နှစ်ယောက်သားစကားပြောနေကြတာ တရင်းတနှီး..၊

သူ့ကားကိုအရှိန်ချ၍ ရှေ့ကားကိုကျော်တက်လိုက်သည်။ ဟွန်းသံအကျယ်ကြီးဆွဲတီးကာ ထရပ်(ခ်)ကားကြီးကို ကျော်တက်လိုက်



သဖြင့် ကားရဲ့ဒေါသကို အငေးကြီးရှိသေးသော စွန်းတို့ဆီကတောင်ကြားသွားခဲ့၏။

စွန်းက ဘေးမကျတကျမှာရပ်နေကာ၊ ဦးကောင်းထွန်းကမျက်နှာချင်းဆိုင်မို့ ဟွန်းတီးပြီးကျော်တက်လာသည့်ကားကို လှမ်းကြည့်သည်။

ဒါပေမယ့် သဿရကားဆိုတာတော့မသိပေ၊ ကားကစွန်းကားရဲ့ ရှေ့ကိုတိုးဝင်ပြီးရပ်သွားမှ.. ၊

သဿရ.. ၊

စွန်းမျက်ဝန်းတွေ ပြောင်းလဲသွားတာကို ဦးကောင်းထွန်းသတိထားမိသွားသည်။ ထိုအခါကျမှ နောက်ပြန်လှည့်ကြည့်မိ၏။

"အော်..ရှေ့နေကြီးရောက်လာပြီ အတော်ပဲပေါ့.."

သဿရမျက်နှာက မတည်မပြုံးနှင့် ကားကိုအရင်ကြည့်၏။

"ပျက်နေတာလား.."

စွန်းကခေါင်းပဲညိတ်ပြကာ၊ ဦးကောင်းထွန်းက.. ၊

"ဟုတ်တယ်ဗျာ..ကျွန်တော်ကလည်း ကားမပြင်တတ်တော့ ဘယ်လိုကူညီရမှန်း မသိဖြစ်နေတာ.."

"အင်း ကျွန်တော်ကြည့်ကြည့်ဦးမယ်.."

သဿရက နည်းနည်းပါးပါး နှိုက်တတ်ချွတ်တတ်မို့ ဖွင့်ကြည့်လိုက်တာနှင့် ဘာဖြစ်နေတယ်ဆိုတာ အဖြေရှာတွေ့သွား၏။ ဦးကောင်းထွန်းကလည်း သဿရမျက်နှာပေါ်က ရာသီဥတုကို ခန့်မှန်းမိနေပါသည်။

သို့သော် ကလေးတွေလည်း မဟုတ်ကြတော့တာမို့.. ၊

"ဘာဖြစ်သွားတာလဲ ရှေ့နေကြီး.."

"ဘာမှမဖြစ်ပါဘူး..ဘတ်ထရီအထိုင်မငြိမ်လို့ပါ.."

ဒါကိုကြားလိုက်မှ စွန်းသတိရသွားကာ... ၊

"ဟုတ်တယ်..ဟုတ်တယ်၊ မနေ့ကရုံးမှာ အသိတစ်ယောက်ရဲ့ကား ဘတ်ထရီဝပ်သွားလို့ ကူညီပါဆိုတာနဲ့ ခွင့်ပြုပေးလိုက်တာ.. သူတို့ဘာတွေလုပ်သွားကြတာလဲမသိဘူး.."

သဿရက စွန်းပြောတာကို မကြည့်ဘဲ ကားဘောနက်ကိုပြန်

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ရင်း ..၊

"ကျွန်တော့်မိန်းမကို ကူညီပေးတာကျေးဇူးတင်ပါတယ်.."

"မဟုတ်တာဗျာ..ကျွန်တော်ဘာမှ မလုပ်ပေးနိုင်လို့ ဒီတိုင်းရပ်နေရတာပါ.."

အပြုံးတွေနဲ့ စကားပြောဖြစ်ကြပေမယ့် ဦးကောင်းထွန်းဘက်ကလည်း ကိုယ့်ရဲ့အတိုက်အခံရှေ့နေဆိုတဲ့ အသိနှင့်နားလည်နေ၏။ သာရမျက်လုံးထဲမှာလည်း ဒီလူနဲ့စွန်းရဲ့ ရင်းနှီးမှုက လိုတာထက်ပိုနေသည်လို့ မြင်နေသည်။

ထို့ကြောင့် မြန်မြန်ဆန်ဆန်နှုတ်ဆက်ပြီး ကားပေါ်ပြန်တက်သွားခဲ့၏။ သာရက ကားထဲကထုတ်ယူထားသော ဝွတွေကိုသေတ္တာပုံးလေးထဲ အသံမြည်အောင်ပစ်ထည့်လိုက်ရင်း.. ။

"မင်းကားပျက်လွန်းလို့ မော်ဒယ်လ်အမြင့်ဆုံးအသစ်ကို ဝယ်ပေးထားတာ.."

"ကျွန်မဝယ်ထားတာပါ.."

"ကားကိုပဲပြောချင်တာ.."

"ကားကိုပဲပြောချင်ရင် ဝယ်တဲ့ကိစ္စမပါစေနဲ့.."

ပြောရင်း တံခါးဆွဲဖွင့်ပြီး ဆောင့်ခနဲဝင်ထိုင်သည်။ အသစ်ကတော့ မပျက်ရဘူးတဲ့လား.. ၊

"မင်းကိုပြောချင်တာက သူများကိုကူညီမယ်ဆို ကိုယ်လုံခြုံဖို့ အရင်စဉ်းစား.."

"သူများဒုက္ခရောက်နေတာကို ကျွန်မကစဉ်းစားပါရစေဦးပြောရမှာလား.."

"ကားတစ်စီးလုံး သူများဘာလုပ်လုပ် သုံးစွဲခွင့်ပေးတာမျိုးကိုပေးသင့်မပေးသင့် မင်းတွေးလေ.."

စွန်းတစ်ချက် တွေသွားကာ.. ၊

"ဒီလိုလုပ်ထားခဲ့မယ်ဆိုတာသိတာမှမဟုတ်ဘဲ ဒီမှာရှင်ပြောချင်တာ ပြီးပြီလား.."

"လိုရင်းက ခုမှလာမှာ.."

"ဒါဆိုနောက်မှပြော..ကျွန်မအလုပ်ရှိသေးတယ်.."



စွန်းက တံခါးပိတ်ဖို့လုပ်တာနှင့် သာရကပြန်ဆွဲထားပြီး မှန်ချလိုက်သည်။ ပြီးမှတံခါးပိတ်၍ မှန်ကွက်မှာလက်တင်ကာ.. ၊

"မင်းငါ့ကို ပြန်ရန်ဖို့အခွင့်ရသွားတယ်မို့လား.."

"ဘာ.."

ကားရဲ့ အထဲနဲ့အပြင်ပေမယ့် မျက်နှာတွေက သိပ်မကွာ..၊

"ရှင်ဘာပြောလိုက်တာလဲသာရ.."

"ဦးကောင်းထွန်းဆီကို မင်းသွားတာတွေစိတ်လွန်းတယ်.."

"မလိုအပ်ဘဲ သွားနေတယ်လို့ ရှင်ပြောတာလား.."

"မင်းအဲ့လို တန်းခနဲမေးလိုက်တာ အဖြေကပြီးပြီပဲ.."

"အတိသာရ.."

"ငါတခြားမိန်းမတွေနဲ့ တွဲနေတယ်လို့ထင်ပြီး မင်းပြန်ရန်ချင်တာ.."

"ပြန်ရန်ချင်ရင်တောင် ရှင့်လိုလူကိုဂရုစိုက်တယ်ထင်ဖွယ် ဖြစ်အောင်မလုပ်ဘူးသာရ..ယောကျ်ားတစ်ယောက်နဲ့ တွဲဖို့စိတ်ဖြစ်လာရင်လည်း အဲ့ဒါရှင့်ကိုရန်ချင်တဲ့စိတ်နဲ့ မဟုတ်သလို ကိုယ့်အမှုသည်ကိုစိတ်ကူးရလောက်အောင်လည်း ယောကျ်ားမရှားဘူး..ရှင့်မှာပဲ ဝိုင်းဝိုင်းလည်နေတယ် ထင်လို့လား.."

"ဟွန်း.."

မရှုံ့ဘူးပြောနေပြီး မခံချင်လုံးတွေက ပွင့်ထွက်လာသဖြင့် သာရက စေ့စေ့ကြည့်ပြီးရယ်သည်။

စွန်းမျက်နှာလေးနီသွား၏။ ဘာဖြစ်လို့များ မဖုံးနိုင်မဖိနိုင်ပြောမိရတာလဲ.. ၊

"ငါကလည်းပြောချင်လို့ပါ..မင်းထက်ပိုလှတဲ့မိန်းမ မတွေ့မချင်း ဘယ်မိန်းမကိုမှ စိတ်မကူးဘူးဆိုတာ.."

အံမာ..သင်းက.. ၊

ပိုလှတာမြင်ရင်တော့ စိတ်ကူးမှာပဲပေါ့၊ အမြင်ကတတ်နေတာတောင် ဒေါသကထောင်းခနဲထဖြစ်သေးသည်။ ကူးချင်ကူး မကူးချင်နေ ဘယ်သူက ဂရုစိုက်နေလို့လဲ.. ၊

"တောက်.."

www.burmeseclassic.com

www.burmeseclassic.com



သူမဒေါသတွေအလိပ်လိုက် အခဲလိုက်စုပြုံဖြစ်နေချိန်မှာ သရရဲ့ကားက ထွက်သွားပြီဖြစ်သည်။ လူကိုအထင်လွဲပြီး သူရောက်လာတာကိုက စူစူပုတ်ပုတ်မျက်နှာနဲ့.. ၊

သူဖြစ်နေတာကို ကိုယ်ဖြစ်နေပါတယ် ပြောသွားသေးသည်။ မောင်းလိုက်သွားပြီး အဲ့ဒီကားနောက်ကနေ အားပါးတရ ပစ်တိုက်ပစ်လိုက်ချင်မိသည်။

ဒီလောက်ကင်းကင်းနေတာတောင်မှ.. ၊

အခန်း(၃၄)

"သား.."

"ဗျာ..မေမေ.."

ရေချိုးခန်းဘက်က ထွက်လာသည့်နေသရက စွန်းဆီလှည့်လျှောက်လာ၏။ စွန်းက လရောင်ရဲ့အိပ်ခန်းတံခါးကို ကြည့်ကာ.. ၊

"သမီးငယ်နေကောင်းရဲ့လား.."

"ကောင်းတယ်လို့တော့ ပြောတာပဲမေမေ..ထမင်းစားချိန်တော့ ထွက်လာတာပဲ၊ သိန်းသိန်းကိုဖေဖေလည်းမေးသေးတယ်..မေမေ ထပ်မေးကြည့်ပါလားမေမေ.."

"မေမေ ပြန်လာရင် သူကအခန်းထဲရောက်နေပြီ.."

နေသရက စွန်းပြောတာကို စဉ်းစားလိုက်ကာ.. ၊

"မေမေနဲ့မျှား.."

"သူ့ကိုမေမေ မဆုံခဲ့မိပါဘူး.."

ဒီရက်ပိုင်းမှာ မပြီးပြတ်နိုင်သော အမှုကိစ္စတွေနဲ့ အသစ်လက်ခံနေသည့် အမှုတွဲတွေ လေ့လာနေရင်း အလုပ်ရှုပ်နေခဲ့တာ သူမအိမ်ပြန်ချိန်တောင် မမှန်ခဲ့ပေ.. ၊

ထို့ကြောင့်ထမင်းအတူမစားဖြစ်တာလည်း ကြာပြီဖြစ်၏။

"သား..မင်းညီမ ကားအက်ဆီးဒင့်ဖြစ်ပြီးတည်းက ပုံစံပြောင်းနေတာမို့လား.."

"အဲ့ဒါ.."

"မေမေတစ်ယောက်တည်း စိတ်ထင်နေတာလား.."

"မဟုတ်ဘူးမေမေ..မေမေပြောလိုက်မှ သွေးမိပေမယ့်..အဲ့ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်.."

"မင်း ဒီနေ့ အပြင်ထွက်သေးလား.."

"နေ့လည်ကခဏပါ..ဖေကြီးကိုဖုန်းဆက်ပြောခဲ့ပါတယ်.."

စွန်းမျက်နှာတည်သွားသည်။ ညှိ မီးရောင်အောက်မှာ နေသရ မျက်နှာကိုအကဲခတ်ရတာ လိမ်ညာနေသည်လို့သာ ခံစားမိနေကာ..၊

"နောက်ကို မင်းဘာလုပ်လုပ်ဘယ်သွားသွား မေမေ့ဆီကိုပဲ ဖုန်းဆက်.."

"အဲ့ဒါလည်းကောင်းပါတယ်..ကိုယ်သက်သာတာပေါ့.."

အသံနှင့်အတူသရက စာကြည့်ခန်းဘက်က ထွက်လာရင်း။

"ခွင့်ပြုလိုက်ရတိုင်း ဘယ်လိုအပြစ်တင်သံ ထွက်လာမလဲလို့ တွေးပူစရာလည်း မလိုတော့ဘူး..ကောင်းပါတယ်၊ သားနောက်ဆိုမင်း အမေဆီပဲ ဆက်နော်.."

စွန်း သူ့ကိုကြည့်မရတာမို့ စကားမပြောတော့ဘဲ လှည့်ထွက်လာခဲ့မိသည်။ အခန်းထဲအရောက် တောက်လျှောက်ဝင်သွားပြီးမှ ကွန်ပျူတာရှေ့ရောက်တော့လည်း မထိုင်ဖြစ်.. ။

ဒီစိတ်နဲ့လျှောက်လဲချက်ရေးလည်း ဘာမှထွက်လာမှာမဟုတ်ပေ။ သို့သော် ဒီဘက်လှည့်လိုက်လျှင် သူမဒီတိုင်းထားခဲ့သော ပွင့်နေသည့် တံခါးရှေ့မှာ သရကလက်ပိုက်ခပ်နွဲ့နွဲ့မှီရပ်နေလျက်.. ၊

"ဆယ်နှစ်နာရီကျော်နေပြီ..လျှောက်လဲချက်က ခုမှစတုန်း.."

"ရှင် ကျွန်မအခန်းထဲခိုးဝင်တယ်ပေါ့.."

"ဝင်ဖို့မလိုပါဘူး..ခုမြင်နေရတာပဲ၊ ဘယ်နှစ်ကြောင်းပြီးနေပြီဆိုတာ ပြောပြရမလား.."

"အတိသရ..ရှင်ဘာဖြစ်လို့ ကျွန်မနဲ့လာလာပတ်သက်နေတာလဲ၊ ဘာဖြစ်လို့ ကလေးကလားပြက်ချော်ချော်တွေပဲ ပြောနေတာလဲ.."

"လူကြီးလိုပြောနေရင် ရန်ပဲဖြစ်နေရတာ မဟုတ်ဘူးလား.."

"သင့်မြတ်စရာ အကြောင်းလည်းမရှိဘူး..မျှော်လင့်မနေနဲ့.."

စိတ်ပင်ပန်းလို့လား၊ အိပ်ပျက်တာတွေများလို့လား.. ၊

ဒါမှမဟုတ် ဒီလူကြောင့် ပင်ပန်းတာတွေ နှစ်ဆတိုးသွားတာ



သားမသိ၊ ခေါင်းတွေတရိပ်ရိပ် မူးလာခဲ့သည်။

"ငါ့အတွက် မမျှော်လင့်ပါဘူး..ဒါပေမယ့် မင်းသမီးကမျှော်လင့်နေတယ်.."

ပြောပြီး သရကအခန်းထဲဝင်လာသည်။ စွန်းမျက်လုံးတွေက ခလိုလားခြင်း သို့ချက်ခြင်းပြောင်းသွားပေမယ့် သမီးဆီအတွေးရောက်သွားပြီး ဘာမှမပြောဖြစ်.. ။

"ကိုယ့်ကို စနိုးဖုန်းဆက်တယ်.."

သူမဆီကိုလည်း ဆက်သေးသည်။

"တီလေးရဲ့ယ်..လရောင်က သူ့အဖေနဲ့အမေကို ချစ်ချစ်ခင်ခင် သိပ်မြင်ချင်တာ..တီလေးတို့ ရိုက်မယ်ပုတ်မယ်ထိဖြစ်ကြတယ်တဲ့.. အဲ့ဒါကို ပြောပြီးရောက်တည်းကငိုနေတာ၊ ပြီးတာနဲ့ဝင်အိပ်တော့တာပဲ.." တဲ့.. ၊

တကယ်က အလှူအိမ်မှာသွားကူပေးပါရစေလို့ ခွင့်တောင်းခဲ့တာက အကြောင်းပြခဲ့တာပဲဖြစ်မည်။ ရွှယ်တူညီမဝမ်းကွဲချင်း သွားရင် ပွင့်ပြီး လွတ်လွတ်လပ်လပ်ခံစားခဲ့တာဖြစ်သည်။

"ငါလည်း ကိုယ့်မိန်းမနဲ့ကိုယ်ရန်ဖြစ်နေရတာတွေ စိတ်ကုန်နေပြီ.."

သရက ဆက်ပြောလာမှ စွန်းမျက်နှာမော့လာသည်။ ထိုအခါ သရကသူမဘေးမှာ နီးကပ်စွာရှိနေခဲ့လျက်.. ၊

"မင်းနဲ့ကိုယ် အလုပ်ကိုမစွန့်လွှတ်နိုင်ကြပေမယ့် အိမ်မှာ တော့ နွေးနွေးထွေးထွေးနေလို့ရတာပဲ.."

"အချိန်တန်တော့လည်း ရှင့်ဆန္ဒပါပဲ..ဒါနဲ့များ သမီးကြောင့် သားကြောင့် အကြောင်းတွေပြနေသေးတယ်.."

စွန်း သူ့ရှေ့ကရှောင်ထွက်လိုက်တော့ သရကလက်ကို ဖမ်းဆွဲထားလိုက်ပြီး.. ၊

"ဟုတ်တယ်..ကိုယ့်ဆန္ဒလည်းပါတယ်၊ မင်းနဲ့ကိုယ်ကလင်မယားပါ..ဒါပေမယ့် ဒီကလေးနှစ်ယောက်ကြောင့် မင်းနဲ့ငါတမိုးအောက်တည်းမှာအတူရှိနေခဲ့တာ..မဟုတ်ရင် ငါတို့ဘယ်လိုအော်စပ်ပတ်သက်သလဲဆိုတာတောင် မေ့နေလောက်ပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"အခု ရှင်မမေ့သေးဘူးမလား.."

စွန်းက လက်ကိုဆောင့်ရုန်းသည်။ သူကအတင်း ဖိကိုင်ထားကာ.. ၊

"ငါးယောက်ျားပဲဆိုပြီး ဒီနေ့ထိ ကိုယ်ဘယ်မှာမှသာယာမှုမရှာခဲ့ဘူး.."

စွန်းက မျက်မှောင်ကုတ်ကြည့်နေပြီး ဘာမှမပြော.. ၊

အားမလိုအားမရဖြစ်လာရင်း သဃရ သူမပခုံးလေးနှစ်ဖက် ကိုဆတ်ခနဲဆွဲလှည့်လိုက်ဂ. ၁.. ၊

"အဲ့ဒါဘာဖြစ်လို့လဲ..မင်းနားလည်ဖို့ကောင်းတယ်.."

"ရှင် ကျွန်မထက်လှတာမတွေ့သေးလို့လေ..ရှင်ပဲပြောတာ.."

"မိန်းမတစ်ယောက်ဆီက သာယာမှုရဖို့အတွက် အလှအပက ပဲ အဓိကမဟုတ်ဘူးဆိုတာ မင်းသိပါတယ်.."

ဘာကြောင့်မှန်းမသိဘဲ စွန်းမျက်နှာလေးနီသွားသည်။

"ကိုယ်ဘယ်လောက် အရွဲ့တိုက်တတ်တာလည်း မင်းသိတယ်.."

"သိတော့.."

"ဒီနေ့ထိ ကိုယ်မင်းကိုအရွဲ့မတိုက်ခဲ့တာ အဲ့ဒီကိစ္စမျိုးပဲ..တခြားမိန်းမတစ်ယောက်ဆီက သာယာမှုကို မလိုချင်ဘူး.."

သူ့မျက်နှာပေါ်က မရိုးသားမှုတွေကြောင့် စွန်းသူ့လက်တွေကိုဖယ်ချပစ်လိုက်ကာ.. ၊

"ရှင့်ကိုသားသမီးတွေမျက်နှာငဲ့သင့်တဲ့ အခြေအနေကြောင့် ကောင်းကောင်းဆက်ဆံနေတာ ဘယ်လိုထင်နေလို့လဲ.."

"ဘာကိုငဲ့တာပဲဖြစ်ဖြစ် မင်းနဲ့ငါခုကစပြီး.."

"ဆုတောင်းလေ.."

စွန်းကသူမကြိုက်သော မဲ့ပြုံးကိုတမင်လုပ်ပြုံးကာ..၊

"ရှင့်အတွက်က ကျွန်မအဓိကဆိုတာသေချာရင် အလုပ်ထွက်လိုက်..ရှင်ရှေ့နေ ကျွန်မရှေ့နေဖြစ်နေသရွေ့ အတိုက်အခံရင်ဆိုင်မှုတွေနဲ့ အတူနေကြသရွေ့တော့."

"ဪ.."



စွန်း တမင်တကာမတည့်ရာ မတည့်ကြောင်းရွေးပြောလိုက်အာမှန်း သဃရကသိသည်။ ထို့ကြောင့်ဆတ်ခနဲ ခေါင်းညိတ်၍.. ၊

"ရုံးမှာ ရှေ့နေဦးညဏကြီး အလုပ်ထွက်သွားပြီတဲ့..မင်းအဆင်သင့်ပဲဆိုရင် ကိုယ်အခုဖုန်းဆက်လိုက်လို့ရတယ်.."

"ဘာ.."

"အဲ..နောက်ထပ်ရှေ့နေအလုပ်ကို စွန့်လွှတ်သွားကြတဲ့ ကိုယ့်မိတ်ဆွေတွေရှိသေးတယ်..ဒါပေမယ့်တပြိုင်တည်းစုပြုံခေါ်လိုက်ရင်တော့ မင်းဒုက္ခများသွားမယ်နော်.."

"လူယုတ်မာ..ကဲဟယ်.."

စိတ်ရှိလက်ရှိလွှဲရိုက်လိုက်ပေမဲ့ လူချင်းကကပ်နေတာမို့ ကိုယ့်လက်ကမရောက်ဘဲ သဃရဆွဲဖက်လိုက်တဲ့ အတိုင်းစွန်းတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲရောက်သွားသည်။

"ရှင်..ရှင်နော်၊ လွှတ်..ရှင့်ကို.."

သူမ ရိုက်မယ်ကြိမ်းဝါးနေတုန်း.. ၊

သဃရရဲ့အနမ်းတွေ သူမမျက်နှာလေးထက်မှာ ပြန့်ကျဲသွားသည်။ ဒေါသဖြစ်ရလွန်းလို့ပဲ ခွန်အားတွေဆုတ်ခမ်းသွားခဲ့သလားမသိ ။ ရင်တွေတုန်ကာ သူ့ကိုတွန်းပစ်နေမိပေမယ့် အားကမပါ.. ။

www.burmeseclassic.com

## အခန်း(၃၅)

ဒီနေ့ဒေါ်စုရတီနဲ့ ဦးကောင်းထွန်းရဲ့အမှုစီရင်ချက်နေ့ဖြစ်သည်။ တရားသူကြီးထံမှ စီရင်ချက်ကိုနားစွင့်စောင့်မျှော်ရင်း အားလုံး၏ရင်တွင်းလှုပ်ရှားမှုများက နှုတ်ဆိတ်နေကြသော မျက်နှာတိုင်းမှာ ပေါ်လွင်နေခဲ့၏။

"တရားခံ ကိုခင်ဇော်နှင့် ဒေါ်စုရတီတို့နှစ်ဦးသည် ဦးကောင်းထွန်းပိုင်ဆိုင်သော ရတနာပစ္စည်းများကို ပူးပေါင်းကြံစည်ပြီး ဖောက်ထွင်းခိုးယူခဲ့ကြောင်း အမှုတွင်ထင်ရှားပေါ်ပေါက်ပေသည်။ ထို့ပြင် ဒေါ်စုရတီသည် ခြံစောင့်ဦးကြိုင်၏ခေါင်းအား သံတုတ်ဖြင့်ရိုက်ခဲ့ကြောင်း ဝန်ခံခဲ့သည့်အတွက် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်.."

ဦးကောင်းထွန်းက မျက်နှာလွှဲနေလျက် ခင်ဇော်မျက်လုံးတွေက ဦးကောင်းထွန်းကို ပြေးရှိုးတော့မတတ် မျက်ရည်တွေပါ ဝေ့လည်နေ၏။

ဦးကောင်းထွန်း၏ အံကြိတ်ထားခြင်းကြောင့် လှုပ်ခတ်နေသော မေးကြောတို့ကို မြင်နေရသဖြင့် သူ့အတွက်ပြန်လမ်း ထွက်လာဖွယ်မရှိမှန်းလည်း သိနေခဲ့၏။ ထိုစဉ် တရားသူကြီး၏အမိန့် အောင်မြင်စွာခန့်ညားစွာ ထွက်ပေါ်လာခဲ့၏။

"အမိန့်.."

"အဖဦးမောင်ခင်၏သား တရားခံမောင်ခင်ဇော် (အသက် ၂၉)နှစ်သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေပုဒ်မ.၄၅၇အရ အလုပ်နှင့်ထောင်ဒဏ် (၅)နှစ်တိတိ ကျခံစေ.."

တရားသူကြီးက မျက်လွှာတစ်ချက်ပင့်ကြည့်လိုက်ပြီး



ဆက်၍.. ၊

"အဖ ဦးမိုးသီး၏သမီး တရားခံဒေါ်စုရတီ (အသက်၃၃)နှစ်သည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည့်အတွက် ရာဇဝတ်မှုဆိုင်ရာဥပဒေပုဒ်မ.၃၂၅ အရအလုပ်နှင့်ထောင်ဒဏ် (၇)နှစ်ကျခံစေရန်နှင့် ရာဇဝတ်မှုဆိုင်ရာ ဥပဒေပုဒ်မ.၃၈၀အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်အား ကျခံစေရမည်၊ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ဤရုံးတော်မှ အမိန့်ချမှတ်လိုက်သည်.."

တရားသူကြီး၏စီရင်ချက်ကြောင့် ဒေါ်စုရတီသတိလစ်မတတ် ယိုင်နဲ့သွား၏။ ဦးကောင်းထွန်းက ပြတ်သားစွာထွက်သွားနိုင်ခဲ့သော်လည်း သက်ဆိုင်သူအားလုံး၏ ကြေကွဲချိန်ကယူကြုံးမရသော မျက်ရည်များနှင့် ဖြစ်လေသည်။

"ဘယ်လိုလဲသရေ..ရှင်တည်ငြိမ်သားပဲ၊ ပုံမှန်တော့မဟုတ်ဘူးထင်တယ်.."

"ပြောကြည့်လေ..မင်းဘယ်လိုထင်လဲ.."

သရေက ပြုံးတောင်ပြုံးနေနိုင်သေးသည်။ စွန်းစိတ်ကနေမချင့်မရဲဖြစ်သွားမိသည်။ ဒီနေ့အမှုကိစ္စမှာ ဟိုအရင်တွေထက်ပိုပြီး ပြသနာများခဲ့သည်။

ဖြစ်ရတဲ့ ဒေါသတွေမချင့်မရဲမျိုသိပ်ခဲ့ရတာတွေ ပြီးတော့ သူပဲနိုင်မှာလိုလို ကိုယ်ကပဲတရားလိုထက်ပိုကဲပြီး ပျာယာခတ်နေသလိုလို ဒီလူနဲ့သွားတွေ့လွန်းသည်။ ပိုကိုပိုလွန်းသည်ဆိုတာတွေ..ဒါတွေကပြီးသွားပြီဆိုတဲ့အချိန်မှာ သူ့ဘက်မှာ ဒီလောက်လေးပဲဖြစ်သင့်သလား။ လူကိုကြည့်ပြီး အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်နေသော စွန်းရဲ့ မျက်နှာလေးကို သရေကလည်းစိုက်ကြည့်လျက်.. ၊

"ကိုယ်မင်းကိုပြောပြီးပြီပဲ..မင်းပျော်ဖို့ပဲလိုတာလို့.."

"အပိုတွေပြောမနေစမ်းပါနဲ့..သူများတွေကြားရင် တစ်မျိုးထင်ကုန်ပါ့မယ်၊ ရှုံးတာတောင်မှအရှုံးပေးတာလိုလို.."

"အရှုံးပေးလိုက်ဖို့ထိ ကိုယ်ဘယ်တုန်းကမှ မပျော့ညံ့ဘူးစွန်း..ရှုံးသွားတဲ့အတွက်လည်း အလုပ်သဘောလောက်ပဲ ခံစားလို့ရတယ်၊ ဒါကြောင့် ခုချိန်မှာ မင်းအားပါးတရပြုံးပျော်သွားလောက်အောင် ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ရင်ထုဝိုမပြနိုင်တာ ဆောရီးပဲ.. "

နှစ်ယောက်အတူတူလျှောက်လာရင်း ခြေလှမ်းရပ်လိုက်ပြီး စွန်းကပြုံးသည်။ ပြီးတော့ သူ့ကိုငဲ့ကြည့်၍.. ။

"ရင်ထုမဝိုပြလည်း ကျွန်မပြုံးပျော်လို့ရပါတယ်..ရှင်ရဲ့ဟန်ကြီးပန်ကြီးစတိုင်လ်တွေကို ကျွန်မသိနေတာပဲ.."

"ဟုတ်လား..ကိုယ့်အကြောင်းဘာမှမသိသေးဘူးထင်နေတာ.."

လမ်းဘေးကိုရောက်လာတော့ ဈေးသည်တစ်ယောက်နဲ့ ထမ်းပိုးနဲ့ စွန်းရဲ့ပခုံးလေးမလွတ်တာမြင်ကာ စွန်းလက်လေးတစ်ဖက်ကို သူ့ဘက်ကိုဆွဲယူလိုက်သည်။

ထိုပြင် စွန်း ပခုံးလေးကျုံ့သွားကာ. ခေါင်းရောင့်ပြီးရှောင်လိုက်တာတောင် ဟင်းရွက်တွေတစ်နင့်ကြီး ထမ်းလာသည့်ထမ်းပိုးအစွန်းက လူကိုထိခတ်မတတ်.. ။

စွန်းနဲ့သဿရ မျက်နှာချင်းထိမိမလိုဖြစ်သွားကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ သဿရမျက်လုံးတွေက နူးညံ့သောရယ်မြူးရိပ်တို့ကြောင့် စွန်းဖျန်းခနဲ ရှက်သွားတာ အပျိုပေါက်စလေးအတိုင်း.. ။

ကိုယ့်ကိုယ်ကိုတောင်မယုံနိုင်.. ။

မလုံလဲသည့်ရှက်စိတ်ကြောင့် သူကိုင်ထားသည့်လက်ကို အတင်းပြန်ရုန်းလိုက်မိကာ.. ။

"ရှင့်ကို ကော်ဖီတိုက်မယ်လို့ ပြောမလို့.."

စွန်းမျက်နှာလေး ပန်းနုရောင်တက်သွားတာကို ငေးကြည့်ကာ သဿရကြည်နူးသွားမိသည်။ သူနားလည်လိုက်သည်က စွန်းနဲ့သူ နီးစပ်နိုင်ခွင့် ရှိသေးသည်ဟု.. ။

"ဟုတ်လား.."

သူကျေနပ်စွာ ရယ်လိုက်မိကာ.. ။

"မင်းတိုက်တဲ့ကော်ဖီသောက်မိရင်တော့ ကိုယ်ဒီညအိပ်လို့ပျော်ပါ့မလားမသိဘူး.."

"ဒါ ကျွန်မရဲ့အောင်ပွဲအတွက်ပါ..ရှင်လိုသလိုဆွဲတွေးရင်တော့.."



"မတွေးပါဘူး..မင်းကိုယ့်ဂို့ကြည့်မရတာနဲ့ အဆိပ်တွေဘာတွေ ခတ်လိုက်ရင်ဒုက္ခလို့.."

"ကြောက်ရင်မသောက်နဲ့ပေါ့.."

"မကြောက်ပါဘူး..အဆိပ်ခတ်လိုက်မလားလို့ တွေးနေရင်းအိပ်မပျော်ဖြစ်ရရင်လည်း မင်းအကြောင်းတွေးနေရမှာဆိုတော့ တန်ပါတယ်.."

စွန်းသူ့စကားတွေနူးညံ့နေတာကိုရော ဘယ်လိုအဓိပ္ပါယ်ဆိုတာတွေပါ မသိသလိုနေလိုက်ပြီး ခေါင်းညိတ်ကာ.. ။

"အိုကေ..ဒါဆိုကော်ဖီဆိုင်ကိုရှင်ရွေးမလား.."

"ကောင်းသားပဲ..တစ်ခါတလေမင်းကို ဦးဆောင်ခွင့်ရှိတုန်း.."

"ဆုတောင်း.."

"ဆုတောင်းနေတာပါ.."

စွန်းသူ့ကို မဲ့ပစ်လိုက်ပြီး ဒီဘက်လှည့်လိုက်လျှင်.. သူမရှေ့မှာ ဦးကောင်းထွန်း.. ။

"ကွန်ဂရက်ကျူလေးရှင်းပါ.."

စွန်း အံ့သြသွားသည်။ ပြီးမှ လက်ပြန်ကမ်းလိုက်ပြီး.. ။

"သဲန့်ခ်.."

ဦးကောင်းထွန်းက စွန်းကိုလက်ဆွဲနှုတ်ဆက်ပြီး သဿရကိုပါလှည့်ကြည့်၍ပြုံးပြကာ.. ။

"ရှေ့နေကြီးတို့နှစ်ယောက်လုံး တော်ပါတယ်ဗျာ..စိတ်ရင်းနဲ့ချီးကျူးတာပါ.."

"သဲန့်ခ်ယူ.."

သဿရက လက်ကမ်းပေးတော့ ဦးကောင်းထွန်းက အားပါးတရပြုံးပြီး လက်ဆွဲနှုတ်ဆက်၏။ ပြီးတော့.. ။

ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော်နိုင်ပေမယ့် တော်တော်ကြေကွဲခဲ့ရပါတယ်..ကိုယ်ထင်နေတာတွေ တကယ်ဖြစ်မလာစေချင်တဲ့စိတ်ကတစ်ဖက်..အညာခံနေရတာကို မျိုသိပ်မထားနိုင်အောင် မွန်းကျပ်နေတာကတစ်ဖက်ပေါ့.. အဲ့ဒါကြောင့် ရှေ့နေကြီးရဲ့စေ့စပ်သေချာတဲ့ အရည်အချင်းတွေကိုတောင် ချီးကျူးရမယ့်အပြင် စိတ်ပျက်ခဲ့မိတဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com

ပါပဲ..ဆောရီးပါဗျာ.."

"ကျွန်မနားလည်ပါတယ်..အဲ့ဒီတုန်းကဦးကောင်းထွန်းရဲ့ဆန္ဒကို ကျော်လွန်ပြီး ကျွန်မလုပ်သင့်တဲ့အတိုင်း ရှေ့ဆက်ခဲ့ရတဲ့အတွက် ကျွန်မကလည်း တောင်းပန်ပါတယ်.."

ဦးကောင်းထွန်းကခေါင်းခါနေသည်။ ပြီးတော့ သူတို့ကို ကြည့်ကာ.. ။

"အိမ်ထောင်ရေးအဆင်မပြေမှုဟာ သိပ်ကိုမွန်းကျပ်တဲ့လောင်မြိုက်မှုကြီးပါပဲ..အဲ့ဒါကြောင့် ရှေ့နေကြီးတို့ကို လှမ်းမြင်လိုက်ပြီးတမင်လာပြောတာ.. ခုလိုလေးပဲ အဆင်ပြေပြေရှေ့ဆက်ကြပါဗျာ၊ ကိုယ့်မိသားစုမှာရော..ကိုယ့်ရဲ့ဂုဏ်သိက္ခာပါ ခမ်းနားတင့်တယ်ပါတယ်.. ပြီးတော့ ရှေ့နေကြီးတို့နှစ်ယောက်က လူတွေသတိထားဝေဖန်ချင်လောက်အောင် ရုပ်ရည်အရည်အချင်းတွေလည်း ပြည့်စုံသာလွန်ကြတယ်.. ဒီအချိန်ထိ အတူတကွရှိနေကြတဲ့အတွက် မုန်းတီးနေကြတာ မဟုတ်မှန်းလည်း သိသာတာပဲလေ.."

စွန်းကို သူကြည့်နေပေမယ့် သူ့ကိုမကြည့်မိအောင်နေရင်း စွန်းစိတ်တိုလာမိသည်။

မုန်းမုန်းမမုန်းမုန်း သူနဲ့အဆင်ပြေအောင်နေဖို့တော့ စိတ်ကူးထဲမှာလည်းမရှိ အိမ်မက်မှာလည်းမပါ၊ သူလိုချင်တာ ရသွားပြီဆို ပြုံးတတ်တဲ့ အဲ့ဒီမျက်နှာကြီးကို ကြည့်လို့မရ.. ။

ဒေါသဖြစ်လာတိုင်း ပြိုင်ဆိုင်ရန်ဖြစ်တတ်သည့် အလျှော့မပေးနိုင်တဲ့ မာနတွေကြောင့်မုန်းသည်။

ထို့ကြောင့် အဆင်ပြေဖို့ဆိုတာ ဆုတောင်း.. ၊

## အခန်း(၃၆)

"ဒုန်း..."

"ဟာ..ညလေး.."

ထမင်းစားသွားခေါ်ကာမှ နေသရအခန်းဝရောက်တာနှင့် အဆဲက လဲပြိုသံကြားလိုက်ရ၏။ ကမန်းကတန်းပြေးဝင်သွားတော့ လရောင်သည် မှန်တင်ခုံရှေ့မှာ လဲပြိုနေကာ.. ။

"လရောင်..ညလေး ဘာဖြစ်တာလဲ.."

"ဟင့်အင်း..ဘာ ဘာမှမဖြစ်ပါဘူး.."

လရောင် ငုတ်တုတ်လေးပြင်ထိုင်လိုက်ပြီး ခပ်လှမ်းလှမ်းထိ လွှတ်ကျသွားသော ဖုန်းကို မမီမကမ်းကောက်ဖို့ကြိုးစားနေ၏။

"သမီးဘာဖြစ်တာလဲ.."

သသရလည်း ရုပ်အကျီကြယ်သီးတပ်နေရင်း စိုးရိမ်တကြီးရောက်ချလာကာ.. ။

"သမီးငယ်.."

"မဟုတ်ဘူး..လရောင်ဘာမှမဖြစ်ပါဘူး၊ ဘာမှမဟုတ်ဘူးဖေဖေ..လရောင်ထမင်းဆာလို့လေ.."

လရောင် ဖြေရှင်းနေပုံက ကယောင်ကတမ်းဖြစ်နေလျက် မျက်ဝန်းမှာလည်းမျက်ရည်စတို့နှင့် ဖြစ်သည်။

အစားအသောက်မမှန်သည့်သူက မူးလဲခြင်းကိုမသက်ဖြစ်နိုင်ဟုယူဆ၍ မရှိပေ။ သို့သော် သူမဖြေရှင်းပုံမှုမမှန်တာကြောင့် သားအဖတစ်စုံ ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။

"ထ..သမီး၊ သားက ညီမလေးကိုထူပေးလိုက်.."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်..သမီးထနိုင်တယ်၊ ဘာမှ.."

လရောင်က ထရပ်ဖို့ထက် ဖုန်းကိုသာအသည်းအမည်း ကောက်ဖို့ကြိုးစားနေလျှင် နေသရကကောက်ယူလိုက်၏။ ထိုအခါ စကားတောင်ဆုံးအောင်မပြောနိုင်တော့ဘဲ လရောင်မျက်နှာလေးတစ်ခုလုံး ခြောက်ချားသွားလျက်.. ၊

"ကိုကို.."

"ဘာဖြစ်လို့လဲ..ဖုန်းဘယ်သူဆက်တာလဲ.."

"ဟင့်အင်း..မဟုတ်ပါဘူး.."

"မဟုတ်တာကဘာလဲညလေး..နင့်ကို ဟုတ်တာမဟုတ်တာ ဘယ်သူမှလည်း မပြောရသေးဘူး..ဘာတွေငြင်းနေတာလဲ.."

ဖုန်းကိုအတင်းလက်လှမ်းနေသည့် လရောင်ရဲ့လက်ကိုရှောင်၍ နေသရက ဖုန်းကိုသေချာကြည့်သည်။ ပြီးတော့ မတ်တပ်ကနေကြည့်နေသည့် ဖအေဆီ 'ဘာလုပ်ရမလဲ 'ဆိုသည့် အကြည့်ထပ်ရောက်လျှင်.. ၊

"သမီးဖေဖေတို့ကို ဖွင့်မပြောရဲတဲ့ပြဿနာတစ်ခုခုရှိနေတယ် မို့လား..လောလောဆယ်မပြောနဲ့ဦး ဖုန်းထဲကတစ်ခုခုကိုပဲ ဖေဖေကြည့်ချင်တယ်.."

လရောင် မျက်နှာလေးအထိတ်တလန့်မော့လာသည်။ ထို့ကြောင့် မျက်ရည်တို့သည် ပါးမို့လေးတွေကိုကွေ့ကွင်းကာ မျက်ဝန်းထောင့်ကနေ ဖြတ်ဆင်းသွားကြ၏။

သုံးယောက်အလယ်မှာ ခဏတာတိတ်ဆိတ်သွားခဲ့သည်။

သရဲမျက်နှာသည် စိုးရိမ်ခြင်း စိတ်စောနေခြင်းတို့ ဖိစီးနေကာ၊ နေသရက ငြိမ်သက်နေခြင်းကို သည်းမခံနိုင်သလို လရောင်လက်ထဲကို ဖုန်းထည့်ပေးလိုက်သည်။

လရောင်က ဖုန်းကိုကတုန်ကယင်လှမ်းယူပြီး ဖွင့်ပေးလိုက်လျှင် နေသရကသိချင်တာကို ရှာဖွေ၍.. ၊

"မက်ဆေ့ချ်မှာရော ကောလော့(ဂ်)မှာရော တစ်ခေတ်ဆိုတာ ချည်းပဲ.."

နေသရက သရဲကိုမော့ပြောသည်။ လရောင်ဟီးခနဲငိုချလိုက်



၏။

"မက်ဆေ့အသစ်ရှိလား.."

"ရှိတယ်ဖေဖေ.."

နေသရက ဖုန်းကိုလှမ်းပေးလျှင် လရောင်ရှိုက်ငိုရင်း မော့လာကာ.. ၊

"သမီး..သမီးတမင်လုပ်ခဲ့တာမဟုတ်ပါဘူးဖေဖေ၊ သူနဲ့သမီးကဘာမှမဆိုင်ပါဘူး..တကယ်ပါ၊ သမီးပြောတာကို ယုံပါနော်..ပြီးတော့လေ သမီးဖေဖေနဲ့မေမေကို ညာတာမဟုတ်ပါဘူး..အဲဒီညက.."

"သမီးဘာတွေပြောနေတာလဲ.."

ဟင်.. ၊

မက်ဆေ့ချ်မှာ နားလည်လောက်သည့် စကားအကြောင်းအရာ ဘာမှမပါပေ.. ၊

ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ
အာလုံးကို ကိုယ်ရှင်းမယ်

နေကောင်းလား
မင်းစိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့နော်၊
အမှုတကယ်လုပ်လာရင်လည်း မင်းဘာမှမဖြစ်စေရဘူး

မက်ဆေ့ချ်တွေဖတ်ပြီးမှ နောက်ဆုံးမက်ဆေ့ချ်ကို ထပ်ခါထပ်ခါဖတ်မိ၏။

မေမေကတော့ မင်းမိဘတွေကို တစ်ခုခုပြော
တော့မယ်ထင်တယ်
လောလောဆယ်စိတ်ညစ်စရာ ဖြစ်လာခဲ့ရင်တောင်
တောင့်ထားပါ
မင်းပေါ် မသက်ရောက်အောင် ကိုယ်ကြိုးစားမယ်

www.burmeseclassic.com

www.burmeseclassic.com



သရက မက်ဆေ့ချ်တွေကို ထပ်ဖတ်ပြီးမှ လရောင်ကိုကြည့်ကာ.. ၊

"ဒီကောင်လေးက သမီးနဲ့ဘယ်လောက်ထိရင်းနှီးတာလဲ.."

"ဖေဖေ..ဖေဖေ့သမီး လူသတ်မှုတွေ ဘာတွေဖြစ်လာခဲ့သလားပဲ.."

"ဟင့်အင်း..မဟုတ်ဘူး၊ လရောင်မသတ်ပါဘူး..အဲ့လိုဖြစ်တာမဟုတ်ဘူးကိုကို၊ ဟို..ဟို.. လရောင်.."

သရက ပင့်သက်ရှိုက်လိုက်ပြီး ကိုယ့်စိတ်နဲ့ကိုယ့်မျက်နှာပေါ်က သောကကိုလျှော့ပါးအောင် ကြိုးစားရင်း လရောင်ရဲ့မွေ့ရာအစပ်မှာ ထိုင်လိုက်သည်။ ပြီးမှ.. ၊

"ဖေဖေ့ကို သမီးအားလုံးပြောပြမယ်ဖြစ်မယ်.. သမီးခေါင်းက ဒဏ်ရာဘာလို့ရလာတာလဲ..အလှူသွားတဲ့ညက ဘာတွေဖြစ်ခဲ့တာလဲ.."

ခဏ စောင့်ပေမယ့်လရောင်က မျက်လုံးပြူးလေးနှင့် ကတုန်ကယင်ဖြစ်နေဆဲ..၊

"တစ်ခေတ်ဆိုတဲ့ ကောင်လေးကသမီးချစ်သူလား.."

"မဟုတ်ဘူး.."

"ဒါဆိုဘယ်လိုပတ်သက်နေတာလဲ..ဒါတွေကို စနိုးတို့ဘာမှမသိတာမဖြစ်နိုင်ဘူး၊ ပြောစမ်းသမီး..ကိုယ်ရင်မဆိုင်နိုင်တဲ့ ပြဿနာကို မိဘမောင်ဘွားကိုမှ ဖွင့်မပြောရင်ဘယ်သူကိုပြောမှာလဲ..သမီးဘယ်လိုဖြေရှင်းမှာဘဲ၊ သမီးဖြစ်ခဲ့တာအချစ်ရေးလား..လူသတ်မှုလား.."

"ဖေဖေ.."

"ပြော..ဖေဖေ့ကိုဘာမှထိန်ချန်မထားဘဲပြောပြ.."

"သမီး..သမီးကို မေမေမုန်းသွားတော့မယ်ဖေဖေ၊ သမီးကြောက်တယ်.."

"ဘာလို့မုန်းရမှာလဲသမီး..မိဘက သားသမီးအပြစ်ရှိတာနဲ့ မုန်းရမှာလား..သမီးမေမေ ခုလိုနေနေတာ ဖေဖေ့ကြောင့်ပါ၊ အဲ့ဒါတွေခေါင်းထဲမထည့်နဲ့..အခု ဖေဖေ့ကိုသူငယ်ချင်းလို သဘောထားပြီးပြောပြ.."



လရောင် ခေါင်းတော့ညိတ်ရှာသည်။ မျက်ရည်သုတ်ရင်းသုတ်မနိုင်ဖြစ်နေရင်းနှင့် စကားသံက တော်တော်နဲ့ထွက်မလာနိုင်..။

"ပြောလေဟာ..ငါတို့ဘယ်လောက်စိတ်ပူနေသလဲဒီမှာ..ဘျတ်.."

နေသရ ညီမမျက်နှာလေးကို ကြည့်ရင်း မမြင်ရက်သလိုဖြစ်လာကာ၊ ကရုဏာဒေါသက ကပ်ပါလာ၏။

"ပြော..လူသတ်မှုတစ်ခုခုဖြစ်ခဲ့တာလား၊ ဟိုကောင်ကဖုံးဖိပေးသလိုနဲ့ နင့်ကိုခြိမ်းခြောက်နေတာမို့လား.."

"ဟင့်အင်း..ဘာအမှုမှမဖြစ်ခဲ့ဘူး.."

"ဒါဆိုဘာလဲ..ဒဏ်ရာနဲ့ပြန်လာတာဘာဖြစ်လာတာလဲ..နင့်ကိုဟို..အဲ့ဒီကောင် တစ်ခုခုစော်ကားလိုက်တာလား.."

မေးနေရင်း နေသရအသံတွေပါတုန်လာသည်။ ညီမကိုထိတော့ ဒေါသကမီးပွင့်မတတ်တဲတဲလေး.. ။

"ပြောလေ..သမီး.."

"သမီး..သမီးနဲ့ကိုခေတ်.."

လရောင်ရဲ့ရှိုက်သံများနှင့် စကားသံတို့သည် ထိုညကဖြစ်ပျက်ခဲ့သမျှနှင့် ပတ်သက်၍ ခြောက်ချားစွာဖွင့်ဆိုရင်း.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၇)

"ဟင်..မင်းဘယ်လိုလုပ်လိုက်တာလဲ တစ်ခေတ်..သူက.."

"ဟုတ်တယ်..ငါတို့လမ်းမှာပြဿနာဖြစ်လာလို့.."

တစ်ခေတ်က ကားပေါ်ကဆင်းလိုက်ပြီး ခေါင်းလေးမှိုလျက် ထိုင်ကျန်ရစ်ခဲ့သော လရောင်ဆီကို ပြန်ငုံ့ကြည့်လိုက်ရင်း.. ၊

"သူ သတိမလစ်ပေမယ့် ဘာမှမျက်လုံးတောင် မဖွင့်နိုင်တော့ဘူးကျော်မင်း..အထဲခဏသွင်းပြီး သတိကောင်းကောင်းပြန်ရပြီး သွားလာနိုင်အောင် ခဏစောင့်ရမယ်.."

"ဘာရယ်.."

"သူ့ကိုပြန်ပို့ပြီးမှပဲ..အသွင့်ဆီသွားမယ်၊ အချိန်မီပါတယ်.."

"တစ်ခေတ်..ဟော့ကောင်.."

ကျော်မင်းဦးကမန်းကတန်းလိုက်ပြီး ပြောဖို့ကြိုးစားပေမယ့် တစ်ခေတ်က ကားဆီပြန်လှည့်ကာ လရောင်ကိုယ်လေးကို သေချာပွေ့ယူလိုက်သဖြင့် သေးကနေ ခြေကားယားလက်ကားယားဖြစ်နေခဲ့ရင်း..၊

"တစ်ခေတ်..မင်းတော့ ရှုပ်ကုန်ပြီနော်.."

"ဘာရှုပ်ဖို့ရှိလို့လဲကွ..သူ့ကိုဒီပုံစံနဲ့ ပြန်ပို့လိုက်ရင် သူ့အမေနဲ့ ရှော့ခ်အကြီးကြီးရှိတယ်ကွ..ငါနဲ့အတူ ပြဿနာကြုံနေရတာ ဒီတိုင်းတော့ ဒီတိုင်းတော့မပို့နိုင်ဘူး.."

"ခဏနေဦး..ငါပြော.."

သူ့စကားမဆုံးသေးခင် သုံးထစ်သောဖိနပ်ချွတ်လှေကားထိပ်မှာ ပေါ်လာသည့်အရိပ်ကြောင့် လရောင်ကိုပွေ့ထားသော တစ်ခေတ်ရဲ့ခြေလှမ်းပါ တုံ့ခနဲဖြစ်သွားသည်။



မထင်မှတ်ထားသည့် သူကိုမြင်လိုက်ရသဖြင့် တအံ့တဩဖြစ်သွားတာလည်း ပါသည်။

အသွင်က နက်ပြာရောင်တီရှပ်ပွပွကို ခါးအထက်လောက်မှာ အနားစနှစ်ဖက်ချည်ထားလျက် ချက်ပြုတ်ဘောင်းဘီရှည်ကို ဝတ်ထားတာ၊ လှေကားထိပ်တံခါးလေး ဘေးမှာလက်ပိုက်ရပ်လိုက်သည်။

"လူမှားပြီးခိုးလာတော့ မဟုတ်လောက်ပါဘူးနော်.."

"အထဲရောက်မှ ကိုယ်ရှင်းပြမယ်..ခဏဖယ်ပေး.."

"မဖယ်နိုင်ဘူး.."

ပြောလိုက်မှ ကျွန်းတံခါးတိုလေးအလယ်မှာ ခြေလှမ်းရွှေ့ပြီး ပိတ်ရပ်လိုက်ကာ.. ၊

"ခေတ်ကို တို့ဖုန်းတွေခေါ်နေတာ တစ်ချက်မှမကိုင်ဘူး.. လက်စသတ်တော့ အသွင့်ထက်အရေးကြီးတာ တွေ့နေတာကိုး.."

"ဒီအခြေအနေကို မြင်ရဲ့သားနဲ့မင်းပြောထွက်တယ်နော်.. လမ်းမှာပြဿနာဖြစ်လာတာ ကံကောင်းလို့သူနဲ့ကိုယ်.."

"သူနဲ့ခေတ်က ဘာကြောင့်အတူတူရှိနေရတာလဲ..ဒီအချိန်ထိ လမ်းပေါ်မှာ သူကရှင်လာမယ့် အချိန်ကိုငုတ်တုတ်ထိုင်စောင့်နေတာလား.."

"အသွင် ကိုယ်ရှင်းပြမယ်၊ အခုခဏဖယ်ပေးပါ.."

"မရဘူး..ဒီအိမ်ပေါ်ကအိပ်ခန်းထဲမှာ အသွင့်အိပ်ခန်းပြင်ထားပြီးပြီ..သူ့ကိုအိပ်ခွင့်မပေးနိုင်ဘူး.."

ဒီတစ်ခါ ခေတ် မျက်စိလည်သွားသည်။ ကျော်မင်းဦးက လက်ကာပြလိုက်ပြီး.. ၊

"သူ့အိမ်မှာအခြေအနေမကောင်းလို့ သူ့ဘာသာလစ်ထွက်ခဲ့မယ့် အကြောင်းမင်းကိုပြောဖို့ ဖုန်းဆက်တယ်ကွာ..ပြီးတော့ မက်ဆေ့ချ်လည်းပို့တယ်၊ မင်းကမသိတော့.."

"ဟုတ်တယ်..ငါသိခဲ့တာက ညဆယ့်တစ်နာရီထိုးမှ မင်းဆီကိုသွားရမှာ..ဖုန်းဘာကြောင့်မကိုင်ခဲ့တာဖြစ်ဖြစ် မင်းအတွက်အချိန်ထဲက ကိုယ်ယူခဲ့တာမဟုတ်ဘူး.."

လူတစ်ယောက်လုံးကို ပွေ့ထားရသည့်အဖြစ်နှင့် စကားပြော

www.burmeseclassic.com

www.burmeseclassic.com



နေရခြင်းကြောင့် စိတ်တိုခြင်းက လိုတာထက်ပိုနေ၏။

"မင်းဒီမှာရှိနေတာလည်း ကိုယ်သိခဲ့တာမဟုတ်ဘူး..အဲ့ဒီတော့ ကိုယ်တို့လွဲနေတာတွေ ပြီးမှပြောမယ်.."

တစ်ခေတ်က စကားဆုံးတာနဲ့ လှေကားပေါ်တက်လာကာ၊ သူမကိုရှောင်တော့ ရှောင်ခဲ့ပေမယ့် လူကိုမွေ့ထားရသဖြင့် ပခုံးတစ်ခြမ်းကို တိုးတိုက်ဖြတ်တက်သွားခဲ့သည်။

"တောက်.."

အသွင့်ရင်ထဲ၌ နာကျင်ခြင်းသည် သူမစိတ်ကူးယဉ်အိမ်မက်ခဲ့သော အိပ်ခင်းပြန့်ပြန့်မှာ လရောင်ကို ချသိမ်လိုက်ခြင်းမှ စတင်ပေါက်ကွဲခဲ့ရလျက်.. ၊

"ယူတို့ဘာဖြစ်ခဲ့ကြသလဲ ဆိုတာလည်းမသိချင်ဘူး..တို့သိခဲ့တာတော့ မိန်းမတစ်ယောက်အတွက် ယူမျက်စိနောက်လောက်အောင် ပျာနေခဲ့တယ်ဆိုတာပဲ..အဲ့ဒီမိန်းမကလရောင်စွန်း.."

အခန်းဝမှာလာရပ်ပြီး တည့်တည့်ပြောသည်။ တစ်ခေတ်ကလည်း သည်းမခံနိုင်သည့် စကားတွေအတွက် မေးခွန်းတွေထုတ်ရင်း..၊

"မင်းအဲ့ဒီလို မျက်လုံးတွေနဲ့ တစ်ချိန်လုံးရှိနေရဲ့သားနဲ့ ငါနဲ့တစ်ဘဝလုံးလက်တွဲဖို့ထိ ဆုံးဖြတ်ခဲ့တာလား.."

"သိခဲ့ပေမယ့် ရှင့်ရင်ထဲမှာ ဒီလောက်ထိဖောက်လွဲဖောက်ပြန်ထည့်ထားခဲ့မယ်လို့ မထင်ခဲ့တာလေ..ရှင်သိပ်ရက်စက်တယ်၊ အရမ်းလည်း အောက်တန်းကျတယ်.."

"အသွင်..မင်းတစ်ဖက်သားရဲ့ အကျုပ်အတည်းကို သေချာမသိဘဲမပြောနဲ့..စကားဆိုတာ ပြောတိုင်းရပေမယ့် အဲ့ဒီစကားတွေအတွက် တာဝန်ယူနိုင်ဖို့ခက်တယ်.."

"တာဝန်ဟုတ်လား..ဒါဖြင့် ယူတို့ကိုဒီညခိုးမယ်ပြောခဲ့သလို လရောင်စွန်းကိုလည်း ပြောခဲ့သလား၊ ဟုတ်တယ်ဆိုရင် သူ့ကိုပြောခဲ့တဲ့ စကားအတွက်တာဝန်ယူပြီး တို့ကိုပြောခဲ့တာကျတော့.."

"မင်းတော်တော့အသွင်.."

"ဒါဆိုရင် ရှင်တစ်ခုပဲပြောပေးလိုက်..လရောင်စွန်းက မရေမက တွယ်ကပ်လိုက်လာတာပါလို့.."



"အသွင်..မင်း.."

"ဘာလို့ ဒီလောက်ထိထိတ်လန့်သွားရတာလဲ.."

အသွင်ကလည်း အသံတွေတုန်ကာ၊ မျက်ရည်စက်တွေပိုးပိုးပေါက်ပေါက်ကျလာခဲ့လျက်.. ။

"ဒါလေးပဲပြောရမှာဘာဖြစ်လို့လဲ..အသွင်က အစကတည်းက နာကျင်မှုတွေကို မျိုသိပ်နိုင်ခဲ့တဲ့သူပါ..အခုရှင့်ဆီရောက်လာပြီးမှ နောက်ပြန်လှည့်သွားလို့လည်းမရတော့ဘူး..ရှင်ညာပြောရင်လည်းကျေနပ်ပါမယ်.."

"မင်းဘာတွေပြောခိုင်းနေတာလဲ..ငါကယောက်ျားဖြစ်ပြီး အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချိုးဖဲ့နင်းချေရမှာလား.."

"အသွင့်ဂုဏ်သိက္ခာကရော..ရှင့်ဆီကိုပုံအပ်ဖို့ ရောက်လာခဲ့ပြီးမှ တစ်ညတည်းနဲ့မိန်းမနှစ်ယောက် ခိုးတဲ့ရှင့်ကို.."

"မင်း တော်တော့.."

တစ်ခေတ်စိတ်မထိန်းနိုင်ဘဲ အော်ပစ်လိုက်ရင်း အသွင့်ဆီသို့ ကိုရောက်သွားသည့်ပုံက ကိုယ်ထိလက်ရောက်နာကျင်အောင် လုပ်တော့မည့်အတိုင်း.. ၊

အသွင့်မျက်နှာလေး ရုတ်တရက်ငယ်ကျသွားခဲ့ပြီး တစ်ခေတ်ရဲ့ မျက်နှာကိုအနီးကပ်မော့ငေးနေရင်း အံ့ကြိတ်သည်။ ထိုစဉ် အားလုံးကိုကြားနေရသဖြင့် လရောင်အိပ်ရာထက်ကနေ ဒယိမ်းဒယိုင်ထရပ်လိုက်၏။ သို့သော်.. ၊

"ဟာ..လရောင်.."

"ဒုန်း.."

ဘေးမှာပွဲကြည့်ပရိသတ်ဖြစ်နေသည့် ကျော်မင်းဦးအသံက စိုးရိမ်တကြီးရှိလျက် နောက်ထပ်ဒုန်းခနဲအသံကြောင့် တစ်ခေတ်လှည့်ကြည့်လိုက်သည်။

"လရောင်.."

မျက်နှာအပျက်ကြီးပျက်ကာ ချာခနဲပြေးသွားပြီးပွေ့ထူလိုက်၏။ မရဲတရဲတွဲထူနေသော ကျော်မင်းဦးက တစ်ခေတ်ပွေ့ယူလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



နှင့် အိပ်ခင်းတွေပြုပျက်နေသော အိပ်ရာကိုကမန်းကတန်း ပြေးပြင် ကာ ..၊

"လာ..လာ ပြန်တင်လိုက်.."

"ဟင့်အင်း..လရောင်ပြန်မယ်၊ ကိုခေတ်..ကိုကျော်မင်း လရောင်ကိုပြန်ပို့ပေးပါ.."

ခေါင်းမှာ ပတ်တီးနှင့်လရောင်က ခုတင်ပေါ်မှာလှဲအသိပ်မခံဘဲ အတင်းကုန်းရုန်းထ၏။ မျက်တောင်ဖျားတွေ မှေးစင်းငိုက်ကျနေပေမယ့် သူမကြောင့်ပြဿနာအကြီးအကျယ်တက်နေခြင်းအတွက် ဒီတိုင်းနေလို့ မဖြစ်တာကို သိနေကာ...၊

"လရောင်နဲ့ကိုခေတ်ဘာမှမဟုတ်ပါဘူးအသွင်ရယ်..လရောင် ခုပြန်မှာပါ၊ ကိုကျော်မင်း..လ..လရောင်ပြန်မယ်.."

"လရောင်.."

"ဟင့်အင်း..ဟင့်အင်း၊ ကိုကျော်မင်း လရောင်ကိုကူညီပါ.. ပြန်ပို့ပေးပါ.."

"မပို့ရဘူးကျော်မင်း.."

ကျော်မင်းဦးကတော့ ချစ်သူနှစ်ယောက်ကြားက ပြဿနာကို ရှင်းသွားစေချင်သည်။ လရောင်ကိုပြန်ပို့လိုက်ရင် ပြီးပြီလို့သတ်မှတ်ပေမယ့်.. ၊

"သူ့ခေါင်းကသွေးတွေစိမ့်နေပြီ..ဒီကထွက်တာနဲ့ သူသတိလစ်တော့မှာ.."

လရောင်က ရုန်းနေသဖြင့် တစ်ခေတ်အတင်းဆွဲချုပ်ထားရခြင်းသည် ရင်ခွင်ထဲမှာ တင်းကျပ်နေအောင် ဖက်ထားသည့်နှယ်ရှိလျက်.. ၊

မျက်ရည်စက်လက်ကို သုတ်ပစ်လိုက်ပြီး အသွင်မျက်နှာ လေးမော့လိုက်သည်။တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ခိုင်မာစွာချလိုက်ခြင်းဖြစ်ကာ အသွင်မျက်နှာလေး မော့လိုက်သည်။ တစ်ခေတ်မမြင်ပေမယ့် ကျော်မင်းဦးကမြင်သည်။

သူမပျောက်သွားတော့လည်း ထွက်ကြည့်မိသေးသည်။ သို့သော် အသွင်ကပျဉ်ထောင်အိမ်လေးရဲ့ အပြင်ဝရန်တာလေးမှာ ဒီတိုင်း



ငုတ်တုတ်ထိုင်နေတာမို့ ပြန်ဝင်ခဲ့မိသည်။

လရောင်ရဲ့နဖူးဒဏ်ရာမှ စိမ့်သောသွေးတွေက ပတ်တီးကို ထွင်းထောက်၍ နှာထင်သို့စီးကျနေသဖြင့် တစ်ခေတ်က ဆေးခန်းကပါလာသည့်ပတ်တီးထုပ်တွေ ဂွမ်းထုပ်တွေဖွင့်ချပြီး ပတ်တီးပြန်စည်းဖို့ ပြင်နေ၏။

"တစ်ခေတ် အသွင်နဲ့မင်းသွားရှင်းဦး..လရောင်ကိုငါပဲ.."

"မလုပ်နဲ့.."

လရောင်က ပတ်တီးစည်းသည့်သူ့လက်ကို ဖမ်းကိုင်ထားပြီး တွန်းချပစ်၏။

"ပြန်မယ်..ဘာမှမလုပ်တော့နဲ့၊ ကိုကျော်မင်း.."

"ဘယ်နှယ့်ကျော်မင်းကိုချည်း ပြန်ပို့ခိုင်းနေတာလဲ..မင်းသတိလစ်ဘူးဆိုတာသေချာရင် ဒါစည်းပြီးအသွင်နဲ့ ကိုယ်ပြန်ပို့ပေးမယ်.."

"အေး..အဲ့ဒါကောင်းတယ်၊ အသွင်လည်းသက်သာရှင်းသွားမှာပဲ..လရောင်ပြန်သွားရင်လည်း တင့်တယ်မယ်.."

အချိန်သည် မိနစ်ပိုင်းလောက်အတွင်းမှာပဲ အဆိုးရွားဆုံး ပြောင်းလဲခဲ့တာဖြစ်သည်။ ခေတ်နဲ့ကျော်မင်းဦး လရောင်ကိုပြန်ပို့ဖို့အတွက် ပတ်တီးအသစ်လဲလှယ်ပေးပြီးသည်နှင့်.. ၊

"သမီးရေ.."

"စခန်းမှူးရယ်..သူပါပဲ၊ တစ်ခေတ်ဆိုတာ အဲ့ဒီကောင်ပါ..ဟိုမှာ ဟိုမိန်းကလေးက သူနဲ့ဘာမှန်းမသိတဲ့မိန်းကလေးပဲ..ဒီကောင်ဒီလိုပဲ ရှုပ်ပွနေတာ၊ ကျွန်မသမီးကိုလည်း ရတနာပစ္စည်းတွေအပြည့်နဲ့ ဒီရောက်လာအောင် လိမ်ညာလှည့်ဖြားခေါ်ခဲ့တာပါ.. တော်သေးတာပေါ့၊ အချိန်မီသတင်းရလို့.."

အိမ်က ကျော်မင်းဦးရဲ့ဘကြီးပိုင်သည့်အိမ်ဖြစ်သည်။ အိမ်ပေါ်ကို ရဲတွေနဲ့ဒေါ်မေသွင်တို့ ပြေးတက်လာကြကာ သူတို့ပြောသွားကြတော့ သူတို့စကား.. ၊

ဘယ်လိုမှမဖြစ်နိုင်သည့် စကားတွေကို တိုးမပေါက်အောင် ပြောသွားကြကာ၊ ကျော်မင်းဦးရှင်းပြဖို့ ကြိုးစားတာလည်းရေ၊ တစ်ခေတ်ကလည်း အသွင့်မျက်နှာကို စူးစိုက်ကြည့်နေပြီး တစ်ခွန်းတစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဒမှ မပဟခဲ့ပေ... ၊

သူတို့ခိုးပြေးဖို့ ချိန်းထားခဲ့သည့်အချိန်က ဒီအချိန်မဟုတ်၊ ပြေးကြမည့် နေရာကလည်း ကျော်မင်းဦးရဲ့အိမ်မဟုတ်ပါ၊ ဒီအိမ်လေးက တစ်ခေတ်မကြာခဏ ဝင်ထွက်သွားလာတဲ့၊ စာလာဖတ်နှင့် လာနေကျ အပန်းဖြေစံအိမ်လေးတစ်လုံး.. ၊

ခုတော့ အကျည်းတန်ဆိုးရွားသော စွဲဆိုသံများနှင့် အမှန်တရားက ပျောက်ကွယ်နေခဲ့၏။ ဒေါ်မေသွင်သည် တစ်ခေတ်နဲ့သမီးဖြစ်သူကွဲကွာရေး အဓိကဆုံးဖြတ်ချက်ဖြင့်.. ၊

"ကျွန်မသမီးကို အလွယ်တကူပြန်ခေါ်လို့မရမှာ စိုးရိမ်ခဲ့တာပါ၊ အခုဘာမှလည်း မလွန်ကျူးသေးဘူးဆိုတော့ သူ့မိဘတွေနဲ့ ကျွန်မတို့က မျက်နှာထောက်ရမယ့်သူတွေပါ.. အချုပ်ထဲတော့ ဆွဲမထည့်ချင်ပါဘူး..အခု ခံဝန်ချက်လေးလုပ်ပြီး နောက်ထပ်ဒီလိုမယုတ်မာပါဘူးဆိုရင် ပြီးတာပါပဲ.."တဲ့.. ၊

အချုပ်ထဲရောက်ရခြင်း မရောက်ရခြင်းနဲ့ပတ်သက်ပြီး အသွင်ဆိုတဲ့ မိန်းကလေးရဲ့အမုန်းငြိုးကို ကျေးဇူးတင်သင့်သလား.. ၊

'မင်းသနားလို့ ငါချမ်းသာရတာပါ' ဆိုပြီး.. ၊

အခန်း(၃၈)

ကြားရသည့် အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး စွန်းဘယ်သို့မှ မယုံနိုင်ပေ၊ မျက်နှာရှေ့မှာ သေချာထိုင်ပြောနေသော ဒေါ်ပန်းလှိုင်ဆိုသည့် ကိုယ့်ထက်နှစ်နှစ်သုံးနှစ်လောက်သာ အသက်ကြီးမည့်ပုံရှိသော အမျိုးသမီးကြီးကိုလည်း မသိခဲ့.. ၊

သူမက တစ်ခေတ်ဆိုသောလူငယ်တစ်ယောက်ရဲ့မိခင်ဖြစ်သော၊ တစ်ခေတ်သည်.. ၊

"တကယ်တော့ ကျွန်မသားက ရှေ့နေကြီးသမီးကို မရိုးသားစိတ်မရှိခဲ့ပါဘူး၊ အဲ့ဒီညတုန်းက သားနဲ့သူ့သူငယ်ချင်းဆီ ရှေ့နေကြီးရဲ့ သမီးရောက်မနေခဲ့ဘူးဆိုရင် ဒီပြဿနာတွေလည်း ဖြစ်လာမှာမဟုတ်ဘူး.."

ဒေါ်ပန်းလှိုင်မျက်နှာကတင်းနေသည်။ စွန်းရှေ့ကရေသီးလေးတွေ ထနေခဲ့သော သံပုရာရည်ဖန်ခွက်မှာ ရေသီးတွေမရှိတော့တာကို သတိထားမိ၍လား၊ အဓိပ္ပါယ်မဲ့ငေးနေတာလား.. ၊

အအေးခွက်ကို ကြည့်ပြီး အတန်ကြာမှာစွန်းမျက်နှာဆီ မျက်လွှာပင့်ကြည့်လာပြီး.. ၊

"မစာမနာပြောရာကျသွားရင်တော့ ဆောရီးပါ..ဒါပေမယ့် ရှေ့နေကြီး ကိုယ့်သမီးကိုဆိုဆုံးမမှု ဒီ့ထက်တင်းကျပ်ပေးဖို့ လိုနေတယ်လို့ အစ်မထင်တယ်..ညအချိန်မတော်မှာ ယောကျ်ားလေးအိမ်ရောက်နေတဲ့ အခြေအနေက အရမ်းကိုဆိုးရွားလွန်းတယ်လေ၊ ဒါနဲ့ပတ်သက်ပြီး ဟိုဘက်က မိန်းကလေးရှင်ကသာ မကျေနပ်ရင်အဲ့ဒီညမှာပဲ သားကို အချုပ်ထဲဆွဲထည့်သွားမှာ.."

စွန်း ဘာမှမသိခဲ့ရသော ကိစ္စအတွက် ဘာတစ်လုံးမှခွန်းတုံ့

www.burmeseclassic.com

www.burmeseclassic.com



မပြန်နိုင်ခဲ့ပေ.. ।

ဒေါ်ပန်းလှိုင်သည် အဖြစ်သနစ်တို့ကို ပြောပြသွားခဲ့ပြီး.. ।

"သားကိုတရားစွဲဖို့ရှိနေတဲ့ မိသားစုဆီမသွားဘဲ ရွှေနေကြီးဆီကို အစ်မလာခဲ့တာဘာဖြစ်လို့လဲလို့ ရွှေနေကြီးသိချင်မှာပဲ..အားမနာတမ်းပြောရရင်တော့ လရောင်စွန်းက သားကိုတစ်ဖက်သက်မေတ္တာရှိနေတယ်.."

စွန်း နှုတ်ခမ်းတွေတင်းခနဲ စေ့သွားသည်။ ရှက်ရွံ့သိမ်ငယ်စိတ်က တစ်ဆိုင်လုံးမှာရှိသမျှ လူတွေကိုယ့်ကို တအံ့တဩလှည့်ကြည့်လာသည့်အတိုင်း.. ।

"အစ်မသားနဲ့သူ့ချစ်သူ ခိုးပြေးခါနီးမှ ခုလိုပြဿနာတက်ရ..ထောင်တန်းကျဖို့တွေဖြစ်လာရတာ ထားလိုက်ပါ..အစ်မအစိုးရိမ်ဆုံးက လရောင်စွန်းနဲ့သားနဲ့ နောက်ထပ်နီးစပ်ပတ်သက်မှာကိုပဲ.."

စွန်း ဆတ်ခနဲတောင့်မတ်သွားသည်။ ဒေါ်ပန်းလှိုင်ကလည်း မမှိတ်မသုန်ကြည့်နေကာ.. ।

"ရွှေနေကြီးတို့ ချမ်းသာမှန်းသိပါတယ်..ဒါပေမယ့် ရွှေနေကရွှေနေကြီးဖြစ်သလို.. အစ်မကလည်း အထက်တန်းကျောင်းအုပ် ဆရာမပဲ၊ ယဉ်ကျေးမှုမသိ..စည်းလုံးမှုမရှိတဲ့ ဘရိုးကင်း(န်)ဖဲ့မလီမျိုးက မိန်းကလေးနဲ့ သားကို လုံးဝသဘောမတူနိုင်ဘူးဆိုတာ လာပြောပြတာပါ.."

"ဘယ်သူကဘရိုးကင်း(န်)ဖဲ့မလီလဲ..လရောင်စွန်းမှာ မိစုံဖစုံရှိတယ်.."

အဖြစ်တွေကိုသိသိ မသိသိဒီလောက်ထိတော့ သည်းမခံနိုင်တော့ပေ.. ।

"ဟုတ်လား.."ဆိုသည့် ခပ်မဲ့မဲ့အပြုံးနှင့် ဒေါ်ပန်းလှိုင်က ခေါင်းညိတ်လိုက်သည်။ ပြီးမှ.. ।

"ဒါလူတိုင်းသိမှာပါ..ဒါပေမယ့် လူတိုင်းမသိနိုင်တာတွေ ရှိသေးတယ်ဆိုတာလည်း ရွှေနေကြီးတို့ သိမှာပေါ့နော်၊ ခုလိုအမိမဲ့ထိန်းကျောင်းမှုမျိုးနဲ့ ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို တို့မိသားစုထဲ အဝင်ခံလိုက်ရင် တို့သားလည်းရွှေနေကြီးအတိုင်းရလို ဖြစ်သွားမှာပေါ့.."



အနိုင်နဲ့ပိုင်းပြီး ပြောသွားခဲ့သည်။ အသားတုန်အောင် ဒေါသဖြစ်ရသော်လည်း ဘာမှမတုံ့ပြန်နိုင်ခဲ့ပေ။ စွန်းအံကြိတ်ထားရင်း မျက်ရည်တွေဝေ့တက်လာခဲ့၏။

အလှူနေ့ကသမီးငယ် ဘာတွေဖြစ်ခဲ့တာလဲ.. ।

တစ်ခေတ်ဆိုတဲ့လူငယ်နဲ့သူငယ်ချင်းကောင်လေးအိမ်ကို ဘာအတွက်ပါသွားခဲ့တာလဲ၊ ပြဿနာတွေဖြစ်လာခဲ့တာ သေးသေးကွေးကွေးလည်း မဟုတ်ဘဲ ဘာဖြစ်လို့ဒီနေ့ထိ နှုတ်ဆိတ်နေခဲ့တာလဲ.. ।

အဆုံးသတ်ကျတော့ ကိုယ့်သားသမီးဘာလုပ်ခဲ့တယ်၊ ဘာဖြစ်ခဲ့တယ်ဆိုတာတောင် သူများပြောပြမှသိခဲ့ရသည့် ကိုယ့်အပြစ်သာဖြစ်လေသည်။

'အမိမဲ့ထိန်းကျောင်းမှုနဲ့ ကြီးပြင်းလာခဲ့တဲ့မိန်းကလေး..'

'တို့သားလည်း ရွှေနေကြီးအတိုင်းရလို ဖြစ်သွားမှာပေါ့.'

'ဘရိုးကင်း(န်)ဖဲ့မလီမျိုးက မိန်းကလေးနဲ့သားကို လုံးဝသဘောမတူနိုင်ဘူး..'

"ဒုန်း.."

ကားနားပြန်ရောက်ကာမှ အထဲမဝင်ဖြစ်သေးဘဲ လက်သီးဆုပ်က ကားဘောနက်ပေါ် ဒုန်းခနဲရောက်၏။ ဘာကြောင့်လဲ၊ ဒီလိုဖြစ်လာခဲ့တာ ဘာကြောင့်လဲ… ၊ လူတစ်ယောက်ရဲ့ ပက်စက်ရင့်သီးသောစကားလုံးတွေ အောက်မှာ ခွန်းတုံ့မပြန်နိုင်အောင် ပိပြားကြေမွရမယ့် သိမ်ငယ်မှုမျိုး စွန်းဆိုတဲ့သူမကျမှ ဘာကြောင့်ခါးစည်းခံရတာလဲ.. ।

ဘယ်လိုဆုတောင်းမှားခဲ့တာလဲ.. ၊ ရှက်ဒေါသတို့သည် မျက်ရည်ချောင်းစီးမတတ် ပါးပြင်ပေါ် တလိမ့်လိမ့်ဆင်းကျလာခဲ့၏။

"ဂျိမ်း.."

ကားထဲဝင်ထိုင် တံခါးပိတ်ပြီးမှ အမှုသည်တစ်ယောက်ထံမှ ဖုန်းမြည်လာလျှင် ထုတ်ဖွင့်လိုက်ပြီး.. ।

"ဆောရီးပါ..နောက်ထပ်ကျွန်မမခေါ်ဘဲ ဖုန်းထပ်မခေါ်ပါနဲ့.."

အမြဲတမ်း ဂရုစိုက်အလေးထားခဲ့သော အလုပ်ကိစ္စတို့သည်လည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

"လရောင်စွန်း.."

စွန်းရဲ့ခေါ်သံက တုန်ယင်လှိုက်ခါလျက် အားလုံးကိုအလန့်တကြား ဖြစ်သွားစေ၏။ အခန်းထဲမှာ ပြဿနာတစ်ရပ်ကို အစအဆုံး ပြောပြနေသည့် လရောင်မျက်နှာလေးက အဆုံးစွန်ထိသွေးဆုတ်ဖြူရော်သွားခဲ့ပြီး.. ၊

"မေမေ ပြန်လာပြီ.."

သရနဲ့ နေသရတို့ ပြင်ဆင်ချိန်မရလိုက်မီ စွန်းရဲ့အရိပ်အခန်းဝမှာ ပေါ်လာသည်။ ပြီးတော့ အခန်းထဲကိုရောက်လာတာ ခုန်လွှားဝင်လာသလိုရှိကာ.. ၊

"နင်.."

ပခုံးတစ်ဖက်ကို ဆောင့်ဆွဲကာ လွှဲပစ်လိုက်သည့်လက်တစ်ဖက်က ကြောက်မက်ဖွယ်.. ၊

"မလုပ်နဲ့စွန်း.."

"မေမေမလုပ်ပါနဲ့.."

သရက စွန်းရဲ့လက်ကိုအမိအရဆွဲထားလိုက်ကာ၊ နေသရက လရောင်ကိုယ်လေးကို ဖက်၍နောက်ဆုတ်ရပ်လိုက်၏။

"နင်..နင်ငါ့ကိုအရှက်ခွဲတာ.."

လက်မြှောက်ထားလျက်နှင့် စွန်းအသံတွေတုန်လာသည်။ မျက်ရည်တွေ တသောသောပြိုဆင်းလာခဲ့ပြီး.. ၊

"ငါက သူများပြောမှသိခဲ့ရတယ်..ပြော နင်ဘာတွေဖြစ်လာခဲ့တာလဲ၊ တစ်ခေတ်ဆိုတဲ့ သတ္တဝါလေးက ဘယ်လောက်တောင်မက်



ခောဖွယ်ဖြစ်နေလို့ နင့်အရှက်မရှိ.."

"မဟုတ်ဘူး..အဲ့ဒါဟုတ်တော့ဟုတ်တယ်၊ ဒါပေမယ့် မင်းကိုငါရှင်းပြမယ်စွန်း..မင်းစိတ်ကို ခဏလောက်ထိန်းစမ်းပါ.."

"ဘယ်လိုထိန်းရမလဲ..ရှင် ကျွန်မလိုအပြောခံပြီး စိတ်ထိန်းကြည့်လေ၊ သင်း ဘာတွေလုပ်လာသလဲ ရှင်သိသလား.."

"သိတယ်.."

"ဘာပြောတယ်.."

စွန်းရဲ့ ဒေါသက သရဆီဦးလှည့်လာ၏။

"သိတယ်ဟုတ်လား.."

ဆိုပြီး နေသရဆီထပ်ရောက်သွားသည်။

"ခုမှ ကျွန်တော်တို့ သိခဲ့တာပါ.."

နေသရ ပျာပျာသလဲရှင်းပြကာ လရောင်ကိုလည်း ပခုံးလေးဖက်၍ ကာကွယ်ပေးထားရင်း.. ၊

"ညလေးပြောပြပြီးပါပြီ၊ တကယ်တော့ ညလေးမှာအပြစ်မရှိပါဘူးမေမေ.."

"အပြစ်ရှိနေရင်လည်း မိဘက ဒီလိုပုံစံနဲ့ဆုံးမရမှာ မဟုတ်ဘူး.."

သရကလည်း မတည့်စကားကစပြော၏။ ထိုအခါစွန်းရဲ့မျက်လုံးတွေနဲ့ ထိပ်တိုက်ဆုံဆည်းသွားခဲ့လျက်.. ၊

"သားသမီးက မိဘကိုဘာမှဖွင့်မပြောရဲအောင် ဖြစ်နေတာ ဘယ်သူ့အလွန်လဲနည်းနည်းပါးပါးစဉ်းစားဦး.."

လူငယ်တွေရှေ့မှာ မပြောချင်သည်မို့ ပြောပြီးတာနှင့် အပြင်ထွက်သွားခဲ့၏။ စွန်းဒီတိုင်းကျန်ခဲ့ပြီးမှ သူ့နောက်လိုက်သွားခဲ့ရင်း..၊

"အတိသရ..ရှင်က ခုမှကယ်တင်ရှင်ကြီးလုပ်နေတယ်ဟုတ်လား..ရှင့်ကိုသူဘာတွေပြောပြသလဲ၊ ရှင်ဘာသိလို့ ကျွန်မကိုစေဖန်နေတာလဲ.."

"မင်းကရော ဘာသိလို့ဒေါသအလဲထူပြီး ပြန်လာတာလဲ.."

"ရှင် ကျွန်မကိုပြန်မမေးပါနဲ့.."

"မေးမှသိမှာမို့လို့ပေါ့ကွ..မင်းကိုတစ်ခေတ်ကပြောပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာလား၊ အေး..သူကပြောရင် သူ့စကားပဲ၊ မကောင်းတဲ့အကျိုးဆက်တစ်ခုဖြစ်လာရင် နှစ်ဖက်စကားနားထောင်ရတယ်..မင်းရှေ့နေဖြစ်ပြီး ဒီလောက်တောင် အတွေးတိမ်ရလား.."

"ကျွန်မက ဆိုဆုံးမမှုမရှိတဲ့ အမေလို့အပြောခံခဲ့ရတာ.."

"မှားမှ မမှားတာ.."

"ရှင်ကျေနပ်တယ်မှတ်လား..ကျွန်မဒီလိုခံလာရမယ့် နေ့ကိုရှင်စောင့်နေတာလေ.."

သရ မျက်လုံးတွေက စူးရဲနေကာ.. ၊

"မင်းခံလာရတော့ ငါကလွတ်သွားလို့လား.."

စွန်း အသံတိတ်သွားသည်။

"ပြောစမ်းပါ..အမေကမဆုံးမဘူး၊ အဖေကတော့ တော်ရှာပါတယ်လို့များ ပြောသွားသလား.."

စွန်းတုပ်တုပ်မှ မလှုပ်.. ၊

"သမီးခုလိုဖြစ်လာတာ ငါတို့မှာအပြစ်ရှိတယ်စွန်း..မင်းဖြစ်လာတဲ့ဒေါသတွေ မင်းကိုယ်မင်းရှက်သင့်တယ်.."

သရက စွန်းဘာမှမပြောရဘဲ သူချည်းပဲပြောသွားခဲ့လျက်..၊ လရောင်ရဲ့ ပြဿနာကိုပါ ရှင်းပြသွားခဲ့၏။

ကြားရသမျှဒေါ်ပန်းလှိုင်ပြောသွားသည့် အတိုင်းဘာမှမလွဲ..၊

"အဲ့ဒီကောင်လေးကို သူမေတ္တာရှိနေတာ ရှင့်ကိုပြောပြခဲ့သလား.."

"ပြောပြနေဖို့မှ မလိုတာ.."

"ဒေါ်ပန်းလှိုင်က သူ့သားနဲ့သဘောမတူပါဘူးလို့ ကျွန်မကိုလာပြောသွားခဲ့တာ.."

စွန်း မျက်ရည်စက်တွေ ထပ်ကျလာတော့ သရမျက်နှာပျက်သွားကာ ချာခနဲလှည့်ထွက်သွား၏။ ဧည့်ခန်းဆိုဖာတွေနောက်ကို လျှောက်သွားခဲ့ပြီးမှ ပြန်လှည့်၍.. ၊

"အဲ့ဒါသူ့အခွင့်အရေးပဲ..သူ့သားကိုဘယ်သူနဲ့သဘောမတူပါဘူး၊ တူပါတယ်ဆိုတာ သူ့မှာဆုံးဖြတ်ခွင့်ရှိတယ်..သမီးက သူ့သားဆီ ဘယ်လိုရောက်သွားခဲ့သလဲဆိုတဲ့ အဖြစ်မှန်ကို ငါတို့သိနေပြီပဲ..



အမှုဆင်ထားတဲ့လူတွေ ဘာပြောပြော ဒေါ်ပန်းလှိုင်ယုံကြည်နေတာ ဘယ်လိုဖြစ်ဖြစ် ဒါတွေကိုဂရုစိုက်ဖို့မလိုဘူး.."

"ကျွန်မတစ်သက်နဲ့တစ်ကိုယ်..ဒီလိုမျိုး.."

စွန်း ဆက်မပြောနိုင်တော့ဘဲ ဆိုဖာစွန်းမှာ ကြိုးတစ်စလိုပုံကျသွားခဲ့ပြီး ရှိုက်ငို၏။ ဇနီးသည် မျက်ရည်ကျနေသည့်အဖြစ်ကို ဘယ်လိုယောက်ျားမှ မြင်ချင်ကြမှာမဟုတ်ပေ.. ၊

သရမျက်နှာ ဟိုဒီလွှဲနေရင်း နဖူးပွတ်မိလိုမိ.. ၊

သနားကြင်နာစိတ်နှင့် မျက်ရည်လေးပြေးသုတ်ပေးချင်ပေမယ့် ဒီမိန်းမမျိုးက ကြင်နာတာကို မျက်လုံးလေးမှိတ်ပြီး တိတ်တိတ်ခံယူချင်တဲ့ မိန်းမမျိုးမဟုတ်.. ။

"ငါတို့ဘာလုပ်ရမလဲ ဆိုတာပဲတွေးရမှာစွန်း..ဒေါ်ပန်းလှိုင် ကိုတုံ့ပြန်ဖို့တွေးနေမယ့်အစား ဒေါ်မေသွင်တို့သားအမိကို သွားတောင်းပန်ရမယ်.."

"ဘာ.."

"မင်းလက်မခံချင်လို့မရဘူး.."

သရကလည်း စွန်းရဲ့မာနကို တစ်ခါတည်းဖြတ်မျဉ်းတားပြီးဖြစ်လျက်.. ၊

"သူတို့တရားစွဲလိုက်မယ်ဆိုရင်.."

"တစ်ခေတ်ကိုပဲ စွဲကြမှာ.."

"ဘာကြောင့်စွဲမှာလဲဆိုတာ မင်းမေ့နေသလား.."

တကယ်မတွေးခဲ့မိပါ၊ ဒီအမှုကြီး ဖြစ်မြောက်သွားခဲ့လျှင်.။

"ဒီကောင်လေးပွေရှုပ်နေပါတယ်..သူနဲ့တစ်ခန်းတည်းအတူဘယ်သူရှိနေပါတယ်ဆိုတာတွေ ထွက်လာတာနဲ့..ငါတို့သမီးရဲ့ အရှက်နဲ့ငါတို့သိက္ခာတွေသွားပြီ.."

စွန်းလက်သီးလေး ဆုပ်ထားရင်း ငြိမ်သက်နေခဲ့၏။

"အသွင်ဆိုတဲ့မိန်းကလေးကိုယ်တိုင် တစ်ခေတ်နဲ့သမီးကို အတူတွေ့ပြီး မကျေနပ်လို့ဒီလိုတွေဖြစ်လာတာ..သူ့မိဘက တစ်ခေတ်နဲ့မကြည်ဖြူသလို အသွင့်ရဲ့တာ့ဂတ်ကသမီးကိုပဲ..တစ်ခေတ်ကို တရားစွဲမှာပဲဆိုပြီး ငါတို့ထိုင်ကြည့်နေလို့မရဘူး.."

www.burmeseclassic.com

www.burmeseclassic.com



သဃရက လရောင်ပြောပြသမျှ ဟိုဘက်ကရဲတွေနဲ့ရောက်လာပြီး ဘယ်လိုဖြစ်ပျက်သွားတာတွေကို ပြန်ပြောပြလျှင်၊ စွန်းကလည်း ဒေါ်ပန်းလှိုင်ပြောသွားတာတွေ ဖြည့်စွက်ပြော၍.. ။

အသွင်နဲ့သမီးက မိစုံဖစုံရှိကြတာတူပေမယ့် သမီးကတော့ ဘရိုးကင်း(န်)ဖုံ့မလီကမိန်းကလေး လို့ပြောသွားခဲ့တာကိုတော့ ထိန်ချန်ထားမိသည်။

"လူတိုင်းမသိသေးတဲ့ အကြောင်းတွေရှိတယ်ဆိုတာတော့ ရှေ့နေကြီးတို့ပဲသိမှာပေါ့"တဲ့...။

သဃရနဲ့သူမရဲ့ အိမ်ထောင်ရေးအခြေအနေတွေက ဒီလောက်ပျံ့နှံ့ရိုက်ခတ်နေခဲ့သလား.. ။

"သမီးမှာအပြစ်မရှိပေမယ့် သမီးသာအဲ့ဒီအချိန်အဲ့နေရာမှာ ရှိမနေခဲ့ရင်..သူတို့ချင်းအဆင်မပြေဖြစ်ကြမှာမဟုတ်ဘူးလေ၊ ဒေါ်ပန်းလှိုင်သမီးငယ်ကို မကျေနပ်ဖြစ်သွားတာလည်း ဖြစ်နိုင်တာပဲ..အသွင်ကမျိုးရိုးကောင်းလူကုံထံဆဲကကိုး.."

ဒီနှစ်ယောက်ရဲ့အနာဂတ်ရှေ့မဆက်မနိုင်ခဲ့ကြသလို တစ်ခေတ်ကထောင်ကျတော့မလို ဖြစ်သွားသေးသည်။ ဒီလိုဖြစ်ရတာတွေအပေါ် ဘယ်မိဘကကျေနပ်ပါ့မလဲ.. ။

သဃရက သူမစိတ်ဖြေသာရာရဖို့ ပြောပြနေပေမယ့် စွန်းဘယ်လိုမှ ပျောက်လို့မရ၊ ထို့ပြင် မျိုသိပ်ထားလေ ပိုဆိုးလေဖြစ်လာခြင်းကြောင့်.. ။

"ဒေါ်ပန်းလှိုင် အဓိကပြောသွားတာ ရှင်ပြောတာတွေထက်ပိုတယ်.."

ဟင်.. ။

သဃရက စွန်းမျက်နှာကို ငုံ့ကြည့်သည်။ ထိုင်လျက်ကနေမျက်လွှာချထားသော်လည်း ယုက်ဖြာနေသော မျက်တောင်ရှည်တို့အောက်က ပါးပြင်ထက်မှာ မျက်ရည်တွေက အဆက်ပြတ်ပုံမပေါ်ဘဲ..။

"ဘာတွေပြောသွားလို့လဲ.."

"သမီးက ဘရိုးကင်း(န်)ဖုံ့မလီက မိန်းကလေးတဲ့.."

"ဘာ.."



"ကျွန်မတို့ဘယ်လိုနေထိုင်ကြတာလည်း သူသိနေတယ်.. လူတွေက ဘာဖြစ်လို့ဒီလောက်တောင် စပ်စုကြတာလဲ..သူများအတွင်းရေးပုတ်ခတ်ပြောခွင့်ရပြီဆိုရင်.. "

စွန်းအသံလေးတိမ်ဝင်သွားသည်။ သဃရသက်ပြင်းချလိုက် ပြီးသူမထိုင်နေသည့် ဒီဘက်အစွန်းမှာ ဝင်ထိုင်လိုက်ကာ.. ။

"သမီးကခြေလှမ်းမှားသွားမှတော့ မကောင်းပြောဖို့တွေ ဒီလိုပဲ ထွက်လာမှာပဲ..အဲ့ဒါတွေကြောင့် မင်းခံစားနေစရာမလိုပါဘူး၊ သမီးပြောတဲ့အတိုင်းမှန်ရင် တို့သမီးရဲ့ကိုယ်ကျင့်တရားကို တစ်ခေတ်နားလည်မှာပါ..သူကိုယ်တိုင်က သမီးကိုကာကွယ်ပေးချင်တဲ့ဆန္ဒရှိခဲ့တာကို ကြည့်ရင်ဒီအမှန်တရား ပေါ်လာအောင်သူကြိုးစားမှာပဲ.."

စွန်း မျက်နှာလေးတစ်ခုခုမျှော်လင့်သလို ဆတ်ခနဲမော့လာ၏။ သဃရက ဆေးတိုက်ကနေ လှမ်းကြည့်ပြီး.. ။

"ငါတို့လုပ်ရမှာက ဒီအမှုဖြစ်မလာအောင် တားဆီးဖို့ပဲ..ဒေါ်မေသွင်တို့ တစ်ခေတ်ကိုတရားစွဲလိုက်တာနဲ့ သမီးအတွက်မကောင်းဘူး.."

"ကျွန်မတို့မတားနိုင်ဘူးဆိုရင်ရော.."

"ငါတို့လည်း ရှေ့နေတွေပဲကွ.."

"အဲ့ဒီအမှုမျိုး ကျွန်မမလိုက်ဘူး.."

စွန်း ပြောလိုက်တာမှ ဟုတ်ရဲ့လားဆိုသည့် မျက်ဝန်းတွေကတအံ့တသြ.. ။

စွန်းက ရှေ့ကိုပဲစူးစိုက်ကြည့်နေရင်း ပါးပြင်နှစ်ဖက်က မျက်ရည်တွေကို သုတ်လိုက်သည်။

"ဒီလိုပြဿနာတွေဖြစ်လာရင်း နှစ်ဖက်လုံးမှာအပြစ်ရှိတယ်.."

"ဟုတ်တယ်.."

"မိန်းမသားဘက်က ထိန်းသိမ်းဖို့လိုအပ်တဲ့အတွက် မိန်းမဘက်မှာ အပြစ်ပိုရှိတယ်.."

"ဒါကတော့..မင်း.."

"ကျွန်မသမီးဖြစ်ပေမယ့် သူ့ဒီနှုံထဲက လွတ်မြောက်ခွင့်ရသင့်

www.burmeseclassic.com

www.burmeseclassic.com



မှရမယ်..သူ့ကိုလည်း ကာကွယ်သင့်မှကာကွယ်မယ်.."

"မဟုတ်ဘူးစွန်း..မင်းကိုယ့်သားသမီးကို မယုံကြည်ဘူး လား၊ သူမှားသွားတာက.."

"ဘယ်သူမှကြိုတင်ပြင်ဆင်ပြီးမမှားဘူး..မှားဖို့အတွက်အသင့်ရှိနေတဲ့လူလည်းမရှိဘူး၊ အမှားကင်းတဲ့လူမရှိဘူးဆိုတဲ့ စကားနဲ့ ကျွန်မခွင့်မလွှတ်နိုင်ဘူး.."

မျက်ရည်သွင်သွင်ကျနေခဲ့သည့် မျက်နှာနှင့်ပြောင်းလဲပြီးသည့် မျက်နှာနှစ်ခုက လုံးဝခြားနားသွားခဲ့လျက်.. ၊

"အမေ ဂရုမစိုက်ခဲ့လို့ဆိုတာ လူတွေသတိထားမိကုန်အောင် သူကြိုးစားခဲ့တာလား..ဒါမှမဟုတ် တကယ်ပဲကျွန်မကြောင့် ဖြစ်ရတာလား.."

စွန်းရဲ့ စကားသံတို့က တစ်လုံးချင်းပီပြင်ပြတ်ရှနေခဲ့ပြီး..၊

"အားလုံးအမှန်အတိုင်း သိရအောင် ကျွန်မကိုယ်တိုင် စုံစမ်းမယ်.."

## အခန်း(၄၀)

အင်းလျားကန်ရေပြင်က သင်ဖြူးတစ်ချပ်လို ပြန့်ပြူးငြိမ်သက်နေသည်။ နေ့လည်ခင်းနှင့် နီးစပ်လွန်းနေသဖြင့် ညနေခင်း၏အသွင်ကလည်း မပီပြင်သေးပေ.. ၊

နေအပူရှိန်ကြောင့် ရေပြင်ကိုဖြတ်သန်းတိုးဝှေ့လာသည့် လေငွေ့နွေးကလည်း ရင်ကိုအေးမြစေခြင်းမရှိ.. ၊

မမြန်သော မနှေးသောခြေလှမ်းတို့သည် နာရီကြည့်ရင်း ကန်ဘောင်အောက်ခြေပတ်လမ်းကို ငုံကြည့်ရင်းနှင့် ရေပြင်ဘက်ကိုကြည့်မိတော့တစ်ချက်လောက်ပဲဖြစ်သည်။

ဒါသည်လည်းစိတ်စောနေခြင်းကြောင့် မငြိမ်မသက်ဖြစ်လာခဲ့သည့် လှုပ်ရှားမှုမျိုးသာဖြစ်လေသည်။ သူမအတွက် အင်ယားကန်ရေပြင်ကို ထိုင်ကြည့်၍အချိန်ကုန်ခဲ့ဖူးတာလည်း မရှိ... ၊

ကန်ဘောင်မှာ လမ်းလျှောက်အပန်းဖြေဖို့လည်း ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဖူးပေ၊ သူမခံယူထားသည်က လူတစ်ယောက်ရဲ့ အပန်းဖြေခြင်းဟာ မိမိဆန္ဒရှိတာ တစ်ခုခုမှာပြောင်းလဲစူးစိုက်ဖို့သာဖြစ်သည်။

ထို့ကြောင့် လူတွေရှုတ်ရှုတ်ထဲရှောင်ရှားသွားလာပြီး အမှိုက်သရိုက်လွတ်ကင်းရာလေးရှာပြီး ကန်ဘောင်ဆိုတာလည်း လူတွေရဲ့ လှုပ်ရှားဆူညံမှုတွေကို ထိုးဖောက်သာယာမှုပေးနိုင်စွမ်းမရှိသော.. ၊

ရှုပ်ထွေးသည့်နေရာမှန်သမျှကို သူမစိတ်မဝင်စားပေ၊ လှမ်းနေသည့်ကိုယ့်ခြေထောက်ရှေ့ကိုကြည့်လိုက် ပတ်ဝန်းကျင်ကိုမျက်လုံးဝေ့ကြည့်လိုက်နှင့် ပခုံးကဆလင်းဘက်ခ်ကို ထပ်ဆွဲတင်ရင်း စွန်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာညိုလာသည်။

သူမ ဒီနေရာမှာတစ်ခေတ်ကိုချိန်းထားတာဖြစ်သည်။ နေပူပူပဲရှိသေးသည်။ ထီးတွေနဲ့ကာပြီး ပူးကပ်ထပ်နေကြသည့်စုံတွဲနေတွဆီပါ မျက်စိရောက်ကာ ကိုယ့်ကိုယ်ကိုတောင် မကျေမနပ်ဖြစ်လာမိ၏။

ဘာလဲ..ဒီကောင်လေးမလာဘူးလား.. ၊

နာရီကိုထပ်ငုံ့ကြည့်ပြီး ကန်ဘောင်တစ်ဆုံးသွားရတော့မှာလား တွေးလိုက်မိစဉ်.. ၊

"ဖျတ်.."

ရှေ့ကို စက္ကူလုံးလေးတစ်လုံး ဖြတ်ခနဲကျလာသည်။ ကြည့်လိုက်တော့ ပီကေအိတ်ခွံ၊ သူမသာခြေတစ်လှမ်းလောက် ပိုတိုးလိုက်မိရင် ခြေထောက်ကို ထိမှန်သွားမှာဖြစ်၏။

"ဟာ..အစ်မဆောရီး.."

ပျာပျာသလဲတောင်းပန်သံနှင့် ကန်ဘောင်အုတ်ခုံမှာ ရေပြင်ဘက်လှည့်ထိုင်နေသည့် လူငယ်တစ်ယောက်ကမန်းကတန်း ထလာပြီး.. ၊

"ကျွန်တော်ဟိုဘက်တစ်ဖက်တည်းကိုပဲကြည့်ပြီး ပစ်လိုက်မိတာ တောင်းပန်ပါတယ်ဗျာ.."

အသားဖြူဖြူခန့်ခန့်နှင့် အရပ်လည်းမြင့်သည်။ မထူမပါးဆံပင်က ပခုံးလောက်ထိဆင်း၏။ စွန်းက ထိုသူကိုခပ်စူးစူးကြည့်ကာ..၊

"မင်းက တစ်ခေတ်လား.."

"ခင်ဗျာ.."

လရောင်ရဲ့ဖုန်းထဲက တစ်ခေတ်ရဲ့ပုံကို စွန်းကသိနေပေမယ့် တစ်ခေတ်က စွန်းကိုမသိပေ၊ ထို့ပြင် လရောင်ရဲ့အမေဆိုတာ ကိုယ့်အမေလို နောက်တွဲဆံထုံးပြောင်ပြောင်တင်းတင်း အကျီလက်ရှည်ရင်ဖုံးဒါမှမဟုတ် ရင်စေ့ပွပွနှင့် ကြည့်တာနဲ့အသက်ငါးဆယ်ကျော်အရွယ်အန်တီကြီးတစ်ယောက်မှန်း သိသာစေတဲ့ ပုံစံမျိုးလို့ ထင်ခဲ့မိ၏။

တကယ်မြင်ရတော့ လရောင်နဲ့ဆင်ပေမယ့် လရောင်ကမျက်ခုံးခပ်ပြားပြား စိမ်းညို့ညို့ဖျော့ဖျော့လေးရယ်၊ ဒေါ်စွန်းဆိုတာက မျက်ခုံးတန်းတွေက ညိုမှောင်နေကာ မျက်လုံးတွေက စူးလက်နေတာအ



ရောင်ထွက်တော့မယ့်အတိုင်း.. ၊

လရောင်ရဲ့အစိတ်အပိုင်းလေးတွေက ဘာတစ်ခုမှထင်ရှားလှပတာ မရှိဘဲ ကလေးလိုချစ်ဖို့ကောင်းသည့် မျက်နှာလေးသာဖြစ်ကာ ဒေါ်စွန်းက နှာတံပိုပေါ်သည်၊ နှုတ်ခမ်းပိုထူသလိုရှိ၏။

မျက်နှာကျပုံနှင့် မဟာနဖူးလေးတွေထင်းနေတာသာ သားအမိမှန်းသိသာစေသည့်အဖြစ်မှာ မသိရင်အထက်အောက်ပဲကွာတဲ့ ညီအစ်မတွေအတိုင်း.. ၊

"ဘယ်လိုလဲ..မင်းက တစ်ခေတ်မဟုတ်ဘူးလား.."

"ဟုတ်ပါတယ်..အန်တီ.."

"မင်းကိုဒီကိုလာဖို့ ချိန်းလိုက်တဲ့ လရောင်စွန်းရဲ့အမေကငါပဲ.."

"ဟုတ်ကဲ့..သိပါပြီ.."

"ပြဿနာရှိထားခဲ့ပြီဆိုတော့ လိုရင်းပဲပြောရအောင်..မင်းနဲ့သမီး ဟိုမိန်းကလေးနဲ့ ဖြစ်ခဲ့ကြတဲ့ညက ကိစ္စကိုမင်းရဲ့သူငယ်ချင်းကျော်မင်းဦးကိုလည်းမေးပြီးပြီ..သမီးနဲ့လောလောဆယ် အနီးကပ်ဆပါင်းနေတဲ့ မင်းရဲ့ညီမထိုက်ထိုက်ဆိုတာလေးနဲ့လည်း တွေ့တယ်.."

"ဟုတ်ကဲ့..ကျွန်တော့်ဆီက အန်တီသိချင်တာ ကျန်သေးရင်မေးပါ.."

"တကယ်က မေးဖို့ကျန်ကာမှ မင်းဆီလာရမှာမဟုတ်ဘူး..အုန်းခနဲထဖြစ်ပြီး ဘာမှမဟုတ်ပါဘူးဖြစ်သွားတဲ့ မင်းတို့အရှုပ်တွေကလိုက်လို့မမီဘူးလေ..မင်းကိုဘယ်မှာရှာရမှန်း မသိတာကအဓိကပေါ့.."

"ကျွန်တော်ဘယ်မှမသွားလို့ အန်တီရှာမတွေ့တာပါ.."

"ထားလိုက်ပါတော့..မင်းတို့ချစ်သူနှစ်ယောက်ချိန်းထားတဲ့အထဲ ငါ့သမီး ကြားညှပ်ပါသွားရတဲ့အဖြစ်ကိုပြောစမ်းပါ.. ငါကသူ့အမေဖြစ်နေလို့ မင်းအားနာဖို့မလိုဘူး.."

သူ့ကိုအားနာဖို့မလိုဘူးပြောလိုက်နိုင်ပေမယ့် မေးရမည့်စကားကို ရုတ်တရက်ပြောမထွက်ဘဲ ဖြစ်သွားသေးသည်။ ပြီးမှ...၊

"သမီးကမင်းအနေနဲ့ ခွာထုတ်ရခက်လောက်အောင် ကပ်တွယ်ပါလာလို့ မပါသင့်တဲ့အဲဒီနေရာထိ ပါသွားခဲ့တာလား.."

www.burmeseclassic.com

www.burmeseclassic.com



သူမစကားရပ်လိုက်ပေမယ့် တစ်ခေတ်ကအေးစက်စက်ကြည့်ပြီး ရှုတ်တရက်မဖြေ၊ လရောင်ရဲ့အမေမို့ သိလိုက်ကာစက မျှောမျှောသလဲဖြစ်သွားပေမယ့် ခုကျတော့ သူ့ကိုမေးနေတာမဟုတ်သလိုလို..၊

"ပြောပါ ငါ့ကိုအားနာဖို့မလိုဘူးလို့ ပြောခဲ့တာပဲ..သမီးဘက်က မင်းကိုတစ်ဖက်သတ်မေတ္တာ ရှိနေခဲ့တဲ့အဖြစ်ကို မင်းအမေကစပြီး သိတဲ့လူတိုင်း ပြောနေကြတာငါတို့အတွက် ဘာမှမထူးတော့ဘူး..ဒါပေမယ့် ငါ့သမီးက အဲ့ဒီလိုမိန်းကလေးဆိုတာ.."

"ဆောရီးပါဒ.န်တီ..မေမေအန်တီ့ဆီ ရောက်သွားတယ်ဆို တာ ကျွန်တော်ပြီးမှသိခဲ့ရတာ..ဘာတွေပြောလာနိုင်သလဲဆိုတာလည်း ခန့်မှန်းမိပါတယ်..အဲ့ဒီအတွက်ကျွန်တော်ကပဲ.."

"ငါ ဒီထိမင်းကိုလာတွေ့တာ မင်းအမေရဲ့မစာမနာစကားတွေအတွက် ပြန်တောင်းပန်ခိုင်းဖို့ မဟုတ်ဘူး.."

"ကျွန်တော်ကလည်း တောင်းပန်ခိုင်းတိုင်း တောင်းပန်ပေးမယ့်လူမဟုတ်ဘူးအန်တီ..မေမေ့အတွက် တောင်းပန်ခဲ့တာစိတ်ရင်းနဲ့ပါ..ပြီးတော့ ပြောချင်တာက ကျွန်မတော့်စေတနာကိုအန်တီစော်ကားခွင့်ရှိတယ်၊ လရောင်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့စကားမျိုးဆိုမပြောသင့်ပါဘူး.."

"ဘာကွ.."

"လရောင်ကို အန်တီဒီထက်ယုံကြည်မှု ရှိစေချင်တယ်..ကျွန်တော်ကတော့ သူဘယ်လောက်ထိ ဖြူစင်တယ်ဆိုတာ သေချာသိနေတဲ့အတွက် သူ့အတွက်ကာကွယ်ပေးခဲ့တာ.."

ဘာကာကွယ်ပေးခဲ့တာလဲ၊ သမီးခုလို အရှက်တကွဲဖြစ်ရ တာ ဘယ်သူ့ကြောင့်လဲ.. ၊

"အဲ့ဒီညက သူလည်းကျွန်တော့်ဆီလာတာမဟုတ်ဘူး..ကျွန်တော်က သွားတာလည်းမဟုတ်ဘူး၊ နောက်ပြီးလရောင် အလှူအိမ်လည်းမသွားခဲ့ဘူး.."

စွန်းမျက်ခုံးတွေ တွန့်ကုတ်နေတဲ့အထိ တစ်ခေတ်ပြောပြသည့်အကြောင်းအရာအပေါ်မှာ အာရုံစိုက်ထားမိသည်။ တစ်ခေတ်ကလည်း လိုရင်းကိုပဲ ပြောပြခဲ့လျက်.. ။



"အန်တီတို့အိမ်ထောင်ရေးဂယက်ကြောင့် သူစိတ်ထိခိုက်နေတယ်.. အထီးကျန်အားငယ်နေတဲ့ လူတစ်ယောက်က သူ့ကိုအားပေးယုံကြည့်တဲ့သူ ရှိလာရင်ခင်တွယ်တတ်ကြတယ်..လရောင်နဲ့ကျွန်တော်ခင်မင်ခဲ့တာ အဲ့ဒါပါပဲ..တခြားလူတွေ သွားပုတ်လေလွင့် ဘာတွေပြောပြော အန်တီကတော့ သူ့ကိုယုံကြည်ပေးသင့်တယ်၊ ခုချိန်မှာအန်တီရဲ့ ရပ်တည်ပေးမှုတစ်ခုပဲ သူ့အတွက်လိုအပ်တာ.."

"နေပါဦး..မင်းက ငါတို့မိသားစုအရေးကို ဝေဖန်နေတာလား.."

"မဟုတ်ပါဘူး..အန်တီ့သမီးက ကျွန်တော့်အရင်းနှီးဆုံးသူငယ်ချင်းဖြစ်နေလို့ သူစိတ်ချမ်းသာစေမယ့် အကြောင်းထောက်ပြတာပါ..ကျွန်တော် ဒီကိုအစောကြီးတည်းက လာစောင့်နေခဲ့တာလည်း အန်တီမေးတာတွေ ဖြေချင်လွန်းလို့မဟုတ်ဘူး.."

စွန်းရဲ့ မျက်လုံးတွေမှာ ဒေါသရောင်ကြောင့် စူးရဲလာ၏။

"လရောင်အတွက် တစ်ခုခုလုပ်ပေးချင်လို့..ပြီးတော့ ကျွန်တော့်ကို ချိန်းလိုက်တာလည်း လရောင်ရဲ့အမေဖြစ်နေလို့ ကျွန်တော်အကူးတကလာစောင့်နေတာ.."

"ကောင်းပြီ..ပြောနေတာတွေကမင်းစိတ်ရင်းဆိုရင် ငါ့သမီးကို ငါမယုံမကြည်ဖြစ်ခဲ့မိတာ ငါမှားတယ်၊ ငါ့သမီးရဲ့ဂုဏ်သိက္ခာကို မင်းတကယ်တန်ဖိုးထားတယ်ဆိုတာလည်း ငါယုံကြည်တယ်..ဆိုလိုတာက မင်းနဲ့အဲ့ဒီမိန်းကလေး ပြဿနာကြီးမားသွားသည်ဖြစ်စေ ပျောက်ကွယ်သွားသည်ဖြစ်စေ နောက်ထပ်ငါ့သမီးရဲ့နာမည် ပါမလာအောင် မင်းကာကွယ်ပေးဖို့ပဲ.."

တစ်ခေတ်က ဘာမှမပြောဘဲစိုက်ကြည့်နေ၏။ အတွင်းခံစွပ်ရှပ်အနက်ရောင်နှင့် ခေါင်းစွပ်ပါသောအဖြူအနက်ကွက်အပေါ်ထပ်အင်္ကျီကို ဝတ်ထားသည့် တစ်ခေတ်ကို စွန်းကလည်းအကဲခတ်နေခဲ့သည်။

ပြီးတော့ အင်္ကျီစနစ်ဖက်ကို သိမ်း၍ ဘောင်းဘီအိတ်ထဲထည့်လိုက်တဲ့အထိ တိတ်ဆိတ်စွာစောင့်နေခဲ့၏။ တစ်ခေတ်က ခဏကြာမှ သူ့ခြေဦးထိပ်က ကွန်ဂရစ်ခဲလေးကို လူတွေသွားတတ်ရာ ခပ်

www.burmeseclassic.com

www.burmeseclassic.com



လေးလေးလွဲကန်လိုက်ပြီး.. ၊

"ရော့..ဒါလေးဖွင့်ကြည့်ပေးပါ.."

ဘောင်းဘီထဲက လက်ထုတ်လိုက်တော့ ဖုန်းပါလာသည်၊ သူကိုယ်တိုင် မက်ဆေ့ချ်တစ်ခုကို ဖွင့်လိုက်ပြီးကမ်းပေးကာ.. ၊

"အဲ့ဒါ သူပို့လိုက်တာ..အန်တီမရောက်ခင်လေးပဲ.."

သူဆိုတာ လရောင်ကိုပြောလိုက်သည်ထင်ကာ၊ စွန်းမျက်နှာ ပျက်သွားသည်။ ဒါပေမယ့် ကြည့်လိုက်တော့လရောင်မဟုတ်ပေ.. ၊

*** ဒီ msg ကိုဖတ်ပြီးရင်တော့ ခေတ်ရဲ့အဖြေကို အသွင် သိချင်တယ်၊ အသွင်မှားသွားတယ်ဆိုတာ နားလည် ပေးနိုင်ရင် အသွင့်ကိုခေတ်ပြန်လက်ခံပေးပါ ဒါဆို မိဘတွေမကြည်ဖြူတဲ့ ပြဿနာက တို့နှစ်ယောက် ကြားကို တိုးမဝင်နိုင်တော့ပါဘူး ***

*** ပြဿနာတွေ အားလုံးပြီးသွားချင်တယ်. ခေတ်နဲ့ပဲအတူ တူနေချင်တယ်၊ ထပ်တောင်းပန်ပါတယ်. ချစ်လို့သဝန်တိုစိတ်နဲ့ မှားမိတာ ခွင့်လွှတ်ပေးပါ ***

မက်ဆေ့ချ်ကို ဖတ်ပြီးမှ ပြီးခဲ့တဲ့နေ့စွဲတွေကို ဆွဲချကြည့်မိ သည်။

*** အသွင်တောင်းပန်ပါတယ်ခေတ်ရယ်. တကယ်တမ်း ဝေးရတော့မယ်ဆိုတော့ ခေတ်ကိုအဆုံးရှုံးမခံနိုင်ဘူး၊ ***

*** ခေတ် သူငယ်ချင်းတွေကို အဆက်အသွယ်ဖြတ်ထား တာလားဟင်. လိုင်းပေါ်မှာလည်း မတွေ့ဘူး ***

ဒါကမနေ့ကပို့ထားသည့် မက်ဆေ့ချ်ဖြစ်သည်။ နောက်ထပ် နှစ်ခုက.. ၊

"ကျွန်တော့်ကို ဖုန်းပြန်ပေးနိုင်မလားအန်တီ.."



"ဟင်..အဲ့ ဆောရီးပါ.."

နောက်ထပ်မက်ဆေ့ချ်ကို ဖတ်ဖို့မျက်လုံးရောက်သွားသေး သည်။ ခေတ်က လက်ဖြန့်တောင်းလိုက်မှ သူ့ကြည့်စေချင်တာထက် ပိုကြည့်နေမိမှန်း သတိရကာ၊ ကမန်းကတန်းပြန်ပေး၍ တောင်းပန်မိ၏။

ခေတ်က မရယ်ပေမယ့် ပြေပြစ်သည့်မျက်နှာနှင့်ခေါင်းညိတ် သည်။ ဒီကောင်လေးမျက်နှာသည် မျက်လွှာချထားတာတောင် နှုတ် ခမ်းတွေကနေ မာန်မာနတို့ကို ပြနေသကဲ့သို့.. ၊

"ဒီပြဿနာနဲ့ပတ်သက်နေတဲ့အကြောင်းတွေမို့လို့ စိတ်ဝင် စားသွားလို့ပါ..ဆောရီး.."

"ကျွန်တော်ကလည်း ဖုန်းကွယ်ထားချင်လို့မဟုတ်ပါဘူး.. ကျွန်တော်ပြောချင်တဲ့ စကားအတွက် အန်တီအားလုံးဖတ်စရာမလိုလို့ ပါ.."

တစ်ခေတ်ကဖုန်းကို အိတ်ထဲပြန်ထည့်၍ ထိုလက်ကိုဒီတိုင်း ထုတ်ဘဲ စွန်းကိုကြည့်လိုက်သည်။ ပြီးမှ.. ၊

"လရောင်ရဲ့ဂုဏ်သိက္ခာကို လေးစားပါတယ်..ဒါပေမယ့် ကာ ကွယ်ပေးဖို့ဆိုတာကတော့ အတိုင်းအတာရှိတယ်အန်တီ.."

"မှန်ပါတယ်..မင်းအနေနဲ့ သမီးနဲ့လည်းဘာမှသက်ဆိုင် တာ မဟုတ်တော့ နေသာမှန်းသိတယ်..ဒါပေမယ့်အသွင်ပို့ထားတဲ့ မက် ဆေ့ချ်တွေ အရဆိုမင်းဘက်က အိုခေလိုက်ရုံပဲလေ.."

စွန်းမျက်နှာကို သေချာကြည့်ပြီးမှ ခေါင်းခါလိုက်သည်။

"ကျွန်တော် အဲ့လိုလုပ်မှာမဟုတ်ဘူး.."

ဟင်.. ၊

စွန်းနားမလည်သလို ကြောင်တောင်တောင်ကျန်ရစ်၏။ သို့ သော်.. ၊

"ဟော့..ဟော့နေဦး.."

လှည့်ထွက်သွားသည့် တစ်ခေတ်ရှေ့ကိုရောက်အောင် သွား ခံလိုက်ပြီး.. ၊

"အသွင်ကမင်းချစ်သူပဲ..မင်းတို့ခိုးကြဖို့ထိလည်း သေချာပြီး

www.burmeseclassic.com

www.burmeseclassic.com



သား၊ သူနဲ့လက်ထပ်ဖို့ ဘာဖြစ်စရာရှိလို့လဲ.."

"ချစ်သူဖြစ်နေကြတိုင်း ချစ်ကြတာမဟုတ်လို့ဖြစ်မယ်.."

ပြောရင်း ပခုံးတစ်ချက်တွန့်လိုက်ပြီး.. ၊

"ခုလို ကိုယ်နဲ့မသက်ဆိုင်တဲ့ လူငယ်တွေရဲ့အချစ်ရေးမှာ ပါဝင်အကြံပြုတဲ့အတွက် အန်တီ့ကိုကျေးဇူးတင်ပါတယ်.."

စွန်းမျက်နှာ ဖျန်းခနဲရဲတက်သွားသည်။ တစ်ခေတ်ကပြုံး၍..

"ကျွန်တော့်ကို ခွင့်ပြုပါဦး.."

နှုတ်ဆက်ပြီး လှည့်ထွက်သွားသည့် ခြေလှမ်းတွေက ဘယ်သူ့တားတားရပ်တန့်မှာ မဟုတ်တော့သလိုမြန်ဆန်စွာ.. ၊

ကိုယ့်ကို တိုက်ရိုက်ပစ်ခွင်းသွားတာပေမယ့် စွန်းဘာမှမပြောလိုက်နိုင်ဘဲ ကျန်ရစ်ခဲ့၏။

ဒါပေမယ့် သိနေခဲ့သည်။ ဒီကောင်လေးပြောသွားတာကို သူမသိနေသည်။

ဒါပေမယ့် မဖြစ်နိုင်.. ၊



အခန်း(၄၁)

"ကိုကို.."

"ဟင်..ရေချိုးမလို့လား၊ နှင့်အခန်းထဲမှာ ရေမလာဘူးလား.."

ရေချိုးခန်းဝင်ခါနီးမှ နေသရကပြန်လှည့်ကြည့်ပြီး လရောင်နှုတ်ခမ်းလေးကိုလည်း စမ်းသည်။

"မဟုတ်ပါဘူးကိုကိုကလည်း..မေမေနဲ့ဖေဖေ မနက်ဖြန်ရုံးချိန်းရှိတယ်ကြားလို့.."

"ကိုကိုမသိဘူးလေ..ရှိချင်လည်းရှိမှာပေါ့၊ ဘာဖြစ်လို့လဲ.."

လရောင်က အဖြူရောင်လက်ရှည်အင်္ကျီပွပွ ဘောင်းဘီရှည်ပွပွလေးနှင့် မျက်နှာလေးကလည်း ဖြူဖျော့ဖျော့လေးဖြစ်နေကာ.. ၊

"ဖေဖေနဲ့မေမေ တရားလိုနဲ့တရားခံတစ်ဖက်စီမှာ ရပ်တည်ရင်ဆိုင်နေရသမျှ ဘယ်တော့မှမသင့်မြတ်ကြမှာ မဟုတ်ဘူး..လရောင်သိတယ်.."

"အခု အရင်လိုမဟုတ်တော့ဘူးညလေးရာ..မေမေလည်း နင့်ကိုဂရုစိုက်နေတာပဲ၊ နင့်ကျန်းမာရေးကိုပဲ ဂရုစိုက်စမ်းပါ.."

"ညလေးကရော ဘာဖြစ်နေလို့လဲ.."

"နင့်ကိုယ်နင် မှန်ထဲပြန်ကြည့်လေ.."

ခေါင်းက ဒဏ်ရာလည်းအကင်းသေပျောက်ကင်းသွားပြီ ဖြစ်သည်။ ဖျားနာခဲ့တာလည်း မဟုတ်ဘဲ ပြဿနာပြီးခဲ့တာ တစ်လနီးပါးရှိခဲ့တဲ့အထိ လရောင်ကဖြူဖက်ဖက်နွမ်းယှဲ့ယှဲ့လေးရှိဆဲ.. ၊

"သမီးရေ..သမီးအခန်းထဲက ဖုန်းမြည်နေတယ်ကွယ်.."

ဒေါ်အေးသိန်း အနားရောက်လာပြီးပြောတော့ စကားမဆက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ဘဲ လရောင်ပြန်ထွက်လာခဲ့သည်။ သူမဝင်လာတော့ ဖုန်းမြည်သံလည်း ပြတ်ကျသွားသည်။ ဖုန်းကိုင်ဖို့လည်း စိတ်မရှိဘဲ မှန်ရှေ့ကို အရင်သွားရပ်မိ၏။

မျက်နှာသွယ်သွယ်သည်ဆိုတာခုမြင်ရတော့ မေးဖျားလေးတောင် ချွန်နေသလိုထင်ရသည်။ မျက်ခုံးထူထူလေးတွေကြောင့်လား တကယ်ပဲ ပိန်ကျသွားတာလားမသိ.. ၊

မျက်ခွံမို့မို့တွေလည်း ပျောက်ဆုံးနေခဲ့၏။ နဂိုကကော့ထင်းနေသည့်နှာတံက ပို၍ပေါ်လွင်နေကာ မျက်နှာတစ်ခုလုံးမှာ နှာခေါင်းပဲ မြင်ရသည်လို့ပြောရမယ့်အဖြစ်မျိုး.. ၊

သဘာဝအညိုရောင်ရင့်ရင့်နှင့် ပါးလျသောဆံပင်တွေက ကျောလယ်မရောက်တရောက်မှာ မသေမသပ်နှင့်.. ၊

"မင်းက အရမ်းဖြူစင်တယ်လရောင်..မင်းကိုယ့်ကြောင့် အစွန်းအထင်းမဖြစ်စေရဘူးဆိုတာ ကိုယ်ကတိပေးတယ်.." တဲ့.. ၊

'မင်း လှပါတယ်..'လို့ တစ်ခါမှမပြောခဲ့ဖူးပေမယ့် ဖြူစင်တဲ့အကြောင်းတော့ ကိုခေတ်နှုတ်ဖျားက ခဏခဏကြားရတတ်သည်။

သူ ဘာကိုပြောတာလဲ၊ လရောင် တိတ်တခိုးမေတ္တာရှိနေမိတာ မရိုးသားတာပဲမဟုတ်ဘူးလား၊ ဒါကို ဖြူစင်စေချင်လို့ သူ့စိတ်ရင်းမှန်ကို ချပြနေတာလား.. ၊

"နင် သူ့ကိုတိတ်တိတ်လေး ချစ်နေတယ်ဆိုတာ ကိုခေတ်သိတယ်လရောင်..အဲ့ဒါငါပြောရဲတယ်၊ ဒီလိုကိစ္စမျိုးက ဖွင့်ပြောစရာမလိုဘူးဟ၊ နှလုံးသားချင်းခံစားမိတယ်..အသွင်ကနင့်ကိုမြင်တိုင်း မျက်နှာတင်းနေတတ်တာ သတိမထားမိဘူးလား..အဲ့ဒါလည်း သူတစ်ခုခု ခံစားမိနေလို့ပဲ.."

ဒီစကားမျိုးကို ထိုက်ထိုက်ပြောခဲ့ဖူးတာ တစ်ခါမကပေ၊ ထို့ကြောင့်လည်း သိသိသာသာကြီးတော့ မဖြစ်စေချင်တာမို့ သူမတတ်နိုင်သမျှ နောက်ဆုတ်ခဲ့တာပါ.. ၊

ချစ်တဲ့စိတ်ကို တားဆီးမရနိုင်သော်လည်း ဣန္ဒြေသိက္ခာ ဆိုတာရှိနေသေးသည်။ ထို့ပြင် ကိုခေတ်ကိုတကယ်ချစ်မိလာလေ ကိုခေတ်ကိုအထင်သေးမှာ စိုးရိမ်မိလေ.. ၊



အတွေးတွေနဲ့ မှန်ရှေ့မှာရပ်နေ ါစဉ် ဖုန်းသံပြန်မြည်လာ၏။ ရှုတ်တရက်မကိုင်ရဲဘဲ ဒီတိုင်းယူကြည့်လိုက်မိသည်။

ခေါ်နေတာ တစ်ခေတ်ဖြစ်နေ၏။ ဒီဖုန်းသည်လည်း မကိုင်သင့်သော ဖုန်းပဲဖြစ်လေသည်။

"သူ့အမေက သမီးနဲ့မေမေတို့ရဲ့ ဂုဏ်သိက္ခာကိုလက်ညှိုးထိုးပြီး သဘောမတူပါဘူးလို့ ပြောင်ပြောင်တင်းတင်းပြောသွားခဲ့တာ သမီး–မေမေတို့မျက်နှာကို ထောက်ထားတယ်ဆိုရင် ဒါမှမဟုတ် သမီးဂုဏ်သိက္ခာကို တန်ဖိုးထားရင် သူ့ကိုမေ့လိုက်ပါ.."တဲ့.. ၊

ဒီဖုန်းကို သူမ ကိုင်လို့မဖြစ်ပါ.. ၊

ဖုန်းကိုသေချာငုံ့ကြည့်နေရင်း ကိုင်ထားမိသည့် လက်တွေ ပါတုန်၏။ ပြီးတော့ အိပ်ရာခင်းအစပ်မှာ ထိုင်ချမိရင်း မျက်ရည်တွေပါ ဆလာခဲ့သည်။

မလွမ်းနဲ့.. ၊

ဒီလူက နင်နဲ့မဖြစ်နိုင်တော့တဲ့လူ.. ၊

သုံးခါခေါ်တဲ့အချိန်မှာ မပြီးခင်ဘဲ ဖြတ်ချပစ်လိုက်သည်။ ထိုစဉ် စွန်းကနွားနို့ပူပူနှင့် ဖန်ခွက်လေးကိုကိုင်၍ အခန်းဝကနေ လှမ်းဝင်လာကာ.. ၊

"ဘယ်သူ့ဖုန်းမို့လို့လဲ သမီး.."

"မေမေ.."

လရောင်ကိုယ်လေး တွန့်ခနဲဖြစ်သွားသည်။ ပြီးတော့ ဖုန်းကိုထိတ်ထိတ်ပျာပျာနှင့် ခေါင်းအုံးအောက်ထိုးထည့်၏။ နို့ခွက်ကို စားပွဲပေါ်ချလိုက်ပြီး စွန်းကလရောင်ဘေးမှာ ဝင်ထိုင်၍.. ၊

"တစ်ခေတ်ဆီကလား.."

"ဟင်..အဲ ဟုတ်.."

"သုံးလေးခါခေါ်နေတာ သူဘာပြောချင်လို့လဲကိုင်လိုက်ဆ.."

သုံးလေးခါရှိနေပြီဆိုတာ မေမေဘယ်လိုသိနေတာလဲ.. ၊

ဖုန်းပြောခွင့်ပြုတာကိုလည်း မယုံနိုင်.. ၊

စွန်းကိုလရောင်က ငေးကြည့်နေပြီးမှ ခေါင်းခါ၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သမီး မကိုင်ချင်ဘူး.."

"ဘာဖြစ်လို့လဲ.."

"မေမေမကြိုက်ဘူးမှတ်လား..သမီးအတွက်မေမေလိုက်လျှော ပေးဖို့ ကြိုးစားနေတာ သမီးသိတယ်.."

"မေမေလိုက်လျှော့တာကို သမီးကမလိုဘူးလို့ ပြောချင်တာ လား.."

ဆံပင်တွေပါအောင် ခေါင်းလေးခါလိုက်မိကာ.. ။

"မဟုတ်ပါဘူးမေမေရယ်..မေမေဖြစ်စေချင်တာမဖြစ်စေချင် တာတွေကိုသမီးက မျှော်လင့်နေတာပါ၊ မေမေ့စကားတိုင်းကို သမီး တန်ဖိုးထားတယ်.."

စွန်းရင်ထဲနင့်သွားသည်။ လရောင်ရဲ့ပခုံးလေးကိုဖက်၍ ရင် ခွင်ထဲဆွဲယူထားမိကာ.. ။

"မေမေ့ကြောင့် သမီးခံစားခဲ့ရတယ်ဆိုတာ မေမေသိပါတယ်၊ သားနဲ့သမီး မေမေ့လိုဥပေက္ခာမျိုးနဲ့ မေမေ့ကိုပြန်ပြီးမဆက်ဆံတဲ့အ တွက် ဝမ်းလည်းသာတယ်.. ရှက်လည်းရှက်မိပါတယ်၊ တကယ်ဆို မေမေ အရမ်းကိုကလေးဆန်ခဲ့မိတယ်.."

"မေမေ့ဝါသနာကို ကိုကိုရောသမီးရောနားလည်ပါတယ်.. ဟို အရင်တုန်းက သမီးတို့ကြောင့် မေမေ့စိတ်ကူးတွေ ပျက်စီးခဲ့ရတယ်- သမီးတို့အပြောအဆိုမတတ်လို့ ဖေဖေ့ကိုအထင်လွဲပြီး မုန်းခဲ့တာရော- အဲ့ဒါတွေကို သမီးတို့သိနေတာပဲ.."

"အဲ့ဒါတွေမပြောနဲ့တော့နော်..အခု သမီးမေမေ့စကားကို နား ထောင်မယ်ဆိုတာ မေမေယုံကြည့်ပါပြီ..ပြီးတော့ သမီးကမေမေထင် တာထက် ပိုပြီးရင့်ကျက်မှုရှိတယ်..သမီးလွတ်လပ်သလိုနေပါ၊ ခင်ချင် တဲ့လူနဲ့ခင်..ပြောချင်တဲ့လူနဲ့ပြော၊ သတိတော့မလွတ်စေနဲ့ပေါ့.."

"ဟုတ်..မေမေ.."

သမီးဆံစလေးတွေကို ပွတ်သပ်ပြီးနဖူးလေးကို နမ်းလိုက်မိ သည်။ လရောင်မျက်နှာလေး ပြုံးကြည်သွားကာ စွန်းရဲ့ပါးကိုပြန်နမ်း ၏။ ပြီးတော့ ခါးကိုဖက်ထားကာ.. ။

"မေမေ ဖေဖေနဲ့စကားထပ်များလည်း သမီးကိုဒီတိုင်းပဲ ချစ်



သွားမှာမို့လားဟင်.."

သမီးရယ်.. ။

မဖြေဘဲ စိုက်ကြည့်နေသည့်မျက်နှာကို လရောင်ကအကဲခတ် မဆုံးရှိလျက်.. ။

"မနက်ဖြန် ဖေဖေနဲ့မေမေ.."

"မေမေတို့ အရင်လိုမဖြစ်ကြဖို့ ဆုံးဖြတ်ထားပြီးပါပြီ၊ ဖြစ်တဲ့ အခါမျိုး ရှိလာရင်တောင် မေမေကသားနဲ့သမီးအပေါ် ဘာကြောင့်မှ ငြိုငြင်မှာမဟုတ်ဘူး.."

"အဟွန်း.."

စွန်းရဲ့ရင်ဘက်ကို နမ်းလိုက်ပြီး ကလေးတစ်ယောက်လိုပျော် သွားပုံလေးက စွန်းရဲ့ရင်ကို အေးမြသွားစေ၏။

ထိုစဉ် နောက်ထပ်ဖုန်းမြည်လာလျှင်.. ၊

"ဒီလောက်ခေါ်နေတာ ပြန်ဖြေလိုက်ပါ.."

နဖူးလေးသပ်၍ပြောရင်း၊ နေရာမှထရပ်လိုက်ကာ.. ။

"နို့တွေအေးကုန်ရင် သိန်းသိန်းကိုပြန်နွေးခိုင်းနော်၊ ခဏကြာ ရင် မေမေလွှတ်လိုက်မယ်.."

ပြောခဲ့ပြီး စွန်းအပြင်ထွက်လာခဲ့သည်။ သို့သော် သမီးရဲ့ဖုန်း ပြောသံကြောင့် အခန်းပြင်ရောက်ကာမှ ခြေလှမ်းတုံ့သွားမိသည်။

"ဟုတ်..ကိုခေတ်.."

"........ ...... ........."

"ဟင့်အင်း..အဲ့လိုမဟုတ်ပါဘူး၊ ပြဿနာတွေဖြစ်ထားတာ မကြာသေးဘူးလေ၊ ပြီးတော့.."

"........ ...... ........."

"အသွင်ပြောတာလည်း မလွန်ပါဘူး..ဒါနဲ့ ကိုခေတ်က သူ့ ကိုဘာဖြစ်လို့လမ်းခွဲစကားပြောလိုက်တာလဲဟင်၊ လရောင်ထင်တာ တော့ လရောင်ကြောင့်သဝန်တိုစိတ်နဲ့ ကိုခေတ်ကို.."

"........ ...... ........."

"သူဘာပြောသွားလဲမေးမနေပါနဲ့ကိုခေတ်ရယ်..ကိုယ့်ချစ်သူ ကို ဆုံးရှုံးလိုက်ရရင် ဘယ်သူဖြစ်ဖြစ် ကြေကွဲကြမှာပဲ..လရောင် နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပါတယ်၊ ဖြစ်သွားရတာလည်း လရောင်ကြောင့်ပဲ.."

"........ ...... ........."

"ထားလိုက်ပါတော့..နောက်ထပ်ပြီး လရောင်တို့မဆက်သွယ်ကြတော့ဘူးနော်.."

"........ ...... ........."

"ဟင့်အင်း..မဟုတ်ပါဘူး၊ ဒါပေမယ့် မေမေနောက်ထပ်လရောင်ကြောင့် မျက်နှာမငယ်စေချင်တော့လို့ပါ..ဒီပြဿနာမှာ လရောင်ဘက်က ရပ်တည်ပေးတဲ့အတွက် ကိုခေတ်ကိုကျေးဇူးတင်ပါတယ်.."

"........ ...... ........."

"အဲ့လိုမဟုတ်ပါဘူး..ဟို၊ မပြောတတ်တော့ဘူးကိုခေတ်ရယ်..ဒါပဲနော်.."

ဖုန်းချလိုက်ပြီမှန်းသိကာ စွန်းနောက်ပြန်ဆုတ်၍အထဲကို လှမ်းကြည့်လိုက်မိသည်။

ဖုန်းကိုင်ထားလျက်ပဲရှိသေးကာ လရောင်ကမျက်ရည်သုတ်နေ၏။ စွန်းမျက်မှောင်ကုတ်သွားမိသည်။

မရိုးသားကြတာလည်းမဟုတ်ဘဲ ဘယ်လိုဖတ်သက်မှုမျိုးတွေလဲ.. ၊

အခန်း(၄၂)

ထမင်းဝိုင်းမှာ မိသားစုတွေစုံနေပြီးမှ စွန်းကဖုန်းထပြောနေသည်။

"စားကြလေ..သားတို့စားနှင့်ကြ.."

ကလေးတွေစားလို့ရအောင် သရက ဦးဆောင်ပြီးစားလိုက်သည်။ နေသရက ဗိုက်ဆာနေပြီမို့ စွန်းကိုတစ်ချက်တော့ လှမ်းကြည့်ပေမယ့် ဝက်ပုန်းရည်ကိုလှမ်းခပ်ပြီး သရပန်းကန်ထဲဦးချလိုက်သည်။

"စား.."

သရက ခေါင်းညိတ်ပြကာ၊ လရောင်ပန်းကန်ထဲကို ပဲပင်ပေါက်ပဲပြားကြော်ကို လှမ်းထည့်ပေး၍.. ၊

"စားလေ..သမီးမေမေက တစ်ခါတလေကြာတတ်တယ်.."

"ဟုတ်.."

စားဖို့တော့ ဇွန်းခပ်ရင်းကို ကိုင်လိုက်ပေမယ့် လက်လှမ်းမီရာ စွန်းပန်းကန်ထဲကိုပဲ ဦးချပြီး စားဖို့ကျတော့ မစားဖြစ်.. ၊

"ညလေး..စားလေဟာ၊ မေမေလာမှာပါ.."

"ဟင့်အင်း..မေမေ့ကိုစောင့်ဦးမယ်.."

သရ ထမင်းစားနေရင်း လရောင်ကိုမျက်လွှာပင့်ကြည့်သည် အိမ်မှာ မိသားစုထမင်းဝိုင်းဖွဲ့ဖို့ သေချာကြိုးစားခဲ့တိုင်း ပြီးပြည့်စုံတယ်ဆိုတာ ရှိခဲ့လို့လား.. ၊

မိဘကဒါဆို သားနဲ့သမီးက ဒါပဲနာခံသည်။ ပျက်ကွက်သောကမိဘ၊ ဒီထဲမှာသူ့ဘက်ကတော့ မပျက်ကွက်အောင် ကြိုးစားခဲ့တာပဲ..၊

"မင်း ဒီလောက်အရေးမကြီးသင့်တော့ဘူး.."

စိတ်တိုလာတာနှင့် ထမင်းစားလက်စကို ထားခဲ့ပြီး သူမဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့် ကော်ရစ်ဒါထိ လိုက်သွားပြီးဆွဲခေါ်လာခဲ့သည်။

"ရှင့်..အင်း၊ ဟာလို နောက်မှပြန်ဆက်လိုက်မယ်.."

သူ ဆွဲခေါ်လာတဲ့အတိုင်း ရုန်းတောင်မရုန်းအားဘဲ ဖုန်းက တစ်ဖက် ခလုတ်မတိုက်အောင်ထိန်းရတာတစ်ဖက်နှင့်.. ၊

"သရ..ရှင် အဲ့လိုမလုပ်.."

စိတ်လိုက်မာန်ပါ ပြောချလိုက်ဖို့ပြင်တော့ ထမင်းစားခန်းထဲ ရောက်ပြီဖြစ်ကာ.. ၊

"ဒီမှာသမီးက မင်းကိုဗိုက်နှိပ်ပြီး စောင့်နေတာ.."

ဖအေက ဆွဲခေါ်လာတာမြင်တော့ စိုးရိမ်သည့်မျက်နှာလေး လည်းဖြစ်လျက် တောင်းပန်သလိုလေးပြုံးလိုက်တော့ စွန်းရဲ့ဒေါသတွေ တဖြုတ်ဖြုတ်ပျောက်ကွယ်သွားခဲ့၏။

"ဘာလို့စောင့်နေတာလဲသမီး..မေမေက အလုပ်ကိစ္စပြောနေ တာလေ.."

"ထမင်းလုတ်ပါးစပ်နားရောက်မှ ထပြောတာလည်း ဒီ လောက်ကြာအောင် ပြောရလားကွ.."

စွန်း ဒေါသထောင်းခနဲထွက်သွားသည်။ ကလေးမျက်နှာ ကြောင့်မျိုသိပ်ထားလိုက်ရတာကို သင်းကမာန်တွေတက်နေသည်။

"စားလေမေမေ..ဒီမှာမေမေကြိုက်တဲ့ ငါးသလောက်ဥဆီပြန် သမီးဦးချထားတာ.."

"အင်း သမီးလည်းစားလေ၊ ရော့..သားကစားလို့တောင် ပြီး တော့မယ်..ဒါဘာလေးလဲ.."

သားအကြိုက်မသိပေမယ့် ငါးကိုရှောင်ကို အသားတစ်ခုခု ဆီလက်လှမ်းမိသည်။ ဘာမှန်းလည်းမသိ.. ၊

"အဲ့ဒါဆိတ်ကလီစာမေမေ.. ကိုကိုမကြိုက်ဘူး.."

"ဟင်.."

"ကိုကိုက ဝက်ပုန်းရည်နဲ့ပုဇွန်အစိမ်းသုတ်ကြိုက်တာ..ဒီမှာ လေ သမီးလုပ်ပေးထားတာ.."

"သင်ပေးလိုက်သမီး..အဲသက်သာလေးဆယ်ကျော်လာတာ ခုထိဘာမှ.."



"အတိသရ.."

"မပြောပါဘူး..မင်းလောက်ကောင်းတာ ဘယ်သူ့မှမရှိ တာ.."

ကြည့်စမ်း.. ၊ ဒေါသဖြစ်လွန်းလို့ ပါးစပ်ထဲဝင်သွားသည့် ထမင်းနဲ့ဟင်းကပဲ ခါးနေသလိုလို.. ၊

"မေမေ.."

"ဟင်.."

"လာမယ့် ခြောက်လပိုင်းနှစ်ဆယ့်လေးရက်နေ့က အဲ..နှစ် ဆယ့်သုံးရက်နေ့က ဘာနေ့လဲဟင်.."

သားကြီးရဲ့မွေးနေ့.. ၊ တစ်ဆက်တည်း သတိရသွားတာက သားကြီးနဲ့သရရဲ့ မွေးနေ့က တစ်ရက်ပဲကွာသည်။ သရကခြောက်လ ပိုင်း နှစ်ဆယ့်လေးရက်.. ၊

"သားကြီးအတွက် ဖေဖေကမွေးနေ့လက်ဆောင် ပြင်ထားပြီး ပြီ.."

'မင်းက ဘာပြင်ထားတာရှိလဲ..'လို့မေးချလိုက်သလို စွန်း မျက်နှာပူသွားသည်။

"ဖေဖေတကယ်လား.."

"ညာစရာလားကွ..ကပ်နေပြီဥစ္စာ.."

စားလက်စကို မြန်မြန်ဝါးမျိုနေရင်း လက်စသတ်လိုက်ကာ နေသရ မျက်နှာကြီးကိုပြုံးဖြီးနေလျက်.. ၊

"ဖေကြီးအတွက်တော့ သားက မစဉ်းစားရသေးဘူး၊ အပွန်း အားနာစရာကြီး.."

"ကောင်းပါတယ်..မသိတတ်ရမယ့် ဝတ္တရားသားသမီးတိုင်း မှာရှိတယ်.."

သရက ခပ်ပြုံးပြုံးပြောပေမယ့် နေသရ စပ်ဖြဲဖြဲမျက်နှာနှင့် လက်ဖဝါးချင်း ပွတ်နေ၏။

"ဖေကြီးကလည်း သားကနှစ်တိုင်းပဲမွေးနေ့လက်ဆောင်ကို စပရိုက်လုပ်ပြီးပေးချင်တာ.."

"နှစ်တိုင်းမပေးဖြစ်ဘူးနော်..ကိုကိုအပြောကောင်း.."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး..ကိုကို့မွေးနေ့က ဖေဖေနဲ့ကပ်နေတော့ မွေးနေ့မှာကဲဖို့ပြင်တာဆင်တာတွေနဲ့ အဲ့လိုဖြစ်ဖြစ်သွားလို့ပါ.."

"ဟုတ်ပါပြီ..ဖေဖေကလည်း အဲ့ဒါပဲပြောတာပါ၊ ပြီးတော့ မွေးနေ့လုပ်တာတွေ မွေးနေ့လက်ဆောင်ပေးကြတာတွေ ဖေဖေဝါသနာလည်း မပါဘူး..သားတို့လူငယ်တွေအတွက်သာ.."

"သမီးကတော့ ဖေဖေ့ဆီကပြန်တောင်းချင်တာ.."

လရောင်မျက်နှာလေးက ကြည်လင်နေသည်။ ဟိုပြဿနာရှိခဲ့ပြီးမှ သူမလေးခွေကျသွားပုံက ဒီလောက်မြန်မြန်ပြန်ပြီး စိုပြည်လာမည်လို့တောင် မထင်မိပေ.. ။

ထို့ကြောင့် သဿရစိတ်လက်ပေါ့ပါးစွာ ခေါင်းညိတ်လိုက်ပြီး..၊

"ပြောပါဦး..သမီးကဘာလိုချင်တာလဲ.."

"မဟုတ်ဘူးလေ..သမီးကမွေးနေ့လက်ဆောင် ပေးဖို့ကိုကို့အတွက်ရော ဖေဖေ့အတွက်ရော စီစဉ်ထားပြီးသားပါ.."

"အိုခေ.."

နေသရ အသံကြီးပဲ ဝမ်းသာအားရထွက်လာကာ.. ၊

"မေမေ့..မေမေပဲ ကျန်တော့တယ်နော်.."

ဟုလှမ်းပြောလိုက်သေးသည်။ စွန်းကခေါင်းညိတ်ပြမှ.. ၊

"ရပြီ..ညလေးဆက်ပြော.."

"ကိုကို ဥစ္စာခြောက်နေတာနဲ့ ညလေးပြောမှာတောင် အားမရှိတော့ဘူး.."

"ဆိုင်လို့လား.."

"ဆိုင်တယ်..ကိုကိုပါ ဝိုင်းပြောပေးရမှာ.."

"ဘာလဲ..ဘာကိုလဲ.."

လရောင်က စွန်းနဲ့သဿရကို ရယ်ကျဲကျဲလေးကြည့်လိုက်သည်။ ပြီးမှ.. ၊

"မွေးနေ့ရှင်က ကျွေးမွေးဒကာခံရတာရှိတယ်လေ.."

"အင်း.."

သဿရက ဆတ်ခနဲခေါင်းညိတ်သည်။

"အဲ့ဒါကို သမီးက ဖေဖေ့မွေးနေ့ပွဲအတွက် ချောင်းသာမှာ



ပျော်ပျော်ပါးပါးသွားလုပ်ပေးဖို့ပြောမလို့.."

"ဟင်.."

"ချောင်းသာမှာ.."

"ဟာ..အဲ့ဒါလုံးဝမိုက်တယ်၊ ရွှေချရမယ့်ဘရိန်း..ဒါမှငါ့ညီမ.."

ဖြုန်းခနဲသိလိုက်ရသဖြင့် သဿရအံ့ဩသွားပေမယ့် စွန်းကတော့ လက်တုန်ခြေတုန်ဖြစ်သွားခဲ့ပြီး.. ၊

"အဲ့ဒီထိ သမီးရယ်.."

"မေမေကလည်း သားတို့မိသားစုတစ်ခါမှ ခရီးမထွက်ဖူးဘူး၊ သားလည်းသားမှာအပြစ်ရှိခဲ့လို့ မေမေတို့စကားနားထောင်ပြီး လိမ်လိမ်မာမာနေတယ်လေ.."

"ဟုတ်တယ်..သမီးလည်း မေမေနဲ့ဖေဖေကို စိတ်မဆင်းရဲစေရဘူးလို့ ဆုံးဖြတ်ထားတာပါ.."

သားနဲ့သမီးရဲ့ တောင်းဆိုသံလေးတွေက ငြင်းရက်ဖွယ်မရှိ..၊

"သားကမွေးနေ့ရှင်လေ..သားကပါတောင်းဆိုတာပါ၊ ဖေဖေ့ဖေဖေအတွက်မဟုတ်လည်း သားမွေးနေ့အတွက် လုပ်ပေးပါ..မေမေ့.."

စပြောတုန်းက မရဲတရဲပေမယ့် စွန်းလိုက်လျောမယ့်ပုံမြင်လိုက်တော့ နေသရပျော်သွားသည်။ လရောင်ကို လက်မလေးကြွတ်ထောင်ပြပြီး.. ၊

"မေမေ ဒါတော့မငြင်းနဲ့နော်.."

"မငြင်းချင်ပါဘူးသားရယ်..ဒါပေမယ့် မေမေတို့က ရုံးချိန်းတွေက ဆက်နေတာ.."

"ကိုယ်ရေးကိုယ်တာဆိုတာ မရှိရတော့ဘူးလားမေမေရာ.."

ဒီကိစ္စမှာရော သဿရနဲ့ကလေးတွေ ပူးပေါင်းကြံစည်တာ မဖြစ်နိုင်ဘူးလား.. ၊ ကိုယ့်ကိုယ်ကိုဆုံးမနေသည့်ကြားက ဒီအတွေးမျိုးထပ်ဝင်လာပြန်သည်။ သို့သော် နေသရ သူ့အဖေကိုကြည့်နေသည့်ပုံစံက ဒီလိုမျိုးတော့ ဖြစ်နိုင်ဖွယ်မရှိ.. ၊

သူမငြင်းနိုင်စွမ်းလည်း မရှိတော့သည်ဖြစ်ရာ.. ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၃)

"ဟဲလို..အင်း၊ ဟုတ်တယ်..ကျွတ်.."

စောစောစီးစီးဖုန်းပြောနေသံကြောင့် သဿရခြေလှမ်းရပ်သွားပြီး လှည့်ကြည့်လိုက်မိသည်။

ခေါင်းလျှော်ပြီးစ ဆံပင်တွေကို တဘက်စောင်နဲ့ ထည့်ပတ်ထားကာ လူကတော့ ရေချိုးရသေးပုံမပေါ်ပေ၊ ညဝတ်အကျႌပွပွကြီးအပြင် တဘက်ကြီးတစ်ထည်နဲ့ ရင်ဘက်ကနေ ပတ်ခြုံထား၏။ရေချိုးခန်းဝင်ပြီးမှ ဖုန်းထွက်ပြောနေမှန်းသိလိုက်၏။

သူခေါင်းခါလိုက်မိကာ ကော်ဖီသောက်ဖို့ထွက်လာခဲ့သည်။ ကလေးတွေက မနိုးကြသေးပေ၊ စွန်းကတော့ သူနဲ့မနက်စာဘယ်တော့မှ မျက်နှာချင်းဆိုင်စားသောက်ခဲ့တာ မရှိဘူးပေ.. ၊

"သိန်းသိန်း..ကျွန်တော့်ကို ကြက်အူချောင်းနဲ့ပေါင်မုန့်လိပ်ကြော်ပေးစမ်းပါ..ကြက်ဥခေါက်ထည့်ရင် သကြားလုံးဝမထည့်နဲ့နော်.."

"ဟုတ်ကဲ့.."

သူမှာခဲ့ပြီး ကော်ဖီလည်းမသောက်သေးဘဲ အခန်းဆီပြန်လှည့်လာခဲ့လျှင်.. ၊

"ဟုတ်တယ်..ဆယ်တစ်ရက်နေ့မှ စီရင်ချက်ချမှာ ဆောရီးနော်..နောက်မှပြန်ဆက်မယ်.."

စကားသံက တစ်ခုခုဖြစ်နေသည်ထင်၏။ ပြီးတော့ ညည်းသံ.. ၊

သဿရ ခြေလှမ်းတွေစွန်းအခန်းဆီ မြန်မြန်ဆန်ဆန်ရောက်သွား၏။



"အား.."

"ဒုန်း.."

"စွန်း.."

ခပ်ဟဟတံခါးကို ဆောင့်တွန်းရင်း ပြေးဝင်လိုက်မိသည်။ စွန်းသည် စာကြည့်စားပွဲဘေးမှာပဲ ငုတ်တုတ်လေး မှိုင်ပြီးယိုင်နဲ့နဲ့.. ၊

"စွန်း..ဘာဖြစ်သွားတာလဲ.."

"မူးတယ်.."

"မူးမှာပေါ့ကွ..မင်း ဆံပင်ရေစိုကြီးနဲ့ ဖုန်းပြောနေတာ.."

"အား..မူးလိုက်တာ.."

"ခဏလေး..မျက်လုံးမှိတ်ထား.."

စွန်းကိုမွေ့ရာပေါ်တွဲတင်လိုက်ပြီး ဆရာဝန်ဆီဖုန်းဆက်လိုက်သည်။

"သိန်းသိန်း..ဒေါက်တာလာလိမ့်မယ်၊ ထွက်စောင့်နေပေးပါ.."

မှာစရာရှိတာမှာပြီး စွန်းရဲ့ဆံပင်တွေကိုဖြည်ချ၍ ဒရိုင်ယာနဲ့ခြောက်အောင်လုပ်ပေးမိသည်။

"စွန်း.."

"ဟင်.."

"သက်သာလား..တရားစာလေးဘာလေးရွတ်ပြီး တရားနှလုံးသွင်းနေ..သတိလစ်မသွားစေနဲ့နော်.."

စွန်းငြိမ်ငြိမ်သက်သက်လေးရှိနေသော်လည်း လက်ကဘာကိုလိုက်စမ်းနေမှန်းမသိ၊ သူသိလိုက်ပြီ..ရင်ဘက်ပေါ်စောင်တင်မလို့.. ၊

"အေးအေးသက်တောင့်သက်သာနေစမ်းပါ..ငါကမင်းယောကျ်ား.."

ပြော့ပြောဆိုဆို သူကိုယ်တိုင်စောင်ဆွဲခြုံပေးလိုက်ရကာ.. ၊

"ရေချိုးခန်းထဲထိ ဖုန်းယူသွားတာတွေ မင်းမလုပ်သင့်ဘူး စွန်း..ကိုယ်ကစိုးရိမ်လို့ပြောတာ.."

စွန်း ဘာမှပြန်မပြောပေမယ့် စိမ်းညို့သွယ်တန်းနေသည့် မျက်ခုံးတန်းလေးတွေက ခပ်တွန့်တွန့်၊ ဝေဒနာခံစားနေရတာလား..

www.burmeseclassic.com

www.burmeseclassic.com



သူပြောတာကို မကြိုက်တာလား.. ၊

အဖြစ်နိုင်ဆုံးကိုတွေးလိုက်မိသဖြင့် ဆက်မပြောတော့ဖို့ ဆုံးဖြတ်လိုက်ရသည်။ ခေါင်းအုံးပေါ်မှာ ဆံပင်တွေကိုတယုတယဖြန့်ထားပြီး ဒရိုင်ယာနဲ့မှုတ်ပေးနေရင်း ခြောက်လုနီးပါးကျမှ ဆရာဝန်ရောက်လာသည်။

"မူးတယ်ဆိုပြီး လဲကျသွားတာဆရာ..ခေါင်းလည်းလျှော်ထားတော့ကျွန်တော်စိုးရိမ်လို့ပါ.."

"ကျွန်တော်စမ်းသပ်ကြည့်ပါမယ်.."

ထိုစဉ် ဖုန်းဝင်လာသဖြင့် သူထုတ်ကြည့်လိုက်ကာ.. ၊

"သိန်းသိန်း ဆရာလိုအပ်တာလုပ်ပေးလိုက်ပါ.."

ပြောပြီး အပြင်ထွက်လာခဲ့သည်။ မပြောမဖြစ်သည့်အလုပ်ကိစ္စမို့ ဖွင့်လိုက်ရင်း.. ၊

"ဟလို.."

"ရှေ့နေကြီးကို စောစောစီးစီးဆက်ရတာ အားတော့နာပါတယ်.."

"ခင်ဗျားက ဘယ်သူလဲ.."

ယောကျ်ားသံကို ကြားဖူးနေတာလား၊ ရင်းနှီးခဲ့တာလား..၊ ဖုန်းနာပါတ်ကိုပြန်ကြည့်တော့လည်း အမှုသည်တစ်ယောက်ရဲ့ ဖုန်းနာပါတ်လို့ထင်ခဲ့တာ မှားယွင်းနေခဲ့၏။ လူနာကိုစိတ်ပူပြီး နာပါတ်မှားကိုင်မိတာ နောင်တရသွားသည်။

ဒီအချိန်က သူ့အတွက်အချိန်ပိုအလုပ်ရှုပ်မခံနိုင်သည့်အချိန်..

စွန်းရှိရာတစ်ချက်လှမ်းကြည့်ပြီးမှ.. ။

"ခင်ဗျားဘယ်သူဖြစ်ဖြစ် ဆောရီးပါဗျာ..ကျွန်တော်နည်းနည်းအလုပ်ရှုပ်နေလို့ နေ့လည်လောက်မှပြန်ဆက်လိုက်ပါ.."

"အိုး..နိုး နိုး၊ မင်းဖုန်းမချလိုက်နဲ့နော်..အချိန်အရေးကြီးနေတာ မင်းမှမဟုတ်ဘူး..ငါတို့ရောပဲ.."

"နေပါဦး ခင်ဗျားကဘယ်သူမို့လို့လဲ.."

"မင်းကိုသတိပေးထားဖူးတဲ့လူ.."

"ဘယ်လို.."



"မင်းကို ဒရိုင်ဘာလူသတ်မှုနဲ့ပတ်သက်ပြီး ငါသတိပေးခဲ့သေးသလားလို့.."

ဟင်.. ၊

ဒေါ်ရတနာ.. ၊

ဒေါ်ရတနာနဲ့အတူ 'Partner' ကုမ္ပဏီကိုမြင်ယောင်သွားသည်။ ပြီးတော့ ဟိုတစ်ခါသူ့ကိုတမင်ရန်စပြီး ကားနဲ့တိုက်ပြေးသွားတဲ့လူတွေ.. ၊

ဒီလူတွေဘာလဲ.. ၊

ကုမ္ပဏီကားမောင်းသည့် ဒရိုင်ဘာကအလုပ်ချိန်အတွင်းမှာ လူသတ်မှုဖြစ်ခဲ့သည်။ အမှုဖြစ်ရခြင်းနှင့်ပတ်သက်သော ရှုပ်ထွေးမှုမှာ ဒရိုင်ဘာ၏အစ်ကိုဖြစ်သူနှင့် ပတ်သက်နေခြင်းကြောင့်ဖြစ်သည်။

အစ်ကိုဖြစ်သူကဘယ်လိုလူစား ဘယ်လိုအဖွဲ့အစည်းနှင့် ရှုပ်ထွေးမှုတွေ ဖြစ်ခဲ့မှန်းမသိဘဲ လူသတ်မှုဖြစ်တော့ ကုမ္ပဏီကားမောင်းပြီး ရိုးသားစွာလုပ်ကိုင်နေထိုင်ခဲ့သော ညီကဖြစ်ခဲ့ရ၏။

အမှုကအတော်လေး ရှုပ်ထွေးကာ နောက်ကြောင်းအုံဖွဲ့မှုတွေရှိနေသောကြောင့် သူ့ဝန်ထမ်းအတွက်စေတနာ သက်သက်ဖြင့်အမှုအပ်လာခဲ့သော ဒေါ်ရတနာကိုတောင် ဒီအမှုကိုလက်ခံပါမယ်လို့ သူခေါင်းညိတ်ခဲ့သေး.. ၊

သို့သော်.. ၊

တခြားရှေ့နေတွေနဲ့အဆင်မပြေလို့လို့ ဒေါ်ရတနာပြောသွားခဲ့သည်။ ဒီလိုပဲခြိမ်းခြောက်ခံရလို့ မလိုက်ရဲကြတာလားလို့ တွေးစရာဖြစ်လာသည်။

သူ လက်မခံရသေးတာက ကိုယ့်မှာမိသားစုပြဿနာနဲ့ အိမ်ထောင်ရေးမပြေလည်တာတွေ ရှုပ်ထွေးနေတာမို့ နောက်ထပ်ရှုပ်ထွေးလွန်းသည့် အမှုကိုလောလောဆယ်မစဉ်းစားချင်တာဖြစ်သည်။

ဒါဆို ခုဘာလုပ်မလဲ.. ၊

တခြားရှေ့နေတွေ ဘာကြောင့်လက်မခံကြတာလဲမသိပေမယ့် ဒီလိုခြိမ်းခြောက်တာကြောင့်တော့ သူနောက်ဆုတ်မှာမဟုတ်ပေ။ အတွေးတို့သည် စက္ကန့်ပိုင်းအတွင်းမှာ တရှပ်ရှပ်ပြေးလွှားသွားခဲ့ပြီးမှ..၊

www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါ..အဲ့ဒီတော့ ခင်ဗျားဘာဖြစ်ချင်တာလဲ.."

"ဒရိုင်ဘာနဲ့မင်းတို့ကြိုက်သလိုရှေ့ဆက်လေ..ဒေါ်ရတနာနဲ့ ဒရိုင်ဘာရဲ့အမေ မင်းကိုအမှုအပ်တုန်းက ပေးသွားခဲ့တဲ့စာရွက်စာတမ်းတွေပဲ ငါ့ကိုပေး.."

"ကျုပ်ကိုဘာစာရွက်စာတမ်းမှ မပေးခဲ့ဘူး..ဘာတွေလာအစ်နေတာလဲ.."

"မလိမ်နဲ့ရှေ့နေကြီး..မင်းတို့ရဲ့ဆွေးနွေးပွဲကို ငါတို့လူတွေ သေချာရိုက်ထားတာ ဗီဒီရိုရီကော့ဒ်ရှိတယ်.."

"အဲ့ဒီအမှုကို ကျုပ်မှလက်မခံရသေးတာ ခင်ဗျားဘာတွေစွပ်စွဲနေတာလဲ.."

တစ်ဖက်က အသံခဏငြိမ်သွားသည်။ ပြီးမှ.. ။

"ဒါတွေက ငါ့တို့အတွက်အရေးကြီးပေးမယ့် မင်းအတွက် စာရွက်စုတ်တွေပါရှေ့နေကြီးရယ်.. ကိုယ့်မိသားစုထိခိုက်ခံပြီး ဘာဖြစ်လို့ခေါင်းမာချင်ရတာလဲ.."

"တောက်..ဟေ့လူ မဟုတ်တာလျှောက်စွပ်စွဲပြီး လာကပ်ရိမနေနဲ့..ခင်ဗျားကိုကြောက်လို့ လိမ်ပြောနေတယ်ထင်ရင် စောင့်ကြည့်လိုက်..အဲ့ဒီအမှုကိုလက်ခံဖို့ ခုပဲဆုံးဖြတ်တယ်.."

ဖုန်းချပစ်လိုက်ပြီး တက်ခေါက်မိပြန်သည်။

ဘာလဲ၊ ရှုပ်ရှင်ဆန်ဆန်လုပ်ရပ်တွေနဲ့.. ၊

ကိုယ်ကဇာတ်လိုက်မင်းသားမဟုတ်ပေမယ့်၊ ဒီလိုခြိမ်းခြောက်တိုင်းဖြုံမယ့် လူစားမျိုးထဲတော့မပါ.. ၊

"ဟင်..ဒေါက်တာပြန်သွားပြီလား.."

သူအခန်းထဲပြန်ဝင်လာတော့ စွန်းကမျက်လုံးပွင့်လျက်သားနှင့် ခုနသတိလစ်မတတ်မူးမိုက်ပျော့ခွေနေတာတွေက သူမ မဖြစ်ခဲ့တဲ့အတိုင်း.. ၊

"ဘာတဲ့လဲ..ဘာဖြစ်တာတဲ့လဲ၊ ဒီမှာကွာ..ဘယ်ကဖုန်းမှန်းမသိဘူး.."

သသရက ဘယ်သူ့ကိုမေးမှန်းမသိ၊ ဘယ်သူကမှလည်း မဖြေ သူ့စကားသူဆက်ပြောပြီးမှ ကြည့်လိုက်တော့ သိန်းသိန်းလည်း ဘာမှ



မဖြေဘဲ လစ်ထွက်သွားသည်။ စွန်းကလည်း လှဲနေရာကနေထ ထိုင်လိုက်ကာ.. ။

"ဖုန်းလာလို့ထွက်သွားတာလား..မကြားရဲလို့ထွက်သွားတာလား.."

"ဟင်..မင်းဘာပြောလိုက်တာလဲ.."

"ရှင်.."

စွန်း ချက်ချင်းမျက်ရည်တွေပြည့်အိုင်လာကာ၊ သူ့ကိုမော့ကြည့်နေရင်း အသက်ရှူသံတွေပြင်းလာသည်။ ပြီးတော့နှုတ်ခမ်းကို ဖိကိုက်ထားလိုက်ပြီး.. ။

"အတိသရ..ရှင်၊ ရှင့်ကိုလေ.."

ထစ်ထစ်ငေါ့ငေါ့စကားသံတို့က မပီတော့ဘဲ ခေါင်းအုံးတွေ ဖက်လုံးတွေနှင့် ဆွဲလွှဲပစ်ပေါက်လေသည်။

"ဘာလဲ..ဘာဖြစ်တာလဲ၊ ဟေ့.."

"ရှင့်ကိုမုန်းတယ်..သတ်ပစ်ချင်လောက်အောင်မုန်းတယ်သိလား..လူယုတ်မာ၊ သွား..ကျွန်မအခန်းထဲကခုထွက်.."

ဆွဲလွှဲပစ်ပေါက်စရာကုန်တော့ ခုတင်ပေါ်ကထရပ်ပြီး သူ့ရင်ဘက်ကို အတင်းပြေးတွန်း၏။

"စွန်း..မင်းနော်၊ ဘာမပြောညာမပြောနဲ့..တော်တော့.."

"လုပ်လေ..ရှင်ကတုံ့ပြန်နည်းတွေကျွမ်းကျင်တယ်မို့လား၊ ပြန်ရိုက်စမ်းပါ..လုပ်.."

"စွန်း.."

ဒေါသတွေထွက်လာကာ၊ သူမတစ်ကိုယ်လုံးကို လက်တွေပါ သိမ်းချုပ်ဖက်ထားလိုက်ပြီး.. ။

"မင်းမှာပဲဒေါသရှိတယ်ထင်နေသလား..လူမမာမို့လျှော့ပေးနေတာမင်းကို.."

"မလျှော့နဲ့လုပ်လိုက်..ရှင့်ကိုသိပ်မုန်းတယ်၊ ရှင် ရှင်..ကျွန်မကိုအကြိမ်ကြိမ်အခါခါဒုက္ခပေးခဲ့တာ.. ကျွန်မရဲ့အမျိုးမျိုးသောဒုက္ခတွေဟာ ရှင့်ကြောင့်ပဲ.."

"ဟုတ်တယ်..ပေးကိုပေးချင်လို့ကွာ၊ ကဲ ပြော..အခုငါဘာပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလဲ၊ ငါပေးတဲ့ဒဏ်ကို ငါသိခွင့်ရှိရမယ်.."

"ဘာ.."

စွန်းဆတ်ခါခါသွားသည်။

"ရှင်..ယုတ်မာတာ ရှင်မသိဘူးဟုတ်လား.."

ဒေါသဖြစ်ဖြစ်နဲ့ ရှန်းသော်လည်းဘယ်လိုရှန်းရှန်းမရ.. ၊ ထို့ကြောင့်သူ့လက်မောင်းတွေကို မမိမိရာထုပစ်မိရင်း.. ၊

"ရှင့်ကြောင့်..ရှင်ယုတ်မာလို့၊ အခု အခုကျွန်မအသက်ကြီးမှ အပျိုဟင့်.."

တစ်ခါမှအဲ့လောက်မရှက်ခဲ့ဘူးသလို၊ ဝမ်းနည်းပက်လက်ငို ကြွေးခဲ့မိတာလည်း ဒါပထမဆုံး.. ၊

"စွန်း.."

သဿရအံ့သြသွားသည်။ စွန်းဒီလောက်ထိ ဝမ်းနည်းငိုကြွေးနေတာ တော်ရုံပြဿနာမဟုတ်နိုင်မှန်းရိပ်မိလိုက်သလို လန့်လည်းလန့်သွားမိသည်။

သူမပခုံးနှစ်ဖက်ကို ကိုင်၍မျက်နှာကိုသေချာကြည့်မိကာ..၊

"ကိုယ့်ကိုရှင်းအောင်ပြောစမ်းပါ..ကိုယ်မှားခဲ့ရင်မင်းကို.."

"သြော်..ရှင်မမှားဘူးလို့ထင်တယ်ပေါ့၊ ရှင်သူများသတို့သမီးဖြစ်နေတာ အခွင့်အရေးယူခဲ့တာလေ.."

"ဘာ.."

"ကျွန်မ မသက်ဖြစ်ခဲ့သေးတယ်..ဒါပေမယ့် ရှင်ဒီလောက် အောက်တန်းကျဘူးလို့ထင်ခဲ့တာ..ခုတော့.."

သဿရတစ်စုံတစ်ခုကို နားလည်လာသည်။ အံ့သြနေသည့် မျက်နှာပြင်မှာ ဝမ်းသာသည့်အရိပ်တွေထင်၏။

စွန်းကတော့ မျက်ရည်တွေကိုသုတ်ပစ်လိုက်ပြီး.. ၊

"ရှင့်ကိုခွင့်မလွှတ်ဘူး..ရှင်လိုလူနဲ့ နောက်ထပ်ပြီးလည်း ပတ်သက်စရာ ဘာမှမရှိဘူး.."

"မင်းမှာ ကိုယ်ဝန်ရှိနေတာလား..ပြောစမ်းပါ.."

သဿရက အတင်းဇာပ်မေး၏။ စွန်းပြန်မဖြေဘဲ တက်ခေါက်လိုက်တော့ သေချာသွားကာ.. ၊



"ဒီလောက်မင်္ဂလာရှိတဲ့ စကားကိုကွာ..အသက်ဘယ်လောက် ကြီးကြီး သွေးနဲ့သားနဲ့.."

"ရှင်တော်တော့နော်..လူယုတ်မာ.."

"ကိုယ့်မိန်းမနဲ့ ကိုယ်ဘာဖြစ်လဲကွ.."

"ရှင့်ကိုဘယ်သူက ကြည်ဖြူနေလို့လဲ..ကျွန်မဒီလောက်မုန်း နေတာသိရက်နဲ့ စည်းမစောင့်တာရှင်.."

"မင်းမုန်းပေမယ့် ကိုယ်မှမမုန်းတာ.."

"သဿရ ရှင်မျက်နှာမပြောင်နဲ့နော်.."

"ပြောင်တာမဟုတ်ဘူးလေ..မင်းကိုယ့်ကိုကြည်ကြည်ဖြူဖြူပေး အပ်ခဲ့တာ ဘာရှိခဲ့လို့လဲ..သားကိုကိုယ်ဝန်လွယ်ရပြီဆိုတည်းက မင်း ကိုယ့်ကိုခြားနားခဲ့တာ.."

"အဲ့ဒါလည်း ရှင်ညစ်ပတ်လို့ ကျွန်မ မလိုချင်သေးဘဲယူခဲ့ရ တာ.."

"ကိုယ့်မိန်းမနဲ့အတူနေချင်တာ ညစ်ပတ်တယ်ဖြစ်သွားတာ လား.."

"ဖြစ်တယ်..ကျွန်မသဘောမတူပဲ ရှင်စော်ကားတာ.. ကျွန်မ ချည်းအရှုံးပေးခဲ့တာရှင့်ကို.."

မကျေနပ်ပါဘူး..မုန်းပါတယ်လို့ သူမဘယ်လောက်ပြောနေ နေ သမီးကိုထပ်ယူခဲ့ရသည်။ ပြီးတော့ သူကပဲပြောသေးသည်၊ မိသား စုအေးချမ်းဖို့အတွက် 'မင်းရှေ့နေမလုပ်နဲ့တော့..'တဲ့.. ၊

ပြိုင်ဆိုင်အနိုင်လုပြီဆို တရားခွင်မှာလည်း တရားခွင်မှာမို့ လို့၊ အိမ်မှာမျက်နှာချင်းဆိုင်ရင်ရော သင်းဘယ်နှစ်ခါအလျှော့ပေးလက် မြှောက်သွားခဲ့ဖူးသလဲ.. ၊

ခုတစ်ခါ သူ့ရဲ့တစ်ကိုယ်ကောင်းဆန်မှုနဲ့ သူမဒုက္ခရောက်ရ ပြန်ပြီ။ လူရှင်တော်ပြက်လုံးထုတ်ကြသလို.. ၊

"အဖေနဲ့အမေ တည့်လည်းမတည့်ကြဘဲနဲ့..ကလေးတွေမွေး လိုက်တာ တစ်ချိတ်ကျော်နဲ့တစ်ဗိုက်.."တဲ့ .. ။

သူမကိုလူတွေဝိုင်းရယ်ကြတော့မည်။ ဆံပင်ဖြူနေကာမှ ကိုယ့်ကလေးကို မူကြိုလိုက်ပို့ရတဲ့အဖြစ်မျိုးကြုံရတော့မည်။ တွေးနေ

www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်ရည်ကအလိုလိုစိမ့်လာပြန်သည်။

"စွန်းရာ..မင်းကိုဘယ်လိုတောင်းပန်ရမလဲ၊ မင်းပြောသလို အနိုင်ယူတာမျိုး ကိုယ်လုံးဝမဟုတ်ဘူး..အဲ့ဒါတကယ်.."

စွန်းမျက်နှာ ဆတ်ခနဲလှည့်လာသည်။

"အနိုင်ယူချင်တာမဟုတ်ဘူးဟုတ်လား..ငါနိုင်ရင်ပြီးရောဆိုတဲ့ စိတ် ရှင်တကယ်မရှိဘူးပေါ့၊ သတိလစ်နေတဲ့မိန်းမတစ်ယောက်ကို.."

"မင်းသတိလစ်နေတာဟုတ်ရင်ဟုတ်မယ်..မေ့မျော်နေတာမ ဟုတ်ဘူးစွန်း..ကိုယ်တွေ့ပူနေလို့ စေတနာသန့်သန့်နဲ့ မင်းကိုပြုစုနေ တာ..အဲ့ဒါ မင်းပဲကိုယ့်ကိုအတင်းတိုးဝှေ့ဖက်သွားပြီး.."

"ဩော်..ကျွန်မက မဟားတရားကြံခဲ့တာပေါ့.."

"အဟွန်း.."

"ရှင်..ရှင်မရယ်နဲ့.."

စွန်း သူ့မျက်နှာပြုံးယောင်သမ်းသွားတာနဲ့ ခုတင်ပေါ်ပြုတ် ကျအောင် တွန်းချပစ်လိုက်သည်။

"မဟုတ်ဘူးလေ..ကိုယ်ရယ်တာက.."

တွန်းချတာကို ကာကွယ်ရင်းစွန်းလက်လေးကို ပြန်ဆွဲထား လိုက်ကာ.. ။

"မင်းပြောတဲ့ပုံကိုရယ်ကာ..ဘယ်လိုရှင်းပြပြအပြစ်ချည်းဝဲ ကွာ..ခက်တော့တာပဲ.."

"အခု ပိုခက်တာကကျွန်မလူသတ်မိနိုင်တယ်ဆိုတာပဲ.."

"ဟင်.."

"ရှင်..ခုချက်ချင်းလက်တွေဖယ်ပြီး ဒီထဲကထွက်သွား.."

"အင်း..သွားမယ်.."

သဃရက ဆွဲထားတာကို ကပျာကယာလွှတ်လိုက်ပြီး သူမ မျက်နှာလေးကိုငုံ့ကြည့်ကာ.. ။

"ကိုယ်ဝန်ရှိတာသေချာတယ်တဲ့လား.."

ကြည့်စမ်း.. ။

စွန်းအံကြိတ်လိုက်သည်နှင့် သဃရကချက်ချင်းထရပ်လိုက် ၏။ ပြီးမှ.. ။



"သားတွေသမီးတွေက ကြီးကုန်ကြပြီ..ကွိစိကွစလေးတွေ ထိန်းရဖို့မရှိတော့ဘူးလေ၊ အခုဘယ်လောက်ပျော်ဖို့ကောင်းလဲ..ဒီည နေကိုယ်အပြန်နောက်ကျမှာနော်.. ။

ပြောရင်း ကျောခိုင်းထွက်ခဲ့ကာ.. ။

"မိတ်ဆွေအသိုင်းအဝိုင်းတွေကို ဒင်နာဖိတ်ကျွေးပြီး မင်္ဂလာ စကား.."

"ဒေါက်.."

"အား..သေပြီကွာ.."

နောက်စေ့ကို လက်ပြန်အုပ်လိုက်ရင်း သဃရရှုံ့မဲ့မဲ့လှည့်ကြည့် ၏။ စွန်းက နှုတ်ခမ်းလေးဖိပိတ်ထားလျက် သူ့ကြည့်လိုက်ကာမှ မေး ဖျားလေးပင့်၍.. ။

"ဘူးကိုကြည့်လိုက်..သွေးထွက်သံယိုတွေ ဖြစ်ကုန်ရင်မ ကောင်းတတ်လို့ အရှိန်လျှော့ပစ်လိုက်တာ.."

ကြည့်လိုက်တော့ ပေါင်ဒါကြီးက လက်မောင်းလောက်ရှိ သည်။

"မင်း တော်တော်ရန်လိုပါလား.."

"အခုကစပြီး ပါးစပ်ပိတ်နေရင်နေ..မဟုတ်ရင် နောက်တစ် ခါဆို မလွှယ်ဘူးမှတ်.."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၄)

"ဒေါ်ကေရီနှင်းမှာ ဒေါ်ကေရီနှင်းနာမည်နဲ့ ဘဏ်စာအုပ်ရှိနေတယ်ဆိုတာ ဟုတ်ပါသလား.."

"ဟုတ်ကဲ့..ရှိပါတယ်.."

"အဲ့ဒီဘဏ်စာအုပ်ကလည်း ဦးထင်ပေါ်နဲ့အိမ်ထောင်ကျပြီးမှ ဦးထင်ပေါ်ကိုယ်တိုင်ဘဏ်အကောင့်(ထ်) ဖွင့်ပေးထားခဲ့တာဟုတ်ပါသလား.."

"ဟုတ်ပါတယ်.."

စစ်ကြောခြင်းကိုနားထောင်ရင်း ဒေါ်ချစ်ခင်အသည်းယားနေတာ မျက်နှာမှာပေါ်နေခဲ့သည်။ နှုတ်ခမ်းတွေမဲ့သွားလိုက်၊ တက်ခေါက်တော့မလို အံ့ကြိတ်လိုက်နှင့်.. ။

"ဒါဆို ဒီဓာတ်ပုံကိုတစ်ချက်လောက်ကြည့်ပေးပါ.."

သံရက တရားသူကြီးထံ တရိုတသေတင်ပြပြီးမှ ရီရီကိုကြည့်စေကာ.. ၊

"ဓာတ်ပုံထဲကအမျိုးသမီးက ဒေါ်ကေရီနှင်းဆိုတာ မှန်ပါသလား.."

ရီရီမျက်နှာသွေးဆုတ်ဖြူရော်သွားခဲ့သည်။ ပုံကိုကြည့်ရင်း ဖြေသံကတော်တော်နဲ့ ထွက်မလာခဲ့ပေ.. ။

"ဒေါ်ကေရီနှင်းဖြေပေးပါ.."

သံရကထပ်မေးလိုက်မှ.. ။

"ဟုတ်ပါတယ်.."

"ဒေါ်ကေရီနှင်းရဲ့ဘေးက အမျိုးသမီးကလည်း ဒေါ်ကေရီနှင်းရဲ့ သူငယ်ချင်းဆိုရင် ငြင်းနိုင်ပါသလား.."



"ဟုတ်..ဟုတ်ပါတယ်.."

"ဓာတ်ပုံအရ ရှော့ပင်းစင်တာထဲမှာလို့ ပြောနိုင်တာပေါ့..ဒါဆို ဒေါ်ကေရီနှင်းနဲ့သူငယ်ချင်းအမျိုးသမီးတို့ ဈေးဝယ်ထွက်ခဲ့ကြတယ်လို့ ကျွန်တော်ပြောရင်ငြင်းနိုင်ပါသလား.."

ခေါင်းခါခြင်းက အရင်ဆုံးဝန်ခံနေခဲ့သည်။ ပြီးမှ.. ၊

"မငြင်းနိုင်ပါဘူး.."

"ဟုတ်ပါပြီ..ဒါဆိုရင် ဦးထင်ပေါ်ကဖောက်ပြန်နေပါတယ်လို့ ဒေါ်ကေရီနှင်း စွပ်စွဲထားတာကိုရော အခုရုံးတော်ရှေ့မှာ သက်သေအထောက်အထားနဲ့တကွ တင်ပြနိုင်ပါသလား.."

ရီရီငေးခနဲကြည့်ပြန်သည်။ ပြီးမှ ယောင်ချာချာမျက်ဝန်းတို့နှင့် ခေါင်းခါ၏။

"အထောက်အထားတော့ မပြနိုင်ပါဘူး"

"အထောက်အထားမပြနိုင်ဘူးဆိုတော့ ဦးထင်ပေါ်ဖောက်ပြန်တာကို ဒေါ်ကေရီနှင်း မျက်စိနဲ့တပ်အပ်မြင်ခဲ့ဖူးတာရော ရှိပါသလား.."

"မမြင်ဖူးပါဘူး.."

"ဒါဆိုဦးထင်ပေါ် ဖောက်ပြန်နေပါတယ်လို့ ဘာကြောင့်စွပ်စွဲခဲ့တာပါလဲ.."

"ကျွန်မ.."

သူမ တံတွေးတစ်ချက်မျိုချရင်း မျက်နှာငုံ့သွားကာ.. ၊

"ကျွန်မ သူများပြောသံကြားလို့ပါ.."

သံရက ခေါင်းညိတ်လိုက်ပြီး တရားသူကြီးမင်းဘက်ကို ချက်နှာမူ၍.. ၊

"တရားသူကြီးမင်းခင်ဗျာ..ဘဏ်စာအုပ်ကိုင်ထားပြီး သူငယ်ချင်းနဲ့ ဈေးဝယ်ထွက်နိုင်တဲ့ ဒေါ်ကေရီနှင်းရဲ့အခြေအနေက သူထွက်ဆိုခဲ့တဲ့ လင်ယောကျ်ားဖြစ်သူက ငွေပေးမကိုင် အခန်းတံခါးပိတ်ထားပြီး ဓာတ်ဝန်းကျင်နဲ့ အဆက်ဖြတ်ချောင်ထိုးခံထားရတဲ့ အနေအထားမျိုးမဖြစ်နိုင်ဘူးဆိုတာကို ဖော်ပြနေပါတယ်..ဒါကိုမှန်ကန်ကြောင်း အိမ်အကူအလုပ်သမားတွေရဲ့ ဖော်ပြချက်အရလည်း သုံးသပ်လို့ရပါတယ်...

...နောက်ပြီး ဦးထင်ပေါ်ကိုအိမ်ထောင်ရေး ဖောက်ပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့စွပ်စွဲချက်ကလည်း ပတ်ဝန်းကျင်ပြောစကားအရသာဖြစ်ပြီး မျက်မြင်သက်သေ တစ်စုံတစ်ရာမှမတင်ပြနိုင်ပါဘူး.. ပြီးခဲ့တဲ့ ဒေါ်ဇကေရီနှင်းကိုယ်တိုင် ထွက်ဆိုချက်များအရ ဦးထင်ပေါ်က ဒေါ်ဇကေရီနှင်း အပေါ်မှာ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ရာရောက်စေသော လက်ရောက်နှိပ်စက်မှု မျိုးလည်းမရှိခဲ့တဲ့အတွက်...

...ဦးထင်ပေါ်ကို စွပ်စွဲပြစ်တင်ပြီး အိမ်ထောင်ရေးကွာရှင်းခွင့်နဲ့ ပိုင်ဆိုင်သည့်ပစ္စည်းတစ်ဝက်ရသင့်ကြောင်း တိုင်ကြားချက်ကိုလည်း ဦးထင်ပေါ်ဘက်မှ သဘောတူလိုက်လျောဖို့ မလိုကြောင်းလျှောက်ထားအပ်ပါတယ်.."

ဒေါ်ချစ်ခင် ခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး လက်သီးဆုပ်နေခဲ့သည်။ စွန်းကလည်း ငြိမ်ငြိမ်သက်သက်ပဲ ထိုင်ကြည့်နေခဲ့လျက်..။

"တရားလိုရှေ့နေ မေးလို့ရပါပြီ.."

"မေးစရာမရှိတော့ပါဘူး.."

ဒေါ်ချစ်ခင် ဘယ်လောက်ဒွေ့ဒွေ့ခုန်သွားမည်ကို သူမသိသည်။ ဒီအတွက်ပိုပြီးတောင် ကျေနပ်မိသေးသည်။

'မတရားမှုဆိုတာ ဒီလိုဇာတ်သိမ်းရတယ်' ဆိုတဲ့စကား တောင်ပြောလိုက်ချင်သေးသည်။ တရားသူကြီး၏ အမှုအပေါ်သုံးသပ်ချက်များကို ဖတ်ကြားခြင်း ပြီးဆုံးသွားခဲ့လျက်.. ။

"အမိန့်.."

"တရားလို အဖဦးထွန်းခင်၏ သမီးဒေါ်ဇကေရီနှင်း(အသက် ၂၆)နှစ် ထုတ်ဖော်တင်ပြခဲ့သမျှ ခင်ပွန်းသည်ဦးထင်ပေါ်အပေါ် စွပ်စွဲချက်များသည် ကျိုးကြောင်းခိုင်လုံမှုမရှိ မဟုတ်မမှန်စွပ်စွဲခြင်းများသာ ဖြစ်သည်...

...တရားပြိုင် အဖဦးအောင်ထိပ်၏သား ဦးထင်ပေါ်(အသက် ၄၁) နှစ်ဘက်မှ ဇနီးသည်မဇကေရီနှင်းအပေါ် အိမ်ထောင်ရေးပြစ်မှုတစ်စုံ တစ်ရာမှ မကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကွာရှင်းခွင့် မရ ထိုက်ဟု သုံးသပ်သည်..သို့ဖြစ်ပါ၍ တရားလို ဒေါ်ဇကေရီနှင်း၏ အဆို လွှာအား စရိတ်နှင့်တကွ ပလပ်သည်.. ထို့ပြင် တရားလိုတောင်းဆိုသော ပစ္စည်းခွဲပေးစေလိုမှုအတွက်လည်း မည်သည့်သက်သာခွင့်မှ မရထိုက်ဟု



ဤရုံးတော်မှဆုံးဖြတ်လိုက်သည်.."

တစ်ဖက်စောင်းနင်း လုပ်ကြံဖိစီးမှုဖြင့် အနိုင်လိုချင်ခဲ့သော အမှုသည် တရားသဖြင့်ပြီးဆုံးသွားခဲ့၏။ ရှုံးလိုက်ရခြင်းကို မခံချိမခံသာဖြစ်ရခြင်းနှင့်အတူ ကိုယ်အသုံးမကျ၍ သူများလုပ်ကြံခံလိုက်ရခြင်းကြောင့် ရှုံးခဲ့ရသည့်အဖြစ်က စွန်းရင်ထဲနှစ်ခါနာစေခဲ့၏။

တတ်လည်းတတ်နိုင်တဲ့ဒေါ်ချစ်ခင်... ၊

ကိုယ့်ရင်နဲ့လွယ်မွေးခဲ့သည့် သမီးတစ်ယောက်ကို ကောင်းစားစေချင်သည့် စေတနာနှင့်ရောင်းကုန်ပစ္စည်းတစ်ခုလို ရင်းနှီးခဲ့သည်။ ဒါဟာ စေတနာအမှားပဲ ဆိုတာလည်းမဆင်ခြင်ခဲ့ဘဲ အကျိုးအမြတ်တွက်ပြီး အကွက်ချစီစဉ်ခဲ့၏။ ဦးထင်ပေါ်ကနှလုံးရောဂါသည်မို့ မြန်မြန်သေဆုံးသွားအောင် စိတ်ဒုက္ခပေးဖို့ ကြိုးစားသည်။

ထိုအခါ ကိုယ့်သမီးနုနုငယ်ငယ်လေးက ပစ္စည်းဥစ္စာတွေ တပုံတပင်နှင့် သူဌေးမကြီး ဖြစ်ကျန်ရစ်လိမ့်မည်ဟု တွက်ခဲ့၏။

ထိုအမြတ်အစွန်းအတွက် ရီရီမှုဆိုးမဘဝ ရောက်သွားရမည့် ပေးဆပ်မှုကို ဘေးချိတ်ထားခဲ့သည်။ ဒါကြောင့်လည်းပစ္စည်းတွေကို ဖြုန်းသင့်တာထက်ဖြုန်း၍ အပြစ်မရှိအပြစ်ရှာပြီး တခြိမ်းခြိမ်းရန်ဖြစ်ရအောင် ဒေါ်ချစ်ခင်ကပဲ ဒါရိုက်တာလုပ်သည်။ ဒီအိမ်ထောင် တည်ဆောက်ခဲ့ခြင်းနဲ့ ပြိုပျက်စေခြင်းကို သူမပဲ စွမ်းဆောင်နိုင်သည်ဟုထင်ခဲ့၏။ အရာရာသည် ဆုံးရှုံးမှုများနဲ့သာ အဆုံးသတ်ခဲ့ရပြီး.. ၊

"ရှေ့နေကြီးက သတင်းကြီးသလောက်လည်း မဟုတ်သေးပါဘူး.." တဲ့.. ၊

"တကယ်တော့ လင်မယားနှစ်ယောက် အတိုင်အဖောက်ညီညီ လှုပ်ရှားနေကြလို့ အောင်မြင်မှုတွေရနေတာပဲ.."

စီရင်ချက်ပြီးတာနှင့် အနားကိုတန်းရောက်လာပြီး ရင့်သီးကက်စက်စွာဝေဖန်သွားခဲ့သည်။

"တစ်ယောက်ကနွားခိုးပြီး တစ်ယောက်ကဗေဒင်ဟောတဲ့ပုံပြင်ထဲက သူငယ်ချင်းနှစ်ယောက်လိုပေါ့..ဘယ်သူ့ရှုံးရှုံးနစ်နာဖို့မှမရှိဘူး.."

"တကယ်တော်တဲ့ ရှေ့နေတစ်ယောက်ဖြစ်ချင်ရင် အမှန်တရားဆီ ငုတ်တုတ်ထိုင်မနေနဲ့..ရှေ့နေကြီးဆီကို အမှန်တရားတွေချည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာမဟုတ်ဘူး.. ဟန်ဆောင်ပန်ဆောင်ရန်တွေဖြစ်ပြီး အလှည့်ကျ အရှုံးပေးနေမယ့်အစား ရောက်လာတာကို ရအောင်ယူတတ်ဖို့ ကြိုးစားဦး..”တဲ့.. ၊

မျက်နှာတည့်တည့်ကြည့်ပြီး ပြောသွားသည်။ စွန်းလေ့ကား ထစ်ပေါ် ခြေချလိုက်သော်လည်း ဒေါ်ချစ်ခင်မျက်နှာကြီးကိုပဲ မြင်နေကာ.. ၊

“အမလေး..”

ခြေထောက်( ၁ နောက်မဆုတ်ရှေ့မရောက်နှင့် ရပ်ထဲမှာလှုပ်ခနဲဖြစ်သွားသည်။

“စွန်း..”

သူမရှေ့ကို သရာဘယ်လိုနှုန်းနဲ့ရောက်လာလိုက်မှန်းမသိဘဲ ကြည့်လိုက်တော့ သူမကသရရင်ခွင်ထဲမှာ.. ၊

“အဲ့ဒါကြောင့် မင်းကိုလာစောင့်နေတာ..ပြုတ်ကျမှဖြင့်ကွာ..”

“ဖယ်စမ်းပါ..”

စွန်းက သူ့လက်ကိုဖယ်ချပစ်လိုက်ပြီး ကိုယ့်ဘာသာဆင်းဖို့ ကြိုးစားမိသည်။ သို့သော် ခေါင်းတွေတရိပ်ရိပ် မူးဝေနေ၏။ တလှုပ်လှုပ်တုန်နေဆဲ ရင်တွေက ဘာကိုမှလည်းဆုပ်ချင်ကိုင်ချင်စိတ် မရှိအောင် ချိနဲ့နေခဲ့၏။

“စွန်း..လာဒီဘက်က..”

သရက စွန်းရဲ့လက်ကိုပြန်ရုန်းမရအောင် ဖိဆုပ်ကိုင်လိုက်ပြီး ဒီတိုင်းအတူတွဲဆင်းသည်။ သူနဲ့အတူထွက်လာခဲ့ရင်း ဒေါ်ချစ်ခင်ရဲ့ စကားတွေကို ကြားယောင်နေသည်။

အနားမှာသရကို မရှိစေချင်ပေမယ့် တစ်ယောက်တည်းရပ်တည်သွားလာနိုင်စွမ်း မရှိအောင်ရှုတ်တရက် ရင်တွေတုန်နေတာက နှိပ်စက်နေ၏။ ဒါ ကိုယ်ဝန်ကြောင့်လား၊ စိတ်ညစ်ညူးခြင်းလား.. ၊

သူနဲ့အတူတူ ရှိမနေချင်သော စိတ်ကလည်းတစ်ဝက်နှင့်..၊

“ရှင့်ကို ကျွန်မနားမလာပါနဲ့လို့ ပြောထားသားနဲ့..”

“မင်းက ငါ့ဇနီးပဲ.. ငါအနားကပ်တာ ဘာဖြစ်လို့လဲ၊ အခု မင်းတစ်ယောက်တည်း ဘာတွေဖြစ်နေပြီလဲ..ပြော..”



စွန်းပြန်ပြောချင်ပေမယ့် ခေါင်းတွေမူးပြီး အန်ချင်လာသည်မို့ မတတ်နိုင်.. ၊

“လာ ဒီမှာလာထိုင်လိုက်..ကားထဲမဝင်နဲ့ဦး..”

ကားရဲ့ဘေးမှာ သစ်ပင်ကြီးရှိသည်။ အရိပ်သိပ်မကောင်းပေမယ့် နေသိပ်မပူသောကြောင့် အေးနေသည်။ သရက ကားထဲကခုံယူချခင်းထားကာ စွန်းထိုင်ပြီးတာနှင့် ရေသီးလေးတွေထနေသည့် ကုတ်ဒ်တစ်ဘူး လက်ထဲထည့်၏။

“ရော့ သောက်လိုက်ဦး..ပြီးမှရန်ဖြစ်မယ်..”

စွန်းက မျက်လွှာပင့်ကြည့်လိုက်တော့.. ၊

“မင်းဖြစ်ချင်ရင်ပြောတာ..”

ဖြစ်ဖို့တော့ ရှိနေသေးသည်။ ဒါပေမယ့် အအေးသောက်လိုက်မှ ရင်ထဲမှာအေးမြလန်းဆန်းသွားသည့် အဖြစ်ကြောင့်မကျေနပ်တာတွေကိုလည်း မေ့၏။

“ဘယ်လိုလဲ..အဆင်ပြေရဲ့လား..”

“အင်း..”

“မပြန်သေးဘဲ ကန်ဘောင်ဘက်လမ်းလျှောက်ကြည့်မလား..”

“ဟင့်အင်း..”

“ဘာဖြစ်လို့လဲ..မင်းမျက်နှာအရမ်းနွမ်းနေလို့ပြောတာ..”

ကားကိုနောက်ပြန်မှီရင်း လက်ပိုက်နေသည့်သူ့ကို စွန်းက သေချာကြည့်လိုက်ရင်း.. ။

“ကျွန်မရှုံးလာတာကို ရှင်တော်တော်ပျော်နေလားသရ..”

“ပျော်တယ်..ဒါပေမယ့် ကိုယ်နိုင်တာကိုပျော်တာပါ၊ မင်းရှုံးလို့မဟုတ်ဘူး..”

“ရှင်ကျွန်မကို လှောင်ချင်လို့ တမင်လာစောင့်နေတယ်ပဲပြောပါ..”

သရ မျက်မှောင်ကုတ်သွားကာ.. ၊

“ဒါပေါ့..မင်းကိုလှောင်ရဖို့အတွက် ဆေးတွေရခဲ့ဘူးတွေ့ အပြည့်သယ်ချလာတာလေ.. ဒေါ်ချစ်ခင်ဆိုတဲ့အဘွားကြီး အနားကပ်ပြီး ကဏန်းညှပ်သွားတာလည်း ခံရင်းနဲ့..”

“ရှင့်ကို..”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ငါထင်လိုက်တယ်၊ မင်းကိုလည်း ဒီလိုစကားတွေ ပြောသွားမှာပဲဆိုတာ..အဲ့ဒါကြောင့် အပြင်မထွက်သေးဘဲ မင်းကိုလိုက်ရှာနေတာ.."

စွန်း မျက်လွှာချသွားသည်။ ပြီးတော့ အအေးဘူးကို ဖိဆုတ်ကိုင်ထားရင်း.. ။

"ပြောသွားတာစုံနေတာပဲ.."

"ပြောပေ့စေကွာ..ဒီအခြေအနေမျိုးမှာ သူ့ဘက်ကခံစားချက်ကလည်း အနီရောင်ရင်နေမှာပဲ..ထားလိုက်စမ်းပါ.."

"ဟွန်း..ရှင်ကတော့နိုင်တာကိုး.."

"မင်းရှုံးမှာပဲလို့ ငါပြောခဲ့သားပဲ..ဘာကြောင့်ရှုံးမှာဆိုတာတောင် ရှင်းပြခဲ့တယ်၊ မင်းလက်ခံခဲ့သလား."

သူ့ဘက်ကခေါသတွေပြလာသည်။ ဒါပေမယ့် နဖူးတစ်ချက်ပွတ်လိုက်ပြီး သူမအနားရောက်လာကာ.. ၊

"သက်သာရင်ပြန်ရအောင်..ခရီးသွားဖို့တွေ ကလေးတွေပဲပြင်ဆင်နေရတာ.."

စွန်းကားထဲမှာ သက်တောင့်သက်သာထိုင်ရအောင်လည်း ကုရှင်လှန်ပြီး လေအေးစက်ချိန်ပေးတဲ့အထိ သူပဲပျာယာခတ်အောင် လုပ်ပေးနေပြီး.. ၊

"ယူ့ အိုခေ.."

"ရတယ်..ရှင့်ဘာသာ ကားမောင်းမှာမောင်းစမ်းပါ.."

"လုပ်ပေးချင်လွန်းလို့ပါ ဒေါ်စွန်းမမရယ်..နောင်အသက်တစ်ရာ့ နှစ်ဆယ်တိုင်သည်အထိ ခင်ဗျားရဲ့သာယာနာပျော်ဖွယ် အသံလေးကို မကြားရမှာစိုးလို့ပါ.."

ပြောရင်းနဲ့ သူ့ဘက်မှာထိုင်ကာ တံခါးဆွဲပိတ်လိုက်ပြီး.. ၊

"အဟွန်း..အဲ့ဒီစူပုတ်ပွထနေတဲ့ မျက်နှာကိုသက်ဆုံးတိုင်မြင်သွားချင်လို့.."

"အတိသရ.."

"ပြောပြတာ..အရှိကိုအရှိအတိုင်း.."

## အခန်း(၄၅)

"မွေးနေ့ပွဲလေး ကျင်းပတာကို ရန်ကုန်တစ်မြို့လုံးဒီထိဖိတ်လာတာလား.."

"ဟုတ်တယ်.."

ဖြေပုံကသံပြတ်နှင့်.. ၊

ပြီးတော့ ဟိုတယ်လ်တစ်ခုလုံးအပြည့်ခင်းကျင်းထားသမျှစားပွဲတွေက သူ့ရဲ့မိတ်ဆွေအပေါင်းအသင်းတွေ သားရဲ့သူငယ်ချင်းတွေကို သူပဲလိုက်ညှိခံနေတာ မမောနိုင်မပမ်းနိုင်.. ၊

"မေမေ့..လာလေ.."

"မေမေ့မျက်နှာလေးကို ပြုံးထားပါမေမေကလည်း.."

ကလေးနှစ်ယောက်က စွန်းကိုဘယ်ညာလာဆွဲခေါ်ရင်း သရနဲ့နီးအောင် ကပ်ပေးကြ၏။ သဘောမကျပေမယ့် ပြုံးတော့ပြုံးနေခဲ့ရ၏။ ဒီလူတွေက ရန်ကုန်ကကိုယ့်မိတ်ဆွေအသိုင်းအဝိုင်းတွေပဲဖြစ်သည်။ သားနဲ့သမီးရဲ့ရှေ့ရေးအတွက် ဒီမိသားစုနဲ့အိမ်ထောင်ရေးကို နှောင်ထပ်ပြီး ခလုတ်တိုက်လာမယ့်အရေးက ကာကွယ်ရမှာမို့.. ၊

"လာပါဦး..ဟိုမှာကိုထွန်းထွန်းဦးတို့က မင်းနဲ့မတွေ့ရသေးလို့.."

သရက ပခုံးကိုဖက်ပြီးလာခေါ်သဖြင့် ဖယ်ချမလို့လက်ကရောက်သွားပြီးမှ အီလည်လည်အပြုံးနှင့်.. ၊

"ဟုတ်ကဲ့..သုံးဆောင်ကြပါနော်၊ ပြီးရင်ဖျော်ဖြေရေးတွေလည်းပါဦးမှာ.."

"စိတ်ချပါညီမရယ်..တို့တွေကစိတ်ချင်းရင်းနှီးကြပြီးသားပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ညီမတို့ခုလို ချစ်ချစ်ခင်ခင်ဖြစ်သွားကြတာ ပိုပြီးပျော်ဖို့ကောင်းတယ်နော်.."

"ဟုတ်ပ..ဒီထက်မင်္ဂလာရှိတာ မရှိတော့ဘူး.."

"သားရဲ့မွေးနေ့နဲ့ နှစ်ရက်ဆက်တိုက်ခုလိုကျွေးမွေးဧည့်ခံတဲ့အတွက် မွေးနေ့ရှင်ရော ဟောဒီကချစ်စခင်စဇနီးမောင်နှံကိုရော ကျေးဇူးတင်ပါတယ်ဗျာ.."

"မွေးနေ့ရှင်ဦးအတိသာရနဲ့ မောင်နေသရတို့အသက်ရာကျော်ရှည်ကြပြီး လူလည်းကျန်းမာစိတ်လည်းချမ်းသာပါစေ..ဒီမိဘ ဒီဇနီးသားသမီးတွေနဲ့ မိသားစုအားလုံးပြည့်စုံပျော်ရွှင်စွာ ရာသက်ပန်ပေါင်းစည်းသွားနိုင်ပါစေ.."

"ဟက်ပီးဘက်သ်ဒေး.."

"ဟက်ပီးဘက်သ်ဒေးအတိသာရနဲ့နေသရ.."

"ဖြောင်း..ဖြောင်း..ဖြောင်း.."

ဆုတောင်းသံတွေလည်း ဆူညံနေသည်။ လက်ခုပ်သံတွေလည်းညံနေ၏။ ထို့ပြင်.. ၊

"အန်တီတို့အဆင်ပြေသွားကြတာတွေ့ရလို့ ဝမ်းသာပါတယ်၊ ကွန်ဂရက်ကျူလေးရှင့်.."

နှုတ်ဆက်လာသူကို ကြည့်လိုက်တော့အံ့သြသွားမိသည်။

တစ်ခေတ်.. ၊

စွန်းရဲ့အကြည့်ကိုတစ်ခေတ်က ပြန်ပြုံးပြကာ.. ၊

"တစ်ခေတ်ပါအန်တီ..ဘယ်သူကမှဖိတ်လို့တော့မဟုတ်ပါဘူး ကျွန်တော်တို့လည်း ဒီမှာရှိနေလို့ပါ.."

"ကျွန်တော်တို့ဆိုတာက.."

"မေမေနဲ့ဖေဖေနဲ့ပြီးတော့..ညီမတွေရောပဲ.."

"သြော်.."

ခေါင်းညိတ်လိုက်ပြီး ဘေးမှာမျက်လုံးလေးအဝိုင်းသားနဲ့ ရပ်နေသည့်လရောင်ကို ငဲ့ကြည့်မိသည်။ ပြီးမှ.. ၊

"မင်းတို့ချင်း နှုတ်ဆက်ပြီးကြပြီလား.."

သူကခေါင်းခါရင်း..။



"ခုမှကျွန်တော်ဆင်းလာတာပါ၊ ဒါပေမယ့်အန်တီတို့စရောက်တဲ့နေ့တည်းက ကျွန်တော်သိတယ်.."

သူ့မိဘတွေကို ကြောက်လို့ထွက်မနှုတ်ဆက်ရဲတာပဲ.. ၊ မပြောသေမယ့်သိလိုက်သည်။ ဟစ်ခေတ်ကလည်းရယ်မောစားသောက်နေကြသည့် စားပွဲတွေဆီလှမ်းကြည့်ပြီး မျက်နှာခပ်လွှဲလွှဲနှင့်.. ၊

"မေမေတို့က အစတည်းကချောင်းသာthiri Hotel မှာပါ၊ ကျွန်တော်တစ်ယောက်ပဲ ဟိုတယ်လ်Ace မှာလာတည်းတာ.."

စွန်းမျက်နှာမှာ အပြုံးအရယ်မဲ့သွားခဲ့လျက်.. ၊

"မဖိတ်မိဘဲလာပေးတာ ကျေးဇူးပဲ..ဒါပေမယ့် ပြဿနာတစ်ခုတစ်ရာမလာခင် ပြန်သွားမယ်ဆိုရင် ပိုပြီးကျေးဇူးတင်မိမှာ.."

"ကျွန်တော်နားလည်ပါတယ်အန်တီ..ဒါပေမယ့်.."

သူကလည်း ဒါပေမယ့်ဆိုပါလား.. ၊

စွန်းမျက်မှောင်ကုတ်သွားတာကို ဂရုမစိုက်ဘဲ တစ်ခေတ်ရဲ့အကြည့်က ပန်းနုရောင်ဂါဝန်ပျော့လေးနှင့် ပန်းနုရောင်နှုတ်ခမ်းလက်လက်လေးတင်ထားသည့် လရောင်ဆီသို့ရောက်လျက်.. ၊

"ကျွန်တော်လရောင်နဲ့ ခဏလောက်စကားပြောပါရစေ.."

"ဘာ.."

စွန်းမျက်နှာရဲခနဲဖြစ်သွားသည်။ ကြံရည်ရောင်ပိုးချိတ်နှင့် ဝါပါးလေးတင်ထားသည့် တစ်ကိုယ်လုံးမှာဖွေးနုသည့် မျက်နှာကတစ်ချိန်လုံးရှင်းသန့်ထည်ဝါသောအပြုံးနှင့် ခန့်ညားနေခဲ့သည်။

သို့သော် တစ်ခေတ်ရဲ့တောင်းဆိုမှုကြောင့် မျက်လုံးတွေကလက်လက်တောက်သွားသည်။ မျက်နှာတစ်ပြင်လုံးပါ အစိမ်းရောင်သမ်းသွားသလိုရှိလျက်.. ၊

"မင်းမိဘကြောင့် ငါတို့ဒီလောက်သိက္ခာကျအရှက်ရခဲ့တာ ခင်းပြောရဲသေးတယ်တစ်ခေတ်.."

"ဘာဖြစ်လို့လဲမေမေ.."

"ဘာမှမဟုတ်ဘူး..လရောင်ကိုခေါ်သွား.."

"နေဦး.."

သားအမိတွေနားကို သူရရောက်လာ၏။ ပြီးတော့ ဘောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘီအညိုရောင်ရှပ်အကျီအဖြူနှင့် ခဲပုတ်ရောင်ပေါ်မှာကုတ်အကျီပေါ်မှာ ကုတ်အကျီကို ထပ်ဝတ်ထားသောတစ်ခေတ်ကိုကြည့်၏။

"မင်းကတစ်ခေတ်ဆိုတာလား.."

သမီးရဲ့ဖုန်းထဲမှာ သမီးပဲပြခဲ့တာပါ၊ တစ်ခေတ်ကလက်နှစ်ဖက်နောက်ပစ်သည့်ပုံနှင့် ခေါင်းတစ်ချက်ငုံ့၍.. ။

"ဟုတ်ပါတယ်အန်ကယ်လ်..ကျွန်တော်လရောင်နဲ့ခဏလောက်စကားပြောပြီးပြန်မှာပါ.."

"ဟော့..မင်းဒီလိုတောင်းဆိုရအောင် ငါ့သမီးကမင်းနဲ့ဘာမို့လို့လဲ၊ အဲ့ဒီဘာလိုလိုစကားတွေကြောင့်တစ်ခါရှုပ်ပြီးပြီ.."

စွန်းအသံကိုနှိမ့်ပြောနေရပေမယ့် တုန်ခါနေခဲ့လျက်.. ။

"ငါတို့မိသားစုသာယာနေတာကို မမြင်ချင်တာလား၊ မင်းတို့မိသားစုသူများကို အထက်စီးကပြောရတာကျေနပ်နေကြတာလား.."

"နေဦးစွန်း၊ ခဏလေး..ကိုယ်ပြောမယ်.."

"ရှင်.."

"သားကြီး မင်းအမေနဲ့ညီမလေးကိုခေါ်သွား.."ဟု အနားရောက်လာသည့် နေသရကိုလှည့်ပြောလိုက်သည်။

စားသောက်ဝိုင်းတွေကနေတစ်ချို့က လှမ်းကြည့်နေကြတာမို့ စွန်းဟိုတယ်လ်ထဲပြန်ပါသွားခဲ့သည်။ အထဲမှာလင်းချင်းနေကာအပြင်မှာရောင်စုံမီးတွေနဲ့ အလှဆင်ထားသဖြင့် နောက်ပြန်လှည့်ကြည့်ပေမယ့် သဃရနဲ့တစ်ခေတ် ဆက်ရှိနေသေးသလား..၊

တစ်ခေတ်ကိုပြန်လှတ်လိုက်ပြီလားဆိုတာ မသဲကွဲတော့ပေ..

"လရောင်.."

"ရှင် မေမေ.."

"ညည်း..ညည်းသူနဲ့ဒီမှာတွေ့ဖို့ အကြံနဲ့လာချင်နေတာဟုတ်လား.."

"မဟုတ်ပါဘူးမေမေရယ်..လရောင်သူရှိနေတာတကယ်မ သိပါဘူး.."

"ဟုတ်စရာလားမေမေရယ်..ညလေးနဲ့ချစ်နေကြတာလည်းမဟုတ်ဘူး၊ ပြီးတော့.."



"မင်းညီမကြိုက်နေတာကိုသူသိတယ်.."

လရောင်မျက်ရည်လေးလည်လျက်ငုံ့သွားတော့ နေသရက ညီမပခုံးလေးကိုဖက်ထားလိုက်ကာ.. ။

"အဲ့လိုမရိုးမသားစိတ်ကူးရှိရင် မိဘမောင်ဘွားတွေနဲ့ အတူလာဖို့ကြိုးစားပါ့မလားမေမေရာ၊ ဖေကြီးကညလေးနေကောင်းလာတည်းက သားတို့မောင်နှမသူငယ်ချင်းတွေခေါ်ပြီး ချောင်းသာမှာအပမ်းဖြေခရီးထွက်ကြတဲ့..သားညီမလေးကိုပျော်အောင်ထားတဲ့.."

လရောင်မျက်နှာလေးကိုငုံ့ကြည့်လိုက် ဆံပင်လေးဖွလိုက်နှင့် နေသရက ညီမကိုလည်းနှစ်သိမ့်ရင်း.. ။

"သားပြောတာတကယ်မေမေရ..ဖေဖေအဲ့လိုပြောလို့မွေးနေ့ကိုမှန်းပြီး ဒီလိုလုပ်ဖို့သားကအကြံထုတ်တာ၊ သားညီမလေးက လိမ္မာပါတယ်၊ ပြီးတော့သူက သူ့ကိုယ်သူထက်မေမေ့ကိုပို ချစ်တာ၊ မေမေစိတ်ဆိုးအောင်ဘယ်တော့မှလုပ်မှာမဟုတ်ဘူး.."

သားပြောလိုက်မှ သမီးမျက်နှာလေးကိုကြည့်မိသည်၊ ပြီးတော့ ရင်ထဲမှာနင့်သွားခဲ့၏။ ဒီလောက်ထိဖြူစင်နုနယ်ပြီး စိတ်အားလည်းငယ်တတ်သေးသည့်သမီးလေးကို သူမဘာဖြစ်လို့အပြစ်တွေခဏခဏတင်နေမိတာလဲ.. ။

"ဆောရီးသမီးရယ်.."

မျက်ရည်တွေဝေ့လျက်ငုံ့နေတာကိုကြည့်ပြီး ရင်ခွင်ထဲသွင်း၍ ထွေးဖက်ထားလိုက်မိသည်။ လရောင်ကလည်းစွန်းရဲ့ခါးလေးကို တင်းနေအောင်ပြန်ဖက်ထားကာ ငိုချင်ရက်လက်တို့ဆိုသလို ချော့ကာမှ မျက်ရည်တွေကအားကောင်းမောင်းသန်ကျလေသည်။

"အဟွန်း.."

မအေနဲ့ညီမကိုကြည့်၍ နေသရကရယ်သည်။ ပြီးတော့ခေါင်းညိတ်လိုက်ပြီး ညှော်ခံပွဲဘက်ပြန်ထွက်သွား၏။

"အင်း..ကျွတ်..ကျွတ်.."

"မေမေ ဘာဖြစ်လို့လဲဟင်.."

မျက်ရည်ကပျာကယာသုတ်ပြီး လရောင်မျက်နှာလေးကစိုးမိမ့်တကြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"မေမေခုတလော မှုံးမှုံးနေတယ်နော်၊ ဘာဖြစ်တာလဲမေမေ ရယ်..အခန်းထဲသွားမယ်လေ.."

"ရတယ်သမီး..မေမေခဏနားလိုက်ဦးမယ်၊ သမီးပြန်သွားလေ.."

"ဟင့်အင်း..သမီးသူငယ်ချင်းလည်းမရှိပါဘူး၊ ကိုကို့သူငယ်ချင်းတွေနဲ့ မေမေတို့လူကြီးတွေပဲရှိတာ.."

လရောင်မျက်နှာလေးနွမ်းနေတာကိုကြည့်ကာ စွန်းကခုံတန်းလေးမှာထိုင်လိုက်ပြီး.. ၊

"သမီး မေမေ့ကိုစိတ်ဆိုးလားဟင်.."

"မဟုတ်တာမေမေကလည်း..မေမေမာနကြီးတာသမီးသိပါတယ် သမီးတို့မောင်နှမအတွက် ဖေဖေနဲ့သင့်မြတ်ဖို့ကြိုးစားနေတာလည်းသိတယ်၊ သမီးအားလုံးနားလည်ပါတယ်..မေမေ့ကိုစိတ်လည်းမဆိုးဘူး၊ ဘယ်တော့မှလည်းမုန်းမှာ မဟုတ်ဘူး၊ သမီးကြောင့်မေမေကိုခေတ်တို့မိဘတွေရှေ့မှာ မျက်နှာငယ်ခဲ့ရတာကိုပဲ.."

"တော်ပြီသမီး..အဲ့ဒါတွေထားလိုက်တော့၊ နောက်ဆိုမေမေမသိဘဲ ကိုယ့်ခံစားချက်အတိုင်း ထင်ရာတွေလျှောက်မလုပ်နဲ့နော်.."

"ဟုတ်ကဲ့ပါ.."

သားအမိနှစ်ယောက်၏ ပြေလည်နွေးထွေးနေသောအချိန်လေးသည်.. ၊

"ဟေး.."

"ဖြောင်း..ဖြောင်း..ဖြောင်း.."

"ဟား ဟား ဟား ဟား.."

"ကွန်ဂရက်ကျူလေးရှင့် ကိုသရေ.."

"ဒီဇနီးမောင်နှံသက်ဆုံးတိုင်ထာဝရ ပျော်ရွှင်ပါစေဗျာ.."

"ဖြောင်း..ဖြောင်း..ဖြောင်း.."

စီခနဲထွက်လာသည့် လက်ခုပ်သြဘာသံတွေကညံမစဲ..

"သားမွေးနေ့ညက ဒီလောက်မဟုတ်ဘူး၊ အဲသက်ကြီးရွှင်ဟွန်း၊ လူကြီးတွေကဲမှပဲ ထိပ်ခေါက်လို့မရ..လိမ်ဆွဲလို့မရ.."

အပြင်က သရေရဲ့မွေးနေ့သံ ညံစီနေတာကို စွန်းကအိပ် ခန်း



နေ တဗျစ်တောက်တောက်ရှိနေ၏။ သမီးနဲ့အထဲဝင်လာခဲ့တာ အခွင့်ကောင်းယူကာ ပြန်မထွက်တော့ဖို့ စဉ်းစားနေကာမှ.. ၊

"မေမေ..မေမေ့.."

"ဟဲ့.."

"ကိုကိုဘာလဲဟင်.."

"ညလေး..မေမေ့မှာလေ.."

နေသရ ပြေးလွှားရောက်လာကာ၊ စွန်းကိုတအံ့တသြကြီးကြည့်၍သွားကြီးအဖြီးသားနှင့် လရောင်ဘက်လှည့်ရယ်လိုက်ပြီး ဗိုက်ကိုလက်နဲ့ဝိုင်းပြ၍.. ၊

"ညလေး ငါတို့မောင်နှမနောက်တစ်ယောက်တိုးလာတော့မှာ..မေမေ့မှာ၊ ဒါ ဒါ.."

"ဟင်..ဘယ်လိုကိုကို.."

ကြည့်စမ်း.. ၊

စွန်းသိလိုက်ကာ နေရာမှထရပ်လိုက်၏။ လရောင်'ဟယ်' ခနဲအကြောင်တက်သွားခဲ့သည့် အမူအရာလေးကြောင့် ရှက်လိုက်သည့်ဖြစ်ခြင်း.. ၊

"မေမေ့မှာ.."

စွန်းကိုအားပါးတရကြီး ပွေ့ဖက်လိုက်ကာ.. ၊

"မေမေ့မှာကလေးလေးရှိနေပြီ ဟုတ်လားမေမေ.."

"ဩော်..ဟုတ်ပါတယ်ဆိုညလေးကလည်း၊ ဖေဖေကြေညာလိုက်တာ ခုနဝေါခနဲပဲမကြားလိုက်ဘူးလား.."

"ကြားလိုက်တာပေါ့၊ ကြားတယ်..ကြားတယ်၊ ဖေဖေနဲ့မေမေအာည့်ဘဲနဲ့ ဘယ်လိုလုပ်.."

"ဟော့..ဟော့ အဲ့ဒီမေးခွန်းတားမြစ်တယ်နော်.."

တကယ်ကို လရောင်မေးခွန်းမဆုံးခင်ခြေလှမ်းကျဲကြီးနှင့် ဝင်လာခဲ့သည်။ ပြီးတော့... ။

"အဲ့ဒီလိုစကားတွေကြားရင် သမီးမေမေ့ရှုမ်းထိုးသွားလိမ့်မယ်.."

"အတိုသရေ..ရှင်ဘာတွေလုပ်နေတာလဲဟင်.."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဘာလုပ်လို့လဲ..လာ အတူသွားညှော်ခံမယ်.."

"ဘာ.."

"ကိုယ်တို့ရဲ့နှစ်ပတ်လည်များစွာမှာ ဒီနှစ်ပတ်လည်ကမင်္ဂလာအရှိဆုံး..ဒါကြောင့် မိတ်ဆွေတွေအများကြီးဒီထိဖိတ်ခေါ်လာပြီး အကြီးအကျယ်ကျင်းပလိုက်တာ.."

"ဖယ်..သွား.."

လက်ကိုဆွဲလိုက်တော့ ခါချပစ်ကာ.. ।

"ဒါတွေ အစကနေအဆုံးရှင့်သဘော ရှင့်စိတ်ကူးနဲ့လုပ်နေခဲ့တာ.."

"ဟုတ်တယ်..ဒါပေမယ့်မဆုံးသေးဘူး၊ အစီအစဉ်တွေရှိသေးတယ်.."

"ရှင်..ရှင်နော်.."

"မင်းကိုတိုင်ပင်တော့ အေးဆေးခေါင်းညိတ်မှာမို့လို့လား၊ လာပါကွာ..ဟိုမှာလက်ဆောင်တွေထပ်ထုတ်ပြီး စောင့်နေကြတာ.."

"ရှင်ကလူကိုမျောက်တစ်ကောင်လို ပြစားနေတာပဲ..ကျွန်မကိုနည်းမျိုးစုံနဲ့ ဒုက္ခပေးနေတဲ့လူ.."

"မေမေရယ်..ကိုယ်ဝန်ရှိတာဘာဖြစ်လို့လဲဟင်၊ ဖေဖေကသမီးတို့ကိုတောင်မပြောပြခဲ့ပါဘူး.."

"ဟုတ်သားပဲမေမေရာ..ဒါတစ်နေ့နေ့ပေါ်လာမှာပဲဟာ၊ လာပါ..သားတို့ပျော်ပျော်ပါးပါးပွဲလုပ်လိုက်ရအောင်.."

"ရှင်နော်..အတိသဿရ.."

စွန်းဒေါသထွက်ရင်း ခြေကန်ထားရင်းအားလုံးဆွဲခေါ်နေနောက်ကိုပါသွားခဲ့သည်။

"ကျေးဇူးပြုပြီးမနောက်ကြေးဗျာ..ကျွန်တော့်ဇနီးကရှက်နေလို့.."

"ဟာဗျာ..ဒါဝမ်းသားစရာကိုရှက်စရာလား.."

"ကွန်ဂရက်ကျူလေးရှင့်ပါညီမရယ်..ဝမ်းသာလိုက်တာ၊ ညီမတို့အိမ်ထောင်ရေးမှာ အားလုံးအသစ်ပြန်ဖြစ်သွားပြီနော်၊ သားသမီးတွေကြီးပြင်းကုန်ပေမယ့် ယုယမွေ့ပိုက်စရာကလေးငယ်လေး ထပ်ရလာသေးတယ်.."



"ဟုတ်ပသမီးရယ်..အဲ့ဒီကျေညာသံကြားတည်းက သမီးအစ်မကအားကျနေတာ၊ အန်တီတို့မှာတော့ မြေးလေးတစ်ယောက်ရှိတာလေ..သားအိမ်မကောင်းလို့သမီးအစ်မကတစ်ယောက်ပဲမွေးနိုင်တာကိုး.."

"ကလေးမွေးနိုင်တာရှက်စရာမဟုတ်ပါဘူးသမီးရယ်..မ မွေးနိုင်လို့သူများကလေးခေါ်ပြီး မွေးစားနေရတဲ့မိန်းမတွေဘယ်လိုလုပ်မလဲ..တစ်ချို့ကျတော့လည်း ကလေးတွေမွေးနေရပြီး ချို့ချို့တဲ့တဲ့မပြည့်မစုံနဲ့လေ..သမီးတို့မှာဘာများချို့တဲ့လို့လဲ၊ ဒီလောက်ပြည့်စုံချမ်းသာတဲ့ဘဝမှာ စိတ်မကျေနပ်ချက်တစ်ခုနဲ့ သောကမရှာပါနဲ့.."

"တို့ဘုရားရှင်ကိုတောင်မှ မယ်တော်ကြီးမှာလေးဆယ်ကျော်မှကံပေါ်တာလေ.."

စွန်းအတွက် သဿရာဘယ်လောက်ကာကွယ်ထားခဲ့သလဲတော့မသိ၊ အပြင်ထွက်လိုက်တာနဲ့ လက်ဆွဲနှုတ်ဆက်ကြ၊ အားပေးချီးမြှောက်စကားတွေပြောကြနှင့်စွန်းရဲ့ဘေးမှာအမျိုးသမီးတွေဝိုင်းနေ၏။

သဿရကလည်း ပခုံးလေးဖက်ထားလိုက် ခဏပျောက်သွားပြီးပြန်ရောက်လာပြီးလက်ဆွဲလိုက်..

အများတကာအမြင်မှာတော့ 'ချစ်နေလိုက်တာ'ပေါ့.. ।

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၆)

"ရှင်ကဘယ်တုန်းက ဝင်အိပ်နေတာလဲ.."

"ဟား..ဘာလဲကွာ.."

"ဖယ်ပါလား..ဒီမှာဆင်းလို့မရတော့ဘူး.."

"မဆင်းနဲ့ပေါ့ကွ..ခုမှ မိုးတောင်မလင်းသေးဘူး.."

"ကျွတ်.."

"ဟ.."

စွန်းက ခုတင်ဘေးမှာမွေ့ရာခင်းပြီးဖြစ်သလို အိပ်နေသည့် သဃရဘေးမှာ ခြေထောက်ကပ်သပ်ချလိုက်ပြီးထရပ်၏။ သူမ မလွတ်မလပ်နင်းပြီး လဲကျသွားမှာစိုးကာ သဃရကမန်းကတန်းထထိုင်ဖယ်လိုက်ကာ.. ၊

"ဘယ်သွားမလို့လဲ.."

"ကျွန်မဘာသာဘယ်သွားသွား.."

"မိုးမလင်းသေးဘူး..အပြင်မထွက်နဲ့နော်.."

ရေအိမ်သွားမလို့ထတာပေမယ့် သူမေးလိုက်မှပဲအပြင်မှာ တိတ်ဆိတ်ငြိမ်းချမ်းနေတာကို သတိထားမိပြီး လေညှင်းခံဖို့သတိရ၏။

"စွန်း.."

မျက်နှာသစ်တော့လိုက်သစ်သည်။ ရေအိမ်ဝင်တော့လည်းစောင့်နေ၏။ အပြင်ထွက်လာတော့အနားကပ်လိုက်လာကာ.. ၊

"အပြင်ထွက်ပြီး ဘာလုပ်မလို့လဲ.."

"ဘာလိုက်ဖြစ်နေတာလဲ..ကျွန်မဘာသာလွတ်လွတ်လပ်လပ်နေလို့မရဘူးလား.."



"မှောင်ရိပ်ကျနေတဲ့နေရာတွေက အန္တရာယ်ရှိတယ်ကွ.."

"ကိုယ့်သေတွင်းကိုယ်မတူးဘူး.."

"ဘယ်သူကကိုယ့်သေတွင်းကိုယ်တူးမလဲ..ကျွတ်..လေကလည်းကြမ်းလိုက်တာကွာ၊ လာပါကွာ..ပြန်ဝင်ရအောင်.."

တစ်ညလုံးဗရုတ်သုတ်ခသံတွေနဲ့ မျက်စိရှုပ်ခဲ့ရတာ ခုကျတော့ရှင်းလင်းတိတ်ဆိတ်နေခြင်းက လူကိုဆွဲဆောင်နေခဲ့လျက်.. ၊

"ရှင်..ကပ်လိုက်နေရင်တော့ ကျွန်မဆက်သွားမှာပဲ.."

သဃရ ခြေလှမ်းတုံ့သွားသည်။ စွန်းကခဏရပ်ပြီး သူ့ကိုငဲ့ကြည့်၏။ ပြီးမှဆက်လျှောက်လျှင်.. ၊

"စွန်း.."

သူစွန်းရဲ့ လက်မောင်းလေးတစ်ဖက်ကို ဆွဲလှည့်လိုက်ပြီး မျက်နှာချင်းဆိုင်ရပ်ကာ.. ၊

"ဘာဖြစ်လို့ကိုယ့်ကိုဘက်တိုက်နေတာလဲ.."

"ရှင်မသိဘူးလား.."

"သိတယ်..ဒါပေမယ့်တော်သင့်ပြီလေ၊ ကိုယ်မင်းကိုဘယ်လောက်ထိ.."

"သည်းခံနေရတယ်ထင်ရင် မခံနဲ့ပေါ့၊ ကျွန်မကတော့ ကလေးတစ်ယောက်မွေးရတိုင်း ရှင့်ကိုတစ်ခါမုန်းတယ်.. ခုပိုဆိုးတာပေါ့၊ လူကသေခါနီးပြီ ကလေးမွေးနေရတုန်းဆိုတာ.."

"မင်း ဒီလောက်တောင်တစ်ယူသန်နေရလား.."

"သန်တယ်..ရှင်သက်သက်ယုတ်မာတာ၊ ကျွန်မနဲ့ရန်ဖြစ်တယ်၊ မာနတွေအပြိုင်ကြဲပြီး မတူမတန်သလိုနေပြတယ်..ဖြီးတော့ကျွန်မယုံကြည်စိတ်နဲ့ ကာကွယ်ပြင်ဆင်ချိန်မရလိုက်ဘဲ ရှင်အနိုင်ကျင့်တာခံရတယ်.."

"မင်း..မင်းကိုငါ.."

"ငါ့မိန်းမမို့လို့ လင်မယားချင်းဘာဖြစ်လဲ၊ ဒါတွေပဲပြောဦးမှာမို့လား..ကျွန်မပြောနေတာအဲ့ဒါတွေမဟုတ်ပါဘူး၊ ကျွန်မဒုက္ခရောက်အောင်ရှင်ရွေးချယ်ခဲ့တဲ့ အချိန်ကာလတွေကိုပြောတာ..ရှင်သိပ်ကိုတော်ပါတယ်..လိုချင်ရင်တန်းရအောင်ယူနိုင်တယ်၊ အမြဲတမ်းရှုံးနေရတဲ့ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုမုန်းခွင့်တော့ ရှိရမှာပေါ့.."

ဒီဗိုက်ကြီးတပြံပြံနဲ့ အလုပ်ဘယ်လိုလုပ်မလဲ.. ।

မွေးပြီးတော့ရော ဒီကလေးနဲ့တွဲရဲနဲ့ ဘယ်လောက်ထိအိမ်တွင်းပုန်းဖြစ်ရဦးမလဲ.. ।

ဒါတွေတွေးမိတိုင်း မုန်းလှာမိလျက်.. ।

"ရှင့်ကိုရှေ့နေအလုပ်မလုပ်နဲ့လို့ ပြောခဲ့မိလို့..ကျွန်မကိုဒီနည်းနဲ့အလုပ်မလုပ်ရအောင် လုပ်လိုက်တာ.."

"မင်းကွာ.."

"ကျွန်မသာ သူများအသက်သတ်ရဲပြီး ငရဲကြီးခံနိုင်ရင် ဒီကလေးကို.."

"မင်းတော်တော့.."

ဒေါသဖြစ်ဖြစ်နှင့်အော်လိုက်မိသည်။ ပြီးမှ ကျွတ်ခနဲဖြစ် ရင်း..

"မင်းတော်တော်ရန်လိုအတ္တကြီးတဲ့မိန်းမ..လင်မယားဖြစ်သွားတဲ့လူတိုင်း ကလေးရဖို့ရည်ရွယ်ချက်နဲ့ ယူကြတာမဟုတ်ဘူး၊ အိမ်ထောင်ပြုကြတာလည်း မျိုးဆက်ပြန့်ပွားရေးဆောင်ရွက်နေကြတာမဟုတ်ဘူးကွ.."

"ရှင်ကတော့ဟုတ်ချင်ဟုတ်မှာပေါ့..နောက်ထပ်တစ်ခုတောင်ရှိဦးမှာ၊ ကျွန်မကိုရှေ့နေမလုပ်နိုင်တော့အောင်.."

"ဟုတ်တယ်..မင်းကိုမလုပ်စေချင်ဘူး.."

ပြောရင်း ပခုံးနှစ်ဖက်ကိုဆုပ်ကိုင်လိုက်သည်။

"အဲ့ဒါ မင်းကိုကိုယ်အလှကြည့်နေချင်လို့၊ မင်းပင်ပန်းနေတာကိုမမြင်ချင်လို့၊ ပြီးတော့ဒီလိုပြိုင်ဆိုင်ခုခံမှုတွေနဲ့ အဆင်မပြေဖြစ်လာရတဲ့အိမ်ထောင်ရေးကို မလိုချင်လို့.."

စွန်း သူ့လက်ကိုဖယ်ချဖို့မကြိုးစားခင် မျက်လုံးချင်းနီးသွားအောင်ဆွဲယူလိုက်ပြီး... ।

"ငါ မင်းကိုအရမ်းချစ်တယ်စွန်း.."

သူမတစ်ကိုယ်လုံးကို ပွေ့ဖက်ထားလိုက်ပြီး မြတ်နိုးတပ်မက်သောအနမ်းတွေနဲ့ စက္ကန့်များစွာနစ်မျောနေမိသည်။ သူ့လိုမျိုးမာနတွေ



ပြိုင်ထားပြီး ပေါ့ပျက်ပျက်တုံ့ပြန်တတ်သည့် အပြောတွေအကြည့်တွေနဲ့လူက 'ချစ်တယ်'လို့ပြောလိုက်တော့ စွန်းအံ့ဩသွားသည်။

ထိုခဏမှာသူနမ်းနေသမျှ သူမမှင်တက်မိခဲ့၏။ 'ဒါယုံစရာမဟုတ်ဘူး'လို့ ဆင်ခြင်မိသည့်အချိန်မှာ သူ့ရင်ခွင်ထဲမှာလှုပ်လို့တောင်မရ.. ।

မှောင်သည်လည်းမဟုတ် လင်းသည်လည်းမဟုတ်သောကမ်းခြေဘက်မှာ နိုးထနေသူတစ်ယောက်ယောက်မြင်သွားမလားလို့တွေးပြီးရှက်မိပေမယ့် ဒီလူကရူးမစိုက်တတ်တာတွေကြောင့် စိတ်ပျက်မိ၏။

သူမအရှက်ရခဲ့သည့်အဖြစ်တိုင်းဟာ အတိုသာရဆိုသည့်ယောက်ျားနဲ့သာ သက်ဆိုင်နေခြင်းနှင့်ပတ်သက်၍.. ।

ချစ်ချင်ဖွယ်တော့ တစ်စက်မှမရှိ.. ।

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၇)

မိသားစုလိုက်ကမ်းစပ်သဲသောင်မှာ လမ်းလျှောက်ဖို့ဆင်းလာကြတုန်း နေသရကိုသူငယ်ချင်းတွေ လာပြေးဆွဲကြကာ.. ။

"ရေကူးမယ်လာ..ပြီးရင်ဘောလုံးကစားမယ်.."

"မေမေ သားရေကူးတော့မယ်နော်.."

"ရေကူးတာကူးနော်..ဘောလုံးမကစားကြနဲ့၊ ဘောလုံးနောက်လိုက်ရင်း ရေနက်ထဲရောက်သွားလိမ့်မယ်.."

"ရေနက်ထဲမရောက်ဘူးအန်တီ..ကျွန်တော်တို့အစပ်နားမှာပဲကစားမှာ.."

"အေးပါ..ပြောသလိုလုပ်နော်၊ ကွယ်တာနဲ့ထင်သလိုမနေနဲ့.."

"အဟွန်း.."

သားကိုလှမ်းအော်နေတုန်း သဲရရယ်သံကြောင့် လှည့်ကြည့်မိကာ.. ။

"ရှင်ကဘာရယ်တာလဲ.."

"မင့်သားအသက်နှစ်ဆယ်ပြည့်တော့မယ်.."

"အဲ့ဒါဘာဖြစ်လဲ..ရှင်တောင်ရေလည်းမကူးတတ်ဘဲနဲ့ လူအထင်ကြီးအောင် ဆင်းပြမလို့ဝတ်စားလာတာလေ.."

အားကစားဘောင်းဘီအပြာရင့်ရင့်ပွပွစွတ်ကျယ်ချိုင်းပြတ်ဝတ်ထားသည့်ပုံစံကို စွန်းကစောင်းကြည့်ပြီးကဲ့ရယ်၏။ သဲရကအရပ်ကလည်း သတိထားမိလောက်အောင်မြင့်သည်။ ရင်အုံပြန့်ပြန့်နှင့် ဗိုက်သားရှပ်နေပုံကလည်း ခုလိုဝတ်ထားကာမှထင်းနေအောင်ပေါ်၏။

ကြမ်းရှသည့်မွေးညှင်းတွေက ခြေသလုံးနှင့်ရင်အုံအလယ်မှာ



မစို့မပို့ရှိနေသေးသည်။ ကြည့်လို့မရသည့်ကြားက ဒါတွေတမင်ပြချင်လို့ဝတ်ထားတာဆိုသည့် မနာလိုစိတ်ကြောင့်ဒေါသထွက်နေမိသည်။

သဲရကလည်း စွန်းကိုပြန်ငဲ့ကြည့်၍.. ။

"ဘာလဲ..ကိုယ်ရေမကူးတတ်တာကို စိတ်တွေလည်းပူ ပြောလည်းမပြောချင်နဲ့ ရင်ခံနေတာလား.."

"သေလိုက်ပါလား.."

"ဟား ဟား ဟား.."

သဲရက စွန်းကိုပခုံးချင်းတိုက်ပြီးရယ်ကာ၊ လရောင်ရယ်နေတာကိုလှည့်ကြည့်၍.. ။

"သမီးမေမေ ဖေဖေ့ကိုစိတ်ပူနေတာတွေ့လား.."

"သဲရနော်..ရှင်.."

"လုပ်ပါ..တစ်ခါပဲပြောလိုက်၊ ကျွန်မစိတ်မချဘူး..ရှင်ရေမကူးနဲ့လို့.."

"ဆုတောင်းလေ..ဟွန်း.."

"ဖေဖေ..တကယ်ရေမကူးတတ်ဘူးလားဟင်၊ ကူးတတ်သားနဲ့.."

"ဖေဖေကရေကူးရင် ကြွက်တက်တတ်လွန်းလို့..ကူးကိုမကူးရဲတော့တာသမီးရဲ့၊ သမီးမေမေကတော့ အိပ်(စ်)ပတ်ပဲ၊ ဖေဖေဟိုအရင်က ရေကူးရင်းကန်ထဲဆွဲချဖူးတာခဏခဏ..အဲ့ဒါတောင်စကာက်အကျပ်နဲ့ပေမယ့် အေးဆေးပဲ.."

"မေမေကအရမ်းတော်တာပဲနော်..ဒါဆိုဖေဖေသွားကူးလေ၊ မေမေဒီမှာကြည့်နေတာပဲဥစ္စာ.."

"ကဲ.."

သဲရကရယ်ကာ.. ။

"မင်းကိုယ့်ကိုစောင့်ပေးမှာလား.."

"ကျွန်မသားသမီးတွေကိုကြည့်နေလို့ရဲအောင်ဆင်းလာတာ၊ သိပ်စိတ်ကူးယဥ်မနေနဲ့..ဟိုမှာဘောကွင်းတွေများပုံလို့.."

"ဟေး..ရှေ့နေကြီးရေ.."

"အတိသဲရ..လာပါဟ.."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာငါတို့ဘက်မှာအားနည်းနေလို့.."

သရက်ကို သူတို့တွေလှမ်းခေါ်နေကြသဖြင့် နေရမှုထ၍၊ လက်ဝါးချင်းပွတ်သပ်ခါရင်း.. ၊

"သမီးမေမေကိုအပေါ်ထပ်တစ်ထည်လောက်သွားယူပေးလိုက်ဦး..တဘက်ဖြစ်ဖြစ်၊ နေစောင်းရင်လေတအားတိုက်တာ.."

"ဟုတ် ဖေဖေ.."

လရောင်ကပြုံးနေရင်း စွန်းနားတိုး၍ပါးချင်းကပ်လိုက်ကာ..၊

"မေမေ့.."

"ဘာလဲ..သမီးအဖေအကြောင်းမပြောနဲ့.."

"ဖေဖေ့ကိုအရမ်းမစိမ်းကားပါနဲ့မေမေရဲ့..ဖေဖေကမေမေ့ကို ချစ်ပါတယ်.."

"ကဲပါ..မေမေ့ကိုရေဘူးတစ်ဘူးလောက်ပါ ယူလာခဲ့ပေး.."

"ယူပေးမယ်..မေမေလမ်းလျှောက်နေလေ၊ သမီးချက်ချင်းပြန်လာခဲ့မယ်.."

သူ့အကြောင်းဆက်ပြောနေမှာစိုးလို့လွှတ်လိုက်ပြီးမှ ဟိုတယ်လ်ဆီပြန်ရမှာ နည်းနည်းဝေးတာကိုသတိရပြီး လိုက်ကြည့်မိသေးသည်။ သမီးလေးကိုခုမှ ကိုယ့်ဝမ်းကကျွတ်သွားတာလို မျက်စိအောက်ကအပျောက်မခံနိုင်အောင် ဖြစ်နေမိသည်။

ကိုယ့်ရဲ့နွေးထွေးမှုနဲ့လွှမ်းခြုံပေးရဖို့အချိန်နှောင်းခဲ့ပေမယ့် သူမကြိုးစားရမည်။ သရက်နဲ့သူမ ညီမျှခြင်းရဲ့တစ်ဖက်စီမှာရှိကြဖို့ ဘယ်လိုမှမဖြစ်နိုင်မှန်းသိနေတာတောင်မှ သားနဲ့သမီးအတွက် သူမစိတ်ကိုအစွမ်းကုန်လျှော့ချထားခဲ့တာပါ.. ၊

နောက်ထပ်တတ်နိုင်သမျှ အဆင်ပြေအောင်နေဖို့လည်းဆုံးဖြတ်ပြီးသား ခြေလှမ်းတိုင်းမှာအတွေးတွေရင့်သန်နေမိရင်း 'ဟေး'ခနဲအော်သံတွေကြောင့် ရေစပ်ကိုလှမ်းကြည့်မိသည်။

မိသားစုတွေပျော်ရွှင်မြူးတူးနေကြသည်။ ဒရင်းမ်ဘက်ဒ်လိုဘောပြန့်ပြန့်မှာကလေးတွေကို တစ်ယောက်စီတင်၍ မိဘတွေကကစားပေးနေကြသည်။

တစ်ချို့က ဘောကွင်းတွေပေါ်ဖအေက ပက်လက်လှန်ပြီး



ကလေးတွေကိုဗိုက်ပေါ်တင်ထားကြ၏။ တစ်ချို့တွေကတော့ ရောက်စုံဘောလုံးတွေရေနက်နက်ဘက်မှာ ပစ်ဖမ်းနေကြလေသည်။

ပြီးတော့ သဲသောင်ပေါ်မှာမြင်းတွေစီးနေကြ၏။ စက်ဘီးတစ်စီးမှာစုပြုံစီးပြီး အော်တဲ့သူတွေကအော်၊ ရုပ်ယုက်ခတ်နေတဲ့ စည်ကားခြင်းကို သူမမနှစ်သက်ပေမယ့် ခုလို့ဒါကိုကြည့်ဖို့တမင်ရပ်နေသည့်အချိန်မှာတော့ သေချာကိုကြည့်နေခဲ့မိသည်။

တစ်လှမ်းချင်းလှမ်းတေသောခြေလှမ်းတိုင်းမှာ ကလေးငယ်လေးတွေနဲ့ မိသားစုတွေဆီမှာသာ မျက်လုံးရှိနေခဲ့လျက် တစ်ချက်တစ်ချက်ပြုံးမိတာလည်းရှိ၏။

သူမအရမ်းကြောက်နေမိပေမယ့် မလွန်ဆန်နိုင်တော့သည့်အဖြစ်တစ်ခုကိုတော့ အကောင်းဆုံးတွေနဲ့သာလက်ခံနိုင်အောင် ကြိုးစားရတော့မှာဖြစ်သည်။

ထိုစဉ် သူမခပ်ငုံ့ငုံ့လျှောက်နေသည့်ရှေ့မှာ အညိုရောင်ပါတိတ်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်ရဲ့ခြေထောက်ပိုင်းကို တွေ့လိုက်ရသဖြင့် မော့မကြည့်ဘဲ တခြားဘက်ကို ရှောင်ရှားပေးလိုက်မိသည်။

သူမက စွန်းရဲ့ရှေ့မှာပဲ ရွှေ့ရပ်လိုက်ကာတစ်ဆက်တည်း..၊

"ညီမ.."

ဟင်.. ၊

မျက်နှာမော့လိုက်တော့ သူမရှေ့မှာဒေါ်ပန်းလှိုင်.. ၊

စွန်းမျက်နှာတည်တည်တုံ့တုံ့ပိုဖြစ်သွားကာ၊ တစ်ဖက်လှည့်သွားဖို့ပြင်လျှင်.. ။

"ညီမ ခဏလေးပါ.."

ဒေါ်ပန်းလှိုင်က ကမန်းကတန်းတားဆီးပြီး စွန်းရဲ့ရှေ့ကိုလာရပ်၏။ ထိုအချိန်မှာပဲ ဒေါ်ပန်းလှိုင်ရဲ့အမျိုးသားဖြစ်ဟန်တူသူက ထပ်ရောက်လာကာ.. ၊

"ရှေ့နေကြီးဒေါ်စွန်းဆိုတာကျွန်တော်တို့က ကိုယ့်လိုအရွယ်ဆင်တာ ညီမကငယ်ငယ်ပဲရှိသေးတာကိုး.."

သူက တရင်းတနှီးပြုံးပြနှုတ်ဆက်ပေမယ့် ကိုယ်ကသူ့ကိုမ

www.burmeseclassic.com

www.burmeseclassic.com



သိ.. ။

"ညီမ..သူကအမခင်ပွန်းလေ၊ တစ်ခေတ်ရဲ့အဖေယဉ်ကျေးမှု ဝန်ကြီးဌာနကညွှန်မှူးဦးမြတ်သော်တဲ့.."

"ဟုတ်ကဲ့..ဘာကိစ္စများရှိလို့လဲမသိဘူး.."

"ကိစ္စကိုလိုရင်းပဲပြောရရင်တော့ ဟိုတစ်ခါတစ်ယောက်အကြောင်းတစ်ယောက်ဘာမှသေချာမသိဘဲ အစ်မဘက်ကပြောမှားဆိုမှားဖြစ်ခဲ့တာတွေအတွက် တောင်းပန်ချင်လို့ပါ.."

စွန်းမျက်နှာသိသာစွာ တင်းသွားသည်။ ပြောချင်တော့လည်းစကားလုံးမရွေးဘဲ မစာမနာ.. ။

၊တောင်းပန်မယ့်ဆိုတော့လည်း ဘယ်သူကမျှော်လင့်နေတာမို့လဲ.. ၊

"မလိုပါဘူးရှင်..အဲ့ဒီပြဿနာတွေကပြီးသွားပါပြီ.."

"ပြီးသွားတာက သားတို့လူငယ်ချင်းဘယ်လိုဖြေရှင်းလိုက်ကြမှန်းမသိတဲ့အကြောင်းအရာတွေပါ၊ တကယ်တမ်းသာဒီအမှုဖြစ်သွားခဲ့ရင် သမီးလရောင်လေးကမဆီမဆိုင် အရှက်ရတော့မှာလေ၊ ညီမှာ အဲ့ဒီလိုပူပင်သောကတွေနဲ့ ရှိနေတဲ့အချိန်မှာအစ်မက 'မြွေပူရာကင်းမှောက်' လုပ်ခဲ့မိတယ်၊ အဲ့ဒီအတွက်ညီမလေးကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ်.."

"ဟုတ်ပါတယ်ညီမ..ကျုပ်နဲ့ရွှေ့နေ့ကြီးအတိသရကလည်းလုံးဝစိမ်းသက်တဲ့လူတွေမဟုတ်ပါဘူး.."

ဦးမြတ်သော်ကလည်း ပျာပျာသလဲဝင်ပြောပြီး တောင်းပန်၏။

"ရှေ့နေကြီးနဲ့တိုက်ရိုက်ကိစ္စမဟုတ်ပေမယ့် ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်အမှုကိစ္စဖြစ်တုန်းက သူ့ကိုကူညီရင်းရှေ့နေကြီးနဲ့ သိခဲ့ရတာပါ၊ ဒါကြောင့်ရှေ့နေကြီးရဲ့ စိတ်ရင်းမှန်ကိုလည်းလေးစားခဲ့ပါတယ်၊ ကျုပ်တို့တွေကပကာသနထက် လူတစ်ယောက်ရဲ့စိတ်ဓာတ်ကာရိုက်တာပေါ်မှာပဲ ခင်မင်တန်ဖိုးထားတဲ့လူတွေပါ.."

စွန်းမျက်နှာထက်မှာ မဲ့သယောင်ဖြစ်သွားသဖြင့်၊ ဦးမြတ်သော်မျက်ဝန်းတွေက စိတ်မကောင်းခြင်းများစွာဖြင့်.. ၊



"ဒီကိစ္စမှာဘယ်သူက အဓိကတရားခံမှန်းမသိဘဲ မိဘတွေဗျာများသွားခဲ့ကြတာပါ..ပြီးတော့.."

"အစ်မရဲ့ ပြဿနာပါညီမရယ်..အစ်မမှာကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်ပြီး တန်ဖိုးထားလွန်းတဲ့အတ္တရှိခဲ့တယ်၊ အဲ့ဒီအတ္တကသိပ်ကိုအစွန်းရောက်ရှိခဲ့တာပါ..အစ်မမှားပါတယ်လို့ ပြောရဲတာကလွဲပြီးဘာမှလည်းထပ်မရှင်းတတ်တော့ပါဘူး၊ သမီးလေးဘယ်လိုဖြူစင်ရိုးသားတယ်ဆိုတာ အခုအစ်မတို့နားလည်ပါပြီ.."

စွန်းက မျက်နှာခပ်လွှဲလွှဲနှင့် ငြိမ်သက်နေခဲ့၏။

"ညက ညီမတို့မိသားစုရဲ့မွေးနေ့ညစာခံပွဲပုံတွေ ဗီဒီယိုတွေတက်လာတော့ အစ်မတို့ကြည့်ရတယ်..အစတည်းကကလည်း အစ်မကို ကိုမြတ်ကရှင်းပြခဲ့ပါတယ်၊ အစ်မနောင်တရမိတဲ့အချိန်မှာ ညီမတို့မိသားစုလေး ပျော်ရွှင်နွေးထွေးနေကြတာ မြင်လိုက်ရတော့အစ်မသိပ်ရှက်သွားမိတယ်.."

"သားကဆို သူ့အမေညီမနဲ့သွားတွေ့တယ်ကြားပြီးတည်းက သူ့အလုပ်ခန်းမှာပဲ သွားနေတော့တာ..အိမ်ကိုလုံးဝပြန်မလာပေမယ့်.."

"သူ..သူက သမီးလေးကိုတော့ ဆက်သွယ်ပါတယ်ညီမရယ်.."

ဒါဘာကိုဆိုလိုတာလဲ.. ၊

လင်မယားနှစ်ယောက်ထံ စွန်းရဲ့မကျေလည်သေးသည့်အကြည့်တို့ရောက်သွား၏။ ဒေါ်ပန်းလိုင်ကအေးဆေးတည်ငြိမ်၍ တောင်းပန်ခြင်းလည်း ရှိနေသောမျက်ဝန်းတို့နှင့်.. ၊

"သားရဲ့တည်ကြည်ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကို သိလိုက်ရနှဘယ်မိန်းကလေးက ဘယ်လိုဆိုတာအစ်မသိခဲ့ရတာပါ..တကယ်တော့ကိုယ်သိထားသလို သူတို့ကချစ်သူ လရောင်စွန်းလေးကနှောက်ယှက်သူလို့ ထင်ခဲ့ပေမယ့် သားလက်ခံထားတဲ့အမှန်တရားကအဲ့လိုမဟုတ်ဘူး.."

ဘာကြောင့်မှန်းမသိဘဲ ရှေ့ဆက်ပြောလာမှာကိုမကြားချင်သလိုကြီးဖြစ်လာမိ၏။ ကမ်းခြေမှာပြေးလွှားဆော့ကစားနေကြသည့်ယယ်သံအော်သံတွေက စွန်းရဲ့ခံစားချက်တို့ကို ဆုံးဖြတ်မရအောင် ရော

www.burmeseclassic.com

www.burmeseclassic.com



တွေးနေစေကာ.. ။

"ကြိုက်တဲ့အရာတစ်ခုကျပျောက်သွားတာကို ခဏနဲ့မေ့နိုင်တယ်.. တန်ဖိုးထားမြတ်နိုးနေတဲ့အရာကို ဆုံးရှုံးလိုက်ရရင် အဲ့ဒီစိတ်က နလံထူဖို့ခက်တယ်တဲ့.."

"ဒီစကားတွေကြားရင် ကျွန်မကအားရဝမ်းသာဖြစ်နေမယ်လို့များ ဒေါ်ပန်းလှိုင်ထင်နေသလားမသိဘူး.."

"မထင်ပါဘူးညီမရယ်..ဒါပေမယ့် အစ်မကိုခွင့်မလွှတ်နိုင်ရင်တောင် သားရဲ့စိတ်ဓာတ်ကမှန်ကန်နိုင်မှာပါတယ်၊ မွေးနေ့ညကညီမနဲ့တွေ့ခဲ့တာကိုလည်း သားပြောပြလို့သိပြီးပါပြီ..ဒါတွေက အစ်မတို့အပြစ်ပါ၊ သားကိုတော့.."

"ပြီးခဲ့ပြီပဲရှင်..တွေ့ကြဖို့လည်းမရှိပါဘူး၊ မြင်လိုက်တာနဲ့ခဲ(ဂဲ)နဲ့ကောက်ထုချင်အောင် မုန်းနေကြရင်တောင်ကျွန်မတို့က ကလေးတွေမှမဟုတ်တာ.."

"ညီမက အဲ့လောက်တောင်မုန်းနေတာလားဟင်.."

"ကျွန်မတို့ချင်းချစ်ကြမုန်းကြဖို့မှမလိုတာ..ပြီးခဲ့တာတွေထားလိုက်ပါတော့၊ ကျွန်မစိတ်ထဲကထုတ်ပစ်လိုက်ပါပြီ.."

"ထုတ်ပစ်လိုက်ပြီးဆိုတာ ဒီလိုရှိပါသေးတယ်ညီမရယ်.."

ဒေါ်ပန်းလှိုင်က ငိုင်သွားပေမယ့် ဦးမြတ်သော်ကစွန်းရဲ့ရှေ့ကိုပို့တိုးလိုက်ပြီး.. ၊

"ချစ်ကြမုန်းကြဖို့မရှိပေမယ့် ဒီနှစ်ရပ်ကြားထဲမှာ လူမှုဆက်ဆံရေးအကြောင်းတွေအများကြီးနဲ့ တွေ့ကြဆုံကြဦးမှာပါ..အထူးသဖြင့် လူငယ်ချင်းက.. "

စွန်းမျက်နှာတင်းသွားတော့ ဦးမြတ်သော်ကလက်ကာတောင်းပန်၍.. ၊

"ကျုပ်တို့အနူးအညွတ်တောင်းပန်တာပါ..အဲ့ဒါသမီးအပေါ်မှာအထင်သေးစော်ကားမိတဲ့အတွက်ပါ၊ သားကတော့သမီးလေးကိုဘယ်တုန်းကမှ မေတ္တာမပျက်ခဲ့သလို သမီးရင်ထဲမှာလည်း ဒီလိုပဲရှိနေမယ်ထင်ပါတယ်..ညီမတို့လည်း ဂုဏ်သိက္ခာကြီးမားကြသလို ကျုပ်တို့ဘက်ကလည်းကိုယ့်အမှန်တရားနဲ့ကိုယ် ရပ်တည်နိုင်တဲ့လူတွေပဲ..ဒါပေမယ့်



ဒီနေ့သားသမီးအတွက်ကျုပ်တို့ဘက်က အစွန်းကုန်ထိသိက္ခာခဝါချပြီးတောင်းပန်တာပါ.."

ယောကျ်ားကြီးတစ်ယောက်အနေနဲ့ တောင်းပန်နေတာကိုစွန်းခန့်မာနတွေပြမနေချင်ပါ၊ ဒေါ်ပန်းလှိုင်ကိုလည်းပြောဆိုခဲ့မှုတွေအပေါ်ကျေနပ်ပေးလိုက်နိုင်သည်။

ဒါပေမယ့် သားသမီးရေးတွေနဲ့ရှေ့ဆက်လာမှာကို မလိုချင်သေး။ ထို့ကြောင့် စွန်းဆုံးဖြတ်ရခက်နေခဲ့၏။

"ကလေးတွေဆုံမိပြောမိကြရင် ညီမဘက်ကနည်းနည်းလောက်နားညှပ်ပေးလိုက်ပါလို့ တောင်းဆိုပါရစေ..မိဘတိုင်းကကိုယ့်သားသမီးကိုကွယ်ရာမှာ ပြောဆိုခံလာခဲ့ရတာကိုမကြည့်ရက်ကြပါဘူး ညီမရယ်..အထူးသဖြင့် ကျုပ်တို့အမှားကြောင့် သားကိုမထိခိုက်စေချင်လို့မိဘချင်းစာနာပေးပါ.."

"အခု ဦးမြတ်သော်တို့ဘာပြောချင်တာလဲ.."

"ကလေးတွေရဲ့ဆက်ဆံရေးကို ညီမဘက်ကပိတ်ပင်မထားတော့ဘူးဆိုရင်ပေါ့.."

"အစ်မတို့အဲ့ဒါလေးအတွက် ညီမကိုတောင်းဆိုနေတာပါ..ညီမ ကျေနပ်တဲ့အထိဘယ်လိုတောင်းပန်ရမလဲ..နောက်ထပ်တောင်းပန်ပါ့မယ်၊ သားလေးခံစားနေရတာကို မကြည့်ရက်လို့ပါကွယ် သူတို့အရင်လိုပဲ ခင်ခင်မင်မင်လေးခေါ်ပြော ဆက်ဆံခွင့်ပြန်ပေးမယ်ဆိုရင် အစ်မတို့အရမ်းကိုကျေးဇူးတင်ဝမ်းသာရမှာပါ.."

ကလေးတွေအတွက်ပဲပြောနေကြပုံက သားရေးသမီးရေးကြောင်းလမ်းနေတာနှင့် တူနေပါပြီ.. ၊

ဒါတကူးတကတောင်းဆိုနေဖို့လိုတဲ့ အရာလည်းမဟုတ်..

အခုတစ်ယောက်သဘောတစ်ယောက်သိကြပြီ၊ တောင်းပန်သည်ကျေအေးပြီဆို မပြီးဘူးလား.. ။

"ညီမလိုက်လျှောပေးမယ်မို့လားဟင်.."

"ကျုပ်တို့က သမီးလေးကိုတောင်းရမ်းတဲ့အဆင့်ထိလည်းမသွမ်းသေးပါဘူး..အခု ရိုးသားစွာခင်မင်ကြတဲ့အတိုင်း.."

"ဘုတ်.."

www.burmeseclassic.com

www.burmeseclassic.com



နောက်က တစ်ခုခုလွတ်ကျသံကြောင့် လှည့်ကြည့်လိုက်မိကြ၏။

လရောင်က ခပ်လှမ်းလှမ်းမှာတောင့်တောင့်လေးရပ်နေကာ၊ လက်မောင်းပေါ်မှာ တစ်ဘက်တစ်စည်တင်ထားပေမယ့် ရေသန့်ဘူးလေးတစ်ဘူးက သူမခြေထောက်ရှေ့မှာ ပြုတ်ကျဝပ်စင်းနေ၏။

အားလုံး ကြောင်အမ်းအမ်းတိတ်ကျသွားခဲ့သည်။

အခန်း(၄၈)

"ဟ..ဘာဖြစ်တာလဲ..ခုမှငါတို့နိုင်မလို့ပဲရှိသေးတယ်.."

"တော်ပြီ..နားဦးမယ်.."

ပြောပြီး သရက မ်းပေါ်ပြန်တက်ခဲ့သည်။ ရေထဲကလူတွေ အော်ဟစ်ကျန်ခဲ့၏။ ဘောလုံးတစ်လုံးနှင့် အုပ်စုနှစ်စုခွဲပြီး ဘောလုံးဝိုင်းတိုင်းကစားနေကြတာဖြစ်သည်။

သရကတော့ စိတ်ကစွန်းဆီပဲရောက်နေသဖြင့် ဖုန်းဆက်ကြည့်ဖို့စဉ်းစား၍ သဲသောင်ပေါ်မှာ ဒီတိုင်းထိုင်ချလိုက်သည်။ ပြီးတော့ ပစ္စည်းတွေအပ်ထားသည် ချာတိတ်ဆီကဖုန်းပြန်ယူပြီး စွန်းကိုခေါ်မလို့ဖြစ်သည်။ သို့သော်.. ၊

ဖုန်းထဲမှာခေါ်ထားသည့် missed call တွေနည်းတာမှတ်၊ ဒီလောက်ခေါ်ထားတာ ဖုန်းမှားတာလည်းမဖြစ်နိုင်.. ၊

သူစဉ်းစားငေးငိုင်နေတုန်း ထိုနံပါတ်နဲ့ပဲ ထပ်ခေါ်လာသဖြင့်.. ၊

"ဟလို.."

"သြော..သြော..မင်းကိုင်သေးသားပဲ.."

"ခင်ဗျားကဘယ်သူလဲ.."

"မင်းတော်တော်မေ့တတ်တာပဲကွ.."

"ဟင်.."

ဘယ်သူဆိုတာ သူသတိရသွားသည်။

"ဘာလဲ..ဘာကိစ္စနဲ့ဒီလောက်ခေါ်ထားတာလဲ.."

"မင်းကဖြေရမှာ..ငါ့ကိုပြန်မေးနေရသလား ရှေ့နေကြီးရယ်

www.burmeseclassic.com

www.burmeseclassic.com



..ဒီတစ်ခါတော့ သူခိုးကလူလူဟစ်ပြီး ကြိမ်လားမောင်းလားတွေလုပ်လို့မရဘူးနော်၊ ငါပြောတာကိုနားထောင် ဒေါ်ပုမဆိုတဲ့အဘွားကြီးလာအပ်ထားတဲ့ စာရွက်စာတမ်းတွေမင်းငါ့ကို မအပ်ဘူးဆိုရင် ချောင်းသာကနေမင်းတစ်ယောက်တည်း ပြန်သွားရလိမ့်မယ်.."

"ဘာ" ,

"မင်းကဂျုတ်ဆတ်ဆတ်ကောင်ဆိုတော့ ယုံမှာမဟုတ်ဘူးထင်တယ်..ဒါဆိုစမ်းကြည့်လိုက်လေ၊ မင်းမှာမရှိပါဘူးဆိုတဲ့စကားအခုထပ်ပြောကြည့်လိုက်.."

"ဟေ့လူ..ခင်ဗျားတို့ဒီထိလိုက်လာကြတယ်ဟုတ်လား၊ ခင်ဗျားတို့ကိုယ်ခင်ဗျားတို့ရုပ်ရှင်ထဲက ဂိုဏ်းစတားကြီးတွေများထင်နေသလား.."

"ဟား ဟား၊ ဟား..ငါတို့ရှေ့မှာအခု မင်းမိန်းမနဲ့သမီး..အဲ..အထဲမှာတစ်ယောက်ဆိုတော့ မင်းကလေးနှစ်ယောက်နဲ့မင်းမိန်းမလှလှပပလေးသွားလာစားသောက်နေတာနော်..မင်းရဲ့ဘေးမှာလည်းငါ့လူတွေရှိတယ်..အဲ့ဒီတော့ရှင်းရှင်းပြောမယ်၊ မင်းအဲ့ဒီဖိုင်ကို.."

"ကျုပ်ဆီမှာမရှိဘူးလို့ပြောပြီးပြီးပဲ..မရှိတာကိုဘာလုပ်ပေးရမလဲ၊ ခင်ဗျားတို့လိုချင်ရင် အဲ့ဒီဒေါ်ပုမဆီသွားတောင်းလိုက်..ကျုပ်အဲ့ဒါကိုထိုင်ရာမထကြည့်ခဲ့တာ..လက်မခံရ.."

သူစကားမဆုံးခင် ဖုန်းချသွား၏။

"တောက်.."

ဒီတစ်ခါဒေါသထွက်ရခြင်းက ထိတ်လန့်ခြင်းပါပါ၏။ သူတို့တွေသမီးနဲ့စွန်းရဲ့ အနီးအနားမှာရှိနေကြသည်။

ဖုန်းချသွားတဲ့အထိ ဒေါသထွက်သွားတဲ့နောက် ဘာလုပ်ကြမလဲ.. ၊ နေရာမှချက်ချင်းထရပ်ကာ ဖုန်းခေါ်ရင်းပြေးထွက်လာမိသည်။

"ဟလို.."

စွန်းရဲ့ထူးသံကြားလိုက်ရမှ ပြေးနေခြင်းကိုတုံ့ခနဲရပ်ပမိ်ကာ.. ။

"စွန်း..သမီးရော..သမီး.."

"ရှိသားပဲ..ဘာလုပ်မလို့လဲ၊ ပြောမလို့လား.."



"မပြောဘူး..မင်းတို့အခုရောက်နေတဲ့နေရာကလှည့်ပြန်တော့၊ လူတွေရှုပ်ရှုပ်ထဲကပြန်နော်..လူရှင်းတဲ့ဘက်ကကပ်မလျှောက်နဲ့.."

"ဘာဖြစ်လို့လဲ..ခုမှဘယ်မှတောင်မသွားရသေးဘူး.."

"ပြောသလိုလုပ်စမ်းပါ..ခုပဲကိုယ်လာမယ်၊ မင်းတို့အတွက်အန္တရာယ်ရှိနေလို့..ကိုယ်လာပြီ ခု.."

ဘာမှမဖြစ်တာသိရပေမယ့် ဖြစ်သွားမှာစိုးရိမ်လာကာ သူအတင်းပြန်ပြေးခဲ့သည်။ သူရောက်သွားတော့ စွန်းတို့သားအမိကလည်း ဟိုတယ်လ် ACE အနီးပြန်ရောက်လာတာနှင့်ဆုံကာ.. ၊

"စွန်း.."

"ဘာဖြစ်နေလို့လဲ.."

"သမီးသွား..ဖေဖေ့ကိုရေတစ်ဗူးသွားယူပေးစမ်း.."

သမီးရှေ့မှာမပြောချင်ပေ၊ လရောင်ကလည်းဖအေမောနေတာမြင်သည်နှင့် ခေါင်းလေးညိတ်၍ ချက်ချင်းပြေးသွား၏။

"စွန်း..ဒီမှာကိုယ်ပြောမယ်.."

သူစွန်းလက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး သူဟိုအရင်ကခြိမ်းခြောက်ခံရတာတွေပါ ပြောပြလိုက်၏။

"ဥပဒေမဲ့နိုင်ငံမဟုတ်ဘူး..သူတို့ခြိမ်းခြောက်တိုင်းငုံ့ခံနေဖို့လိုပါဘူး၊ ဒီမှာရဲစခန်းရှိတယ်..ကိုယ့်တို့လုံခြုံရေးအတွက် သွားတိုင်ထားလိုက်မယ်.."

"သူတို့ဘယ်လိုလူတွေမှန်းမသိဘဲနဲ့ အရမ်းသွားလုပ်ဖို့မရဘူးလေ..ဒီမှာရဲစခန်းရှိပေမယ့်.."

"ဘယ်လိုနေရာဖြစ်ဖြစ် ရဲစခန်းရှိနေတဲ့အတွက် တိုင်ထားရမှာပဲ.."

"ဘယ်သူလဲ..ဘာနဲ့ခြိမ်းခြောက်တာလည်းဆိုရင် ရှင်ဘယ်လိုဖြေမှာလဲ.."

"ခြိမ်းခြောက်တဲ့လူက လူရှေ့ထွက်လာပြီး ဓားကြိမ်းကြိမ်းမလားကွ..ငါတို့အခုထပြန်သွားလို့လည်း မဖြစ်သေးဘူး၊ ခေါ်လာတဲ့ဧည့်သည်တွေကို ဟိုတယ်လ်မှာ ငါးရက်လုပ်ပေးထားတာ.."

"သူတို့အတွက်အပြည့်အစုံ စီစဉ်ခဲ့ရင်ပြီးတာပဲလေ.."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး..အိမ်ရှင်ကဧည့်သည်တွေထားပြီး ထွက်သွားရာရောက်မယ်၊ မင်းအသာနေပါကွာ..ငါတို့မဟုတ်ပါဘူး.."

"ရှင့်နောက်ကျောကိုဓားထောက်လာမှ တုံးမှန်းသိရင်တော့ သွားပြီ.."

သရက စွန်းမျက်နှာလေးကို စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်၏။

"စိုးရိမ်လို့ပြောရင်လည်း နာခံချင်အောင်ကြင်ကြင်နာနာလုပ်စမ်းပါ.."

"ဘယ်သူကစိုးရိမ်တာလဲ..ဘယ်သူ့ကိုကြင်နာရမှာလဲ.."

"မင်းကလေးလေးရဲ့အဖေကို.."

"ဟွန်း..စိတ်ကူးတွေနဲ့အမောဆို့နေဦးမယ်.."

စွန်းကလှည့်ထွက်သွားသည်။ လရောင်ကရေဘူးဖုံးကိုဖွင့်လျက်နှင့် အပြေးတစ်ပိုင်းရောက်လာပြီး.. ၊

"ဖေကြီး..ရော့ အေးအေးလေး.."

"ဟုတ်တယ်..ငါ့သမီးကမှ အမောပြေစေတဲ့သမီး.."

"လုပ်ပြီဖေကြီးက..."

လရောင်က ပြုံးသွားပြီးမှ.. ၊

"မေမေကလည်း ဟိုတုန်းကလိုမဟုတ်တော့ဘူးသိလား..ဖေဖေ့ဖုန်းမှန်းလည်းသိရော အဲ့ဒီနေရာမှာတင်တုံ့ခနဲရပ်သွားတာ၊ ပြီးတော့ ဒီလူဘာတွေဖြစ်ပြန်ပြီလဲ မသိဘူးလို့ပြောပြီး ချက်ချင်းပြန်လှည့်လာတာ.."

"ဟုတ်လို့လား.."

မေးချင်လွန်းလို့ရေမျိုချလိုက်တာ လည်နှင်သွားသည်။

နာလိုက်သည့်ဖြစ်ခြင်း.. ၊

သရ မျက်နှာရှုံ့မဲ့သွားပြီး လည်ချောင်းကြီးအစ်နေရကာ..။

"ဖေဖေ ဘာဖြစ်သွားတာလဲ.."

"ရတယ်သမီး..ဆက်ပြော.."

"ဟင်..ပြီးပြီလေ.."

"ပြီးပြီလား.."



"အင်း..ကျန်သေးတယ်၊ 'မေမေ ဖေဖေဘာပြောလို့လဲ' လို့ သမီးကမေးတော့ 'နောက်မှမေး'တဲ့..သမီးအဖေတစ်ခုခုဖြစ်နေပြီထင်တယ်..အသံကြီးကတစ်မျိုးပဲတဲ့.."

"အဟွန်း..ဖေဖေပြေးနေရင်းပြောတာလေ၊ မောနေတာပေါ့.."

ပြုံးဖြီးဖြီးကြီးဖြစ်နေသည့် သရမျက်နှာကိုကြည့်ကာ လရောင်ကရယ်၍.. ၊

စိတ်ထဲကနေလည်း ဆုတောင်းမိသည်။ဖေဖေနဲ့မေမေ တစ်ယောက်ကိုတစ်ယောက်အရမ်းချစ်သွားကြပါစေ.. ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၉)

"ဘာဗျ.."

"လန့်သွားသလား၊ အေး..ကြောက်တတ်ရင်ကျားမြီးသွားမဆွဲရဘူးကွ၊ မင်းလိုမလောက်လေးမလောက်စားရှေ့နေစုတ်က ရဲစခန်းအားကိုးတော့ငါတို့ဘာကောင်တွေဆိုတာ ပြရတာပေါ့၊ မင်းခုချက်ချင်းပြေးမလာရင် မင်းသမီးကိုရေနူးပုတ်ပွမှ ရေပေါ်မှာလိုက်ကောက်ပေတော့.."

"ဟော့လူ..ဟော့.."

"ဟား ဟား ဟား..အဲ့ဒါမင်းရဲစခန်းမှာသွားတိုင်မှာ ကြောက်လို့အကျပ်ကိုင်တယ် မထင်နဲ့နော်..ငါ့ကိုခေါင်းစားအောင်လုပ်ရင် ဘာဖြစ်မယ်ဆိုတာသိအောင်ပြတာ..ပစ္စည်းမင်းဆီမှာမရှိဘူးဆိုတာလည်း ငါတို့သတင်းအတိအကျရထားပြီးပြီ..ဒါပေမယ့် ငါတို့ကိုမင်းက ဒီတိုင်းလှည့်ပြန်ခွင့်မှမပေးဘဲ.."

"မဟုတ်ဘူး..ကျုပ်မတိုင်ရသေးဘူးလေ၊ ရဲစခန်းကိုသွားတာက.."

"ရှင်းမနေနဲ့နောက်ကျသွားပြီ.."

"ဟော့လူ..ခင်ဗျား.."

"သဲဖြူကျွန်းမှာမင့်သမီးရှိတယ်..ခုချက်ချင်းလိုက်မလာရင် ဒါမှမဟုတ် တစ်ယောက်ယောက်ကိုမင်းအသိပေးလိုက်ရင်တော့ လိုက်လာလည်းအပိုပဲ.."

သဘရအရှူးတပိုင်းဖြစ်သွားသည်။ သမီးရဲ့ဖုန်းနဲ့ခေါ်လိုက်တာကြောင့် ပို၍ချောက်ချားနေမိ၏။ စားသောက်ဆိုင်ထဲက ချက်ချင်းထွက်



လာပြီး ပတ်ဝန်းကျင်ကိုဝေ့ပတ်ရှာမိ၏။ သူ့ကိုလူတွေလာပြောတုန်းကတော့ ကားချင်းချိတ်ရန်စသွားသည့် လူတွေမို့ဒီလူတွေကို မှတ်မိနေသည်။

ဒါပေမယ့်ဖုန်းထဲမှာတော့ အသက်ခြောက်ဆယ်လောက်အရွယ်ခပ်လေးလေးစကား သိပ်မပီသောလူကြီးသံကြီးဖြစ်၏။

အားလုံးကိုမြင်ဖူးတယ်ထား.. ၊

တိုင်ချက်ဖွင့်ဖို့ဆိုတာ လွယ်တာမဟုတ်၊ ပတ်ဝန်းကျင်မှာရှိသမျှလူတွေ အကုန်လုံးကိုယ့်အလုပ်ကိုယ်လုပ် ကိုယ့်လမ်းကိုယ်သွားနေကြတာအေးဆေး.. ၊

သူ့ကျမှဘယ်လိုသောကတွေလာပြီး ရစ်ပတ်ထုံးဖွဲ့နေရတာလဲ၊ သမီးရဲ့ဖုန်းသူတို့ဆီရောက်နေတည်းက သမီးလေးကိုဖမ်းထားကြတာသေချာနေသည်။ ဘယ်သူ့ကိုတိုင်တန်းအကူအညီတောင်းရမလဲ၊ မဖြစ်နိုင်.. ၊

ဖုန်းထဲမှာစွန်းသိအောင် စာတွေရိုက်ပြီးမှ ပို့လိုက်ရင်စွန်းလည်း ထိတ်လန့်ပြီးလူသိရှင်ကြား အကူအညီတောင်းလိုက်မှာကို စိုးရိမ်နေမိ၏။ ထို့ကြောင့် မက်ဆေ့ချ်ပို့ဖို့ လက်တပြင်ပြင်နဲ့ပဲပြန်ပိတ်ထားလိုက်ရသည်။ အချိန်က နေမညို့တညို့ဆည်းဆာရောင် ဝင်းပနေဆဲဖြစ်သည်။

စွန်းပြောသလို ဘာဖြစ်ဖြစ်အားလုံးကိုတစ်ခုခုအကြောင်းပြထားခဲ့ပြီး ရန်ကုန်ပြန်သွားလိုက်ရကောင်းသား.. ၊

ခုတော့မနက်ဖြန်ပြန်ကြမှာပဲဆိုပြီး ရဲစခန်းထိရောက်ခဲ့ပေမယ့် သူများကိစ္စတွေပဲ စပ်စုပြီးပြန်ထွက်လာခဲ့မိတာ ဒုက္ခတွေ့ပါပြီ..၊

"ရှင့်နောက်ကျောကိုဓားရောက်လာမှ ငတုံးမှန်းသိရင်တော့သွားပြီ.."တဲ့.. ၊

ကိုယ့်နောက်ကျောကို ဓားထောက်လာရင်တောင် တော်ပါ[illegible]သေးသည်။ ခုတော့ သမီးလေး.. ၊

"အန်ကယ်လ်.."

"ဟင်.."

လောလောဆယ်ထွက်မည့် စက်လှေပေါ်[illegible]က်မည်ပြင်ပြီးမှ

www.burmeseclassic.com



နောက်ပြန်ဆုတ်လိုက်တော့ စက်လှေပေါ်မှာမထင်မှတ်ဘဲ တစ်ခေတ်ကို တွေ့လိုက်ရ၏။

သူကလှမ်းခေါ်ပေမယ့် သရက်မျက်လုံးပြူးနဲ့ကြည့်နေပြီး ဘာပြန်ပြောရမှန်းမသိ၊ဘာပြောရမလဲ အကူအညီတောင်းလိုက်ရမလား..။

မဖြစ်ဘူး..မလုပ်နဲ့သရ မိင်းသမီးက သူတို့လက်ထဲမှာ.. ၊

"အန်ကယ်လ်..သဲဖြူကျွန်းသွားမလို့လား.."

"ဟင်..အင်း.."

"လာလေ..လူနှစ်ယောက်လိုသေးတယ်.."

"လာနော်..နောက်ဆုံးစက်လှေပဲ၊ လေးနာရီခွဲ ရင်မရှိတော့ဘူး.."

စက်လှေသမားတွေလည်း လူခေါ်နေကြသည်။ သူတို့ကတော့ တစ်ယောက်တည်းလာလို့မပြောပါဘူး၊ ဒါပေမယ့် လူသိရင်ဖြစ်ပါ့မလား.. ၊

သမီးကိုစိုးရိမ်သည့်စိတ်နှင့် ဘာမှဇွတ်တိုးမလုပ်ရဲဘဲ ဒီတိုင်းတစ်ယောက်တည်း လိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။ လူကြားသူကြားမှာ သူတို့ပြောတဲ့အတိုင်း လုပ်ရဲ့သားနဲ့တော့ အပျင်းပြေလူသတ်မှာမဟုတ်ပေ.. ၊

"ငါးကင်နှစ်ကောင်နဲ့ ပုစွန်ကင်နှစ်ချောင်းပေးပါ.."

လက်ပေါ်ဗန်းလေးတင်ပြီး လိုက်ရောင်းနေသည့်ဈေးသည်ဆီက ငါးကြော်ဝယ်ကာ.. ၊

"ဒီငါးကင်တွေ ဟိုစက်လှေပေါ်ထိုင်နေတဲ့ အနီရောင်တီရှပ်အကွက်နဲ့ပီကေဝါးနေတဲ့ ချာတိတ်ကိုသွားပေးပေးပါ.. ဒီဖုန်းပါရောညှပ်ထည့်လိုက်.."

သူငါးကင်တစ်ကောင်ပဲ ယူထားလိုက်ပြီးပိုက်ဆံတွေ ပိုထည့်ပေးလိုက်၏။ ပြီးတော့ 'အရေးကြီးလို့' လို့ကပ်ပြောလိုက်တော့ ငါးကင်ရောင်းသည့်ကောင်လေးက ဘာမှမမေးဘဲ ချက်ချင်းထွက်သွား၏။

သူ ဒီဘက်ထွက်လာပြီး လှေစုံစမ်းနေမိကာ.. ၊

"ဒီအချိန်မှလှေစင်းလုံးငှားမယ်ဆိုလည်း မလွယ်ဘူးဗျ၊ ဒါတောင်ရွာထဲသွားခေါ်ရဦးမှာ မသေချာဘူး.."



"ဟော့..ဒီကိုလာ၊ လှေကြုံရှိတယ်..တစ်ပြားမှမပေးနဲ့.."

လှမ်းကြည့်လိုက်တော့ လှေကအဆင်သင့်ဖြစ်နေပြီဖြစ်ကာ လှေထိုးသားနဲ့လူနှစ်ယောက်.. ၊

သရရချက်ချင်းပြေးတက်လိုက်သည်။ လူအများနဲ့လိုက်သွားမိလျှင် ဟိုလူတွေအထင်လွဲပြီး သမီးလေးကိုတစ်ခုခုလုပ်လိုက်မှာစိုးသည်မှလွဲ၍ ဘာမှမတွေးနိုင်ခဲ့ဘဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅၀)

"ဟလို.."

"အန်တီစွန်းလားဟင်.."

"ဟုတ်ပါတယ်..ဘယ်သူလဲ၊ သူ့ဖုန်းကဘယ်လိုလုပ်.."

ဟင်.. ၊

ဖုန်းထဲကကြားလိုက်ရသည့် သတင်းကြောင့်စွန်းတစ်ကိုယ်လုံးတောင့်ခဲသွားသလိုပင်.. ၊

သဲရက သမီးကိုကယ်ဖို့လိုက်သွားပြီတဲ့..၊ မဟုတ်ဘူး.. ၊

သမီးကခုနကပင် ပင်လယ်စာတွေအစားများပြီး ဝမ်းတွေသွားလို့ ဆေးတိုက်ခဲ့ရသည်။ နောက်ထပ် တစ်ခေတ်ပြောနေတာတွေကို နားမထောင်ဖြစ်တော့ဘဲ ဟိုတယ်လ်ထဲပြေးဝင်ခဲ့မိသည်။ သမီးအိပ်နေတာ ပါးစပ်လေးတောင်ပွင့်လို့.. ၊

သူမ ဘာလုပ်ရမလဲ.. ၊

"မေမေရေ..သားတို့ရေသွားကူးမလို့၊ မေမေရော.."

"သား.."

စွန်းအခန်းပြင် ကမန်းကတန်းထွက်လိုက်ကာ.. ၊

"သား..မင်းသွားလို့မဖြစ်ဘူး.."

စွန်းကပျာကယာစာရေးကာ၊ လရောင်ရဲ့ဘေးမှာ အခေါက်လိုက်လေးချထားခဲ့သည်။

"မင်းအဖေဒုက္ခရောက်နေပြီ.."

"ဖေဖေဘာဖြစ်လို့လဲ..မေမေ.."

"မေမေနဲ့လိုက်ခဲ့..မြန်မြန်လာ.."



သားကိုရှင်းပြမနေအားဘဲ ဟိုတယ်လ်မန်နေဂျာကိုပါ ပြန်ပေးဆွဲမှုအဖြစ်ပြောပြကာ ရဲစခန်းကိုအကြောင်းကြားခိုင်းခဲ့ပြီး သားအမိနှစ်ယောက်အပြေးတစ်ပိုင်း ထွက်ခဲ့ကြသည်။

အကူအညီ ဂိုပေမယ့် အုံးအုံးကျွတ်ကျွတ်သိပ်မဖြစ်ရဲသောကြောင့် တခြားဘယ်သူ့မှ မပြောမပြတော့ဘဲ.. ။

"သမီးကအခန်းမှာပဲရှိနေတာကို ဒါသူ့ကိုဒုက္ခပေးဖို့ တမင်မြှားခေါ်တာ.."

စွန်းအသံတွေတုန်နေကာ ကတုန်ကယင်လှမ်းရင်း ယိုင်ခနဲနဲ့ခနဲတွေဖြစ်နေ၏။

"ဖြေးဖြေးသွားပါမေမေရာ..သားရှေ့ကပြေးနှင့်မယ်၊ မေမေဖြည်းဖြည်းလိုက်ခဲ့လေ.."

"ဟင့်အင်း..မေမေလိုက်မယ်၊ သူရေလည်းကူးတက်တာမဟုတ်ဘူး..အလကားလူ၊ အိမ်ကိုဖုန်းဆက်ဖို့တောင်ကြောက်ရသလား၊ ဒီလောက်တောင်နုံရသလား..ပြောရင်မကြိုက်ဘူး.."

ဒေါသတွေဖြစ် အပြစ်တွေတင်နေရင်း စွန်းမျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျလာကြ၏။

"ရှင့်ကိုဘယ်သူမှရေနစ်မသတ်ဘူး.."

"သတ်ရင်ဘယ်လိုလုပ်မလဲ..ငါသေရင်မင်းကယ်ချိန်တောင်ရှိမှာမဟုတ်ဘူး.."

နားထဲမှာအသံတွေကြားယောက်လာကာ စွန်းရဲ့ရှိုက်သံတွေကျယ်လောင်လာ၏။ နေသရစိတ်လောပြီး ပြေးသွားချင်ပေမယ့်သွားလို့မရ.. ။မအေကလည်းငိုနေသည်။ ဒီတိုင်းနဲ့ပဲ သဲဖြူကျွန်းစက်လှေဆိပ်ကိုရောက်သွားခဲ့ပြီး.. ၊

"လှေတွေကသိမ်းကုန်ပြီ..မရှိတော့ဘူး.."

"ဟိုစက်လှေတွေကရော.."

"အဲ့ဒါတွေကမထွက်တော့ဘူးလေ.."

"ထွက်ပေးပါဗျာ..ကျသလောက်ပေးပါမယ်၊ အရေးကြီးလို့ပါ.."

"ဟိုမှာလှေကိုမြင်နေရတယ်..သိပ်မဝေးသေးဘူးသား.."

www.burmeseclassic.com

www.burmeseclassic.com



သရေငှားသွားသည့် လှေကိုလှမ်းမြင်နေရသဖြင့် စွန်းဒီတိုင်း ရေထဲဆင်းသွားသည်။

"ဟာ..မေမေ့၊ မေမေဘာလုပ်တာလဲ.."

"ဟင်.."

စွန်း ကိုယ့်ဘာသာဘာလုပ်မိမှန်းလည်းမသိ၊ စက်လှေပြသ နာရှင်းနေရတုန်း နေသရမအေကိုလှမ်းပြေးဆွဲရသေးသည်။

"နေသရ..ဘာဖြစ်လို့လဲ၊ ကွိုင်တက်နေတယ်ကြားလို့.."

"ဘာဖြစ်တာလဲနေသရ.."

နေသရရဲ့သူငယ်ချင်းတွေ လေးငါးယောက်ဖြေးလိုက်လာကြ ၏။

"ရပြီမေမေ..လာ စက်လှေပေါ်တက်.."

အဆမတန်ဈေးတွေတောင်းပြီးမှ သူတို့စက်လှေငှားလို့ရ သည်။ စွန်းကိုယ့်ကိုယ်ကို ငိုလို့ငိုနေမိမှန်းမသိ၊ ရေပြင်လား မြေပြင် လားလည်းဂရုမစိုက်မိဘဲ ရေထဲပြေးဆင်းမိလို့ ဒူးဆစ်ကျော်အောင် ရေစိုထားသည့်ထမီက လှေပေါ်ရောက်တဲ့အထိ ရေတွေတတောက် တောက်ကျနေဆဲ.. ၊

"လိုက်ပါ..လိုက်ပေးကြပါမြန်မြန်၊ သူ့ရေမကူးတတ်ဘူး..ရေ ..ရေလယ်ခေါင်ကမှ ပစ်ချမလို့လားမသိဘူး..လုပ်ကြပါဦး.."

"မေမေစိတ်ထိန်းပါဦး..သားတို့ရှိပါတယ်၊ ဟိုမှာဖေဖေ့ကို တောင်လှမ်းမြင်နေရသေးတာ ဖေဖေဘာမှမဖြစ်စေရဘူး.."

"ဟုတ်ပါတယ်အန်တီ..သားတို့မျက်စိအောက်မှာ အန် ကယ်လ်လေးဘာမှမဖြစ်စေရဘူး..စိတ်အေးအေးထားပါ.."

ဖေဖေ့ကိုလှမ်းမြင်နေရသည်လို့ ပြောမိပေမယ့်သေချာမြင်ရ တာမဟုတ်ပေ၊ ပြီးတော့လှေကလေးနဲ့ စက်လှေအင်အားချင်းကွာသည့် တိုင် လှေကိုနေရာတကာထိုးဆွဲသွားလို့ရသည်။

စက်လှေကို ရေကြောင်းမသင့်ဘဲမောင်းလို့မရ.. ၊

"မြန်မြန်မောင်းပေးပါဗျာ.."

"အေးပါညီလေးရ..ရေကလည်းနေစောင်းရင် လှိုင်းကြီးလာ တာ၊ အန္တရာယ်ဖြစ်လောက်အောင်မောင်းလို့မဖြစ်ဘူး.."



"ဟာ..ဟိုလှေ၊ ဟိုလှေလှူးနေတာလား.."

"အေး..မှောက်တော့မယ်ထင်တယ်.."

ဟင်.. ၊

ကတုန်ကယင်ဖြစ်လျက် နေသရပခုံးမှာမှီနေသည့် စွန်းကိုယ် တုန်ခါသွားသည်။ ကလေးတွေပြောလို့လှမ်းကြည့်လိုက်မိစဉ်.. ၊

"သူတို့တစ်ခုခုလုပ်တော့မယ်.."

စွန်းမျက်လုံးတွေပြာသွားသည်။

"ဟိုရှေ့ကစက်လှေက အဲ့ဒီလှေနဲ့ပိုနီးတယ်..အဲ့ဒီစက်လှေကို အကူအညီတောင်းလို့ရရင် ကောင်းမှာ.."

"ရတယ်..အဲ့ဒီစက်လှေမှာ တစ်ခေတ်.. တစ်ခေတ်ပါတယ်၊ သား..ရော့..မင်းအဖေဖုန်းသူ့ဆီမှာ.."

ဖုန်းပေးသည့်လက်ကဆတ်ဆတ်တုန်နေသဖြင့် နေသရစွန်း ရဲ့လက်ကိုအားပေးသလိုဖျစ်ညစ်၍ ဖုန်းခေါ်လိုက်စဉ်.. ၊

"ဟား.. လိုင်းကမမိဘူး.."

နေသရ၏ ညည်းသံနှင့်အတူ.. ၊

"ဟာ..ပစ်ချပြီ၊ အဲ့ဒါ..အဲ့ဒါအန်ကယ်လ်လေးပဲ.."

"ဟုတ်တယ်..အထုပ်မဟုတ်ဘူး၊ အဲ့ဒါလူ.."

"အမလေး..လုပ်ကြပါဦး၊ သရ..သရ.."

စွန်း ထိုဆီလှမ်းကြည့်ပြီး သတိလစ်မေ့မျောသွားလေသည်။ မျက်လုံးထဲမှာမှောင်အတိကျသွားခြင်းနှင့်အတူ ပူလောင်သောကမှန် သမျှတို့ တဒင်္ဂပျောက်ဆုံးသွားခဲ့ပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



သရရဲ့ဘေးမှာ လောလောဆယ်ဖြည်ချထားသည့် ကြိုးတွေ အပုံလိုက်ရှိနေလျက် သရသည်ဝိုင်းဝန်းပြုစုနေကြသည့် လူတွေကြား ထဲမှာ ပက်လက်ငြိမ်သက်လျက်.. ၊

"သရ.. ရှင်မသေရဘူး၊ ဖယ်ပေးပါ..သူဘာမှမဖြစ်ဘူး.."

"ဖေဖေ..ဖေဖေ့.."

နေသရငိုသံပါကြီးနှင့်ခေါ်နေကာ သရရဲ့ရင်ဝကိုလက်ဖ နှောင့်နှစ်ဖက်ထပ်ဖိ၍ ရေပြန်အန်အောင်လုပ်နေသည့် အနားမှာရေစို စက်လက်နှင့် ရှိနေကြသူတွေကလည်း သရကိုစိုးရိမ်ကြီးစွာ ကြည့်နေ ကြ၏။

"ကမ်းကိုမြန်မြန်ပြန်မောင်းဟေ့.."

"မောင်းဟေ့..စက်လှေပေါ်မှာတစ်ခုခုအဖြစ်မခံနိုင်ဘူး.."

"ဘာတွေပြောနေကြတာလဲ..ကျွန်တော့်အဖေဘာမှမဖြစ်ဘူး ဗျ.."

နေသရမျက်ရည်တွေကျနေရင်း အတင်းအော်သည်။ စွန်းရွှေ့ ဘိုးဝင်ကာ သရရဲ့မျက်နှာကို အတင်းလှုပ်နှိုး၍.. ၊

"ရှင့်ကိုကျွန်မကယ်မှာ..ရှင်ဘာမှမဖြစ်စေရဘူးသရ.."

အရူးတစ်ယောက်လိုပြောနေရင်း နှုတ်ခမ်းချင်းတေ့၍လေ မှုတ်သွင်းသည်။ တစ်ခါရှူရှိုက်ပြီး တစ်ခါကြည့်ရင်းနှင့်ကြိမ်ဖန်များ စွာလုပ်နေပေမယ့် သရမလှုပ်ရှားသောအခါ.. ၊

"သရ.."

စွန်း သရရဲ့ရင်ဘက်ပေါ်မှာပဲ ပုံကျသွားလေသည်။

သူမသတိလစ်တော့မယ်မှန်း ကိုယ့်ကိုယ်ကိုသာကြိုတင်သိ ခွင့်ရခဲ့ပါလျှင် ဆုတစ်ဆုကိုပဲလိုချင်လိမ့်မည်။

"ဒီတစ်ခါပြန်ပြီး မနိုးပါရစေနဲ့.."လို့.. ၊

www.burmeseclassic.com

အခန်း(၅၁)

"သရ..ရှင်မသွားနဲ့..မသွားရဘူး.."

စွန်း လန့်ဖျန့်အော်ပြီး ကုန်းရုန်းထလိုက်လျှင် သူမမြင်ကွင်း ထဲမှာ လူအုပ်ကြီးက နည်းတာမဟုတ်.. ၊

"သား.."

"မေမေ..ဖေဖေ့ကိုပြန်ဆယ်လို့ရပြီ၊ ဖေဖေရှိတယ်မေမေ.."

နေသရအသံကိုကြားပြီး လူကိုရှာလို့မတွေ့၊ သူမကိုနေသရ ရဲ့သူငယ်ချင်းတစ်ယောက်က ပွေ့ထားရကာ.. ၊

"အန်တီသတိရလာပြီလား..စိတ်ကိုထိန်းထားပါအန်တီရဲ့ အန်ကယ်လ်ကိုပြန်ဆယ်ပြီးပြီ.."

လှေနဲ့ပါသွားသူတွေကတော့ လှေတကယ်နစ်သွားတာလား ရေကူးပြီးပြေးကြတာလားမသိ၊ ပြေးနိုင်ရင်တောင် ဒီရေပြင်ပေါ်ပြန် ပေါ်လာရင် မတွေ့စရာမှမရှိဘဲ.. ၊

လောလောဆယ် စက်လှေကြီးနှစ်စင်းရေလယ်ခေါင်မှာ လယ်နေကာ၊ စက်လှေပေါ်ကလူတွေလည်း သရကိုဆယ်တင်လာ သည့်စက်လှေဆီမှာ အာရုံတွေရောက်နေကြ၏။

"အသက်ရှိသေးရဲ့လားဟဲ့.."

"မသိသေးဘူး.."

"ကြာပြီဥစ္စာ..သေမှာပါပဲ.."

ဟင့်အင်း.. ၊

စွန်းစက်လှေဦးကို အတင်းတိုးဝင်သွားကာ.. ၊

"သရ.."

www.burmeseclassic.com

## အခန်း(၅၂)

"သမီး..လရောင်၊ ဘယ်မှာလဲနင့်အဖေ.."

"မေမေ.."

လရောင်သူမရင်ခွင်ထဲကို ပြေးဝင်လာပြီးငိုချလိုက်တာ သတိလစ်တော့မယ့်အတိုင်း.. ၊

ပတ်ဝန်းကျင်မှာလူတွေလည်း အများကြီးတိုးကြိတ်နေကြသည်။ တစ်ဖက်မှာဈေးဆိုင်တွေနဲ့ တစ်ဖက်မှာပင်လယ်သဲသောင်ကမ်းခြေ.. ၊

"ဖယ်ကြစမ်းပါ..သရေဘယ်မှာလဲ၊ ကျွန်မယောက်ျားကို ခုထိအိမ်ပြန်ပို့မပေးကြဘူးလား.."

"မေမေ.."

လူအုပ်ထဲက နေသရေမျက်ရည်တွေနဲ့ထွက်လာသည်။ ပြီးတော့ သူမကိုဆီးကြိုဖက်ထားလိုက်ကာ.. ၊

"သူတို့ကသေပြီးတဲ့အလောင်းကို ဟိုတယ်လ်ပြန်သယ်လို့မရဘူးတဲ့.."

"အို..ဘာလို့မရရမှာလဲ၊ မရရင်ကားပေါ်တင်..ခုချက်ချင်းပြန်မယ်..ဖယ်စမ်းပါ.."

"ညီမမရဘူး..ဒါကတောတောင်တွေကြားမှာ ဓလေ့ထုံးစံအတိုင်းပဲလုပ်ရမှာ၊ ဟော့..ဆွဲထားစမ်း.."

သဲသောင်ပေါ်မှာ သရေကိုပိတ်ဖြူစနဲ့ အုပ်ထားကြသည်။ ကမ်းစပ်ကတိုးတိုက်နေသော ခပ်ကြမ်းကြမ်းလေကြောင့် မျက်နှာက ပိတ်စတလှုပ်လှုပ်လွန့်ခါနေ၏။



သရေမျက်နှာကိုတောင် သူမကြည့်ခွင့်မရဘူးလား.. ၊

"သရေ..ရှင့်ကိုမထားခဲ့ဘူး၊ ရှင့်ကိုကျွန်မမကယ်နိုင်ပေမယ့် ဒီမှာတော့မထားခဲ့နိုင်ဘူး.."

"ဟော့..အဲ့ဒီမိန်းမကိုဆွဲထားကြစမ်း.."

ထိုစဉ်လေကကြမ်းလာသည်။ အလောင်းပေါ်မှာအုပ်ထားသည့်ပိတ်ဖြူစ၏တစ်ဖက်စ ဖျတ်ခနဲဖျတ်ခနဲ လန်ထွက်သွား၏။ သရေ၏နားသယ်စပ်ဆံစနှင့်ပါးသိုင်းမွေးရာ စိမ်းစိမ်းကိုမေးရိုးအောက်ထိ မစို့မပို့မြင်နေရသည်။

ရင်ထဲမှာမရိုတရိကြေကွဲခြင်း ခံရခက်ခြင်းကြောင့် ဆွဲကိုင်ထားသမျှလူတွေကို တအားကုန် ဆောင့်တွန်းပစ်လိုက်ပြီး.. ၊

"သရေ.."

ဆို့နင့်စွာအော်ခေါ်ရင်း သရေဆီပြေးသွားမိ၏။ သို့သော်..။

"စွန်း.."

"မေမေသတိရလာပြီ.."

စွန်းမျက်လုံးတွေဖွင့်လိုက်တော့ သူမသည် လျှပ်စစ်မီးတွေလင်းထိန်လျက် မွေးနံ့သန့်စင်နေသော ဟိုတယ်လ်အခန်းထဲက မွေ့ရာထက်မှာ၊ သရေရော.. ၊

သရေ သဲသောင်ပေါ်မှာလား.. ၊

ဘေးမှာဝိုင်းဝိုင်းလည်နေကြသည့် လူတွေကိုအတင်းတွန်းပစ်လိုက်ပြီး ရုန်းကန်ထွက်လိုက်သည်။

"မေမေ.."

"စွန်း.."

"ဖယ်စမ်းပါ..သရေကိုသွားခေါ်မယ်၊ နင်တို့အဖေကိုသဲသောင်ပေါ်မှာ ဒီတိုင်းထားပြီးငါ့ကိုမွေ့ရာပေါ်တင်ထားကြတယ်ဟုတ်လား၊ ဖယ်စမ်း..ဖယ်ပေး..သရေ.."

"စွန်း..ကိုယ်ကဒီမှာလေ.."

"ဖယ်ပေး.."

"စွန်း..သတိထားဦးလေ.."

"ဖယ်ပေးစမ်းပါ.."

www.burmeseclassic.com

www.burmeseclassic.com



သဿရ စွန်းကိုလှုပ်လို့မရအောင် အတင်းဖက်ထားလိုက်သည်။

"စွန်း..ကိုယ်ဘာမှမဖြစ်ဘူးလေ၊ ဒီမှာမော့ကြည့်စမ်း.."

သဿရ အသံလား.. ၊

ဖက်ထားသည့်လူကိုမကြည့်မိဘဲ စွန်းမျက်လုံးတွေ လူစုစုထဲ ရှောက်ပတ်ဝေ့၏။

"စွန်း.."

သဿရက စွန်းရဲ့မျက်နှာလေးကိုလက်ဖဝါးနှစ်ဖက်နဲ့ မော့ယူလိုက်ပြီး မျက်လုံးချင်းဆုံခိုင်းသည်။ ပြီးတော့ မျက်ရည်ဝေ့နေသည့် စွန်းမျက်နှာလေးကို ကရုဏာသက်စွာကြည့်မိရင်း သူမလက်ဖဝါးတစ်ဖက်ကို ဖြန့်ယူ၍သူ့မျက်နှာပေါ် ဖိကပ်ထားလိုက်မိ၏။

"ကိုယ်လေ..မင်းပဲကိုယ့်ကိုကယ်ခဲ့တာ၊ ကိုယ်ဘာမှမဖြစ်ဘူး.."

"မေမေ..မေမေသတိထားပါဦးမေမေရယ်၊ ဖေဖေဘာမှမဖြစ်ဘူးမေမေရဲ့.."

"မေမေ့.."

သားနဲ့သမီးရဲ့မျက်နှာတွေပါ ဘေးမှာပေါ်လာကြသည်။ ဒါ တကယ်လား.. ၊

စွန်းမျက်လုံးတွေကြောင်ငေးနေဆဲနှင့် သဿရကိုပြန်ကြည့်သည်။ ဝိုင်းကြည့်နေကြသည့်လူတွေထဲမှာ ဦးမြတ်သော်နဲ့ဒေါ်ပန်းလှိုင်တို့စိတ်မကောင်းစွာ ခေါင်းတွေခါနေမိကြသည်။ ပြီးစော့ ခပ်လှုပ်လှုပ်ထွက်သွားကြ၏။

တစ်ချို့က သက်ပြင်းချပြီးထွက်သွားကြသည်။ စွန်းအသိစိတ်တွေ တစစစုစည်းမိလာချိန်မှာ မျက်ဝန်းမှာမျက်ရည်တွေပြည့်အိုင်လာခဲ့၏။ ပြီးတော့ နောက်ထပ်လက်တစ်ဖက်ဖြင့် သဿရရဲ့ပါးပြင်ကို ခပ်စမ်းစမ်းထိကိုင်လာရင်း.. ၊

"သဿရ.."

"ဟုတ်တယ်..မင်းယောကျ်ား၊ ကိုယ်မင်းနဲ့ရန်ဖြစ်ချင်သေးလို့ ပြန်လာတာလေ..ကိုယ်ဘာမှမဖြစ်ဘူး.."

"ဟင့်အင်း.."



စွန်းခေါင်းတွင်တွင်ခါရင်း သဿရရင်ခွင်ထဲတိုးဝင်လိုက်သည်။ ပြီးတော့ လွတ်ထွက်သွားမှာစိုးသလို သိမ်းကျုံးဖက်ထားလိုက်ရင်း..။

"ကျွန်မကိုမနှိပ်စက်ပါနဲ့..နောက်ထပ်ကျွန်မမသိဘဲ ဘယ်မှထွက်မသွားရဘူး၊ ရှင်မရှိတော့ရင် ကျွန်မ.."

စွန်းစကားတွေတတွတ်တွတ်ပြောရင်း သဿရရင်ခွင်တစ်ခြမ်းမှာမျက်နှာလေးဖိကပ်တိုးတိုက်၍.. ၊

"ရှင့်ကိုစွန်းချစ်တယ်..အရမ်းချစ်တယ်၊ ရှင်မရှိရင်ကျွန်မသေသွားနိုင်တယ် သိရဲ့လား.."

သတိရနေပြီပေမယ့် ကယောင်ကတမ်းတွေပြောနေဆဲမို့ ချစ်တယ်ဆိုတဲ့စကားကို သိပ်တော့မယုံရဲ..၊ ဒါပေမယ့် သဿရလိုက်ခနဲဝမ်းသာသွားသည်။ ဒီစကားပြောခဲ့တာ သူမသတိရနေပါစေ..၊

ကြိတ်၍ဆုတောင်းရင်း နှုတ်ခမ်းတွေပါပြုံးနေခဲ့၏။

လရောင်ကတော့ မအေ့ကိုစိုးရိမ်စိတ်နှင့် မျက်ရည်တွေကျနေဆဲဖြစ်သည်။ အခန်းထဲမှာလူစိမ်းမရှိတော့သော်လည်း ရှိုက်သံတွေကြောင့်အကျည်းတန်နေခဲ့၏။ နေသရမိဘနှစ်ပါးလေးမှ ထရပ်လိုက်ကာ လရောင်လက်လေးကိုဆွဲထွက်ခဲ့ရင်း.. ၊

"မေမေဘာမှမဖြစ်တော့ပါဘူးညလေးရာ..တိတ်တော့၊ တိတ်.."

အပြင်ရောက်မှချော့မော့ရင်း မျက်ရည်တွေသုတ်ပေးမိသည်၊ လရောင် နေသရရဲ့ ပခုံးစွန်းမှာခေါင်းလေးမှီ၍ ငိုရှိုက်ရင်း.. ၊

" 'မေမေသတိလစ်တာမဟုတ်ဘူး..ဆို့ပြီးအသက်ပါသွားတာ' လို့လူတွေပြောကြတဲ့အချိန်မှာ လ..လရောင်လေ.."

"တော်ပြီညလေးရာ.."

ချော့နေရင်း နေသရငိုသံပါလာသည်။ သူလည်းရင်ကွဲမတတ်ခံစားခဲ့ရတာပါ၊ မေမေသတိလစ်သွားပြီးထင်နေတုန်း ဖေဖေ ချောင်းထဆိုးပြီး ရေတွေထွက်ကျလာသည်။

ဖေဖေ့ကိုပြုစုနေကြတုန်း ဒီဘက်မှာမေမေဆုံးပြီ လို့ လူတွေပြောသံကြားလိုက်ရ၏။ မောင်နှမနှစ်ယောက်အရူးလေးပိုင်းဖြစ်သွားကြရင်း ဖေဖေ့ကိုလည်းပွေ့မထားနိုင် မေမေ့ဆီပြေးတော့လည်း ဖေဖေကသ

www.burmeseclassic.com

www.burmeseclassic.com



တိရကာစ.. ၊

ထိုအချိန်မှာ ရေစိုစက်လက်နှင့်တစ်ခေတ်သာ မကူညီခဲ့ရင် သူတို့မောင်နှမအတွက်မလွယ်.. ၊

"မေမေက အရမ်းမာကျောခဲ့တာ..ဒီလိုမျိုးရင်နင့်အောင်သူ တစ်ခါမှမခံစားခဲ့ရဘူး၊ အဲ့ဒါကြောင့်ရှော့ခ်ရသွားပြီဆိုတာကို ညလေး.."

"ဟုတ်တယ်.."

"သတိပြန်ရလာရင်တောင် စိတ်ဝေဒနာခံစားနေရနိုင်တယ်လို့ဆရာဝန်ကပြောတော့ မေမေနိုးနိုးချင်းထဖြစ်တဲ့ပုံက.."

"ကဲပါ..ဘော်ပါတော့ ညလေးရာ၊ နင်လည်းအသည်းငယ်တတ်တဲ့သူပဲ..ကိုယ့်စိတ်ကိုဘာလို့နှိပ်စက်နေတာလဲ၊ အခုမေမေ ဖေကြီးကိုမှတ်မိသွားပြီလေ.."

မျက်ရည်တွေသုတ်ပေးလို့မနိုင်တော့ နေသရစိုးရိမ်လာမိသည်။ မပြောကောင်းမဆိုကောင်း မေမေတို့များတစ်ခုခုဖြစ်ခဲ့ရင် ညီမလေးကိုပါ သူဆုံးရှုံးရတော့မလားမသိ.. ၊

ဒီလောက်ကြေကွဲစရာအဖြစ်ကိုမဆိုထားနှင့် တော်ရုံစိတ်ညစ်တာလောက်နဲ့တောင် ညီမလေးကအိပ်ရာထဲလဲတဲ့သူ.. ၊

"ကိုကို.."

"ဟင်.."

"ညလေး မေမေ့ကိုအရမ်းချစ်တယ်သိလား.."

"ကိုကိုသိပါတယ်.."

"ဖေဖေ့အချစ်ကိုရခဲ့ပေမယ့် မေမေ့အကြင်နာကိုမရခဲ့ဘူး၊ ဒါပေမယ့် မေမေ့ကိုညလေးချစ်တယ်..မေမေ့အပြုံးကိုအမြဲမြင်နေရမယ်ဆိုရင်လေ.."

လရောင်က မျက်နှာလေးမော့ပြီး သူမဘာသာမျက်ရည်သုတ်သည်။ ပြီးမှဆက်၍.. ၊

"မေမေ့ဒေါသငြိုငြင်မှုကိုခံရမယ့်အစား ဘယ်လောက်ကြီးကျယ်တဲ့အရာဖြစ်ဖြစ် ညလေးလဲပစ်နိုင်တယ်.."

သူယုံကြည်ပါသည်။ တစ်ခေတ်ကိုသူမလေးစွဲလမ်းနေသည်ဆိုပေမယ့် တစ်ခေတ်ကလည်းဆက်သွယ်ဖို့ကြိုးစားခဲ့တာတောင် မေမေ့



သဘောအတိုင်း သူမလေးမေ့နိုင်ခဲ့သည်။

တမင်မျိုသိပ်တာမျိုးမဟုတ်ဘဲ မေမေ့နားမှာနေနေရလျှင် ဘာဖြစ်ဖြစ်မေ့ပျောက် ပျော်ရွှင်နိုင်တာမျိုးပါ.. ၊

ဒါကတကယ့်အချစ်စစ်ကို မတွေ့သေးလို့လား၊ ဘာညာဆိုတာတော့ တွေ့လာမှပဲသိရမှာပါ၊ ညီမလေးပခုံးလေးကို ခပ်ဖွဖွပုတ်၍ ဆံပင်တွေကိုပါ ကြင်နာစွာပွတ်သပ်ပေးမိသည်။

"မျက်ရည်တွေသုတ်..မေမေက မျက်ရည်တလည်လည်နဲ့မြင်ရရင် ကြိုက်မှာမဟုတ်ဘူး.."

ပြောလိုက်တော့ မျက်ရည်သုတ်ရှာတာ ကမန်းကတန်း.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅၃)

ရေကူးကန်ဘေးမှာ ထိုင်ငေးနေရင်း စွန်းမျက်ဝန်းမှာမျက်ရည်တွေ ဝေ့နေသည်။ သဿရက ချည်တဘက်ပါးလေးကိုင်ပြီး အနားရောက်လာကာ.. ၊

"ကလေးတွေက မင်းအတွက်စားပွဲသောက်ပွဲ လုပ်နေကြတယ်.."

'စွန်းပခုံးလေးပေါ်မှာ တဘက်ခြုံပေးလိုက်ကာ အနားမှာကပ်ထိုင်လိုက်ပြီး.. ၊

"သွေးနုသားနုနဲ့ မင်းဒီလိုနေလို့မရဘူးလေ.."

ပခုံးလေးကိုဖက်လိုက်ရင်း မျက်နှာကိုငုံ့ကြည့်မိလျှင်.. ။

"စွန်း..ဟာ ဘာလို့မျက်ရည်တွေကျနေတာလဲ..မငိုရဘူးလေ.."

"သဿရ.."

"ပြောကွာ..ကျွတ်.."

မျက်နှာလေးကိုမော့ယူကာ မျက်ရည်သုတ်ပေးရင်း သဿရမျက်စိမျက်နှာပျက်နေတော့သည်။

"ပြောလေ.."

"ရှင်..ကျွန်မကိုစိတ်ဆိုးနေတယ်မလား.."

"ဘာလို့ဆိုးရမှာလဲ..မင်းကိုဒီလိုအကောင်းတိုင်းလေး ပြန်ရလို့ ကိုယ်ဘယ်လောက်တောင် ပျော်နေလဲ..ဒီရုပ်ကိုကြည့်ဦး.."

စွန်းက မျက်ရည်တွေပြည့်အိုင်နေသည့် မျက်ဝန်းတို့နှင့် သူ့ကိုငေးကြည့်နေကာ.. ။



"ကျွန်မ..ကျွန်မ အဲ့လိုဖြစ်ချင်ခဲ့တာမဟုတ်ပါဘူး.."

"ကိုယ်သိပါတယ်..ဒါပေမယ့် ဖြစ်သွားတာဘာတတ်နိုင်မှာလဲ.."

"ကျွန်မ တမင်ဖျက်ဆီးပစ်တယ်လို့ ရှင်က.."

"စွန်းရယ်..မင်းကိုယ့်မျက်လုံးတွေကို ဖတ်လိုက်ရင် ဘာဖြစ်လို့ နဲက်ဂတစ်တွေချည်း ဖြစ်နေရတာလဲ.."

ပတ်ဝန်းကျင်မှာ တခြားသူတွေရှိနေပေမယ့် ဂရုမစိုက်နိုင်...၊ သဿရက စွန်းရဲ့ခေါင်းလေးကို သူ့ပခုံးတစ်ဖက်မှာ မှီကျလာအောင် ဆွဲယူထိကပ်ထားလိုက်ပြီး.. ။

"ကိုယ့်ကို မင်းဘာတွေပြောနေနေ..မင်းရဲ့စိတ်ကို ကိုယ်နားလည်တယ်၊ ဒီတိုင်းပဲ ကိုယ်မင်းကိုအတိုက်အခံတွေ ဘယ်လောက်ပဲပြောနေနေ ကိုယ့်ရင်ထဲမှာ မင်းကိုအရိပ်တကြည့်ကြည့်နဲ့ မြတ်နိုးမဝတဲ့ အချစ်တွေအပြည့်နဲ့ပဲ.."

စွန်း မယုံနိုင်.. ၊

ဒီကိုယ်ဝန်ကို မလိုလားတာတွေ သူမပြောခဲ့သည်။ သူများအသက်ကိုသတ်ရဲတဲ့ စိတ်သာရှိရင် ဘာလုပ်မိမယ် ဘာညာတွေထိ သူမကြိမ်းဝါးခဲ့သည်။

မနေ့တစ်နေ့ကထိ ဒါကိုလွယ်ထားရတာ ရှက်လှပါသည်လို့ ပြောမိနေတုန်း.. ၊

"စွန်း.."

သဿရက စွန်းရဲ့မေးဖျားလေးကို မော့ယူလိုက်ပြီး စိုက်ကြည့်ကာ.. ၊

"မင်းအဲ့လိုမျက်ရည်တွေ ဆက်ကျနေရင် လူတွေကြည့်နေလည်း ကိုယ်ဂရုမစိုက်ဘူး..အတင်းဖက်ထားပြီး နမ်းမိမှာနော်.."

"ကျွန်မ ငိုချင်နေလို့.."

"မငိုရဘူး..မင်းဘာတွေတွေးနေလဲ ကိုယ်သိတယ်၊ မင်းကိုယ့်အပေါ် မကျေနပ်တဲ့စိတ်အခံလေး တစ်ချက်နဲ့ဘာဖြစ်ဖြစ် အကောင်းမမြင်တာ ဒေါသတွေထွက်နေတတ်တာ အဲ့ဒါတွေကိုယ်နားလည်တယ်၊ အဲ့ဒါကြောင့် မခံချင်စိတ်သက်သက်နဲ့ မင်းအနိုင်ပိုင်းပြောနေခဲ့သမျှ

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါတွေ ကိုယ့်ရင်ထဲမှာဘာမှမရှိခဲ့ဘူး.."

စွန်းက သူပြောသမျှနားထောင်နေသည်။ နောက်ထပ်စီးကျလာသည့် မျက်ရည်စက်ကို တယုတယသုတ်ပေးပြီး သရကပြုံးလိုက်ကာ.. ၊

"မင်းရဲ့ငယ်စိတ်နဲ့တုန်းကတောင် ကိုယ့်ကိုအပြင်းအထန်မုန်းနေတဲ့ စိတ်ရှိနေရက်နဲ့ သားနဲ့သမီးကိုလက်ခံခဲ့တယ်..ဒီအရွယ်ထိ သူတို့အတွက်မင်း ရပ်တည်ခဲ့တယ်.. ခုချိန်ကျမှ ဒီကိုယ်ဝန်ကိုမင်းက ပျက်စီးစေချင်ပါတယ်လို့ ငုိယ်ကဘာလို့ထင်ရမှာလဲ.."

"ဟုတ်ရဲ့လား.."ဆိုသည့် မျက်ဝန်းတို့စူးစိုက်လာတော့ သရအသည်းယားကာ ပါးပြင်လေးကိုတစ်ချက်ဖျစ်လိုက်မိ၏။

"ကိုယ်ပြောခဲ့တယ်လေ..အိမ်ထောင်ပြုကြတယ်ဆိုတာ မျိုးဆက်ပြန့်ပွားရေး ဆောင်ရွက်ကြတာမဟုတ်ဘူးလို့.."

"ဒါဆို ရှင်တကယ်ဝမ်းမနည်းဘူးပေါ့.."

ဒီလိုမေးတာကျတော့ သူဖြေရခက်သွားခဲ့သည်။

"စိတ်ရင်းအတိုင်းဖြေစမ်းပါ..ကျွန်မက ရှင့်ကိုစိတ်ဆိုးခွင့်မရှိတဲ့သူ.."

"ထပ်ပြောပြန်ပြီစွန်းရာ..ကိုယ်ဝန်ပျက်ရတဲ့ အဖြစ်ကကိုယ် တို့မိသားစုကြီးတစ်ခုလုံး ပြောင်းလဲမပစ်နိုင်ပါဘူး..ကိုယ့်ရင်သွေးကို ဘယ်သူက ဆုံးရှုံးခံချင်မှာလဲ၊ ဒါပေမယ့် မင်းရောကိုယ်ရော မမျှော်လင့်ဘဲ သူ့ကိုလက်ခံခဲ့ရသလို သူထွက်သွားတာကိုလည်း တားထားလို့မှ မရတာ.."

"အဲ့ဒါက ကျွန်မကြောင့်ပဲဆိုရင်.."

"မဟုတ်ဘူး..ကိုယ်ဝန်နုနုလေးနဲ့ မင်းရင်ဆိုင်ခဲ့ရတဲ့ အဖြစ်ဆိုးက မှုလို့လား.."

စွန်း ပခုံးလေးကို ရင်ခွင်ထဲဆွဲသိမ်းဖက်ထားလိုက်မိကာ..၊

"တော်ပါတော့ကွာ..ကိုယ်မင်းကို ပြန်ရတာနဲ့တင်အသက်ဆက်ရှင်ရကျိုးနပ်နေပြီ..သားနဲ့သမီးလည်း သူတို့အမေရဲ့ကျန်းမာရေးအတွက် စိတ်ပူရလွန်းလို့ ပင်ပန်းနေရှာပြီ..အဲ့ဒါကိုမတွေးနဲ့တော့..နော်.."



"ရှင်အပြစ်မတင်ဘူးဆိုရင်လည်း ကျွန်မကိုယ်တိုင် အပြစ်မကင်းသလိုခံစားနေရတာ ငိုပဲငိုချင်နေတယ်.."

"ကျွတ်.."

"သားနဲ့သမီးခမျာ ဒီကလေးလေးရောက်လာပြီဆိုပြီး ဘယ်လောက်ပျော်နေကြသလဲ.."

ပြောရင်း သူမအသံလေး တုန်လာသည်။

"ကျွန်မရဲ့ ငြီငြင်စကားတွေကြောင့် သူပြန်သွားတာလားဟင်.."

"မဟုတ်ဘူး..သူကိုယ်တို့ဆီရောက်မလာခင် ပြန်ထွက်သွားတာ၊ ဘဝမှာ လူတစ်ဦးနဲ့တစ်ဦးပေါင်းဖက်တာ ဆုံဆည်းတာတွေက ရေးရေစက်အကြောင်းကံတွေပဲ..ကိုယ်တို့ ကြိုးစားဖန်တီးလို့မရဘူး၊ ကိုယ်ဝန်ကို ဖျက်စီးပစ်တဲ့အထိ ကြိုးစားတဲ့မိန်းမတွေရှိကြတာပဲလေ..ဒါပေမယ့်ဖျက်ချရင်းနဲ့ပဲ အကောင်းတိုင်းမွေးလာတာတွေ မရှိလို့လား.."

ခုမှပဲ ကလေးလေးတစ်ယောက်ကို စာသင်ပေးနေရသလိုပါလား၊ သရကတော့ စိတ်ရှည်လက်ရှည်နဲ့ပါ.. ။

"တစ်ချို့ဆိုရင် ဖျက်ချထားတဲ့ဒဏ်တွေနဲ့ ကလေးလေးထွက်လာတော့ ပြဿနာတွေအများကြီးနဲ့လေ..တစ်ချို့ကျတော့ မိခင်ရောကလေးပါ ဆုံးသွားကြတာတွေ.."

"အဲ့ဒါတွေ ရှင်သိနေတယ်.."

"ဘာလို့မသိရမှာလဲ..မင်း ကိုယ့်အပေါ်ဘယ်လောက်ပဲ အနိုင်ယူပါစေ..ကိုယ်မင်းကို ခွင့်လွှတ်နိုင်တယ်၊ ချစ်မြဲချစ်နေခဲ့တယ်..အဲ့ဒါဘာဖြစ်လို့လဲသိလား..မင်းက အဲ့ဒီလိုမိန်းမမျိုးတွေ မဟုတ်လို့.."

စွန်း မျက်တောင်ဖျားလေးတွေ စိုက်ကျသွားသည်။ ပြီးမှ..၊

"ဟုတ်ချင်လည်း ဟုတ်နေမှာပေါ့.."

ဟု မပွင့်တပွင့်လေးပြော၏။ သူမဖြစ်ခဲ့တာလည်း ဘာ[illegible]ကွာလို့လဲ.. ၊

သရက စွန်းနဲ့နဖူးချင်းကပ်ထိပြီး ရယ်မြူးသံနှင့်.. ၊

"ကိုယ်ပြောထားတယ်နော်..ထပ်ငိုရင်တော့ [illegible]အကောင်းအထည်ဖော်မှာ.."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘယ်လိုဖြစ်နေတာလဲ.."

"မင်းကရော ဘယ်လိုဖြစ်နေတာလဲ.."

စွန်းမျက်နှာလေးမော့လာတော့ မျက်ဝန်းကလှုပ်လီလှုပ်လဲ့ မျက်ရည်တွေကို ငေးကြည့်မိသည်။ ပြီးတော့ ပြောနေကြသည့် အကြောင်းအရာကို ဘယ်လိုပြောင်းလဲရမလဲ စဉ်းစားရင်းပြုံး၍.. ।

"ရှင့်ကို သိပ်ချစ်တယ်လို့ပြောသံကြားလိုက်တာ..ဘယ်သူပြောလိုက်တာလဲမသိဘူး.."

စွန်းမျက်စောင်းလေးရွယ်ပြီး သူ့ရင်ခွင်ထဲကရုန်းသည်။ သရက‌ရယ်လိုက်ပြီး.. ।

"ရှင်မရှိရင် ကျွန်မသေသွားနိုင်တယ်ဆိုလား.."

"မကြားလိုက်ရင် သွားမေးကြည့်လေ..ဖယ် လက်ကို.."

"ဘယ်ကိုသွားမေးရမှာလဲ..ပြောတဲ့လူတစ်ယောက်လုံးကြီး အနားရှိနေတာကို.."

"ဖယ်ဆိုမှ.."

ရုန်းနေတာလည်းမဟုတ်ဘဲ သူ့လက်တွေကိုဖယ်ချရင်း ရင်ဘက်ကိုထုလိုက်မိကာ.. ।

"ကျွန်မကိုတစ်ခေတ်က ကယ်တာဆို..သူတို့ရော၊ ရှင်ဘာမှ.."

"စကားမလွှဲပါနဲ့ကွာ..မေးတာကိုဖြေစမ်းပါ.."

"ဘာလို့ဖြေရမှာလဲ..ဒီမှာတစ်ယောက်တည်းနေချင်လို့၊ သွား.."

"တစ်ယောက်တည်းမနေစေချင်လို့ လာထိုင်နေတာပေါ့ကွ.. တော်ပြီ ခုကစပြီး အဲ့ဒီကိစ္စတွေနဲ့တော့.."

ပြောပြီး စွန်းနဲ့ထပ်ကပ်မတတ်တိုးထိုင်သည်။ ပြီးတော့ ပါးချင်းကပ်နေသလို မထိတထိငုံ့၍.. ।

"ဒီမှာပြောပြမယ်နားထောင်..ကိုယ်တို့ကလွဲပြီး ဧည့်သည်တွေအားလုံးလည်း ပြန်သွားကြပြီ၊ တစ်ခေတ်တို့လည်းပြန်သွားပြီ.. ဒါပေမယ့် တစ်ခေတ်ကိုရော သူ့မိဘတွေကိုရော ကျေးဇူးတင်ကြောင်း ကိုယ်သေချာပြောပြီး နှုတ်ဆက်လိုက်တယ်..ရန်ကုန်ရောက်မှ ပြန်တွေ့



ကြမယ်လို့လည်း ပြောလိုက်တယ်..ရပြီလား.."

တစ်ခေတ်က အခြေခံကျန်းမာရေးသင်တန်းအောင်ပြီးသားဖြစ်သည့်ပြင် ကိုယ်ကိုင်လည်း လေ့လာလိုက်စားထားတာတွေ ရှိသောကြောင့် လူနာအခြေအနေကိုကြည့်ပြီး ပြုစုပေးနိုင်ခဲ့တာဖြစ်သည်။

ထို့ပြင် သရကိုရေထဲပစ်ချလိုက်တော့လည်း လူတွေအများကြီး လှမ်းမြင်ကြပေမယ့် ဝေးကွာနေသောအကွာအဝေးကြောင့် ရုတ်တရက် ဘာမှမတတ်နိုင်လိုက်ဘဲ တစ်ခေတ်သာအနီးဆုံးမှာ ရှိနေတာမို့ အချိန်မီ ဆင်းကယ်နိုင်ခဲ့ခြင်းဖြစ်၏။

တစ်ခေတ်က သူမတို့အားလုံးရဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်ခဲ့ပါပြီ.. ।

"ရပြီလား.."

"ဟင်..ဘာလဲ.."

"မင်း မေးချင်နေတာတွေ ကိုယ်ပြောပြတာလေ..အခုကိုယ်မေးတာဖြေ.."

"ဖြေချင်မှ ဖြေမှာပေါ့.."

စွန်းမျက်နှာလေးက တည်နေကာ၊ ဘယ်ကိုမှလည်း မကြည့်သောကြောင့် သရစွန်းရဲ့ မေးဖျားလေးကို မော့ယူကြည့်ရင်း.. ।

"စိတ်ဆိုးသွားတာလား.."

"ဟင့်အင်း.."

"ဟုတ်ပါတယ်..ကိုယ်ပြောတာ ဘာမှားသွားလို့လဲ.."

"ဟင့်အင်းဆိုမှ.."

စွန်း သူ့ရင်ခွင်ထဲမှာ ပါးလေးအပ်မှီလိုက်ပြီး သူ့ခါးကိုလည်း ဖက်ထားမိကာ.. ।

"ရှင့်ကိုချစ်တယ်.."

"အဟွန်း.."

သရ မျက်နှာကြီးသွားအဖြီးသားနှင့် ရှုံ့အိသွားသည်။ ပြီးတော့ မျက်နှာချင်းတိုက်ရင်း အတင်းငုံ့ကပ်လာလျှင်.. ।

"ရှင်နော်.."

"မရဘူး.. ချစ်တယ်လို့ပြောသံကြားရင် ဘယ်လိုမှမရတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမရတာလဲ.."

"အဲ့..နှာခေါင်း၊ ဒီနှာခေါင်းက.."

"သွား.."

မရယ်ချင်ပေမယ့် သူ့နှာခေါင်းကိုလိမ်ဆွဲပစ်ရင်း ပြုံးလိုက်မိသည်။

သူ့ကိုချစ်ရလွန်းလို့ ဒီလောက်ရူးမတတ်ဖြစ်ခဲ့တာတောင် မေးစရာလား.. ၊

## အခန်း(၅၄)

ရန်ကုန်ပြန်ရောက်ပြီး စွန်းရဲ့ကျန်းမာရေးစိတ်ချရတာနှင့် ပထမဆုံးအရေးကြီးဆုံးအလုပ်ကို လုပ်ခဲ့သည်။ ဒါကဘာလဲဆိုလျှင်..

ဒေါ်ပန်းလှိုင်တို့အိမ်မှာ တစ်ခေတ်ရဲ့အဘွားကွယ်လွန်ခဲ့တာ ရှစ်နှစ်ပြည့် အမှတ်တရပွဲလေးကို သဃရနဲ့စွန်းတို့မိသားစု သွားရောက်ခဲ့ကြခြင်းပင်.. ။

"မနက်ပိုင်းက အရှက်ဆွမ်းကပ်တရားနာဆိုတော့ ကိုယ့်အိမ်သားနဲ့ အိမ်နီးချင်းပဲလေ..ညီမတို့ကို သတိရပေမယ့်ခရီးက ပြန်လာတာလည်းမကြာသေးဘူး၊ ညီမကျန်းမာရေးကလည်း ရှိနေလို့..အဲ့ဒါကြောင့် ဒီညလက်ဆုံဒင်နာလေးကိုတော့ လာဖြစ်အောင်လာဖို့ ဖိတ်ရတာ.."

"ဒါနဲ့..တစ်ခေတ်မတွေ့ပါလား.."

သဃရကမေးတော့ အားနာသည့်အပြုံးနှင့်.. ၊

"သားက ပဲခူးမှာ သူ့သူငယ်ချင်းနဲ့လေ..လုပ်ငန်းစပ်တူထူထောင်ကြမယ့်ကိစ္စအတွက် သွားနေတာနှစ်ရက်ရှိပြီ.."

"ဩော်.."

စွန်းမျက်နှာပျက်သွားသည်။ လာခဲ့တာက အထူးကျေးဇူးတင်ပါကြောင်း လှိုက်လှိုက်လှဲလှဲပြောချင်လို့ပါ၊ ဒါပေမယ့်.. ၊

"ပြန်လာရမလားလို့တော့ မေးပါတယ်..ဒါပေမယ့် ဘုန်းကြီးဆွမ်းကပ်တာလည်း အကြီးအကျယ်ကြီးမှမဟုတ်တာ..ဒီညဒင်နာကလည်း ညီမတို့ကလည်း ဖုန်းဆက်တုန်းက ဖိတ်ချင်နေတာနဲ့တိုက်ဆိုင်ပြီး မိသားစုနှစ်စုအတွက်ပဲ သီးသန့်လုပ်တာဆိုတော့ အလုပ်ကိစ္စပဲ

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်လုပ်လို့ ပြောလိုက်တော့တာ.."

ပဲခူးနဲ့ရန်ကုန် အသက်တစ်အောင့်လေးနဲ့ရောက်နိုင်တဲ့ အကွာအဝေးပဲ၊ ကိုယ့်အဘွားရဲ့ အမှတ်တရအလှူဒါနမှာ မိသားစုစုံဖို့ထက် ဘာကပိုအရေးကြီးမှာလဲ.. ၊

လာချင်ရင်အနီးလေးဆိုတဲ့ စကားကိုတွေးမိတော့ သမီးတို့မောင်နှမကို ငဲ့ကြည့်လိုက်မိ၏။ ပြီးတော့ သမီးရဲ့မျက်နှာလေးဆီ ပြန်ရောက်သွားသည်။

မိတ်ကပ်ရောင်လည်ကပ်လက်ရှည်လေးနှင့် လရောင်မျက်နှာလေးက ဝင်းဖန့်နေသည်။ ဆံပင်တွေကို နောက်မှာစုသိမ်းစည်းထားသဖြင့် မျက်နှာနုနုလေးက ထင်းနေ၏။

'သမီးနဲ့ ပတ်သက်ပြီး ငါပြောခဲ့တာတွေကို မကျေနပ်ဖြစ်နေတာများလား..'လို့ တွေးလိုက်မိကာ၊ သဿရကို လှမ်းကြည့်မိ၏။ သဿရကလည်း သူမကိုပဲကြည့်နေတာမို့ မသိမသာခေါင်းခါပြကာ အပြုံးမပျက်စကားပြောနေ၏။

"မင်းတွေးနေသလို မဟုတ်ပါဘူးလို့.." လို့သဿရပြောချင်တာလား၊ စွန်းကတော့ တောင်တွေးမြောက်တွေးနှင့် ရယ်တောင်မရယ်ချင်တော့ပေ၊ ပြောခဲ့မိတဲ့အချိန်က သမီးအတွက်နာကျင်ခဲ့ရတဲ့ မိခင်စိတ်နဲ့ပါ.. ၊

အခုကိုယ့်အသက်သခင်ဖြစ်သွားတော့ ဘယ်လိုဘာတွေရှိခဲ့ရှိခဲ့ ကျေးဇူးတင်ထိုက်သူကို တင်ဖို့အတွက် သူမအရောက်လာခဲ့သည်။ ဒီထဲမှာ ဘယ်သူမှားခဲ့တာလဲ.. ၊

"စားပါဦးညီမရဲ့..နည်းလိုက်တာ.."

"ဟင်..ဩော်၊ ကျွန်မ ပါးစပ်သိပ်မကောင်းသေးလို့ပါ.."

"ဒါဆို အသီးအနှံလေးတွေ အစုံလုပ်ထားတယ်၊ စားလိုက်ဦး..ထိုက်ထိုက်ရေ.."

မိထိုက်ဆိုသည့် မိန်းကလေးကလည်း သူမတို့ရောက်လာတည်းက ပျာယာခတ်အောင် ဝိုင်းကူပြင်ဆင်ပေးနေတာပါ၊ သူမလေးကလည်း သမီးနဲ့ပတ်သက်ပြီး မေးမြန်းပြောဆိုရင်း စွန်းစကားမှား ကျူးခဲ့တာတွေရှိသည်။ ဒါပေမယ့် သူမလေးမျက်နှာမှာ ဘာအဖုအထ



မှ မရှိခဲ့သလို ပြုံးချိုနေ၏။

ပြီးတော့ လရောင်ရဲ့အချစ်ဆုံးသူငယ်ချင်းမို့ အနားရောက်တာတိုင်း ပါးဆွဲသွားလိုက် ပခုံးရိုက်သွားလိုက်.. ၊

"သစ်သီးပွဲတွေ ပြင်ထားတာအကုန်ယူခဲ့သမီးရေ.."

"ဟုတ် လာပြီတီလေး.."

"သားမရှိတာကို ရှေ့နေကြီးတို့ ဘယ်လိုမှမအောင့်မေ့နဲ့နော်..ဘာကြောင့်မှမဟုတ်ဘူး၊ တိုက်ဆိုင်သွားတာ..သားကစီးပွားရေးထက်ပရဟိတတွေဆို သိပ်ဝါသနာပါတာ.."

ဦးမြတ်သော်က သဿရကိုပြောရင်း စွန်းကိုပါကြည့်၍ရှင်းပြနေသည်။ ရှေ့မှာ စားပွဲတစ်လုံးပြည့်အောင် စီစဉ်ထားသောဟင်းလျာတွေကို စွန်းအစိပ်ပျြယ်မဲ့လျှောက်ကြည့်ရင်း တို့တို့တိတိနှင့် အသက်မဲ့နေတာကို အကဲခတ်မိသွားပုံပေါ်ကာ.. ၊

"ချောင်းသာမှာ ရှေ့နေကြီးကကျေးဇူးတင်စကား ပြောတုန်းကတောင် သားကအရမ်းအားနာနေတာ..သူက လူငယ်ပီပီနေထိုင်သွားလာတတ်ပေမယ့် ဘယ်သူ့ကိုဖြစ်ဖြစ် ကူညီတတ်တဲ့သူပါ..သူ့အတွက်အပန်းမကြီးပါဘူးတဲ့.."

"မဟုတ်တာရှင်.."

စွန်းက ခေါင်းခါလိုက်ရင်း စိတ်ထဲရှိတဲ့အတိုင်း.. ၊

"ကျွန်မတို့အတွက်ကတော့ ကျွန်မတို့နှစ်ယောက်စလုံးမှာ သူပေးတဲ့အသက်ပဲ ရှိသလိုပါပဲ..ဖြစ်သွားတာတွေက မရည်ရွယ်ဘဲနဲ့လေ၊ အကယ်၍သာ အဲ့ဒီနေ့က မိဘနှစ်ပါးစလုံးတိမ်ပါးသွားခဲ့ရင် ကျွန်မရဲ့သားနဲ့သမီးလည်း လေလွင့်ပျက်စီးကုန်ကြမှာပဲ..ဒါကြောင့် အဲ့ဒီကူညီကယ်တင်မှုက ကျွန်မတို့မိသားစုရဲ့ အသိုက်အမြုံတစ်ခုလုံးကို ကယ်တင်လိုက်သလိုပါပဲ.."

စွန်းရဲ့လှိုက်လှဲမှုကို ခံစားမိကာ၊ ဒေါ်ပန်းလှိုင်ကလည်း ကြည်နူးသည့်အပြုံးတို့နှင့်ရှိလျက်.. ၊

"ရပါတယ်ညီမရယ်..အစ်မတို့ကလည်း ညီမတို့မိသားစု ခုလိုချစ်ခင်နွေးထွေးနေကြတာကို ဖြစ်နေရတဲ့အတွက် ပီတိဖြစ်ရပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့..ကျွန်မတို့ကို ရှေ့နေကြီးလို့မခေါ်ပါနဲ့တော့၊ တရင်းတနှီးနာမည်တွေပဲ ခေါ်လို့ရပါတယ်.."

မိသားစုနှစ်စု ပြုံးပြုံးရယ်ရယ်တွေဖြစ်လာကာမှ ဒင်နာကစိုပြေသွားခဲ့သည်။ ထိုက်ထိုက်က လရောင်ရဲ့နောက်ကို ရောက်လာပြီး ပခုံးကိုတို့၍.. ။

"ဟဲ့..ကလေးဆိုတာ လူကြီးတွေဘေးမှာ ငုတ်တုတ်ထိုင်မနေရဘူးနော်၊ ငရဲကြီးတတ်တယ်.."

"အဟွန်း.."

ပြောတာက ထိုက်ထိုက်က လရောင်ကိုဖြစ်ကာ၊ ရယ်လိုက်သူက နေသရဖြစ်နေလျက်.. ။

"အဟွန်း..သားလည်းသူငယ်ချင်းနဲ့ တွေ့ဖို့ချိန်းထားသေးတယ်.."

"ဟော..ဟော.."

"အေးဗျာ..သားကလည်း မရှိတော့ယောက်ျားလေး အံဖော်မရှိဘဲ ပျင်းမှာပေါ့.."

လင်မယားနှစ်ယောက်စလုံးက ဝင်ပြောနေကြသဖြင့် စွန်းမေးဖို့ပြင်ပြီးမှ ဒီတိုင်းပဲနေလိုက်သည်။ သရကတော့ သားဖြစ်သူအပေါ် လိုက်လျောနေကျအတိုင်း.. ။

"ဘယ်သူချိန်းတာလဲသား..ထွက်လာတုန်းက ဘာလို့မပြောတာလဲ.."

"မသွားလည်းဖြစ်တယ်ဆိုပြီးလေ..အဟွန်း၊ အခု..သား.."

"ပျင်းတယ်ပေါ့.."

ဖအေက လမ်းကြောင်းပေးသည်။ သားကမအေကိုကြည့်၏။ ပြဿနာရှိထားဖူးသဖြင့် နေသရအပြင်ထွက်မယ်ဆိုတိုင်း စွန်းကသိပ်မကြိုက်ချင်.. ။

ခွင့်ပြုရရင်တောင် အပြည့်အဝစစ်ဆေးမေးမြန်းပြီးမှသာ..

"စားသောက်လည်း ပြီးပြီဆိုတော့ စောပါသေးတယ်..သားသွားချင်သွားလေ.."

သရက နာရီကြည့်ရင်း စွန်းကိုပါခွင့်တောင်းသလို မျက်



လုံးဝေ့ကာ.. ။

"မင်းအမေစိတ်ပူအောင်မလုပ်ရဘူး..ဖေဖေတို့ပြန်ရောက်ရင် ဖုန်းဆက်မယ်၊ သားလည်းပြန်ခဲ့ရမယ်.."

"ဟုတ် ဖေဖေ.."

ပြီးတော့ စွန်းကိုလှည့်ကြည့်ကာ.. ။

"မေမေ့ နော်.."

သားအမိသားအဖတွေကို ကြည့်ပြီး ဒေါ်ပန်းလှိုင်တို့က သဘောကျနေ၏။ ပြီးတော့ ဦးမြတ်သော်က ခေါင်းတခါခါနှင့်.. ။

"အင်း..မိဘဆိုတာလည်း ကိုယ့်သားသမီးဘယ်အရွယ်ရောက်နေနေ..ဘာလုပ်လုပ်သိချင်တယ်၊ ဘယ်သွားသွားစိတ်ပူတယ်.. ဒါသဘာဝပါပဲ၊ ကျုပ်တို့သားကတော့ ပြောတော့ပြောသွားတတ်ပါရဲ့.. ဒါပေမယ့် ပြန်လာချင်မှလာတာ သူကို့ယုံကြည်တော့လည်း မေးမြန်းမနေတော့ပါဘူး..ခုတော့လည်း ရိုးနေပါပြီ.."

"ဟုတ်လား..သားက အပြင်မှာနေတာရှိဖူးတယ်ပေါ့.."

သရကမေးတော့ ခေါင်းညိတ်ကာ.. ။

"ပရဟိတလုပ်ရင်း နယ်လှည့်နေတာတို့ အလုပ်ကိစ္စအတွက် စည်းဝေးဖို့ ပစ္စည်းထုတ်ဖို့ ဒီလိုပါပဲညီလေးရာ..တခြားရှုတော့ မဟုတ်ပါဘူး.."

"တခြားမရှိပါဘူးမောင်လေးရယ်.. မဟုတ်တာလုပ်ထားရင် သူတို့ကမိဘသိမှာစိုးလို့ ဖုံးလေ ပေါ်လေပဲ..တစ်နေ့မဟုတ်တစ်နေ့သိရတာပဲ.."

"ဟုတ်တယ်..ဟုတ်တယ်.."

"သားကအဲ့လိုမျိုးတွေမရှိပါဘူး..ရှုပ်တာပွေတာတွေလည်း အစ်မကိုယ်တိုင်လက်မခံဘူး၊ ချစ်သူထားတာကို မတားပေမယ့် ပွေရှုပ်တာက ကိုယ်ကျင့်သိက္ခာနဲ့သက်ဆိုင်သွားပြီ.."

ဦးမြတ်သော်က ပွင့်လင်းရင်းနှီးစွာပြောပြနေကာ၊ ဒေါ်ပန်းလှိုင်က သားဖြစ်သူရဲ့ ဂုဏ်သိက္ခာအပေါ် ထိခိုက်မခံနိုင်စွာ တင်ပြနေသည်။

ထိုစဉ် ထိုက်ထိုက်က မတ်တပ်လေးရပ်နေရင်း မျက်နှာရှုံ့

www.burmeseclassic.com

www.burmeseclassic.com



မှဲ့မှုံလေးနှင့်.. ၊

"လရောင်ကို လာခေါ်တာကသမီးပါနော်.. သွားခွင့်ရသွားတော့ တစ်ယောက်.."

"အေး..ဟုတ်သားပဲ၊ လိုက်သွားလေသမီး.."

သရက လရောင်လိုက်သွားဖို့ခွင့်ပြုလိုက်တာနှင့် ထိုက်ထိုက်ရဲ့ မရဲတရဲအကြည့်တွေ စွန်းထံရောက်သွားခဲ့သည်။ စွန်းကပြုံးပြလိုက်မှ လရောင်ရဲ့လက်လေးကိုဆွဲ၍.. ၊

"နင်သိပ်မစားရသေးဘူးဆိုတာ ငါသိတယ်..နောက်မှာတို့နှစ်ယောက်တည်း စကားပြောရင်းထပ်စားမယ်..ငါဘာမှမစားရသေးဘူး.."

"တကယ်.."

"ဩော်..တကယ်ပါဆိုမှ.."

လရောင်က ထိုက်ထိုက်ကိုကြည့်ပြီး အံ့သြနေကာ.. ၊

"ဒီလောက်အစားမက်တဲ့ မိန်းမကမစားရသေးဘူးဆိုတာ.."

"မယုံနေပေါ့.. ငါကနင့်ကိုအတူစားဖို့ စောင့်ရင်းဗိုက်နှိပ်နေရအောင် ချစ်သူလည်းမဟုတ်..ဘာလည်းမဟုတ်.."

"ဘယ်လို.."

ကိုယ်ပြောတာကို ယုံစေချင်လို့သက်သေထူသလိုလိုနှင့် တကယ်မဟုတ်ပါဘူးလို့ ပြောလိုက်တာကို တအံ့တသြ.. ၊

"ထိုက်ထိုက်.."

"လာစမ်းပါ.."

လရောင် မေးဖို့ခြေလှမ်းတုံ့သွားသည်။ ထိုက်ထိုက်က လက်ကိုဆတ်ခနဲ ဆွဲယူပြီး နောက်ဖေးထဲဝင်၏။

"နင်စားပြီးပြီသားနဲ့ ဘာလို့.."

"ကလစ်.."

အမောတကောမေးနေရင်း ဘေးကအခန်းတံခါးပွင့်သွားသဖြင့် လှည့်ကြည့်လိုက်လျှင် လရောင်နှုတ်ခမ်းလေး ပွင့်ဟသွားခဲ့လျက်..

"ကို..ကိုခေတ်.."

ခေတ်က ခေါင်းညိတ်ကာ.. ။



"ဟုတ်တယ်.."

"အဲ့ဒါက ဘယ်လိုလုပ်.."

"ဘာဖြစ်လို့လဲ..ကိုယ့်အိမ်မှာ ကိုယ်ရှိနေတာ အံ့သြစရာကောင်းနေလို့လား.."

"အင်း..အဲ..မဟုတ်ဘူးလေ၊ ဒါပေမယ့်.."

"ဟော..အစ်ကိုလေးပြန်ရောက်.."

"ဟေ့..ရှူး.."

အိမ်အကူမိန်းကလေးတစ်ယောက်က ဟင်းသောက်ပန်းကန်ကြီးကိုင်လျက် ပြောလိုက်စ ပါးစပ်လေးအဟောင်းသားနှင့်.. ။

"ဟို.."

"လျှောက်မပြောနဲ့..သွားတော့.."

လရောင် ထိုက်ထိုက်ကိုလည်း မတွေ့တော့ပေ၊ ကောင်မလေးထွက်သွားတော့ တစ်ခေတ်ကိုပြန်လှည့်ကြည့်လိုက်လျှင်.. ၊

"အမေ့ရေ.."

"ခဏလေး.."

လရောင် သူနဲ့အတူ အခန်းထဲရောက်သွားခဲ့ပြီး.. ၊

"ချပ်.."

"ကိုခေတ်..ဘာလုပ်လိုက်တာလဲဟင်၊ တံခါးဘာလို့ပိတ်တာလဲ.."

လက်ကိုဆွဲထားပြီး တံခါးလော့စ်ချလိုက်သဖြင့် လရောင်လန့်ဖန့်သွားသည်။ ထို့ပြင် ပြန်ဖွင့်မလို့လက်လှမ်းလိုက်မိကာ တစ်ခေတ်က ထိုလက်လေးကို ဖမ်းဆုပ်ထားလိုက်ပြီး.. ၊

"ကိုယ့်ကို မယုံလို့လား.."

"ဟင့်အင်း..မဟုတ်ပါဘူး၊ ဒါပေမယ့် မေမေတို့သိသွားရင် ဒီထဲမှာ လရောင်နဲ့ကို.."

"ခဏလောက်စကားပြောပြီး ဖွင့်ပေးမယ်..ဘယ်သူမှမသိရဘူး.."

လရောင် ခေါင်းညိတ်လိုက်ပေမယ့် တံခါးကိုကျောပေးထားရင်း ခြေဖဝါးစာတောင်မရွှေ့ခဲ့ပေ၊ ပြီးတော့ အနီရောင်တီရှပ်ရဲ့ရှေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှုန်နေသော တစ်ခေတ်ရဲ့မျက်နှာကို မော့ကြည့်နေမိရင်း.. ၊

"ကိုခေတ်က ဒီမှာမရှိဘူးဆိုပြီးတော့.."

"ဟုတ်တယ်..ဒါပေမယ့် မင်းကိုတွေ့ချင်လို နောက်ပေါက်ကနေ တိတ်တိတ်လေးပြန်ဝင်တော ညနေတည်းက.."

"ဟုတ်တယ်.."

သူ ခေါင်းညိတ်တော့ အံ့ဩစရာတွေထပ်ဖြစ်သွား၏။

"ဒါဆို ထမင်းအတူဝင်စားရင်း စကားပြောရင်းတွေလို့ ရနေသားပဲ.."

"ကိုယ်က အဲ့လိုတွေ့ချင်တာမဟုတ်ဘူး.."

ဟင်.. ။

ဖျတ်ခနဲ ရင်ခုန်သွားသည့် ရင်ထဲမှာ ဒိန်းခနဲမြည်ဟီးသွားသည့်နှယ်.. ၊

"ကိုယ်အိမ်မှာမရှိဘူးဆိုတော့ မင်းပျော်သွားလား.."

"ဘာဖြစ်လို့ လရောင်ကပျော်ရမှာလဲ.."

မီးရောင်အောက်မှာ ပန်းရောင်နုနုဖြန့်ခင်းလျက် ချစ်စဖွယ်မြင်နေရသည့် မျက်နှာလေးကို စူးစိုက်ကြည့်မိသည်။ ပြီးတော့ သူ့လက်တွေကို ဘောင်းဘီအိတ်နှစ်ဖက်ထဲထည့်လိုက်ရင်း ပြုံးကာ.. ၊

"မသိဘူး..ဒါပေမယ့် မင်းကိုယ့်ကိုသတိမရဘူးလို့ပဲ ခံစားနေရတယ်.."

သူဘာတွေပြောနေတာလဲ၊ လရောင်က သူ့ကိုသတိရတာမ်းတနေရအောင်.. ၊

"ချောင်းသာမှာတုန်းက လူကြီးတွေရှေ့မှာပဲ မင်းကိုတွေ့ခွင့်တောင်းခဲ့တယ်.. မင်းလည်းရှိတာပဲ.."

"အဲ့ဒီတုန်းက ပြဿနာတွေရှိနေတာ ကိုခေတ်သိသားနဲ့.."

"နောက်ထပ် ကိုယ်မက်ဆေ့ချ်တွေ ပို့ခဲ့တာရှစ်စောင်.."

"အဲ့ဒါလည်း.."

"ကိုယ်နားလည်ပါတယ်..ဒါတွေအားလုံးကိုကိုယ်ပဲ.."

"မဟုတ်ဘူးလေကိုခေတ်ကလည်း..လူကြီးတွေတားမြစ်ထားတယ်..ပြီးတော့ ကိုခေတ်ကို လရောင်ကခိုးချောင်းခိုးဝှက်တွေ့ရအောင်–



ဟို.."

သူစိုက်ကြည့်နေသဖြင့် လရောင်အနေရခက်နေလေသည်။

"ပြောလေ.."

"ဟို..ဘာ.. ဘာမှလည်းမဟုတ်ကြဘဲနဲ့ အဲ့လိုကြီးတွေ့ဖို့မှမလိုတာ.."

"အဟွန်း.."

"ကိုခေတ် ဘာရယ်တာလဲဟင်.."

"အချစ်ကိုဘယ်လိုခွဲခြမ်းစိတ်ဖြာကြသလဲတော့ ကိုယ်မသိဘူး.. ဒါပေမယ့် ကိုယ်မင်းကိုသတိရနေတယ်၊ မင်းရှိတဲ့အရပ်ကိုပဲ ခြေဦးလှည့်နေမိတယ်.. ၊

လရောင်ရင်ခုန်သံတွေနှင့် ကတုန်ကယင်ဖြစ်လာခဲ့သည်။

"ကိုယ့်ဘက်က ပြင်ဆင်ထားတာမရှိဘဲနဲ့ မင်းအတွက်ကိုယ်အားလုံးအဆင်သင့် ဖြစ်နေတာတွေ.."

သူက ရှေ့ထပ်တိုးလိုက်ပြီး လရောင်မျက်တောင်ဖျားလေးတွေကနေ ပါးမို့ပေါ်မှာ ထင်နေသည့်အရိပ်လေးတွေကို ငုံ့မိုးကြည့်သည်။ ပြီးမှ.. ၊

"ကိုယ်တို့ချင်း နားလည်နေမှာပဲလို့ ထင်တာ.."

"ကိုခေတ်..လရောင်ကိုရည်းစားစကားပြောနေတာလားဟင်.."

လက်သီးလေးနှစ်ဖက်ဆုပ်ထားမိတာတောင် လရောင်အသံတွေတုန်နေခဲ့သည်။

"မင်းက ဘာမှမသိခဲ့ဘူးဆိုရင်တော့ ဟုတ်တယ်..မင်းကိုကိုယ်ရည်းစားစကားပြောနေတာ.."

သူ့မျက်နှာလေး ငုံ့ထားမိတာလည်းပင်းကျိုးတော့မတတ်..၊

"အဘွားနှစ်ပတ်လည်အတွက် ကိုယ်ဘယ်တုန်းကမှ မပျက်ကွက်ခဲ့ဘူး..မိသားစုမဆုံဘဲ ကျင်းပလိုက်ရတာလည်းမရှိခဲ့ဘူး..ဒါပေမယ့် ကိုယ်ဒီနှစ်ပျက်ကွက်ခဲ့တယ်၊ မင်းအမေက ကိုယ့်ကိုမကြည်ဖြူတဲ့အတွက်.."

"အစက ပြဿနာဖြစ်ခဲ့လို့ပါကိုခေတ်ရယ်..အခုမေမေက ကိုခေတ်ကို အရမ်းကျေးဇူးတင်နေတာပါ.."

www.burmeseclassic.com

www.burmeseclassic.com



"အဲ့လိုကျေးဇူးတွေကြောင့် ပြုံးပြမှာလည်း ကိုယ်မလိုချင်ဘူး.. ကျေးဇူးတင်တာကသပ်သပ် သမီးကိုတော့မပေးနိုင်ပါဘူးဆိုတဲ့ အပြော မျိုးမခံရခင်တည်းက ရှောင်ထားချင်တာ..ပြီးတော့ အားလုံးရှေ့မှာ မင်းနဲ့နှစ်ယောက်တည်း စကားပြောချင်ပါတယ်လို့ ကိုယ်ဘယ်လိုခွင့် တောင်းရမလဲ.."

"ကိုခေတ်ရယ်..ဟို လူကြီးတွေကလည်း ကိုခေတ်နဲ့လရောင် ကို အဲ့လိုပြောခွင့်ပေးစရာ မလိုဘူးလို့ပဲတွေးမှာပေါ့..တကယ်လည်း.."

"ခုထိ ဘာမှမဟုတ်ဘဲပဲ သဘောထားနေတာလား.."

"ဟို.."

"ချစ်ခြင်းမေတ္တာဆိုတာ စိတ်ချင်းဆက်သွယ်ကြတဲ့ ခံစား ချက်တစ်ခုပါကွာ..ချစ်တယ် ချစ်မလားမေးမှသိကြတာ မဟုတ်ပါဘူး.. ဒါပေမယ့် မင်းရင်ထဲမှာ ကိုယ့်အချစ်ကိုခံစားမိတဲ့ပုံ မပေါ်ဘူး.."

"မဟုတ်ဘူး.."

လရောင် ပျာပျာသလဲပြောလိုက်မိသည်။ ပြီးမှ မျက်လုံးချင်း ဆုံသွားမိရင်း မျက်နှာလေးတစ်ပြင်လုံး ရဲခနဲဖြစ်၏။

တစ်ခေတ်ကပြုံးသည်။ လရောင်လည်ပင်းလေးပွတ်ရင်း ရှက်ရယ်ရယ်မိကာ.. ၊

"ဘာမှန်းလည်းမသိဘူး.."

သူ့ရင်ဘက်ကို ထုပစ်လိုက်မိကာ တံခါးလှည့်ဖွင့်လိုက်ရင်း တစ်ခေတ်က သူမလက်လေးတစ်ဖက်ကို ဆွဲထားလိုက်ပြီး.. ။

"နေဦး..ကိုယ်တို့မပြီးသေးဘူး.."

## အခန်း(၅၅)

"သရေ..ရှင် ထတော့လေ၊ ဘာလုပ်နေတာလဲ.."

"လှဲနေတာ.."

"လှဲနေတာမြင်တယ်..ရုံးချိန်းနောက်ကျမှာစိုးလို့.."

ဒီနေ့ သူ့အိပ်ရာထတည်းက စိတ်မကြည့်.. ၊

ဒါကြောင့် ရှစ်နာရီလောက်မှာ ပြန်အိပ်လိုက်တာ နိုးလာ တော့လည်း မထချင်.. ။

စွန်းက အဝတ်လဲပြီးပုံစံနှင့်ဝင်လာကာ၊ မှန်တင်ခုံရှေ့မှာ ထိုင် လိုက်ရင်း.. ။

"နေမကောင်းလို့လား.."

"ကောင်းပါတယ်.."

"အဲ့ဒါ ဘာငိုင်နေတာလဲ..အိပ်ရာထဆိုတာ ငေးငိုင်မနေရ ဘူး.."

"မငိုင်ပါဘူး..မင်းကိုငေးနေတာ.."

စွန်းက ဖျတ်ခနဲလှည့်ကြည့်သည်။ ပြီးတော့ မှန်ကိုပြန်ကြည့် ပြီး လိမ်းနေကျအတိုင်း မျက်နှာကိုပြင်၍ ဘီးကိုင်သည်။ နောက်တွဲဆံ ထုံးလေး ဖြစ်သွားပြီး ကြိမ်ဆံထိုးလေးထိုးထည့်လိုက်တဲ့အထိ ခဏအ တွင်းမှာပဲ ပြီးစီးသွား၏။

ဘေးတစ်စောင်းကနေ မြင်နေရသည့်ကော့ထင်းနေသော နှာ တံလေးရယ်၊ ထူပြည့်သည့်နှုတ်ခမ်းလေးတွေက သောင့်ချိုးညီတာ ထက်ပိုနေသဖြင့် နှာတံလေးနဲ့အပြိုင် ထင်းနေတာလေးရယ်.. ၊

ထိုအစိတ်အပိုင်းလေးတွေထဲမှာ ညိုမှောင်နေသည့် မျက်ခုံး

www.burmeseclassic.com

www.burmeseclassic.com



တန်းလေးတွေက ဝင်းမွတ်သောမျက်နှာထက်မှာ အပြစ်တစ်စုံတစ်ရာ မရှိအောင် လှနေကြသည်။

ပြီးတော့ ဘေးတစ်စောင်းထိုင်နေရာမှ ပို၍ထင်းရှင်းနေသော ခန္ဓာကိုယ် ကောက်ကြောင်းတွေက သူ့ကိုဆွဲဆောင်နေခဲ့၏။

"အတီသြရ.."

"ဟား.."

ကြည့်ရှုခံစားနေတုန်းမှာ ခေါင်းကြီးက ရင်ဝကိုတစ်ချက်နဲ့ ပစ်ပေါက်လိုက်တဲ့အတိုင်း.. ၊

"စပြီ..အဲ့ဒါပဲ.."

"ဘာစတာလဲ..ကျွန်မကရင်ကြည့်ဖို့ ထိုင်ပေးနေတဲ့ မော်ဒယ်လ်မဟုတ်ဘူး.."

"ဘာလုပ်ဖို့လဲကွ..အဲ့ဒီမော်ဒယ်လ်တွေ အခုကိုယ့်ရှေ့မှာ သူတို့လုပ်ထုံးလုပ်နည်းတွေနဲ့ သေလောက်အောင်ဆွဲဆောင်စမ်းပါ..ငါ့မျက်လုံးက မင်းဆီမှာပဲ..ဟွန်း.."

"ဒါပေါ့..မိန်းမငုတ်တုတ်ရှိနေမှတော့ အားနာပါးနာ.."

"ဟော့နော်..မင်းအဲ့လိုစိန်မခေါ်နဲ့.."

"ကဲ..အချိန်တွေကုန်လိုက်တာ..ထပါဆိုမှ.."

"ကိုယ်စဉ်းစားနေတာ.."

"ညတည်းက ပြီးအောင်စဉ်းစားရမှာ အခုသွားကြဖို့အချိန်.."

ပြောရင်း နာရီကောက်ပတ်ပြီး စွန်းကစားပွဲပေါ်မှာ ပြင်ထားသည့် အိတ်ကိုသွားယူသည်။ ပြီးတော့ ဆလင်းဘက်ခ်တွေကြီး ထားသည့် ရှိုးကေ့စ်ထဲက အနက်ရောင်အိတ်လေးကို ယူလိုက်၏။

သူမရဲ့လှုပ်ရှားမှုတွေက သေသပ်မြန်ဆန်နေကာ၊ ဘယ်ညာလက်နှစ်ဖက်နှင့် ခြေလှမ်းတွေကိုမျက်လုံးတွေက ဦးဆောင်လျက် တစ်ခုကိုကိုင်လိုက်ပြီး နောက်တစ်ခုဆီလှမ်းပြီးသား.. ၊

ဘာလုပ်လုပ်စနစ်တကျ ရှိလွန်းသဖြင့် သူမရဲ့အလှအပအပြင် အထင်ကြီးမက်မောဖွယ်တွေနှင့် ပြည့်နှက်နေသောဒီမိန်းမ.. ၊

"အို..ဘာလုပ်တာလဲ၊ အား.."

စွန်းလက်လေးကို အိပ်ရာထဲကနေလှမ်းဆွဲလိုက်လျှင် သူမ



ဆွဲထားသည့်အိတ်လေး ပြုတ်ကျသွားကာ၊ ဆလင်းဘက်ခ်လည်း ပခုံးကနေလျှောကျလျက်.. ၊

"သရနော်..မလုပ်နဲ့၊ ပျက်ကုန်လိမ့်မယ်..ကြည့်ပါလား.."

"မင်းပဲ အားနာပါးနာလို့ကိုယ့်ကိုစွပ်စွဲပြီးတော့.."

"ဘာဆိုင်လို့လဲ..ရှင်နော်၊ သရ..ကျွန်မစိတ်တိုလာပြီ.."

"ဘယ်တုန်းကရှည်ဖူးလို့လဲ မင်း.."

"သိရင်ပြီးတာပဲ..မလုပ်နဲ့ဆို.."

အထိမခံဘဲ အတင်းရှောင်နေလေ သရကဖွတ်ကပ်လေနှင့် နောက်ဆုံးစွန်း ဒေါသမထွက်နိုင်တော့ဘဲ တောင်းပန်ရခြင်းသို့ရောက်ကာ.. ၊

"အရမ်းမုန်းဖို့ ကောင်းတဲ့လူ.."

"အဲ့ဒါမင်းစွပ်စွဲလို့ သက်သေပြတာ..ကိုယ်မင်းကို အားနာပါးနာ ရင်ခုန်တာမဟုတ်ဘူး.."

"သရတော်ပြီနော်..ရှင် လွှတ်.."

သူ့လက်တွေကို ဖယ်ချပြီးအတင်းရုန်းထွက်လိုက်ရကာ စွန်းမှန်တင်ခုံရှေ့ပြန်ရောက်၏။ နှုတ်ခမ်းနီဘူးကိုင်ပြီးမှ ဆလင်းဘက်ခ် ထဲထည့်လိုက်တော့ သရကပြုံး၍.. ၊

"ဘာလို့မဆိုးတာလဲ.."

"မဆိုးတော့ဘူး.."

"ဟား ဟား ဟား.."

"အဲ့ဒါပဲ..ယောကျ်ားတွေနဲ့ကပ်နေမိရင် သိပ်အရှုပ်ရှုပ်တာ.."

"ဘာပြောတယ်.."

သရဆင်း၍ ခေါင်းဖြီးရင်း လှည့်ကြည့်တော့ စွန်းကမျက်စောင်းထိုးသည်။

"ကိုယ်သေမလိုဖြစ်သွားတုန်းက လိုက်သေမလိုဖြစ်သွားတာ ဘယ်စွန်းလဲ.."

"မသိဘူး..အဲ့ဒီမိန်းမရူးနေလို့ဖြစ်မှာပေါ့.."

"စွန်း.."

"ဟာ..ဘာလုပ်တာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ဘီးကိုင်ထားလျက်နှင့် စွန်းပခုံးလေးနှစ်ဖက်ကို နောက်ကနေ ကိုင်ထားလိုက်ကာ.. ။

"ကိုယ်မင်းကို ဘာဖြစ်လို့ ဒီလောက်တောင်ရင်ခုန်နေမိသလဲ မသိဘူး..တစ်ခုတော့သိတယ်၊ အဲ့ဒါမင်းနဲ့ အတူမနေရပေမယ့် ရည်စားထားနေရသလို ဝေးကွာနေလို့လားပဲ..ဒါပေမယ့် မင်းကကိုယ့်လောက်မချစ်သလိုပဲ၊ ဒါပေမယ့်ချောင်းသာမှာတုန်းက.."

"ဘယ်လိုထင်လဲ.."

"မင်းကိုယ့်ငါ ချစ်တယ်.."

"မျက်လုံးမှားတာနေမှာပေါ့.."

"ကိုယ်မြင်တာမဟုတ်ဘူး..လူပေါင်းများစွာပြောနေကြတာ.."

စွန်းက ပြုံးလိုက်ပြီးသူ့ဘက်လှည့်ရပ်လိုက်သည်။ ပြီးတော့ သူကိုင်ထားသည့် ဘီးကိုယူလိုက်ပြီး ကိုယ်တိုင်ခေါင်းဖြီးပေး၍.. ။

"မြန်မြန်လုပ်..သွားမယ်.."

"ကိုယ်ချစ်သလို ချစ်တယ်လို့ပြော.."

"စွန်းက သူများခိုင်းတိုင်းမလုပ်ဘူး.."

"ကိုယ်ကသူများလားကွ..ခိုင်းနေတာလည်းမဟုတ်ဘူး..ပြောကွာ.."

"ပြောနေရမယ့်အရွယ်တွေလား သိရရယ်..ရှင့်ကိုတော့ တကယ်အုံ့ညြနေပြီ.."

"စိတ်ပျက်တာလား.."

"ကြည့်.."

"အခုရုံးရောက်ရင် မင်းမျက်နှာတစ်မျိုးပြောင်းသွားမှာလားတွေးပြီး ကိုယ်တစ်မနက်လုံးဆွေးနေတာ.."

ကလေးဆိုးကြီးလိုပါလား ဆိုသည့်အကြည့်နှင့် သက်ပြင်းချမိ၏။ ပြီးတော့ ပြုံးမိကာ.. ၊

"သမီးကို စောစောစီးစီးအိမ်ထောင်ချပေးလိုက်ရင် ခုလောက်ဆို မြေးရနေပြီ.."

"အဲ့ဒါဘာဖြစ်လဲ.."

"ဆွေးတာတွေ ကြွေတာတွေပြောပြီး ရှင့်ကိုယ်ရှင်တက္ကသိုလ်



ကျောင်းသားလေးများထင်နေလားလို့.."

"မင်းကမှ ယောက်ျားလို့မမှတ်ခဲ့တာ..ကိုယ်ကခုထိမိန်းမပိုးနေရတဲ့ကောင်.."

"မပိုးနဲ့တော့..ရှင့်ကို ကျွန်မသေလောက်အောင်ချစ်နေတာ..ကဲ ရပြီလား.."

"အို့ခေ.."

သူ စွန်းကိုဖက်ထားလိုက်ကာ.. ၊

"နှုတ်ခမ်းနီမဆိုးရသေးဘူးဆိုတော့ ရတယ်မှတ်လား.."

"သွား.."

သူ့မ ရှက်ပြုံးလေးနဲ့ ရင်ဘက်ကိုထုလိုက်ပြီး မျက်ဝန်းလေး မှိတ်ထားပေးတော့ သူပျော်သွားသည်။

- ဒါပေမယ့်.. ၊

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅၆)

"မေမေ့.."

"ဩော်..အေး.."

လရောင်က ကားနားထိပြေးဆင်းလာပြီး လက်ဆွဲအိတ်ကို ပေးကာ.. ၊

"တို့မေမေ အမေ့တလျော့တွေဖြစ်ကုန်ပြီ.."

"အဲ့ဒါ သူ့ဟာသူဖြစ်နေတာ..သမီးမေမေကို ဖေဖေဘာမှမလုပ်ဘူး.."

"သဃရနော်.."

"ပြောပြတာလေ.."

မောင်းသူနေရာကနေ သဃရကလရောင်ကို လှမ်းကြည့်၍..၊

"ဒီနေ့ရုံးချိန်းပြန်လုပ်ရတာ အစနေ့ဆိုတော့ သမီးမေမေပူပင်သောကတွေ များနေတာလေ.."

"ဟုတ်တယ်..ရှင့်ကိုမနိုင်ရမှာစိုးလွန်းလို့.."

"သေချာတာပေါ့..အဲ့ဒါအပြင်ရှိသေးတယ်သမီး..ရုံးမှာဖေဖေ့ကို မျှော်နေမယ့် အမျိုးသမီးချောချောတွေလည်း ရှိတော့.."

"ကဲ..မောင်းစမ်းပါ၊ အဲ့ဒါကြောင့်ရှင်နဲ့အတူ မစီးချင်တာ.."

"ဖေဖေရယ်..မေမေ့ကိုတစ်လမ်းလုံး စမသွားပါနဲ့၊ တော်ကြာ သမီးတို့ ကွယ်ရာမှာ ဖေဖေလှိမ့်ခံနေရလိမ့်မယ်.."

"ဟုတ်တယ်..အဲ့ဒါအရေးကြီးတဲ့အချက်.."

လရောင်က သဃရကိုမျက်စောင်းရွယ်နေသည့် စွန်းရဲ့မေးဖျားလေးကို ဆွဲလှည့်ယူပြီး ပါးကိုနမ်းလိုက်ကာ.. ၊



"မေမေနော်..ချစ်ပြီးရင်းမမုန်းကောင်းဘူး၊ မေမေတို့နှစ်ယောက်အမှုတစ်ခုရပြီဆို သမီးစိုးရိမ်တယ်.."

စွန်းက ပြုံးလိုက်ပြီး လရောင်ခေါင်းလေးကိုကိုင်ကာ နဖူးကို သေချာနမ်းလိုက်ပြီးမှ.. ၊

"ဘာမှမဖြစ်တော့ဘူး..စိတ်ချ.."

သမီးကို ကတိပေးတာကြားလိုက်သည်။ လမ်းမှာလည်း စွန်းနဲ့သူ စကားတွေပြောရင်း ရယ်မောပျော်ရွှင်ခဲ့ကြ၏။ သို့သော်.. ၊

ရယ်မောခြင်းအားလုံးက တရားခွင်မှာရင်ဆိုင်မိကြသည် နှင့်..

"အို..မဟုတ်ပါဘူးရှင်၊ ကျွန်မပါးမှာ ဒဏ်ရာပျောက်တယ်ဆိုတာ မရှိသလောက်ပါပဲ..ကျွန်မရှာကျွေးနေရပြီး ကျွန်မကိုပဲ ရိုက်ပုတ်ကန်ကျောက်နေတာ ကျွန်မလုံးဝမခံနိုင်ပါဘူး.."

"မဟုတ်ပါဘူး..အဲ့ဒါသူ ကျွန်တော့်ကိုအပြစ်ကျအောင် သက်သက်ပြောတာပါ..ဖောက်ပြန်တဲ့မိန်းမကို ဘယ်ယောကျ်ားမှ ခွင့်မလွှတ်ပါဘူး..ဒေါသထွက်လွန်းလို့ ရိုက်မိတာတစ်ချက်တည်းပါ.."

ပါးနှစ်ဖက်စလုံးမှာ ရဲညိုနေတာတွေက ခုထိအပူလောင်နာလို ရှိနေတုန်းတောင်မှ.. ၊

မမြိုင်ဆိုသည့် အမျိုးသမီးရဲ့ရှေ့နေအဖြစ် အကျိုးဆောင်နေစဉ် စွန်းဒေါသထွက်နေမိသည်။ ရှေ့နေက ရှေ့နေအလုပ်ကိုလုပ်ရုံပဲဆိုတဲ့ စိတ်ထားနိုင်ဖို့ ကြိုးစားပေမယ့်မအောင်မြင်... ၊

မမြိုင်က အထည်နဲ့အိုးခွက်ပန်းကန်ကအစ လျှပ်စစ်ပစ္စည်းဆိုင်တွဲပြီး နှစ်ခန်းတွဲဆိုင်ခန်းလေး ရှိသည်။ ပြီးတော့ ဈေးထဲမှာဝဲနေ့ပြန်တွေ ချေးထားသေးသည်။

ယောကျ်ားဖြစ်သူက နှစ်လုံးရောင်းလိုက် ချဲဒိုင်ဖြစ်လိုက် ခြေးလို့ရရင်ပြေး၊ ပြေးပေါက်ပိတ်ရင် မိန်းမကလျှော်ပေး၊ ဤနည်းဖြင့် ဒူးနှံ့လာခဲ့တာ အဆင်ပြေပြေလေးတွေ့ရင် မွေတာရှုပ်တာရှိသေးသည်၊

အမှုလာအပ်စဉ်တည်းက မမြိုင်က ခရေစေ့တွင်းကျ ပြောပြီးသား၊ ယောကျ်ားက ရုပ်ချောချော ခပ်ငယ်ငယ်နှင့် မမြိုင်ကအသားဖြူပေမယ့် သိပ်မလှပေ.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ပဲ သည်းခံနေနေ၊ ကိုယ်အိမ်နဲ့နေနိုင်အောင် သည်းခံရှာဖွေကျွေးနေတဲ့ မိန်းမကိုဒီလောက်ရက်ရက်စက်စက် ရိုက်စရာလား.. ၊

"ကျွန်တော်သူ့ကိုစွပ်စွဲတာက အဲ့ဒီကောင်က သူ့ရဲ့ငယ်ရည်းစားပါ.."

"ကျွန်မနဲ့ ဘာမှမဟုတ်ဘူးဆိုတာ ဈေးထဲကလူတိုင်း သိပါတယ်ရှင်..သူသာ ဘယ်မိန်းမနဲ့မှ မလွတ်အောင်မွေ့ရှုပ်နေတာပါ.."

တစ်ယောက်ကိုစစ်တိုင်း တစ်ယောက်ကငိုသည်။ မမြိုင်ငိုတာက ပါးပြင်မှာဒဏ်ရာတွေနဲ့ ရင်ထဲမှာလည်းနာရှာပေမည်။ သင်းက ယောက်ျားဖြစ်ပြီး ခုမှမျက်ရည်ခံထိုးနေစရာလား.. ၊

စွန်း မျက်ခုံးတန်းလေးတွေကွေးကုပ်နေလျက် အခြေအနေမကောင်းတော့တာကို သဘောရသိနေသည်။ ဒါပေမယ့် ကိုယ့်အမှုသည်က ကိုအေးကြိုင်ဆိုသော မမြိုင်ရဲ့ခင်ပွန်းဖြစ်နေသည်မို့ စစ်မေးစရာရှိသည်ကိုတော့ မေးရမည်သာ.. ၊

"မမြိုင်စွဲဆိုထားတဲ့ အကြောင်းအချက်တွေနဲ့ ပတ်သက်ပြီး ကိုအေးကြိုင် ဘာများပြောချင်ပါသလဲ.."

စွန်းရဲ့ စကားဆုံးသည်နှင့် ကိုအေးကြိုင်မျက်ရည်ပေါက်ကြီးတွေ ပေါက်ပေါက်ခုန်ဆင်းလာကာ.. ၊

"ကျွန်တော်သူ့ကို သိပ်ချစ်ပါတယ်..ခါတိုင်းလည်း စကားများရန်ဖြစ်ဖူးပါတယ်၊ ဒီလိုပဲ သူဆဲကိုယ်ဆဲ တွန်းထိုးရိုက်ပုတ်တာတွေ ဖြစ်ကြတာပါပဲ..ဒါပေမယ့် တစ်ခါမှဒီလိုထိ မဖြစ်ခဲ့ဖူးဘူး၊ သူဒီလောက်စိတ်နာသွားမယ် မထင်ခဲ့လို့ပါဗျာ.. ကျွန်တော်တို့မှာ တစ်နှစ်သမီးလေးလည်း ရှိပါတယ်..ကျွန်တော့်သမီးလေးနဲ့ ကျွန်တော်ရွာရိုးကိုးပေါက် လျှောက်လည်နေရင်း သူကတော့အလုပ်လုပ်နေပြီး ကျွန်တော်ကတော့ အလုပ်မရှိတဲ့ကောင်ဖြစ်ရတာပါ..သူကလည်း သမီးကိုသာတာဝန်ယူပေး၊ သူအလုပ်ဖြောင့်အောင် လုပ်မယ်လို့ပြောခဲ့ပါတယ်.."

ကြည့်စမ်း.. ၊

ဒေါနဲ့မောနဲ့ လက်သီးလက်မောင်းတန်းပြီး တိုင်တန်းခဲ့တဲ့



မမြိုင်၊ ယောက်ျားက ငိုချင်းချလိုက်တာနဲ့ သင်းကမျက်ရည်လေးတဝဲဝဲ.. ၊

"ရက်စက်လိုက်တာမမြိုင်ရယ်.. ငါ့သမီးလေးနဲ့ ငါ့ကိုခွဲတော့မယ်ပေါ့၊ မလုပ်ပါနဲ့..ငါအလုပ်လုပ်ပါ့မယ်၊ ငါ့ကိုကြိုက်တဲ့အပြစ်ပေးပါ..ငါ့ကိုမကွာရှင်းပါနဲ့နော်.."

အမှုအကြောင်း ဖြစ်စဉ်ဖြစ်ရပ်ပြောပါဆိုမှ 'မင်းမိန်းမကိုတောင်းပန်လိုက်စမ်း'လို့ ခိုင်းလိုက်မိတဲ့အတိုင်း၊ ထိုမျက်ရည်နဲ့ပတ်သက်၍ လင်မယားနှစ်ယောက် ရုံးထဲမှာပဲ ပြေးဖက်ပြီးငိုကြလေသည်၊

သေလိုက်စမ်း..ဒီမိန်းမ.. ။

စွန်းဒေါသတွေထွက်နေတာ အသားတွေပါတုန်၏။

မမြိုင်မှာ လူကြီးမိဘဆွေမျိုးမပါပေ၊ မမြိုင်လိုမိန်းမမျိုးနဲ့ မကွဲစေချင်ကြသော ကိုအေးကြိုင်ဘက်က ပါသမျှမိဘ လူကြီးတွေက ဝမ်းသာလုံးဆို့နေသည့် အပြုံးတွေနှင့်.. ၊

"ရှေ့နေကြီးကို ကျေးဇူးတင်ပါတယ်ဗျာ.."

"ဟာ..မဟုတ်တာ၊ သူတို့လင်မယားချင်း နားလည်သွားကြတာပါ..ကျွန်တော်ဘာမှ လုပ်မပေးရသေး..ဟင်.."

အဆင်ပြေတာတွေပြောနေရင်း အဆင်မပြေသည့်မြင်ကွင်းတစ်ခုကို လှမ်းမြင်လိုက်ကာ၊ သဘောရမျက်လုံးပြူးသွားသည်။ ထိုနေရာသို့ ခလုတ်တိုက်မတတ်ရောက်သွားလျှင်.. ၊

"ဘယ်လိုဖြစ်ရမှာလဲညီမရယ်..မွေးထားတာက သမီးလေးလေ၊ သူ့နောင်တရမယ်ဆိုရင်တော့ ခွင့်လွှတ်ရမှာပေါ့..သမီးလေးကိုပထွေးနဲ့တော့ မထားနိုင်ပါဘူး.."

"ဟုတ်တယ်လေ..ဒါပေမယ့် အဲ့ဒီလိုတွေအဆင်ပြေသွားအောင် အစ်မတို့ရပ်ကွက်ရုံးလေးထဲမှာတည်းက ညှိလိုက်ရင်ပြီးနေပြီ.."

"အဲ့ဒီတုန်းက သူကလည်းခုလိုနောင်ကျင်မယ့် အသံမထွက်သေးဘူးလေ.."

"ခုရော နောင်ကျင်တာလို့ အစ်မဘာဖြစ်လို့ယုံကြည်တာလဲ..အစ်မရုံးတင်ထားတဲ့ အမှုက သူ့ကိုထောင်ချလို့ရတယ်..အစ်မပါးပေါ်မှာ ခုထိလက်ဝါးရာကြီး အမြောင်းလိုက်ထင်နေတယ်..ကျွန်မကိုပြခဲ့ တဲ့

www.burmeseclassic.com

www.burmeseclassic.com



တင်ပါးမှာအကန်ခံထားရတာတွေ.."

"အို..အဲ့ဒါတွေမပြောပါနဲ့တော့၊ လင်မယားပေါင်းကြအောင် ကြားလူကရင်ကြားနေပေးဖို့ပဲ လိုတာညီမရယ်..နင့်ကျမှပဲ.."

မမြိုင်က ဒေါသသံနှင့် မျက်နှာပါတင်းလာ၏။

"လင်နဲ့မယား ထိပ်ပေါက်ခေါင်းကွဲ ဖြစ်နေနေ ပြတ်ချင်မှ ပြတ်မှာပေါ့လို့.."

"အဲ့ဒါကိုပဲ ရှေ့နေရှေ့ရပ်တွေငှားပြီး ခရိုင်ရုံးတက်ရတဲ့အထိ အစ်မမို့လို့ပဲ.."

"စွန်း..တော်ပြီ.."

သူစွန်းရဲ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ပြီး ကားနားထိ တောက်လျှောက်ခေါ်လာခဲ့သည်။ သို့သော် ကမန်းကတန်းခြေလှမ်း တွေက လမ်းတစ်ဖက်ကူးပြီးကာမှ တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိ၏။

"အ.."

"ဆောရီးပါဗျာ.."

"အဟွန်း..ရတယ်၊ ရတယ်.."

စကားရပ်ပြောနေသည့် အမျိုးသမီးနှစ်ယောက်က 'ရတယ်' တွေ ဖောဖောသီသီလှည့်ပြောကြပြီး သူတို့ချင်းဆက်ပြောကြတာတွေ က.. ।

"နင့်ကောင်လွှတ်သွားပြီဆိုပြီး သိပ်ပျော်မနေနဲ့ဦး..သူ့မိန်းမ မမြိုင်က ဒီတစ်ခါမျက်လုံးဒေါက်ထောက် ကြည့်တော့မှာနော်.."

"မပူရေးချမပူဘဲခင်ခင်ရေ..မမြိုင်ဆိုတဲ့မိန်းမက နှာခေါင်းပါ နေလို့ မပါရင်ဟိုဟာတောင် စားမယ့်မိန်းမ.."တဲ့.. ।

ကားထဲဝင်ခါနီးမှ ထိုအမျိုးသမီးတွေ စကားကိုကြားလိုက်ရ ပြီး စွန်းတက်ခေါက်၏။

"ဒီလိုသတ္တဝါကို ယုံနေလိုက်တာ..တောက်၊ ကိုယ်ကရှာကျွေး ရပြီး ပါးရိုက်နားရိုက်နှိပ်စက်တာကို ခံရသေးတယ်.."

"သူခံနိုင်လို့ခံတာ မင်းနဲ့မဆိုင်ဘူးလေ.."

"ခံချင်ရင် အိမ်မှာခံကြပါလား..ရုံးမှာလာပြီး.."



"လင်မယားချင်းပဲကွ.."

"သြရ..ရှင်နော်.."

"ပြောပြတာလေ၊ ကဲ ဝင်ပါကွာ..ကိုယ်မရှင်းရဘဲ ရှင်းသွား တာ သက်တောင်သက်သာသေးတယ်.."

"ရှင်က အဲ့လိုပိုက်ဆံရနေရင် ကျေနပ်နေတာလား.."

"ဟာ.."

"အဲ့လိုမိန်းမတွေကြောင့် ယောကျ်ားတွေ ကွယ်ရာမှာရယ်နေ ကြတာ.. ကိုယ်ခံနိုင်လို့ခံရင် ရှေ့နေဆီပြေးလာပြီး ဘာကိစ္စရုံးတက် သေးလဲ.."

"ရုံးတက်တိုင်တုန်းကတော့ ဒေါသအလျှောက်နေမှာပေါ့ကွာ ပြီးတော့လည်း.."

"အို..မသိဘူး၊ သူတို့လုပ်လိုက်တာ မိန်းမတွေသိက္ခာကျ တယ်..သူ့ဘက်ကမ်းမားမားမတ်မတ် ရပ်တည်ပေးဖို့ကြိုးစားထားရတဲ့ ကျွန်မဘက်မှာ အများကြီးထိခိုက်တယ်.."

"အဲ့ဒါ မင်းဘာလုပ်လို့ရလို့လဲ..သူများလင်မယား ဘယ်သူ က ဘယ်သူ့ကိုလှည့်ပတ်နေနေ ကိုယ်ကအနေသာကြီး ကြားသုံးကြွေး ဆိုတာ မင်းနားမလည်ဘူးလား.."

"အမှုသည်ရောက်လာရင် ဘယ်ကြားဖြစ်ဖြစ် ဝင်ရမှာပဲ.. ကိုယ့်ဘာသာ မပြတ်သားဘဲနဲ့ သူများတွေကို ဒုက္ခပေးသွားတာ တောက်.."

"ကဲ..တက်ကွာ၊ နားငြီးလိုက်တာ.."

"သေလိုက်ပါလား..ဒီကပြိုင်ပြီဆို နိုင်ရမှ.."

"ဩော်..."

သူ နားလည်လိုက်သည်။ စွန်းဒေါသထွက်နေတာ သူမနိုင် ချေရှိနေတာကို အနိုင်မတိုက်လိုက်ရလို့ပဲ၊ ဒါ ကိုအေးကျော်ကို နှိပ်ကွပ် ပစ်ချင်တာ သက်သက်တော့မဟုတ်နိုင်.. ।

"မင်း ငါ့ကိုဆက်တိုက်ချင်နေတဲ့ပုံပဲ..ဟုတ်လားစွန်း.."

"ခုမှ သိတာလား.."

"ဂျိမ်း.."

www.burmeseclassic.com

www.burmeseclassic.com



ကားထဲဝင်ထိုင်ပြီး တံခါးကိုဆောင့်ပိတ်လိုက်တာ ကားတစ်စီးလုံး သိမ့်သိမ့်တုန်၏။ ပြီးတော့ စုပွတင်းမှာနေသော မျက်နှာကိုတစ်ဖက်လွှဲထားသေးသည်။ အဲဒါ စွန်းမမဆိုတဲ့ စွန်းပါပဲ.. ၊

ခုနေများ 'မင်းပဲ ရှင်မရှိရင် ကျွန်မသေသွားနိုင်တယ်ဆို' လို့ သွားမေးလိုက်လျှင် ဘယ်လိုဖြစ်သွားမလဲ.. ၊

ပရိတ်သတ်အတွက်
ထာဝရ

ပြီးပါပြီ

www.burmeseclassic.com